www.burmeseclassic.com

# မောင်မိုးစည်

# အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ

# THE CULT AT THE END OF THE WORLD

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပညာ့ရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၃၁။ | ဒို့ ဂျေမ္မာလင် | ကျော်အောင် |
| ၃၂။ | ဒုံတင် | ရွှေဥဒေါင်း |
| ၃၃။ | တာစရောကဝ် အဖိမ္မာယ်မှုင်းဆိုရှုက်များ | ဆရာရန်အောင်ဟိန်း |
| ၃၄။ | လွင်နေမီများ အင်္ဂလိပ်စကား | နေမျိုးထွန်း |
| ၃၅။ | အာဖရိကရောက် မြန်မာတစ်ယောက် | နိုင်မြင့် (ဓမ္မဘော) |
| ၃၆။ | တာစရောစ္ဆိုရတော | ဟိန်းလတ် |
| ၃၇။ | မြန်မာ့ဝေဇ္ဇပြည် | ညီသူမြင်းအေး |
| ၃၈။ | ကံကောင်းပါစေ-၂၀၀၁ (၉ အုပ်) | ဆရာရန်အောင်ဟိန်း |
| ၃၉။ | မျှော်လင့်လင့် | ရွှေဥဒေါင်း |
| ၄၀။ | ပါဝီလွန်နှင့် ဇင်ကို | လေးသူရဲတစ်ဦး |
| ၄၁။ | အလင်းဖန်တီးရှင် သောမတ်(စ်)အယ်လ်ဗာ အယ်ဒီဆင် | ဦးလှခင် |
| ၄၁။ | တိမ်တွင်းသောသနာမြို့ | မင်းသူရိန် |
| ၄၂။ | High School Essays & Letters | M.T.O |
| ၄၃။ | ၂၁-ရာစု အင်္ဂလိပ်စာရေးသားပါးပေါင်းချုပ် (ဝတ္ထုတွဲ) | ဆရာဦးမောင်မောင်သန်း |
| ၄၄။ | တရုတ်နိုင်ရာ ရာသီ (၁၂)ပါး ဗေဒင်ပညာ | ဆရာရန်အောင်ဟိန်း |
| ၄၅။ | ခန်းဝိုး | ဘုန်းမြင့် (မန္တလေး) |
| ၄၆။ | ဒေါက်တာရာတင်ရေးနည်းတကိုး | ဦးလှခင် |
| ၄၇။ | ရင်ကိုအေးမြစေသော-ဥမ္မာ | ဆရာဦးမောင်မောင်သန်း |
| ၄၈။ | ရည်းစားမှုန်း အိုင်စမ်းစကြော | မင်းမြင့် |
| ၄၉။ | ဘဝတိုင်း ဆုံတွေ့ချင်ပါသလားနှင့် ဘာသာရေးလင်းစွန်း ဗေဒါတုများ | ရဝေနွယ် (အင်းမ) |
| ၅၀။ | တရားဦးအေးသနာ | ဝဂ္ဂစရိယ ဦးမောင်မောင်လေး |
| ၅၁။ | ပွဲတွေ့ ကုထုံး လိုရာသုံး | ဦးအောင်ကိုနိုင် |
| ၅၂။ | ကြီးပွားရေးလမ်းညွှန် | ဦးလှခင် |
| ၅၃။ | ဘရန်ဒီတစ်ပုလင်းနှင့် ဟာသဝတ္ထုတိုများ | သော်တာဆွေ |
| ၅၄။ | အခြေခံ ဝန်တိုနည်းပညာ အပိုင်း (၁) | ဦးထင်ဦး |
| ၅၅။ | ထီပေါက်ကံကြည့်နည်းနှင့် ထီဂဏန်းရွေးနည်း | ဆရာမိုးမြတ် (သုဓတသီ) |
| ၅၆။ | အမြူကို မည်သူ အနက်ဆိုသနည်း | မင်းကျော် |
| ၅၇။ | အင်္ဂလိပ်စကားပြော သင်ခန်းစာ (၃၀) | M.T.O |
| ၅၈။ | ကျွန်တော် ကြုံလိုက်ရမှုများနှင့် အာဖရိကအတွေ့အကြုံများ | ဒေါက်တာဇော်သန်း |
| ၅၉။ | ရာဇနာရွှေမြေ | ဦးလှခင် |
| ၆၀။ | အင်္ဂလိပ်ဘာသာ သိမှတ်စရာ | ဆရာကြီးတက်တိုး |


**ယခု**


| | | |
|---|---|---|
| ၆၁။ | အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ | မောင်မိုးစည် |


**ဆက်ထုတ်မည်**


| | | |
|---|---|---|
| ၆၂။ | ကိုဆောင်းနီး (၇) | ဆင်ဖြူကျွန်းအောင်သိန်း |
| ၆၃။ | အညာတနယ်မြေ | ခင်မိုးသက် |
| ၆၄။ | အာရပ်-အစ္စရေး (၆) ရက်စစ်ပွဲ | အထောက်တော်လှအောင် |
| ၆၅။ | စိတ်နှင့် ဂမ္ဘီရ | ဟိန်းလတ် |
| ၆၆။ | တရုတ်နိုင်ရာ ယိချင်းဗေဒင် | ဆရာရန်အောင်ဟိန်း |


Summit Center for Career Development
350 Ahlone Road
Dagon Township
Yangon
Union of Myanmar

ပညာ့ရွှေတောင်စာအုပ် - ၆၁

**မောင်မိုးစည်**

(ဘာသာပြန်)

# အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ

**THE CULT AT THE END OF THE WORLD**

***By***

**Davide Kaplan & Andrew Marshall**

ပညာ့ရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၆ / ၂၀၀၀ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၂ / ၂၀၀၀ (၉) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၁ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးဒီဇိုင်း | ကျော်မင်းမောင် |
| ဖလင် | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ဒေါ်ရွှေအိမ်<br>တိုင်းလင်းစာပေ၊ (မြ-၀၁၂၉၉)<br>(၈/၆၅)၊ စော်ဘွားကြီးကုန်း၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | သိန်းမြင့်ဝင်းအော့ဖ်ဆက်<br>မြ (၀၁၄၂၇)၊ အမှတ် ၉၆၊<br>၁၁ လမ်း။ လမ်းမတော်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>(၀၅၁၇၁)၊ အမှတ် (၈၄)၊ လမ်း (၅၀)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | [redacted] ကျပ် |


စာမူမူပိုင်   ပညာရွှေတောင်စာအုပ်တိုက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| | အပိုင်း(၁) | |
| ၂။ | ဇာတ်လမ်းအစ၊ နတ်များ၏ အပူတပြင်းအချိန်များ | ၆ |
| ၃။ | ဂုရု | ၁၅ |
| ၄။ | ဆိုးယုတ်သည့် ကာမတရား | ၂၆ |
| ၅။ | ထရန်တာခေါ် ကမ္ဘာ့ငယ်များ | ၃၂ |
| ၆။ | သေခြင်းနှင့် ပြန်လည်ရှင်သန်ခြင်း | ၄၁ |
| ၇။ | ရှိုးကို ရှိုးကို | ၅၂ |
| ၈။ | ဇီဝဗေဒဓာတ်ခွဲခန်း အမှတ်(၁) | ၆၀ |
| ၉။ | မြင့်မြတ်သောအလုပ် | ၆၈ |
| ၁၀။ | ရှုရှလူမျိုးများအား ကယ်တင်ခြင်း | ၇၈ |
| ၁၁။ | ဆရာဝန်ကောင်းတစ်ဦး | ၈၁ |
| ၁၂။ | ရေကြည်စမ်းဝတ်ကျောင်းတော် | ၈၈ |
| ၁၃။ | အန်းသရက်ရောဂါပိုး | ၉၃ |
| ၁၄။ | ဉမ်အင်တာနေရှင်နယ် | ၉၉ |
| ၁၅။ | အမဂေဒုန်အတွက် လက်နက်များ | ၁၀၃ |
| ၁၆။ | ဂုရု၏အချစ် | ၁၀၈ |
| ၁၇။ | သာတိယံ - (၇) | ၁၁၄ |
| ၁၈။ | ဝေးလံသောတိုင်းပြည် | ၁၂၁ |
| | အပိုင်း(၂) | |
| ၁၉။ | အမဂေဒုန် ဓာတုဗေဒအပြောင်းအလဲ | ၁၃၁ |
| ၂၀။ | မတ်ဆူမိုတိုမြို့မှ လူသတ်မှုကြီး | ၁၃၈ |
| ၂၁။ | ဒိုင်းနမိုက် | ၁၄၅ |
| ၂၂။ | မြင့်မြတ်သော ဘုန်းကြီးကျောင်း | ၁၅၀ |
| ၂၃။ | ရာကူဇာသို့ဝင်ရောက်ခြင်း | ၁၅၄ |
| ၂၄။ | ယူကို၏ ဒုက္ခဇာတ်လမ်းများ | ၁၆၂ |
| ၂၅။ | လျှို့ခေါင်းများ | ၁၇၃ |
| ၂၆။ | အကျုမြှုပ်ုံးများ | ၁၈၃ |
| ၂၇။ | မကောင်းဆိုးဝါးဂီတ | ၁၉၄ |
| ၂၈။ | အသတ်ခံရသော သိုးကလေးများ | ၂၀၄ |
| ၂၉။ | နီကိုရာတက်ဆုရ | ၂၀၈ |
| ၃၀။ | စစ်ပွဲကြီးစပြီ | ၂၁၆ |
| ၃၁။ | မြေအောက်မီးရထားလမ်းမှာ လမ်းလျှောက်ခြင်း | ၂၂၅ |
| ၃၂။ | အဖျက်သမား | ၂၃၅ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အပိုင်း(၃) | |
| ၃၃။ | ကျိန်စာသင့်ခြင်း၊ ကြောက်လန့်နေသောမြို့တော် | ၂၄၇ |
| ၃၄။ | ကမ္ဘာကြီးပျက်စီးမည့်နေ့ | ၂၅၉ |
| ၃၅။ | သစ္စာဖောက်သူ | ၂၇၀ |
| ၃၆။ | ကျုပ်သာလျှင် ဂုရုဆရာကြီး | ၂၇၇ |
| ၃၇။ | နိဂုံး | ၂၈၆ |




ဥုမ်သမုတိသစ္စာဂိုဏ်းကို စတင်တည်ထောင်ခဲ့သူ
ချီဇူအိုမတ်ဆုမိုတို ခေါ် ရှိုကိုအာဆာဟာရ

www.burmeseclassic.com

www.burmeseclassic.com




နှစ် ပါလီမန်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဥုမ်အဖွဲ့ဝင်များက
အဆာဟာရ၏ ရုပ်ပုံခေါင်းစွပ်များဖြင့် မြို့တွင်းလှည့်လည်ကြစဉ်



ဥုမ်ဆောက်လုပ်ရေးဌာနဝန်ကြီး တာဝန်ယူခဲ့သူ ကီယိုဟိုက်ယာကာဝ



ဥုမ်၏ ဓီဝဗေဒလက်နက်ထုတ်လုပ်ရေးဌာန
အကြီးအကဲ ဆေအိချိအင်ဝို



ဥုမ်၏ ထိပ်တန်းဓာတုပညာရှင် မာဆာမိတဆုချိယ

www.burmeseclassic.com

www.burmeseclassic.com



ဂျပ်ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး
ဒေါက်တာ အိုင်ကူအိုဟာယရှိ



လုံခြုံရေးတာဝန်ခံ တိုမိုမစ်ဆုနီအိမိ



ဆိုကျိုမြို့ မြေအောက်မီးရထားဘူတာ၌ အယူသီးဝိုဏ်းက ဆာရင်အဆိပ်ငွေ့ဖြင့်
တိုက်ခိုက်ခဲ့သောကြောင့် ဒဏ်ရာရနေသူများ



ဂျပ်၏ ထောက်လှမ်းရေး ခေါင်းဆောင် ယိုရှိဟီရိုအိနိုအီ

www.burmeseclassic.com

www.burmeseclassic.com



အလူသီးဂိုဏ်း၏ ပထမဦးဆုံး သားကောင်ဖြစ်ခဲ့ကြရသော ရှေ့နေတဆူတဆူမိ ဆာကာမိုတိုမိသားစု



နက္ခတ္တရူပဗေဒပညာတွင် ထူးချွန်ထက်မြက်သူ ဟိုက်ဒီယိုမူရိုင်း။ နောင်တွင် သူသည် ဂိုဏ်း၏ အာဏာကြီးထွားလာသော သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဖြစ်လာခဲ့သည်။



၁၉၉၅ ခု၊ ဧပြီလတွင် သိပ္ပံဌာနကြီးမှူး မူရိုင်းအား ဓားဖြင့် အချက်ပေါင်းများစွာ ထိုးခံရစဉ်

ဂိုဏ်း၏ ဖူဂျိတောင်ခြေရှိ ဌာနချုပ်တွင် ရဲတစ်ဖွဲ့က ဓာတုဗေဒပစ္စည်း အစုအပုံများကို ရှာဖွေတွေ့ရှိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

တိုကျို၊ မတ်လ၊ ၂၀၊ ၁၉၉၅။

မိုင်ပေါင်း လေးရာခန့် ရှည်လျားသော တိုကျိုမြို့ မြေအောက်ရထားလမ်းများသည် ဤကျယ်ပြန့်သော မြို့တော်အောက်မှာ ကြီးမားလှသော ပုရွက်ဆိတ်အုံကြီးကဲ့သို့ ကွန်ကရစ် ဝက်ပါလမ်းများနှင့် သံမဏိဥမင်လိုဏ်ခေါင်းများဖြင့် ပြန့်ကျဲနေ၏။ ထိုနေရာသည် ကမ္ဘာပေါ်တွင် အစည်ကားဆုံး မြေအောက်မီးရထားလမ်းဖြစ်ပြီး နေ့စဉ် ခရီးသည်ကိုးသန်းကျော် အသုံးပြုနေကြသည်။

ထိုနေရာသည် အစုလိုက်အပြုံလိုက် လူသတ်ရန် အကောင်းဆုံးနေရာဖြစ်၏။

မီးရထားဖြင့် ခရီးသွားခြင်းသည် ဂျပန်နိုင်ငံတွင် ဘဝခရီးတစ်ခုဖြစ်ပြီး၊ အထူးသဖြင့် မြို့တော်တိုကျိုမှာ ဖြစ်၏။ အကယ်၍ တိုကျိုသည် ဂျပန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု၏ နှလုံးသားဖြစ်ပါက မြေအောက်မီးရထားလမ်းသည် သွေးကြောများဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စီးပွားရေးလုပ်ငန်း၏ အသက်သွေးများကို အချိန်မှန်မှန် လွှတ်ပေးနေသည်ဟု ဆိုနိုင်သည်။ အလုပ်သမားများကို သူတို့၏ အလုပ်ခွင်နှင့် နေအိမ်များသို့လည်း သယ်ဆောင်ပေးနေသောကြောင့်ဖြစ်၏။

ဤတနင်္လာနေ့ အချိန်နာရီများသည် အခြားနံနက်ခင်း ကဲ့သို့ပင် တူလွန်းသည်ဟု ထင်ရသည်။ တိုကျိုမြို့၌ ဥဒဟို သွားလာနေကြသော ခရီးသည်များသည် မြေအောက်လမ်းများ၏ ဝက်ပါထဲသို့ ခတ်လှေကားများဖြင့် ဆင်းသက်နေကြ၏။ သူတို့ ပခုံးချင်းတိုက်၍ ပလက်ဖောင်းပေါ်မှာ ရပ်နေသည့်အခါ ကျယ်လောင်စူးရှသည့် ကြေညာချက် ထွက်ပေါ်လာသည်။ ထို့နောက် ခရီးသည်များသည် ကျဉ်းမြောင်းလှသည့် ရထားပေါ်သို့ တလိမ့်လိမ့် တိုးဝှေ့ကာ တက်သွားကြ၏။ နာရီပိုင်းအချိန်တွင် ခရီးသွားလာနေကြစဉ် သူတို့သည် ကြက်များ၊ ဝက်များကဲ့သို့ လူအုပ်ကြီးအဖြစ် သပ်ရိုက်ထားသည့်နှယ် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် (၇း၄၅)နာရီ အချိန်တွင် 'ဥမ်' ဘာသာရေး အယူသီး ဂိုဏ်း အဖွဲ့ဝင်ငါးဦးသည် ဤလူအုပ်ကြီးထဲသို့ ရောနှောနေလိုက်ကြ၏။ ဤ အဖွဲ့ဝင် ငါးဦးတို့သည် မြေအောက်ရထားလမ်းကို ငါးနေရာခွဲ၍ တက်ရောက် နေရာယူထားကြသည်။ နံနက်(၈း၁၅)အချိန်တွင် ဂျပန်နိုင်ငံ၏ ပင်မဓာတ်အားရုံရှိသော ကာဆူမီဂါဆဲကီမြို့၌ ရထားငါးစင်းလုံး ဆုံကြမည်ကို သူတို့ သိထားကြသည်၊ ကာဆူမီဂါဆဲကီမြို့သည် ဂျပန်လူမျိုး (၁၂၅)သန်းအား အုပ်ချုပ်နေသော အစိုးရအရာရှိကြီးများ နေထိုင်ရာ ဖြစ်၏။

ထိုနေရာတွင် ဂျပန်နိုင်ငံအား အုပ်ချုပ်ရေးယန္တရားများ ရပ်တန့်သွားအောင် ဖုံးခွဲတိုက်ခိုက်ရန်နှင့် သမိုင်းတွင်မည့် ကမ္ဘာကြီးအား လွှမ်းမိုးရေးလုပ်ငန်းကို စတင်ရန် 'ဥမ်'ဂိုဏ်းက ဆုံးဖြတ်ထားလေသည်။

ထိုစစ်ဆင်ရေးကို စစ်ရေးအရ အတိအကျစီမံထား၏။ ဖူဂျီတောင် အနီး လျှို့ဝှက်စခန်းတစ်နေရာတွင် 'ဥမ်'ဂိုဏ်းအဖွဲ့ဝင် ငါးဦးသည် ပလတ်စတစ်အိတ်ပျော့များကို အဖျားချွန်ထားသည့် ထီးရိုးများဖြင့် ထိုးဖေါက်လေ့ကျင့်ခဲ့ကြသည်။ သူတို့ လေ့ကျင့်နေကြသည်ကို အပေါ်မှ ဟိန္ဒူနတ်ဘုရား သျှီဝက စောင့်ကြည့်နေ၏။ သျှီဝသည် ဖျက်ဆီးခြင်းနှင့် ပြန်လည်ရှင်သန်ခြင်းနတ်ဟု ယူဆကြသည်။ ယခု ရထားများပေါ်တွင် အားလုံးသည် တကယ်ပင်ဖြစ်နေပြီ။ ပလတ်စတစ်အိတ်များထဲတွင် နာဇီများ တီထွင်ခဲ့သည့် အာရုံကြောပျက်စီးစေသော ဆာရင်(၃၀)ရာနှုန်းပါသည့် ဓာတုဗေဒပစ္စည်းများကို ထည့်ထားသည်။ ဆာရင်သည် အရောင် မရှိ၊ အနံ့ မရှိ၊ သေစေတတ်သော ဓာတုဗေဒပစ္စည်းတစ်မျိုးဖြစ်၏။ ပေတစ်ရာအတွင်းရှိ သက်ရှိမှန်သမျှကို မိနစ်ပိုင်း(သို့) စက္ကန့်ပိုင်းအတွင်း အာရုံကြောများကို ဖျက်စီးစေသည်။

အကြံအစည်က သွေးအေးသလို လူသတ်သမားတွေ ကိုယ်တိုင်ကလည်း သွေးအေးကြ၏။ သူတို့သည် အဖွဲ့ထဲမှ ဉာဏ်အကောင်းဆုံးသော သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ဆရာဝန်များဖြစ်ကြပြီး သူတို့၏ ကျွမ်းကျင်မှု ပညာကို ကြောက်မက်ဖွယ်ရာကိစ္စမှာ အသုံးပြုရန် လမ်းလွဲသွားကြသည်။

မီးရထားပေါ်တွင် လိုက်ပါလာသူတစ်ဦးမှာ အသက်(၄၈)နှစ်ရှိ ခွဲစိတ်ဆရာဝန် အီကူအိုဟာယာရှိ ဖြစ်ပြီး၊ ဒေါက်တာဂျိုးဇက်မင်ဂျီလီ၏ အတွေးအခေါ်ရှိသူဖြစ်၏။ သူသည် ကီအိုင်အိုတက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး၊ ဂျပန်ဆေးပညာအဖွဲ့နှင့် မဆက်သွယ်မီအချိန်က အမေရိကန်နိုင်ငံတွင် ဆေးပညာများ သင်ယူခဲ့သည်။ ယခု သူသည် ဗဟိုမြို့တော်သို့ ပြေးနေသော ချိယိုဒါလိုင်း မြေအောက်ရထားပေါ်တွင် ကြောက်ကြောက်လန့်လန့်နှင့် ထိုင်နေ၏။



အမှတ်နှစ် ရထားပေါ်တွင် အသက်(၂၇)နှစ်ရှိ တိုရူတိုယာဒါ ရှိသည်။ သူသည် တိုကျိုတက္ကသိုလ်မှ ရူပဗေဒဘာသာကို ထူးချွန်ပြောင်မြောက်စွာ အောင်မြင်၍ ဘွဲ့ရခဲ့သူဖြစ်ပြီး 'ဥမ်'ဂိုဏ်းကို ဝင်ရောက်ခဲ့သည်။ သူသည် သတင်းစာစက္ကူနှင့် ထုပ်ထားသည့် ဓာတုဆေးမှုန့်အိတ်များကို ကိုင်လျက် မြို့တော်ဗဟိုသို့ ချဉ်းကပ်ရန် ဟီဘီယာလိုင်း ရထားကို စောင့်မျှော်လျက် ရှိ၏။

ဟီဘီယာလိုင်းနှင့် ဆန့်ကျင်ဘက် အမှတ်(၃) ရထားပေါ်တွင် အသက် (၃၁)နှစ်အရွယ် မာဆာတိုယိုကိုယာမ ရှိနေပြီး၊ အသုံးချ ရူပဗေဒ ဘာသာဖြင့် ဘွဲ့ရထားသူဖြစ်၏။

အမှတ်(၄) ရထားပေါ်တွင် အသက်(၃၀)အရွယ်ရှိ ကင်နီချီမိရိုဆီ ရောက်နေသည်။ သူသည် ဝါဆာဒါတက္ကသိုလ်မှ ရူပဗေဒဘာသာဖြင့် ထူးချွန်စွာ ဘွဲ့ရထားသူဖြစ်၏။ အစွန်းရောက်ဘာသာရေးအဖွဲ့သို့ မဝင်ရောက်မီက အထူးအပူလျှောက်ကူးခြင်း ဘာသာရပ်ကို ဆက်လက်လေ့လာသင်ကြားရန် ကြံရွယ်ထားသည်။ ယခု သူ၏အနာဂတ်သည် အသက်သေစေနိုင်သော ဆုံစည်းရာသို့ အလျင်အမြန် ပြေးလွှားနေသော မာရူနိုချီလိုင်း ရထားပေါ်တွင် ရပ်တည်နေ၏။

အမှတ်(၅) ရထားပေါ်တွင် အသက်(၃၇)နှစ်အရွယ် လျှပ်စစ် အင်ဂျင်နီယာဖြစ်သူ ယာဆူအိုဟာယာရှိ ထိုင်နေ၏။ အခြားသူများကဲ့သို့ ဟာယာရှိသည်လည်း အစွန်းရောက်ဘာသာရေးဂိုဏ်း၏သိပ္ပံဝန်ကြီးဌာနမှ အရေးကြီးသော အဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။

ရထားတစ်စီးပေါ်မှ လူတစ်ယောက်ချင်းသည် မြို့တော်ဗဟိုချက်တွင် အညာတာကင်းသောစိတ်ဖြင့် တွေ့ဆုံနေကြ၏။ အတွင်းရေးမှူးများနှင့် လခစားများ၊ အရာရှိများနှင့် စီးပွားရေးသမားများ၊ ကျောင်းသူကျောင်းသားများနှင့် စတော့ပွဲစားများသည် သေမင်းတမန် ဘာသာရေးအစွန်းရောက်ဂိုဏ်းက အယူသီးသူများ သူတို့၏ရထားပေါ်တွင် ရောက်နေကြသည်ကို သတိမပြုမိကြချေ။

နံနက် (၈)နာရီတွင် လူသတ်ပွဲကြီး စလေပြီ။

ယခုဇာတ်လမ်းသည် အစွန်းရောက် ဘာသာရေးအယူသီးဂိုဏ်း အကြောင်းဖြစ်၏။ မျက်စိကန်းနေပြီး မုတ်ဆိတ်မွေးဗရပျစ်နှင့် အရူးတစ်ယောက်၏ ခေါင်းဆောင်မှုအောက်တွင် ဝါယာကြိုး၊ အဆင့်မြင့်နည်းပညာဖြင့် ဖော်စပ်ထားသော ဆေးဝါး၊ ဒေါ်လာ ထောင်ပေါင်းများစွာပိုင်သော စစ်တပ်အင်အား၊ အကြီးကျယ် ဖျက်ဆီးနိုင်သော လက်နက်များ တပ်ဆင်ထားကြသည့် သိပ္ပံဝတ္ထုထဲမှ ခေတ်သစ် ဘာသာရေးအယူသီးသမား၏ ဇာတ်လမ်းကဲ့သို့ ခြောက်အိပ်မက်များလည်း ဖြစ်လေသည်။

ဘာသာရေး အယူသီးဂိုဏ်းသမားများသည် ရှေးမ[illegible]များကို ရွတ်ဖတ်နေစဉ် ခေါင်းပေါ်မှာ လျှပ်စစ်ခေါင်းများကို ဝါယာကြိုးများဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရေစ်ပတ်ထားပြီး ကွန်ပျူတာ ကွန်ရက်ထဲသို့ ထည့်ထား၏။ မီသမ်ဖီတမင်း၊ အယ်လ်အက်ရှီနှင့် သစ္စာသွေးရည်ကြည်များသည် သူတို့၏သွေးကြောများထဲသို့ စီးဝင်သွားကြသည်။ ထိုဆေးများကို သူတို့ကိုယ်ပိုင် ဓာတ်ခွဲခန်းများတွင်ပင် လူသန်းပေါင်းများစွာကို သတ်ဖြတ်ရန် ဓာတုဗေဒနှင့် ပိုးမွှားလက်နက်များကို တီထွင်ထုတ်လုပ်ကြသည်။ သေနတ်များနှင့် ဖောက်ခွဲပစ္စည်းများထုတ်လုပ်ရန် ပစ္စည်းအမြောက်အမြား စုဆောင်းတည်ဆောက်နေချိန်တွင် အခြားအယူသီးဂိုဏ်းဝင်များက အဏုမြူဗုံး ထုတ်လုပ်ရန် ကြိုးပမ်းနေကြ၏။ ဤလုပ်ဆောင်ချက်အားလုံးသည် **အမဂေဒုန် ခေါ် နောက်ဆုံး တရားစီရင်မည့်နေ့** မရောက်မီ၊ တိုက်ခိုက်မည့် အဆုံးအဖြတ်စစ်ပွဲကြီးအတွက် ဦးတည်ပြင်ဆင်နေခြင်း ဖြစ်၏။

ဥုမ်ဂိုဏ်း၏ ဇာတ်လမ်းသည် လူဦးရေ ထူထပ်၍ စက်မှုထွန်းကားသော မြို့ပြများမှသည် တစ်ချိန်က ဆာမူရိုင်းသူရဲကောင်းများ တိုက်ပွဲဝင်ခဲ့ရာ ဖူဂျီတောင်ခြေသို့ ရွှေ့ပြောင်းသွားလေသည်။ ထို့အပြင် နိုင်ငံရပ်ခြား တိုင်းပြည်များဖြစ်သည့် မန်ဟက်တန်နှင့် ဆီလီကွန်တောင်ကြား၊ ဘွန်းမြို့(ဂျာမနီ)နှင့် သြစတြေးလျတိုက်နှင့် ထို့နောက် ရုရှားပြည်အထိ ပျံ့နှံ့သွားလေသည်။ ဆိုဗီယက်အင်ပိုင်ယာ အကြွင်းအကျန် ဒေသများတွင် အစွန်းရောက် ဘာသာရေးအယူသီးဂိုဏ်း ကျယ်ပြန့်စွာ ရောက်ရှိသွားပြီး စစ်ပစ္စည်းများ၊ စစ်သင်တန်းများနှင့် အဏုမြူဗုံးလုပ်ရန်ပင် ဖြစ်နိုင်လောက်သည့် အခြေအနေများကို ခေါင်းဆောင်များက တွေ့ရှိရသည်။

'ဥုမ်' ခေါင်းဆောင်များသည် ထိပ်တန်းတက္ကသိုလ်များကို စနစ်တကျ ပစ်မှတ်ထားပြီး ဉာဏ်ရည်ထက်မြက်သူများကို အဖွဲ့ဝင်သစ်အဖြစ် စုဆောင်းသည်။ သို့သော် ဓာတုဗေဒ၊ ရူပဗေဒနှင့် အင်ဂျင်နီယာ ဌာနများမှ လူတော် သိပ္ပံပညာရှင်များကို မိတ်ဖွဲ့စည်းရုံးခဲ့၏။ သူတို့သည် ဂျပန်နိုင်ငံ၏ အကြင်နာတရား ကင်းမဲ့လှစွာသော လူဆိုးအဖွဲ့ဖြစ်သည့် ယာဇူကာနှင့် ဆက်သွယ်ကြသည်။ ထို့ပြင် ဆိုဗီယက် လျှို့ဝှက်ရဲအဖွဲ့ ကေဂျီဘီလူဟောင်းများ၊ ရုရှလူမျိုးများနှင့် ဂျပန်စစ်ထွက်များနှင့်လည်း ဆက်သွယ်ကြသည်။ သူတို့သည် လူနာများကို မူးယစ်ဆေးတိုက်ကျွေးရန် ဆရာဝန်များ စာရင်းပြုစုပြီး၊ ထိတ်လန့်ဖွယ်ရာ ရုပ်ရှင်ကားများထဲမှာ ပါဝင်သော လူသားများကို ခွဲစိတ်စမ်းသပ်မှုများကို ပြုလုပ်ကြသည်။

ရဲတပ်ဖွဲ့နှင့် သတင်းသမားများ၏ မေးမြန်းစုံစမ်းမှု မရှိဘဲနှင့် နှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။ ဒီအရင်ကာလများက ဥုမ်ဂိုဏ်းသည် ကမ္ဘာပေါ်တွင် အချမ်းသာအကြွယ်ဝဆုံးသော စာရင်းဝင် ဖြစ်ခဲ့ပြီး၊ အကြီးဆုံး ဘာသာရေးလူသတ်အဖွဲ့ တစ်ဖွဲ့ ဖြစ်ခဲ့၏။

ကမ္ဘာပေါ်တွင် စစ်အေးစစ်ပွဲနှင့် ထောင်စုနှစ် အသစ်ကြားမှာ ဥုမ်ဂိုဏ်း၏ပုံပြင်သည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်ပေသည်။ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော စစ်တပ်၊ အကြမ်းဖက်သမားများ၏ လျှို့ဝှက်စခန်းများ၊ စိတ်ဖောက်ပြန်တက်ကြွနေသော ဘာသာရေးအယူသီးသူများနှင့် ဖြစ်မှုကျူးလွန်တတ်သည့် လူဆိုးဂိုဏ်း အဖွဲ့ဝင်များသည် သူတို့၏ အသံများကို ဤအုတ်ကြောင်းကြောင်း ဘာသာရေးအဖွဲ့တွင် မှတ်သားဖွယ်ရာ တွေ့ရှိရလေသည်။ နှစ်ပေါင်းများစွာကပင် ကျွန်တော်တို့ကို သတိပေးထားခဲ့သည်' လောကအကြောင်း နှံ့စပ်သော ဤအဖွဲ့၏ တိုးပွားကြီးမားလာပုံများသည် ခေတ်သစ် နည်းပညာများနှင့် ဆက်စပ်မြန်ပွားလာသောကြောင့် နှစ်သစ်များတွင် အကြမ်းဖက်ရက်စက်မှုများနှင့် လူများစွာ သတ်ဖြတ်ခံရမှုများ တွေ့ကြုံနိုင်ကြောင်း သတိပေးခြင်း ဖြစ်၏။ 'ဥုမ်'ဂိုဏ်း ပေါ်ပေါက်လာခြင်းသည် ဤအိပ်မက်များ အမှန်တကယ် ဖြစ်လာမည့်အချိန် နီးကပ်လာမည်ကို ညွှန်ပြနေသည်။

'ဥုမ်'ဂိုဏ်း၏ ဇာတ်လမ်းသည် ဝိညာဉ်နှင့် သက်ဆိုင်သော ဇာတ်လမ်း ဖြစ်ပြီး၊ စိတ် ကစဉ့်ကလျား ဝေဒနာရှင် **ရှိုကိုအဆာဟာရ၏** ဇာတ်ကြောင်းလည်း ဖြစ်၏။ ထို့ပြင် (၁၉၈၆)ခုနှစ် နေ့တစ်နေ့တွင် မျက်စိကန်းလုလု ဂျပန်လူမျိုးတစ်ဦးက ဉာဏ်အလင်းရရန် ဆင်းရဲမွဲပြာကျနေသော မိသားစုကို ခွဲခွာပြီး ခရီးထွက်ခြင်းနှင့် စတင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

## တတ်လမ်းအစ

### နတ်များ၏ အပူတပြင်းအချိန်များ

၁၉၈၆ခု၊ အိန္ဒိယပြည်၊ ဟိမဝန္တာ တောင်တန်းများ။

သူတော်စင်ကြီးက ပြောပြသကဲ့သို့ သူ၏ ဦးခေါင်းထဲတွင် မျက်ကန်းတစ်ယောက်သဖွယ် ကောင်းမွန်၍ သာယာသော အလင်းရောင်များ တဖျပ်ဖျပ် တောက်ပလျက်ရှိ၏။ ယခု သူသည် ရက်သတ္တပတ်ပေါင်းများစွာ ဝိညာဉ်တန်ခိုးနှင့် ပြည့်စုံသော ဟိမဝန္တာတောခရီးကို မရပ်မနား ဖြတ်သန်းသွားနေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ဗုဒ္ဓမြတ်စွာ ဘုရားသခင်ကိုယ်တော်တိုင် ဒေသစာရီ ကြွမြန်းခဲ့သောနေရာများ ဖြစ်၏။ သူသည် ဥပုသ်စောင့်ပြီး တရားမှတ်သည်၊ နေ့ပေါင်းများစွာ ဗုဒ္ဓ၏ ပရိတ်များကို မရပ်မနား ရွတ်ဖတ်သည်။ သူသည် သည်းမခံနိုင်သောအရာကို သည်းခံနိုင်စွမ်းရှိလာသည်ကို တွေ့ရ၏။

ထိုဂျပန်လူမျိုးသည် ယခင်ကဲ့သို့ပင် အတူတူလိုပင် ဖြစ်နေ၏။ အဆာဟာရသည် အသက်(၃၁)နှစ်အရွယ်ရှိပြီး ဝက်ဝံလို ကိုယ်လုံးနှင့် သူ့ပခုံးပေါ်မှာ ဆံပင်ရှည်များ ဝဲပျံကာ ကျနေသည်။ ဖရိုဖရဲ မုတ်ဆိတ်မွေးတွေကြားမှာ သူ့မျက်နှာက ထင်ပေါ်လျက်ရှိ၏။ နှုတ်ခမ်းထူထူ၊ စွန်နှုတ်သီးလို ကောက်သော နှာခေါင်းနှင့် အိပ်ငိုက်နေသော မျက်ခွံပေါ်မှ ပဟေဠိဆန်ဆန် မျက်ခုံးများရှိသည်။ သူ၏ချိန်ဆပြီး လှုပ်ရှားသွားလာမှုမှ လွဲ၍ သူ့အား မျက်စိကန်းသည်ဟု မည်သို့မျှ မထင်ရချေ။

အဆာဟာရအဖို့မူ ဟိမဝန္တာခရီးသည် ရှည်လျားသော စိတ်ပိုင်းဆိုင်ရာ ရှာဖွေလေ့လာမှုကို အဆုံးသတ်စေသော အမှတ်အသားဖြစ်ပေသည်။

"ကျုပ်အနေနဲ့ အမျိုးမျိုး ကျင့်ကြံအားထုတ်ပြီးခဲ့ပြီ၊ တာအိုဝါဒ၊ ယောဂ၊ ဗုဒ္ဓဘာသာတွေ အားလုံးပဲ၊ ကျုပ်ရဲ့ ကျင့်စဉ်ထဲအားလုံး စုပေါင်းထားတယ်၊ နောက်ဆုံးမှာ ဟိမဝန္တာတောကြီးရဲ့ သန့်စင်မြင့်မြတ် ရိုက်ခတ်မှုထဲမှာ ပန်းတိုင်ကို ရောက်ခဲ့ပါပြီ။ ကျုပ် ဒီထက် မပျော်နိုင်တော့ဘူး"





ဟု နောင်တွင် သူရှင်းပြခဲ့၏။ ယခုအချိန်တွင် အဆာဟာရသည် သူ၏ မှန်ကန်သောတာဝန်ကို သိမြင်လာသည်။

"ဗုဒ္ဓရဲ့လမ်းစဉ်အတိုင်း ကျုပ် လျှောက်လှမ်းမယ်"

သူသည် ဉာဏ်အလင်းရောင်ရသလို အကြားအမြင်ဓာတ်လည်း ရ၏။ လွန်ခဲ့သော ဘဝဟောင်းကို သိနိုင်သလို လူများ၏ စိတ်ကိုလည်း သူသိကြောင်း အဆာဟာရက ပြောခဲ့သည်။ ထုထည်နှင့် နံရံများကို ဖြတ်သန်းနိုင်ပြီး၊ ရေအောက်မှာ နာရီပေါင်းများစွာ တရားထိုင်နိုင်သည်ဟုဆို၏။

"နောင်ကျရင် မိုးပေါ်မှာ လွတ်လွတ်လပ်လပ် ပျံသန်းနိုင်တော့မယ်" ဟု သူက ပြောပြန်သည်။

သို့ရာတွင် ယခုအတွက်တော့ သူသည် လေယာဉ်တစ်စီး ငှား၍ သွားလေသည်။ မကြာမီ သူသည် သဘာဝအလှနှင့် ပြည့်စုံသော ဟိမဝန္တာတောင်တန်းကို ဟိုအဝေးကြီးမှာ ချန်ထားရစ်ခဲ့ပြီး၊ လူဦးရေ ထူထပ်၍ နီယွန်မီး ထိန်ထိန်ညီးသည့် တိုကျိုမြို့တော်သို့ ရောက်လာသည်။ ထိုခရီးသည် တစ်မူထူးခြားသော ခရီးဖြစ်၏။ ရှိုကိုအဆာဟာရ၏ ပထမရည်ရွယ်ချက်မှာ သူတော်စင်ဖြစ်ရန် မဟုတ်ပေ။ ဂျပန်နိုင်ငံတောင်ပိုင်း ကျူးရှူးကျွန်းဆွယ်တွင် မွေးဖွားခဲ့ပြီး၊ ရိုးရိုးသားသားနှင့် လူချမ်းသာ ဖြစ်ချင်နေသည်။

သူ၏နာမည်အမှန်မှာ ချီဇူယို မတ်ဆုမိုတို ဖြစ်၏။ သူသည် (၁၉၅၅)ခုနှစ်တွင် မွေးဖွားပြီး တာတာမိခေါ် ဂျပန်ရိုးရာ ကောက်ရိုးဖျာ ရက်လုပ်သည့် ဖခင်၏ စတုတ္ထမြောက်သား ဖြစ်သည်။ ဂျပန်အိမ်များတွင် ထိုဖျာများကို ကြမ်းခင်းလေ့ ရှိကြ၏။ သူ့အဖေသည် ဆင်းရဲလွန်းသဖြင့် သူရက်လုပ်သော ဖျာကိုပင် မသုံးနိုင်ပေ။ အိမ်ကလည်း မြေစိုက်တဲကုပ်၊ ကလေးများသည် ကန်စွန်းဥကိုသာ စားရတာများပေသည်။

ချီဇူယို မတ်ဆုမိုတိုသည် ကလေးဘဝကပင် စတင်၍ လောကကြီးကို ထာဝရ ဆည်းဆာဖြစ်သည်ဟု ထင်မြင်ယူဆထားသည်။ မွေးဖွားခါစကပင် လက်ဝဲဘက် မျက်လုံးကန်းလာပြီး၊ လက်ယာဘက် မျက်လုံးကမူ တစ်ဝက်တစ်ပျက်သာ မြင်ရသည်။ ရှက်တတ်ကြောက်တတ်၍ မျက်စိစွေသော ထိုလူငယ်သည် ကျေးလက် အမျိုးသမီးငယ်များနှင့် ကစားရန် ဝါသနာပါသည်။ အိမ်နီးချင်းများက သူ့ကို ခေါင်းမာသူတစ်ဦးအဖြစ် သတ်မှတ်ကြလေသည်။ သို့ရာတွင် မိဖများက သူ့အား ဆွံ့အနားမကြားကျောင်းသို့ ပို့သောအခါ ချီဇူယို၏ တစ်ဝက်တစ်ပျက် မြင်ရသော မျက်လုံးများက အတန်းသားများအပေါ် အခွင့်အရေးရနေ၏။ သူသည် သူငယ်ချင်းများအပေါ် အနိုင်ကျင့်ပြီး လွှမ်းမိုးလေတော့သည်။ သူ့ သူငယ်ချင်းတစ်ဦးက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူငယ်ချင်းတွေဆီက ခေါက်ဆွဲနဲ့ ကိတ်မုန့်တွေ အတင်းအကျပ် ယူစားပြီး ဘယ်တော့မှ ပိုက်ဆံ မပေးဘူး"

သူ့ကို ယဉ်ကျေးအောင် လုပ်နိုင်သူတစ်ဦးတည်းသော သူကတော့ သူနှင့်အတူ မျက်မမြင်ကျောင်းမှာ တက်နေသူ သူ့အစ်ကိုကြီး ဖြစ်၏၊ အစ်ကိုကြီးကတော့ မျက်စိ လုံးဝ မမြင်ရချေ။ ထို့အပြင် ချိုဇူယို၏ ပခုံးကို ကိုင်ပြီး ကျောင်းဝင်းထဲမှာ မကြာခဏ လမ်းလျှောက်လေ့ရှိသည်။

ချိုဇူယိုသည် ခေါင်းဆောင်တစ်ဦးဖြစ်ရန် ဆန္ဒစောနေ၏။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများတွင် ကျောင်းသားဥက္ကဋ္ဌဖြစ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ထို့နောက် သူသည် စိတ်ပျက်အားလျော့သွားလေသည်။

သူ့အတန်းဖော်တစ်ဦးကို မေးသည်။

"ငါ ဘာကြောင့် အမြဲတမ်း ရှုံးနိမ့်နေရသလဲ"

မိန်းကလေးတစ်ယောက်က ပြန်ပြောလိုက်၏။

"ဘာကြောင့်လဲဆိုတော့ လူတိုင်းက နင့်ကို ကြောက်နေကြတယ်လေ"

အဆောင်နေ အဖော်တစ်ဦးက သူ့ကို "ငရဲသား"ဟု ကင်ပွန်းတပ်လိုက်သည်။ တစ်နေ့တွင် ချိုဇူယိုသည် အိပ်ဆောင်ကို မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့ဖူး၏။ နောက်ကိစ္စတစ်ခုမှာ သူသည် ဆရာကို ပြန်အော်ပြောခဲ့ခြင်း ဖြစ်သည်။

"ခင်ဗျားကို သေအောင်ပစ်သတ်မယ်"

ဤကဲ့သို့ ခြိမ်းခြောက်ပြောဆိုပြီးသောအခါ ကျောင်းထုတ်ပစ်ခံရမည်ကို ကြောက်ရွံ့နေတော့သည်။

"အဲဒါတွေဟာ အပြောသက်သက်ပါ၊ စိတ်ညစ်နေစရာမလိုပါဘူး" ဟု သူ့ဆရာကို ပြောပြနေသည်။

ချိုဇူယိုသည် ဆုံးမရန် ခက်ခဲသော ဒုက္ခပေးသူတစ်ဦး ဖြစ်၏၊ စာသင်ကြားရာတွင် သူသည် အဆင့်ကောင်းရနေပြီး၊ သင်္ချာမှာ အလွန်တော်သူဖြစ်၏။ အထက်တန်းကျောင်းမှာ ဂျူဒိုကစားရာတွင် ခါးပတ်နက်ရထားသည်။ သို့သော် သူ၏ ကျွမ်းကျင်မှုကို အတန်းသား ကျောင်းနေဖက်များနှင့် ကိန်းဂဏန်း အလောင်းအစားလုပ်ရာတွင် အသုံးချပြီး မတရား အနိုင်ရငွေများကို ပညာသင်စရိတ်နှင့် အစိုးရက မစွမ်းမသန်သူများအတွက် ထောက်ပံ့ငွေများနှင့်အတူ စုဆောင်းထားလေသည်။

ဆရာတစ်ဦးက ပြန်ပြောသည်။

"သူ ချမ်းသာတော့မယ်လို့ မကြာခဏ ပြောဖူးတယ်"

အထက်တန်းကျောင်းမှာ စာမေးပွဲအောင်ပြီးသောအခါ သူသည် ဒေါ်လာ (၃၀၀၀၀)နီးပါး စုဆောင်းထားမိပြီး ဖြစ်သည်။



ပျက်စီးနေသော သူ့မျက်စိများ နောက်ကွယ်မှာ ချိုဇူယို မတ်ဆူမိုတိုသည် အောင်မြင်မည့် အနာဂတ်ကို အိပ်မက် မက်နေ၏။ သူသည် နိုင်ငံတော်၏ အာဏာရပါတီသို့ ဝင်ရောက်ပြီး သူ၏ အန္တိမပန်းတိုင်ဖြစ်သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် အမှန်ဖြစ်လာမည်ဟု သူ့အကြံအစည်များကို သူငယ်ချင်းများအား ပြောပြခဲ့သည်။ အိမ်နီးချင်းတစ်ဦးသည် သူ့အား "တက္ကသိုလ် ဆက်တက်မည်လား"ဟု မေးသောအခါ သူက ဤသို့ ဖြေသည်။

"ကျွန်တော် တက္ကသိုလ်တက်မယ်ဆိုရင်၊ ခင်ဗျားတို့ နောက်ပြောင်စရာ ဖြစ်လိမ့်မယ်"

ဂျပန်နိုင်ငံ၏ အကျော်အမော်ပုဂ္ဂိုလ်များ ပေါ်ထွက်ရာ တိုကျိုတက္ကသိုလ်အား သူ မျက်စိကျနေသည်။ သို့ရာတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမှာ သူ ကျရှုံးသည်။ ထို့ကြောင့် ခါးသီးနာကြည်းသော စိတ်ဖြင့် အိမ်ပြန်လာရာ လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ခားထိုးမှုဖြင့် မကြာမီ အဖမ်းခံရလေသည်။

ချိုဇူယိုသည် နောက်တစ်ဖန် နေအိမ်မှ တိုကျိုသို့ ထွက်ခွာလာခဲ့ရာ သူ့ကံကြမ္မာ အပြောင်းအလဲ ဖြစ်လာ၏။ တိုမိုကို အမည်ရှိ တက္ကသိုလ်ကျောင်းသူကလေးသည် သူ၏နှစ်လိုဖွယ်ရာ ဆွဲဆောင်မှုကို သဘောကျခံစားနေလေသည်။ သူတို့သည် (၁၉၇၈)ခုနှစ်၊ ဇန်နဝါရီလတွင် လက်ထပ်ကြပြီး၊ ခြောက်လကြာသည့်အခါ သားသမီး ခြောက်ယောက်အနက် သားဦးမွေးသည်။ တိုမိုကိုက အာရုံကြောများ၏စွမ်းအား ဘယ်လို ပိုမိုထက်မြက်အောင် လုပ်ရမည်ကို သင်ကြားပေးသည်။

သူ့မ မိဘများ၏ ငွေအရင်းအနှီးဖြင့် မတ်ဆူမိုတို တရုတ်အပ်စိုက်ဆေးခန်းကို သူ တည်ထောင်လိုက်၏။ ထိုဆေးခန်းမှာ အောင်မြင်သည်။ ချိုဇူယိုသည် လူနာများကို အဖိုးတန် ဘယဆေးများနှင့် ကုသသလို တရုတ်အပ်စိုက်ပညာနှင့် ယောဂနည်းများဖြင့်လည်း ကုသသည်။ အယ်လ်မိုက်တီးခေါ်သော အားဆေးတစ်မျိုးသည် လိမ္မော်သီးခွံကို အရက်တွင် စိမ်ထားခြင်း ဖြစ်၏။ သုံးလကြာ ဆေးကုသည့်အခါ ချိုဇူယိုသည် ဒေါ်လာ (၇၀၀၀) ရလေသည်။ သူ၏ဆေးများကို တိုကျိုမြို့ပေါ်ရှိ နာမည်ကြီးဟိုတယ်များတွင် ကြော်ငြာသည်။ သူသည် ဝတ်ရုံအဖြူကို ဝတ်၍ ဒုလာရောဂါ ကုသနိုင်ကြောင်း ပြော၏။ ရဲတပ်ဖွဲ့ကို အစွဲလုပ်သဖြင့် ပိုမိုအခက်အခဲဖြစ်နေသည်။ (၁၉၈၂)ခုနှစ်တွင် ဆေးအတုလုပ်မှုဖြင့် ဒဏ်ငွေဒေါ်လာ(၁၀၀၀) တပ်ရိုက်ခံရ၏။ သို့သော် သူသည် ဟိုတယ်များတွင် လိမ်ညာလောင်းကစားခြင်းဖြင့် တစ်နှစ်လျှင် ဒေါ်လာ (၂၀၀၀၀၀)နီးပါး ဝင်ငွေ ရရှိသည်။

ချိုဇူယို မတ်ဆူမိုတို၏ ဝင်ငွေသည် မြက်ဖျာ ရက်လုပ်သော သူ့အဖေအတွက် အိပ်မက်မျှသာ ဖြစ်၏။ သို့သော် ခက်ခဲစွာ ငွေကြေးရရှိ

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သူ့ရင်မှာ မအေးချမ်းဘဲ ဟာတာတာ ဖြစ်နေသည်။ နောင်တွင် သူရေးသည့် စာထဲမှာ ဤသို့ ဖော်ပြထား၏။

"ငါဘာကြောင့် အသက်ရှင်နေသလဲလို့ မိမိကိုယ်မိမိ ပထမဦးဆုံး မေးမိပါတယ်။ ဒီကွက်လပ်ကို ကျော်လွှားဖို့ ငါ ဘာလုပ်ဖို့လိုသလဲ။ ဒီကိစ္စကို တွေ့ရှိဖို့ ငါ တောင့်တနေမိတယ်"

ချိုဖူယိုသည် လက္ခဏာပညာမှ လွဲ၍ ဝိညာဉ်လောကကို အလွန်စိတ်ဝင်စားသည်။ ဆယ်ကျော်သက် လူငယ်တစ်ဦးအနေဖြင့် သူသည် မော်စီတုန်း အတွေးအခေါ်များကို မှတ်သားလေ့လာခဲ့ဖူး၏။ ယခုစီးပွားရေး အောင်မြင်သဖြင့် တရုတ်ဗေဒင်ကို လေ့လာပြန်သည်။ ပျော်ရွှင်မှုနှင့် ချမ်းသာခြင်းရရှိရန် ထူးဆန်းသော ဘာသာရေး ထုံးတမ်းဓလေ့အနေဖြင့် သူသည် အိမ်နားမှာ အစားအစာများနှင့် သံလိုက်များကို မြေကြီးတွင် မြှုပ်နှံထား၏။ နောက်ဆုံးတွင် ထိုစမ်းသပ်ချက်တွင် သစ်သီးများပါလာသည်။ သူ တရားထိုင်နေစဉ် နောက်ကျောရိုးတွင် ခွန်အားများ ခုန်ဝင်နေသည်ဟု ခံစားနေရသည်။ ထို့နောက်တွင် တခြားလူများ ပတ်ဝန်းကျင်တွင် မကောင်းသော အမှောင့်ပယောဂကို သိမြင်နိုင်စွမ်း ရှိသ ဉ်၊ စိတ်တန်ခိုး ရပြီဟု သူ ကြေညာ၏။

ချိုဖူယိုသည် အလွန်အားတက်သွားပြီး ဘာသာရေးနှင့် ပတ်သက်၍ အသိပညာရပ်များ ပိုမိုရရှိရန် လျှောက်သွားနေလေသည်။ ထို့နောက် သူ့ရွေးချယ်မှုအတွက် ပျက်စီးနေပြီဟု သူ့ကိုယ်သူ တွေ့ရ၏။ အကြောင်းမှာ (၁၉၈၀)ပြည့်လွန် နှစ်များတွင် ကျောင်းသားတစ်ဦးက အမှတ်တရ ပြောခဲ့သည်။ "နတ်များ၏ အပူတပြင်း အချိန်များ"ကို ဂျပန်နိုင်ငံမှာ တွေ့ကြုံနေရသောကြောင့် ဖြစ်လေသည်။

အိန္ဒိယပြည် မြောက်ပိုင်းမှာ စတင်ထွန်းကားခဲ့သော ဗုဒ္ဓဘာသာသည် အာရှတိုက်ကို ဖြတ်သန်းပြီး၊ ဉာဏ်အလင်းရသော တရားကို ဟောပြောချက်များက လူသန်းပေါင်းများစွာကို ဆွဲဆောင်ခဲ့သည်။ အေဒီ (၆) ရာစုတွင် တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံအထိ ပျံ့နှံ့လာပြီး၊ အုပ်ချုပ်သူ ဘုရင်များကပါ ယုံကြည်ကိုးကွယ်လာသည်။ ရာစုနှစ်ပေါင်းများစွာကပင် တစ်မျိုးသားလုံး ကိုးကွယ်လာခဲ့သည့် ရှင်တိုဘာသာသည် ဗုဒ္ဓဘာသာနှင့်အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲ ယုံကြည်လာခဲ့ကြ၏။ သို့ရာတွင် (၁၈၆၈) ခုနှစ် မေဂျီခေတ်တွင် ရှင်တိုဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပြီး ဘုရင်ကိုယ်တိုင် ကိုးကွယ်ခဲ့လေသည်။

(၁၉၃၀)ပြည့်နှစ်တွင် ဂျပန်နိုင်ငံသည် အလွန်အကျွံ အမျိုးသားဝါဒကို ကျင့်သုံးခဲ့ရာ၊ ထိုရှင်တိုဘာသာအား ယှဉ်ပြိုင်သော အခြားယုံကြည်ကိုးကွယ်မှုများသည် လျင်မြန်စွာ ဖျက်ဆီးခံရတော့၏။ အိုမိုတို ဘုရားရှိခိုးကျောင်းကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဒိုင်းနမိုက် ခွဲခံခဲ့ရသဖြင့် ထိုဘာသာရေးအဖွဲ့သည် ဘယ်တော့မှ ပြန်လည်တည်ဆောက်ခြင်း မပြု





နိုင်တော့ပေ။ တခြား ဘာသာရေးဂိုဏ်းဝင်များမှာလည်း ထိုကဲ့သို့ ကြမ်းတမ်းရက်စက်စွာ သတ်ဖြတ်ခံခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်တို့ စစ်ရှုံးသောအခါ အမေရိကန်အာဏာပိုင်များသည် ရှင်တိုဘာသာအား နိုင်ငံတော်ဘာသာအဖြစ်မှ ဖျက်သိမ်းပစ်ပြီး၊ ဘုရင် ဟီရိုမိတိုကိုလည်း ဘုရားသခင် အဆင့်အတန်း မဟုတ်ကြောင်း အတင်းအကျပ် ကြေညာခိုင်းလိုက်၏။ ယခုအခါမှာ ဘာသာရေး လွတ်လပ်ခွင့်ရသဖြင့် ဘာသာရေး အဖွဲ့ငယ်များ လျင်မြန်စွာ ပေါ်ပေါက်လာတော့သည်။ ထိုအထဲတွင် လယ်သမားကြီးတစ်ဦး၏ ဇနီးကသူမသည် 'နေနတ်သမီး' ဖြစ်ကြောင်း ကြေညာပြီး သူမကို ကြည်ညိုသူများနှင့်အတူ ပျော်ရွှင်စွာ ကခုန်ကြလေသည်။ 'ဘာသာရေးအသစ်'ဟု ခေါ်နိုင်သော ကြယ်ဝချမ်းသာသည့် ဆိုကိုဂတ်ခိုင် ဦးဆောင်သည့် အဖွဲ့ကြီးသည် (၁၉၃၀)ပြည့်နှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပွဲကြီးအပြီးတွင် အောင်မြင်ကျော်ကြားခဲ့လေသည်။ အဖွဲ့ဝင်ကိုးသန်းကျော်က (၁၃)ရာစုနှစ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး နီချိရန်စုအား ကိုးကွယ်ပူဇော်ကြ၏။

ထို့နောက် (၁၉၇၀)ပြည့်နှစ် နောက်ပိုင်းတွင် ဂျပန်နိုင်ငံ၏ ဝိညာဉ်ပိုင်းဆိုင်ရာ အပူတပြင်း လှုပ်ရှားမှုအချိန်များ စတင်လေသည်။ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာသောကြောင့် ရာပေါင်းများစွာသော ဘာသာရေးအဖွဲ့အစည်းများသည် ဈေးဆိုင်များ ဖွင့်လှစ်၍ အမျိုးသားအသည်းနှလုံး ဟာကွက်ကို ဖြည့်ဆည်းရန် ကြိုးစားကြသည်။ များစွာသော ဘာသာရေးအုပ်စုထဲမှာ အမျိုးသား 'ဘာသာရေး'ဟု အမည် တပ်ဆင်သည့် အပ်(က်)အော့ဖ်ဂျီဆပ် အမည်ရှိ အမျိုးသမီးအဖွဲ့သည် 'ဇီယွန်၏ သမီးများ'အမည်ဖြင့် ညကလပ် ဖွင့်လှစ်သည်။ (၁၉၈၀)ပြည့်နှစ် တစ်ဝိုက်တွင် ဘာသာရေးအသင်းအသစ် များစွာ နှစ်စဉ်နှစ်တိုင်း ပေါ်ပေါက်လာ၏။ ဘာသာရေးအယူအဆ ကူးပြောင်းသူများထဲတွင် တိုကျိုမြို့မှ စတော့ပွဲစား တစ်ဦးသည် ဆိုကရေးတီးနှင့် ဟင်နရီဖို့ဒ် ဝင်စားသည်ဟု ဆိုလေသည်။ သူသည် လူသားများ ပျော်ရွှင်မှု သုတေသနဌာန ကို ထူထောင်ရာ၊ ဂျပန်ပြည်သူများ၏ စိတ်နှလုံးသားနှင့် ငွေကြေး အောင်မြင်မှုကို ထောင်စုနှစ် နောက်ဆုံးအချိန်မှာ ဂျပန်လူမျိုးများသာ အသက်ရှင်ကျန်ရစ်မည်ဖြစ်ကြောင်း ဟောပြောခြင်းဖြင့် အောင်မြင်မှုရလေသည်။

နတ်ပြည်သို့ ပို့ဆောင်ပေးမည့် ဤယာဉ်တွင် အောင်မြင်နေသော ချိုဖူယို မတ်ဆုမိုတိုလည်း အပြည့်အဝ ပါဝင်နေ၏။ သူ ဟောပြောခဲ့သော ဗုဒ္ဓကျမ်းစာ တစ်စောင်ကို အဝွန်ရှု ခေါ်သည့် ဘာသာရေးအဖွဲ့က ပုံနှိပ်ထုတ်ဝေခဲ့သည်။ (၁၉၆၉)ခုနှစ်တွင် တည်ထောင်ခဲ့သော အဝွန်ရှုဂိုဏ်းသည် ခေတ်သစ် ဘာသာရေးအယူသီးဂိုဏ်း ဖြစ်၏။ ထိုအဖွဲ့သည် မဂ္ဂဇင်းများတွင်ပါရှိသော လိပ်စာရှင်များအား စည်းရုံးဖွဲ့စည်းပြီး ကိုယ်ပိုင် ကြိုဟ်တု


www.burmeseclassic.com

www.burmeseclassic.com

ရုပ်မြင်သံကြားများမှတစ်ဆင့် စိတ်တန်ခိုးဖြင့် ကုသခြင်း သင်ခန်းစာကိုထုတ်လွှင့်ခဲ့သည်။ ထိုဘာသာရေးအဖွဲ့သည် ဗုဒ္ဓဘာသာကျင့်စဉ်များကို တင်းကြပ်စွာ လိုက်နာရန် အားပေးအားမြှောက်ပြုလေသည်။ ခက်ခဲသော စည်းရုံးချဉ်းကပ်မှုမှာ သိပ္ပံပညာက မပေးနိုင်သော စိတ်တန်ခိုးကဲ့သို့သော စာစောင်ဖြန့်ဝေခြင်းဖြင့် သဘာဝလွန် ကတိများကိုပေးခြင်း ဖြစ်လေသည်။

ချိုဂူယိုသည် ရောစပ်ထားသော အခြေခံဝါဒများနှင့် စိတ်ကူးယဉ်မှုများကို တွေ့ရှိရ၏ (၁၉၈၁)ခုနှစ်တွင် အဝှန်ရှု ဗဟိုသင်တန်းတွင် စတင်ကျင့်ကြံအားထုတ်သည်။ တစ်နေ့လျှင် မိနစ်လေးဆယ်ကြာအောင် ရက်ပေါင်းတစ်ထောင် တရားမှတ်ရသည်။ ထိုကဲ့သို့ တရားမှတ်ခဲ့ပြီးနောက် ယခင်ကထက် သူ့စိတ်ထဲမှာ မကျေနပ်မှုတွေ ခံစားနေရ၏။

"အဝှန်ရှုနဲ့ မဆက်သွယ်ခင်က စိတ်ရဲ့ ငြိမ်းချမ်းမှုတွေ ကြေမွပျက်စီးကုန်ပြီ"ဟု သူ ပြန်ပြောသည်။ သို့သော် အဝှန်ရှုအဖွဲ့က စိတ်ငြိမ်းချမ်းမှုထက် ပိုမို အရေးကြီးသည့် အရာကို ပေးလိုက်၏။ ထိုအရာမှာ **သူ့ကိုယ်ပိုင် အယူသီးဘာသာရေးပုံစံ** ဖြစ်လေသည်။

(၁၉၈၄)ခုနှစ် အစောပိုင်းတွင် ချိုဂူယိုသည် 'ဥမ်'အင် **ကော်ပိုရေးရှင်း** အမည်ဖြင့် ကုမ္ပဏီအသစ်တစ်ခု ထူထောင်လိုက်၏။ 'ဥမ်'ဟူသော ဝေါဟာရသည် ဟိန္ဒူမန္တန်ဖြစ်ပြီး စကြဝဠာ၏ အန္တိမသစ္စာတရားနှင့် သက်ဆိုင်သည် ဟုဆိုကြသည်။ ဥမ် အင် ကော်ပိုရေးရှင်းကုမ္ပဏီ၏ အသက်(၂၉)နှစ် အရွယ်ရှိ ဥက္ကဋ္ဌက သူ၏ ပထမဦးဆုံး လုပ်ငန်းကို **တောင်တန်းပျော်မော်ဆရာများ၏ ဥမ်အသင်း** ဟု အမည်ပေးထား၏။ ထိုနာမည်သည် တိုကျိုမြို့ ယောဂကျောင်း တိုက်ခန်းတစ်ခန်းထဲမှ အမြတ်အစွန်း များစွာရနေသော အားဆေးအတုအတွက် ဖြစ်သည်။

အစဉ်အမြဲ ရည်မှန်းချက်ကြီးနေသော လူငယ်ဖြစ်သည့် ချိုဂူယိုသည် မကြာမီ ဟိမဝန္တာသို့ သွားရောက်ပြီး ဉာဏ်အလင်းရရန် ရှာဖွေပြန်သည်။ သူ အိမ်ပြန်လာသောအခါ လူသစ်ဖြစ်လာပြီး၊ ဆန်းကြယ်သော ဝိညာဉ်တန်ခိုးနှင့် စိတ်ချမ်းသာမှု ပီတိသောမနဿအာရုံကို ရပြီဟု ကြွေးဝါ၏။ သူသည် ဟိန္ဒူသူတော်စင်များနှင့် အတူထိုင်ပြီး အိန္ဒိယပြည်၏ ဂုရုဆရာကြီးများနှင့်အတူ စကားပြောခဲ့ရသည်။ သူ၏ အန္တိမပန်းတိုင်သည် နိုင်ငံရေးမဟုတ်ဘဲ ဘာသာရေးဖြစ်ကြောင်း ယခုတော့ ချိုဂူယိုသဘောပေါက်လေပြီ။ သူ လိုချင်နေသည်များမှာ ထိုဘာသာရေးနောက်သို့ လိုက်ရန်ဖြစ်ပြီး ယခုပင် ရောက်လာပေတော့မည်။

ယူအက်(ဖ်)အိုခေါ် သော ပန်းကန်ပြားပျံများ၊ အီးအက်(စ်)ပီခေါ် အာရုံကို ပိုမိုသိမြင်ခြင်း၊ ကျောက်သံသရာ၊ ဈာန်ပျံနိုင်ခြင်း စသည်တို့သည် ဆည်းဆာမဂ္ဂဇင်းအတွက် ဆန်းကြယ်သော ခေါင်းစဉ် မဟုတ်ကြ။ (၁၉၈၀) ပြည့်နှစ် အလယ်ပိုင်းတွင် ဂျပန်လူငယ်များထဲ၌ သဘာဝလွန်



စိတ်ကူးယဉ်မှုများ တိုးပွားလာသဖြင့် ရောင်းရေများသော မဂ္ဂဇင်းတစ်စောင် ဖြစ်လာ၏။ ဆယ်ကျော်သက်များက သူတို့သည် ဘဝဟောင်းကိုသိကြောင်း (သို့မဟုတ်) တခြားဘဝကလာသည်ကို သိကြောင်း ရေးသည့်စာများ အယ်ဒီတာအဖွဲ့ထံ အများအပြား ရောက်လာသည်။

ချိုဂူယို မတ်ဆုမိုတိုအဖို့မူ ဆည်းဆာမဂ္ဂဇင်းသည် ပြည့်စုံကောင်းမွန်သော ယာဉ်ရထား ဖြစ်၏။ (၁၉၈၆)ခုနှစ်ထုတ် မဂ္ဂဇင်းတွင် လေထဲတွင် မြောက်နေသော သူ့ဓာတ်ပုံ ပါလာသည်။

"ကျုပ်ဟာ သုံးစက္ကန့်လောက် ဈာန်ပျံနိုင်ပါတယ်၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ အချိန်ပိုကြာလာတယ်" ဟု သူက ထိုလစဉ်ထုတ် မဂ္ဂဇင်းကို ပြောပြခဲ့သည်။ ရာစုနှစ်ပေါင်း များစွာကပင် ဗုဒ္ဓဘာသာတွင် ထိုကဲ့သို့ ဈာန်ပျံနိုင်သော တန်ခိုးရှိခဲ့၏။ သို့ရာတွင် ဈာန်ပျံခြင်းသည် ကျွမ်းကျင်သော ယောဂီတစ်ဦးအတွက် သာမန် အပြုအမူသာဖြစ်သည်ဟု အဆာဟာရက ပြောသည်။ ခြေထောက်များကို တင်ပျဉ်ခွေ ထိုင်ပြီး၊ သူ့ခန္ဓာကိုယ်လည်ပတ်ရန် ပေါင်ကြွက်သားများကို အသုံးပြုလျက် ကြမ်းပြင်မှ ခေတ္တမျှ ပျံကြွပြသည်။ ဆည်းဆာမဂ္ဂဇင်းမှ ဓာတ်ပုံဆရာက အဆာဟာရသည် လေးလံစွာ ပြန်ကျသည်ဟု ပြောသည်။

"သူနာကျင်တာ ထင်ရှားပေမယ့် မရိပ်မိအောင် ကြိုးစားတယ်" ဟု ဓာတ်ပုံဆရာက ပြန်ပြောလေသည်။

ယခု ထိုစာစောင်သည် ထုတ်ဝေကောင်းနေဆဲဖြစ်၏။ ချိုဂူယို၏ ယောဂသင်တန်းကျောင်းသို့ သင်တန်းသားများစွာ လာရောက်တက်ကြသောကြောင့် ထိုအမြတ်ငွေများဖြင့် ဂျပန်နိုင်ငံတစ်ဝန်းလုံး တိုးချဲ့ဖွင့်လိုက်လေသည်။ ချိုဂူယိုက လူငယ်သင်တန်းသားများနှင့်အတူ ခရီးထွက်နေ၏။ သူသည် စကားပြော ညင်သာပြီး၊ ပျော်ရွှင်တတ်သည်။ ထို့အပြင် စိတ်တန်ခိုး အသုံးချရာတွင်လည်းကောင်း၊ ဘေ့(စ်)ဘော ကစားရာတွင်လည်းကောင်း ညီတူညီမျှ ဆက်ဆံသည်။ သူ၏ သင်တန်းကျောင်းများသည် မြို့ပြဘဝ၏ ဓာတ်ဆီငွေ့၊ မီးခိုးငွေ့တွေမှ ကင်းဝေးသည်။ သန့်စင်သော အထွတ်အမြတ်နေရာ ဖြစ်၏။ ကျောင်းသားတစ်ယောက်ကမူ "ပျားရည်လို ချိုမြပြီး နွေးထွေးတဲ့နေရာ ဖြစ်ပါတယ်" ဟုပြောဖူးသည်။ မိသားစုထဲမှာ ကြီးပြင်းလာပြီး အလုပ်မှာ ယစ်မူးနေကြသော မိဘများနှင့် မတွေ့ရတတ်သော တခြား ကျောင်းသားများအတွက်မူ ချိုဂူယိုသည် သူတို့ မတွေ့ဘူးသော ဖခင် ဖြစ်နေ၏။

သူတို့ ယခုထိ မသိကြသေးပေ။ သို့သော် သူတို့ဖခင်မှာ တစ်ခုခုတော့ မှားယွင်းနေပြီ။ ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းခြေ တစ်နေရာတွင်

---

| | | |
|---|---|---|
| **U.F.O** | = | **Un-Identified Flying Objects** |
| **E.S.P** | = | **Extra-Sensory Pereceptions** |


www.burmeseclassic.com

www.burmeseclassic.com

တရားထိုင်နေစဉ် ဘုရားသခင်ထံမှ သတင်းတစ်ခု ချိုဂျယ်ထံသို့ ရောက်လာသည်။ ထိုသတင်းမှာ-

"ဘုရားသခင်၏ တပ်မတော်တွင် အသင့်အား ခေါင်းဆောင်အဖြစ် ကျုပ် ရွေးချယ်လိုက်ပြီ"ဟု အသံက ဆို၏။ ထိုနှစ်မှာပင် တောတောင်များထဲသို့ ပြန်လည်ဝင်ရောက်သောအခါ အခြေခံဝါဒီ သမိုင်းဆရာတစ်ဦးနှင့် သူ တွေ့ရသည်။

"ဒီရာစုထဲမှာ အမင်္ဂလာဒုန်ခေါ်တဲ့ အဆုံးအဖြတ်ပေးမယ့် နောက်ဆုံး စစ်ပွဲကြီး မလွဲမသွေ ပေါ်ပေါက်လာလိမ့်မယ်၊ ကြင်နာသနားတတ်တဲ့ ဘုရားသခင်ရဲ့ အမျိုးအနွယ်တွေသာ အသက်ရှင် ကျန်ရစ်ခဲ့လိမ့်မယ်။ ဒီပြိုင်ပွဲရဲ့ ခေါင်းဆောင်ဟာ ဂျပန်နိုင်ငံမှာ ပေါ်လာမယ်" ဟု ထိုဆရာက သတိပေးစကား ပြောကြားခဲ့သည်။ ထိုဆရာနှင့် တွေ့ခွင့်ရပြီးကာမ်းခြေမှ ဆွေးနွေးချက်များသည် ချိုဂျယ်၏ စိတ်ထဲတွင် မီးမုန်တိုင်း တိုက်ခတ်နေ၏။ သူသည် ကမ္ဘာကြီးကို ကယ်တင်ရန် တစ်ဦးတည်း ထွက်ခွာသွားလေတော့သည်။

ထိုကဲ့သို့ လေးနက်စွာ ခေါ်သံသည် စိစစ်မှုအသစ်ကို တောင်းဆိုခြင်းဖြစ်၏။ 'ရှိုကိုအဆာဟာရ' နာမည်တွင် မိုးမိုးအသံ ထွက်လာသော 'ချိုဂျယ်မတ်ဆုမိုတို'ထက် သမားရိုးကျ ကွင်းဆက်များ ပိုမိုရရှိလာသည်။ ထိုနာမည်သည် ငြိုးငွေ့ဖွယ်ရာအလုပ်နှင့် တခြားဘာဝအလုပ်များအတွက် ပိုမိုသင့်တော်သော နာမည်ဖြစ်၏။ ထိုအချိန်မှာပင် သူသည် ထူထဲသော မုတ်ဆိတ်ကို မွေးမြူထားပြီး၊ ဆင်စွယ်ရောင် သူတော်စင်ဝတ်စုံများကို ဝတ်ဆင်လေသည်။

ထိုအရာများသည် သူသွားမည့် ခရီးအတွက် လေးနက်သော ပြုပြင်ပြောင်းလဲမှုတွင် ပြင်ပ အသွင်သဏ္ဍာန်များ ဖြစ်၏။ ချိုဂျယ် ငယ်စဉ်ဘဝက တွေ့ကြုံခံစားခဲ့ရသော ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ ဆုံးရှုံးခြင်းတို့သည် တဖြည်းဖြည်း ကွယ်ပျောက်သွားလေသည်။ မကြာမီ အချိန်တွင် သူသည် အားလုံးအသစ်ဖြစ်သော ရှိုကိုအဆာဟာရအဖြစ် သူ့ဘဝကို နာမ်နှင်းမြူတွေအကြားမှာ ထာဝရ မြှုပ်နှံလေတော့မည်။

✣ ✣ ✣



ဓမ္မသာလာသည် လူပေါင်း(၁၇၀၀၀) အမြဲတမ်း ရှိနေသဖြင့် မြို့တစ်မြို့ပမာ စည်ကားနေ၏။ စိတ်ပျက်ဖွယ်ရာကောင်းသော ဘတ်(စ်)ကားများပေါ်မှ ဆင်းလာသည့် အနောက်နိုင်ငံမှ ကမ္ဘာလှည့် ခရီးသည်များသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိမဝန္တာတွင် နားနေရန် စိစဉ်ကြလေသည်။ စားသောက်ဆိုင်များနှင့် ဟိုတယ်များတွင် အုတ်အော်သောင်းတင်း စည်ကားနေ၏။ တိဗက် အမျိုးသားများ၏ နှစ်သစ်ကူးပွဲတော် နီးကပ်လာပြီ ကြက်သွေးရောင် သင်္ကန်းများနှင့် ဘုန်းတော်ကြီးများသည် လမ်းကျဉ်းများတွင် ကြွလှမ်းနေစဉ် စိပ်ပုတီးများကို စိပ်နေကြသည်။ ဘုရားဝတ်ပြုသူများ၏ ရောင်စုံအလံများသည် အေးချမ်းလှသော တောင်ပေါ်လေထဲတွင် လွင့်ပျံနေ၏။

ဤလူမျိုးစုံကြားထဲတွင် ဝက်ဝံရုပ်လက္ခဏာရှိသော ရှိုကိုအဆာဟာရ တစ်ယောက် လမ်းလျှောက်နေသည်။ ထိုနေ့ကား (၁၉၈၇)ခုနှစ် ဖေဖော်ဝါရီလ ဖြစ်၏။ သူ၏ အိန္ဒိယသို့ နောက်ဆုံးခရီးတွင် လပေါင်းများစွာ ကုန်လွန်ခဲ့လေသည်။ ရှိုကို အဆာဟာရသည် ယခုအချိန်မှာ မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် ပြန်လာခဲ့သည်။ သူ ဓမ္မသာလသို့ ရောက်လာခဲ့သည်မှာ တိဗက်လူမျိုး ဗုဒ္ဓဘာသာဝင် သန်းပေါင်းများစွာက 'သက်ရှိဘုရား' အဖြစ် ယုံကြည်ကိုးကွယ်လျက်ရှိသော ဘုန်းတော်ကြီး ဒလိုင်းလားမား၏ ကောင်းချီးမင်္ဂလာကို ခံယူရန် ဖြစ်၏။ ဘုန်းတော်ကြီး ဒလိုင်းလားမားသည် (၁၉၅၉)ခုနှစ်တွင် တရုတ်တို့ ကျူးကျော်ခဲ့သဖြင့် တိဗက်ပြည်မှ ထွက်ပြေးလာခဲ့သူ ဖြစ်သည်။ ထိုအချိန်မှစ၍ သူ၏ ကြင်နာသနားစွာ ဓမ္မသာလတွင် သီတင်းသုံးနေထိုင်ခဲ့ခြင်းသည် တိဗက်လူမျိုး ဒုက္ခသည်များ၊ ကမ္ဘာလှည့် ခရီးသည်များနှင့် ဗုဒ္ဓဘာသာ အများဖူးခရီးသည်များအတွက် အရေးပါသော စွဲဆောင်ချက် ဖြစ်ပေသည်။

သာမန် အညိုရောင်သင်္ကန်းများ ဝတ်ရုံထားသော တိဗက်များသည် ရှိုကို အဆာဟာရအား ရောင်စုံပဲပြားများ ချိတ်ဆွဲထားသည့် အခန်း


www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ နွေးထွေးစွာ ဖိတ်ခေါ်ကြလေသည်။ အဆာဟာရက ပြန်လည် ပြောပြခဲ့သည်မှာ ဒလိုင်းလားမားက ဤသို့ ပြောသည်ဟုဆို၏။

" ချစ်မိတ်ဆွေများခင်ဗျား ဂျပန်နိုင်ငံရဲ့ ဗုဒ္ဓဘာသာကို ကြည့်လိုက်စမ်းပါ။ အခွမ်းအနားတွေထဲမှာ အရေးကြီးတဲ့ ဒေသနာတော်တွေ ကွယ်ပျောက်နေတာကို တွေ့ရပါလိမ့်မယ်"

အဆာဟာရက အလေးအနက် ခေါင်းညိတ်သည်။ ဒလိုင်းဟားမားက ဆက်၍ပြောသည်။

"တကယ်လို့ ဒီအခြေအနေအတိုင်းသာ ဆက်သွားကြမယ်ဆိုရင် ဂျပန်နိုင်ငံမှာ ဗုဒ္ဓဘာသာ ကွယ်ပျောက်လိမ့်မယ်။ တစ်ခုခုတော့ လုပ်ဖို့ လိုအပ်လိမ့်မယ်"

ထို့နောက် တိဗက်ဘုရား ဘုရင်သည် ဂျပန်နိုင်ငံသို့ မြင့်မြတ်သော ခရီးစဉ်ကို သွားရောက်ခဲ့လေသည်။

"အသင်ဟာ ဗုဒ္ဓဝါဒ အစစ်အမှန်ကို ဒီမှာ ဖြန့်ဖြူးသင့်ပါတယ်" အဲဒါကို အသင် ကောင်းကောင်းလုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အသင့်မှာ ဗုဒ္ဓရဲ့စိတ်ဓာတ်တွေ ရှိနေလို့ပါပဲ။ အသင် အဲဒီလို လုပ်မယ်ဆိုရင် ကျွန်ုပ်ဟာ အင်မတန် ကျေနပ်နှစ်သိမ့်ရပါလိမ့်မယ်။ ကျွန်ုပ်လာရအုံ့ ခရီးစဉ်ကို အဲဒီလုပ်ငန်းက ကူညီပါလိမ့်မယ်" ဟု ဒလိုင်းလားမားက ပြောခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ စိတ်ဓာတ်ဟု ကြားရသောအခါ အဆာဟာရသည် ပျော်ရွှင်ခြင်းဖြင့် ယစ်မူးနေ၏။

"ဒလိုင်းလားမားဟာ ကျုပ်ရဲ့ နာမ်ပိုင်းဆိုင်ရာ ကျင့်ကြံအားထုတ်မှုရဲ့ အဆင့်အတန်းကို သိပါလိမ့်မယ်၊ နောက်ပြီး ကျုပ်ဟာ ဉာဏ်အမြင်ဓာတ်ရတာကိုလည်း သိလိမ့်မယ်"ဟု သူက တွေးနေမိသည်။ ထို့နောက် ဒလိုင်းလားမားသည် ဂျပန်အမျိုးသား အဆာဟာရအား ရေစင်တော်သွန်းဖြန်းပေးပြီး ဥမ်စာအုပ်များတွင် မြင့်မြတ်သော ပုံတော်များအဖြစ် ပုံနှိပ်ဖော်ပြနိုင်မည့် ဓာတ်ပုံကို အရိုက်ခံလေသည်။

ထိုကိစ္စများသည် အဆာဟာရ၏ အောက်မေ့ဖွယ်ရာ အတွေ့အကြုံများကို ပြန်လည်ပြောပြချက်များ ဖြစ်၏။ တိဗက်ခေါင်းဆောင်သည် အဆာဟာရအား အထူးကိုယ်စားလှယ်အဖြစ် ပြန်လည်ဖိတ်ခေါ်ခြင်း မပြုခဲ့ပေ။ အကြောင်းမှာ အဆာဟာရသည် ဗုဒ္ဓအတွေးအခေါ်ထက် တခြားဘာသာရေး အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရန် ပိုမို စိတ်အားထက်သန်နေသည်ကို သိသောကြောင့် ဖြစ်၏။ ဂျပန်လူမျိုး အဆာဟာရသည် ဘုန်းတော်ကြီး ဒလိုင်းလားမား နှစ်စဉ် တွေ့ဆုံနေကျဖြစ်သော ရာပေါင်းများစွာသော ဒကာဒကာမများအနက်မှ သာမန်လူတစ်ယောက်သာဖြစ်သောကြောင့် ဖြစ်၏။ ဒလိုင်းလားမား၏ လက်ထောက်တစ်ဦးက "အဆာဟာရဟာ ဘာမှ ထူးခြားသူ မဟုတ်ဘူး"ဟု ပြောခဲ့လေသည်။





သို့ရာတွင် သူသည် ထူးခြားသူ ဖြစ်ပေသည်။ မေ့သာလတွင် ခေတ္တနေထိုင်ပြီးနောက် အဆာဟာရ၏ ဘဝင်မြင့်ရောဂါသည် ပို၍ ထင်ရှားလာ၏။

"ကျုပ်က ဘုရားသခင်ပေးအပ်တဲ့ ဘုရင်ဖြစ်ဖို့ ရည်ရွယ်ချက်မရှိပါဘူး" ဟု သူ့နောက်လိုက်များကို ပြောခဲ့သည်။ သို့သော် သူနှင့်အတူ ခရီးသွားသူများကမူ တခြား အဓိပ္ပာယ်ကို ယူဆမိကြ၏။

"အတိတ်ဘဝကို ကျုပ် သိနိုင်တဲ့အစွမ်းကြောင့် ကျုပ်ဟာ အိန္ဒိယလူမျိုး အကြီးအကဲ ဖြစ်ခဲ့ကြောင်း သိရတယ်" ဟု ထိုနှစ်တွင် အိန္ဒိယပြည်မှအပြန် စာရေးခဲ့သည်။ ယခင်ဘဝတုန်းက အင်ဟိုတက် အမည်ရှိ အိန္ဒိယသူကာ တစ်ဦးအနေဖြင့် ပိရမစ်များ တည်ဆောက်ရန် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ဖူးကျန်သည်ဟု တောင်းဆိုလေသည်။

ကိုင်ရိုသို့သွားသည့် ခရီးစဉ်သည် သူ၏ စိတ်တန်ခိုးနှင့် ဘာသာရေးအတွက် ကျားကန်ရန် ကြံစည်ခြင်း ဖြစ်၏။ ဟိမဝန္တာတွင် ဉာဏ်အလင်းဓာတ်ရပြီး နောက်တစ်နှစ်မှာ အဆာဟာရသည် တပည့်နောက်လိုက် တစ်ဖွဲ့နှင့်အတူ အိန္ဒိယသို့ ပြန်လာသည်။ ထို့နောက် သူ၏ ဝိညာဉ်စိတ်သည် ပဥ္စလက်အဆင့်သို့ ရောက်ပြီဟု ကြေညာလိုက်၏။

"အခုအချိန်မှာ ကျုပ်ရဲ့ ရုပ်ခန္ဓာကိုယ်ကို ဘယ်အချိန် ဘယ်နေရာမှာမဆို စွန့်လွှတ်ဖို့ လွတ်လပ်ပြီ"ဟု စာရေးခဲ့သည်။ သို့သော် ဟိမဝန္တာမှ ပြန်လာသော ဘုရားဖူးခရီးသည် တစ်ဦးကမူ အဆာဟာရ၏ ခရီးစဉ်ကို အထင်မကြီးချေ။

"သူတို့ကို လှုကြိုက်နည်းပါတယ်၊ အဆာဟာရက အတွေ့အကြုံရှိတဲ့ သာဓကတွေကို တရားဟောတဲ့အခါ သူတို့ဟာ ပိုမိုကျင့်ကြံကြဖို့လိုတယ်လို့ပဲ ပြောခဲ့တယ်။ သူက ဟိမဝန္တာက ပြန်လာတဲ့ ဆရာကို ဓာတ်ပုံ အတူရိုက်ရအောင်လို့ ပြောပြီး၊ ဆရာ့ပခုံးကို ဖက်လိုက်တယ်။ ကျွန်တော်တို့ အံ့ဩမိပါတယ်" ဟု တစ်ယောက်က ပြန်ပြောသည်။

ဉာဏ်အလင်းရခြင်း၊ စစ်မှန်ခြင်း သို့မဟုတ် တခြားနည်းများသည် လွန်စွာ တန်ဖိုးရှိသည်။ အဆာဟာရသည် ဂျပန်ကို ပြန်လာပြီး သူ၏ ပထမဦးဆုံးစာအုပ် သဘာဝလွန်တန်ခိုး တိုးတက်အောင်လုပ်နည်း လျှို့ဝှက်ချက်များကို ရေးသားခဲ့၏။

"သဘာဝလွန်တန်ခိုးကို လမ်းညွှန်နိုင်သော ဝိညာဉ်ဆိုင်ရာ သင်တန်းများသည် အလကားဖြစ်သည်"ဟု စာအုပ် အညွှန်းအတွက် ရေးခဲ့သည်။ ထို့ပြင်

"ကြည်ညိုလေးစားဖွယ်ကောင်းသော ဆရာကြီးက အသင့်အား အံ့ဩဖွယ်ကောင်းသော လျှို့ဝှက် စိတ်တန်ခိုးများအကြောင်းကို သင်ပြပေးမည်၊ အနာဂတ်ကို လျှို့ဝှက် မြင်နိုင်သည်။ လူများ၏ အကြံအစည်ကို သိနိုင်သည်။ သင့်ဆန္ဒများ အမှန် ပြည့်ဝပါမည်၊ ထိုးဖောက်မြင်နိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com

ရှိလာမည်၊ ရှာန်ရမည်၊ အရပ်လေးမျက်နှာသို့ သွားနိုင်မည်၊ ဘုရားသခင်၏ အသံနှင့် အခြားအသံများကိုလည်း ကြားမည်။ သင့်ဘဝ ပြောင်းလဲတိုးတက်လာမည်"ဟုလည်း ရေးထား၏။ ထိုအကြောင်းများကို သက်သေပြရန် စာအုပ်အဖုံးတွင် ရှာန်ပျံနေသော အဆာဟာရ၏ ဓာတ်ပုံကို ဖော်ပြထား၏။

အဆာဟာရအား ကြည်ညိုလေးစားဖွယ်ရာ ဆရာကြီးဟု မြှင့်တင်ပေးလိုက်သည့်အတွက် 'ဥုမ်'ဂိုဏ်း၏ သင်တန်းများက လေသံလည်း ပြောင်းသွားသည်၊ ကြီးစားလျက်ရှိသော ပုရောဟိတ်ဆရာကြီးသည် သူ၏ ဆွေးနွေးပွဲချချက်များတွင် ကယ်တင်ခြင်းနှင့် သာသနာပြုလုပ်ငန်းများကို ပိုမိုအလေးထား ဟောပြောသည်၊ ယခု သူ၏ ရည်ရွယ်ချက်မှာ "လူအပေါင်းကို ဘေးဒုက္ခမှ ကယ်တင်ရန်နှင့် ကမ္ဘာကြီး အသိဉာဏ်အလင်းရရှိရေးအတွက် ဦးဆောင်ရန်ဖြစ်ကြောင်း ကြေညာထားသည်။ သို့သော် ဘယဆေးအတုများနှင့် မတူဘဲ အသိဉာဏ် အလင်းရရှိရာသည် လက်ဆုပ်လက်ကိုင် မပြနိုင်သော အရာဝတ္ထုကို ရောင်းချရန်လိုအပ်သည်။

ဤအတွက် သာမန် ယောဂီကျင့်စဉ်ကို ပြုပြင်လိုက်ခြင်းဖြင့် သူတွေ့ရ၏။ ထိုကျင့်စဉ်မှာ ဆရာက ဇူးစိုက်ကြည့်ပြီး၊ ကျောင်းသားက တန်းစီနေရမည်။ ထို့နောက် နှစ်ဦးသား ဂါထာမန္တရားကို သံပြိုင်ရွတ်ဆိုရန်ဖြစ်၏။ အဆာဟာရက ကျောင်းသား၏ ဦးခေါင်းပေါ်သို့ လက်ကို သာမန်တင်ထားပြီး ယောဂီဆရာ၏ တန်ခိုးဣန္ဒြိယပါဒ်ကို သွင်းပေးလေသည်။ ထို့နောက်တွင် ကျောင်းသားများသည် ယာဉ်မတော်တဆ ထိခိုက်ခြင်းမှ သက်သာရာရခြင်း၊ ခန္ဓာကိုယ်ပြင်ပ အတွေ့အကြုံများရှိလာခြင်း၊ မာကျောက်ဖဲ ကစားရာတွင် ကိုးဆယ်ရာနှုန်း အနိုင်ရခြင်း အစရှိသည့် ထူးခြားမှုများကို တွေ့လာရသည်။ ဤသို့ ဆောင်ရွက်ပေးသည့် အတွက် အဆာဟာရသည် ကျောင်းသားတစ်ဦးလျှင် ဒေါ်လာ (၃၅၀)စီ ရရှိ၏။

မွေ့သာလာမှ ပြန်လာပြီး ငါးလခန့် ကြာသောအခါ ရှိုကို အဆာဟာရက ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်သည်၊ ထိုကြေညာချက်တွင် သူ့ယောဂီသင်တန်းကျောင်းများကို တောင်တန်းပျော် မော်ဆရာများအသင်း ဟု မခေါ်တွင်စေတော့ဘဲ ဥုမ် မြင့်မြတ်သော သစ္စာအသင်းဟူသော နာမည် အသစ်တစ်ခုကို မှည့်သည်။ ကျောင်းသားများစွာကမူ စိတ်ရှုပ်နေကြ၏။

"အဲဒီနောက်မှာတော့ အဖွဲ့ဟာ ဘာသာရေးသက်သက် လုံးဝ မဟုတ်တော့ပါဘူး၊ ပတ်ဝန်းကျင် တစ်ခုလုံးဟာ စိတ်တန်ခိုး ကြီးထွားပြီး၊ ယောဂီကျင့်စဉ်ကို ခံစားဖို့ပဲ ဖြစ်နေတော့တယ်" ဟု ကျောင်းသားတစ်ဦးကပြောသည်။ သုံးရက်ကြာ သင်တန်းအတွက် ကျောင်းသားတစ်ဦးလျှင် ဒေါ်လာ(၄၀) အနည်းဆုံး ပေးကြရသည်၊ ထို့အပြင် သူတို့ဆရာအား 'မစ္စတာအဆာဟာရ' (သို့မဟုတ်) ဂျပန်လို ဆရာများအား ရိုသေစွာခေါ်





ခေါ်လေ့ရှိသည့် 'စန်ဆေအိ'ဟု ခေါ်ကြသည်။

ဥုမ် မြင့်မြတ်သောသစ္စာအသင်း ရောက်ရှိလာသဖြင့် အစစအရာရာ ပြောင်းလဲကုန်၏။ ဥုမ်အဖွဲ့အား ငွေလှူဒါန်းခြင်းဖြင့် စိတ်ဓာတ်တိုးတက်ရန် အထောက်အကူရနိုင်ကြောင်း ကျောင်းသားများကို ဟောပြောထားသည်။ သူတို့အား ဥုမ် စာရွက်စာတမ်းများကို ဖြန့်ဝေရန်၊ အဆာဟာရ၏ စာအုပ်များ ဝယ်ယူရန်နှင့် သူတို့ အစည်းအဝေးသို့ လူများများခေါ်ဆောင်လာရန် စေခိုင်းသည်။ ထို့ပြင် အဆာဟာရအား 'ဂုရု'ခေါ်ဟာရနှင့် တူညီသော 'ဆွန်ရှိ' ဟု ခေါ်စေသည်။ စိတ်ပျက်နေသော သင်တန်းများက အသင်းကို စွန့်ခွာကြပြီး လူအများ ပိုမိုဆက်သွယ်ဝင်ရောက်လာကြ၏။ သူတို့သည် ဂုရု အရှေ့တိုင်းဘာသာရေးနှင့် သွေးဆောင်ခံရခြင်း ဖြစ်လေသည်။

အဆာဟာရသည် တန်ခိုးအာဏာကြီးမားသော ပုဂ္ဂလိက အစွန်းရောက် အယူသီးအဖွဲ့ကို ထူထောင်နေ၏။ လမ်းစဉ်ကို လိုက်နာရန် လက်တွေ့လုပ်နေလေသည်။ သူသည် ကျယ်ပြန့်သော ဝိညာဉ်ဈေးကြီးမှာ ဈေးဝယ်နေသကဲ့သို့ ကမ္ဘာ့ဘာသာရေးများထဲသို့ သူ၏ မြင့်မြတ်သော ကိုယ်ပိုင်ခံစားချက်ကို ပြုလုပ်ရန် ဘာသာရေး ထုံးတမ်းအချို့နှင့် တရားသေဝါဒများကို တင်ဆောင်လျက် သူ့လှည်းကို တွန်းလာနေ၏။ ထိုအရာဗဟိုချက်မသည် ဥုမ် မြင့်မြတ်သော သစ္စာတရားအဖွဲ့သည် အရှေ့တိုင်းဘာသာရေးနှင့် ဝိညာဉ်ဝါဒကို ရောနှောထားသည့် အယူအဆများနှင့် ခေတ်သစ်ကို ရောက်ရှိလာသည်၊ ထိုအဖွဲ့၏ ယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများမှာ တိဗက်ဗုဒ္ဓဘာသာ၏ နာမ်ယောဂီအကျင့်များမှ ဆွဲယူထားခြင်း ဖြစ်၏။ အဆာဟာရသည် ဗျင်ဗုဒ္ဓဘာသာဆရာများ၊ ဟိန္ဒူ သူတော်စင်များနှင့် ထိုခေတ်-ဘာသာရေးရသေ့တပည့်များထံမှ ဟောပြောချက်များကို ရွေးချယ်ကောက်နုတ်ယူထားသည်။ သို့ရာတွင် ကမ္ဘာကြီးပျက်မည့် အရေးထက် ဘယ်အယူအဆက ပိုမိုအရေးကြီးသည်ဟု ပြော၍မရပေ။

ဖျက်ဆီးခြင်းနတ်ဖြစ်သော သျှိဝသည် ဟိန္ဒူနတ်ဘုရားကျောင်းများတွင် ဖန်ဆင်းရှင် ဗြဟ္မာကြီးနှင့်အတူ ရပ်နေပြီး ဗိသနိုးကမူ အမှန်တရားထိန်းသိမ်း စောင့်ရှောက်သူအဖြစ် နတ်များအကြားမှာနေသည်၊ လက်လေးဖက်ပါရှိသော သျှိဝသည် စကြဝဠာထဲမှာ ကခုန်ရင်း ကမ္ဘာကြီးကို ဖြုန်းတီးနေ၏။ သူသည် ကြောက်မက်ဖွယ်ရာ သေခြင်းတရားသံသရာကို ပြန်လည်ဖန်ဆင်းရန်နှင့် ပြန်လည်မွေးဖွားရန်သာ လုပ်ဆောင်နေသည်။ ရှိုကိုအဆာဟာရက သူ၏ ဘာသာရေးအသစ်တွင် နတ်များ၏ အကြီးအကဲဖြစ်၍ ရွေးချယ်ခြင်းသည် သျှိဝ ဖြစ်၏။

ကမ္ဘာကြီး၏ နောက်ဆုံးအချိန်သည် အဆာဟာရအတွက် အကြီးအကျယ် စိတ်ကူးယဉ်စရာ ဖြစ်လေသည်။ သူ၏ ယခင် ဘာသာရေးအဖွဲ့ဖြစ်သော အဂွန်ရှုက ဘုရားသခင်၏ ဗျာဒိတ်တော်နေ့တွင် ထိုအဖွဲ့၏


www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ်သော အရေးအကြောင်းဖြင့်သာ ပြောင်းလဲနိုင်ကြောင်း သူ့ကို သတိပေးခဲ့သည်။ ကမ္ဘာကြီးပျက်စီးမည့်နေ့အကြောင်း ပြောခြင်းသည် လူငယ်များကို စည်းရုံးရာတွင် များစွာ အသုံးကျနေ၏။ အဆာဟာရသည် အဖွဲ့၏ အရေးတကြီး လျှောက်လဲချက်ကို မြင်သည်။ ထို့ပြင် ဥမ်အဖွဲ့တွင် ဖျက်ဆီးရေး အယူအဆများကို စတင်တည်ထောင်လေသည်။ နောက်ဆုံးတွင် အဆာဟာရ၏ ယုံကြည်ချက်အသစ်တွင် ဤအယူအဆကို လက်တွေ့လုပ်ဆောင်ရန် စီစဉ်ထားတော့သည်။

အဆာဟာရသည် ဖျက်ဆီးရေးသမား သျှိဝကို ရေဝတီခရစ်ယာန် အယူအဆဖြစ်သော အမဂေဒုန်ခေါ် နောက်ဆုံးစစ်ပွဲကြီး အယူအဆကို ထပ်လောင်းလိုက်၏။ ထိုအယူအဆကို ရီဗယ်လေးရှင်း ကျမ်းမှ အမှုမဲ့ ဖတ်ပြီး ဆွဲယူထားခြင်း ဖြစ်သည်။ သမ္မာကျမ်းစာတွင် ပါဝင်သော ကောင်းမှုကုသိုလ်နှင့် အကုသိုလ် ဒုစရိုက်သမားများအကြား စစ်တပ်များအကြောင်းကို ဂုရု၏ အတွေးထဲမှာ ဖူးပွင့်စ ပြုနေ၏။

သျှိဝနှင့် အမဂေဒုန်တို့နှင့်အတူ (၁၆)ရာစုနှစ်က ပြင်သစ်လူမျိုး နက္ခတ်ဆရာကြီး နော့စ်ထရာဒမူး(စ်)၏ ဘုရားသခင်၏ ဗျာဒိတ်တော် အကြောင်း ဟောပြောချက်ကိုလည်း ဆွဲထုတ်ထားသည်။ နော့စ်ထရာဒမူး(စ်)၏ စာအုပ်ကို (၁၉၇၀)ပြည့်နှစ်တွင် ဂျပန်ဘာသာပြန်၍ ထုတ်ဝေခဲ့ရာ အရောင်းရ အတွင်ကျယ်ဆုံး ဖြစ်ခဲ့၏။

(၁၉၈၇)ခုနှစ်၊ မေလတွင် ကျင်းပခဲ့သော ဥမ်ဂိုဏ်း နှီးနှောဖလှယ်ပွဲ၌ အဆာဟာရသည် **နက္ခတ်တာရာအမြင်နှင့် အလိုအလျောက် ထိုးထွင်းမြင်နိုင်သော ဉာဏ်ပညာ** အကြောင်းကို အဓိကထား၍ ဆွေးနွေးဟောပြောခဲ့လေသည်။ သတင်းများကတော့ မကောင်းလှချေ။

"(၁၉၉၂)ခုနှစ်မှာ ဂျပန်က မိမိဘာသာ လက်နက်တပ်ဆင်လိမ့်မယ်။ (၁၉၉၉)နှင့် (၂၀၀၃)ခုနှစ်အကြား အဏုမြူစစ်ပွဲကြီးဖြစ်မှာ သေချာတယ်။ ကျွန်ုပ် အဆာဟာရက အဏုမြူစစ်ပွဲကြီးဖြစ်မယ်လို့ ပထမဦးဆုံး ပြောသူဖြစ်တယ်။ ကျွန်ုပ် အချိန်(၁၅)နှစ်ပဲ ကျန်တော့တယ်"ဟု ကြေညာခဲ့သည်။ အဏုမြူလူသတ်ပွဲကြီးအား ရှောင်လွှဲနိုင်သည်။ သို့သော် နိုင်ငံတိုင်းမှာ 'ဥမ်အဖွဲ့'များ တည်ထောင်နိုင်မှသာ ဖြစ်မည်ဟု ဟောပြောသည်။ ဤနည်းအားဖြင့် အဆာဟာရသည် တကယ်တော့ သူကိုယ်တိုင် ကြည်ညိုလေးစားဖွယ်ကောင်းသော သာဓကဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်၏။

"ဥမ်စနစ် ပြန့်ပွားရေးအတွက် တစ်ကမ္ဘာလုံး ပျံ့နှံ့အောင် လုပ်ရမယ်။ အဲဒီနောက် ကျုပ်တို့ဟာ တတိယကမ္ဘာစစ်ကြီးကို ရှောင်လွှဲနိုင်လိမ့်မယ်။ ကျုပ် အာမခံပါတယ်" ဟုကြေညာသည်။ သူ၏တရားများနှင့် **အပြီးသတ် ချေမှုန်းရေးနေ့** လို စာအုပ်မျိုးတွင် အဆာဟာရ၏ မှိုင်းမှုန်နေသော ကြိုတင်ခန့်မှန်းချက်များသည် ကြောက်စရာကောင်း





နေ၏။ သူက ပြောသည်မှာ ပထမ (၁၉၉၀)ပြည့်နှစ်တွင် အမေရိကန်နှင့် ကုန်သွယ်ရေး၌ ဂျပန်ပြည် နစ်မြုပ်ခြင်းနှစ်ဖြစ်ပြီး လှိုင်းလုံးကြီးများက အကုသိုလ်နယ်မြေအား လောဘတကြီး မျိုပစ်လိမ့်မည်။ ထို့နောက် (၁၉၉၉)ခုနှစ်တွင် ကမ္ဘာကြီး၏ ပျက်မည့်အချိန် စတင်မည်။ နောက်ရာစုနှစ် အစောပိုင်းတွင် ရုရှ၊ တရုတ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ ပြိုကျမည်။ (၂၀၀၃)ခုနှစ်၊ အောက်တိုဘာ (၃၀)မှ၊ နိုဝင်ဘာ (၂၉) အတွင်း အမဂေဒုန် နောက်ဆုံးစစ်ပွဲသည် ယဉ်ကျေးမှုကို ဖျက်ဆီးမည့် အဏုမြူစစ်ပွဲဖြင့် ရောက်ရှိလာမည်"ဟု ဆိုထား၏။

ဤဗျာဒိတ်တော်ကာလ နောက်ပိုင်းတွင် ကမ္ဘာကြီးသည် စူပါလူသားမျိုးဆက်သစ်ဖြစ်သော ရှိုကို အဆာဟာရ၏ နောက်လိုက်တပည့်များ ကြီးပွားလာမည်။ သာ့မိုနျူကလီးယား စစ်ပွဲအကြောင်းကို ဂုရုဆရာကြီးက ဤသို့ ရှင်းပြ၏။

"ဉာဏ်အလင်းရောင် ရသူတစ်ဦး အနေနဲ့ကတော့ ကြီးမားတဲ့ ပြဿနာ မဟုတ်ပါဘူး"

အမှန်တော့ အဆာဟာရသည် တစ်ဖက်က သဘာဝဘေး အန္တရာယ်ကို ကြည့်ပြီး၊ တစ်ဖက်က ငွေဝင်ဖို့ကြည့်သည်။ သူသည် ဘုရားသခင် ဗျာဒိတ်တော်အကြောင်း ဟောပြောခြင်းဖြင့် အသိုက်အဝန်း အဖွဲ့အစည်း တစ်ခုလုံး တည်ဆောက်ပြီး၊ ဒေါ်လာသန်းပေါင်းများစွာ ရရှိရန် ရည်ရွယ်ထား၏။ အကယ်၍ သူ၏ ဘာသာရေးအယူအဆများကို မေးခွန်းထုတ်မည် ဆိုပါက အနည်းဆုံး သူ့အား တော်သော စီးပွားရေးသမားအဖြစ် ဆုပေးမည်သာ ဖြစ်၏။ ဥမ် မြင့်မြတ်သော သစ္စာတရားအသင်း ကြီးပွားစ ပြုပေပြီ။

ဥမ်ဂိုဏ်း၏ ကြည်ညိုလေးစားဖွယ်ရာကောင်းသော ဆရာကြီးသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပသော ခရမ်းရောင်ဝတ်ရုံ ဝတ်ဆင်လျက် ပလက်ဖောင်း စင်ကြီးပေါ်မှ စိုးရိမ်ပူပန်နေသော လူငယ်များ၏ ရှေ့တွင် ရောက်ရှိနေသည်။ အဆာဟာရ၏ နှုတ်ခမ်းများပေါ်တွင် သဒ္ဒါတရား ပြည့်ဝသော လျော့ရဲသည့် အပြုံးများ ပေါ်လာနေ၏။ သူ့ထံတွင် စုရုံးရောက်ရှိနေသော ဥမ်ဂိုဏ်းသား ကြည်ညိုလေးစားသူများသည် ဥမ်၏ သစ္စာခံယူရန် ရောက်ရှိနေကြသည်။ သွေးသောက်ပွဲ ဖြစ်၏။

ဥမ်ဂိုဏ်း အဖွဲ့ဝင်တစ်ဦးသည် ဤပွဲကို လပေါင်းများစွာ စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းခဲ့ရသည်ဟု ဆို၏။ မကြာမီ အချိန်ကမှ သူ့မိခင် ကွယ်လွန်သဖြင့် ပူဆွေးဝမ်းနည်းနေရဆဲ ဖြစ်သော်လည်း အဆာဟာရ ရေးသားခဲ့သည့် "သဘာဝလွန်တန်ခိုး တိုးတက်အောင်လုပ်နည်း လျှို့ဝှက်ချက်များ"ကို ဖတ်ပြီးနောက် 'ဥမ်'ဂိုဏ်းသို့ ဝင်ရောက်လာခဲ့သည်။ သင်တန်းတွင် ခပ်ကြောင်ကြောင် လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်အတွက် အချိန်ပိုင်းအလုပ်မှ ရရှိသော ဒေါ်လာ (၇၀၀၀)နီးပါးကို


www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းပြီး သင်တန်းကြေး ပေးရသည်။

သူက ပြန်ပြော၏။

"ကျွန်တော်တို့ ဂုရုရှေ့မှာ ထိုင်ကြတယ်၊ ဆရာဝန်တစ်ယောက်နဲ့ သူနာပြုဆရာမတို့က သူ့သွေးအချို့ကို ဖောက်ထုတ်ယူထားတယ်လို့ ကျွန်တော်တို့အကြား သိပြီး ဖြစ်ကြပါတယ်။ မကြာခင် အမျိုးသမီးတစ်ဦးက ဝိုင်ဖန်ခွက် အလုံးသုံးဆယ်ယူလာပြီး တပည့်တွေလို တစ်ခွက်စီ ဝေပေးလိုက်တယ်။ ဖန်ခွက်တွေထဲမှာ သွေးတွေ ဇွန်းသုံးဇွန်းစာလောက်ပါတယ်။ အဲဒီထဲမှာ သွေးမခဲအောင် တခြားအရည်လည်း ထည့်ထားပါတယ်။ အဲဒီအမျိုးသမီးက "သောက်ကြပါရှင်"လို့ ပြောလိုက်တော့ ကျွန်တော်ဟာ ဖန်ခွက်ကို ဖြည်းဖြည်းမပြီး ပါးစပ်ထဲကို ဝိုင်တစ်စက်ချင်း ထည့်လိုက်မိပါတယ်"

စေးပြီးနွေးသော အရည်သည် ထိုလူထု လည်ချောင်းထဲသို့ လွယ်လွယ်နှင့် စီးဆင်းသွား၏။ ထို့နောက် တစ်ခုခု ဖြစ်မလားဟု သူစောင့်နေသည်။ အဆာဟာရ၏ သွေးသည် အစွမ်းထက်ကြောင်း သိပ္ပံနည်းဖြင့် စမ်းသပ် အတည်ပြုထားကြောင်း သူတို့က ပြော၏။ ယခုတော့ သူ စိတ်ဓာတ် ကျသွားသည်။ ထိုအမျိုးသမီး တပည့်မက ပြောသည်။

"အင်အားတွေ တိုးလာပြီး ရုတ်တရက် ဉာဏ်ရည်ထက်မြက်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ဘာမှ ဖြစ်မလာပါဘူး။ နောက်တစ်လ ကြာအောင်အထိပါပဲ"

ဉုမ် မြင့်မြတ်သော သစ္စာအဖွဲ့ကို တည်ထောင်ပြီးသောအခါ ရှိုကို အဆာဟာရ၏ ဖောင်းပွနေသော အတ္တသည် နောက်ဆုံးတွင် စူပါကြယ်တစ်ပွင့် ဖြစ်သွား၏။ ဂုရု၏ သွေးသောက်ခြင်းသည် အမျိုး(၂၀)အနက် အစပျိုးခြင်း တစ်ခုသာဖြစ်ကြောင်း ခေါ်ဆိုကြ၏။ မြင့်မြတ်သော ဆံပင်ရိတ်ခြင်း၊ ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲတော်မှ ပြောင်းလဲလာပြီး ထိုပွဲတွင် အဆာဟာရ၏ သော့များကို ဖြုတ်၍ ရေစိမ်ပြီး သောက်ကြသည်။ သူ၏ မုတ်ဆိတ်မွေး လက်မဝက် တစ်ပင်ကို ဒေါ်လာ (၃၇၅)ဖြင့် ရောင်းသည်။ တစ်ချိန်တုန်းက လိမ္မော်ခွံကို အရက်တွင်စိမ်ပြီး မဟာအားဆေး အဖြစ်ရောင်းချသကဲ့သို့ ယခု အဆာဟာရသည် သူ၏ ချိုးရေများကို တစ်ပုလင်းလျှင် ဒေါ်လာ(၈၀၀)ဖြင့် ရောင်းပြန်သည်။ ထို့နောက် ဘုံဘိုင်မှ လာသော ရေကို ရေစင်တော်အဖြစ် ရောင်း၏။ ထိုရေသည် အမှောင်ထဲမှာ အလင်းရောင်ထွက်သည်ဟု ထင်ကြသည်။ အဆာဟာရက "ကျွန်ုပ်က သာမန်ရေကို အရောင်ထွက်တဲ့ရေ ဖြစ်စေတယ်"ဟု ရေးခဲ့သည်။

နွေရာသီ တစ်နေ့မှာ သူ၏ အံ့ဩဖွယ်ရာ အစွမ်းဖြစ်သော **ရေအောက် သမာဓိ** ကို ပြမည်ဟု သူ့တပည့်များကို အဆာဟာရက ပြောသည်။ ထိုအစွမ်းမှာ အောက်ဆီဂျင်မရှိသော ပိတ်ထားသည့် ရေတိုင်ကီထဲတွင် တစ်နာရီကြာအထိ တရားထိုင်ခြင်းဖြစ်၏။ ကံအားလျော်စွာပင် ချိန်းဆိုထားသည့်နေ့မှာ ဂုရုကြီးသည် အလွန်အရေးကြီးသော ကိစ္စတစ်ခု ပေါ်လာ၏။ သူ့ကိုယ်စား တပည့်ဖြစ်သူ **ဂဝံတိ** ကလုပ်ပြခြင်းဖြင့် ကမ္ဘာ့စံချိန်ကို ချိုးလိုက်၏။ (ကမ္ဘာ့စံချိန်မှတ်တမ်း ဂင်းနက် စာအုပ်တွင်မူ ထိုစာများ မပါချေ။ စာရင်းတွင်မူ ဂဝံတီ၏ မှတ်တမ်းအရ **ယူတားဆော့ လိတ်စီတီ***မှ အသက်နှစ်နှစ်အရွယ်ရှိ မစ်ရှလီဖွန့် ဆိုသည့် အမျိုးသမီးကလေးဖြစ်ပြီး ရေအောက်တွင် တစ်နာရီ နစ်ထားပြီးနောက် ပြန်လည်နေကောင်းရန် မနည်းကြိုးစား ကုသကြရသည်။

ယုံကြည်သူများကတော့ လာနေကြဆဲ။ (၁၉၈၇)ခုနှစ် ကုန်သောအခါ 'ဉုမ်'အဖွဲ့တွင် အသင်းဝင်(၁၅၀၀)နှင့် ဂျပန်နိုင်ငံ၏ အဓိကမြို့တော်များတွင် အသင်းခွဲများ ရှိလာသည်။ ထိုနှစ် နွေဦးရာသီတွင် နယူးယောက်မြို့တွင် ဉုမ် ယူအက်စ်အေ အဖွဲ့ တစ်ဖွဲ့ထူထောင်ခဲ့၏။ ထို့ပြင် မန်ဟက်တန် ရပ်ကွက်အရှေ့ပိုင်း (၄၈)လမ်းတွင် အလုပ်ခန်းဖွင့်ထားသည်။ သို့သော် အသင်းဝင်ရန် စည်းရုံးပြောဆိုရမည့်အစား အဆာဟာရသည် ငွေကြေး ပိုမို လိုအပ်နေသဖြင့် "ဉုမ်သို့ ငွေလှူဒါန်းပြီး အသင့်ကိုယ်ကို သန့်စင်အောင် ကူညီပါ"ဟု ဟောပြောနေသည်။

အဖြေကတော့ ဂျပန် **သွေးထွက်သံယို စီမံကိန်းအတွက်**ဟု အကြောင်းပြသည်။ အဆာဟာရက ရှင်းပြသည်မှာ "တစ်ခါက ပုံပြင်ဆန်သော ကမ္ဘာတွင် ယခင်ရှေးဘဝက ဂုရု နေခဲ့ဖူးသည်။ စီမံကိန်းပန်းတိုင်သည် ဖြောင့်ဖြူးနေ၏။ ဂျပန် မြို့တော်များတွင် ဉုမ်ရုံးခန်းများနှင့် သင်တန်းများဖွင့်လှစ်ပြီး **ကြာပန်းရွာ** သို့မဟုတ် ဉုမ်ဂိုဏ်းသားများ အမင်္ဂလာဒုန် ကာလမှာ အသက်ရှင်ကျန်ရစ်ခဲ့မည့် စိတ်ကူးယဉ်ကမ္ဘာ တည်ဆောက်ရန် ဖြစ်၏။

ဂျပန် သွေးထွက်သံယို စီမံကိန်းဆိုတာ ကမ္ဘာတစ်ဝန်းလုံးအတွက် ပထမခြေလှမ်း ဖြစ်တယ်၊ အသင်ကိုယ်တိုင် ပါဝင်ဆင်နွှဲမယ်ဆိုရင် အလွန်ကြီးမားတဲ့ ဖူးသိုလ်ရမယ့်အပြင် ပိုမိုမြင့်မြတ်တဲ့ ဘဝကို ရောက်လိမ့်မယ်" ဟု 'ဉုမ်'ခေါင်းဆောင်က ကြေညာသည်။

ဉုမ် အသင်းသားအသစ်များ ဝင်ရောက်လာရန် **ဆည်းဆာ** မဂ္ဂဇင်းကဲ့သို့ လက်လှမ်းမီသော မဂ္ဂဇင်းများတွင် ကြေညာချက်များထည့်ပြီး ကြော်ငြာစာရွက်များကို တတိုက်မှ ဖြန့်ဝေ၏။ ဉုမ်သို့ ဖုံးဆက်လျှင် မိန်းကလေးတစ်ဦး၏ ကြင်နာသော အသံဖြင့် ထူးသံကြားရမည်၊ သူမက ဖုံးခေါ်သူအမည် လိပ်စာနှင့် ဖုံးနံပါတ်များကို တခြားကိစ္စ မပြောမီ မေးရန် လေ့ကျင့်ပေးထားသည်။ ထို့နောက် 'ဉုမ်အသင်းခွဲ'၏ သစ္စာတရားအစည်းအဝေးသို့ တက်ရောက်ရန် သူမက ဖိတ်ကြားလိမ့်မည်။ ထိုအစည်းအဝေး၌ အဆာဟာရက တရားဟောနေသည်ကို ဗီဒီယိုဖွင့်၍ ကြည့်ရှုကြပြီး၊ အသင်းသားအသစ်များက လွတ်လပ်စွာ ဝေဖန်နိုင်သည်။




www.burmeseclassic.com

www.burmeseclassic.com

အလားအလာရှိသော အသင်းဝင်တစ်ဦးက သူမသည် သူငယ်ချင်းတစ်ဦး၏ အရိပ်ကို မသဲမကွဲမြင်လိုက်ရကြောင်း အဖွဲ့ဝင်အသစ်ကို ပြောပြသည်။ မကြာမီပင် သူငယ်ချင်း သေဆုံးသွားသည်မှာ ကိုယ်တွေ့ဖြစ်ကြောင်း ပြောသည်။ ဥုမ်အဖွဲ့ဝင်အသစ်က သူမ၏ ပုံပြင်ကို ယုံကြည်သွားသဖြင့် အံ့ဩ၍ ဝမ်းသာမိသည်။

"မင်းဟာ ရှေးဘဝတုန်းက သင်တန်းသားတစ်ဦး ဖြစ်ခဲ့တယ်၊ မွေးစကတည်းက အဆင့်မြင့်လာခဲ့တာပဲ။ ဥုမ်အဖွဲ့မှာ ကြိုးစားလေ့ကျင့်လိုက်ရင် မင်းရဲ့ ထက်မြက်တဲ့ တန်ခိုးတွေ တိုးတက်လာမယ်" ဟု သူမကို ပြောထား၏။ ထိုအမျိုးသမီး အသင်းဝင်အဖြစ် လက်မှတ်ထိုးလေတော့သည်။

တစ်ချိန်တုန်းက အယူသီးဂိုဏ်းအတွင်းမှာ ဉာဏ်အလင်းရောင်ရမည့် နည်းလမ်းပေါင်းများစွာ ရှိသည်ဟု အဆာဟာရက တာဝန်ယူသည်။ ဥုမ်အဖွဲ့သည် လူတိုင်းနှင့် သင့်တော်မည့် သင်တန်းအစီအစဉ်များနှင့် ဝိညာဉ် အတွေ့ကြုံများကို ပေးနေ၏။ အစီအစဉ် တစ်ရပ်တွင် အသင်းသားများအား သဘာဝလွန်တန်ခိုး အင်အားရစေမည်ဟု ကတိပြုထားသည်။ အခြားပစ်မှတ်မှာ 'နောင်ဘဝတွင် အဆင့်အတန်းမြင့်သော လူဝင်စားဖြစ်ရန်' ဖြစ်၏။

"အဖွဲ့ဝင်အသစ်များကို ယောဂီတန္တရသင်တန်းများတက်ရန် အားပေးပါတယ်" (ဉာဏ်အလင်းရောင် ရရှိရေး ကြိုးစားပါ၊ လုံးဝ လွတ်မြောက်ရေးကို ခံစားပါ)။ ဤသင်တန်းကာလမှာ နှစ်နှစ်ကြာပြီး၊ ဒေါ်လာ (၂၀၀၀)ကျော် ကုန်ကျ၏။ ယခုထက် အချိန်ကြာသော သင်တန်းများကို စာပေးစာယူစနစ်ဖြင့် သင်ယူနိုင်သည် သို့မဟုတ် ညဥ့်သန်းခေါင်မှ အရုဏ်ဦးအထိ ဆွေးနွေးပွဲကို တက်ရောက်နိုင်ကြ၏။ သင်တန်းကြေးကို အရစ်ကျပေးသွင်းနိုင်လေသည်။

'ဥုမ်'ဂိုဏ်းကို ထောက်ပံ့ပေးနေသော လူငယ်များက သက်သာ၍ အကျွမ်းတဝင်ရှိသော တည်ဆောက်ပုံကို တွေ့ရှိလာကြ၏။ ဂိုဏ်းတစ်ခုလုံးကို ဂျပန် ပြည်သူ့စာသင်ကျောင်းများကဲ့သို့ ဖွဲ့စည်း၍ စာမေးပွဲများ မကြာခဏ ကျင်းပခြင်း၊ ဉာဏ်အလင်းရောင်ရခြင်း အဆင့်နှင့် အားလုံးသိရှိသော ဂုရုဆရာကြီး အကြောင်းများပါဝင်သည်။ ဘယ်အခြေအနေမှာမဆို သူတို့အတွက် စဉ်းစားစရာ မလိုချေ။

ထူးခြားချက်မှာ အဆာဟာရသည် စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေခြင်းဖြစ်ပြီး၊ ထိုလုပ်ငန်းမှာ အမြတ်အစွန်း များစွာရနေသည်။ အဖွဲ့ဝင်အသင်းတိုင်းက သွေးထွက်သံယိုစီမံချက် ရန်ပုံငွေ အတွက် ငွေလှူဒါန်းကြရ၏။ အနည်းဆုံး အလှူငွေမှာ ဒေါ်လာ(၇၀၀) ဖြစ်သော်လည်း ပိုမို ပေးလှူရန် အတင်းအကြပ် စေခိုင်းခံကြရသည်။ ငွေ အမြောက်အမြား လှူဒါန်းသူများအား ဂုရုနှင့်အတူ ရိုက်ခံထားသော ဓာတ်ပုံ (သို့မဟုတ်)





ခေါင်းဆောင်တပည့်များ၏ ဟောပြောချက်များကို ဆုလက်ဆောင်အဖြစ် ရရှိကြသည်။ ဒေါ်လာ(၂၀၀၀)ထက် ပိုမိုလှူဒါန်းကြသည့် ယုံကြည်သူများသည် အကောင်းဆုံးဆုအဖြစ် အဆာဟာရ၏ ညစ်ပတ်သော ချိုးရေခါလန်နှင့် ရရှိကြလေသည်။

အဆာဟာရသည် ဂုရုနေရာသို့ လွယ်ကူချောမောစွာရောက်ရှိသွား၏။ ယခုတော့သူသည် ညှို့ယူဖမ်းစားသော လေသံဖြင့် သင်ကြားပို့ချနေသည်။ သူ စကားပြောသည့်အခါ၌ ယောဂီတစ်ယောက်ကဲ့သို့ ဘင်ပျဉ်ခွေထိုင်ပြီး မလှုပ်မရှားသလောက် အနေအထားဖြင့် ပြောသည်။ သူ၏ တပည့်နောက်လိုက်များကို ပြောသည့်အခါတွင်သာ သူ၏ နှုတ်ခမ်းများ မသိမသာ လှုပ်ရှားသည်ကို တွေ့ရ၏။ သူ၏ မလှုပ်ရှားသော ကန်းလုမတတ် မျက်စိများသည် ထူထဲသော မုတ်ဆိတ်များနှင့် ရှည်လျားသော ဆံပင်များက အခြားသော လောကီဆိုင်ရာ ကိစ္စများကို မျက်နှာချင်းဆိုင်ရန် ဘောင်ခတ်ထားသည်။ ယခုအချိန်တွင် သူ့ကို ကြည်ညိုသူများသည် အဆာဟာရ၏ ရုတ်တရက် ဖြစ်လာသော ဆန္ဒတိုင်းကို စစ်မှန်သော သူတော်စင်အဖြစ် အသစ်တွေ့ရသော ဆရာအား ပြုစုကြလေသည်။

အဆာဟာရ၏ ကျေးလက်တောရွာမှသည် ခေတ်မီ မြို့ကြီးများသို့ သွားရောက်သည့် ခရီးသည် ပြည့်စုံလုနီးပါးဖြစ်၏။ ထိုခေတ်က ဘာသာရေး သင်တန်းသားတစ်ဦးက ဤသို့ မှတ်ချက်ချသည်။

"သူဟာ ဉာဏ်ပညာ တောက်ပြောင်သူ ဖြစ်ပါတယ်၊ တကယ်လို့ သူဟာ ဘာသာရေး ခေါင်းဆောင်အဖြစ် ဆက်ခံမယ်ဆိုရင် သူဟာ ကြီးကျယ်မြင့်မြတ်တဲ့သူ ဖြစ်ပါ့မယ်။ တခြားတစ်ဖက်မှာတော့ သူဟာ လူလိမ် ကောက်ကျစ်စဉ်းလဲသူ ဖြစ်မယ်ဆိုရင်လည်း အင်မတန် ဆိုးရွားသူ ဖြစ်လိမ့်မယ်"

အဆာဟာရသည် နှစ်မျိုးစလုံး ဖြစ်နိုင်ပေသည်။

✣ ✣ ✣

* Utah Salt Lake City = ဆားငန်ရေတိုင်မြို့



www.burmeseclassic.com

www.burmeseclassic.com

## ဆိုးယုတ်သည့် ကာမတရား

ကမ္ဘာကြီး နိဂုံးချုပ်မည့်အချိန်တွင် ဖူဂျီတောင်မှ အနည်းငယ်မျှသော လူတွေသာ မြင်တွေ့နိုင်မည်။ မြူနေသော ဤမီးတောင်သည် ပေ(၁၂၀၀) နီးပါး တိမ်ထဲသို့ မြင့်တက်မည်။ ဂျပန်၏ အမြင့်ဆုံးသော ဖူဂျီတောင်သည် အဆုံးစွန်သော ကြည်ညိုလေးစားမှုကို ရောက်ရှိမည်။ ဖူဂျီတောင်သည် ဂျပန် အမျိုးသားများ၏ သြဇာတိက္ကမရှိသော တစ်ခုတည်းသော တောင်ဖြစ်ပြီး ခည်းလုံးညီညွတ်သည့် ရုပ်တု ဖြစ်၏။

(၁၉၈၈)ခုနှစ်တွင် ဤတောင်ကြီး၏ အရိပ်အာဝါသအောက်တွင် ထူးဆန်းသော ဘာသာရေးအယူသီးဂိုဏ်းက ဝင်းခြံတစ်ခုကို တည်ဆောက်လေသည်။ ဖူဂျီတောင်၏ ကြီးမားလှသော တောင်စောင်းအောက်တွင် ဉူမ် မြင့်မြတ်သောသစ္စာအဖွဲ့ က ဖူဂျီနိုမိယ မြို့နယ်တွင် ပထမဦးဆုံးသောအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ပြတင်းပေါက်များမရှိသော ပစ္စည်းသိုလှောင်ရုံများသည် ခနော်ခနဲ့ သစ်သားတဲကုပ်များဘေးတွင် ရပ်တည်နေ၏။ စပ်စုတတ်သော အိမ်နီးချင်းများကို ကာကွယ်ရန် ဆယ်ပေရှိ တံခါးများ တပ်ဆင်ထားသည်။ ထိုနေရာအနီးမှာ ရှိသူသည် အဆောက်အအုံဆောက်လုပ်နေသံကိုသာ အမြဲမပြတ် ကြားနေရပြီး ဂျပန်လူမျိုး သူတော်စင်၏ တရားဟောသံများကိုသာ ကြားနေရသည်။

အတွင်းထဲမှာတော့ ရှိုကို အဆာဟာရသည် အင်ပါယာ တစ်ခုကို တည်ဆောက်နေ၏။ သူ့ကို ကြည်ညိုလေးစားသူများကတော့ ဖူဂျီယာမတောင်ခြေသို့ လာရောက်စုဝေးကြသည်။ ရက်သတ္တတစ်ပတ်ကြာ ဆွေးနွေးပွဲတက်ရောက်သူများကို ဒေါ်လာ(၂၀၀၀)ကျစီ ယူသည်။ ကုန်ကျစရိတ်များကို ဂရုစိုက်စရာ မလို။ ပါဝင်ဆွေးနွေးသူများသည် ကြမ်းပြင်ပေါ်မှာ အိပ်ကြရပြီး၊ နေ့စဉ် ဟင်းရွက်ပြုတ်ကိုသာ စားကြရ၏။ အဆာဟာရကလေးဘဝက သင်္ချာဉာဏ်ကောင်းခြင်းသည် အကြီးအကျယ် အကျိုးပေးလျက်ရှိသည်။ မြင့်မြတ်သော ဉူမ်ဂိုဏ်း၏ တစ်နှစ်တာ ကုန်ဆုံးသော စီးပွားရေးလုပ်ငန်းသည် ကမြတ်များစွာ ရရှိသဖြင့် တိုကျိုမြို့မှ လုပ်ငန်းတစ်ခုတွင် အရင်းနှီးမြှုပ်နှံ စီစဉ်ခဲ့လေသည်။





ဖူဂျီတောင် ပွဲတော်သည် မြင်ပကမ္ဘာအတွက် ရှုပ်ထွေးသော ခုတ်သားဖွယ်ရာ ဖြစ်၏။

"ခင်ဗျား ကျုပ်တို့ ဘာသာကို ကူးပြောင်းပြီး၊ သစ္စာတရားပေါ်မှာ ရပ်တည်နေမယ်ဆိုရင် ခင်ဗျားဟာ မိဘတွေ ဒါမှမဟုတ် သားသမီးတွေနဲ့ အဆက်အသွယ်ဖြတ်ဖို့လိုမယ်၊ တကယ်လို့ သူတို့က ကန့်ကွက်ရင် အဆက်ဖြတ်ဖို့ ဖြစ်ပါတယ်"ဟု အဆာဟာရက ဟောပြောသွန်သင်သည်။ အတိတ်ဘဝကို တွယ်ကပ်နေသူများအတွက် သူ့မှာ အချိန်အနည်းငယ်သာရှိ၏။ သူ တရားဟောနေစဉ် ယုံကြည်ကိုးကွယ်သူတစ်ဦးက ဘာသာခြားကိုးကွယ်သော ကွယ်လွန်သူ ဇနီး၏ကြမ္မာကို မေးခဲ့ဖူးသည်။

"ခင်ဗျားဇနီး အစာငတ်တဲ့ ငရဲကို ရောက်နေတယ်"ဟု အဆာဟာရက ဖြေကြား၏။ မကြာမီ ရောက်လာတော့မည့် အဏုမြူစစ်လူသတ်ပွဲကြီးကို ရှောင်လွှဲရန် ဉာဏ်အလင်းမရသေးသော လူထုအား ကူညီနေသည့် 'ဉူမ်'ဂိုဏ်းအကြောင်း အနည်းငယ် ပြောဆိုစပြုနေကြပြီ။

"ငရဲပြည်နဲ့ တူလာတဲ့ လူ့အဖွဲ့အစည်းကို ကူညီတာထက် စိတ်ဓာတ်မြင့်မားတဲ့ ယုံကြည်သူ အသင်းဝင်အသစ်တွေကို ရှင်သန်ကျန်ရစ်အောင် ကူညီရမလားလို့ ကျုပ် စတင်တွေးတောနေပါတယ်"ဟု သူက ပြောသည်။

ကိုးကွယ်ဆည်းကပ်သူ အသင်းဝင်အသစ်ထဲမှာ ဘုန်းကြီးများ၊ သီလရှင်များ ပါဝင်ပြီး၊ ဖူဂျီတောင်ရှိ ဌာနချုပ်မှာ နေကြ၏။ 'ဉူမ်'ဂိုဏ်းတွင် ရဟန်းဝတ်လိုပါက သူပိုင် ရှိရှိသမျှ ပစ္စည်းကို ကြေညာရ၏။ စုဆောင်းထားငွေများ၊ အာမခံများ၊ မြေယာများ၊ ကျောက်မျက်ရတနာ၊ အဝတ်အစား၊ တယ်လီဖုန်းကဒ်နှင့် စာတိုက်တံဆိပ်ခေါင်းများ ပါဝင်သည်။ သူတို့သည် ဘဏ်ငွေစာရင်း နံပါတ်ကိုပါ ပေးထားကြရ၏။ ထို့နောက် အောက်ပါအတိုင်း ကျမ်းကျိန်ဆိုကြရသည်။

"ကျွန်ုပ်တို့သည် ဝိညာဉ်နှင့် ခန္ဓာကိုယ်အပါအဝင် အားလုံးသော ပစ္စည်းများကို 'ဉူမ်'မြင့်မြတ်သော သစ္စာအဖွဲ့သို့ ယုံကြည်အပ်နှံကြပါသည်။ ထို့ပြင် လောကနှင့် ဆက်နွယ်သမျှ အားလုံးကို ဖြတ်ပါမည်"

ဉူမ်အဖွဲ့တွင်းမှာ ယန်းငွေ တစ်ကျပ်မျှ သုံးလိုလျှင်ပင် ဉူမ်အဖွဲ့ငွေတိုက်မှ ခွင့်ပြုချက် ယူရသည်။ ဤအလှူငွေများသည် အဖွဲ့အတွက် မမျှော်လင့်သော ဝင်ငွေ ဖြစ်၏။ ချမ်းသာကြွယ်ဝသော လက်တစ်ဆုပ်စာ လူတစ်စု အဖွဲ့ဝင်ဖြစ်လာပါက ဉူမ်အဖွဲ့သည် ပွပေါက်တိုးလေတော့သည်။

သူတို့၏ အသင်းဝင်ဖြစ်ခြင်းကို ထိန်းရန် အဆာဟာရသည် ကမ္ဘာအရပ်ရပ်ရှိ အစွန်းရောက် ဘာသာရေးအဖွဲ့များကဲ့သို့ စိတ်ဓာတ်အားကို အသုံးပြု၏။ ကိုးကွယ်ဆည်းကပ်သူများသည် အစားအစာကို ခြိုးခြံရပြီး တစ်နေ့လျှင် သုံးနာရီမျှသာ အိပ်ကြရသည်။ မရပ်မနားလာနေ



www.burmeseclassic.com

www.burmeseclassic.com

သော မေးခွန်းများနှင့် ဥမ်သင်ခန်းစာများကို သူတို့ စွဲမှတ်ရန် ဖြစ်၏။ မိသားစုနှင့် မိတ်ဆွေသင်္ဂဟများနှင့် အဆက်ဖြတ်လိုက်ခြင်းဖြင့် ဥမ်အဖွဲ့ဝင်များသာ သိရှိနိုင်သော ဘဝကို ရောက်ရှိသွားကြသည်။

ဂျပန်နိုင်ငံတွင် အသက်(၂၀)အောက် အရွယ်ကလေးများကို မိဘသဘောမတူဘဲ ရဟန်းဘောင် မဝင်ရချေ။ မိဘများသည် အောက်ပါအတိုင်း ထွက်ဆို၍ လက်မှတ် ရေးထိုးရ၏။

"ကျွန်ုပ်တို့ ကလေး ဖြစ်ပျက်သမျှအားလုံးကို အဖွဲ့နှင့် ရှိုကို အဆာဟာရအား ဆန့်ကျင်၍ မည်သည့်တောင်းဆိုချက်မျှ မပြုလုပ်ပါကြောင်း"

သို့ရာတွင် လူငယ်များစွာသည် မိဘခွင့်ပြုချက် မရှိဘဲ အဖွဲ့နှင့် ဆက်သွယ်ကြ၏။ ထိုအကြောင်းကို အယူသီးဂိုဏ်းက ဖုံးကွယ်ထားလေသည်။ ဥမ်၏ တရားဝင်ဘာသာရေး ရပ်တည်မှုရရှိရန် တိုကျိုမြို့တော်ခန်းမတွင် တိုက်ပွဲဝင်စဉ်က အရွယ်မရောက်သေးသည့် အဖွဲ့ဝင် အမျိုးသမီးငယ် ငါးဦးကို မမြင်တွေ့စေရန် ဂျပန်နိုင်ငံ မြောက်ဘက်အစွန်ဆုံး ကျွန်းတစ်နေရာသို့ ပို့ထားလိုက်၏။

စိတ်သောကရောက်နေသော မိဘများသည် သူ၏ ကလေးများနှင့် စကားပြောခွင့်ရရန် ဥမ်၏ ဖူဂျီတောင်ဌာနချုပ်သို့ မကြာခဏ ဖုန်းဆက်ကြသည်။ သူတို့က ရိုးစင်းသော ဆင်ခြေကို ပေးတတ်ကြသည်။

"အခု သူ သင်တန်းတက်နေတယ်" သို့မဟုတ် "အဲဒီနာမည်မျိုး မကြားဖူးဘူး"

ဖူဂျီတောင်ဌာနချုပ်သို့ လာရောက်သော မိဘများကို ဝင်ခွင့်မပေးချေ၊ ကလေးများထံ ပို့သောစာများမှာလည်း အဖြေမရရှိချေ။ ၁၉၉၀ ပြည့်နှစ်တွင် ဥမ်ဂိုဏ်းဝင် ဘုန်းကြီးနှင့် သီလရှင် (၁၅)ရာခိုင်နှုန်းခန့် ရှိသည်။ အသက်(၂၀)နှစ်အရွယ်အောက် ကလေးများ ဖြစ်ကြသည်ဟု ခန့်မှန်းရ၏။

ဥမ်ဂိုဏ်းဝင် မိဘများသည် ဥမ်ဂိုဏ်း၏ ကျမ်းကျိန်ဆိုထားသော အကြမ်းမဖက်ရ မူဝါဒအတွက် စိတ်သက်သာရာရနိုင်သည်။

"လူတစ်ယောက်က ပြောတယ်၊ ငါ့ကို အန္တရာယ်ပြုသူမှန်သမျှ သတ်ပစ်မယ်တဲ့။ နောက်ပြီး သတ်ဖြတ်မှုတွေ အများကြီး ကျူးလွန်တယ်။ ဒါမှမဟုတ် တခြားသတ္တဝါတွေအပေါ် ရက်စက်ကြမ်းကြုတ်တယ်။ သူ့စိတ်အခြေအနေ ဘယ်လိုဖြစ်သွားမလဲ။ တိရစ္ဆာန်လို စိတ်ရိုင်းပေါက်သွားတာပေါ့။ ဒါကြောင့် သူများအသက်ကို အသင်မသတ်ရဘူး၊ အသင်ဟာ သက်ရှိသတ္တဝါ မှန်သမျှကို ချစ်ခင်ကြမယ်"ဟု တိုကျိုမြို့တွင် အဆာဟာရက ဆွေးနွေးသင်ကြားခဲ့လေသည်။ အခြားပွဲတစ်ခုတွင် သူက ဤသို့ ကြေညာသည်။

"အကြမ်းမဖက်ရေးဆိုတာ တစ်ဦးနဲ့တစ်ဦးအပြင် သက်ရှိသတ္တဝါ မှန်သမျှကို ချစ်ခင်ရေး ဖြစ်တယ်"





သို့သော် တိုးပွားလာသည့် အဖွဲ့တွင်းမှာတော့ အဆာဟာရ သို့တော့ သူ့တပည့်များက အသေးအဖွဲ မလိုက်နာမှုကလေးတစ်ခု ကျူးလွန်သူ၏ နောက်လိုက်များကို ရိုက်နှက်တတ်သည်။ ဤအရာကို "ကာမကိုယ်ရှင်းခြင်း"ဟု ခေါ်ဆို၏။

အဆာဟာရက အောက်ပါအတိုင်း လွတ်လပ်စွာ ဝန်ခံပြောဆိုသည်။

"ကျုပ်တပည့်တွေကို မကြာခဏ ဝေဖန်ပေးရတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ကာမဂုဏ်ကြူးသူ ဖြစ်လို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့ကို ကာမဂုဏ်စိတ် ကုန်ခန်းသွားစေချင်လို့ပါပဲ"

အဆာဟာရ၏ ကာမဂုဏ်နှင့် ပတ်သက်သည့် သီဝရီသည် ရိုးရိုးဝင်ဖြစ်၏။ ပျော်ရွှင်ခြင်းသည် ဆိုးသည်၊ ဝေဒနာသည် ကောင်းသည်၊ အစားကောင်းစားခြင်း (သို့မဟုတ်) နွေးစဉ်ရေချိုးခြင်းသည် ဆိုးယုတ်သည့် ကာမဂုဏ်စိတ် ဖြစ်ပေါ်စေပြီး ဉာဏ်အလင်းရရှိရေး နှောင့်နှေးစေသည်။ ကောင်းသောကာမဂုဏ်ကို အအေးဒဏ်၊ အစာငတ်ဒဏ်နှင့် အခြားမသက်သာသည့်ကိစ္စများကို သည်းခံခြင်းဖြင့် ရရှိနိုင်ကြောင်းပြောသည်။ ဥမ်အဖွဲ့ကို လှူဒါန်းခြင်းသည် ကောင်းပြီး စာသင်ကျောင်းများ (သို့မဟုတ်) ကယ်ဆယ်ရေးအဖွဲ့များသို့ လှူဒါန်းခြင်းသည်မကောင်း။

ကြီးလေးသည့်ပြစ်မှုကျူးလွန်သူဟု ယူဆခံရသူသည် ဂုရုအမိန့်ဖြင့် အခန်းကျဉ်းကလေးထဲတွင် သော့ပိတ်ခံရသည်။ ထိုအခန်းထဲတွင် ရုပ်မြင်သံကြားစက်တစ်လုံး အဆာဟာရ ဗီဒီယိုပြစက်နှင့် စားပွဲတင်နာရီတစ်လုံးနှင့် အိမ်သာတစ်လုံးထားရှိသည်။ ဗီဒီယိုကို တစ်နေ့လျှင် (၂၄) နာရီ ဖွင့်ထားပြီး အသံမှာ နားပင်းလောက်အောင် မြှင့်ထား၏။ ယုံကြည်သူလူဟောင်းတစ်ဦးသည် ထိုအခန်းကလေးထဲမှာ ဤပုံစံအတိုင်း ငါးရက်ကြာ နေထိုင်ခဲ့ရဖူးသည်။

"ကျွန်တော် မအိပ်ရသလောက်ပါဘဲ။ ကျွန်တော် အိပ်ပျော်တဲ့အခါမှာလည်း အိပ်မက်ထဲမှာ အဆာဟာရရဲ့အသံတွေကိုသာ ကြားနေရတယ်။ အခန်းထဲကို စောင်တစ်ထည်နဲ့ရေတစ်ပုလင်းကိုပဲ ယူရတယ်၊ နာရီယူခွင့်မရှိဘူး။ တစ်ခါတုန်းက ယုံကြည်သူတစ်ယောက်ဟာ တစ်ရှူးစက္ကူတွေယူသွားပြီး၊ သူ့နားထဲကို အဲဒီစက္ကူတွေ သွင်းထားလိုက်ပါတယ်။ အဲဒီနောက်မှာတော့ သူတို့ အဲဒီလိုဟာမျိုး မဖြစ်ရအောင် သေသေချာချာ စစ်ဆေးကြတယ်။ အစားအစာကိုတော့ ည(၁၀)နာရီမှာ တစ်နေ့တစ်ကြိမ် ကျွေးတယ်။ ကျွန်တော်ဟာ ရေမချိုးရဘူး၊ မျက်နှာမသစ်ရဘူး၊ သွားမတိုက်ရဘူး။ အိမ်သာကို သူတို့ တစ်နေ့တစ်ကြိမ် သွန်ကြပေမယ့် ကြောက်စရာကောင်းလောက်အောင် နံစော်ပါတယ်"ဟု သူက ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

ကလေးများအပေါ်လည်း မသက်ညှာချေ။ အသက်(၁၀)နှစ် အရွယ် ယောကျ်ားကလေးတစ်ဦးသည် ဖူဂျီတောင်ဌာနချုပ်မှာ ကစားနေသည်ကို တွေ့ရှိရသည်။ ထိုကလေးကိုလည်း မြေအောက်ခန်းထဲမှာ သော့ခတ်၍ ပိတ်ခံရ၏။

"အဲဒီအခန်းဟာ မှောင်ပြီး စိုထိုင်းနေတယ်၊ ဖျာတာတာမိဖျာတွေပေါ်မှာ မှိုတွေပေါက်နေတယ်။ ဖျာတွေကို ဆွဲလိုက်တော့ ရေထွက်လာတယ်။ တစ်နေ့မှာ တစ်ကြိမ်ပဲ ထမင်းကျွေးပါတယ်။ ဒါပေမယ့် သိပ်ပုတဲ့ ထမင်းတွေ ဖြစ်နေတယ်။ ကျွန်တော် အော်ပြီးငိုတာတောင်မှ ဘယ်သူကမှလာပြီး မကူညီကြဘူး"ဟု တိုကောင်ကလေးက ပြောသည်။

ခွင့်ပြုချက်မရဘဲ ဖူဂျီတောင်ဝိုင်းထဲမှ အပြင်သို့ထွက်ခွာသည့် ဘုန်းကြီးနှင့် မယ်သီလရှင်များသည်လည်း အပြစ်ပေးခံရသည်။

အဆာဟာရသည် အောင်မြင်မှုများရနေသဖြင့် သူ၏ ရန်လိုသောနည်းများသည် အောင်မြင်ရေးသော့ချက်ဖြစ်သည်ဟု စွဲမြဲစွာယုံကြည်နေ၏။ နောက်ပစ်မှတ်များမှာ ဝင်ရောက်စွက်ဖက်သော အယ်ဒီတာများနှင့် ဝိသမလောဘသမားများအကြောင်း ရေးသားသည့် ဒပတ်စဉ်ထုတ်ဂျာနယ်များဖြစ်၏။ အဆာဟာရသည် ဝေဖန်ခံရလျှင် ဆတ်ဆတ်ထိမခံသူဖြစ်၍ မကြာမီ တာဂိုမာကီအား တွေ့ရှိရသည်။ မာကီသည် 'ဆန်းဒေးမိုင်နီချိ သတင်းစာ အယ်ဒီတာချုပ်ဖြစ်၍ 'ဉုမ်'ဂိုဏ်း၏ ရာဇဝတ်မှုများကို အစဉ်ဆက် ရေးသားတင်ပြလိုက်၏။ မာကီ၏ သတင်းထောက်များကလည်း ကြေးများလှသော အလှူငွေစနစ်ကို ဖော်ထုတ်ပြီး အစွန်းရောက်ဂိုဏ်းတွင် ပျောက်နေသော ကလေးများ၏ မိဘများကို တွေ့ဆုံမေးမြန်းကြသည်။

အဆာဟာရနှင့် သူ့နောက်လိုက်တစ်စုသည် ထိုအရေးသားချက်များကို ရပ်ဆိုင်းရန် မာကီ၏ တိုကျိုမြို့ပေါ်ရှိ ရုံးခန်းသို့ လာရောက်ပြောဆိုကြ၏။ မာကီက ငြင်းပယ်လိုက်သည်။ နောက်တစ်နေ့ တနင်္ဂနွေတွင် အယ်ဒီတာမာကီ၏ အိမ်နီးချင်းများထံမှ သုံး၍ရသော တိုင်များကို ထောင်ပြီး "ဇာတ်လမ်းတွေလုပ်တာရပ်ဆိုင်းပစ်"ဟုရေးသားသည့် စာတန်းများကို လွှင့်ကြသည်။ သူ၏မိသားစုသည် ညဥ့်နက်ချိန်တွင် "မင်းတို့ ငရဲပြည် သွားကြရမယ်"ဟုပြောသည်။ တယ်လီဖုန်းခေါ်သံများ ဝင်လာသည်။ 'ဉုမ်'ဂိုဏ်းက ရေးသားထုတ်ဝေသည့် "ဆန်းဒေးမိုင်နီချိ သတင်းစာ၏ ရှုသွပ်ခြင်းနှင့် "ဘာရိုမာကီ၏ဘဝင်မြင့်မှု" အမည်ရှိ စာအုပ်သည် အရောင်းရတွင်ကျယ်သွား၏။ တစ်ခုသော နံနက်တွင် လုံခြုံရေး အရာရှိ တစ်ဦး မိုင်နီချိ သတင်းစာရုံးခန်းသို့ ရောက်လာပြီး စာတန်းတစ်ရာကျော် လျှို့ဝှက်စွာလွှင့်ထားသည်ကို ရှာဖွေသည်။ နောက်တွင် မာကီသည် နှလုံးရောဂါ အပြင်းအထန် ခံစားရသည်ဟု ကြားရသည့်အခါ အဆာဟာရက "ဘုရားသခင်ရဲ့ ကလဲ့စားဖြစ်တယ်"ဟု ပြောသည်။





ဘာဂိုမ်ာကီကဲ့သို့သော ဂျာနယ်သမားများက သူတို့လိုချင်သည်များကို အားလုံးဖော်ထုတ်လိုက်၏။

"ခေတ်သစ်လူဘောင်ဟာ ညစ်ညမ်းလွန်းနေပြီးဖြစ်လို့ သူတို့ကို ဦးနှောက် ဆေးပေးရမယ်၊ ဉုမ်၏စနစ်က ဦးနှောက်ဆေးပေးတာ အကောင်းဆုံးပဲ၊ တစ်ယောက်ကို ဦးနှောက်ဆေးပေးလိုက်ရင် နောက်ထပ် လူသစ်တွေ ဝင်ရောက်လာတယ်"ဟု အဆာဟာရက သတင်းသမားများကို တိုက်ရိုက် ပြန်ကြားလိုက်သည်။

အဆာဟာရတွင် ယုံကြည်ချက် ခိုင်မြဲစွာ အကြောင်းပြချက်တွေ ရှိနေ၏။ ရုပ်မြင်သံကြားတွင် တွေ့ဆုံမေးမြန်းခန်း၌ "ကျွန်ုပ်ကိုယ် ကျွန်ုပ်ဘုရားနဲ့ အဆင့်အတန်းတူတယ်လို့ မသတ်မှတ်ပါဘူး။ ကျွန်ုပ် ရည်ရွယ်တာက ဝိညာဉ်နဲ့ဆိုင်တဲ့ အာဏာရှင်ဖြစ်ဖို့ပဲ။ ကမ္ဘာ့အာဏာရှင်ပေါ့" ဟုကြေညာလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ထရန်တာခေါ် ကမ္ဘာငယ်များ

သူတို့သည် တက္ကသိုလ်နယ်မြေမှ လာကြသည့် တိုးတက်ရန် အလားအလာမရှိသော အလုပ်လုပ်သူများနှင့် ကုန်ပို့သူများဖြစ်ကြသည်။ ယခုအခါ ဥမ်၏ ကတိဖြစ်သော ဉာဏ်အလင်းရရှိရေး၊ အဖွဲ့အစည်းနှင့် အများက သဘာဝအလွန် တန်ခိုးရရှိရေးအတွက် အဆာဟာရ၏ ရင်ခွင်သို့ အုပ်စုလိုက်ဝင်လာကြသည်။

သူတို့အားလုံးနီးပါသည် အသက်ငယ်ရွယ်ကြပြီး မျက်လုံးဝိုင်းကလေးများနှင့် အသက်(၂၀)ပတ်ဝန်းကျင်မှာ ရှိကြသည်။ တချို့က အစွန်းရောက်ဘာသာရေးဂိုဏ်းသို့ ဝင်ရောက်ရန် မိသားစုများ၊ မိတ်ဆွေများနှင့် အနာဂတ်ကို ထားခဲ့ပြီး ဂျပန်နိုင်ငံ၏ အကောင်းဆုံး တသင်ကျောင်းများမှ ထွက်လာကြ၏။ တချို့က နိုင်ငံ၏ ထိပ်တန်း သံမဏိကုမ္ပဏီများ၊ ကွန်ပျူတာကုမ္ပဏီများ၊ အာမခံကုမ္ပဏီများ အခြားလုပ်ငန်းများကို စွန့်ခွာလာကြသူများ ဖြစ်သည်။

အဆာဟာရသည် ဂျပန်မျိုးဆက်သစ်၏ ချို့ယွင်းအားနည်းချက်ကို တွေ့ရှိသူမှာ ရှိသမျှ အရင်းအမြစ်များကို အသုံးချလေတော့သည်။ မဂ္ဂဇင်းများ၊ ဗီဒီယိုများနှင့် စာအုပ်များတွင် လူငယ်များထံသို့ သွေးသတင်းများ ဖြန့်ချိသည်။ ဥမ်ဂိုဏ်းဝင်များကလည်း သူတို့သည် တယ်လီပသီခေါ် စိတ်ချင်းဆက်သွယ်မှု ရရှိပုံများ၊ ဈာန်ရပုံများကို ဇာတ်လမ်းရေးပြီး၊ ဤလျှို့ဝှက်သော နည်းပညာများကို အခြားသူများအား သွန်သင်ပေးကြသည်။ လူငယ်များသည် စိတ်ကူးယဉ်ကမ္ဘာထဲသို့ ဝင်ရောက်ကြသည်။ ရုပ်ရှင်၊ ကာတွန်းများ၊ ကွန်ပျူတာဂိမ်းများ၊ ရုပ်ပြောင်များတွင် လူတစ်ဝက်ပါဝင်သည်။ ကြောက်မက်ဖွယ်ဇာတ်လမ်းများ၊ ပေါက်ကွဲခြင်းများ၊ တန်ခိုးရှင်များ၏ တိုက်ပွဲများတို့ကို စိတ်ဝင်စားကြ၏။ မျိုးဆက်သစ်တစ်ခုလုံးသည် 'ယာမာမိုတိုနှင့်နဂျရီကတို့၏၊ ကောင်းကင်တိုက်ပွဲများကဲ့သို့သော ကာတွန်းဇာတ်လမ်းများ ကြည့်၍ ကြီးပြင်းလာကြသည်။ ဤအရာအားလုံးသည် အဆာဟာရအတွက် မြေဩဇာရှိသော မြေပြင်နှင့် သူ၏ ဘုရားမျာဒိတ်တော်အမြင်ကို ဖန်တီးပေးခြင်း ဖြစ်၏။





'ဥမ်'ကို လေ့လာသည့် များစွာသော ကျောင်းသားများသည် အင်ဂျင်နီယာကဲ့သို့ သိပ္ပံနှင့်နည်းပညာ ကျောင်းသားများ ဖြစ်ကြ၏။ အကယ်၍ ဂျပန်လူငယ်များသည် ဤကမ္ဘာမြေလောကနှင့် ဝေးကွာသော နေရာသို့ ဆုတ်ခွာကြမည်။ ထို့နောက် ဘာကြောင့်လဲဟု နားလည်ပေမည်။ လူအများအတွက် တခြားသွားစရာ နေရာမရှိချေ။ သူတို့သည် ကြေမွနေသော သီးခြားနေထိုင်သော ယဉ်ကျေးမှုက ထိုနေရာသို့ တွန်းပို့နေ၏။ စာသင်ကျောင်းများထက် ပိုမိုမှန်ကန်သော တခြားနေရာ မရှိပေ။

ဂျပန်လူငယ်များ၏ဘဝတွင် စာသင်ကြားမှုက လွှမ်းမိုးထား၏။ ကျောင်းများတွင် နှစ်စဉ်ရက်ပေါင်း(၂၄၀)အချိန်ကုန်နေသည်။ သူတို့၏ အမေရိကန် အပေါင်းအသင်းများထက် သုံးဆပိုနေသည်။ ဂျပန် စာသင်ခန်းများထဲတွင် ဝေဖန်ဆန်းစစ်ခြင်းနှင့် မေးမြန်းခြင်းကို အားပေးခြင်း မပြုပေ။ သူတို့သည် အချက်အလက်များကို မျိုချနေကြရပြီး၊ ကိန်းဂဏန်းတွေထည့်ထားသော ကွန်ပျူတာများကဲ့သို့ စာမေးပွဲပြီး စာမေးပွဲများတွင် အန်ထုတ်ကြရ၏။

အကယ်၍ စာသင်ကျောင်းများက သင့်စိတ်ထဲသို့ မောင်းမသွင်းလျှင် ပတ်ဝန်းကျင်က ပြုလုပ်မည်။ ဂျပန်နိုင်ငံတွင် တစ်မြို့ပြီး တစ်မြို့ပေါ်ထွန်းလာပြီး၊ ဓာတ်အားလိုင်းများ၊ လမ်းများနှင့် သံမဏိနှင့် ကွန်ကရစ် အဆောက်အအုံများလည်း များစွာတည်ဆောက်လာသည်။ မီးရထားများ၊ လမ်းများနှင့် အဝေးပြေးလမ်းမများပေါ်တွင် လူအုပ်ကြီးတွေ နေရာတကာမှာ ရှိနေသည်။

ထို့နောက် ဂျပန်လူမျိုးတို့သည် ဘာကြောင့်အတွင်းနေရာကို ယဉ်ကျေးအောင်ပြုလုပ်ရန် နှစ်သက်ကြောင်း သူတို့၏ နေအိမ်တွင်းနှင့် သူတို့ စိတ်ထဲများတွင်ဖြစ်ကြောင်း သဘောပေါက်နားလည်မည် ဖြစ်၏။ ထို့ပြင် ဥမ်ဂိုဏ်းက အဆုံးစွန်သော အတွင်းပိုင်းနေရာကိုပေးပြီး၊ ပြင်ပလေဟာပြင်ထဲသို့ အသင်းသားများကို ခေါ်ဆောင်ပေးမည်ဟု ပြောဆိုကြသည်။

"ဥမ်အဖွဲ့ဝင်များဟာ စိတ်ကူးယဉ်ကမ္ဘာထဲမှာ သန့်သန့်လေး နေကြတယ်"ဟု နှစ်ပေါင်းများစွာ ဥမ်ဂိုဏ်းထဲဝင်ရောက်ခဲ့သူ ဂျာနယ် ဆရာ ရှုကိုအီဂါဝါက ပြော၏။

ထို့ကြောင့် သူတို့ ရောက်လာကြခြင်း ဖြစ်၏။ ထူးဆန်းသော အကျင့်နှင့် စိမ်းကားခြင်းတို့သာမက အလွန်တောက်ပပြီး ဉာဏ်ပါရမီကောင်းသောကြောင့်လည်း ဖြစ်ပေသည်။ အမှတ်တရအားဖြင့် (၁၉၈၉) ခုနှစ်တွင် အဆာဟာရသည် ဉာဏ်ကောင်းသော ဂျပန်လူငယ်များဖြစ်ကြသော ဓာတုဗေဒ၊ သတ္တဗေဒ ကျောင်းသားများ ဆရာဝန်များနှင့် ကွန်ပျူတာ ပရိုဂရမ် စီစဉ်သူများကို စုစည်းမိသည်။ စက်မှုထွန်းကားသော ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာတတ် လူငယ်များသည် ဥမ်ဂိုဏ်း၏ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

လမ်းဆန်ဆန် သဘာဝလွန်တန်ခိုးကျဒ္ဒိပါဒ်၊ အနာဂတ်တွင် ဘုရားသခင်၏ ဗျာဒိတ်တော် စသည်များတွင် စိတ်ကူးယဉ်ကြသည်။

ထိုသူများထဲတွင် အသက်(၂၈)နှစ်ရှိ ဆီအိချိအင်ဒိုပါဝင်ပြီး သူသည် ကျိုတိုတက္ကသိုလ် ဆေးပညာဌာန၊ ဝိုင်းရပ်သုတေသနဌာနတွင် ဇီဝ အင်ဂျင်နီယာဘာသာရပ်ကို လေ့လာခဲ့သည်။ တခြားတစ်ယောက်တာတော့ အသက်(၂၄)နှစ်အရွယ် မာဆာမိတဆူချိယဖြစ်ပြီး၊ တဆူကူဘတက္ကသိုလ်မှ ထူးချွန်စွာ ဘွဲ့ရခဲ့သည်။ သူသည် ဇီဝအခြေခံ ဓာတုဗေဒ လုပ်ငန်းကို စွန့်လွှတ်ခဲ့ပြီး၊ အစွန်းရောက်ဘာသာရေးဂိုဏ်းသို့ ဝင်ရောက်လာ၏။ ဖူမိဟိရို ဂျိုယုသည် အသက်(၂၆)နှစ်ရှိပြီး ဝါဆေဒါတက္ကသိုလ်မှ ဆက်သွယ်ရေး ဘာသာရပ်မှ အကြိုဘွဲ့ရထားသည်။ ဂျိုယိုသည် 'ဂျပန်နိုင်ငံ အမျိုးသားအာကာ သိပ္ပံပညာဖွံ့ဖြိုးရေးအေဂျင်စီ'တွင် အလုပ်လုပ်နေပြီး ရက်သတ္တနှစ်ပတ်ကြာသောအခါ နုတ်ထွက်ခဲ့သည်။

"အဲဒီအလုပ်ဟာ ယောဂီကျင့်စဉ်နဲ့ နှိုင်းစာရင် စိတ်ဝင်စားစရာမကောင်းပါဘူး"ဟု အံ့ဩနေသော အရာရှိများကို ပြောပြသည်။

ထို့နောက် ဟီဒီယိုမူရိုင်းအမည်ရှိ နက္ခတ္တ ရူပဗေဒပညာသမားတစ်ဦးလည်း ရှိ၏။ ဉာဏ်ကောင်း၍ ဖွံ့ရှိသည်၊ စကားပြော ညင်သာသည်။ မူရိုင်းသည် ဉုမ်ဂိုဏ်း၏ သိပ္ပံပညာရှင်များ၏ အကြီးအကဲဖြစ်ပြီး ဗျာဒိတ်တော်နေ့တွင် အင်ဂျင်နီယာ ဖြစ်လာမည်။

ပထမတွင် မူရိုင်းသည် ရှုးလွပ်သော သိပ္ပံပညာရှင် ဆရာဖြစ်ရန် မျှော်လင့်ထား၏။ မူရိုင်းတွင် မင်စာရုပ်ရှိပြီး ဝိုင်းစက်သည့်မျက်နှာပေါ်တွင် အရေးအကြောင်းတွေ ပေါ်နေသည်။ အေးစက်သည့် ခန္ဓာကိုယ်နှင့်လူဖြစ်သောကြောင့် သူသည် တခြားလူများကို အန္တရာယ်ပေးနိုင်မည်မဟုတ်ဟု ယူဆကြသည်။ သို့သော် သူ့အား အနီးကပ်ကြည့်သောအခါ မျက်စိများသည် မျက်စိတစ်မှိတ်အတွင်း ကြင်နာသိမ်မွေ့ရာမှ သေးငယ်တောက်ပနေသည်ကို တွေ့ရ၏။ သူ့ဆံပင်များသည် တိုသော်လည်း ရှုပ်ပွနေ၏။ သပ်ယပ်မှု မရှိ။ ထို့ပြင် သူသည် မမီနိုင်သော အတွေးနယ်ထဲမှာ မကြာခဏ ပျောက်ဆုံးနေတတ်သည်။

မူရိုင်းသည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် အိုဆာကာဇာတိဖြစ်၏။ သူသည် အေးဆေးငြိမ်သက်ပြီး စက်ဘီးစီးခြင်းနှင့် သိပ္ပံပညာကို ဝါသနာထုံ၏။ အိုစကာတက္ကသိုလ် တက်ရောက်ခွင့် စာမေးပွဲအောင်မြင်ပြီး အဆင့်အတန်းမြင့်မားစွာ ယှဉ်ပြိုင်ရသည့် သိပ္ပံတက္ကသိုလ်တွင် နက္ခတ္တရူပဗေဒပညာရှင်အဖြစ် အကြိုဘွဲ့ရရှိပြီး၊ အလုပ်လုပ်နေသူဖြစ်၏။ ထိုတက္ကသိုလ်တွင် အိပ်(စ်)ရေးဓာတ်ရောင်ခြည်ကို လေ့လာပြီး၊ ကွန်ပျူတာ ပရိုဂရမ်တွင် သက်သေပြထားသည်။ ဘွဲ့ရပြီးသောအခါ သူသည် ကိုဘီသံမဏိကုမ္ပဏီတွင် အလုပ်ဝင်ပြီး၊ သတ္တုများ၊ စက်မှု၊ အီလက်ထရောနစ်၊ ဘိုင်အိုတက်ပညာများကို စိတ်ဝင်စားစွာလုပ် ဆောင်ခဲ့သည်။





ကိုဘီသံမဏိကုမ္ပဏီတွင် နှစ်နှစ်ကြာလုပ်ပြီးသောအခါ မူရိုင်း၏ အမူအကျင့် စတင်ပြောင်းလဲလာ၏။ စာအုပ်ဆိုင်တစ်ဆိုင်တွင် စာအုပ်ငှားရင်း သူသည် ဉုမ်မှထုတ်ဝေသော "ယောဂီအကျင့်နှင့် အာရုံကို ပိုမိုသိမြင်ခြင်း" ကို ကောက်ကိုင်မိလေသည်။ ထို့နောက် သူသည် ကောက်ကွေ့လာ၏။ အလုပ်ခွင်တွင် သူ့လုပ်ဖော်များကို ဈာန်နှင့် စိတ်ချင်းဆက်သွယ်မှုသည် ဘယ်လိုဖြစ်နိုင်ကြောင်း ဆွေးနွေးတတ်ပြီး၊ သူ့အလုပ်တွင် စိတ်ဝင်စားမှုလျော့ပါးလာလေသည်။ သူလက်ထပ်ပြီး ပျားရည်ဆမ်းခရီးထွက်သည့်အခါ အခြားဂျပန်များကဲ့သို့ ဟာဝိုင်ယီသို့မသွားဘဲ နီပေါသို့သွားသည်။ ပြန်လာသောအခါ မူရိုင်းသည် ဉုမ်ဂိုဏ်းကို အပြည့်အဝယုံကြည်ရန်နှင့် နာမ်လောကကို ခံစားရန် အပေါင်းအသင်းများကို စွန့်လွှတ်လိုက်ကြောင်းကြေညာသည်။

မူရိုင်း၏မိဘများက ထိုဂိုဏ်းထဲမဝင်ရန် အပြင်းအထန် ကြိုးစားခဲ့ကြသေး၏။ သို့သော် သူတို့၏ သားက တစ်ချိန်တုန်းက အရောင်းရတွင်ကျယ်ခဲ့သော စင်ရော်ကလေးတစ်ကောင် ပျံသန်းရန် ကြိုးပမ်းရပုံကို ရေးသားထားသည့် 'ယောနသန်စင်ရော်'အမည်ရှိ စာအုပ်ကို နိုးရိုးကလေးပင်ပေးအပ်လိုက်သည်။ ထိုဝတ္ထုသည် သူ၏ခံစားချက်ကို ဖော်ပြနေသည်ဟု သူက ပြောသည်။

"အဲသည်စာအုပ်ကို ကျွန်မသိပ်မုန်းတယ်"ဟု သူ့အမေက ပြောခဲ့၏။ မူရိုင်းသည် ဉုမ်ဂိုဏ်းထဲတွင် ကြိုးစားအားထုတ်ခဲ့သည်။ အဆာဟာရ၏ သွန်သင်ချက်များကို သူလေးစားပြီးဆုရသော နောက်လိုက်တစ်ဦးဖြစ်လာသည်။ မူရိုင်း၏ ဘဝသည် မြိုးမြဲခဲ့ရသည့် အခြေအနေဆိုးသောကြောင့် တရားထိုင်ရန် သေးငယ်သော အခန်းကလေးသို့ သူ အမြဲတမ်းရွှေ့ပြောင်းခဲ့သည်။

"ဒီအခန်းဟာ သိပ်ပြီးသေးငယ်ပြီး လွတ်မြောက်လိုသူတွေအတွက် မည်းမှောင်လွန်းပါတယ်။ ဒါပေမယ့် တရားထိုင်မယ်ဆိုရင်တော့ စကြဝဠာကြီးလို ကျယ်ပြန့်ပါတယ်" ဟု သူက ပြောသည်။

အသက်(၃၀)ရောက်သောအခါ မူရိုင်းသည် အစွန်းရောက်ဘာသာရေးအဖွဲ့မှာ အကြီးတန်း သိပ္ပံပညာရှင်တစ်ဦးဖြစ်နေပြီး အဆာဟာရက သူ့အား ဦးစားပေးထားသည်။ မူရိုင်းနှင့် တခြားလူများသည် အဆာဟာရ၏ အကြံအစည်ကို ခေတ်မီသိပ္ပံနည်းပညာနှင့် ကိရိယာများကို အသုံးပြုပြီး ဘယ်လို အကောင်အထည်ဖော်ရမည်ကို ကြံဆနေကြသည်။ သူတို့၏ ဆရာဂုရု၏ သွေးနှင့် ဦးနှောက်လှိုင်းများကို ခွဲခြမ်းစိတ်ဖြာရန် နည်းလမ်းများရှိကြောင်း မူရိုင်းက ရှင်းလင်းပြောပြသည်။ ထို့ပြင် အမှောင်ခေတ်ရောက်မလာအောင် ကာကွယ်နည်းများရှိသည်ဟုဆို၏။

မူရိုင်းနှင့် တခြားသိပ္ပံပညာရှင်များသည် အဆာဟာရ၏ အနာဂတ်ကာလ ဗျာဒိတ်တော်အမြင်ကို အသေးစိတ်တင်ပြကြသည်။ ဂုရုကြီးက



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီး အလျှင်အမြန် အဆုံးသတ်စေမည့် လူငယ်စိတ်ကူးထားသော သက်နက်များကို လူငယ်များကဲ့သို့ လေဆာရောင်ခြည်နှင့် အမှုန်ရောင်ခြည်များ ဓာတုဗေဒပစ္စည်းများနှင့် ပိုးမွှားလက်နက်များ အကုန်မြုံး မျိုးဆက်သစ်များကို စိတ်ကူးကြည့်နေ၏။ ယခင်ကကဲ့သို့ မြေပြင်သည် အလဟဿ မဖြစ်စေရဘူးဟု သူတို့၏ခေါင်းဆောင်ကို တာဝန်ခံကြသည်။

ဟီဒီယို မူရိုင်းသည် နောက်ဆုံးတွင် ကမ္ဘာပေါ်မှာ နေရာတစ်ခုကို တွေ့ရ၏။ သူ့ဆရာ၏အသံကို ကြားရသည်နှင့် စကြဝဠာနှင့် ပတ်သက်သော သူ့ကိုယ်ပိုင်အတွေးအခေါ်များသည် အမှန်တကယ် အံဝင်ခွင်ကျ ဖြစ်နေသည်။ အမှန်စင်စစ် ဤအကြောင်းအားလုံးကို ယခင်ကတည်းက ဟောပြောပြီးဖြစ်ကြောင်း သူများကို သူပြောပြသည်။ ယောနသန်စင်ရော် ဝတ္ထုသည် အမေရိကန်စာရေးဆရာတစ်ဦး၏ လက်ရာဖြစ်ပြီး ဥုမ်ဂိုဏ်း၏ သိပ္ပံပညာများအတွက် အကျိုးပြုလေသည်။

"ဘုရင်ကြီး ကွယ်ပျောက်ပြီး ကောင်းတဲ့အရာအားလုံး ပါသွားလိမ့်မယ်၊ တိုးတက်လာတဲ့ အသိတရားအားလုံးဟာလည်း ဆွေးမြည့်ပြီး ထုတ်ပြန်တဲ့ အမိန့်တွေကလည်း ပျောက်ကွယ်သွားလိမ့်မယ်"

ထိုသို့ပြောသည်မှာ ရှိုကိုအဆာဟာရ ဖြစ်နိုင်သည်။ သို့သော် သိပ္ပံဝတ္ထုရေးဆရာ ဟာဂျီရှယ်လ်ဒန်က "အနာဂတ်နှစ်ပေါင်း-၁၀၀၀၀" စာအုပ်မှာ ရေးထားခြင်းဖြစ်၏။ ရှယ်လ်ဒန်သည် ဖောင်ဒေးရှင်းစာစဉ်မှ အစိက ဇာတ်ဆောင်ဖြစ်ပြီး၊ အိုင်းဆက်အာဆီနော့၏ ဂန္ထဝင်သိပ္ပံဝတ္ထုများ ဖြစ်၏ သူသည် မူရိုင်းနှင့် ဥုမ်အဖွဲ့ဝင်များအား အဆင့်မြင့်နည်းပညာများကို ထောင်စုနှစ်နှင့် နောက်ပိုင်းကာလများအတွက် လုပ်ဆောင်ရန် စီမံချက် စာရွက်ပြာများကို ပေးလေသည်။

ဆဲလ်ဒန်သည် ဉာဏ်ကောင်းသည့် သင်္ချာဆရာဖြစ်ပြီး၊ "စိတ္တဗေဒ သမိုင်း"ဟုခေါ်သော မှန်ကန်စွာဟောပြောခြင်းသိပ္ပံကို စတင်တွေ့ရှိသူ ဖြစ်၏။ သူက ဂယ်လက်ဆီခေါ် နဂါးငွေ့တန်းအင်ပါယာသည် မျိုးဆက်တစ်ထောင်တွင် ကျဆုံးပျက်စီးမည်ဟု သတိပေးလိုက်သည်။

"ကြယ်တာရာစစ်ပွဲဟာ အဆုံးမရှိ တာရှည်လိမ့်မယ်၊ ကြယ်တာရာနဲ့ပတ်သက်တဲ့ ကုန်သွယ်မှုတွေ ပုပ်သိုးဆွေးမြည့်သွားလိမ့်မယ် လူဦးရေလည်း ကျဆင်းမယ်၊ ကမ္ဘာမြေကြီးဟာလည်း ဂယ်လက်ဆီနဲ့ လွတ်သွားလိမ့်မယ်" ဆဲလ်ဒန်ကတော့ သံသယစိတ်ဖြင့် ပြောလိုက်ခြင်းသာ ဖြစ်၏၊ သို့သော် အစိုးရအား ခြိမ်းခြောက်နေသည်။

ဂျပန်ဘုရင်ကြီးက သူ၏သတိပေးချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ပြီး၊ ဆဲလ်ဒန်အား ဆိုက်ခွများကို သူ့လက်တွင်းသာထားရန် တိုက်တွန်းထား၏။ (၁၉၄၀)ပြည့်နှစ်တွင် အဆီမော့ရေးသားသော ဝတ္ထုသုံးပုဒ်တွဲသည် လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းပြီး၊ လူသားတွေကို ကယ်ဆယ်ခဲ့သည်။ သူ၏ သူရဲကောင်းဇာတ်လမ်း ဖြစ်သည်။





သူသည် ကျိုတိုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ဆာကာမိုတို နှင့်မတူဘဲ ဂျပန် ဝတ်လုံတော်ရစာမေးပွဲတွင် ပထမရသူ ဖြစ်သည်။

ဆာကာမိုတိုက သွေးဇာတ်သွင်းခြင်း ရန်ပုံငွေကိစ္စကို ပထမတင်ပြသည်။ ဆေးကျောင်းတစ်ခုမှ အဆာဟာရ၏ ပီဇသွေးများကို စစ်ဆေးရန်တောင်းဆိုကြောင်း အာအိုယာမက သိပြီးဖြစ်၏။ အမှန်ကတော့ သူတို့ အဆာဟာရ၏ သွေးကို သုတေသန မပြုလုပ်ရသေးကြောင်း ထိုဆေးကျောင်းက ပြောဆိုသည်။ ယခု သူတို့တွေ့ဆုံရာမှာ သွေးသည် အထူးစပါယ်ရှယ်ဖြစ်ကြောင်း သက်သေပြ၍ ဆာကာမိုတိုက တိုက်တွန်းသည်။ အကယ်၍ မဟုတ်လျှင် အလှူငွေကို ပြန်လျော်ရမည်။

နားလည်မှုတွေ လွဲမှားနေကြောင်း အာအိုယာမက ပြော၏၊ မေးခွန်းထုတ်ထားသည့် လေ့လာမှုကို ဥုမ်ပညာရေးဌာနတွင် ဆေးကျောင်းဘွဲ့ရသူတစ်ဦးက ပြုလုပ်ခဲ့သည်။ သို့သော် အာအိုယာမသည် လေ့လာမှုကို ပေးအပ်ရန် ငြင်းဆိုလိုက်၏။ အယူသီးဂိုဏ်းက ပြုလုပ်သော အတုလုပ်သည့် ပုံစံကို ဆာကာမိုတိုက သတိပေးလိုက်သည်။

ထို့နောက် ဆာကာမိုတိုက သူကိုယ်စားပြုထားသော မိသားစုများနှင့် ဆွေးနွေးသည်ကို တရားဝင်ပြောသည်မှာ အယူသီးဂိုဏ်းထဲမှ ကလေးများသည် သူ၏ အမှုသည်များဖြစ်ကြောင်း၊ သူတို့နှင့် တွေ့ဆုံရန်အရေးကြီးကြောင်း အလေးအနက် ပြောကြားလိုက်၏။ အာအိုယာမက အတိအလင်း ငြင်းဆိုသည်။ ထိုအချိန်မှစ၍ လေသံတွေ လျင်မြန်စွာ ပြင်းထန်လာ၏။ ဥုမ်အဖွဲ့သည် ကလေးများကို သက်ဆိုင်ရာ မိဘများ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်သင့်ကြောင်း ထပ်မံပြောကြားလိုက်၏။ သူတို့လေးတွေ အသက်(၂၀)ပြည့်သောအခါ ရဟန်းဝတ်နိုင်ကြောင်း သူက ရှင်းပြသည်။ အကယ်၍ ဥုမ်က မလိုက်နာလျှင် မိသားစုများက တရားစွဲလိမ့်မည်ဖြစ်ကြောင်း။

အာအိုယာမသည် စိတ်ဆိုးလာ၏။ ထို့နောက် သူတို့နှစ်ယောက် ငြင်းခုံကြသည်။ ဆာကာမိုတို ဖွဲ့စည်းထားသော မိသားစုအဖွဲ့သည် ဘာသာရေးလွတ်လပ်မှုကို တိုက်ခိုက်နေသည်ဟု အာအိုယာမက စွပ်စွဲပြောဆိုသည်၊ ကလေးတွေက ဥုမ်အဖွဲ့အား ကိုယ်စားလှယ်လွှဲအပ်ထားသည် ဆိုသော စာရွက်များ ထိုစားပွဲသို့ ဖြန့်ကြဲချလိုက်၏။

"ခင်ဗျား ရုံးမှာ တရားစွဲမယ်ဆိုရင် ဥုမ်အဖွဲ့ဝင်နောက်လိုက်တွေက သူတို့မိဘတွေကို ပြန်ပြီး တရားစွဲလိမ့်မယ်" ဟု သူက သတိပေးပြောကြားသည်။

ယခုတော့ သူတို့အသံတွေ ကျယ်လောင်လာ၏။ စိတ်ရှုပ်ထွေးနေသော ဆာကာမိုတိုက ဆွေးနွေးပွဲအပြီးသတ်ရန် ပြောဆိုလိုက်သည်။

ဆာကာမိုတို၏ ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးပွဲပြီးနောက် နှစ်ရက်မျှ ကြာသွားပြီး၊ ဂုရုကြီးသည် အစိကဖြစ်သော သူ့နောက်လိုက်လက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆုပ်စာကို အစည်းအဝေးခေါ် ယူလိုက်၏။ မိနစ်သုံးဆယ်ကြာအောင် သူတို့သည် ရှေ့နေ ဆာကာမိုတိုအား ရုပ်စဲအောင် ဘယ်လိုလုပ်ကြမလဲ ဟု ဆွေးနွေးကြသည်။

အဆာဟာရသည် ခြိမ်းခြောက်သော လေသံဖြင့် ဆာကာမိုတိုအား ဥမ်အဖွဲ့အား ဖြိုခွဲရန်ကြံစည်မှုဖြင့် အပြစ်တင်ပြောကြားလိုက်သည်။

"ဒီလူဟာ ကျုပ်တို့ တည်ဆောက်ထားသမျှ အားလုံးကို ဖြိုဖျက်ပစ်နိုင်တယ်"ဟု သူက သတိပေးလိုက်၏။

ထို့နောက် ဆရာသမားကြီးက သူ၏ဆန္ဒကို အမှားအယွင်း ကင်းရှင်းစွာ ကြေညာလိုက်သည်။

"ငါတို့ ရှေ့နေဆာကာမိုတိုရဲ့ ဝိညာဉ်ကို ဖြစ်တဲ့နည်းနဲ့ အဝေးကို ပို့ပစ်ရမယ်"

သူ၏တပည့်များက မျက်လုံးအဝိုင်းသားနှင့် နားထောင်နေစဉ် အဆာဟာရသည် ပိုမို အလေးထားလာ၏။ ဂုရုသည် ထိုကိစ္စကို သေချာဂရုစိုက်၍ စဉ်းစားကာ နည်းလမ်းပေးသည်။

"ဆာကာမိုတိုကိုကားနဲ့ ခေါ်သွားပြီး ဆေးထိုးလိုက်၊ နာကာဂါဝမှာ ငါးမိနစ်အတွင်း လူသေနိုင်တဲ့ ဆေးရှိတယ်" နာကာဂါဝသည် ဥမ်ဂိုဏ်း၏ ဆေးဆရာဖြစ်ပြီး ဂုရုစေခိုင်းမည့် အလုပ်ကို စိတ်အားထက်သန်နေ၏။ ဆရာဝန်၏ အကူအညီစောင့်ဆိုင်းရန် အကြောင်းမရှိဘူးဟု ထိုလူစုက ဆုံးဖြတ်လိုက်သည်။ သူတို့သည် ဆာကာမိုတိုအား နောက်တစ်နေ့တွင် ဆက်သွယ်နိုင်ပြီ။

ထို့အတွက် ရှိုကို အဆာဟာရသည် လက်များကို လေထဲသို့ မြှောက်ပြီး၊ လက်ချောင်းကလေးများကို သွားဖြင့် ကိုက်လိုက်၏။

အစည်းအဝေး ပြီးဆုံးပြီ။

ဆာကာမိုတိုအိမ်မှ နာရီသည် နံနက် (၃)နာရီသို့ ညွှန်ပြနေ၏။ မိသားစုများအတွက် အားအင်ကုန်ခန်းနေသော ရက်သတ္တပတ်သည် နောက်ဆုံး ဖြစ်သည်။ ထို့ပြင် မိုတိုသည် အိပ်ရာထဲသို့ ဝင်သွားသည်မှာ ကြာပြီ။ တစ်ဖက်ခန်းတွင် တဆုဆူမိနှင့် ဆာတိုကိုတို့ အိပ်ကြသည်။ သူမသည် အားအင်ကုန်ခန်းပြီး အဝတ်အစားနှင့် အိပ်ပျော်နေ၏။ သူမနားက သားလေးက အော်ငိုနေ၏။ ထိုအချိန်တွင် ဥမ်အဖွဲ့ဝင်ခြောက်ယောက်က အိမ်ထဲသို့ ခိုးဝင်လာကြသည်ကို သူတို့ မသိနိုင်ကြချေ။

ထိုနေ့က အဖွဲ့ဝင်များသည် ဖူဂျီတောင်မှ နံနက်စောစော ထွက်လာခဲ့ကြ၏။ ထိုထဲတွင် အဆာဟာရ၏ ထိပ်တန်းလက်ထောက်များဖြစ်ကြသော သိပ္ပံပညာအရာရှိချုပ်မူရိုင်း၊ အသက်(၂၇)နှစ် ဆာတိုရုဖြစ်ပြီး စစ်ပညာကျွမ်းကျင်၍ ကရာတေးတွင် ခါးပတ်အနက်ရထားသူ ဖြစ်၏။ ထို့ပြင် အသက်(၂၉)နှစ်ရှိ ဒေါက်တာ တိုမိုမာဆာနာကာဂါဝါသည် လွန်ခဲ့သည့်နှစ်လက ဘုန်းကြီးဝတ်ထားသည်။ ယခု သူသည် ရှိုကိုအဆာဟာရ





အတွက် လူသတ်မှု ကျူးလွန်တော့မည်။

ယခု သူသည် ဆာကာမိုတို၏ မှောင်မည်းနေသော အိပ်ခန်းဆီသို့ လှေကားမှ တက်ရောက်၏၊ နာကာဂါဝသည် သူ့ဆရာက ဤကဲ့သို့ စိတ်လှုပ်ရှားဖွယ်လုပ်ငန်းတွင် သူ့ကို ရွေးချယ်စေခိုင်းလိုက်သဖြင့် ဂုဏ်ယူနေ၏။ သူ့အခန်းကဏ္ဍက သော့ချက်ပမာ အရေးကြီးကြောင်းနှင့် သူသည် သေစေသော နောက်ဆုံးကိရိယာဖြစ်ကြောင်း သိရှိသည်။ အိတ်ကလေး တစ်ခုထဲတွင် နာကာဂါဝသည် ပိုတက်စီယံကလိုရိုက် အပြည့်ထည့်ထားသည့် ဆေးထိုးအပ် ခုနစ်ချောင်းကို ထည့်ယူလာ၏။ ခွဲစိတ်သည့်အခါ အနည်းငယ်အသုံးပြုပါက ထိုဓာတုပစ္စည်းသည် လူ့အသက်ကို ကယ်ဆယ်သည်။ များများသုံးပါက သေစေနိုင်၏။ အခြားလက်နက်များက ပိုမို ရက်စက်သည့် ပစ္စည်းများဖြစ်၏။ ကြိုးများ၊ တူများနှင့် တင်းပုတ်များ ဖြစ်သည်။

ထိုအုပ်စုသည် ဆာကာမိုတိုအား အလုပ်မှ အိမ်အပြန်တွင် ဖမ်းဆီးခေါ် ဆောင်ရန် မျှော်လင့်ထားသော်လည်း လုပ်၍မဖြစ်။ ဥမ်အဖွဲ့တွင် နေထိုင်ကြရသောကြောင့် ထိုနေ့သည် ဆာကာမိုတိုသည် အအေးမိ၍ ဆေးကုသရင်း တစ်နေကုန် အိမ်မှာ ရှိနေသည်။

သူတို့သည် အဆာဟာရကို ဖုန်းဆက်ခေါ်ပြီး ဘာလုပ်ရမလဲဟု မေးကြသည်။ ဂုရုက ဤသို့ အမိန့်ပေးလိုက်သည်။

"တခြားနည်း ရွေးစရာမရှိတော့ဘူး။ မိသားစုတစ်စုလုံးကို သတ်ပစ်လိုက်"

အစွန်းရောက်ဂိုဏ်းသားများသည် ဆာကာမိုတိုမိသားစု အိပ်သော အခန်းကျဉ်းကလေးထဲသို့ တိတ်ဆိတ်စွာ သွားကြ၏။ သို့သော် သူတို့ အိပ်ခန်းထဲသို့ ဝင်သွားသည့်အခါ ဆာကာမိုတို၏ သားကလေး လန့်နိုးသွားပြီး၊ စတင်၍ အော်ငိုလေတော့သည်။ လူသတ်သမားတစ်ဦးက ဒယိမ်းဒယိုင် လျှောက်ပြေးသွားသည့် ကလေး၏ပါးစပ်ကို လက်ဖြင့်ပိတ်၍ အသက်ရှူမဝ ဖြစ်ပြီး၊ သေအောင်လုပ်နေ၏။ ထိုအချိန်တွင် ဒေါက်တာ နာကာဂါဝက ကလေးငယ်၏ သေးငယ်သော ခန္ဓာကိုယ်ထဲသို့ သေစေနိုင်လောက်သော ဆေးများထိုးသွင်းပေးနေသည်။ လူနှစ်ယောက်ကမူ ဆာကာမိုတိုဆီသို့ တစ်ဟုန်ထိုးသွားပြီး တစ်ယောက်က အပ်ဖြင့် ဆေးထိုးရန် ကြိုးစားနေ၏။ ယခု ဆာကာမိုတို၏ ဇနီးနိုးလာပြီး ဦးခေါင်းတွင် အရိုက်နှက်ခံရတော့သည်။

ဆာကာမိုတိုသည် သူ့ကို ဆေးမထိုးနိုင်စေရန် အပြင်းအထန် ပြန်လှန် တိုက်ခိုက်နေသည်။ တစ်ယောက်က ဦးခေါင်းကို တူဖြင့် အကြိမ်ကြိမ်ရိုက်နေစဉ် နှစ်ယောက်က လူကို နောက်ထပ် လှုပ်ရှားမှုမရှိသည် အထိ လုံသိပ်နေ၏။ သူ့ဇနီးကလည်း မူရိုင်း၏ လက်ကို သွေးထွက်အောင် သွားဖြင့်ကိုက်လျက် ခုခံနေသည်။ သို့သော် ပြင်းထန်စွာ ရိုက်နှက်ခံရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မလှုပ်မယှက် ငြိမ်သက်စွာလဲသွားတော့၏။

နောက်ထပ် ဆေးထိုးအပ်တွေ ပေါ်လာပြန်၏။ တာနာကာဝါ သည် ဆာကာမိုတို၏ ဘောင်းဘီကို ချွတ်ပစ်လိုက်ပြီး တင်ပါးဆုံတွင် ပိုတက်စီယံကလိုရိုက်များကို ထိုးသွင်းသည်။ ယခုအထိ ခေါင်းမာသော ရှေ့နေသည် သေရန်ငြင်းဆန်နေသေး၏။ ထို့နောက် ဆရာဝန်က ခေါင်း ဖယ်နေလိုက်ပြီး သူ့အဖော်နှစ်ယောက်က ဆာကာမိုတို၏ လည်ပင်းကို သွေးမတိုးသည့်အထိ လက်များဖြင့် ညှစ်သတ်နေကြသည်။

ဥုမ်၏လူသတ်အဖွဲ့သည် ဆာကာမိုတိုမိသားစု အလောင်းများကို စောင်များ၊ ကြမ်းခင်းဖျာများနှင့် အဝတ်များတွင် ထည့်၍ထုပ်ပြီး ကားနောက်ထဲသို့ ပစ်ထည့်ကြသည်။ ထို့နောက် ဖူဂျီတောင်သို့ အလျင် အမြန် ပြန်ပြေးကြသည်။ ထိုနေရာသို့ ရောက်သောအခါ စောင့်မျှော်နေ သော အဆာဟာရအား အလုပ်လုပ်ပြီးခဲ့ကြောင်း သတင်းပို့ကြသည်။ ဂုရုက သူတို့အား ကျေးဇူးတင်ကြောင်းပြောကြားပြီး၊ ညွှန်ကြားချက်အသစ် များ ပေးလိုက်၏။ ထိုညွှန်ကြားချက်မှာ မိသားစုအလောင်းများကို ဘယ်တော့မှ ရှာမတွေ့နိုင်သည့်နေရာသို့ ယူဆောင်သွားကြရန်ဖြစ်၏။

အလောင်းများကို သတ္တုစည်များထဲသို့ထည့်ပြီး ယာဉ်နှစ်စီးနောက် သို့ထားကြသည်။ တစ်စီးမှာ လေးဘီးမောင်းဖြစ်၏။ ထိုအုပ်စုသည် ဂျပန် နိုင်ငံအလယ်ပိုင်းသို့ သုံးရက်ကြာမောင်းနှင်ကြပြီး၊ ဝေးကွာစွာမြှုပ်နှံရန် နေရာရှာခြင်း၊ မြေတူးခြင်း၊ အစားအသောက်ဝယ်ယူခြင်းများ ပြုလုပ် ကြသည်။ ပထမဦးဆုံး သားကလေး၏ ရုပ်အလောင်းကို ဂျပန်ပြည် အဲ(ပ်) တောင်တန်းအနီး စိုစွတ်သော မြေတွင်မြှုပ်နှံကြ၏။ ထို့နောက် ပြည်နယ် တစ်ခုသို့ သွားရောက်ပြီး၊ ရှေ့နေဆာကာမိုတို၏ အလောင်းကို သစ်တော ထူထပ်သည့်နေရာတွင် မြှုပ်နှံကြသည်။ ထို့နောက် ဇနီး၏အလောင်းကို ပြည်နယ်တစ်ခုတွင်ရှိ စမ်းချောင်းထဲသို့ လွှင့်ပစ်ချလိုက်ကြသည်။ လူကြီး အလောင်းများကို မြှုပ်နှံခြင်းမပြုမီ သွားများကို ပလိုင်ယာများဖြင့် ဆွဲနုတ် ပစ်ပြီး၊ အမှုန့်ဖြစ်အောင် ရဲတင်းများဖြင့် ထုကြသည်။ သို့မှ သွားများ မှတ်တမ်းဖြင့် အလောင်းများကို မမှတ်မိစေရန် ဖြစ်၏။ သေသူ မိသားစု ၏ အဝတ်အစားများနှင့် အိပ်ရာခင်းများကို မီးရှို့ပစ်လိုက်ပြီး စည်များနှင့် ဂေါ်ပြားများကို ဂျပန်ပင်လယ်ထဲသို့ လွှင့်ပစ်လိုက်ကြသည်။

သူတို့ ပြန်ရောက်သောအခါ အဆာဟာရက သူ၏ လူသတ်သမား များသည် မြင့်မြတ်သောအလုပ်ကို လုပ်ခြင်းဖြစ်ကြောင်း အသေအချာ ပြောဆိုနေ၏။

နောက်နေ့တွင် အဆာဟာရသည် လူသတ်သမားများကို သူ၏ ကိုယ်ပိုင်အခန်းထဲသို့ ခေါ်ယူလိုက်၏ ဂုရုက ကြည့်နေစဉ် တစ်ယောက်က ဖြစ်မှုဆိုင်ရာ ဥပဒေထဲမှ လူသတ်မှုအပေါ် အပြစ်ဒဏ်ကို ကျယ်လောင် စွာဖတ်ပြနေသည်။ ဂျပန်တွင် လူသတ်မှု ကျူးလွန်ပါက သေဒဏ်သာ





ချမှတ်ခံရမြဲ ဖြစ်၏။ ဆာကာမိုတို၏ နာမည်ကိုတော့ ထုတ်ဖော်မပြော ချေ။ သို့သော် ထိုအချက်မှာ ရှင်းပါသည်။ အကယ်၍ ဥုမ်အဖွဲ့ကို သစ္စာ ဖောက်ပါက အားလုံးသည် သေဒဏ်နှင့် အတူတကွ ရင်ဆိုင်ကြရမည် ဟူ၍. . .

"ဆာကာမိုတိုက အကုသိုလ်အလုပ်တွေ ထပ်ခါထပ်ခါ လုပ်စေ အောင် ကြိုးစားခဲ့လို့ ဘဝအဆင့် မြင့်မလာဘူး။ အရင်ဘဝတုန်းက ဖြစ် ပျက်ခဲ့တာမို့ အပြစ်ဖြစ်တယ်လို့ မမှတ်သင့်ဘူး။ ကလေးကတော့ နောက် တစ်ခါ ပြန်လည်ရှင်လာပြီး ပိုမိုမြင့်မြတ်တဲ့လောကကို ရောက်လိမ့်မယ်" ဟု ဂုရုက လူသတ်အဖွဲ့ကို ရှင်းပြခဲ့လေသည်။

✣ ✣ ✣


www.burmeseclassic.com

www.burmeseclassic.com

## ရှိုးကို ရှိုးကို

နောက်ရက်သတ္တပတ်အထိ ရှေ့နေဆာကာမိုတိုသည် အလုပ်လာမလုပ်သဖြင့် သူ့အပေါင်းအဖော်များက ထိတ်လန့်လာ၏။ ယခင်သောကြာညနေမှာ သူ့ဇနီးက မိတ်ဆွေတစ်ဦးကို ပန်းသီးတစ်သေတ္တာပို့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး၊ နောက်ထပ် တယ်လီဖုန်းခေါ်သံ မကြားရတော့ချေ။ ဆာကာမိုတို၏ မိဘများအခန်းသို့ လာရောက်သောအခါ ထူးဆန်းသော မြင်ကွင်းကို တွေ့ရှိကြရသည်။ ထိုမြင်ကွင်းမှာ စားပွဲပေါ်၌ လက်ဖက်ရည်ပန်းကန်များ ရှိနေဆဲ၊ ညစ်ပတ်နေသော ပန်းကန်များ ရေထဲမှာနစ်မြုပ်လျက်၊ ထို့ပြင် ထမင်းပေါင်းအိုးများဖြစ်ကြ၏။ အေးချမ်းသော အောက်တိုဘာညမှာ မိသားစု၏ အနွေးထည်များ အခန်းထဲမှာ ရှိနေဆဲ။ ဆာကာမိုတို၏ ဂျက်ကင်အကျီကတော့ တံခါးနောက်မှာ ချိတ်ဆွဲလျက် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်၊ မီးရထားလက်မှတ်နှင့် သော့များသည် ဂျက်ကက်အကျီထဲမှာ ရှိနေ၏။ သူတို့ဇနီးမောင်နှံ၏ ပိုက်ဆံအိတ်များတွင် ဒေါ်လာ (၁၀၀၀)နှင့်အတူ ကျန်ရစ်ခဲ့သည်။ ပျောက်ဆုံးနေသည်များကတော့ အိပ်ရာခင်းဖျာသုံးချပ်၊ စောင်အချို့နှင့် ဆာကာမိုတို မိသားစုကိုယ်တိုင် ဖြစ်၏။

အခန်းထဲတွင် သွေးစသွေးန မရှိ၊ ရုန်းကန်သည့် လက္ခဏာမတွေ့ရ။ သို့ရာတွင် တစ်ခုကတော့ မိဘများ၏ စိတ်ကို ဆွဲဆောင်နေ၏။ အိပ်ရာခင်းဖျာများထားသည့် အခန်းကျဉ်းဘေးမှ ကြမ်းပြင်ပေါ်တွင် နို့မလိုင်ရောင် တံဆိပ်တစ်ခုကို ဆာကာမိုတိုမိခင်က တွေ့လိုက်ရသည်။ ထိုတံဆိပ်ပေါ်တွင် သင်္ကေတရိုက်ဘာသာဖြင့် ရေးထားသော 'ဥုံမြင့်မြတ်သော သစ္စာအဖွဲ့'ဟု ရေးထား၏။

ရုန်းကန်ကြစဉ်တုန်းက ဒေါက်တာနာကာဂါဝါ ကျကျန်ရစ်ခဲ့သည့် တံဆိပ်သည် ရဲတပ်ဖွဲ့သို့ ရှင်းလင်းသော သတင်းတစ်ခု ဖြစ်လာသည်။ သို့သော် ဒေသရဲတပ်ဖွဲ့သည် ထူးဆန်းစွာပင် စိတ်ဝင်စားမှုမရှိကြချေ။ စုံစမ်းစစ်ဆေးသူများသည် 'ဥုံ'မှတစ်ပါး ဘက်ပေါင်းစုံကို ကြည့်





ရှုစစ်ဆေးလျက် သူတို့အနေဖြင့် အကောင်းဆုံး လုပ်ဆောင်ကြသည်။ ဆာကာမိုတိုမိသားစုသည် ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ထွက်ပြေးကြပြီဟု သူတို့က ယူဆနေကြ၏။ ဂျပန်မှလူများသည် တစ်ခါတစ်ရံ 'ဂျိုဟတ်ဆု' သို့မဟုတ် စာပေဆန်ဆန်ပြောရလျှင် 'အငွေ့ပျံ'သည်ဟု လူသိများသည်။

သို့ရာတွင် ထိုကဲ့သို့ အဖြစ်ပျက်မျိုးသည် ကြွေးမြီအများ တင်ရှိခြင်း သို့မဟုတ် ခွင့်မလွှတ်နိုင်သော အရှက်ရစေမည့် အပြုအမူကို ကျူးလွန်မိခြင်းမျိုးတွင်သာ ဖြစ်လေ့ရှိ၏။ ဆာကာမိုတိုတို့တွင် ထိုကိစ္စ နှစ်မျိုးစလုံးမရှိပေ။ အမှန်ကတော့ ရဲတပ်ဖွဲ့သားများသည် ဘာသာရေးအသင်းအဖွဲ့နောက်သို့ လိုက်၍စုံစမ်းရန် ကြောက်ရွံ့နေကြခြင်း ဖြစ်၏။ ထို့အပြင် ဆာကာမိုတို၏ ဥပဒေအဖွဲ့သည် ဒုက္ခပေးသော လက်ဝဲအယူအဆရှိသူများအုပ်စုဟု အမြင်ခံနေရသည်။ သူတို့သည် ရဲတပ်ဖွဲ့ကို ဆန့်ကျင်သည့် အမှုများကို ကိုင်တွယ်ခဲ့သဖြင့် ဒေသခံ စုံစမ်းရေးမှူးများနှင့် ရင်းနှီးမှုမရှိကြချေ။

"ဥုံမ်ဂိုဏ်းကို အယုံကြည်မဲ့ဖို့ ကျွန်တော်တို့က အဲဒီကိစ္စကို တမင်ဖန်တီးနေတာလို့ ရဲတွေက ထင်နေပါတယ်"ဟု ဆာကာမိုတို၏ သူငယ်ချင်းများက သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုသည်။

ဆာကာမိုတို၏ အမှုသတင်းသမားများထံ ရောက်ရှိသွားသောအခါ တခြားလူများက ယုံကြည်မှု ပို၍မရှိဘဲ ဖြစ်နေ၏။ ဆာကာမိုတိုမိသားစု ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ဥုံမ်ဂိုဏ်းနာမည်လည်း မလွှဲမရှောင်သာ ဆက်နွယ်လာသည်။ သတင်းများထုတ်ဝေခြင်းနှင့် ဆာကာမိုတို၏ သူငယ်ချင်းများက တိုက်တွန်းလွန်းသောကြောင့် ရဲတပ်ဖွဲ့သည် အဆာဟာရနှင့် တွေ့ဆုံခွင့်တောင်းရ၏။ ယခုအချိန်မှာ လူသတ်မှုဖြစ်ပွားပြီး၊ (၁၆)ရက် ကြာသွားလေပြီ။ သူအလုပ်များနေကြောင်း အဆာဟာရက ပြန်ကြားလိုက်၏။ ဥုံမ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဂုရုသည် သင်တန်းတစ်ခု ပေးနေသောကြောင့် အနှောင့်အယှက်ပေးလို့မရကြောင်း ပြောသည်။ နောက်နှစ်ရက်ကြာသောအခါ အဆာဟာရသည် မူရိုင်းနှင့် လူသတ်သမား အနည်းဆုံး နှစ်ဦးအပါအဝင် ဂျာမနီသို့ ထွက်သွားလေသည်။

တခြားကမ္ဘာတစ်ဖက်တွင် ကမ္ဘာ့သမိုင်းတစ်ခု ဖြစ်နေသည်။ အဆာဟာရ မရောက်မီ ရက်သတ္တတစ်ပတ်ခန့်တွင် ဂျာမန်ပြည်သူများသည် ဘာလင်တံတိုင်းကြီးကို ဖြိုချနေချိန်ဖြစ်၏။ ကွန်မြူနစ်အုပ်ချုပ်ရေး ကျဆုံးခြင်းနှင့်အတူ မုန်းစရာကောင်းသော တံတိုင်းကြီးလည်းပြိုကျနေသောကြောင့် ပြန်လည်ပေါင်းစည်းရေး မျှော်မှန်းချက်သည် ခိုင်မာနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ဂိုဏ်းသည် ဘွန်းမြို့တွင် ရုံးခန်းငယ်တစ်ခု ဖွင့်လှစ်ပြီး ဥရောပတိုက်ကို အလုပ်အကျွေးပြုရန် ရည်ရွယ်လျက်ရှိ၏။ ဂျာမနီ နိုင်ငံ၏ မြို့တော်မှသည် အနောက်နိုင်ငံများအားလုံးသို့ ပျံ့နှံ့ရန် သူတို့ ရည်ရွယ်ထားသည်။ ထပ်လောင်း၍ပြောရမည်ဆိုလျှင် ဂျာမန်လူမျိုးများထဲတွင် ယောဂီအကျင့်နှင့် အရှေ့တိုင်းယုတ္တိဗေဒ အယူအဆများကို အပြင်းအထန်ယုံကြည်သူများ ရှိနေခြင်းဖြစ်၏။ ထို့အပြင် ဉာဏ်အဖွဲ့၏ အသင်းသားသစ်စုဆောင်းခြင်းသည် ဂျာမန် လူမျိုးများအကြားတွင် တဖြည်းဖြည်း တိုးတက်နေဆဲဖြစ်ပေသည်။ ထို့ပြင် အဆာဟာရသည် အသင်းသား တိုးပွားရေးကို ပိုမိုတိုးတက်ရန် တွန်းအားပေးနေ၏။ ထိုမြို့တော်တွင် သင်တန်းများဖွင့်လှစ်ပြီး၊ အရာရှိများနှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့လေသည်။

ဥရောပတွင် ဉာဏ်ဂိုဏ်းရောက်ရှိပြီး၊ တွန်းအားပေးနေချိန်တွင် ဂျပန်ပြည်တွင်းမှ သတင်းသမားများသည် ဆာကာမိုတိုနှင့် ပတ်သက်သော တွေ့ရှိမှုများကို ဆက်လက်ဆောင်ရွက်နေကြ၏။ ဂုရုကြီး ဂျပန်မှ ရုတ်တရက် ထွက်သွားခြင်းသည် ဉာဏ်အဖွဲ့ ပါဝင်ပတ်သက်နေကြောင်း မီးထိုးပေးသလို ဖြစ်နေသည်။ သို့သော် လစ်ဘရယ် ကျောင်းသားများက အစွန်းရောက်ဂိုဏ်းကို ကာကွယ်ရန် အပူတပြင်း လှုပ်ရှားနေချိန်တွင် ရဲတပ်ဖွဲ့က သဘောမပေါက်သေးပေ။ ဂျပန်နိုင်ငံ၏ ပြစ်မှုကျူးလွန်မှုနှုန်းသည် သာမန်အားဖြင့် နည်းပါးသည်။ ဘာသာရေးအဖွဲ့ တစ်ဖွဲ့က ပြန်ပေးဆွဲခြင်း (သို့မဟုတ်) လူသတ်ခြင်းဆိုသည်ကို ယုံကြည်ရန် ခက်ခဲသောကိစ္စဖြစ်သည်။

ထို့ကြောင့် ဂုရုထံမှ တုံ့ပြန်သော အဖြေရရှိရန် ဥရောပသို့ သတင်းထောက်တစ်ဦးကို စေလွှတ်လိုက်ကြ၏။ ဆန်းဒေးမေနီချီ သတင်းစာက ဉာဏ်ဂိုဏ်း၏ ရက်စက်ကြမ်းကြုတ်မှုများကို စောစွာသိရှိထားသည့်ပြင် လူသတ်မှုသည် အဆာဟာရ၏ လက်ချက်ပါသည်ဟု ယူဆထားသည်။ မဂ္ဂဇင်းသတင်းထောက် ဘွန်းမြို့သို့ ဆိုက်ရောက်သည့်အခါ အဆာဟာရအား သင်တန်းတစ်ခုမှာ တွေ့ရှိရသည်။ ရုတ်တရက် ဝတ်ရုံအဖြူဝတ်ထားသည့် လူဆယ်ယောက်က သတင်းထောက်ကို ဝိုင်းထားလိုက်ကြ၏။

သူ့ကို တံခါးဝမှ တွန်းထုတ်ခံရသောအခါ "လူသတ်မှုမှာ ဉာဏ်အဖွဲ့မှာ တာဝန်မရှိဘူးလား"ဟု အော်ဟစ် ပြောဆိုလိုက်မိသည်။

"အဲဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်ဘာမှ လုပ်ဖို့မလိုဘူး၊ ကျုပ်တစ်ယောက်ယောက်ကို သတ်ရမယ်ဆိုရင် မစ္စတာမာကီကိုပဲ သတ်ရလိမ့်မယ်"ဟု အဆာဟာရက ပြန်၍အော်ပြောသည်။ မစ္စတာမာကီသည် ထိုသတင်းထောက်၏ အယ်ဒီတာ ဖြစ်၏။ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်များသည် ထိုပြက်လုံးကို ရယ်စရာ မတွေ့ရချေ။





ထို့နောက် မကြာမီအချိန်တွင် အဆာဟာရသည် ဘွန်းမြို့တွင် သတင်းစာ ရှင်းလင်းပွဲခေါ်၍ ဆာကာမိုတို၏အမှုတွင် သူတို့၏ အစွန်းရောက်ဂိုဏ်းအဖွဲ့အနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆန်ပြောဆိုသည်။ ဉာဏ်သည် ရှေ့နေဆာကာမိုတိုကြောင့် ဒုက္ခတွေ့နေရကြောင်း ဝန်ခံပြောဆို၏။ သို့ရာတွင် သူနှင့် သူ့မိသားစုကို ပြန်ပေးဆွဲရန်အကြောင်းမှာ ခက်ခဲကြောင်းပြောဆိုသည်။ ထိုကိစ္စအားလုံးသည် ယုံကြည်စရာ မရှိချေ။ အိမ်ထဲမှာ ဉာဏ်အဖွဲ့၏ တံဆိပ်တွေ့ရှိရမှုနှင့် ပတ်သက်ပြီး သူက ဖြည့်စွက်ပြောဆိုသည်မှာ အဖွဲ့ဝင် (၁၀၀၀)ကျော်ရှိသောကြောင့် တစ်ဦးတစ်ယောက်က ရနိုင်သည်ဟု ရှင်းလင်းပြောဆိုသည်။

တကယ့်အကြောင်းမှာ အစွန်းရောက်အဖွဲ့အတွင်းမှာပင် တံဆိပ်နှင့် ပတ်သက်၍ တင်းကျပ်စွာ စည်းကမ်းချထားသည်။ တံဆိပ်ပေါင်း (၁၀၀)ခန့်သာ ထုတ်ထားပြီး၊ ရဲတပ်ဖွဲ့အား ဆက်လက်လိုက်ရန် ခြေရာချန်ထားခဲ့ခြင်းဖြစ်၏။ သို့သော် ယိုကိုဟားမားရဲတပ်သည် ခြေနှေးသည့်အားလျော်စွာ ထိုသဲလွန်စကို မဆွဲမိဘဲ ဉာဏ်အဖွဲ့အတွက် အမှုလမ်းစကိုဖုံးကွယ်ရန် အချိန်များစွာ ဆွဲပေးထားသည်။ တံဆိပ်ပျောက်ဆုံးသည်ကိုသိသောအခါ အဆာဟာရသည် တံဆိပ်အများအပြားထုတ်လုပ်ရန်နှင့် အဖွဲ့ဝင်များကို ထုတ်ပေးရန် အမိန့်ပေးလိုက်၏၊ ထို့ပြင် စာတိုက်မှတစ်ဆင့် ပို့ပေးစေသည်။ ယခု မိုင်(၅၀၀၀)မျှဝေးသော ဥရောပတိုက်တွင် ဂုရုသည် ပြဿနာဖြစ်နေသော တံဆိပ်မှာ အများထဲက တစ်ခုသာဖြစ်ကြောင်း သတင်းစာများရဖို့ သေချာစွာ ပြောပြနိုင်သည်။

အဆာဟာရ ဤသို့ပြောဆိုနေစဉ်မှာ လူသတ်သမားများသည် ဂျာမနီမှ မီးဖိုထဲတွင် ထိုင်နေကြလျက် အိုးများနှင့်ဒယ်များ ရေဆူရန် စောင့်ဆိုင်းနေကြ၏။ သူတို့သည် လောင်ကျွမ်းနေသော သစ္စာပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် သူတို့၏ လက်ချောင်းထိပ်ကလေးများကို မြဲမြံစွာ ချထားကြပြီး၊ သူတို့၏လက်ဗွေများကို လောင်ကျွမ်းအောင်လုပ်နေကြသည်။ ထို့နောက် သူတို့သည် ကျန်ရှိနေသော အရေပြားများကို ဓားများဖြင့် လှီးထုတ်ပစ်ကြသည်။

တိုကျိုမြို့မှ ဆန္ဒမဲပေးသူများသည် ယခုကဲ့သို့ တစ်ခါမျှမမြင်ဘူးကြချေ။ စင်မြင့်ပေါ်တွင် တောက်ပသည့် အဖြူရောင်ဝတ်စုံဝတ်၍ လိုက်ဖက်သည့် ဖိနပ်ကို စီးထားသော ဝိုင်းစက်စက်မျက်နှာ၊ မုတ်ဆိတ်မွေးနှင့် ပုဂ္ဂိုလ်မှာ "မြင့်မြတ်သောသစ္စာတရားပါတီ"အသစ်၏ ခေါင်းဆောင်ကြီးဖြစ်၏။ ထိုလူအနားမှာ ဝိုင်းရံထားသူများကတော့ ဆင်ခေါင်းပုံသဏ္ဌာန်ခေါင်းစွပ်ထားသည့် မဲဆွယ်အလုပ်သမားများ ဖြစ်ကြသည်။ လေထဲတွင် နူးညံ့သော ခေတ်သစ် တေးသံသာများကို လူတွေက "နိုးကို. . . နိုးကို" ဟု သီဆိုသံ လွှမ်းမိုးနေ၏။ အဆာဟာရသည် ပါလီမန်အမတ်နေရာ ရွေးကောက်ပွဲ ဝင်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် (၁၉၉၀)ပြည့်နှစ် ဖေဖော်ဝါရီလဖြစ်၏။ ဆာကာမိုတို မိသားစု ပျောက်သွားတာ သုံးလကြာပြီ၊ ရဲတပ်ဖွဲ့သည် မည်ကဲ့သို့ ဆက်လုပ်ရမည်ကို သဲလွန်စပျောက်နေဟန်ရှိ၏။ ထိုအချိန်တွင် သတင်းလောကမှာလည်း မှေးမှိန်နေသည်။ အဖွဲ့ဝင် နောက်လိုက်များကို ဖမ်းဆီးချုပ်နှောင်ထားခဲ့ရသည့် အရေးတကြီး သတင်းများရောက်ရှိနေ၏။ သို့ရာတွင် ဉူမ်ဂိုဏ်းခေါင်းဆောင်မှုအတွက် စိတ်ချရသည်ကို တွေ့ရသည်။ သူတို့သည် လူသတ်မှုများကို တစ်ယောက်သာမက သုံးယောက်ကို သတ်ထားကြ၍ဖြစ်၏။ အဆာဟာရသည် ထိုကိစ္စများကို သူ့အနေဖြင့် တိုက်တွန်းသွားနိုင်သည့် လက္ခဏာအဖြစ်မှတ်ယူ၍ အာဏာရရှိရေးလမ်းကိုသာ အပြင်းအထန် လိုက်နေ၏။

ဝိညာဉ်များကို အောင်မြင်ခြင်းသည် လုံလောက်မှုမရှိ။ အဆာဟာရသည် ဆန္ဒမဲများကို လိုချင်သည်။ ထိုအချိန်မှာ ဂျပန်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲ ကျင်းပနေပြီး ဂုရုသည် ဉူမ်အမှုများကို ပြည်သူများထံ တိုက်ရိုက်ပို့ရန် ဆုံးဖြတ်ထားသည်။ ဉူမ်အဖွဲ့သည် အောက်လွှတ်တော်၌ အမတ်နေရာ (၂၅)ခုထက်မနည်း ပါဝင်ယှဉ်ပြိုင်နေ၏။ အယူသီးဂိုဏ်းသည် အလေးအနက်လှုပ်ရှားပြီး၊ ဆန္ဒမဲ ရရှိရေးအတွက် ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲခဲ့လေသည်။ နှစ်ပေါင်းများစွာက ဗုဒ္ဓဘာသာအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် 'ဆိုကာဂက်ကာအိ'သည် အမတ်နေရာများရရှိပြီး၊ ဂျပန်နိုင်ငံတွင် တတိယအကြီးဆုံး ပါတီအဖြစ် ရပ်တည်နိုင်ခဲ့၏။

ဆိုကာဂက်ကာအိ အမတ်များသည် ရှေးမူစွဲဝါဒ ကွန်ဆာဗေးတစ်အသွင်ဆောင်ပြီး၊ လာဘ်ပေးလာဘ်ယူမှုများကို တိုက်ဖျက်ခဲ့သည်။ အယူသီးဂိုဏ်း၏ ရပ်တည်ချက်သည် ဘုရားသခင်ဗျာဒိတ်တော်နေ့ အကြောင်းဟောပြောခြင်း၊ စားသုံးသူ အခွန်သစ်ပြဋ္ဌာန်းချက်ကို ရပ်တန့်ပေးရန်တောင်းဆိုခြင်းနှင့် စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒ (လွတ်လပ်ရေး၊ ညီမျှရေးနှင့် သက်ရှိအားလုံးအပေါ် စေတနာထားရှိရေး)ကို ဟောပြောကြသည် ။ အယူသီးဂိုဏ်းသည် အဆာဟာရ ပုံတူစက္ကူခေါင်းစွပ်ကြီးများဆောင်း၍ တိုကျိုမြို့တွင်းမှာ အခွန်ကောက်ခြင်းကိစ္စနှင့် ကျန်းမာရေးပြုစုမှု စာတန်းများ ကိုင်ဆောင်လျက် လှည့်လည်ကြ၏။

ဉူမ်သည် နိုင်ငံရေးလောကကို ဘာသာရေးကဲ့သို့ ချဉ်းကပ်သည်။ အယူသီးဂိုဏ်းသားများအတွက် ဆန္ဒမဲရှင်များအိမ်သို့ သွား၍ ချဉ်းကပ်စည်းရုံးကြသည်။ ပြိုင်ဘက်အမတ်လောင်းများ၏ ပိုစတာများကို ဖျက်ဆီးကြသည်။ ဂျပန်ပြည် ရွေးကောက်ပွဲ ဥပဒေကို ပြောင်ချိုးဖောက်ကြသည်။ အယူသီးဂိုဏ်းသည် တစ်ဖက်အသင်း၏ တယ်လီဖုန်းကိုပင် ဖျက်ဆီးပြီး သူတို့တတ်နိုင်သမျှ နည်းလမ်းဖြင့် လုပ်ကြံကြောင်း အဖွဲ့ဝင်ဟောင်းတစ်ဦးက ပြောပြသည်။





ဉူမ်အဖွဲ့သည် ရွေးကောက်ပွဲ ရှုံးသည်။ ဂျပန်မဲဆန္ဒရှင် ပြည်သူများသည် ဆင်ခေါင်းစွပ်ထားသော အယူသီးဂိုဏ်းသားများနှင့် ကစ္စာချက်မည်ဟု ယူဆသူများနှင့်အတူ ဘာမှ လုပ်စရာမရှိချေ။ ဉူမ်အဖွဲ့ အမတ်လောင်း(၂၅)ဦးစလုံး အဆာဟာရအပါအဝင် ရွေးချယ်မခံရကြပေ။ လူသိများသော ဂုရုက သူ၏ဆန္ဒမဲ အများဆုံးဖြင့်နိုင်မည်ဟု ကြိုဟောကိန်းထုတ်ခဲ့သော်လည်း (၁၇၈၃)သာ ရခဲ့၏။ အယူသီးဂိုဏ်းအဖွဲ့ဝင် (၁၈၀၀) ရှိပြီး၊ ဆန္ဒမဲပေါင်းမှာ ငါးသိန်းကျော်သည်။

ရွေးကောက်ပွဲ အနိုင်ရဖို့အတွက် ဉူမ်အဖွဲ့သည် ဒေါ်လာခုနစ်သန်းကျော် ကုန်ခဲ့ပြီး၊ ဘာမှ အကျိုးမရှိခဲ့ချေ။ အဖွဲ့ဝင်တစ်ယောက်က ဒေါ်လာ (၁ဒသမ၅)သိန်းကျော် ခိုးယူထွက်ပြေးသွားခဲ့၏။ သူတစ်ယောက်တည်း ထွက်သွားခြင်းမဟုတ်၊ ရွေးကောက်ပွဲပြီးသောအခါ အဖွဲ့ဝင်ဒါဇင်ပေါင်းများစွာနှင့် အလုပ်သမားများသည် ယခင်ဘဝအတိုင်း နေထိုင်ရန် နေအိမ်သို့ ပြန်သွားခဲ့ကြသည်။ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်နေသော ဉူမ်သည် ရုတ်တရက် ကျဆင်းပြီး နှေးကွေးသွားလေတော့သည်။

ယခင်စောစော ရက်သတ္တပတ်တုန်းကတောင်မှ အဆာဟာရကကြားလုံးထုတ်လိုက်သေး၏။

သို့သော် ယခု အယူသီးဂိုဏ်းသည် အရေးအခင်းနှင့် ကြုံနေရလေပြီ။ ထိပ်တန်းမှ ချို့ယွင်းချက်များနှင့် သွေးစွန်းနေသော သေတ္တာကြီးများ၊ အယူသီးဂိုဏ်းအား ဆန့်ကျင်သူများ တိုးပွားနေသည်။ ဖူဂျီတောင်ပြင်မှနေ ဒေသခံများနှင့် အဖွဲ့အစည်းများက အဖွဲ့ဖွဲ့နေကြပြီး၊ အယူသီးဂိုဏ်းကို သူတို့၏ အမြဲနေထိုင်သည့် အဆောက်အအုံသို့ ပြန်သွားကြရန် တောင်းဆိုကြသည်။ ဂျပန်နိုင်ငံတောင်ပိုင်း၊ အာဆိုတောင်အနီးရှိ ဉူမ်အဖွဲ့သည် ဆက်ဆံရေး ဆိုးဝါးသောကြောင့် ဒေသခံ မြို့သူမြို့သားများနှင့် ရန်းရင်းဆန်ခတ် ဖြစ်လုနီးပါး အရေးကြုံခဲ့ရသည်။ ယခု မြို့သားများက အယူသီးဂိုဏ်းအဖွဲ့အား ဒေသခံအဖြစ် စာရင်းမှတ်ပုံတင်ခြင်းနှင့် အများပြည်သူ သုံးစွဲသည့်အရာများကို ခွင့်မပြုရန် တောင်းဆိုကြသည်။ မိဘများကလည်း ဆယ်ကျော်သက်ရွယ်ကလေးများ ပြန်ရရေးအတွက် ဆက်လက်ဆောင်ရွက်နေကြ၏။ ဆွေမျိုးများကို ထောက်ခံအားပေးသော ကော်မတီများနှင့် အပေါင်းအဖော်များက ဆာကာမိုတို၏ အမှုကို လှုပ်ရှားနေဆဲဖြစ်ပြီး၊ အယူသီးအုပ်စုကို စုံစမ်းစစ်ဆေးပေးရန် ရဲတပ်ဖွဲ့အား တိုက်တွန်းနေကြသည်။ လက်တစ်ဆုပ်စာ သတင်းထောက်တချို့ကသာ အယူသီးအဖွဲ့ကိစ္စကို အရေးတယူရှိပြီး၊ သူတို့၏လျှို့ဝှက်ချက် တံတိုင်း၏ အစအနများကို ဆွဲထုတ်နိုင်ခဲ့၏။

ပါမောက္ခ ဟီရိုမီရှီမာဒါက ဂျပန်အပတ်စဉ်စာစောင်တွင် ဉူမ်နှင့်ပတ်သက်၍ သတိပေးဆောင်းပါးများ ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဥမ်အဖွဲ့ ကြီးထွားမှုသည် တုံးလာပြီး အဖွဲ့ဝင်လျော့နည်းလာသည်။ ထိုသို့ဖြစ်ရခြင်းမှာ စီးပွားရေးပျက်ကပ်မှု၏ အကျိုးဆက်ဖြစ်၏။ ဥမ် မြင့်မြတ်သော သစ္စာတရားအသင်းသည် ဒစ္စနေးနယ်မြေနှင့်သာ တူနေတော့သည်။ အကယ်၍ လူမှုရေးပြဿနာများ ဆက်လက်ဖြစ်ပွားခြင်း မရှိလျှင် ထိုအဖွဲ့၏ လူသားမျိုးနွယ် ပျက်သုဉ်းတော့မည်ဟု ဟောပြောချက်နှင့် ပတ်သက်၍ သူတို့သည် ဒွိဟသံသယနှင့် ရင်ဆိုင်ရလိမ့်မည်"

ရွှေကောက်ပွဲမဲရှုံးသည့် အချိန်ကစ၍ အဆာဟာရသည် အခြေခံအယူဝါဒများ ပျက်စီးသွားပြီး၊ စည်းစနစ်အတွင်းမှ အလုပ်လုပ်ခြင်းကို စွန့်လွှတ်လိုက်၏။ ယခု သူသည် ဖျက်ဆီးရေး အလုပ်ကိုသာ လုပ်ရန် ဆုံးဖြတ်ထားတော့သည်။

အဆာဟာရ၏ ဟောပြောချက်များသည်လည်း လူသားမျိုးနွယ် ပျက်သုဉ်းတော့မည်ဟူသော အချက်ကိုသာ တွင်တွင်ဟောပြောနေတော့၏။ အမင်္ဂလာဒုန်ကာလ၏ ရက်စွဲသည် ဆရာသမား၏ စိတ်ပေါ်တွင် မူတည်နေပြီး၊ တစ်ခါတစ်ရံ (၂၀၀၁)ခုနှစ်ဖြစ်၍ တစ်ခါတလေတော့ (၁၉၉၉) ဖြစ်သည်။ သို့သော် ဥမ်ကို ယုံကြည်ကြသူများကတော့ မကြာမီ ကျရောက်တော့မည်ဟုသာ သေချာနေကြ၏။ ထို့ထက် ဂုရုက သူ့တပည့်များကို လူသားတွေကို ကယ်တင်ရန် ဆက်လက်ပြောဆိုခြင်း မပြုတော့ပေ။

(၁၉၉၀)နှစ် နွေဦးရာသီတွင် အဆာဟာရ ဟောပြောခဲ့သည့် "ပျက်စီးခြင်းသို့ ဦးတည်နေခြင်း" ခေါင်းစဉ်သည် စံနမူနာ ဖြစ်၏။

"ကျုပ်တို့ဟာ အမင်္ဂလာဒုန်ဆီကို ဦးတည်နေကြပြီ၊ တကယ်လို့ အသင်တို့ အရှေ့အလယ်ပိုင်း ပြဿနာတွေကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် ထင်ရှားသိသာပါတယ်။ ဒါဖြင့် ဟေလီကြယ်တံခွန်ပေါ်တာ၊ ယူအက်ဖ်အိုတွေ မကြာခဏပေါ်လာတာ၊ ဆိုဗီယက်ယူနီယံမှာ ဒီမိုကရေစီစနစ်လုပ်နေတာနဲ့ သမ္မတစနစ် ကူးပြောင်းနေတာ၊ ဥရောပ စည်းလုံးမှုတွေနဲ့ တခြားကိစ္စတွေ၊ အဲဒါတွေက ကျုပ်တို့ကို ဘာပြောနေသလဲ။ အဲဒီကိစ္စတွေက ကျုပ်တို့ကမ္ဘာကြီးဟာ အဆုံးသတ်ဖို့နီးလာပြီဆိုတာကို ပြောတာပဲ။ အမင်္ဂလာဒုန်ပြီးတော့ ဘာတွေဖြစ်လာမလဲ။ အမင်္ဂလာဒုန်ပြီးတော့ အစွန်းနှစ်ဖက်ဟာ ကွဲပြားသွားလိမ့်မယ်။ တစ်ဖက်ကတော့ အလင်းရောင်နဲ့ အသံရှိတဲ့ ကောင်းကင်ဘုံကို သွားကြရပြီး၊ တခြားတစ်ဖက်ကတော့ ငရဲပြည်ကို သွားကြရမယ်"

အမင်္ဂလာဒုန်အကြောင်းကို အစွန်းရောက်ဂိုဏ်းထဲမှာ အစဉ်မပြတ်ပြောနေကြသည်မှာ ဇာတ်ဆန်ဆန် ထိရောက်နေသည်။ ရွှေကောက်ပွဲရှုံးခြင်း နှင့် တခြားကိစ္စများ ဆုတ်ယုတ်နေခြင်းတို့ ပေါင်းစပ်လျက် ဥမ်၏ ဖူဂျီတောင်ဌာနချုပ်တွင် စိတ္တဇရောဂါတစ်မျိုး စွဲကပ်နေ၏။ အဆာဟာရကိုယ်တိုင်က အကြီးဆုံးဖြစ်သည်။ သူသည် ရွှေကောက်ပွဲတွင် ရှုံးခဲ့ရသူများကို လူကိုယ်တိုင်ခေါ်ယူလျက် ဥမ်၏ လမ်းကြောင်းပေါ်မှာ ရပ်တည်ခဲ့သူများကို ကလဲ့စားချေမည်ဟု ကျိန်ဆိုသည်။

"ဥမ်ရဲ့သားကောင် ဖြစ်ရတယ်လို့ ပြောသူတွေ ငရဲ သွားရမယ်၊ အဲဒါဟာ နည်းလမ်းပဲ"ဟု အဆာဟာရက ကြွေးကြော်ခဲ့၏။

အဓိကပစ်မှတ်သည် ဆန်းဒေမိန်နီဂျီ သတင်းစာ ဖြစ်၏။ ဥမ်ခေါင်းဆောင်များ အစည်းအဝေးတွင် အဆာဟာရက သူ၏နောက်ဆုံး အကြံဉာဏ်ကို ပြောပြသည်။

"ကျုပ်တို့ ထရပ်ကားတစ်စီးထဲမှာ ဗိုင်းနမိုက်ထည့်ပြီး မိန်နီချီ သတင်းစာတိုက်ထဲ မောင်းသွားပြီး၊ ဖောက်ခွဲလို့ မရဘူးလား"ဟု သူကမေးသည်။

သူ့နောက်လိုက်များက ဂုရု၏ အစီအစဉ်များနှင့် ပတ်သက်၍ တခြားနည်းလမ်းနှင့် ဆွေးနွေးကြသည်။

ဤအချိန်တွင် အဆာဟာရသည် စစ်တပ်တစ်တပ် ထူထောင်ရန် အကြံအစည် ဝင်လာပြန်၏။ ပထမခြေလှမ်းအနေဖြင့် စစ်တပ်တစ်ပိုင်း "ရှဲဒိုးရဲအဖွဲ့"တစ်ဖွဲ့ဖန်တီးပြီး အယူသီးဂိုဏ်း၏ ရန်သူများကို တိုက်ခိုက်ရန်နှင့် စစ်ပညာ သင်ကြားလေ့ကျင့်ပေးရန် အကြံဉာဏ် ဖြစ်လေသည်။ သို့သော် သူ၏ အကြံအစည်မှာ ဒီထက်ကျော်လွန်ပြည့်စုံသွား၏။

"အမျိုးသမီးအဖွဲ့ဝင်တွေနဲ့ ကလေးတွေကို အထူးတိုက်ခိုက်ရေး အဖွဲ့ဖွဲ့ရရင် ဘယ်လိုနေမလဲ"ဟု သူက အကြံပြုလိုက်သည်။

"ကလေးတွေကိုတော့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ် အဖြစ် မြင်တွေ့ပြီး၊ သူတို့လူသတ်ရင် ကြီးလေးတဲ့ပြစ်ဒဏ်ရမှာ မဟုတ်ဘူး"

သို့သော် အဆာဟာရသည် သူ၏ထိပ်တန်းအဖွဲ့ဝင်များကို ဤသို့ လျှို့ဝှက်စွာ သင်ကြားပေးနေသည်။

"အသိဉာဏ်အလင်းရတဲ့ လူနည်းစုက လူသတ်တာ တရားတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ သားကောင်တွေကို ပိုမိုမြင့်မြတ်တဲ့နေရာကို ပို့ဆောင်ခြင်းဖြစ်လို့ပဲ"

အဆာဟာရသည် လူငယ်အဖွဲ့ဝင်များကို စုရုံးစေလျက် သူ့လုပ်ငန်း အစီအစဉ်ကို ရှင်းပြရာ သိပ္ပံပညာရှင် စက်မှုပညာတတ် လူငယ်များသည် သူ့ကို ဝိုင်းရံထားလျက် သူတို့ဆရာ ခိုင်းသမျှကို လုပ်ကြရန် စိတ်အားထက်သန်နေကြ၏။ ထိုလူငယ်များက တီထွင်ထားသည်။ အနာဂတ်အတွက် လက်နက်များ၊ ယခုအဆာဟာရ၏ လျှို့ဝှက်စီမံချက်များ၊ ဥမ်၏ အဆင့်မြင့်နည်းပညာ စစ်ရေးကိစ္စများနှင့် လာမည့်စစ်ပွဲအတွက် ဥမ်၏ အရေးကြီးအခန်းကဏ္ဍများကို သူတို့၏ ဆရာကြီးက စိတ်အားဝင်စားစွာ နားထောင်လျက်ရှိ၏။ တချို့သော အစီအစဉ်များကိုမူ သဘောအရှိဆုံးသော နောက်လိုက်များကပင် ယုံကြည်ရန် ခက်ခဲနေကြသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



## ဇီဝဗေဒဓာတ်ခွဲခန်း အမှတ်(၁)

(၁၉၉၀)ပြည့်နှစ် ဧပြီလတွင် အဆာဟာရသည် ဥမ်ဂိုဏ်း၏ လူငယ်သိပ္ပံပညာရှင် တစ်ဦးကို ဖူဂျီတောင်ဌာနချုပ်သို့ ဆင့်ခေါ် လိုက်၏။ သူ့ကို ဖိုက်ဘာဖြင့် ကာရံထားသော အခန်းငယ်တစ်ခုသို့ ခေါ်သွားကြသည်။ ထိုအခန်းထဲမှာ ဂုရုနှင့်ဇနီးတို့သည် ကြမ်းပြင်ပေါ်ရှိ ဖျာတစ်ချပ်ပေါ်မှာ ငြိမ်သက်စွာ ထိုင်နေကြ၏။ ဆရာကြီးသည် ကမ္မဋ္ဌာန်း ထိုင်နေပုံရပြီး၊ သူ့ဘေးတွင် ထိပ်တန်း လက်ထောက်တစ်ဦး ရှိသည်။

အဆာဟာရသည် သူ့မျက်လုံးများကို ဖွင့်ပြီးမေးလိုက်၏။

"မင်း အသက်စွန့်ဖို့ဆန္ဒရှိသလား"

"ဟုတ်ကဲ့"

လူငယ်သိပ္ပံပညာရှင်က ဖြေလိုက်သည်။ ထို့နောက် အဆာဟာရသည် ထိုလူငယ်အား ခေါ်သွားရန် လက်ထောက်များကို အမိန့်ပေးသည်။ အစောင့်များက နောက်တစ်ခန်းမှာရှိသော အခန်းကျယ်ကြီးတစ်ခုသို့ သူ့ကို ခေါ်သွားကြ၏။ အဝင်ဝမှာ ဇီဝဓာတုအန္တရာယ်မှ ကာကွယ်ရန် အသုံးပြုလေ့ရှိသည့် တစ်ကိုယ်လုံးကာကွယ်နိုင်သော ဝတ်စုံများကို တွေ့ရှိရသည်။ ထိုဝတ်စုံများသည် မျက်နှာပိုင်းမှာ ထူထပ်သောအပေါက်နှင့် လိမ္မော်ရောင်အပျော့စား ထူထပ်သည့် ပလတ်စတစ်ပြားများ ပါရှိသောကြောင့် အာကာသဝတ်စုံနှင့်ပင် တူနေသေးတော့သည်။

လက်ထောက်ဆရာတစ်ဦးက "ဝတ်လိုက်"ဟု ပြောသည်။ နောက်အခန်းတစ်ခန်းမှာ သူ့ကို ပတ်ဝန်းကျင်အား ရုတ်တရက် သတိပြုမိလိုက်၏။ သူသည် ဇီဝဓာတ်ခွဲခန်းတွင်းသို့ ရောက်နေလေသည်။ သူ့ပတ်ဝန်းကျင်မှာ အဏုကြည့်မှန်ပြောင်း (မိုက်ကရိုစကုတ်များ)၊ ဓာတုပစ္စည်းများ၊ ခမ်းသပ်ဖန်ပြွန်များနှင့် သံချေးမတက်နိုင်သော ကြီးမားသည့် သံစည်ကြီးများရှိနေ၏။ တခြားလူလေးယောက်နှင့် မိန်းမများသည် ကာကွယ်ရေးဝတ်စုံများ အကုန်ဝတ်ဆင်ကြလျက် ဓာတ်ခွဲခန်းထဲသို့ သတိရှိစွာဖြင့် ဝင်လာနေကြ၏။ သံမဏိစည်ကြီးထဲတွင် သုံးခု (သို့မဟုတ်) လေးခု ခွဲထား





သော လေများရှိသည်။ အပြင်ဘက်မှာတော့ အပူချိန်ကို ထိန်းထားသည့် နိုက်ထရိုဂျင်ရည်များ ရှိသည်။ နောက်ကျောဘက်မှာ ဓာတ်ခွဲခန်းသဲမှ ရေငွေ့များကို ထိန်းချုပ်ရန် စက်ကြီးက အော်မြည်နေ၏။

သိပ္ပံပညာရှင် လူငယ်ကလေးသည် ဤနေရာမှာ ရက်သတ္တပတ်ပေါင်းများစွာ အလုပ် လုပ်ရလိမ့်မည်။ သူနှင့် တခြားလူများသည် သံမဏိစည်ထဲမှ ဓာတ်ပစ္စည်းရည်များကို ပလတ်စတစ်စည်ထဲသို့ လောင်းထည့်ရန် အမိန့်ပေးခံထားရသည်။ ထိုအရည်များသည် ဘက်တီးရီးယားပိုးများကြီးထွားပြန့်ပွားစေသည့် ဆေးတစ်မျိုးဖြစ်ကြောင်း သူ သိနေ၏။ ထိုဆေးရည်များကို ပလတ်စတစ်ကန်ထဲသို့ ပြောင်းထည့်ပြီးသောအခါ သတ္တုဒန်းကြီးများထဲသို့ လောင်းထည့်ပြန်သည်။ ထို့ပြင် ဓာတ်ဘူးကြီးထဲသို့ အခဲအတုံးများဖြစ်သည်အထိ အပူပေးလိုက်၏။ ထို့နောက် သူသည် ထိုအတုံးအခဲများကို အမှုန့်ဖြစ်အောင် လုပ်ပြန်သည်။ အရုပ်ဆိုးသော အရည်များသည် တစ်ခါတစ်ရံ ကြမ်းပြင်ပေါ်သို့ စီးကျနေ၏။ အလုပ်သမားများသည် ဘေးဥပဒ် မဖြစ်စေရန် ကယ်ဆင်းဆိုဒါများကို အလျင်အမြန် ဖျန်းကြရသည်။

နောက်ဆုံးထုတ်လုပ်သည့် ပစ္စည်းသည် ဆေးဝါးတစ်မျိုးဖြစ်ကြောင်း ကြီးကြပ်သူတစ်ဦးက အရိပ်အမြွက် ပြောသည်။ သို့ရာတွင် သူကတော့ သံသယဖြစ်နေ၏။ ဓာတ်ခွဲခန်းထဲမှာ စကားပြောကြည့်သောအခါ သူတို့သည် အောက်ဆီဂျင်မရှိသောအခါ ဥပဒ် ဖြစ်စေသည်။ အနေ၏ဘစ် ဘက်တီးရီးယားတစ်မျိုးကို မွေးမြူနေကြောင်းသိရသည်။ ဘာပဲဖြစ်စေ ထိုဘက်တီးရီးယားသည် အဆိပ် အလွန်ပြင်း၏။

အကြောင်းမှာ ထိုဓာတုပစ္စည်းသည် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများကို သေစေနိုင်သည်။ သစ္စာဂိုဏ်းသည် 'ကလော့စ်ထရီဒီယွမ်ဘိုတ်လီနမ်'ဟုခေါ်သော အစာအဆိပ်ဖြစ်စေသည့် ဘက်တီးရီးယားတစ်မျိုးကို ခမွေးမြူနေခြင်း ဖြစ်၏။*

အမဂေဒုန် ကာလနီးပြီဖြစ်ကြောင်း အဆာဟာရက သူတို့ကို အသေအချာ ပြောနေ၏။ ထိုစစ်ပွဲတွင် တိုက်ခိုက်ရန် ဥမ်အတွက် အကြီးမားဆုံးလက်နက် လိုအပ်နေသည်။ ဆာကာမိုတိုကို သတ်ဖြတ်သည့် လက်နက်ကဲ့သို့ ရက်စက်သောလက်နက်မျိုးကို ဘယ်ခါမှအသုံးမပြုတော့သာမည့်အမှောင်ခေတ်တွင် လူသန်းပေါင်းများစွာ သေကြေစေရန် ဥမ်အဖွဲ့တွင် လူအမြောက်အမြားသေစေမည့် လက်နက် လိုအပ်နေ၏။ မူရိုင်းနှင့် အခြားသိပ္ပံပညာရှင်များသည် ရနိုင်သမျှသော ကျမ်းစာများကို ရှာဖွေပြီး သူတို့၏ ပထမဦးဆုံး ရွေးချယ်သည့်လက်နက်အဖြစ် အစာအဆိပ်ဆေးကို အပြည့်အစုံလုပ်ပြီး ဖြစ်သည်ဆို၏။ သူတို့သည် လျှို့ဝှက် ဓာတ်ခွဲခန်းများကို ဖူဂျီတောင်တွင်သာမက ဘတိုတောင်မှာလည်း တည်ဆောက်ထားပြီး ဖြစ်ကြသည်။ ထို့ပြင် အယူသီးဂိုဏ်းအဖွဲ့က ထိန်းချုပ်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ကဇတ်များထံမှ ရရှိနိုင်သော ဆေးပစ္စည်းများ တိုးပွားမှာကြားထားသည်။ ထိုစီမံကိန်းအားလုံးကို မော်ကျူလာဘိုင်အိုလိုလျစ် သိပ္ပံပညာရှင် ဆိအိချိ အင်ဒိုအ်လက်အောက်မှာ လုံးဝရောက်ရှိနေ၏။ သူသည် ကျိုတိုတက္ကသိုလ် ခိုင်းရပ် သုတေသနဌာနဗဟိုကို စွန့်လွှန်ခဲ့ပြီး၊ ဥမ်အဖွဲ့ကို ဆက်သွယ်ခဲ့သူ ဖြစ်၏။

အာရုံကြောဓာတ်ငွေ့နှင့် မြွေဟောက်အဆိပ်များကဲ့သို့ အစာအဆိပ်သည်လည်း အာရုံကြောကို အဆိပ်ဖြစ်စေသည်။ ထိုအဆိပ်သည် ခန္ဓာကိုယ်၏ အာရုံကြောစနစ်ကို ဖျက်ဆီးပစ်ပြီး ဦးနှောက်မှ သတင်းများ သယ်ဆောင်ပေးသည့် သန်းပေါင်းများစွာသော အာရုံကြောများကို ရှုပ်ထွေးသွားစေသည်။ ဤသတင်းကို အက်ဆီးတီးကိုလင်းခေါ်သော ဓာတုပစ္စည်းတစ်မျိုးက ပြောင်းလဲပေးခြင်းဖြစ်၏။ သူ့အလုပ် ပြီးသောအခါ အင်ဇိုင်းရည်များက အက်ဆီတီးကိုလင်းကို ဖျက်ဆီးပစ်လိုက်သည်။ ပြီးနောက် ဆက်သွယ်မှု အသစ်များလုပ်လေသည်။ သို့သော် နူဂိုတောက်ဆင်းခေါ် အာရုံကြောအဆိပ်များသည် အစာအဆိပ်များကဲ့သို့ပင် အင်ဇိုင်း၏ အလုပ်များကို နှောင့်ယှက်၏။ အက်ဆီးတီးကိုလင်းသည် အာရုံကြောများကို ချက်ချင်းပြန်လည်တည်ဆောက်ပြီး ဝန်အားမနိုင်သော စနစ်နှင့် အလုပ်ကို ပိတ်ပစ်လိုက်တော့သည်။ အသင်၏ အလိုအလျောက် မဟုတ်သော အာရုံကြောစနစ်သည် ဆက်လက်အလုပ်မလုပ်တော့ပေ။ လည်မျိုကိုလည်း မျိုချရန်မပြော၊ အဆုတ်များက အသက်မရှူတော့ဘဲ နှလုံးတွေကိုလည်း မခုန်စေတော့ချေ။

ဤအရာအားလုံးသည် လျှင်မြန်စွာ ဖြစ်ပျက်ခြင်း မဟုတ်။ ခါတိုင်းဆိုရင် (၁၈)နာရီမှ (၃၆)နာရီအတွင်း လက္ခဏာများ စတင်ပေါ်လာ၏။ ထိုအဆိပ်မိသူ သားကောင်သည် မအီမသာ စတင်ဖြစ်လာမည်။ အန်ပြီး ဝမ်းသွားလာသည်။ ဝမ်းဗိုက်အောင့်ပြီး တစ်ခါတစ်ရံ မူးဝေလာတတ်၏။ မျက်ခွံများ မောရောင်၍ ပါးစပ်နှင့် လည်ချောင်းများ ခြောက်သွေ့လာတော့သည်။ ထို့နောက် မျက်နှာတစ်ဝက် လေဖြတ်ပြီး ပိုမိုပြင်းထန်လာကာ တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွား၏။ ထိုအဆိပ်သင့် လူ၏နှလုံးနှင့် အသည်းများ လေဖြတ်သောအခါ အသက်ရှူခြင်းနှင့် သွေးလည်ပတ်မှုတို့သည်လည်း မလွှဲမရှောင်သာ ရပ်ဆိုင်းလေတော့သည်။ အသက်ရှူကျပ်ခြင်း (သို့မဟုတ်) နှလုံးရောဂါတို့ကြောင့် သေဆုံးရလေသည်။

ဥမ်ဂိုဏ်း သိပ္ပံပညာရှင်များသည် ထိုကဲ့သို့ လူသေစေသော အဆိပ်များကို လုပ်သလို မြင်းသွေးရည်ဖြင့် အဆိပ်ဖြေဆေးကိုလည်း ဖော်စပ်ကြ၏။ ဤဆေးများကို အာဆိုတောင်ခြေရှိ ဒုတိယဓာတ်ခွဲခန်းတွင် ဗဟိုပြု၍ လုပ်ကြခြင်း ဖြစ်သည်။ ဤသုတေသနလုပ်ရန် အဆာဟာရက မြင်းများမှ သိပ္ပံပညာရှင်များက သွေးရည်ကြည်ကို ထုတ်ယူကြသည်။







နွေဦးရာသီ ကုန်ဆုံးချိန်တွင် အစာအဆိပ်သည် ဖမ်းဆီးရန် အဆင်သင့်ဖြစ်လာ၏။ အယူသီးဂိုဏ်းသည် မြင်းများနှင့်အတူ ဓာတ်ခွဲခန်း ဆိုင်ရာ စမ်းသပ်ရန် ကြွက်များစွာကိုလည်း ဝယ်ယူသည်။ မိုက်ခရိုဇီဝဗေဒ ပညာရှင် အင်ဒိုသည် အစာထဲမှာ ဆေးမှုန့်များ ရောစပ်ရန် မှာကြားပြီး စောင့်နေ၏။ နောက်ထပ် စောင့်နေ၏။

ဘာတစ်ခုမှ ဖြစ်မလာ။

သူတို့ စမ်းသပ်မှုအောင်မြင်ခြင်း မရှိသောကြောင့် အံ့အားသင့်နေကြသည်။ ယခု အင်ဒိုက အစားအစာများကို တိရစ္ဆာန်များပေါ်သို့ ဖြန့်ကြလိုက်၏။ နောက်ထပ် ဘာမှဖြစ်မလာ။ နောက်ဆုံးမှာ အဆိပ်ကို ဆေးရည်ဖြင့် ဖျော်စပ်ပြီး ကြွက်များကို ဆေးထိုးကြသည်။ ယခုထိ ဘာမှ သက်ရောက်မှုမရှိ။

"ကြွက်တွေသေမှာ မဟုတ်ဘူး၊ ဒါဟာ ဆုံးရှုံးမှုတစ်ခုပဲ"ဟု ကြီးကြပ်သူတစ်ဦးက ညည်းညူသည်။

ဤဆုံးရှုံးမှုသည် ဥမ်အဖွဲ့ဝင်များ၏ အသက်ပေါင်းများစွာကို ကယ်ဆယ်လိုက်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။ အစာအဆိပ်ကို စမ်းလိုက်ပြီးသောအခါ အယူသီးဂိုဏ်းသိပ္ပံပညာရှင်များသည် ပေါ့ဆကြသူများဖြစ်သည်။ အဆိပ်ကို အမှုန့်များဖြစ်အောင် လုပ်ပြီးသောအခါ အသအနများနှင့် အငိုင်းများကို လေထဲမှာ အခဲဖြစ်စေသည်။ အာကာသ ဝတ်စုံဝတ်၍ ကာကွယ်ထားကြသော်လည်း အလုပ်ပြီးသောအခါ သန့်စင်ခြင်းမပြုဘဲ အဝတ်များကို သာမန်ပင် ချွတ်ပစ်လိုက်ကြသည်။

"တကယ်လို့ အဆိပ်မှုန့်သာ အစွမ်းထက်ရင် ကျုပ်တို့အားလုံး သေကုန်ပြီ"ဟု အလုပ်သမားတစ်ဦးက ကျေးလူတင်စကားပြောကြားလေသည်။

ပြဿနာကို သူသိသည်ဟု အင်ဒိုက ယုံကြည်နေ၏။ အဘယ်ကြောင့်ဆိုသော် အစာအဆိပ်ဖြစ်စေသော ဘက်တီးရီးယားများသည် သေးအားနည်းသော အမျိုးအစားဖြစ်၍ အောက်ဆီဂျင်နှင့် တွေ့သောအခါ သေကြေပျက်စီးကုန်ကြ၏။ သူတို့၏ ဓာတ်ခွဲခန်းအတွက် ပိုမိုကောင်းမွန်သော ကိရိယာများ လိုအပ်နေသည်။

အဆာဟာရကမူ စိတ်ပျက်နေသည်။ ထိုကဲ့သို့ အစွမ်းထက်သော သက်နက်ကို ပိုင်ဆိုင်ရတော့မည်ဟု တွေးတောယင်း သူ ရင်ခုန်နေ၏။ သို့ပြင် အယူသီးဂိုဏ်း၏ ပထမတိုက်ပွဲအတွက် ပြင်ဆင်ပြီး ဖြစ်နေသည်။ အင်ဒိုနှင့် မူရိုင်းတို့က နောက်ဆုံးတွင် သူတို့ အောင်မြင်ရမည်ဟု အသေအချာ ပြောသည်။ သူတို့ဆီမှာ အခြား ဇီဝအသက်ကို သေစေနိုင်သော အဆိပ်များ အာရုံကြောအဆိပ်များနှင့် ဆိုင်ယာနိုက်ကဲ့သို့သော အဆိပ်ပေါင်းများစွာရနိုင်ကြောင်း သူတို့က ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာကာယ်ဝင်စစ် အယူသီးဂိုဏ်းသိပ္ပံပညာရှင်များ နောက်တစ်ကြိမ် ကြိုးစားကြဦးမည်။ ထို့နောက် သူတို့ အောင်မြင်ကြမည်။

(၁၃၄၇) ခုနှစ်တွင် မွန်ဂိုများသည် ကရိုင်းမီးယားကျွန်းဆွယ်ပေါ်ရှိ ဂျီနိုစီများ၏ ခံတပ်ကို တိုက်ခိုက် သိမ်းပိုက်လိုက်ကြ၏။ သူတို့၏ တပ်သား များသည် ဘူဘိုနစ်ပလိပ်ရောဂါဆိုက်သဖြင့် သေကြေပျက်စီးကြပြီး၊ လျင် မြန်စွာ ကူးစက်ကုန်သည်။ နောက်ဆုံးတွင် ပလိပ်ရောဂါဖြင့် သေဆုံးသူ များ၏ အလောင်းများကို နံရံတံတိုင်းများပေါ်မှ အဆောတလျှင် ပစ်ချကြ သည်။ ထိုနည်းပရိယာယ်က ထိရောက်၏။ မကြာမီ ဂျီနိုဆီလူမျိုးများ သည် ပလိပ်ကူးစက်ရောဂါကူးရောက် ကုန်ကြသည်။ သူတို့သည် သင်္ဘော များဖြင့် ထွက်ပြေးကြရာ သူတို့နှင့်အတူ ပလိပ်ရောဂါပိုးများ ပါသွားသဖြင့် မြေထဲပင်လယ်ရှိ ဆိပ်ကမ်းမြို့ကြီးများ အထိကျယ်ပြန့်စွာ ကူးစက်ခံကြ ရ၏။ (၁၃၄၉) ခုနှစ်တွင် ထိုကပ်ဆိုးရောဂါကြောင့် ဥရောပတစ်တိုက်လုံးရှိ လူဦးရေ (၂၀) ရာနှုန်းခန့် သေကြေပျက်စီးကြရသည်။

(၁၇၆၃) ခုနှစ် ပြင်သစ်နှင့် အိန္ဒိယန်းလူမျိုးစုများအား ကျောက် ရောဂါကူးစက်အောင် လုပ်ခဲ့ဖူး၏။ ညစ်ပတ်ပေရေသော စောင်နှစ်ထည် နှင့် လက်ကိုင်ပဝါတစ်ထည်ကို အင်ဒီးယန်းလူမျိုးခေါင်းဆောင် ဖနီး မောင်နှံသို့ လက်ဆောင်ပေးလိုက်ရာ ထိုကျောက်ရောဂါ ကူးစက်လေတော့ သည်။

(၁၉၃၀)နှင့် (၁၉၄၀) ပြည့်နှစ်များတွင် တရုတ်ပြည်ရောက် ဂျပန် ဘုရင့်တပ်မတော်သည် ရက်စက်ကြမ်းကြုတ်သော သိပ္ပံနည်းပညာနှင့် ဇီဝဗေဒလက်နက်များဖြင့် တိုက်ခိုက်ခဲ့လေသည်။

ဇီဝဗေဒစစ်ပွဲကို ဘက်တီးရီးယား (သို့မဟုတ်) ပိုးမွှားစစ်ပွဲဟု မကြာခဏ ခေါ်ဆိုကြ၏။ ထိုပိုးမွှားများရရှိရန် ခက်ခဲလေသည်။ ဉာဏ်ဂိုဏ်း သိပ္ပံပညာရှင်များသည်။ ဂျပန်နိုင်ငံတွင် အဆင့်မြင့်ဆုံး ဓာတ်ခွဲခန်းများ တည်ဆောက်ပြီး အလုပ်လုပ်ခဲ့သည်။ ထို့နောက် အမေရိကန်တွင် ဇီဝ ဗေဒကို ကျယ်ပြန့်စွာ လေ့လာကြသည်။ ဘတ်တီးရီးယား၊ ဗိုင်းရပ်၊ မှို စသည့် အဆိပ်ရှိသော ပစ္စည်းများဖြစ်၏။

အစာအဆိပ်ကဲ့သို့သော အဆိပ်များသည် သူတို့ အဆင့်မှာ သူတို့ ရပ်တည်နေကြသည်။ သူတို့သည် ကူးစက်ရောဂါပိုးမွှားများ မဟုတ်ကြ၊ သို့သော် သက်ရှိသတ္တဝါများမှ ထုတ်လုပ်သော အဆိပ်များဖြစ်၏။ ထို့ ကြောင့် အာရုံကြော အဆိပ်ငွေ့ကဲ့သို့ ဓာတုပစ္စည်းနှင့် ပိုမိုနီးစပ်ခြင်း ဖြစ်သည်။

စစ်အေးကာလ နက်ရှိုင်းသည့် အချိန်က စစ်ဘက်ဆိုင်ရာ သိပ္ပံ ပညာရှင်များသည် ကမ္ဘာပေါ်တွင် လူအသေနိုင်ဆုံး ဆေးပစ္စည်းတစ်မျိုး မျိုးကို ကမ္ဘာအနှံ့ ရှာဖွေခဲ့ကြ၏။ ပင်တာဂွန်စစ်ဌာနချုပ်သည် တောင် အမေရိကတိုက်ရှိ သစ်တောများသို့ အကြိမ်ကြိမ် သွားရောက်ပြီး၊ အဆိပ်



ပြင်းစေသည့် သစ်ပင်အမျိုးပေါင်း တစ်ရာကျော်နှင့် မြွေ၊ ပင့်ကူနှင့် အဆိပ် ပြင်းသောမှိုများကို ရှာဖွေခဲ့ကြသည်။

ဥပမာ တစ်ခုကတော့ လူကို လေဖြတ်ရောဂါဖြစ်စေသည့် မုတ် ကောင်၏ အဆိပ်များဖြစ်၏။ ထိုအဆိပ်၏ အာနိသင်မှာ မျက်နှာတစ် ခြမ်းတွင် တဖျဉ်းဖျဉ်း ကိုက်ခဲလာပြီး ခံစားမှု ဆုံးရှုံးခြင်းဖြစ်သည်။ နောက် ဆုံးတွင် လေဖြတ်ပြီး သေဆုံးသွားသည်။

ဇီဝဗေဒသမားများက ဓာတုလက်နက်ကို "ဆင်းရဲသား အဏုမြူ ဗုံး"ဟု ခေါ်ဆိုကြ၏။ ခေတ်သစ်အကြမ်းဖက်မှု ကာလတွင် ထိုအဆိပ် သက်နက်များသည် ရွေ့ပြောင်းလူသတ်လက်နက်များ ဖြစ်နေသည်။ အမေရိ ကန် ကွန်ဂရက်လွှတ်တော်က လေ့လာချက်တွင် (၁၉၇၂) ခုနှစ်ကထက် သုံးဆပိုလာကြောင်း သိရှိရ၏။ ဇီဝလက်နက်ဖြင့် တိုက်ခိုက်နေသော တိုင်း ပြည်များထဲတွင် အီရတ်နှင့် အီရန်၊ မြောက်ကိုရီးယား၊ လစ်ဗျားနှင့် ဆီးရီး ယား၊ တရုတ်ပြည်နှင့် ထိုင်ဝမ် တို့ဖြစ်ကြသည်။ (၁၉၉၁)ခုနှစ် ပင်လယ် ကွေ့စစ်ပွဲ စတင်သည့်အခါ အီရတ်သည်လည်း လိင်ရောဂါပိုးနှင့် အစာ အဆိပ်များပါသော အနည်းဆုံးဗုံးအလုံး(၂၀၀)နှင့် စကဒ်ဒုံးကျည်များ တပ်ဆင်ထား၏။ ထိုသတင်းများကို ပြည်သူ့စာကြည့်တိုက်များနှင့် အင်တာနက်တို့မှတစ်ဆင့် ကျယ်ပြန့်စွာ သိနိုင်သည်။ အဏုမြူနှင့် ဓာတု ဗေဒ လက်နက်များနှင့် မတူဘဲ ဇီဝအဆိပ်လက်နက်များကိုမူ နိုင်ငံတကာ ထိန်းချုပ်မှု မရှိသေးချေ။ အကြမ်းဖက်သမားများသည် အဏုမြူဗုံးတစ်လုံး ပိုင်ဆိုင်သေးမီ သူတို့သည် ဇီဝဗေဒလက်နက်များဖြင့် တိုက်ခိုက်ကြလိမ့် မည်ဟု နှစ်ပေါင်းများစွာကပင် ကျွမ်းကျင်သူပညာရှင်များက သတိပေးခဲ့ ကြလေသည်။

ဉာဏ်ဂိုဏ်းသည် "အဆိပ်ဖြင့် အကြမ်းဖက်လုပ်ငန်းလုပ်ခြင်းသည် ပထမအကြိမ် မဟုတ်သေးချေ။ (၁၉၇၂)ခုနှစ်တွင် အမေရိကန် အာဏာ ပိုင်များသည် ပြည်တွင်းမှာ ကြီးထွားလာသည့် 'တက်သစ်စနေဝန်း' အဖွဲ့ ဟု အမည်ပေးထားသည့် ဖက်ဆစ်အဖွဲ့တစ်ဖွဲ့အား အများပြည်သူ ကျန်း မာရေး ထိခိုက်ပျက်စီးအောင်လုပ်သဖြင့် ဟန့်တားခဲ့ရဖူးသည်။ ထိုနာဇီ တက်သစ်အဖွဲ့အား တိုက်ဖွိုက်ဘက်တီးရီးယားပိုး မွေးမြူထားသည်ကို ဖမ်းဆီးရမိခြင်း ဖြစ်၏။ အနောက်အလယ်ပိုင်းဒေသရှိ မြို့ကြီးများရှိ ရေပေးဝေရာများတွင် အဆိပ်ခတ်ရန် အကြံအစည်ကိုလည်း ဖမ်းဆီး ဖော်ထုတ်ခဲ့ရသည်။

ထို့နောက် ပါရီမြို့တွင် (၁၉၈၀)ပြည့်နှစ်က ဂျာမန်တပ်နီရုံးစိုက် ရာ အဆောက်အအုံအား ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ အတူလုပ် ထားသော တရွက်စာတမ်းများနှင့် ဗုံးပြုလုပ်သည့်နည်းပါသည့် စာအုပ်များ နှင့် ဘက်တီးရီးယားပိုး ကူးစက်ခြင်းနှင့် ပတ်သက်သည့် ထုတ်ဝေသောစာ စောင်များကို သိမ်းဆည်းရမိခဲ့၏။ သံသယဖြစ်သည်မှာ ရေ့တွင် လက်



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ဆရာဝန်လုပ်ပြီး ညတွင် အကြမ်းသမားဖြစ်သူတစ်ဦး၏ မှတ်စုစာရွက်များကို စတင်တွေ့ရှိစဉ်က ဖြစ်၏။ ထို့ပြင် ရေချိုးခန်းထဲမှာ ဓာတ်ခွဲခန်းပြုလုပ်ထားပြီး၊ ကလော့ရိဒီယံ အစာအဆိပ်များကို ဘူးများစွာထဲတွင် ထည့်ထားသည်ကို တွေ့ရသည်။ ထိုအဆိပ်ကို နောင်တွင် ဥုမ်အဖွဲ့က အသုံးပြုသည်။ စာစောပိုင်းက အကယ်၍ အခြေခံဝါဒီ ရှေ့နေများအား အချုပ်ခံနေရသော သူတို့ရဲဘော်အား လျှောက်လဲခွင့်မပေးပါက ဂျာမနီပြည်ရှိ မြို့များမှ သောက်ရေ ပေးဝေရာဌာနများကို အဆိပ်ခတ်ပစ်မည်ဟု ထိုအကြမ်းဖက်အုပ်စုက ခြိမ်းခြောက်ခဲ့သေးသည်။

အခြား အဖြစ်အပျက်တစ်ခုကတော့ (၁၉၈၄)ခုနှစ်မှာ ဖြစ်၏။ လူ (၇၁၅)ယောက်သည် အိုရီဂွန်ပြည်နယ်ရှိ အန်ထီလုပ်မြို့တွင် ဆယ်မိုနယ်လာအဆိပ်များ ယူဆောင်ပြီး၊ ဆင်းလာသည့်အခါ စဉ်းစားရခက်သည့် ကိစ္စဖြစ်လာသည်။ ထိုမြို့ကလေးတွင် အိန္ဒိယလူမျိုး ဂုရုတစ်ဦးဖြစ်သူ ဘဂဝန်ရှရီရာနီးက ဦးဆောင်သည့် လွတ်လပ်စွာ ချစ်ခွင့်ရှိသော အဖွဲ့တစ်ဖွဲ့ ရှိ၏။ ဥုမ်ဂိုဏ်းကဲ့သို့ပင် အဖွဲ့ဝင်ဂိုဏ်းသားများသည် အိမ်နီးနားချင်းများနှင့်အတူ မနေကြရပေ။ ဖျားနာခြင်းနောက်ကွယ်မှာ အယူသီးဂိုဏ်း အထက်တန်းအရာရှိများရှိပြီး၊ သူတို့သည် မြို့ကော်မတီရွေးချယ်ပွဲကို လှုပ်ရှားစေရန် ရည်ရွယ်လျက် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များကို အဆိပ်ခတ်ကြသည်။ နောက်နှစ်လခန့်ကြာသောအခါ ကနေဒါလမျိုး ဇနီးမောင်နှံနှစ်ဦးကို အဆိပ်များနှင့်အတူ သက်ဆိုင်ရာက ဖမ်းဆီးရမိခဲ့သည်။

(၁၉၉၀) ပြည့်နှစ် ဧပြီလရောက်သောအခါ ဆီအိုချီအင်ဗိုသည် အစာအဆိပ်များကို မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို သိလာ၏။ ထို့အပြင် ဥုမ်ဂိုဏ်း မိုက္ကရိုဇီဝသိပ္ပံပညာရှင်များသည် နေရာကျယ်ကျယ်ပြန့်ပြန့် အဆိပ်သင့်စေနိုင်သော ဆေးဖျန်းလက်နက်တစ်မျိုးကို တီထွင်နိုင်ကြလေသည်။

ထိုသတင်း ကြားရသောအခါ အဆာဟာရသည် အလွန်စိတ်အားတက်ကြွနေ၏။ ထိုလက်နက်သည် အချိန်မီရောက်လာသည်။ အကြောင်းမှာ ဥုမ်ဂိုဏ်းသည် အဖွဲ့ဝင်နှင့် ငွေကြေးများ ဆက်လက်ဆုံးရှုံးနေသောကြောင့်ဖြစ်၏။ ဂုရုကြီးသည် သူ၏ ထိပ်တန်းလက်ထောက်များနှင့် အကြံအစည်တစ်ခု ထုတ်လိုက်သည်။ အဆာဟာရ၏ အာရုံထဲတွင် ကြောက်မက်ဖွယ်ရာ အမြင်တစ်မျိုးတွေ့နေရကြောင်း၊ ထိုအရာသည် ဘာဖြစ်သည်ဟု မည်သူမျှ မပြောနိုင်ကြောင်း၊ ကမ္ဘာမြေကြီးအနီးက ဖြတ်သန်းသွားသည့် ကြယ်တံခွန်ကြီးတစ်လုံးသည် ဂျပန်ပြည်ကို လာရောက်တိုက်တော့မည်ဖြစ်ကြောင်း၊ ဖူဂျီတောင်ထဲမှ မြုံနေသော မီးတောင်ကြီးပေါက်ကွဲပြီး လူထောင်ပေါင်းများစွာ သေကြေမည်၊ ဂျပန်ပြည်သည်လည်း ပင်လယ်ထဲ နစ်မြုပ်တော့မည်ဟူသော ကောလာဟလသတင်းများ လွှင့်ထုတ်နေကြသည်။





ကောလာဟလသတင်းလွှင့်ခြင်း ရည်ရွယ်ချက်မှာ ဂျပန်လူမျိုးများအား အိုကီနာဝါကျွန်းတောင်ပိုင်းရှိ အစ်ရှိဂါကီကျွန်းပေါ် သွားရောက်ရန် အားပေးခြင်းဖြစ်၏။ ဥုမ်အဖွဲ့ဝင်များသည်။ 'ဂုရုနှင့်အတူ ကြယ်တံခွန်ကြည့်ရန် ခရီးသွားလက်မှတ်များ'ကို ရောင်းချကြသည်။ ထိုခရီးဝေးသောသွားသည့်သာလျှင် ဂျပန်နိုင်ငံမှာ လုံခြုံစိတ်ချရသော တစ်ခုတည်းသောနေရာဖြစ်ကြောင်း ပြောကြသည်။ သူတို့ပြောကြားချက်များကို သက်သေပြရန် ဂျပန်ပြည်ပါလီမန် ဒိုင်းယက်လွှတ်တော် အဆောက်အအုံအားအာရုံကြော အဆိပ်သင့်စေသော အဆိပ်ဖျန်းထားသည့် စောင်များဖြင့် နှစ်ပတ်ထားရန် ကြံစည်ကြလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## မြင့်မြတ်သောအလုပ်

နှစ်ပေါင်း(၂၀)ကြာအောင် အမေရိကန်ပြည်သူများ မသိရှိဘဲ အမေရိကန်အစိုးရသည် ဇီဝဗေဒလက်နက်အတုဖြင့် သူတို့အား စစ်ဆင်ရေးလုပ်ခဲ့သည်။ (၁၉၄၉)ခု နှင့် (၁၉၆၉) အကြားကာလတွင် အမေရိကန်စစ်တပ်သည်(၂၃၉)ကြိမ်မျှ ထောက်လှမ်းရေးနှင့် ပင်တဂွန်စစ်ဌာနချုပ်က အန္တရာယ်မရှိဟု ယူဆထားသည့် ဘက်တီးရီးယားပိုးပါသော ဗုံးများကို စမ်းသပ်ခဲ့သည်။ သူလျှိုများကို ဆန်ဖရန်စစ္စကို ဆိပ်ကမ်းမှ သင်္ဘောပေါ် တင်လွှတ်လိုက်ပြီး နယူးယောက် မြေအောက်ရထားလမ်းများတွင် ဖြန့်ကြက်စေသည်။ ထို့နောက် မင်နီယာပိုလစ်နှင့် စိန့်လူဝစ် မြို့မလမ်းများတွင် ဗုံးခွဲကြသည်။ အိမ်ဖြူတော်နှင့် ပင်တဂွန် စစ်ဌာနချုပ်တို့တွင်လည်း ဟန်ဆောင်တိုက်ပွဲများ ဆင်နွှဲကြ၏။ ဤစမ်းသပ်ပွဲက ဇီဝဗေဒလက်နက်များသည် ကြောက်မက်ဖွယ်ကောင်းအောင် သေစေနိုင်ကြောင်း ပြသလိုက်သည်။ အသေခံ တပ်သားများသည် ဇီဝဗေဒအဆိပ်ပိုး နှစ်ပုလင်းလောက်ကို လေပိုက်တစ်ခုထဲသို့ ထည့်လိုက်ခြင်းဖြင့် ပင်တဂွန်ဌာနချုပ် တစ်ခုလုံးကို ညစ်ညမ်းအောင် ပြုလုပ်နိုင်ကြောင်း တွေ့ရှိကြရ၏။

စီအိုင်အေကလည်း အလားတူ ကြောက်စရာကောင်းသော နည်းပညာတစ်ရပ်ကို စမ်းသပ်ရန်ကြိုးစားခဲ့သည်။ (၁၉၅၀)ပြည့်နှစ်များ စောဦးပိုင်းက သူလျှိုများသည် နယူးယောက်မြို့တွင်းပတ်လည်သို့ ကားဖြင့်မောင်းနှင်သွားကြပြီး၊ ကျယ်ပြန့်သော မြို့တော်လမ်းမကြီးများပေါ်သို့ ဘက်တီးရီးယားပိုးများကို ပိုက်ဖြင့် ဖျန်းပက်လိုက်ကြ၏။ သူတို့၏ ဆောင်ရွက်ချက်ရလဒ်သည် အထင်ကြီးစရာ ဖြစ်ခဲ့လေသည်။

ဥမ်ဂိုဏ်းသည် စီအိုင်အေ၏ နည်းလမ်းကို ရွေးချယ်ဆုံးဖြတ်ခဲ့၏။ (၁၉၉၀) ပြည့်နှစ်၊ ဧပြီလတွင် အယူသီးဂိုဏ်းသားများသည် ကားတစ်စီးကို အထူးဆေးဖျန်းကိရိယာ တပ်ဆင်ကြပြီး၊ အစာအဆိပ်ဆေးရည်များ ဖြည့်ထည့်ကြသည်။ ထို့နောက် သူတို့သည် ဗိုင်းယက်လွှတ်တော် အဆောက်အအုံတစ်ဝိုက် ကားမောင်းနှင်ကြပြီး၊ အရောင်မရှိသော အာရုံ



ကြောအဆိပ်ငွေ့များကို လွှတ်ထုတ်ကြသည်။

ဥမ်အဖွဲ့သားများက ဤသို့ အဆိပ်ဖျန်းနေကြစဉ် နိုးကိုအဆာဟာရသည် ဝေးလံသော အိုကီနာဝါကျွန်းတွင် အစည်းအဝေးကျင်းပလျက်ရှိပြီး၊ နောက်လိုက်များကို ကမ္ဘာကြီးနောက်ဆုံးနေ့ ရောက်တော့မည်ဟု သတိပေးနေ၏။ ထိုအကြံအစည်သည် ဂုရုနှင့် လက်ထောက်များအတွက် အလွန် ကောင်းသည်ဟု ထင်ရသည်။ ထိုနေ့ မတိုင်မီ တစ်ရက်တွင် ရာပေါင်းများစွာ သို့မဟုတ် ထောင်ပေါင်းများစွာသော အစိုးရအရာရှိများသည် မအီမသာ ဝေဒနာ ခံစားရပြီး၊ လေသင်တုန်း ဖြတ်သောကြောင့် ဗွားသွားနေကြရလိမ့်မည်ဟု ဆို၏။

ဗိုင်းယက်လွှတ်တော်သည် လုပ်ငန်းများ ရပ်ဆိုင်းသွားပြီး၊ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စီးပွားရေးပျက်ကပ်ကြီး ဖြစ်လာမည်။ ထို့ပြင် နိုးကိုအဆာဟာရ၏ ဟောကိန်းများမှန်ကန်သဖြင့် အများပြည်သူအတွက် ရှင်းလင်းသွားလိမ့်မည်။

အဆာဟာရက အမင်္ဂလာပုန်အကြောင်း ဟောပြောနေသော်လည်း တိုကျိုမြို့ထဲတွင်မူ ခါတိုင်းကဲ့သို့ သွားလာလုပ်ကိုင် မပျက်ဘဲ ရှိနေ၏။ ဥမ်ဂိုဏ်း၏ ထိပ်တန်းသိပ္ပံရှင်များသည် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ ဆေးဝါးကြောင့် သေကြေပျက်စီးခြင်းနှင့် အစိုးရအဖွဲ့ ဖျက်သိမ်းကြောင်း သတင်းများကို ရှာဖွေစုံစမ်းကြသော်လည်း သတင်းမရရှိကြချေ။ သို့သော်ဘာမှ ဖြစ်ပျက်ခြင်း မရှိပေ။ ဂျပန်ပါလီမန်တွင်လည်း သာမန်အချိန်ကဲ့သို့ ငြီးငွေ့ဖွယ်ရာ အလုပ်များသာ လည်ပတ်လုပ်ကိုင်နေကြ၏။ မစ္စတာအင်ဒိုသည် ဥမ်ဂိုဏ်း ဓာတ်ခွဲခန်းသို့ ဝမ်းနည်းစွာ ပြန်သွားပြီး၊ နောက်တစ်ခါ ရောဂါကျရောက်စေမည့် သိပ္ပံပညာရပ်တစ်ရပ် တွေ့ရမည်လားဟု သူမျှော်လင့်နေသည်။

အင်ဒိုအတွက် ကံကောင်းသည်ကတော့ သူ၏နောက်ဆုံး ရှုံးနိမ့်မှုကို ဂုရုက ဂရုမစိုက်နိုင်ခဲ့ခြင်းဖြစ်၏။ ဥမ်ဂိုဏ်း မြို့ပြမှ ဆုတ်ခွာခဲ့ပြီး တိုကီနာဝါကျွန်းပေါ်သို့ ရောက်လာသောအခါ ထိုရှုံးနိမ့်မှုအစား စိတ်ဓာတ်မြင့်တင်ခြင်း၊ အဖွဲ့ဝင်အသစ်များရရှိခြင်းနှင့် ဝင်ငွေပိုမိုရရှိခြင်းတို့ကြောင့် အောင်မြင်နေသည်။ အဆာဟာရ၏ ဖိတ်ခေါ်မှုကို လူတစ်ထောင်လောက်က အဖြေပေးကြပြီး၊ ဒေါ်လာ(၂၀၀၀)စီ ပေးလှူကြသည်။

အယူသီးဂိုဏ်းသည် အဖွဲ့ဝင်များထံမှ ဥစ္စာစည်းစိမ်ရအောင် လုပ်ကြံသည်။ ဒေါ်လာသန်းပေါင်းများစွာ လိမ့်ဝင်လာသည်။

(၁၉၉၁) ခုနှစ်တွင် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ဆပ်ပြာပူဖောင်းပေါက်ကွဲသည်မှာ ရှင်းနေသည်။ အိမ်မြေယာနှင့် စတော့ဈေးများသည် အမြင့်ဆုံးမှ တစ်ဝက်သို့ ကျဆင်းသွားရာ ရာစုနှစ်များအတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးအဆိုးဆုံး အခြေအနေသို့ ရောက်ရှိသွား၏။ ဥမ်ဂိုဏ်း၏ မြေယာအဆောက်အအုံ တန်ဖိုးသည်လည်း ဖောက်ထိုးကျဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အယူသီးဂိုဏ်းအတွက် အနည်းငယ်သာ ထိခိုက်သည်။ အဆာဟာရသည် မြေယာများကို ရှာဖွေစုဆောင်းရန် စိတ်ဝင်စားပြီး၊ ရောင်းချခြင်း မပြုပေ။ ထို့ပြင် သူသည် စိတ်ရှည်နိုင်စွမ်း ရှိလေသည်။ ထပ်လောင်း၍ပြောရလျှင် ဆပ်ပြာပူဖောင်းကွဲခြင်းသည် ဂျပန်လူမျိုးများအတွက် ပိုက်ဆံကိုးကွယ်မှုကို အဆုံးသတ်စေ၏။ ငွေကြေးနတ်ဘုရားများနှင့် လွယ်ကူသော ခရက်ဒစ်အကြွေးများ သေဆုံးသွားသည်။ ထို့ပြင် ပြည်သူတို့သည် ပိုမို အဓိပ္ပာယ်ရှိသောအရာကို ရှာဖွေကြသည်။ အဆာဟာရသည် သူ၏ သင်တန်းတွင် "ဤညစ်ပတ်သော ရမ္မက်ကမ္ဘာ"ဟု ပြော၍ သူ၏ စိတ်ပိုင်းချမ်းသာမှုရှာဖွေသည့် လုပ်ငန်းတွင် ပါဝင်ရန် သူ့ဂျပန်မိတ်ဆွေများကို ပြောသည်။

ထိုဂျပန်မိတ်ဆွေများကလည်း ဉုမ်ဂိုဏ်းသို့ ဝင်ရောက်ကြ၏။ (၁၉၉၁)ခုနှစ်တွင် ယုံကြည်သူပေါင်း (၇၀၀၀)အထိ ရှိလာပြီး၊ အမေရိကန်နှင့်ဂျာမနီနိုင်ငံမှ လက်တစ်ဆုပ်စာ ကိုးကွယ်ဆည်းကပ်သူများလည်းပါ၏။ အလှူငွေများ စီးဝင်လာသောကြောင့် ဉုမ်ဂိုဏ်းသည် တိုက်တာအိမ်ယာများကို စတင် ဝယ်ယူလေတော့သည်။ မြို့ငယ်များတွင် ဉုမ်ဂိုဏ်းဌာနခွဲအသစ်များကိုလည်း ဖွင့်လှစ်၏၊ ဌာနဟောင်းကို တိုးချဲ့၏။ ထို့ပြင် တိုကျိုမြို့တွင် ကိုးခုတင်ဆံ့ဆေးရုံ ဖွင့်လှစ်သည်။ ဗျာဒိတ်တော်နေ့ ကျရောက်ရန် နှစ်အနည်းငယ်လိုသေးသဖြင့် ဖူဂျီတောင်ဌာနချုပ်တွင် နေ့ရောညပါ အလုပ်များနေကြ၏။ အဆောက်အအုံ အသေးစားရော အကြီးတွေနှင့်ပါ စည်ကားနေသည်။ အဆာဟာရ၏ အိပ်မက်ဖြစ်သော ကိုယ်တိုင်တည်ဆောက်သည့် အသိုင်းအဝိုင်းအဖြစ် နေအိမ်များ၊ အလုပ်ရုံများ၊ ရုံးခန်းများ၊ ဆေးခန်းတစ်ခု၊ ကျောင်းတစ်ကျောင်းနှင့် ဘာသာရေး သင်တန်းနေရာများဖြင့် ပြည့်စုံနေလေသည်။

ဉုမ်ဂိုဏ်းအားကြည်ညိုသူ (၁၅၀၀)ကျော်သည် ဉုမ်ဂိုဏ်း အသိုက်အမြုံတွင် နေထိုင်ကြပြီး၊ သူတို့သည် တောက်ပြောင်သော ဉုမ်ဘုရင့်နိုင်ငံကို စိတ်ကူးယဉ်နိုင်ငံအဖြစ် တည်ဆောက်နေကြသည်ဟု ယုံကြည်နေကြ၏။ တကယ်တမ်းကျတော့ သူတို့သည် လူအမြောက်အမြားကို သတ်မည့် စက်ယန္တရားတစ်ခု၏ ခွေးသွားစိပ်ကလေးများသာ ဖြစ်ကြသည်။

ဉုမ်၏ ဝိညာဉ်မဲ့ ခြံမြေများသည် ဖူဂျီတောင်ခြေ၏ အနောက်မြောက်ဘက်မှာ ပြန့်ကြနေ၏။ နိုင်ငံခြားသားခရီးသည်များ အရောက်ပေါက်နည်းပြီး ရပ်ဝေးဒေသမှာ လယ်ယာစိုက်ပျိုးသည့် ကျေးရွာဖြစ်သော ကာ မိကူအိရှိကီတွင်မူ သူတို့ အိမ်အနီးတွင် ဉုမ်ဂိုဏ်းက အဆောက်အအုံများဆောက်သည်ကို စောင့်ကြပ်ကြည့်ရှုနေကြ၏။ အဆောက်အအုံတိုင်းသည် စည်သွပ်ဘူးစက်ရုံနှင့် တူကြပြီး၊ သံဆူးကြိုးများ ရှိသည်။ ထောင့်တိုင်းတွင် ကင်းစောင့်တဲများ ဆောက်ထား၏။ လမ်းများပေါ်တွင် နှစ်ဆန်းနှင့် တိုယိုတာပစ်ကပ်ကားများက လေးလံသောကိရိယာများကို တင်





ဆောင်လျက် သွားလာရှုပ်ထွေးနေကြသည်။ အိမ်ဝိုင်းများထဲတွင် ကနိန်းတော်ကြီးများသည် အိမ်ဆောက်ပစ္စည်းများကို ခေါင်မိုးများပေါ်သို့ တင်ပို့သက်ရှိ၏၊ နှစ်ဆယ့်လေးနာရီလုံး အဆောက်အအုံဆောက်သံနှင့် အသံချဲ့စက်များ မန္တန်ရွက်ဖတ်သည့် အသံများက ကျေးလက်ငြိမ်းချမ်းမှုကို ချက်ဆီးနေသည်။

ထိုခြံဝိုင်းထဲတွင် အဆာဟာရ၏ ဟောပြောပို့ချချက်များနှင့် အယူသီးဂိုဏ်း၏ 'ဝိဇ္ဇာရယနသက္က'အမည်ရှိ မဂ္ဂဇင်းထုတ်ဝေရန် အယ်ဒီတာအဖွဲ့ ရုံးခန်းလည်း ရှိ၏။ ဝိဇ္ဇာရယနသက္ကသည် သင်္သကရိုက်စကားဖြစ်ပြီး "မပျက်စီးနိုင်သော သစ္စာတရား"ဟု အဓိပ္ပာယ်ရလေသည်။ ဒီဇိုင်းဌာနက ဂုရုရုပ်ပုံကို မန်ဂါခေါ် ကော့မစ်နည်းဖြင့် သရုပ်ဖော်ရေးဆွဲထား၏။

အဝတ်အထည်ဆိုင်တစ်ဆိုင်က ဝတ်ရုံများနှင့် ဘာသာရေးဝတ်စုံများကို ထုတ်လုပ်ပေးသည်။ ဂိုဏ်းအဖွဲ့ဝင်များသည် သူတို့၏ ကောင်းမွန်သောအလုပ်က စိတ်ပိုင်းဆိုင်ရာ အကျိုးရှိလိမ့်မည်ဟု ယုံကြည်လျက် အပြင်းအထန် အလုပ်လုပ်ကြသည်၊ ထို့ပြင် အယူသီးဂိုဏ်း၏ တင်းကျပ်သော အုစဉ်အလာအောက်မှာ အဆင့်မြင့်တက်လာမည်ဟု မျှော်လင့်ထားကြသည်။ ဉုမ်ဂိုဏ်းခေါင်းဆောင်များတွင် ကိုယ်ပိုင်အိမ်ခန်းများ ရှိ၍ သူတို့ ထင်သလို ဝင်ထွက်သွားလာကြ၏။

ဉုမ်အဖွဲ့ဝင်တစ်ဦး၏ နေ့တစ်နေ့သည် နံနက် ခုနစ်နာရီလောက်မှာ စတင်သည်။ ယောဂီအကျင့်မှ မှီငြမ်းပြုထားသည်၊ ဝတ်ပြုသန့်စင်ခြင်းလုပ်ရာတွင် အယူသီးဂိုဏ်းသားတစ်ယောက်သည် သူ၏နှာခေါင်းကို ရေနွေးပူနှင့် လောင်းပြီး၊ နှာခေါင်းပေါက်နှင့် ပါးစပ်ထဲသို့ အပ်ချည်ကြိုးများသွင်းသည်။ တခြားသန့်စင်ရေးနည်းမှာ ရေ တစ်ဆယ်ပုလင်းကို သောက်ပြီး အန်ထုတ်ခြင်းဖြင့် ဒဏ်နှစ်ဆပေးခြင်း ဖြစ်၏။ ဂိုဏ်းဝင်များသည် တစ်နေ့လျှင် နှစ်ကြိမ်မျှ ရွေးချယ်သန့်စင်ခြင်းမပြုသော ဆန်၊ ပင်လယ်ရေမှော်၊ ပဲနှပ်နှင့် အရသာမဲ့ သစ်ရွက်ပြုတ်များကို "ဉုမ်အစားအစာ"များဟု အမည်မှည့်ကာ စားကြရသည်။ ထိုဘာသာရေးသင်တန်းများတွင် 'မြင့်မြတ်သော အဂ္ဂိဝတ်ပြုခြင်း' ဟုခေါ်သည့် ပူဇော်ပွဲတွင် တစ်နေ့တစ်ကြိမ် ဤကဲ့သို့ စားသုံးကြရ၏။ ထိုအစားအစာများမှာ ဂေါ်ဖီထုပ် နှစ်ထုပ်၊ နောက်နေ့များတွင် လိမ္မော်သီးဒါဇင်ပေါင်းများစွာကို မကုန်မချင်း အတင်းအကြပ် စားနိုင်းသည်။ နောက်များမှာတော့ သူတို့သည် ထိုအစား အစာများကို လွှင့်ပစ်ကြလေတော့သည်။

ဂိုဏ်းသားများသည် ဂုရုက ချီးမြှင့်သည်ဟု ယူဆရသော "သန့်ရှင်းမြင့်မြတ်သောရေ"ဟုခေါ်သည့် ပိုက်ခေါင်းမှ ရေကို သောက်ကြ၏။ ထိုရေများကို သတ္တုစည်များတွင် သိုလှောင်ထားပြီး အပြင်မှာ ဖွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေစည်ထဲမှာ ရေညှိတွေတက်ပြီး၊ တစ်ခါတစ်ရံ ခြင်ဥတွေရှိတတ်ပါတယ်"ဟု အဖွဲ့သားတစ်ဦးက ပြန်ပြောသည်။ သူမသည် အစ်ကိုကဲ့သို့ပင် ညစ်ညမ်းသောရေကို စိတ်မပါဘဲ သောက်ခဲ့ရ၏။ လက်ဖက်ရည်၊ ကော်ဖီ၊ အရက် (သို့မဟုတ်) ချိုးမြှင့်ခြင်းမပြုသော ပိုက်ခေါင်းရေ သောက်ခြင်းကို တားမြစ်ထားသည်။

ဉာဏ်အလင်းဓာတ်ရသူများသည် တစ်နေ့လျှင် သုံးနာရီသာ အိပ်သင့်သည်ဟု အယူသီးဂိုဏ်းသားများက ယူဆကြသည်။ အဖွဲ့ဝင်သစ်များကမူ နေ့စဉ်ပျမ်းမျှ ငါးနာရီခန့် အိပ်ခွင့်ရကြ၏။ အလုပ်ချိန်များများလုပ်ပြီး၊ အိပ်ချိန်နည်းနည်းဖြင့် အာဟာရနည်းသော အစားအစာများကို စားရသဖြင့် အဖွဲ့ဝင်များစွာသည် အားအင်ချည့်နဲ့လာကြပြီး၊ သူတို့ကို ထိန်းချုပ်ရန် လွယ်ကူနေသည်။

"အဲဒီတုန်းက ကျွန်တော့်ခေါင်းတွေ မူးဝေနေတယ်၊ ကျွန်တော်ဟာ အိပ်ရာကနိုးနေလို့တောင် မရခဲ့ဘူး"ဟု အယူသီးဂိုဏ်းဝင်တစ်ဦးက သူ၏ နေ့စဉ်မှတ်တမ်းထဲမှာ ရေးခဲ့သည်။

ဥုမ်ဂိုဏ်း အဖွဲ့ဝင်ထဲမှ ကလေးလေးပုံတစ်ပုံခန့်သည် စာသင်ကျောင်းမှာ နေခွင့်မရကြချေ။ ငါးနှစ်သားအရွယ် ကလေးများအား အဒေါ့ဖ်ဟစ်တလာကို လေးစားကြရန်နှင့် ဟစ်တလာအသက်ရှင်လျက်ရှိသောကြောင့် သင်ကြားထားသည်။ ကလေးများ သင်တန်းဇယားတွင် အဆာဟာရ၏ သင်ကြားချက်များ အယူသီးဂိုဏ်းတရားစာ ရွတ်ဖတ်ခြင်းနှင့် အသက်ရှူလေ့ကျင့်ခန်းနှင့် ဝတ်ရွတ်ခြင်း စသည်တို့ပါဝင်သည်။ ကလေးများသည် နံနက်(၆း၃၀)တွင် သန့်ရှင်းရေးတာဝန်ယူရပြီး၊ ညနေပိုင်းအချိန်တွင် အစားအသောက်စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ကြရ၏။ အနားယူချိန်ဆိုသည်မှာ ဥုမ် ဗီဒီယိုကြည့်ခြင်းနှင့် ဥုမ် ရုပ်ပြောင်များ ဖတ်ရှုခြင်းဟု အဓိပ္ပာယ်ရသည်။ ကျူရှူးကျွန်းပေါ်ရှိ အဆာဟာရ၏ အလုပ်ရုံတစ်ရုံတွင် အလုပ်သင်သော ကလေးများအား ရက်သတ္တတစ်ပတ်ခန့် အခန်းတစ်ခုထဲတွင် ထိန်းသိမ်းထားသည်။ နှေးကွေးသော ကလေးများကို အယူသီးဂိုဏ်း၏ နည်းလမ်းဖြစ်သော တုတ်ဖြင့် ရိုက်ခြင်းခံကြရ၏။

အသက် ကိုးနှစ်အရွယ် ကလေးတစ်ယောက်သည် ဂိုဏ်းထဲသို့ ဝင်ရောက်လာသော အသက်(၁၂)နှစ်အရွယ်ကလေးထက် ပိုမိုမြင့်မြတ်သည်ဟု ယူဆကြသည်။ သို့သော် အငြင်းပွားဖွယ်မရှိသော ကလေးခေါင်းဆောင်မှာ ရှိုကိုအဆာဟာရ၏ 'ရီကို'အမည်ရှိ တတိယသမီး ဖြစ်၏။ အဆာဟာရသည် ကလေးခြောက်ယောက်တွင် ဤတတိယသမီးကို အမြတ်နိုးဆုံး ဖြစ်သည်။ သူမကို မြင့်မြတ်သည့်နာမည် 'အာဇာဒီ'ဟု သိရှိထားကြ၏။ သူမ ဆယ်နှစ်သမီးအရွယ်က တိုကျိုတက္ကသိုလ်မှ သိပ္ပံဘွဲ့ရ ဆရာတစ်ဦးနှင့် ကိုယ်ပိုင်ကျူရှင်ပေးပြီး သင်ကြားထားသည်။ သူမကို အဆာဟာရ၏ အရိုက်အရာ အယူသီးဂိုဏ်းခေါင်းဆောင်အဖြစ် ဆက်





ခံမည့်သူဟု စဉ်းစားထားကြသည်။

အာဇာဒီသည် ရက်စက်ကြမ်းကြုတ်သော သူမဖခင်၏ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာသူဖြစ်၏။ တခြားကလေးများ၏ ဆိုးယုတ်သောကာမစိတ်ကို ဖယ်ရှားရန် အဆာဟာရက သမီးငယ်အား တုတ်ဖြင့် ရိုက်ရန် မြှောက်ပေးထားသည်။ တစ်ခါက သူမသည် ယောကျ်ားကလေးတစ်ယောက်၏ လက်ချောင်းကလေးများကို အက်စစ်သုံးမျိုးထဲတွင် နှစ်ခိုင်းသည်။

"အဲဒါ စမ်းသပ်တာ သက်သက်ပဲ"ဟု သူမက ပြောတော့၊ အခြားအဖွဲ့ဝင်များက ဆင်ခြေမတက်ရဲကြချေ။

❋ ❋ ❋

အပြင်ပန်းမှာတော့ ဂျပန်ရဲအဖွဲ့သည် အရည်အချင်းပြည့်ဝရာတွင် စံပြဖြစ်နေသည်။ အလုပ်တာဝန်တွင် နှစ်မြှုပ်ထားသော အရာရှိများသည် သူတို့၏ ရဲတပ်သားများကို ညွှန်ကြားခြင်း၊ မှတ်ပုံတင်စာအုပ်များ စစ်ဆေးခြင်းနှင့် မသင်္ကာဖွယ်ရာ လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်း တာဝန်များကို ထမ်းဆောင်နေကြ၏။ ရဲအရာရှိများသည် ဂျပန်နိုင်ငံ၏ အကောင်းဆုံးစာသင်ကျောင်းထွက်များဖြစ်ပြီး၊ တစ်နိုင်ငံလုံးသို့ ဖြန့်ကြက် အလုပ် လုပ်ကြရသည်။

တခြားကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လူသတ်မှုနှင့် သေစေနိုင်လောက်အောင် ဒဏ်ရာရစေမှုနှုန်းသည် ဂျပန်နိုင်ငံတွင် နည်းပါးလျက်ရှိ၏။ လူဦးရေ (၁၂၅)သန်းမျှရှိသော ဂျပန်နိုင်ငံတွင် နှစ်စဉ် စံပြလူသတ်မှုဖြစ်ပွားနှုန်းသည် နယူးယောက်မြို့၏ နှုန်းနှင့် ညီမျှသည်။ အမျိုးသမီးများသည် ညအချိန်တွင် မုဒိန်းမှု၊ လုယက်မှုကို ကြောက်စရာမလိုဘဲ လမ်းလျှောက်ထွက်နိုင်သည်။ စစ်ပြီးခေတ်ဂျပန်နိုင်ငံသည် စည်းကမ်းရှိ၍ လုံခြုံစိတ်ချရသော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာပြီး၊ လူဆိုးလူမိုက်များသည်လည်း သူတို့ဘာသာ အကျင့်စာရိတ္တ ပြောင်းလဲကောင်းမွန်လာကြ၏။ ထို့ပြင် တရားစွဲအရာရှိများ (ဆွဲချ)က ပြစ်မှုပေါင်း၏ (၉၉)ရာနှုန်းသည် အပြစ်ရကြကြောင်း ကြွားလုံးထုတ်ကြသည်။

သို့နှင့်တောင် ဥုမ်အမှုတွင်မူ ထိုစနစ်သည် လုံးလုံးလျားလျား ပျက်စီးသွားလေသည်။ (၁၉၉၀)ပြည့်နှစ်တွင် ဥုမ်မြင့်မြတ်သော သစ္စာအဖွဲ့အယူသီးဂိုဏ်းသားများသည် ကြီးမားသော လိမ်လည်မှုများ ကျူးလွန်ခြင်း၊ မိဘဆန္ဒမပါဘဲ ကလေးငယ်များကို ခေါ်ထားခြင်း၊ ရှုကြောင်ကြောင်ဆေးကုသနည်းဖြင့် လူတစ်ယောက်သေစေခြင်း၊ အခြားလူလေးယောက်ကို သတ်ဖြတ်ခြင်း (အခါလည်အရွယ် ယောကျ်ားကလေးပါဝင်)၊ ကမ္ဘာပေါ်တွင် လူ့အသက် အသေစေနိုင်ဆုံး ဓာတ်တီးရိုးယားပိုး မွေးမြူခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

လူအမြောက်အမြား သေစေအောင် ထိုပိုးများကို အသုံးပြု၍ ကြီးပမ်းခြင်းတို့ကို ကျူးလွန်ခဲ့လေသည်။ မယုံကြည်နိုင်လောက်အောင်ပင် သူတို့သည် အစဗျိုးရုံသာ ရှိသေးသည်။

ရဲတွေဘယ်မှာလဲ။ တစ်ပိုင်းအားဖြင့် ဂျပန်ဥပဒေဘက်တော်သားများသည် ဘာသာရေးအဖွဲ့တစ်ဖွဲ့အား သာမန်အားဖြင့် အနှောင့်အယှက်မပြုလုပ်လိုကြချေ။ သို့သော် တခြားအကြောင်းပြချက်များဖြင့် အလုပ်လုပ်ကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသော မှုခင်းစာရင်းတွင် စနစ်တစ်ခုကို ဖုံးကွယ်ထား၏။ အပြစ်ကျူးမှုခင်းအများအပြားတွင် ဖြောင့်ချက်ပေးသော အမှုက လုံးလုံးလျားလျား များပြားသည်။ နာကျင်အောင် ပြုလုပ်၍ စုံထောက်ခြင်းနှင့် မှုခင်းဆေးပညာဖြင့် ကုလားထိုင်ပေါ်တင်ပြီး၊ မေးခွန်းထုတ်သည့် နည်းလမ်းများကို လူမှုအခွင့်အရေးအဖွဲ့အစည်းများ ကမ္ဘာပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ကန့်ကွက်လျက် ရှိကြသည်။ သူတို့ထံသို့ ရဲများ လာရောက်သည်ကို ကြောက်လန့်ခြင်းကလည်း စုံထောက်လုပ်ငန်းတွင် အောင်မြင်မှုမရနိုင်ချေ။ လူဆိုးဂိုဏ်းများနှင့် လူလိမ်လူကောက်များ တိုးပွားလာသည်နှင့်အမျှ ဂျပန်နိုင်ငံရဲတပ်ဖွဲ့သည် နှစ်ပေါင်း (၅၀)ကြာမျှ ဤအတိုင်းပင် နေခဲ့ကြ၏။ အကျိုးကတော့ ဉမ်ကဲ့သို့ ယုတ္တိကျပြီး စည်းကမ်းရှိသော ရန်သူနှင့် ရင်ဆိုင်ရသောအခါ ရဲတပ်ဖွဲ့သည် မရှုနိုင်မကယ်နိုင် ဖြစ်ရတော့သည်။

ယခုအချိန်တွင် ဉမ်သည် ပိုက်ဆံ လိမ်ညာတောင်းခြင်းနှင့် တတ်ယောင်ကိုးဝါး ဆေးကုသခြင်းကြောင့် နာမည်ပျက်နေ၏။ ကလေး ပျောက်ဆုံးနေသော မိဘများကလည်း အမှုဖွင့် တိုင်တန်းကြသည်။ ပျောက်ဆုံးလျက်ရှိသော ဆာကာမိုတို၏ မိသားစုများနှင့် မိတ်ဆွေများက အမှုကို ဆက်လက်လိုက်နေကြ၏။ သူတို့သည် ထောင်ပေါင်းများစွာသော ကြော်ငြာများကပ်ကြသည်။ အရေးပေါ်တယ်လီဖုန်းလိုင်းသွယ်ကြပြီး၊ ဆုကြေးငွေ ဒေါ်လာ (၄၀၀,၀၀၀)နီးပါး ထုတ်ကြသည်။ တိုကျိုမြို့ရှိ ဌာနအားလုံးကိုလည်း အကူအညီ တောင်းကြ၏။ နောက်ဆုံးတွင် လမ်းကြောင်းများစွာက ဉမ်ထံသို့ ပြန်လည်ညွှန်ပြနေသည်။ သို့ရာတွင် လပေါင်းများစွာကြာသည့်အခါ လူသတ်မှုသည် ဘယ်လိုဆက်လိုက်ရမည်ကို မသေချာတော့ချေ။ ယိုကိုဟိုးမား ရဲတပ်ဖွဲ့သို့ အမည်မသိ စာများစွာ ရောက်လာသည်။ ထိုစာထဲတွင် ရှေ့နေ ဆာကာမိုတို၏သားကလေးကို တောင်စောင်းဘေးအနီးရှိ ရွှံ့ဗွက်အိုင်ထဲတွင် ရှာဖွေရန်ရေးထားသည်။

"တတ်ဆုမိရှိကလေး အိပ်ပျော်နေရှာတယ်၊ မြန်မြန်လုပ်ပါ။ သူ့ကို ကယ်ပါ"

ထိုစာနှင့်အတူ မြေပုံပါ ပူးတွဲပါလာ၏။

ရဲတပ်ဖွဲ့တစ်စုသည် ထိုနေရာသို့ သွားရောက်ရှာဖွေကြသော်လည်း ထိုစာသည် လိမ်ညာရေးသာသည့်စာဟု သံသယဖြစ်ပြီး၊ ရက်





အနည်းငယ်ကြာသောအခါ လက်လျှော့၍ ပြန်လာကြသည်။

နောက်ဆုံးတွင် (၁၉၉၀)ပြည့်နှစ် ရောက်သောအခါ ထိုမိသားစု အသတ်ခံရသည်မှာလည်း တစ်နှစ်ကျော်ကြာလာ၏။ ရဲတပ်ဖွဲ့သည် ဉမ်ဂိုဏ်းအဆောက်အအုံများထဲသို့ စီးနင်းရှာဖွေကြလေသည်။ ဌာနေရဲတပ်များသည် ဉမ်ဂိုဏ်း၏ အဖွဲ့အစည်းနှင့် သင်တန်းများတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။ တရားဝင် အကြောင်းပြချက်မှာ မြေယာများကို လိမ်ညာယူခြင်းဖြစ်၏။ သို့သော် ထိုစီးနင်းဝင်ရောက်ခြင်းသည် ဉမ်အဖွဲ့အား အာဏာပိုင်တွေက စောင့်ကြည့်နေကြောင်း သတိပေးလိုက်သလို ဖြစ်သွား၏။ အဆာဟာရအား မေးခွန်းများစွာ မေးကြပြီး၊ သူ၏ ထိပ်တန်းအရာရှိများလည်း ဖမ်းဆီးကြသည်။

ဂျပန်နိုင်ငံတွင် ရဲတပ်ဖွဲ့က စီးနင်းဝင်ရောက်မည်ဆိုလျှင် ကြိုတင်ကြေညာပြီးမှ လုပ်လေ့ရှိ၏။ အသေအချာစီစဉ်ပြီး ရဲတပ်သား လုံလောက်စွာဖြင့် ဝိုင်းကြသည်။ အပြန်အလှန်အားဖြင့် ရဲတပ်ဖွဲ့ကို သတင်းဌာနများကအားဖြည့်ပြီး၊ ပြည်သူတွေ စိတ်ဝင်စားလျက်ရှိသော အကြောင်းများကို တာဝန်ကျေပွန်စွာဖြင့် သတင်းရေးပို့ကြသည်။ သူတို့ အပြင်းအထန် တိုက်ခိုက်နေသော ပစ်မှတ်များသည် ပြစ်မှုကျူးလွန်သည့် အဖွဲ့များ၊ အမြတ်ခွန်တိမ်းရှောင်သော အမြတ်ကြီးစား စီးပွားရေးသမားများနှင့် တစ်ခါတစ်ရံ လာဘ်စားသော နိုင်ငံရေးသမားများ ဖြစ်၏။

ဉမ်အား ဝင်ရောက်ရှာဖွေရာတွင် ထူးခြားမှု မရှိလှပေ။ ကလေးများသည် သူတို့မိဘများနှင့် ပြန်လည်ဆုံစည်းနိုင်ခြင်း မရှိကြ။ လျှို့ဝှက်ခုတ်ခွဲခန်းများမှာလည်း အမှုမဲ့အမှတ်မဲ့ လွတ်မြောက်သွားကြ၏။ အကယ်၍ ရဲများက လူသတ်မှုအတွက် သက်သေရှာဖွေမည် ဆိုလျှင်လည်း သူတို့ အနည်းငယ် နောက်ကျသွားပေပြီ။ ရဲများက ဆာကာမိုတိုနှင့်ပတ်သက်၍ အယူသီးဂိုဏ်းအဖွဲ့ဝင်များအား မေးမြန်းပါက မည်သူကမျှ မဖြေဆိုကြသောကြောင့် ရဲများသည် လက်ချည်း ပြန်လာကြရသည်။

ထိုသို့ သာမက အကယ်၍ စီးနင်းရှာဖွေခြင်းသည် ဉမ်အား ဖိအားပေးရန် ကြံရွယ်သည်ဆိုပါက သူတို့သည် အယူသီးဂိုဏ်းအဖွဲ့အား စစ်ရေးပြင်ဆင်မှု ပိုမိုလုပ်စေရန် ဖန်တီးသကဲ့သို့ ဖြစ်နေ၏။ အာဆာဟာရသည် အစိုးရအား ဘာသာရေး ဖိနှိပ်မှုအဖွဲ့တစ်ခုဖွဲ့လျက် လူသိရှင်ကြားပြန်လည် ဝေဖန်ရှုပ်ချလေသည်။

"ဒီစုံစမ်းစစ်ဆေးရေးဟာ ဉမ်ဂိုဏ်းကို ထိုးနှက်တိုက်ခိုက်တာဖြစ်တယ်၊ ဉမ်ကို ထိုးနှက်တိုက်ခိုက်တဲ့ အကြောင်းပြချက်ကတော့ အန္တရာယ်ရှိတဲ့ ဘာသာရေးအဖွဲ့ဖြစ်ကြောင်း အကြောင်းပြတယ်၊ ဘာကြောင့်လဲ ဆိုတော့ နောက်ဘဝအကြောင်း ပြောမလို့ပဲ။ ဒါကြောင့် ဂျုပ်တို့က သာမန်အဖွဲ့နဲ့ ပဋိပက္ခဖြစ်မှာကို ရှောင်လွှဲလို့မရဘူးဟု အာဆာဟာရက သတင်းစာတိုက်များကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး ထိုကြို့တင်ဟောပြောချက်သည် မှန်ကန်သည်။ ဥမ်သည် ဒေသဆိုင်ရာ အရာရှိများကို တရားစွဲ တုံ့ပြန်လိုက်၏။ အယူသီးဂိုဏ်းအဖွဲ့က ဝင်ရောက် စီးနင်းရှာဖွေသည့်အတွက် ရဲတပ်ဖွဲ့သည် သူတို့၏ နာမည်ကောင်းကို ပျက်စီးစေပြီး အဖွဲ့ဝင်များကို စိတ်ဓာတ်အရရော ခန္ဓာကိုယ်ပါ နာကျင်ကြောင်း အကြောင်းပြလျက် လျော်ကြေးငွေ ဒေါ်လာ တစ်သန်း တောင်းဆိုသည်။

သူသည် ရဲအဖွဲ့က စီးနင်းရှာဖွေမည်ကို ကြို့တင် ဟောကိန်းထုတ်ထားကြောင်း ကမ္ဘာသိ ပြောကြားလိုက်၏။

"ဒီလို စုံစမ်းစစ်ဆေးမယ့်အကြောင်းကို စက်တင်ဘာလအလယ်လောက်ကတည်းက ကျုပ်ကြို့တင်သိထားတယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ် ကမ္ဘာ့ဗဟန်းထိုင်တယ်၊ အနာဂတ်ကိုသိမြင်တယ် ကျုပ်ကိုယ်တိုင်လည်း အဖမ်းခံရလိမ့်မယ်" အဆာဟာရက သတင်းထောက်များကို ရှင်းပြလေသည်။

သတင်းထောက်သည် အဆာဟာရနှင့် ဆာကာမိုတိုအကြောင်းကို အံ့ဩနေသည်၊ အယူသီးဂိုဏ်းက ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း မှန်ကန်ပါက ဂုရု၏ စိတ်ဓာတ်စွမ်းအင်က အမှုကိုဖော်ထုတ်နိုင်ရန် ရဲတပ်ဖွဲ့အား ကူညီကောင်းကူညီနိုင်မည်ဟု သတင်းထောက်က ပြောသည်။

"တရားထိုင်တဲ့အခါ မစ္စတာ ဆာကာမိုတိုဘယ်မှာရှိသလဲဆိုတာ ခင်ဗျား မြင်နိုင်သလား"ဟု သူက မေးသည်။

ဂုရုက ပြန်ဖြေသည်။

"ဟုတ်ကဲ့ . . . ကျုပ်ဟာ သွားချင်တဲ့နေရာကို ရောက်အောင်သွားနိုင်တဲ့ အနေအထားမှာရှိတယ်။ ဒါပေမယ့် အရင်က ပြောခဲ့ဖူးသလို တကယ်လို့ အမှုအကြောင်း တစ်စုံတစ်ရာပြောမိရင် အဆာဟာရက အဲဒါနဲ့ ပတ်သက်လို့ တစ်ခုခု လုပ်ချင်နေတယ်လို့ လူတွေက ပြောကြလိမ့်မယ်။ တကယ်လို့ဘာမှ မပြောရင်လဲ ကျုပ်ကို လူလိမ်လို့ ထင်ကြမယ်။ ကျေးဇူးပြုပြီး ကျုပ်ကို ခွင့်လွှတ်ပါ"

"ဒါပေမယ့် ခင်ဗျား သူ့ကို မြင်နိုင်တယ် မဟုတ်လား။ မမြင်နိုင်ဘူးလား"ဟု သတင်းထောက်က မေးသည်။

"တကယ်ပဲ မြင်နိုင်ပါတယ်"

ဆာကာမိုတိုကို မြင်နိုင်ခြင်းနှင့် ကမ္ဘာပြိုဟ် နောက်ဆုံးနေ့များသည် အဆာဟာရ၏ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကိုပြသည့် တစ်ခုတည်းသော အတတ်ပညာ မဟုတ်ချေ။ လွန်ခဲ့သည့် လပေါင်းများစွာက ဂုရု၏ စိတ်ထဲတွင် ပန်းကန်ပြားပျံများ ဖြစ်ပေါ်နေ၏။ (၁၉၉၀)ပြည့်နှစ်က သင်တန်းတစ်ခုတွင် စကြဝဠာထဲတွင် ကမ္ဘာမြေပြင်သည် မည်မျှသာလွန်ကြောင်း ရှင်းပြခဲ့သည်။

"ပန်းကန်ပြားပျံတွေဟာ အခုရက်ပိုင်းတွေမှာ မကြာခဏပေါ်





လာနေတယ်၊ အဲဒါဟာ အမဂေဒုန်ရဲ့ အစီက အချက်အလက် ဖြစ်တယ်။ ပန်းကန်ပြားပျံမဟုတ်ရင်လည်း တခြားကိစ္စနဲ့ အကျိုးအမြတ် ရှိချင်ရှိမယ်" ဤထူးဆန်းသောအရာများသည် သခ်ါရမျိုး လူယောက်ျား သို့မဟုတ် မိန်းမထက် ပိုမို မြင့်မားသည့် အသိတရားရှိသော အဆင့်က လာကြကြောင်း ပြောပြသည်။

"သူတို့ဟာ အသိတရား အမျိုးအနွယ်ပျက်ပြုန်းသွားတဲ့ ကောင်းကင်ဘုံ ဒါမှမဟုတ် ကစားတတ်တဲ့ ပျက်ပြုန်းမျိုးနွယ်ရဲ့ကောင်းကင်ဘုံကလာတာဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ဟာ လူသားတွေထက် သာလွန်တယ်လို့ သံသယဖြစ်ဖွယ် မရှိဘူး"

သို့ရာတွင် သူတို့ကို ယုံကြည်စိတ်ချရမည်ဟု မဆိုလိုကြောင်း အဆာဟာရက ရှင်းပြသည်။

"အဲဒီ တခြားကမ္ဘာကလာသူတွေဟာ လူသားစွပ်ပြုတ် စားတတ်တယ်လို့ ကျုပ် ကြားဖူးတယ်၊ လူသားတွေက အမဲသားစားပုံမျိုးနဲ့ တူတယ်။ နောက်ဆုံး ဆန်းစစ်ချက်ကတော့ လူသားတွေဟာ တခြားဂြိုဟ်သားတွေဆီက ဘာမှ အကျိုးအမြတ် မရနိုင်ဘူး"

"တခြားဂြိုဟ်သားတွေလာရင် ဘာလုပ်သင့်သလဲ"

"တခြားဂြိုဟ်သားတွေဟာ လူတွေထက် နည်းပညာသာလွန်တဲ့အတွက် ကျုပ်တို့ကို ကျုပ်တို့ တစ်ကမ္ဘာလုံးအတိုင်းအတာအရ နည်းပညာနဲ့ ကာကွယ်လို့မရနိုင်ဘူး၊ ဒါပေမယ့် တခြားဂြိုဟ်သားတွေထက် ပိုမိုသာလွန်တဲ့ အတတ်ပညာရပ်၊ တစ်ချိန်တည်းမှာ ကျုပ်တို့ ပိုပြီး ကျင့်ကြံအားထုတ်ကြရမယ်။ ဒါဟာ စည်းမျဉ်းပဲ"

ဆရာ၏ တက္ကဗေဒကို လိုက်နာခြင်းမရှိသူများအတွက် သင်တန်းတက်ခွင့်မရှိသည့်အပြင် ပိုမို၍ အသေးစိတ်ရှင်းပြခြင်း မပြုပေ။ အဆာဟာရ၏ အတ္တစိတ်သည် ကြည်ညိုလေးစားသော လူငယ်များ၏ မီးထိုးပေးမှုကြောင့် ပိုမို ဆက်လက်တိုးပွားနေ၏။

ထိုနှစ်ဧပြီလတွင် အဆာဟာရသည် သူသေဆုံးတော့မည်ဟု ကြေညာခြင်းဖြင့် သူ့နောက်လိုက်များကို ကြောက်လန့်စေသည်။ သူ့အသည်းတွင် ကင်ဆာရောဂါစွဲကပ်နေပြီး၊ သူ့မျက်စိများ တဖြည်းဖြည်းအားနည်းလာသည်ဟု ကြေညာလိုက်သဖြင့် သူ့တပည့်များ ကြောက်လန့်အားငယ်ခြင်း ဖြစ်ကြရသည်။

မျက်စိအားနည်းသည်ဖြစ်စေ အာဆာဟာရမှာ နိုင်ငံရပ်ခြားအထိ ခရီးဆန့်ပြီး ဥမ်ဂိုဏ်း၏ အကြံအစည်များ ပြုလုပ်ရန် အချိန်ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရုရှလူမျိုးများအား ကယ်တင်ခြင်း

ရှိုကိုအဆာဟာရသည် ကရင်မလင်နန်းတော်၏ အင်အားကြီးမားသော တံတိုင်းအရိပ်မှာ ရပ်နေပြီး ရင်ပြင်နီ၏ ကျယ်ပြန့်မှုကို အံ့သြငေးမောနေသည်။ ထိုနေ့သည် (၁၉၉၂)ခု၊ မတ်လထဲက ဖြစ်ပြီး၊ ဂုရုကြီးသည် မော်စကို၏ မပြီးဆုံးနိုင်သည့် ဆောင်းရာသီအတွက် ခရမ်းရောင်ဂျာကင်နှင့် လိုက်ဖက်သည့် သားမွေးဦးထုပ်ကို ဥုမ်၏ သသ်ကရိုက် စာတန်းဖြင့် ဆောင်းထား၏။ ပထမတွင် အဆာဟာရသည် ရေခဲလုမတတ်အေးသော လေထဲသို့ လက်တစ်ချောင်းကို ဦးခေါင်းပေါ်မှာ ဝှေ့ယမ်းလျက် 'ရင်ပြင်နီ'ကို ကောင်းချီးပေးနေသည်။ ထို့နောက် နောက်လိုက်တပည့် (၃၀၀)နှင့်အတူ ချိုချဉ်ရောင် ကြက်သွန်နီဥပုံစံနှင့် စိန့်ဘာဆီလ် ကျောင်းတော်ရှေ့မှာ ဓာတ်ပုံအရိုက်ခံသည်။ ကင်မရာခလုတ် နှိပ်လိုက်သောအခါ အဆာဟာရသည် ပြုံးပြပြီး အောင်မြင်ခြင်း အထိမ်းအမှတ် ဗွီ(V) ပုံသဏ္ဍာန် အမှတ်အသား လုပ်ပြလိုက်၏။

'ဥုမ်' မြင့်မြတ်သော သစ္စာအဖွဲ့၏ ရုရှလူမျိုးများအား ကယ်တင်ခြင်း ခရီးစဉ် စတင်လေပြီ။

တစ်ဟုန်ထိုး တိုးတက်နေသော ဂုရုကြီး၏ ရည်မှန်းချက်များသည် အယူသီးဂိုဏ်းအား တစ်ကမ္ဘာလုံးအနှံ့ ရောက်စေသည်။ သို့ရာတွင် ဥုမ်ဂိုဏ်း၏ ရုရှပြည်သို့ ပထမဆုံး စွန့်စားခန်းသည် မသေချာသော အောင်မြင်မှုကိုသာ ရရှိသဖြင့် သူ့အတွက် ဘာမှ ပြင်ဆင်နိုင်ခြင်း မရှိချေ။ လပိုင်းအတွင်းမှာပင် အယူသီးဂိုဏ်းသည် ရုရှနိုင်ငံရေးသမားများနှင့် ပညာရေးဌာနမှ ပုဂ္ဂိုလ်များနှင့် အကျွမ်းဝင်လာ၏။ ထိုအချိန်တွင် ဆိုဗီယက်အင်ပါယာသည် တစ္ဆေ့စ္ဆေ့ လောင်ကျွမ်းလျက် ပျက်စီးစပြုနေသည်။

အဆာဟာရနှင့် သူ့တပည့်များသည် အထူးငှားရမ်းထားသည့် အဲရိုးဖလုတ်လေယာဉ်ဖြင့် မော်စကိုသို့ ဆိုက်ရောက်လာကြသည်။ ဂုရုကြီးကို ရုရှအစိုးရတံဆိပ်ပါသော ဇိမ်ခံကားကြီးနှင့် ကြိုဆိုကြပြီး မော်စကို





မြို့လယ်ရှိ အကောင်းစားဟိုတယ်သို့ ပို့ပေးသည်။ အဆာဟာရသည် လျှပ်တစ်ပြက်ကြေညာချက်များထုတ်လိုက်၏။ မြို့ထဲမှ မီးတိုင်များနှင့် ဘုတ်ာများတွင် "ရုရှလူမျိုးများအား ကယ်တင်ရေး ခရီးစဉ်"ကို ရောင်စုံပိုစတာများဖြင့် ကြော်ငြာထားသည်။ ဆယ်ရက်ခရီးစဉ်တွင် ကပွဲများ၊ လူထုဆွေးနွေးပွဲများနှင့် ဓာတ်ပုံရိုက်ခွင့်များကို ဖော်ပြထားသည်။

အဆာဟာရ၏ ရင်ပြင်နီသို့ အလည်သွားခြင်းသည် လေးနက်သော အထိမ်းအမှတ်ဖြစ်၏။ ရှေးအခါက ကြောက်စရာ အိုင်ဗင်၏ ရန်သူများကို ထိုနေရာမှာ ကွပ်မျက်ခဲ့ပြီး၊ ပီတာသည် ဂရိတ်၏ အစောင့်များကိုလည်း ကွပ်မျက်ခဲ့သည့် နေရာဖြစ်သည်။ ဗလာဒီမာ အီလီယစ် ချင်လီနင်၏ အလောင်းကို အုတ်ဂူသွင်းမြှုပ်နှံထားပြီး၊ ဆိုဗီယက်ခေါင်းဆောင်များဖြစ်ကြသည့် စတာလင်၊ ခရုရှက်တို့သည် စစ်အေးကာလတွင် တင့်ကားများ၊ ခြေလျင်တပ်များ အင်အားပြခဲ့သည့် နေရာဖြစ်၏။ အဆာဟာရသည် သမိုင်းဝင် ဤခေါင်းဆောင်ကြီးများအကြားမှာ သူ့ကိုယ်သူ နေရာယူပြီး၊ ကမ္ဘာပေါ်အောင်မြင်ခဲ့သော သူတို့၏ အိပ်မက်များကို ခွဲဝေခံစားနေသည်။

ဂုရုကြီး၏ အစီအစဉ်တွင် ရုရှခေါင်းဆောင်သစ် ဘောရစ်ယဲ့ဆင်နှင့် တွေ့ဆုံရန်ပါသည်။ သို့သော် သမ္မတကြီးက အလုပ်များသည်။ သူ့ကိုယ်စား ဒုတိယသမ္မတအလက်ဆန်ဒါ ရုတ်စကွိုင်းက တွေ့ဆုံနှုတ်ဆက်သည်။ ဂုရုကြီးသည် ပါလီမန်အမတ် ရုခလန်ခါစဘူလာတောဗ်နှင့် တွေ့ပြီး၊ အယူသီးဂိုဏ်း၏ ရုရှပြည်အတွက် လူသားဝါဒစိတ်ကူးကို ပြောပြသည်။ ဥုမ်သည် အေအိုင်ဒီအက်(စ်)ရောဂါကာကွယ်ရေး ရန်ပုံငွေ ထူထောင်မည်၊ အခမဲ့ဆေးကုသပေးမည့် ဆေးရုံတည်ဆောက်မည်၊ အစားအသောက်စက်ရုံအသစ်(၂)ခုတွင် အလုပ်လက်မဲ့များကို အလုပ်ပေးမည်။ ထို့ပြင် တန်ဖိုးမဲ့နေသော ရုရှအနုပညာလုပ်ငန်းများကို ပြန်လည်မြှင့်တင်ပေးမည်ဟု ရှင်းပြခဲ့သည်။ သူတို့၏ ကတိကိုအကောင်အထည်ဖော်သည့် အနေဖြင့် ရုရှဆေးရုံနှစ်ရုံသို့ ဒေါ်လာထောင်ပေါင်းများစွာ တန်သော ဆေးဝါးများကို လှူဒါန်းလေသည်။

နောက်တစ်ခါ မြို့တော်အပြင်ရှိ လီနင်တောင်ကုန်းပေါ်မှ မော်စကိုမြို့ အစိုးရတက္ကသိုလ်သို့ သွားရောက်လည်ပတ်ခဲ့ရာ တက္ကသိုလ်မှ ဆရာ၊ ဆရာမများက ဂုရုအား လှိုက်လှဲစွာ ကြိုဆိုကြသည်။ ဥုမ်အဖွဲ့က ထို တက္ကသိုလ်အား ဒေါ်လာ (၈၀၀၀၀)တန်ဖိုးရှိ ကွန်ပျူတာများကို လှူဒါန်းခဲ့၏။ ထိုတက္ကသိုလ်တွင် အဆာဟာရက "သစ္စာတရားဖြင့် လောကကြီးကို ပျော်ရွှင်အောင်ဖန်တီးခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သေးသည်။

အယူသီးဂိုဏ်းသည် ငွေကြေးကို ချွေတာသုံးစွဲခြင်း မပြုခဲ့ပေ။ ကရင်မလင်၏ တားမြစ်ထားသော တံတိုင်းအတွင်းရှိ ကွန်ဂရက်အမတ်



www.burmeseclassic.com

များ၏ နန်းတော်ကို အယူသီးဂိုဏ်းက ငှားရမ်းခဲ့၏။ ထိုနေရာတွင် ဆိုဗီယက်ယူနီယမ်၊ ကွန်မြူနစ်ပါတီ၏ နောက်ဆုံး မျက်နှာစုံညီအစည်းအဝေးကြီး ကျင်းပခဲ့ပေသည်။ မစ်ခေးလ်ဂေါ်ဘာချော့ဗ်က သူ့သဘော တရားရေးရာများကို အသေးစိတ်ရှင်းပြခဲ့သည့်နေရာတွင် ယခုတော့ ဥမ်ဂိုဏ်း၏ ဇာတ်အဖွဲ့ဝင်များက ရေခဲခြောက်တိမ်များအကြား ဖြတ်သန်းပြီး အဆာဟာရကိုယ်တိုင် ရေးစပ်သီကုံးသော "သေခြင်းနှင့် ပြန်လည်မွေးဖွားခြင်း" တေးသွားဖြင့် ဇာတ်ဝတ်စုံများနှင့် ခုန်ပေါက် မြူးထူးလျက် ကပြနေကြ၏။

အဆာဟာရသည် မော်စကိုရှိ အိုလံပစ်စကီး အားကစားရုံထဲတွင် အခမ်းအနားဆုံး ဟောပြောခဲ့သည်။ ထိုအခါက ဂုရုကြီးသည် ကွင်းအလယ်တွင် အဖြူရောင်ကုလားထိုင်ကြီးပေါ် မှနေပြီး၊ ရုရှလူမျိုး (၁၉၀၀၀) ကျော်၏ မျက်နှာကို ကြည့်ရှုငေးမောနေလျက် ရှိသည်။

အိုလံပစ်စကီး လူထုဟောပြောပွဲ ပြီးဆုံးသည့်အခါ ၌ရှိကို အဆာဟာရ၏ သတင်းမှာ ရှင်းလင်းပီသသည့် ဥမ်မြင့်မြတ်သော သစ္စာအသင်းသည် သူတို့ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ရုရှလူမျိုးထောင်ပေါင်းများစွာ၏ ဝိညာဉ်ကို ကင်တင်မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပေပြီ။

ရှိုကို အဆာဟာရ၏ ရုရှပြည်ကို အောင်မြင်ထိုးမိုးရေး အကြံအစည်သည် (၁၉၉၀)ပြည့်နှစ်ကစ၍ ပေါက်ဖွားခဲ့သည်။ သို့ရာတွင် အယူသီးဂိုဏ်းသည် ရုရှကွန်မြူနစ်အရာရှိများကို လွှမ်းမိုးရန် ကြိုးစားမှုသည် ဘာမှ ဖြစ်မလာပေ။ ဂေါ်ဘာချော့ဗ်သည် သူ့ဘဝတွင် တခြား အာရှ ဂုရု တစ်ယောက်ကို ပေးစရာနေရာ မရှိချေ။ ထို့နောက် (၁၉၉၁)ခုနှစ် အဆာဟာရသည် ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်ကြီး ပြိုကျပျက်စီးလိမ့်မည်ဟု ကြိုတင် ဟောကိန်းထုတ်ခဲ့နိုင်သည်။ ကွန်မြူနစ်စနစ်ကို ခိုင်မြဲစွာ ယုံကြည်သူများက အာဏာရရန်ကြံစည်မှုကြောင့် ဂေါ်ဘာချော့ဗ် ကျဆုံးပြီး၊ ယဲ့ဆင်အား အာဏာရအောင် တွန်းပို့လိုက်သည်။

နောက် ရက်သတ္တတစ်ပတ်များတွင် အယူသီးဂိုဏ်းဝင်များသည် မော်စကိုနှင့် ဖူဂျီတောင်သို့ လွှန်းပျံခရီးထွက်နေကြ၏။ နောက်တစ်လအကြာတွင် အဆာဟာရသည် မော်စကိုအား ကျူးကျော်သည့်လုပ်ငန်း စတင်လေတော့သည်။

(၁၈၁၂)ခုနှစ်တွင် နပိုလီယံသည် တပ်ဖွဲ့ဝင် (၇၀၀၀၀၀)နှင့် မော်စကိုအား သိမ်းပိုက်ရန် အစီအစဉ် ကျဆုံးခဲ့ရ၏။ နောင်နှစ်ပေါင်း (၁၈၀) ကြာသည့်အခါ အဆာဟာရ၏ ရုရှခရီးစဉ်သည် ပိုမို အောင်မြင်ခဲ့သည်။ ထို့ပြင် ဒေါ်လာ (၁၄)သန်းကျော် ရရှိခဲ့၏။

✣ ✣ ✣



## ဆရာဝန်ကောင်းတစ်ဦး

ဥမ် မြင့်မြတ်သောသစ္စာအဖွဲ့၏ ဆေးရုံဖွင့်ပွဲသည် အဆာဟာရအတွက် ဂုဏ်ယူစရာ နေ့တစ်နေ့ ဖြစ်၏။ ထို ကျန်းမာရေးဌာနအသစ်သည် အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ ပူးပေါင်းစည်းလုံးညီညွတ်မှု ဖြစ်သကဲ့သို့ ပိုမိုမြင့်မားသောနေရာမှ ဆေးပညာများ ပြန်လည် ရရှိခံစားခြင်းဖြစ်သည်ဟု အဆာဟာရကပြောသည်။ ဤနေရာမှ ဥမ်ဆေးအဖွဲ့အတွက် စစ်မှန်သော ဆေးကုသခြင်းကို ပြည်သူအား ခေတ်သစ်တွင် ဆောင်ရွက်နိုင်ပြီး ဖြစ်လေသည်။ တစ်ခါလျှင် ဆရာဝန်ဆယ်ဦး ခေါ်နိုင်ပြီး စိတ်ပညာဆရာဝန်လည်း ပါဝင်လေသည်။

ရုရှတွင် အင်ပါယာချဲ့ တည်ဆောက်နေစဉ် ဥမ်အဖွဲ့သည် မိခင်နိုင်ငံ၌လည်း အဖွဲ့ဝင် ဆက်လက်တိုးချဲ့နေ၏။ နောက်ဆုံး တိုးချဲ့နေရာမှာ တိုကျိုမြို့ အရှေ့မြောက်ရှိ ဈေးဆိုင်များ စည်ကားသော လမ်းမကြီးပေါ်တွင် ဖြစ်သည်။ ထိုနေရာသည် (၄)လွှာရှိ အဆောက်အအုံဖြစ်ပြီး၊ ဒုတိယလွှာတွင် ဆေးခန်းဖွင့်ထားသည်။ သို့သော် တံခါးနောက်ကွယ်မှာ အဖြစ်အပျက်များသည် ဂျပန်ဆေးလောကတွင် ချောက်ချားစရာ ဖြစ်၏။

ဥမ်အဖွဲ့ကဲ့သို့ပင် ဆေးရုံသည်လည်း ကြောက်စရာကောင်းသော အခန်းဖြစ်ပြီး၊ ဉာဏ်အလင်းရောင်ရခြင်းနှင့် အသက်အတွက်မဟုတ်၊ သို့ရာတွင် အမှောင်ကျရောက်ခြင်းနှင့် သေခြင်းအတွက် ဖြစ်နေ၏။ ထို့ပြင် ဆေးရုံ၏ သေမင်းတမန်ကတော့ ညွှန်ကြားရေးမှူး ဒေါက်တာ အိုင်ကူအိုဟာယရှိ ဖြစ်၏။

ဥမ်ဂိုဏ်းသို့ မဝင်မီက ဒေါက်တာ ဟာယရှိသည် လူနာများနှင့် သပ်ဖော်ကိုင်ဖက်များက ချစ်ခင်နှစ်သက်ခံရသူ ဖြစ်သည်။ သူသည် တိုကျိုမြို့ပြင်ပရှိ အစိုးရဆေးရုံတစ်ရုံတွင် နှလုံးရောဂါကုဌာန၌ ခေါင်းဆောင်အဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့၏။ လူနာများ၏ နှလုံးရောဂါနှင့် သွေးလည်ပတ်နှုန်း ကိစ္စများကို ကုသခဲ့သည်။ အသက် (၄၄)နှစ်သာ ရှိသေး၍ ရုပ်ရည်ချောမောသော ဒေါက်တာဟာယရှိသည် ဂျပန်နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

လူ့အလွှာတွင် လေးစားခံရသော မျိုးရိုးစဉ်ဆက်မှ ပေါက်ဖွားလာသူဖြစ်၏။ သူသည် ကျန်းမာရေးဝန်ကြီးဌာန အရာရှိကြီးတစ်ဦး၏ သားဖြစ်ပြီး၊ ထိပ်တန်းဆေးကျောင်းဖြစ်သည့် ကဲအီအိုတက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ထို့ပြင် သူသည် အမေရိကန်ပြည် ဆိုင်းနိုင်းတောင်ဆေးရုံတွင်လည်း ပညာသင်ကြားခဲ့၏။

ဒေါက်တာဟာယရှိ၏ ထူးဆန်းသော အပြုအမူများသည် သူ့ကားမတော်တဆ တိုက်မှုဖြစ်ချိန်က စတင်ခဲ့သည်ဟု သူ့လုပ်ဖော်ကိုင်ဖက်များက ပြောကြသည်။ (၁၉၈၈)ခုနှစ်၊ ဧပြီလတွင် ဒေါက်တာဟာယရှိသည် အားအင်ကုန်ခမ်းပြီး ကားထဲမှာ အိပ်ပျော်သွား၏။ သူ၏ စတေရှင်ဝက်ဂွန်းကားသည် ရှေ့မှ ကားတစ်စီးကို ကြေမွသွားအောင် တိုက်ပစ်လိုက်မိရာ ကားပေါ်ရှိ မိခင်နှင့် ကိုးနှစ်အရွယ် သမီးကလေးကို ဆေးရုံသို့ တင်ပို့လိုက်ရ၏။ ကြောက်လန့်တုန်လှုပ်နေသော ဟာယရှိသည် ဆေးရုံသို့ နေ့စဉ် သွားရောက်မေးပြီး၊ ကလေးကို လက်ဆောင်များပေးသည်။

အလုပ်ခွင်မှာ ဒေါက်တာဟာယရှိအား မကြာခဏ စိတ်ညစ်နေသည်ကို တွေ့ရကြောင်း သူနာပြုဆရာမများက မှတ်ချက်ချသည်။ မကြာမီ သူသည် ဥုမ်ဂိုဏ်းနှင့် ဆက်သွယ်လေတော့၏။ သူ၏ လူနာများအားကုသမှုများသည် ခပ်ကြောင်ကြောင် ခပ်ဆန်းဆန်း ဖြစ်လာသည်ဟု သူတို့က ပြောကြသည်။ သူ၏ကုသမှုခံယူနေသော လူနာများသည် ရှေးရိုးအစဉ်အလာအတိုင်း ကုသနေလျှင် ဘယ်တော့မှ ရောဂါပျောက်မည်မဟုတ်ကြောင်း ပြောလေသည်။ ထိုကုထုံးများအစား ရေနွေးများ သောက်စေခြင်း၊ ကြိုးများကို မီးရှို့ခြင်းနှင့် ခုန်ခြင်းအပါအဝင် ထူးဆန်းသော ကုသမှုများ ပြုလုပ်လေသည်။

တိုင်စာများ တက်လာသောအခါ ဆေးရုံအုပ်ကြီးက ဒေါက်တာဟာယရှိအား ခေါ်ယူတွေ့ဆုံသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ပြောသည်။

"အဲဒီလို ဆေးကုတာဟာ သာမန် အသိစိတ်နဲ့တောင်ပဲ စဉ်းစားစရာ မဟုတ်ဘူး"

သူ့နည်းပညာများကို ဥုမ်အဖွဲ့တွင် ကျယ်ပြန့်စွာ အသုံးပြုနေလျက်ရှိကြောင်းနှင့် အကျိုးသက်ရောက်မှုရှိကြောင်း ဒေါက်တာဟာယရှိက ပြန်ဖြေလိုက်၏။

"နိုင်ငံတော်ဆေးရုံထဲကို ဘာသာရေးယုံကြည်မှုတွေ ယူမလာခဲ့ပါနဲ့"ဟု ညွှန်ကြားရေးမှူးက သူ့ကို သတိပေးလိုက်၏။

"တကယ်လို့ လုပ်ရင် ခင်ဗျား အလုပ်ထွက်ပါ"။

ဟာယရှိက အလုပ်မှ နုတ်ထွက်သွားလေသည်။ သူသည် ဆေးရုံသို့ အချိန်တိုတောင်းစွာ ပြန်လာလေ့ရှိ၏၊ သို့သော် ဥုမ်စာအုပ်များယူလာပြီး၊ ဝန်ထမ်းများကို ပေးခြင်းဖြစ်၏။ အကယ်၍ ဥုမ်သင်တန်း





များတက်ရောက်ပါက သူတို့နှင့် ကလေးများ အဆင့်အတန်းတိုးတက်လာမည်ဟု ဆရာဝန်များနှင့် သူနာပြုများထံ သူက ဖုန်းဆက်ပြောလေ့ရှိ၏။ ထို့နောက် ဟာယရှိသည် မိန်းမနှင့် ကလေးများကို ခေါ်ပြီး ဥုမ်ဝိုင်းထဲသို့ ပြောင်းရွှေ့သွားလေသည်။

ဒေါက်တာ ဟာယရှိနှင့် ဇနီး မေ့ဆေးပညာရှင် ရီရာတို့ကို အဆာဟာရက ဆုလာဘ်အဖြစ် အသိအမှတ်ပြုလိုက်သည်။ သူတို့ နှစ်ဦးစလုံးသည် ဥုမ်အား အမှန်တကယ် ယုံကြည်ကြသူများဖြစ်ပြီး၊ သူတို့၏ အတတ်ပညာများကို အယူသီးဂိုဏ်းအတွက် အသုံးချမည့်သူများ ဖြစ်၏။ သူတို့နှင့်အတူ ခွဲစိတ်ကုသပညာများ၊ ဆေးဝါးများနှင့် ရောဂါဗေဒများ ပါလာသည်။ ထိုအသိပညာများဖြင့် ဥုမ်အတွက် အလုပ်များစွာ လုပ်စရာ တွေ့ရှိနေ၏။

ဒေါက်တာဟာယရှိ၏ ဆေးရုံတွင် ဖြစ်ပျက်ခဲ့သည့် ဇာတ်လမ်းများစွာရှိသည်။ ထိုဇာတ်လမ်းများကို ပြောပြရန် လူတိုင်း အသက်ရှင်လျက် မရှိပေ။ သေလုမြောပါးဖြစ်နေသော လူနာများကို ကုသရာတွင် အောင်မြင်မှု ရရှိနေကြောင်း ဥုမ်က ကြေညာသည့်အခါ အယူသီးဂိုဏ်းဆေးရုံတွင် လူသေပျောက်မှုနှုန်း တိုးပွားလာသဖြင့် ထူးခြားချက်အဖြစ် လူတွေ သိလာကြ၏။ တိုကျို လူနာတင်ကားလုပ်ငန်း၏ မှတ်တမ်းအရ (၁၉၉၃)ခု၊ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊ (၁၈)လ ကြာသောအခါ အယူသီးဂိုဏ်း ဆေးရုံကလေးမှ လူသေ(၉)လောင်း သယ်ယူပေးခဲ့ရကြောင်း သိရှိရသည်။ နှစ်လထဲမှာပင် ကား(၄)ကြိမ် ခေါ်ခဲ့၏။

"ပုံမှန်အရွယ်အစားခုတင်(၂၀၀)ရှိတဲ့ ဆေးရုံက ခေါ်ကြိမ်နှုန်းဟာ အဲဒီ ဥုမ် ဆေးရုံခေါ်ကြိမ်နှုန်းနဲ့ ညီမျှတယ်၊ ဒါပေမယ့် (၉)ခုတင်သာရှိတဲ့ ဆေးရုံရဲ့ ခေါ်ကြိမ်နှုန်းဟာ ကြောက်လန့်စရာပါပဲ"

လူနာတင်ကားလုပ်ငန်းဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြလေသည်။

လူနာသေနှုန်း များပြားခြင်းသည် သေလုနီးပါး လူနာများစွာကို ဆေးရုံက ကုသပေးရသောကြောင့် ဖြစ်ကြောင်း အယူသီးဂိုဏ်းက တုံ့ပြန်ဖြေကြားခဲ့၏။ သို့သော် ဒေါက်တာဟာယရှိကမူ မသေချာဟု ထင်ရသည်။

မစွတာဆာတို၏အမှုကို စဉ်းစားကြည့်ပါလေ။

မစွတာဆာတို (ကလောင်အမည်ဖြစ်၏)သည် အသက်(၆၃)နှစ်ရှိပြီး၊ ဈေးဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ထားသည်။ တိုကျိုမြို့ ဇာတိဖြစ်၏။ လွန်ခဲ့သည့် (၁၆)နှစ်လောက်က လေဖြတ်ခံရသဖြင့် သူသည် စကားပြောမရသောကြောင့် သူနှင့် ဆက်သွယ်ရာတွင် စာရေး၍ ပြောရသည်။ (၁၉၉၁)ခုနှစ်၊ ဒီဇင်ဘာလတွင် သူသည် အားနည်းလာပြီး၊ အချိန်ပြည့် ဆေးကုရန် လိုအပ်လာ၏။ မိသားစုက သူ့အား အရပ်ဆေးရုံသို့ တင်ပို့ကြသည်။ သို့သော် နောက်တစ်လအကြာတွင် မမျှော်လင့်ဘဲ ဥုမ်အဖွဲ့က သမီးဖြစ်သူအား ဖုန်းဆက်စကားပြောလာ၏။


www.burmeseclassic.com

www.burmeseclassic.com

ဆာတို၏သမီးသည် ဉာဏ်ဘာသာရေးကို ယုံကြည်သူမဟုတ်ပေ။ သို့သော် တိုကျိုတက္ကသိုလ်တွင် ဘာသာရေးကို လေ့လာလိုက်စားခဲ့စဉ်က အယူသီးဂိုဏ်းဝင်များနှင့် တွေ့ဆုံခဲ့ဖူးသည်။ တစ်နည်းနည်းဖြင့် သူတို့သည် သူမဖခင်၏ ကံကြမ္မာကို လေ့လာထား၏။

"အဲဒီဆေးရုံမှာထားရင် ခင်ဗျားအဖေဟာ ဆေးအလွန်အကျွံသောက်ရတာနဲ့ သေလိမ့်မယ်။ ခင်ဗျားအဖေကို သေစေချင်သလား"

ဉာဏ်အဖွဲ့သားတစ်ဦးက သူမကို ပြောပြနေသည်။ သူမအဖေအား လူနာကို ကြည့်ရှုရာတွင် ပိုမိုကောင်းမွန်သော ဉာဏ်အဖွဲ့၏ ဆေးရုံအသစ်သို့ ပြောင်းရွှေ့တင်ရန် ထိုလူက ပြောသည်။

သမီးက ဉာဏ်ဆေးခန်းကို အလည်သွားကြည့်ရန် သဘောတူလိုက်၏။ ထို့နောက် ဇန်နဝါရီ (၁၄)ရက်နေ့တွင် ဒေါက်တာဟာယရှိနှင့် သူနာပြုများသည် မပြောမဆို ဆာတို အနားယူနေသည့် အိမ်သို့ ရောက်ချလာကြ၏။

"ခင်ဗျားတို့ အဖေကို ဉာဏ်ဆေးရုံတင်ဖို့ ကျွန်တော်တို့ ကူညီကြမယ်လေ"ဟု သူက ပြောသည်။

မိသားစုက အံ့သြသွားကြသည်၊ သို့သော် ဒေါက်တာ ဟာယရှိ၏ ရိုးသားမှုကြောင့် နောက်ဆုံးတော့ မိသားစုက သဘောတူလိုက်ကြ၏။ ဟာယရှိနှင့် အခြားလူများသည် ဖခင်ကို မော်တော်ကားဖြင့် ခေါ်ဆောင်သွားသည့်အခါ မိသားစုက ဖခင်အတွက် အကောင်းဆုံးမျှော်လင့်ထားကြသည်။

ဆေးခန်းအထဲတွင် ဆာတိုအား ကျဉ်းမြောင်းသည့် အခန်းထဲသို့ ခေါ်သွားကြ၏။ ထိုအခန်းထဲတွင် ခုတင်ရှစ်လုံးချထားပြီး၊ ကြင်နာစွာ ပြုံးပြနေသော အဆာဟာရ၏ ကြီးမားသော ပုံတူပန်းချီကားကြီးကို ချိတ်ထားလေသည်။ ဉာဏ်၏ နက္ခတ်တာရာဘေးသွားက ထိုနေရာမှာ ကျယ်လောင်စွာ ပဲ့တင်ထပ်နေ၏ ခန်းမလမ်းတစ်လျှောက်တွင်မူ ပရဆေးပင်များ အပုံလိုက်ရှိနေသည်။ ခုတင်များပေါ်တွင် ကတုံးတုံးထားသော ရန်သူသဖွယ် ကြည့်နေကြသည့် လူနာများနှင့် ပြည့်နေ၏။ သူတို့၏ လည်ပင်းများတွင် အန္တရာယ်ကင်းလက်ဖွဲ့များ ဆွဲထားကြသည်။

ဆေးခန်းအတွင်းပိုင်းသည် ညစ်ပတ်နေ၏။ ကြမ်းပြင်ပေါ်တွင် ပိုးဟပ်များ ပြေးလွှားနေသည်ကို မြင်ရသောအခါ ဆာတို၏ ဇနီးက မကျေမနပ် ဖြစ်တော့သည်။ ဤကိစ္စကို သူမက ဒေါက်တာဟာယရှိအား ပြောပြသောအခါ သူက အပြုံးမပျက်ဘဲ ပြန်ပြောသည်။

"ကျွန်တော်တို့လို ဘာသာရေးကိုင်းရှိုင်းတဲ့လူတွေ သတ္တဝါကို သတ်ခွင့်မရှိပါဘူး"တဲ့။ နောက် ရက်များမကြာမီတွင် ဟာယရှိကိုယ်တိုင် ဤကိစ္စနှင့် ပတ်သက်၍ ယုံကြည်မှု လျော့သွား၏။ သူ၏ ဆရာဝန်ဝတ်စုံသည်လည်း ညစ်ပတ်နေပြီး၊ အနက်စက်များစွန်းထင်းနေသည်။ သူနာပြု





ဆရာမများ ပိုလို့ဆိုးသေးသည်။ သူတို့သည် သာမန်အဝတ်များကို ဒေးမလည်ကြချေ။ အိပ်ရာနား ထားသည့် အိုးထဲမှအရာများကို လူနာများ သောက်ဆေး၊ မျက်နှာသစ်သည့် နေရာတွင် သွန်ပစ်ကြသည် ကိုတွေ့ရ၏။

နောက်တစ်ခု မိသားစု အံ့သြရသည်မှာ ဉာဏ်အဖွဲ့ထဲဝင်ရန် တောင်းဆိုခြင်းဖြစ်၏။ ဟာယရှိသည် အမှားတစ်ခုကို ကျူးလွန်ခဲ့မိပေသည်ဟု သူတို့က ပြောသည်။ ဉာဏ်ကို ယုံကြည်သူများသာ ထိုဆေးရုံသို့ လူနာအဖြစ် တက်ရောက်ခွင့်ရှိသည် ဆို၏။ ဆိုတိုအား အယူသီးဂိုဏ်းဝင်ရန် ဗွတ်အတင်းအကြပ် ပြုလုပ်ကြလေသည်။

(၁၉၉၂)ခု၊ မေလတွင် ဆာတို၏ ပြန်လည်ထူထောင်ရေး အစီအစဉ် စတင်သည်၊ ဆရာဝန်များက လူနာများအား ပျားရည်နှင့် ရေကို ဉာဏ်၏ ဆေးသိပ္ပံပညာအရ ဖော်စပ်ထားသော ဖျော်ရည်အဖြစ် သံသယကင်းစွာ သောက်ရန် ညွှန်းကြသည်။ တန်ဖိုးမှာ တစ်ခွက်လျှင် ဒေါ်လာ (၁၀) ကျ၏။ အပူငွေ့ဖြင့်ကုထုံးကို သူတို့သည် စိတ်အားထက် သန်စွာ အကြံပြုကြသည်၊ အားအင်လျော့နည်းနေသော ဆာတိုအား (၁၁၇ F)ရှိ ရေနွေးထဲသို့ ရေချိုးခိုင်းကြသည်။ ဤနည်းဖြင့် ခန္ဓာကိုယ်ထဲမှ အဆိပ်များ ထုတ်ပစ်ခြင်းဖြစ်၏။ ဤကဲ့သို့ ရေချိုးခြင်းကို ဒေါ်လာ (၈၀၀၀) ပေးရသည်။ ဈေးကြီးသဖြင့် ဆာတိုက ငြင်းဆန်သောအခါ ဆေးရုံအမှုထမ်းများ ဈေးဆိုင်ခန်းကို ရောင်းချပစ်ရန် တိုက်တွန်းပြီး၊ မိသားစုထံ ဖုန်း မကြာခဏခေါ်၍ ငွေတောင်းကြသည်။

မိသားစုသည် စိတ်မပါတပါဖြင့် ဆေးကုခငွေကို အရစ်ကျပေးရန် သဘောတူလိုက်ကြရ၏။ နောက်တစ်ကြိမ် လာသောအခါ မိသားစုသည် သူတို့ဖခင်အား အသားတွေ လောင်ကျွမ်းနေသည်ကို တွေ့ကြရသဖြင့် လန့်ဖျပ်သွားကြသည်။ ဉာဏ်၏ အပူငွေ့ကုထုံးသည် ဆာတို၏ ခန္ဓာကိုယ် အထက်ပိုင်းတစ်ခုလုံးကို အပူလောင်စေသည်။

ဆာတို၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာခြင်း မရှိသည်မှာ အံ့သြဖွယ်ရာ မဟုတ်ချေ။ ထိုအချိန်တွင် ဆေးခန်းဝန်ထမ်းများက သူ့အား ဉာဏ်အဖွဲ့ကို လှူဒါန်းရန် ဖိအားပေးနေကြသည်။ တစ်နေ့တွင် သူနာပြုတစ်ယောက်က သူ့ကို အမှတ်မထင် မေးသည်။ သူ့မှာ တကယ့် မြေယာအိမ်မြေပိုင်သလားတဲ့၊ သူက မိသားစုသည် ဒေါ်လာ (၈၀၀၀၀၀)တန် အိမ်ခန်း ပိုင်ဆိုင်ကြောင်း ဖြေကြားလိုက်မိသည်။ မကြာမီ ဆေးရုံဝန်ထမ်းများက ဆာတိုအား အိမ်ခန်းကို အယူသီးဂိုဏ်းအား ပေးလှူမှသာ ရောဂါသက်သာလိမ့်မည်ဟု ဟောပြောကြလေသည်။ ထိုအရာသည် ဉာဏ်၏ သင်ကြားချက်တစ်ခုဖြစ်ကြောင်း သူတို့က ရှင်းပြကြသည်။ ကျန်းမာရေးအတွက် ဆိုးညစ်သည့် ကာမဂုဏ်တရားကို ဖယ်ခွာရန်လိုကြောင်း၊ ထိုနည်းလမ်းကို လိုက်နာကျင့်သုံးရန်မှာ ဉာဏ်မြင့်မြတ်သော သစ္စာတရားဂိုဏ်းအား လှူဒါန်းရန်ဖြစ်ကြောင်း သူတို့က ရှင်းပြကြသည်။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဆာတို၏ မိသားစုသည် ကြောက်လန့်သွားပြီး ဆာတိုအား ဆေးရုံမှ ဆင်းခွင့်ပြုရန် ပြောကြ၏။ သို့သော် ဥုမ်ဆေးရုံဝန်ထမ်းများက ဖွတ်ပြော နေကြသည်။

"အခုမှ ဆေးကုဖို့စတင်ကာရှိသေးတယ်၊ ခင်ဗျားတို့အနေနဲ့ ဘာက ပိုပြီး အရေးကြီးသလဲ၊ အဖေလား ငွေကြေးလား၊ ဘာကြောင့် အိမ်ခန်းကို ရောင်းပြီး၊ သူ့ကို ဆေးမကုသချင်ရသလဲ"ဟု ဥုမ် ဆရာဝန် တစ်ယောက်က မေးလေသည်။

ဆာတိုအား ဆေးရုံမှ ဆင်းခွင့်မပေးချေ၊ သူ့မိသားစုတို့ကိုလည်း လာခွင့်သိပ်မပေးဘဲ ထား၏။ အထီးကျန်နေရပြီး၊ လှူဒါန်းရန် ဖိအားပေး ခံရသည့်ပြင် ရေနွေးဖြင့်ကုသသည်ကို ကြောက်လန့်နေသဖြင့် နောက်ဆုံး တွင် သူ၏ အိမ်ခြံမြေတစ်ဝက်ကို အယူသီးဂိုဏ်းအား ပေးလှူလိုက်ရလေ တော့သည်။ "အဲဒီလောက်နှင့် မလုံလောက်သေးဘူး ခင်ဗျားအပြည့်အစုံ ကုသမှုခံချင်ရင် အားလုံးပေးလှူရမည်"ဟု သူ့ကို ပြောကြပြန်သည်။

ဤသို့ အိမ်ခြံမြေများလှူဒါန်းပြီး မကြာမီတွင် အနီးရှိအခန်းတွင်းမှ လူနာတစ်ယောက် သေဆုံးသွား၏။ ထိုရုပ်အလောင်းကို တစ်နေကုန် အိပ်ရာပေါ်မှာပဲထားသည်။ ထူးဆန်းသည်မှာ ထိုအလောင်းကို သူနာပြု များက နောက်နေ့ ဆက်ထားခြင်းဖြစ်သည်။ ထို့နောက် နောက်တစ်နေ့ လူသေသည်။ သူသေဆုံးသည့် နေရာမှာပင် ငါးရက်ကြာနေရ၏။ လူသေ ပုပ်စော်နံ့များ ဆာတို၏ အခန်းထဲသို့ ဝင်ရောက်လာသည့်အခါ၊ ဆာတို သည် သူ့အသက်အန္တရာယ်ကို စိုးရိမ်စပြုလာသည်။ (၁၉၉၂)ခု၊ ဩဂုတ် လကုန်သောအခါ ဆာတိုသည် သူရှိသမျှ ပစ္စည်းအားလုံးကို အယူသီး ဂိုဏ်းသို့ လှူဒါန်းလိုက်တော့သည်။

နောက်ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ 'ဟန်ကို'ခေါ် ဂျပန်လို တံဆိပ်ဝိုင်းအဖြစ် အသုံးပြုသော လက်မှတ်ရေးထိုး လေ့ကျင့်ရန် ဆာတိုအား ခိုင်းထားသည်။ ဆရာဝန်များကမူ ကျန်းမာရေးပြန်လည် ကောင်းရန် အခြားလေ့ကျင့်ခန်းဟု ပြောကြသည်။ ဥုမ်ဂိုဏ်းသည် ထို လက်မှတ်များကို မိတ္တူကူးလျက် ဆာတိုဘဝ ပြောင်းလဲစေရေးအတွက် အခွင့်အရေးယူခြင်း ဖြစ်၏။ ပထမ သူ၏ နေအိမ်လိပ်စာကို ဆေးရုံ လိပ်စာသို့ ပြောင်းလိုက်သည်။ ထို့နောက် သူ့အိမ်ခန်းကို ဥုမ်သို့ လွှဲပြောင်း ပေးကြောင်း စာရွက်များပေါ် လက်မှတ်ရေးထားသည့် တံဆိပ်များ နှိပ်ကြ ၏။ ထိုလထဲမှာပင် ဥုမ်သည် ဆာတိုနှင့်ဇနီး ကွာရှင်းပြတ်စဲကြောင်း ခရိုင်တရားရုံးသို့ လျှောက်လွှာတင်ကြသည်။ မိသားစုများကမူ သူ့ဆန္ဒ မပါဘဲ အဆက်အသွယ် ဖြတ်ခိုင်းခြင်းဖြစ်သည်ဟု ယုံကြည်နေကြ၏။ ယခု ဥုမ်သည် သူတို့၏ အိမ်ခြံမြေတစ်ပိုင်းကို ပိုင်ဆိုင်သွားပြီဟု တွေ့ရှိ ရသောအခါ နောက်ဆုံးအနေဖြင့် လုံလောက်ပြီဟု ယူဆကြလေသည်။





မတ်လအစောပိုင်းတွင် ဆာတို၏ သားတစ်ဦး အားကောင်းမောင်း သန်သူ အဖော်များနှင့်အတူ ဆေးရုံသို့ရောက်လာပြီး၊ ဖခင်ကို ခေါ်သွား ကြလေတော့သည်။ ထိုကိစ္စသည် (၁၄)လကြာ အကြိတ်အနယ် ယှဉ်ပြိုင်ပွဲ ဖြစ်၏။

နောက်တွင် မိသားစုက ဥုမ်ဂိုဏ်းအား တရားစွဲကြသည်။ ဥုမ်က အဘင်းအကြပ် လှူဒါန်းခိုင်းခြင်း၊ အခန်းပိတ်လှောင်ခြင်းနှင့် ညှဉ်းသည် လာရောက်သည်ကို ကန့်သတ်ခြင်းတို့အတွက် ငြင်းဆိုယုံသာမက သူတို့ က မိသားစုကို လိမ်ညာမှုဖြင့် ပြန်လည်တရားစွဲကြသည်။ ဥုမ်အဖွဲ့အား မကြာခဏ တရားစွဲဆိုခံရသောကြောင့် ဂျပန်အာဏာပိုင်များက စုံစမ်းစစ် ဆေးခြင်း တစ်စုံတစ်ရာ မပြုခဲ့ချေ။

လူနာများထံမှ ငွေကြေးမြောက်မြားစွာရရှိသဖြင့် အဆာဟာရ သည် အလွန်ကျေနပ်သောကြောင့် ဟာယရှိသည် ဂုရု၏ အတွင်းလူယုံ တော်တစ်ဦး ဖြစ်လာ၏။ ဆရာဝန်တစ်ဒါဇင်နှင့် သူနာပြုများ၏ ခေါင်း ဆောင်အဖြစ်လည်း တာဝန်ပေးလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ရေကြည်စမ်းဝတ်ကျောင်းတော်

ဥမ် ဒေါက်တာများက လူနာများကို ရေနွေးထဲထည့်၍ စိမ်နေကြပြီး၊ ဓာတုဗေဒ ပညာရှင်များက အယ်လ်အက်စ်ဒီခေါ် အာရုံချောက်ချားစေသည့် ဓာတုပစ္စည်းတစ်မျိုး ဖော်စပ်ရန် လေ့လာနေချိန်မှာ အဆာဟာရ၏ စိတ်သည် အကန့်အသတ်မဲ့နယ်မြေသို့ လှည့်လည်နေ၏။ ဂုရုကြီးတစ်ခါက စိတ်ကူးယဉ်ထားသော အမဂေဒုန်ကာလသည် ယခုအခါ စိတ်ထဲမှာ ဖျောက်လို့မရအောင် စွဲလမ်းနေသည်။

(၁၉၉၃)ခု စောစောပိုင်းက အဆာဟာရသည် ကြောက်မက်ဖွယ်ကောင်းသော အမြင်အာရုံကြောင့် စိတ်တင်းကျပ်နေ၏။ လပေါင်းများစွာ ဗျာဒိတ်တော်နေ့သည် ပိုမို နီးကပ်လာပေပြီ (၂၀၀၂၊ ၂၀၀၀၊ ၁၉၉၉) ယခုနှိပ်စက်ခံထားရသော အဆာဟာရ၏စိတ်သည် (၁၉၉၆)ခုနှစ် နီးလာသကဲ့သို့ ကမ္ဘာကြီးအဆုံးသတ်မည့် နေ့သို့ရောက်နေ၏။ ယဉ်ကျေးမှု နိမ့်ကျခြင်းစတင်သည့်အခါ ဗျာဒိတ်တော်နေ့ မီးလျှံထဲရောက်မည်ဟု သူကတိပြု ပြောဆိုသည်။ ကြောက်စရာကောင်းသော အစုလိုက်အပြုံလိုက် လူသတ်ပွဲ ဖြစ်လာမည်။ ဂျပန်နိုင်ငံအား မမျှော်လင့်သော ရန်သူက တိုက်ခိုက်လိမ့်မည်ဟု နောက်လိုက်များကို ဂုရုက သတိပေးနေ၏။ အမေရိကန်က ဂျပန်ကို တိုက်ခိုက်ပြီး၊ ကျွန်းများကို ပင်လယ်ထဲနှစ်မြှုပ်ပစ်၍ ကမ္ဘာကြီးကို မီးလောင်တိုက်သွင်းလိမ့်မည်ဟု အဆာဟာရက ဟောကိန်းထုတ်လိုက်သည်။

ဥမ်၏ စိတ်တန်ခိုးက သူတို့၏ အကြံအစည်ကို သိသောကြောင့် အမေရိကန်တို့သည် ဥမ်ကို တိုက်ရိုက်တိုက်ခိုက်လိမ့်မည်ဟု ဂုရုက သတိပေး၏။ ယခုအချိန်တွင် သူတို့လေယာဉ်များသည် ဖူဂျီတောင်ပေါ်သို့ နေ့စဉ် ပျံဝဲနေပြီး ဥမ်ပေါ်သို့ ဓာတ်အဆိပ်လက်နက်များ ပက်နေပြီ။ ဂျက်လေယာဉ်သာမက အယောင်ဆောင်ထားသော ပန်ကာတပ် လေယာဉ်များနှင့် ရဟတ်ယာဉ်များလည်း ပါလာလိမ့်မည်။ ဂျပန်တပ်မတော်ကိုလည်း တိုက်ခိုက်ခံရလိမ့်မည်ဟု ဂုရုက ရှင်းပြရာ သူ၏ ဆေးအဖွဲ့က





လွှယ်ကူစွာ သဘောတူလက်ခံလိုက်ကြ၏။

ထိုနှစ်နွေရာသီတွင် အဆာဟာရသည် အယူသီးဂိုဏ်းအတွင်းမှာ အပြောင်းအလဲလုပ်ရန် အမိန့်ထုတ်လိုက်သည်။ လက်တင်ကမ်းမှာရှိသော အကြီးအကျယ်ပျက်စီးခြင်းအတွက် ဥမ်သည် အန္တရာယ်ကြီးလှစွာ ကြိုတင်ပြင်ဆင်ခြင်းမရှိသေးဘူးဟု သူက ကြေညာသည်။ သူ့တပည့်များသည် အမှောင်ကာလအတွက် လက်နက် တပ်ဆင်ထားရမည်။

"အမဂေဒုန်အန္တရာယ်က ကာကွယ်ဖို့ ကျုပ်တို့လက်နက်တွေ အများကြီးလိုအပ်တယ်၊ နောက်ပြီး မြန်မြန် ပြင်ဆင်ကြရမယ်"ဟု သူ့နားပတ်လည်မှ နောက်လိုက်များကို အဆာဟာရက ပြောပြနေသည်။

ယခု ဥမ်ဂိုဏ်းထဲတွင် အဖွဲ့ဝင်ပေါင်းတစ်သောင်းကျော် နေထိုင်လျက်ရှိကြပြီး၊ သူတို့သည် မိသားစုနှင့် ပြင်ပကမ္ဘာတို့ကို အဆက်အသွယ်ဖြတ်ထားကြသည်။ ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေခြင်း၊ သတင်းစာများကဝေဖန်ခြင်း၊ ဒေါသထွက်နေသော အိမ်နီးချင်းများနှင့် မိဘများသည် ဘာသာရေးယုံကြည်ချက်ကြောင့် နှိပ်စက်ခံရခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ကို ပူးပေါင်းခံစားကြရ၏။ ထိုအခိုက်တွင် ဥမ်၏ သင်ကြားချက်များသည် တရားသေဝါဒ ပိုမိုကျပြီး၊ လုံးဝဥသုံ ပိုမိုဆန်၍ မကြာမီ ဖြစ်ပေါ်လာမည့် ကမ္ဘာကြီးပျက်စီးမည်ဟု အတွေးအခေါ်အား ညီညာစွာ သွားရောက်နေကြသည်။ နောက်လိုက်များသည် အအိပ်အနေနည်း၍ အဟာရချို့တဲ့စွာ စားသုံးကြရသဖြင့် ယဉ်ကျေးမှုရပ်ဆိုင်းတော့မည် အခြေအနေရောက်ခနေ၏။

အဆာဟာရသည် သူ၏ အနီးကပ်ဆုံး အကြံပေးခေါင်းဆောင်များဖြစ်ကြသည့် မူရိုင်း(နက္ခတ္တ၊ ရူပဗေဒပညာရှင်)၊ ဟာယာကဝ (အင်ဂျင်နီယာချုပ်)၊ နာကာဂါဝ (ဆရာဝန်)၊ အင်ဒို (ဇီဝဗေဒပညာရှင်)၊ တဆူချီယ (ဓာတုဗေဒပညာရှင်)များ ခေါ်ယူတွေ့ဆုံပြီး၊ အဆိုးဆုံး အခြေအနေအတွက် ပြင်ဆင်ထားရန် ပြောသည်။

"ကျုပ်တို့ ဥမ်ကို စစ်တပ်ကြီးအဖြစ် ပြောင်းပစ်ကြရမယ်"

အဆာဟာရသည် မူရိုင်းအား လုပ်ငန်းအားလုံးကို ကြီးကြပ်ရေးတာဝန်ပေးလိုက်၏။ ဟာယာကဝအား အခြေခံအဆောက်အအုံများဖြစ်သော စက်ရုံများ၊ ဓာတ်ခွဲခန်းများ၊ လက်နက်များထုတ်ရန်နှင့် ဆောက်ရန်တာဝန်ပေးသည်။ ဇီဝဓာတ်ခွဲခန်းတွင် အလုပ်လုပ်ဆဲဖြစ်သော အင်ဒိုက အတတ်ပညာရှင်များသည် အလွန်အကျိုးသက်ရောက်စေမည့် တစ်မျိုးကို မွေးမြူနေကြောင်း ဂုရုအား တာဝန်ယူပြောဆိုနေ၏။ တဆူချီယကတော့ ဖြပ်ထုဓာတုဗေဒသမားဖြစ်သောကြောင့် သူ၏ကိုယ်ပိုင်ဓာတ်ခွဲခန်းတွင် ဓာတုဗေဒလက်နက်များ တီထွင်စေသည်။ နာဇီများအသုံးပြုခဲ့သည့် ဆာရင်ခေါ် ဓာတ်ငွေ့သည် အလုပ်ဖြစ်လိမ့်မည်ဟု သူက စောစောပိုင်းက အကြံပြုတင်ပြခဲ့၏။ ထိုဆာရင်ဓာတ်ငွေ့ကို ထုတ်လုပ်ရန်



www.burmeseclassic.com

www.burmeseclassic.com

လွယ်ကူပြီး၊ အစုလိုက်အပြုလိုက် သေစေနိုင်ကြောင်း စာတမ်း ဖတ်ပြခဲ့သည်။

သူ၏ စာတမ်းပါ အချက်အလက်များကို ကြားရသောအခါ အဆာဟာရ သဘောကျသွား၏။ မူရိုင်း၏ သိပ္ပံပညာရှင်များသည် ဆာရင်ဓာတ်ငွေ့ထုတ်ရန် စီမံချက် ရေးဆွဲကြပြီး အကြီးအကျယ် ထုတ်လုပ်ရေးအတွက် စက်ရုံဆောက်ရန် ဒီဇိုင်းပုံစံရေးဆွဲကြရသည်။ ဟာယာကဝ၏ အင်ဂျင်နီယာများသည် ဖူဂျီတောင်ဝိုင်းတွင် စက်ရုံဆောက်ကြရန် ဖြစ်၏။ ထိုအချိန်တွင် ဓာတုဗေဒလက်နက်လုပ်ရန် သုတေသနကို ဆက်လက်လုပ်ကိုင်နေကြသည်။

ဟာယာကဝသည် မီးသေနတ်များ၊ ပေါက်ကွဲပစ္စည်းများ၊ တင့်ကားများနှင့် လေယာဉ်များဝယ်ယူရာတွင် ကူညီရသည်။ မူရိုင်း ကိုယ်တိုင်ကမူ အဏုမြူလက်နက်တိုးတက်မှု၊ လေဆာနှင့် မိုက်ကရိုလစ် အတတ်ပညာများကို ကိုင်တွယ်ရသည်။ ထိုတစ်ချိန်တည်းမှာပင် စစ်တပ်ထူထောင်ရန် စီမံ စိုင်းပြင်းနေကြသည်။ ဂျုမ်အဖွဲ့ဝင်များသည် ဂျုမ်အဖွဲ့သို့ ဝင်ရောက်လာသော စစ်ပြန်တစ်ဦး၏ ခေါင်းဆောင်မှုဖြင့် စစ်သင်တန်းတက်ကြရသည်။ လုံခြုံရေးနှင့် ထောက်လှမ်းရေးတာဝန်အတွက် အထူးကွန်မင်ဒိုတပ်ကိုလည်း ဖွဲ့စည်းထားသည်။ ထို့ပြင် သိပ္ပံပညာရှင်များ၊ အဆင့်မြင့်နည်းပညာ အလုပ်သမားများနှင့် ဂျပန်နိုင်ငံ မိမိကိုယ်မိမိ ကာကွယ်ရေးတပ်မတော်အဖွဲ့ဝင်များကို ဆုပ်ကိုင်နိုင်ရန် လူသစ်များကိုလည်း စုဆောင်းနေ၏။

ထိုအရာများသည် အလှမ်းဝေးမည်ဟုထင်ရသော်လည်း ဂျုမ်၏ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ၏ဉာဏ်ပညာကို လျှော့တွက်၍ မရချေ။ သူတို့၏ စေ့ဆော်မှုကိုလည်း အထင်သေး၍ မဖြစ်ပေ။ ဂျပန်လူမျိုးများသည် အလုပ်ကို အပြင်းအထန်လုပ်သည်ဟု ကမ္ဘာကကောင်းစွာ သိထား၏။ ဂျပန်နိုင်ငံသည် တရားဝင်အသိအမှတ်ခံရသော 'ကာရိုရှိ' အမည်ရ အလုပ်လုပ်လွန်းသောကြောင့် ရောဂါရပြီး၊ သေခြင်းရောဂါဖြစ်သည့် တစ်ခုတည်းသော နိုင်ငံဖြစ်ကောင်း ဖြစ်နိုင်သည်။ ဤနေရာသည် ကမ္ဘာက အလိုရှိနေသော မြင့်မားစွာ စိတ်ဓာတ်စေ့ဆော်ထားသည့် ထိန်းမရနိုင်သော လူငယ်သိပ္ပံပညာရှင်များသည် ကမ္ဘာကြီးအဆုံးသတ်နေသည့်အတွက် လက်နက်တပ်ဆင်သော နောက်ဆုံးနေရာ ဖြစ်၏။

"တတိယကမ္ဘာစစ်ကြီးဟာ လုံးဝဥဿုံဖြစ်လာမယ်၊ ကျုပ်ရဲ့ ဘာသာရေးဘဝကို အဲဒီအပေါ်မှာ အလောင်းအစား လုပ်ထားတယ်"ဟု အဆာဟာရက သူ့တပည့်များကို အသေအချာ ပြောပြနေသည်။

အိုကာမူရ သံမဏိလုပ်ငန်းသည် ခရီးဆုံးသို့ ရောက်နေ၏။ စီးပွားရေးပျက်ကပ်နှင့် အကြွေးမြီနွံတွင် နစ်လျက်ရှိသော ထိုသံမဏိ ကုမ္ပဏီသည် အင်အားချည့်နဲ့နေပြီး၊ မိတ်ဆွေများ၏ အကူအညီကို မျှော်လင့်





သာက်ရှိသည်။ ဥက္ကဋ္ဌသည် စိတ်ဓာတ်ကျနေသောကြောင့် စိတ်သက်သာမှုရှိရန် 'ဂျုမ်မြင့်မြတ်သောသစ္စာအသင်း'အမည်ရှိ ဘာသာရေးအဖွဲ့သစ်နှင့် ဆက်သွယ်နေ၏။ ဂျုမ်မှ ကောက်ကျစ်လိမ်ညာတတ်သော အဖွဲ့ဝင်သစ်စုဆောင်းသူများသည် သူတို့၏ အခွင့်အရေးတစ်ရပ်တွေ့ရှိရလေသည်။ ကုမ္ပဏီအား ဒေါ်လာ သန်း(၂၀၀)ထက် လျှော့နည်း၍ ဂျုမ်အဖွဲ့သို့ ရောင်းချပေးရန် ကုမ္ပဏီဥက္ကဋ္ဌအား ဖြားယောင်းကြ၏။ ကုမ္ပဏီ၏ အကြီးဆုံးစက်ပစ္စည်းများကို စဉ်းစားပြီး၊ ချောဆစ်ခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် အယူသီးဂိုဏ်းသည် ကွန်ပျူတာဖြင့် လုပ်သည့် ကြီးမားသော စက်ကိရိယာလုပ်စက်ရုံ၊ အလုပ်သမားဦးရေ တစ်ရာနှင့် ကြွေးမြီ ဒေါ်လာ ပေါင်းသန်း(၁၆)ခန့် ရရှိမည့်ဖြစ်၏။ ပြုံးဖြီးဖြီး အမူအရာနှင့် အဆာဟာရသည် ဂျုမ်က မီးဖိုအသေးစားကလေးများ ထုတ်လုပ်ခြင်းဖြင့် ကုမ္ပဏီကို ပြန်လည်တည်ဆောက်ပြမည်ဟု ကြေညာလိုက်သည်။

အမှန်မှာတော့ အဆာဟာရတွင် ထိုရည်ရွယ်ချက်မရှိချေ။ လူထုက သိမ်းပိုက်သလို ဂျုမ်သည် စက်ရုံကုမ္ပဏီကို ခိုးယူပြီး၊ မြို့မှ ထွက်ခွာသွားမည်ဟု ကြံရွယ်ထားသည်။ သို့သော် အယူသီးဂိုဏ်းသည် လုပ်ငန်းပေါ် အမြတ်ထုတ်ရန် ပိုမိုလိုလားနေ၏။ အိုအာမူရ၏ စက်ရုံတွင် သူတို့သည် အမဂေဒုန်အတွက် ကိရိယာများ ပြုလုပ်နိုင်လေသည်။

စက်ရုံထဲသို့ ဂျုမ်၏ စီမံခန့်ခွဲမှုဝင်ရောက်လာသောအခါ တစ်ခုခုမှားနေပြီဟု အလုပ်သမားများက သတိပြုမိကြသည်။ စက်ရုံပတ်လည်တွင် ကိုယ်အလေးချိန်ပို လွန်းနေသော ဂုရု၏ ဓာတ်ပုံများရောက်လာ၏။ ဂျုမ်၏ နက္ခတ္တဂီတသံများသည် ကျယ်လောင်သော အသံချဲ့မှ အဆက်မပြတ်ထွက်နေ၏။ ထို့ပြင် စက်ရုံနာမည်ကိုလည်း ပြောင်းလိုက်သည်။

အလုပ်သမားများ ထွက်သွားသောကြောင့် လျှပ်စစ်ခေါင်းဦးထုပ်များ ဆောင်းထားသည့် ဂျုမ်လူငယ်များဖြင့် လူစားထိုးရသည်။ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် မူလ အလုပ်သမား (၉၀)ရာနှုန်းသည် အလုပ်မှ ထွက်သွားကြ၏။ မကြာမီကုမ္ပဏီ၏ ဘဏ်များကလည်း ဒေါ်လာ (၄)သန်းနီးပါးခန့် အကြွေးသစ်တင်ရှိသဖြင့် ကြောက်ရွံ့၍ စွန့်ခွာသွားကြပြန်သည်။ ထိုငွေမှာ ဂျုမ်သို့ လှူဒါန်းငွေဖြစ်သည်။

ကုမ္ပဏီဥက္ကဋ္ဌဖြစ်လာပြီး တစ်လကြာသောအခါ အဆာဟာရသည် ရုတ်တရက် နုတ်ထွက်လိုက်၏။ ထို့ပြင် အိုကာမူရ သံမဏိလုပ်ငန်းသည်လည်း ဒေဝါလီခံရတော့သည်။ အကြွေးရှင်များက သတင်းမကြားရမီ ဂျုမ်သည် ဒေါ်လာတစ်သန်းကျော်တန် အကောင်းဆုံးစက်ပစ္စည်းအမျိုးတစ်ရာကျော်ကို သယ်ထုတ်သွားကြသည်။ ထိုပစ္စည်းများကို မိုင်(၂၀)မျှဝေးကွာသော ဂျုမ်ဌာနချုပ်ဆိုရာ ဖူဂျီတောင်ရှိ ကျယ်ပြန့်သော သိုလှောင်ရုံသို့ ထရပ်ကားကြီးများဖြင့် သယ်ဆောင်သွားကြသည်။ ထိုနေရာတွင် အယူသီးဂိုဏ်းသည် ရည်ရွယ်ချက်အကြီးမားဆုံး စီမံကိန်း


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့် 'ရေကြည်စမ်းဝတ်ကျောင်းတော်' တည်ဆောက်ရန် ပြင်ဆင်ထားလေသည်။ ထိုနေရာသည် အယူသီးဂိုဏ်း၏ 'သိပ္ပံနှင့်နည်းပညာ' ကျောင်း သုတေသနဗဟို သို့မဟုတ် အယူသီးဂိုဏ်းသားများက 'မြင့်မြတ်သောသိပ္ပံဌာန'ဟု ရိုးသားရှင်းလင်းစွာ ခေါ်ဆိုကြသည်။

ပြည်နယ်အစိုးရက သိရှိသလောက်ဆိုလျှင် ဥမ်သည် လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံတည်ဆောက်နေပြီး၊ လေသန့်ရှင်းစက်၊ လျှပ်ခေါင်းဦးထုပ်နှင့် အခြားကိရိယာ အငယ်စားများကို ထုတ်သည်ဟုဆို၏။ ဤပစ္စည်းများကို အမှန်တကယ် ထုတ်လုပ်သော်လည်း စက်ရုံ၏ တကယ့် ရည်မှန်းချက် မဟုတ်ချေ။ (၁၉၉၃)ခုနှစ် နွေဦးတွင် စက်ရုံမှ ကုန်ထုတ်လုပ်မှု စတင်သောအခါ အာရုံကြောပျက်စေမည့် အဆိပ်ငွေ့ ထုတ်လုပ်သည့် စက်ရုံအတွက် လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းများစွာကို ထုတ်လုပ်ပေးသည်။ သို့ရာတွင် စက်ရုံ၏ ဗဟိုစူးစိုက်မှုမှာ ဟာယာကာဝနှင့် မူရိုးတို့၏ အစီအစဉ်ဖြစ်သည့် အေကေ(၄၇)လက်နက်များ အများအပြား ထုတ်လုပ်ရန်ဖြစ်၏။

ကြည်လင်သော စမ်းချောင်းအလုပ်ရုံမှာ ကိရိယာတန်ဆာပလာတွေနှင့် ပြည့်စုံလာသောကြောင့် ရိုင်ဖယ်သေနတ်နှင့် အသေးစားပစ္စည်းများကို စတင်ထုတ်လုပ်လာတော့သည်။ ဥမ်အတတ်ပညာရှင်များသည် (၄၅)လက်မရှည်သော ဓားများကို ရာပေါင်းများစွာ ထုတ်လုပ်ကြသည်။ တစ်နှစ်အတွင်းမှာပင် စက်ရုံနှစ်ရုံမှလည်း ပစ္စည်းများစွာ ထုတ်လုပ်ခဲ့သည်။ ထုတ်လုပ်မှုစရိတ်မှာ ဒေါ်လာ (၂)သန်း၊ ထို့နောက် (၅)သန်း၊ နောက်ဆုံးတွင် ဒေါ်လာ(၁၀)အထိ ရောက်သွား၏။ အဆာဟာရသည် ဗျာဒိတ်တော်နေ့တွင် လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်သည့် စက်ရုံကို တည်ထောင်ရန် ဆုံးဖြတ်ထားလေသည်။

✣ ✣ ✣



## အန်းသရက်ရောဂါပိုး

(၁၀)ရာစုနှစ်အတွင်းမှာ ဂျပန်အိမ်ရှေ့မင်းသားနှင့် သူ၏ လှပချောမောသော သတို့သမီးတို့၏ လက်ထပ်မင်္ဂလာပွဲ ကျင်းပနေချိန်ဖြစ်၏။ မင်းသား နာရူဟီတိုသည် နှစ်ပေါင်းများစွာကြာအောင် မှန်ကန်သော အမျိုးသမီးကို ရှာဖွေခဲ့သည်။ ယခု သူ့အသက် (၃၃)နှစ်ရောက်မှ သံအမတ်တစ်ဦး၏သမီး မာဆာကိုအိုဝါဒကို တွေ့ရှိခဲ့ရ၏။ ဟားဗဒ်တက္ကသိုလ်မှ စီးပွားရေးဘွဲ့နှင့် တိုကျိုတက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိထားသူ မာဆာကိုသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ထင်ရှားသော လူငယ်ကြယ်တစ်ပွင့် ဖြစ်နေ၏။

လက်ထပ်မင်္ဂလာပွဲအတွက် ဂျပန်နိုင်ငံတစ်ခုလုံး ဆူညံလှုပ်ရှားလျက်ရှိသည်။ သတင်းမီဒီယာများသည် မာဆာကိုအား ဘုရင့်မိသားစု၏ မိရိုးဖလာအစဉ်အလာကို လိုက်နာနိုင်ပါမည်လားဟု အသားပေး ရေးသားကြ၏။ (၁၉၉၃)ခု၊ ဇွန်လ(၉)ရက်နေ့တွင် ကျင်းပမည့် ထိုကြီးကျယ်သော အခမ်းအနားသို့ နိုင်ငံခြားသံတမန်များနှင့် အရေးကြီးပုဂ္ဂိုလ်များကို ဖိတ်ကြားထားပြီး ဖြစ်လေသည်။

ထိုဖိတ်ကြားခံရသူစာရင်းတွင် ရှိုကိုအဆာဟာရ၏ အမည်မပါချေ။ သို့ရာတွင် ဥမ်အဖွဲ့ တက်ရောက်နိုင်ရန် ဆုံးဖြတ်ချက် ချထားလိုက်သည်။

ဘုရင့်မိသားစု လက်ထပ်မင်္ဂလာပွဲအတွက် အယူသီးဂိုဏ်းသည် တစ်လကြိုစော၍ ပြင်ဆင်ထားသည်။ အဖြစ်ဆိုး အခြေအနေတစ်ရပ်ကို ဖန်တီးရန် ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် အဆာဟာရသည် ဂျပန်နိုင်ငံတွင် နာမည်ကျော်ကြားဆုံး မိသားစုကို အန္တရာယ်ပြုရန် စီစဉ်လေတော့သည်။

"လေဆာလက်နက်ကို ပိုကောင်းအောင်လုပ်ပြီး၊ ဘုရင့်နန်းတော်ကို တိုက်ခိုက်ကြစို့"ဟု သူ့အဖွဲ့ကို ပြောသည်။ "လူတွေ ရှိနေတုန်းတိုက်ရင် ဘုရင်ကြီးနဲ့ ဂျပန်နိုင်ငံကို အုပ်စိုးနေကြတဲ့ အကျင့်ပျက် နိုင်ငံရေးသမားတွေကို အငွေ့ ဖြစ်သွားစေနိုင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

ဒေါသထွက်နေသော ဂုရုထံမှ ဝေဖန်သံထွက်လာလိမ့်မည်ဟု အဆာဟာရ၏ အကြံပေးတွေက မျှော်လင့်နေကြ၏။ သို့သော် သူ၏ အနီးကပ်ဆုံး နောက်လိုက်များက အံ့သြနေမိသည်။ သူ၏သိပ္ပံပညာ အကြီးမျူး မူရိုင်းမှတစ်ပါး ကျန်လူတိုင်းက အံ့သြနေကြခြင်း ဖြစ်၏။ အင်အားကောင်းသည့် လေဆာလက်နက်လုပ်ရန် လပေါင်းများစွာကြာ မည်။ သို့သော် အယူသီးဂိုဏ်းသည် ရိုးရိုးလက်နက်ကိုပင် တိုးတက်အောင် လုပ်ထားပြီး၊ လူအမြောက်အမြား ပိုမိုသေစေနိုင်ကြောင်း မူရိုင်းက ဂုရုအား တည်ငြိမ်အေးဆေးစွာ ရှင်းပြသည်။ ဥပမာအားဖြင့် အင်ဒိုသည် သူ၏ ဓာတ်ခွဲခန်းတွင် ကတိပေးနိုင်လောက်သော အကျိုးတွေဖြစ်နေသည်။ သူ့မှာ ဇီဝလက်နက်တစ်ခုသာမက နှစ်ခုရှိနေသည်မှာ သေချာသည်ဟု ဆို၏။

အယူသီးဂိုဏ်းသည် စတင်၍ ကြံစည်ကြသည်။ သူတို့၏ စိတ်ကူး များသည် ထိန်းမနိုင်သိမ်းမရ ဖြစ်သောကြောင့် အဆာဟာရသည် အာ ဏာသိမ်းရန် အခြေအနေအထိတပ်မက်လျက်ရှိ၏။ ဂျပန်နိုင်ငံ၏ ကျန် အပိုင်းများက ဘုရင့်မိသားစု လက်ထပ်မင်္ဂလာပွဲကို အာရုံစိုက်နေကြစဉ် ဥုမ်၏ ကွန်မန်ဒိုတပ်ဖွဲ့သည် စစ်တပ်ကို ထိန်းချုပ်ပြီး၊ ဘုရင့်နန်းတော်၊ ဒိုင်းယက် လွှတ်တော်နှင့် ဝန်ကြီးချုပ်၏နေအိမ်တို့ကို တိုက်ခိုက်ကြမည်။ အကြံအစည်လုပ်ရာမှာ ဝေးကွာလွန်းသဖြင့် အယူသီးဂိုဏ်းသည် နန်း တော်နှင့် ဗဟိုအစိုးရရုံးနားနီးသည့် အခန်းငှားရန် နေရာရှာဖွေကြသည်။

သို့နှင့်တောင် ဥုမ်သည် ထိုကဲ့သို့ ရည်ရွယ်ချက်ကြီးမားသော ရန်ပွဲ အတွက် အဆင်သင့် မရှိသေးချေ။ အယူသီးဂိုဏ်းမှာ လက်နက်အပြည့် အစုံမရှိသေး၊ လူမှုမရှိ၊ ထို့ပြင် ကိရိယာမရှိ၊ သို့သော် အပြောင်းအလဲ လုပ်နိုင်မည်ဟု အဆာဟာရက ကတိပြု၏။ ယခုဂုရုသည် တိုက်ပွဲပုံစံကို ပိုမို လွယ်ကူအောင် ပြောင်းပစ်လိုက်သည်။ ဒုတိယအကြိမ်မြောက် ကြီး ပမ်းသည့်အနေဖြင့် တိုကျိုမြို့လယ်ကောင်တွင် အစာအဆိပ်ရည်များ ဖျန်းပက်ရန်ဖြစ်၏။ ထိုသို့ တိုက်ခိုက်ပြီးနောက် သတင်းစာရှင်းလင်းပွဲ ခေါ်ပြီး၊ အမေရိကန်စစ်တပ်ကို အပြစ်တင် ဝေဖန်ရန် အဆာဟာရက စီစဉ်ထားသည်။

အယူသီးဂိုဏ်း အင်ဂျင်နီယာများသည် မော်တော်ကားကို အထူး ဆေးဖျန်းကရိယာ တစ်စုံကို နောက်တစ်ခါ တပ်ဆင်ကြ၏။ အာရုံကြော ဖျက် အဆိပ်ရည်များကိုလည်း ကားပေါ် ထပ်မံတင်ကြသည်။ ဤတစ်ခါ တွင် ဂုရုကြီးကိုယ်တိုင် ကားပေါ် လိုက်ပါလာခဲ့၏။ ရိုင်းစိုင်းသော မြင်ကွင်း တစ်ခု ဖြစ်ရပေမည်။ ဂျပန်တစ်နိုင်ငံလုံးက ဘုရင့်မိသားစုလက်ထပ်ပွဲ အတွက် အရှိန်မြင့်နေချိန်တွင် အယူသီးဂိုဏ်းသည် တိုကျိုမြို့တော်အား ကူးစက်ရောဂါဖြစ်ပွားပြီး၊ မလှုပ်မရှားနိုင်ဖြစ်အောင် မျှော်လင့်ချက်ဖြင့် သူတို့သွားရာ လမ်းတစ်လျှောက်တွင် အဆိပ်ရည်များ လိုက်ဖျန်းနေကြ၏။





လမ်းတစ်ဝက်ရောက်သောအခါ အဆာဟာရ ကြောက်လန့်တုန် လှုပ်သွားသည်။ အဆိပ်ရည်များသည် ကားထဲသို့ စိမ့်ဝင်လာသည်ဟု စိတ်ပူပန်ပြီး၊ ဂုရုကြီးသည် ကားရပ်ပေးရန် ဒရိုင်ဘာအား အမိန့်ပေးလိုက် ပြီး ကားထဲမှ ခုန်ထွက်လိုက်သည်။ ကြက်သေသေပြီး စိတ်ပူပန်လျက် အခြား အယူသီးဂိုဏ်းအဖွဲ့ဝင်များသည် သူတို့ ခရီးကို ဆက်ကြသည်။ သူတို့ ကံကောင်းသည်မှာ အင်ဒိုသည် ဇီဝဗေဒလက်နက်ဖြင့် မည်ကဲ့သို့ သတ်ဖြတ်ရမည်ကို ယခုထိ မသိသေးပေ။ ထိုလုပ်ငန်းသည် နောက်တစ် ခါ မအောင်မြင်ဘဲ ဆုံးရှုံးသွားပြန်၏။

အိမ်ရှေ့မင်းသားနှင့် သူ၏ သတို့သမီးတို့သည် လက်ထပ်လိုက် ပြီး၊ တိုကျိုမြို့သည်လည်း ခါတိုင်းကဲ့သို့ပင် သွားလာလှုပ်ရှားနေကြ၏။

အင်ဒိုသည် သူ့ဘေးမှာရှိနေ၏။ နောက်တစ်ခါသူ၏ ကြိုးပမ်းချက် ဆုံးရှုံးမည်မဟုတ်ကြောင်း အသေအချာ ပြောပြသည်။ အကြောင်းမှာ ဂုရုကြီးကို သူ၏ နောက်ဆုံးဓာတ်ခွဲခန်းသို့ ဖိတ်ခေါ်၍ ပြသခြင်းကြောင့် ဖြစ်၏။ အယူသီးဂိုဏ်း၏ တခြားဇီဝလက်နက်များကိုလည်း ခင်းကျင်းပြသ ခဲ့သည်။

ထိုနေ့သည် (၁၉၉၃)ခု၊ ဇွန်လ ကုန်ခါနီးဖြစ်၏။ ဘုရင့်မိသားစု လက်ထပ်မင်္ဂလာပွဲပြီးခဲ့သည်မှာ ရက်သတ္တသုံးပတ်ကြာခဲ့ပြီ။ ဥုမ်၏ အထက်တန်းအရာရှိများသည် သူတို့ပိုင်ဆိုင်သော တိုကျိုမြို့အရှေ့ပိုင်း ရှိ အဆောက်အအုံအပေါ်ထပ်တွင် သူတို့၏ နောက်ဆုံး ဇီဝဓာတ်ခွဲ ခန်းကို ကြည့်ရှုရန် စုရုံးရောက်ရှိနေကြ၏။ အဆာဟာရနှင့် ပါလာသူ များမှာ မူရိုင်း၊ အင်ဒို၊ ဟာယာကာဝနှင့် အခြားလူများ ဖြစ်သည်။

ထိုလုပ်ငန်းမှာ လပေါင်းများစွာ ကြာမည်ဖြစ်၍ အဆာဟာရ သည် ဖိအားပေးနေ၏။ ဓာတ်ခွဲခန်းသည် ဟာလာဟင်းလင်းဖြစ်နေပြီး၊ အပေါ်မှာ အမိုးဖွင့်ထားသည် အမိုးပေါ်တွင်မူ ကြီးမားသော လေအေး ပေးစက်ကြီးဟု ထင်ရ၏။ တကယ်တော့ အင်အားကောင်းသော ပန်ကာ တပ်ဆင်ထားသည့် စက်ရုံသုံးဆေးဖျန်းစက် ဖြစ်လေသည်။

အင်ဒိုသည် အစာအဆိပ်ကို မည်သို့ပျံ့နှံ့အောင် လုပ်ရမည်ကို သိ၏။ သို့သော် ဇီဝဓာတုပညာရှင် လုပ်ငန်းရှင်တစ်ဦးက အသစ်တစ်မျိုး ထိုးပေးသည်။

*ထိုပိုးမွှားမျိုးသစ်မှာ အန်းသရက်(ခေါ်) သိုးဆိတ်များတွင် ဖြစ်ပွား ကူးစက်၍ သေတတ်သော ရောဂါပိုးမွှားတစ်မျိုးဖြစ်၏၊ လူကိုလည်း ကူးစက်တတ်ပြီး။ 'လည်လိမ်ရောဂါ'ဟုလည်း ခေါ်သည်။(ဘာသာပြန်သူ)*

ဘက်ဆီးလပ် အန်းသရက်ဟု သိပ္ပံပညာရှင်များက ခေါ်ကြသည်။ ခရစ်ယာန်သမ္မာကျမ်းစာထဲတွင်မူ တတိယမြောက် ပလိပ်ရောဂါဟု ခေါ် ၏။ အိပ်ဖိုးဒပ်ကျမ်းစာထဲတွင် ကံဆိုးသောအီဂျစ်လူမျိုးတို့သည် ထို အန်းသရက် ရောဂါကျရောက်ပြီး၊ ကျိန်စာသင့်ခံကြရကြောင်း ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ ထိုရောဂါကျရောက်လျှင် ဝေဒနာပြင်းထန်သဖြင့် သိုးနှင့် မြက်စားသတ္တဝါများ တစ်အုပ်လုံး သေကြေကြသည်။ လူတွင် ကျရောက်ပါက ကူးစက်ခြင်းမရှိသော်လည်း ဘက်တီးရီးယားသည် တိရစ္ဆာန်များမှ တစ်ဆင့် လူများကို ကူးစက်နိုင်၏။

အန်းသရက်ရောဂါ၏ အကျိုးဆက်သည် ကြောက်မက်ဖွယ်ကောင်းလှ၏။ ထိုပိုးကို ရှူရှိုက်မိပြီးနောက် သုံးရက်(သို့မဟုတ်) ငါးရက်ကြာလျှင် အအေးမိရောဂါ အနည်းငယ်ရသည်ဟု ထင်ရသည်။ သို့ရာတွင် ဖျို့အန်ခြင်း၊ ချမ်းတုန်ခြင်းနှင့် အဖျားတက်ခြင်း ဖြစ်လာပြီး၊ ပြင်းထန်သော တုပ်ကွေး ဝင်လာ၏။ ခန္ဓာကိုယ်ပေါ်မှာလည်း အဖုအပိမ့်ကြီးများ ပေါ်လာပြီး၊ အသားအရေမှာ ပျော့၍ မည်းနက်လာလေသည်။

ရောဂါခံစားနေရချိန်တွင် အဖျားဆက်တက်နေပြီး အဆုတ်သည် ရေဖြင့် ပြည့်ဖောင်းနေတတ်၏။ အသက်ရှူရခက်ခဲပြီး၊ ရပ်သွားမတတ် ဖြစ်လာသည်။ ဦးနှောက်အမြှေးများ ရောင်ရမ်းလာပြီး သွေးထွက်သည်။ အောက်ဆီဂျင်နည်းသဖြင့် ခန္ဓာကိုယ်မှာလည်း အပြာရောင်ပေါက်လာ၏။ ဝေဒနာရှင်သည် ကြောက်လန့်ပြီး မေ့မြောကာ သနားစဖွယ် သေဆုံးသွားတော့သည်။

တိုကျိုမြို့ရှိ ဥုမ်၏ အဆောက်အအုံထိပ်မှ အဆိပ်ရည်များ လေးရက်ကြာ စီးဆင်းနေ၏။ အယူသီးဂိုဏ်း သိပ္ပံပညာရှင်များသည် ဓာတ်ငွေ့ကာ ဝတ်စုံများဝတ်ဆင်ပြီး ရေနွေးငွေ့စက်ကို အရှိန်မြှင့်မောင်း၍ အန်းသရက်ရောဂါပိုးများကို သူတို့၏ ဖျော်ရည်များထဲသို့ လောင်းထည့်ကြသည်။ ထို့နောက် ဆေးဖျန်းစက်နှင့် ပန်ကာကိုလှည့်ပြီး စောင့်နေကြ၏။

ဤအချိန်တွင် ရပ်ကွက်တွင်းနေသူများက အပုပ်နံ့များ အိမ်နီးနားချင်းသို့ စီးဆင်းလာနေသောကြောင့် တိုင်တန်းကြသည်။ ငှက်ငယ်များစွာ သေဆုံးပြီး သစ်ပင်များ ညှိုးနွမ်းကုန်သည်။ အိမ်မွေးတိရစ္ဆာန်ငယ်များ ဖျားနာကြသည်။ အိမ်နီးချင်းတစ်ဦးက သတင်းစာများကို ပြောပြသည်။

ရပ်ကွက်နေသူများက ရပ်ကွက်ရုံးသို့ တိုင်ကြားကြသောကြောင့် ဥုမ်အဆောက်အအုံသို့ စစ်ဆေးသူများလာရောက်ပြီး မေးခွန်းထုတ်ကြ၏။ သို့သော် အဖြေအနည်းငယ်သာ ရရှိကြသည်။ အယူသီးအဖွဲ့ဝင်များက သူတို့အား အထဲဝင်ခွင့်မပြုကြ။ နောင်တွင် ရှူကိုအဆာဟာရက ပဲပုပ်ဆီနှင့် ရေမွှေးနံ့ (ရှယ်နယ်နံပါတ်-၅) အနံ့များဖြစ်ပြီး၊ အဆောက်အအုံ သန့်ရှင်းမွှေးကြိုင်စေရန် ဖျန်းထားကြောင်း ရှင်းပြသည်။ သက်ဆိုင်သည့် အရာရှိများက ထိုကိစ္စကို ဖိအားပေးရန် ငြင်းဆိုကြသဖြင့် မကြာမီ ထိုကိစ္စ မေ့ပျောက်သွားကြပြန်၏။ သို့နှင့် ဥုမ်သည် ထိုကောက်ကျစ်သော လုပ်ငန်းကို စွန့်လွှတ်လိုက်သည်။ ကံကောင်းထောက်မစွာပင် တိုကျိုမြို့သည်လည်း ဘေးကင်းနေပြန်၏။





ဆေးအီချိအင်ဒိုအတွက်မူ တတိယအကြိမ် အရေးနိမ့်ခြင်း ဖြစ်၏။ သူတို့သည် ယခုထက် နှစ်ဆကြီးစားမည်ဟု ဂုရုကို ကတိပြုပြန်သည်။ သူမှာ အဆိပ်ပြင်းသော မှိုတစ်မျိုး တွေ့ရှိထားကြောင်း၊ ထို့အပြင် ကူးစက်မှု ပြင်းထန်သည့် 'ကျူ' အမျိုးအစား ရောဂါပိုးတစ်မျိုးကို မွေးမြူထားကြောင်း၊ ထို့နောက် 'အီဘိုလာဗိုင်းရပ်'လည်းရှိကြောင်း ပြောပြသည်။

"အီဘိုလာ"

ထိုစကားကို ကြားလိုက်ရလျှင် အာဖရိကအလယ်ပိုင်းမှ ဆရာဝန်များ ဆရာမများသည် အလွန် ကြောက်ရွံ့ကြကုန်သည်။ ထိုရောဂါသည် ဆေးကုမရသော သွေးလွန်ရောဂါတစ်မျိုးဖြစ်ပြီး၊ ဗိုင်းရပ်ပိုးသည် လူကိုယ်ခန္ဓာကိုယ်ထဲတွင် ကြောက်စရာကောင်းအောင် အလျင်ဖြင့် လောင်ကျွမ်းစေသည်။ သွေးနှင့်အူများကို အရှိန်ဖြင့် လည်ပတ်စေသည်။ (၁၉၈၀)ပြည့်နှစ်တွင် ဆေးပညာ ကျွမ်းကျင်သူများသည် ဇိုင်ယာပြည်မှ ကျေးရွာတစ်ရွာတွင် လူ(၁၀)ယောက်လျှင် (၉)ယောက်သေသည်ကို စောင့်ကြည့်ခဲ့ပြီး၊ ထိုရောဂါကို ဝိုင်းပယ်ထားခဲ့ကြ၏။ ထိုရောဂါဖြစ်ပွားရာဒေသတွင် အီဘိုလာမြစ် စီးဆင်းရာတစ်လျှောက်ရှိ ကျေးရွာများမှာ ပိုမို၍ အသေအပျောက်များခဲ့သည်။ ထိုဗိုင်းရပ်ပိုးသည် အောက်တိုဘီအက်(စ်)ကဲ့သို့ လူဦးရေ ထူထပ်သော ဤကမ္ဘာဂြိုဟ်အား သဘာဝမိခင်က အပြစ်ပေးသည်ဟု တချို့ကျွမ်းကျင်သူများက စိုးရိမ် ပူပန်နေကြ၏။

ဥုမ်သိပ္ပံပညာရှင်များသည် အဆာဟာရက လက်နက်ထုတ်လုပ်ရန် မပြေးမီအချိန်မှာ အီဘိုလာကို စဉ်းစားနေကြသည်။ (၁၉၉၂)ခုတွင် ထိုရောဂါအကြောင်းကို ဦးစားပေး၍ သတင်းစာဂျာနယ်များတွင် ရေးလာကြသည်။ ထိုရောဂါကို ကြောက်လန့်နေသော သတင်းစာတစ်စောင်က ဂျပန်မှ ဇိုင်ယာနိုင်ငံသို့ အလည်သွားခဲ့သော ခရီးသည်တစ်ဦးတွင် ထိုဗိုင်းရပ်ပိုး ပါလာနိုင်သည်ဟု ရေးခဲ့၏။ ထိုလူသည် ဇိုင်ယာမှ ပြန်လာပြီး မကြာမီတွင် အပြင်းအဖျားတက်ကာ သွေးများယိုစီးလျက် သေဆုံးသွားသည်။

လပေါင်း အနည်းငယ်ကြာသောအခါ ရှိုကိုအဆာဟာရနှင့် ဥုမ်သာသနာပြုအဖွဲ့(၄၀)ခန့်သည် "အာဖရိကကယ်တင်ရေးခရီး"အတွက် ဇိုင်ယာသို့သွားရန် လေယာဉ်ပေါ် ရောက်ရှိနေကြ၏။

ထိုဂျပန်လူငယ်သည် ဆရာဝန်များ၊ သူနာပြုများ၊ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံအပြည့်နှင့် ရောက်ရှိလာကြသည်။

"ကျွန်တော်တို့ကိစ္စက သီရိလင်္ကာနဲ့ ဂုရုခရီးထက်ပိုပြီး အလှူစလိုဖြစ်တယ်၊ ကျွန်တော်တို့ဟာ အဖရိကတိုက်သားတွေကို ရောဂါဘယဘေးနဲ့ အငတ်ဘေးက ကယ်တင်ဖို့လာခဲ့ကြခြင်းဖြစ်တယ်"ဟု ဖော်ပြခြင်းကိုခံစားပါ အမည်ရှိ အယူသီးဂိုဏ်းမဂ္ဂဇင်း ဆောင်းပါးတွင် ဖော်ပြထားသည်။ ဥုမ်ဆေးအဖွဲ့သည် သာမန်ကယ်ဆယ်ရေး မစ်ရှင်အဖွဲ့ထက်



www.burmeseclassic.com

ပိုမို စိတ်ဝင်စားကြ၏။ အဆာဟာရနှင့် အဖွဲ့သည် ဆေးရုံခြောက်ရုံသို့ သွားရောက်လေ့လာခဲ့ကြရာ ဆေးရုံသုံးရုံတွင် အတိတ်ကာလဆီက အီဘိုလာဗိုင်းရပ်ရောဂါ ဖြစ်ပွားခဲ့ပြီး၊ ဗိုင်းရပ်ပိုးများ ရှင်နေဆဲဖြစ်သည်။

ဥမ်သည် အီဘိုလာဗိုင်းရပ်ကို ရရှိခဲ့သလား။ ထိုကိစ္စသည် ယခုထိ မရှင်းပေ။ ဂျပန်အပတ်စဉ် စာစောင်တစ်ခုကတော့ မှန်ကန်သည်ဟု အောက်ပါအတိုင်း ရေးခဲ့သည်။

"ကျွန်တော်တို့ အီဘိုလာကို မွေးမြူကြပါတယ်၊ ဒါပေမယ့် အခု ထက် ပိုမို လေ့လာဖို့ လိုအပ်နေတယ်။ အခုထိ လက်တွေ့အသုံးမချနိုင် သေးဘူး"

## ဥမ်အင်တာနေရှင်နယ်

ဇိုင်ဂိုကော်ပိုရေးရှင်းသည် (၁၉၉၃) နွေရာသီတွင် ဖုန်းခေါ်သံ ကြားရ၏။ မင်ဟက္တန်ရပ်ကွက်မှ မစ္စဟီရာ အိုကာဆိုသူက ဖုန်းခေါ်နေ ခြင်း ဖြစ်သည်။ သူမသည် မတ်စ်(၄)အမျိုးအစား ဖာဂိုမီတာကို အလွန် စိတ်ဝင်စားနေ၏။

"ဥမ် ယူအက်စ်အေ လီမိတက်က ခေါ်တာ"ဟု ထိုအမျိုးသမီးက အပ်တလဲလဲ ပြောသည်။ ထိုနာမည်သည် လုပ်ငန်းနာမည်ဖြစ်ကြောင်း သူမက ပြောသည်။

ဇိုင်ဂိုသည် ဘာသာရေးပစ္စည်းရောင်းသည့်ဆိုင် မဟုတ်ချေ။ ကုမ္ပဏီမှာ အမေရိကန်စားဖြစ်ပြီး၊ နယူးယောက်မှ အစိုးရနှင့် ဆက်သွယ်ထား သော အဆင့်မြင့်နည်းပညာနှင့် ပတ်သက်သည့် ဘွန်နီတီကပ်မှ ဆိုင်ဖြစ် ၏။ ဇိုဂိုသည် အီလက်ထရွန်နစ် စက်ရုံများနှင့် စစ်ဘက်သုံးကိရိယာများ ကို လေဆာရောင်ခြည်အခြေခံ၍ ချိန်ဆသောကိရိယာများကို ထုတ်လုပ် သည့် အင်တာဖာဂိုမီတာ ပစ္စည်းအတွက် ကမ္ဘာတွင် နာမည်ရသည်။

သူမ၏ စီးပွားရေးလုပ်ငန်းသည် မင်ဟက္တန်ရပ်ကွက်တွင်ရှိပြီး၊ မိဘများ၏ ကုမ္ပဏီကမူ ဂျပန်တွင် အခြေပြုထားသည်ဟု ဟီရာအိုကာက ရှင်းပြ၏။ ဥမ်သည် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်သဖြင့် သုတေသနအတွက် မတ်(၄)ပစ္စည်းလိုအပ်ကြောင်း၊ သူမကုမ္ပဏီက ငွေပေး ချေရန် ဆန္ဒရှိကြောင်း ရှင်းပြသည်။

ကုမ္ပဏီတွင် ဟီရာအိုကအား သင်္ကရိုက်ဘာသာဖြင့် 'သဗ္ဗ'ဟု လူသိများ၏။ အဆာဟာရသည် အမေရိကန်၌ တိုးတက်နေသော ဥမ် လုပ်ငန်းများကို ကြီးကြပ်ရန် ထိုနှစ်တွင် ယခင်က အင်္ဂလိပ်စာဆရာမအား နယူးရောက်သို့ စေလွှတ်ခဲ့သည်။ မင်ဟက္တန်ရပ်ကွက် အလယ်ရှိ ဥမ်ဌာန ချုပ်မှ ညွှန်ကြားချက်များကို နာရီပေါင်းများစွာ လုပ်နေရ၏။ ထိုအရာများ ထက် သူမသည် ဥမ်နှင့် အဆာဟာရအား အမှန်တကယ် ယုံကြည်သူ ဖြစ်၏။

www.burmeseclassic.com

"ကျွန်မက ဆရာရဲ့တပည့် ဖြစ်ပါတယ်။ ကျွန်မရဲ့ အတ္တတွေ ပျောက်ကွယ်သွားပါပြီ။ လောကီကိစ္စတွေနဲ့လည်း သံယောဇဉ် ဖြတ်ပါပြီ"ဟု သူမက ဧည့်သည်တစ်ဦးကို ပြောသည်။

သို့ရာတွင် ဗိုင်ဂိုနှင့် သူမ၏ ဆက်ဆံရေးသည် ဒုက္ခနှင့် အဆုံးသတ်လေသည်။ အင်တာဖာဂို မီတာတစ်လုံးအတွက် ငွေ(၁၀၃,၀၀၀) ဒေါ် လာပေးချေခြင်းမပြုမီ၊ ထိုပစ္စည်းကို နိုင်ငံခြားသို့ အထူးအမိန့်မရလျှင် တင်ပို့ခွင့်မရှိကြောင်း မီဟာအိုကာအား ပြောခံရ၏။ သူမ၏ ကုမ္ပဏီသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်သော စက်ရုံဖြစ်သောကြောင့် အင်တာဖာဂိုမီတာကို ဖြစ်နိုင်သလောက် ချက်ချင်းလိုချင်ကြောင်း ရှင်းပြရန် ကြိုးစားသည်။ ထိုအမျိုးသမီး၏ ဇာတ်လမ်းကကောင်း၏။ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်စက်ရုံတွင် တကယ်တမ်းအားဖြင့် တိုင်းတာရန် အင်တာဖာဂိုမီတာကို အသုံးပြုရသည်။ သို့ရာတွင် ထိုပစ္စည်းကို အရပ်ဘက်နှင့် စစ်ဘက်ပါ အသုံးပြုသည်။ 'နှစ်ဖက်သုံးပစ္စည်း'ဟု အမေရိကန်အစိုးရက ခေါ်သည်။ ထိုစက်ကိရိယာကို အဏုမြူဗုံးအပါအဝင် စမ်းသပ်ပစ်လွှတ်သည့် ဒုံးပျံများ၊ ပေါက်ကွဲပစ္စည်းများတွင် ပင်တဂွန်စစ်ဌာနချုပ်က အသုံးပြုသည်။

ထိုကိစ္စသည် ဗိုင်ဂိုရှိအရပ်သားများသည် ဦးနှောက်ခြောက်စရာ ဖြစ်ရ၏။ ထို့ကြောင့် မစ္စက်ဟီရာအိုကာအား အစိုးရရုံးသို့ သူတို့က ညွှန်ကြသည်။ သို့ရာတွင် အကြောင်းအချို့ကြောင့် ထိုအရောင်းအဝယ် မဖြစ်လိုက်ချေ။ ထိုအမျိုးသမီးက သူတို့ကို နောက်ထပ်ဆက်သွယ်ခြင်း မပြုတော့။

နယူးယောက်မြို့တော်တွင် ဆူဆူညံညံဖြစ်နေချိန်မှာ ဂုရု၏ ပိုစတာများသည် လွယ်ကူစွာ ပျောက်ဆုံးကုန်ကြတော့သည်။ အိန္ဒိယဝိညာဏဝါဒ၊ ဟောတီဗူးဒူး ဘုန်းကြီးများ၊ ခေတ်သစ်တပသီရသေ့များအားလုံးကို နယူးယောက်မြို့မှာ မြင်တွေ့ဖူးကြပြီဖြစ်၏။ (၁၉၆၀)ပြည့် နှစ်များမှစ၍ အမေရိကန်နိုင်ငံများသည် အရှေ့တိုင်းမှ ဂုရုများ၊ ယောဂီများ၊ ဗုဒ္ဓဘာသာ၊ ဆစ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ရှင်၊ ဆေးဝါးများ၊ ကမ္ဘာကြီးပျက်မည့်နေ့စသည်များကို မျက်မြင်သက်သေဖြစ်ခဲ့ကြပြီး ဖြစ်၏။ ဂျူမ်ရောက်ရှိလာခြင်းသည် ကျယ်လောင်ဆူညံသော အသံထဲမှ အခြားအသံတစ်သံ ဖြစ်သည်သာ။

သို့သော် (၄၈)လမ်း အရှေ့ပိုင်းရှိ အပ်ချုပ်ဆိုင်အနားမှ ရော့ကီဖဲလားရပ်ကွက်တွင် သူရှိနေ၏။ မုတ်ဆိတ်မွေးဗရပျစ်နှင့် တရားထိုင်နေသော ဂျပန်လူမျိုးတစ်ဦး၏ ရောင်စုံပိုစတာကြီးများ ထိုရပ်ကွက်၌ ချိတ်ဆွဲထားသည်။

ပိုစတာကြီးပေါ်၌ ဤသို့ ကြေညာထား၏။





"မြင့်မြတ်သန့်စင်သော ဆရာကြီး မစ္စတာရှိုကိုအဆာဟာရ သူသည် မိမိကိုယ်မိမိ သိရှိသူဖြစ်၏။ ဉာဏ်အလင်းရောင်ရထားပြီး ဝိညာဉ်လောက၌ နက်နဲစွာကျင်လည်သူ ဖြစ်၏"ဟု ပိုစတာမှာ ရေးသား ကြော်ငြာထားသည်ကို တွေ့ကြရ၏။ ဘေးမှ ဖြတ်သန်းသွားသူများကို အပေါ်ဆပ်သို့ ဖိတ်ခေါ်ပြီး၊ ဂျူမ်လောကကို နိုးကပ်စွာ လေ့လာစေသည်။

ဂျူမ်ယူအက်စ်အေကို (၁၉၈၇)ခု၊ အောက်တိုဘာ(၂၈)ရက်နေ့တွင် တရားဝင်ဖွဲ့စည်းခဲ့၏။ နယူးယောက်ပြည်နယ်သို့ အယူသီးဂိုဏ်းအဖွဲ့ဝင်များလာရောက်သည့်အခါ အကျိုးအမြတ်မယူသော ကော်ပိုရေးရှင်းအဖြစ် မှတ်ပုံတင်ထားကြသည်။ စိတ်ဓာတ် ပိုမို ကောင်းမွန်စေရန် ရည်ရွယ်သည်ဟု ဖော်ပြသည်။

အမေရိကန်တွင် တိုးတက်မှု နှေးကွေးနေ၏။ နယူးယောက်မြို့သားများသည် ဂျပန်လူမျိုးနှင့် ရုရှထို့ထက် သဘောပေါက်ရန် ပိုမို ခဲယဉ်းကြသည်။ သို့သော် နှစ်ပေါင်းများစွာ အလုပ်လုပ်ကြသောအခါ ဂျူမ်အဖွဲ့သို့ အမေရိကန်ရာပေါင်းများစွာ မိတ်ဆက်လာကြ၏။ ယောဂီနှင့်ကမ္မဋ္ဌာန်းသင်တန်းများကို အခမဲ့ရသောကြောင့် ဂျူမ်အဖွဲ့သို့ နှစ်ဒါဇင်ခန့် ဝင်ရောက်လာကြပြီး၊ ဂျူမ်အဖွဲ့ရုံးတွင် လူပြည့်လာလေသည်။

လက်တစ်ဆုပ်စာ အမေရိကန်လူငယ်တစ်စုသည် အနီးကပ်ရောက်လာကြပြီး၊ သူတို့ပိုင် ပစ္စည်းများကို ဂျူမ်အဖွဲ့သို့ ပေးလှူကြပြီး၊ အပြည့်အဝ ယုံကြည်ကြသူများ ဖြစ်လာကြသည်။

သတင်းထောက်တစ်ဦးက ရှိုကိုအဆာဟာရနှင့် ပတ်သက်၍ ဘယ်လိုထင်သလဲဟု လူငယ်တစ်ဦးကို မေးသည်။

"ကျွန်တော် အကြည်ညိုရဆုံး ပုဂ္ဂိုလ်တစ်ဦးပါတယ်"ဟု ဖြေသည်။

"ဘယ်ဟာကိုလဲ"

"စကြဝဠာအတွင်းရှိတဲ့ သတ္တဝါအားလုံးရဲ့ဒုက္ခတွေကို အဆုံးသတ်စေချင်တဲ့ဆန္ဒ သူ့မှာရှိတဲ့အတွက် သူ့ရဲ့ပျော်ရွှင်မှု သူရဲ့စိတ်ချမ်းသာမှုကို စွန့်လွှတ်လိုက်တယ်။ ဒါ့အပြင် အဲဒီငြိမ်းချမ်းမှုကို တခြားလူတွေကို ပေးလိုက်တယ်"

ဂျူမ်နောက်လိုက်များက သူတို့ဆရာကြီး၏ ငြိမ်းချမ်းမှုလက်ဆောင်အတွက် ကြည်ညိုလေးစားနေကြစဉ်မှာ သူ၏ ထိပ်တန်းအရာရှိများက အစုလိုက်အပြုံလိုက် လူသတ်ရန် ကြံစည်နေကြသည်။ အယူသီးဂိုဏ်းဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဟာယရှိသည် သူ့ဇနီးရိုရာနှင့်အတူ အမေရိကန်ပြည်သို့ အထူးကိစ္စဖြင့်သွားရန် ဆုံးဖြတ်လိုက်၏။ သူတို့သည် အကောင်းဆုံး စာကြည့်တိုက်များတွင် ဓာတုဗေဒလက်နက်ထုတ်လုပ်ရန်နှင့် ကာကွယ်ရေးကိစ္စနှင့် ပတ်သက်သော အချက်အလက်များကို ဆက်တိုက်ရှာဖွေရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ကို အဆိပ်ခါတ်ငွေ့နဲ့ အတိုက်ခံရရင် ခံနိုင်ရည်ရှိအောင် ဘယ်လို ကာကွယ်ရမလဲဆိုတာ သုတေသနပြုပြီး၊ ရှာဖွေလေ့လာကြရမယ်"ဟု အဆာဟာရက ရီရာအား ရှင်းပြခဲ့သည်။

ဗဟုသုတရှာဖွေရေးသည် ဇီဝဗေဒလက်နက်ပိုးမွှားအတွက် တိုးချဲ့ခဲ့လေသည်။ ဥမ်၏ ကုန်ဝယ်ပစ္စည်းစာရင်းတွင် လေဆာက ထိပ်ဆုံးမှာ နေရာယူခဲ့၏။ အယူသီးဂိုဏ်းသည် (၁၉၉၄)ခုနှစ်တွင် အေမိုကို အစိမ်းရောင် လေဆာအတွက် တစ်ခုပင်လျှင် ဒေါ်လာ (၄၀၀,၀၀၀) သုံးစွဲခဲ့သည်။

သို့သော် ကမ္ဘာတစ်ခြမ်းလုံးမှ ပစ္စည်းများကို တိုးတက်ဝယ်ယူခဲ့ကြောင်း တွေ့ရ၏။ ဘက်တီးရီးယားပိုးမွှား ပျံ့နှံ့သကဲ့သို့ အယူသီးဂိုဏ်းသည်လည်း ကမ္ဘာတချို့မှာ ပြန့်ပွားခဲ့လေသည်။

✣ ✣ ✣



## အမင်္ဂလာဒုန်အတွက်လက်နက်များ

(၁၉၉၃)ခုနှစ်၊ ဆောင်းရာသီတွင် ရုရှလူမျိုးတစ်ဦးက မော်စကိုရှိ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်လာ၏။ သူသည် မဟာပိုသယမှ အလုပ်သမားတစ်ဦးဖြစ်ကြောင်း မိတ်ဆက်သည်။ သို့သော် မဟာပိုသယသည် ဂျပန်ပြည် ကမ္ဘာကြီးနောက်ဆုံးနေ့ အယူသီးဂိုဏ်း၏ ညာလက်ရုံးဖြစ်ကြောင်းကိုတော့ မပြောခဲ့ပေ။ သူ့ကို အကူအညီတောင်းခံထားတာ တစ်ခု ရှိသည်။ မဟာပိုသယအတွက် ကမ္ဘာပေါ်တွင် အကြီးဆုံးရဟတ်ယာဉ်တစ်စီးစင်းလုံးငှား၍ ရမရသိချင်ကြောင်း မေးသည်။

ထိုမေးခွန်းသည် မျက်ခုံးလှုပ်စရာ ဖြစ်၏။ ထိုရုရှလူမျိုးသည် (၂၇) တန်ပေး၍ ရဟတ်ရှစ်ခုပါသော အပ်ဆိုင်အယ်မီ(၂၆) ရဟတ်ယာဉ်ကို ငှားရမ်းလိုသည်။ ထိုရဟတ်ယာဉ်သည် တစ်နာရီလျှင် (၁၈၃)မိုင်နှုန်း ပြေးနိုင်ပြီး၊ အထဲတွင် ခြေလျင်စစ်တပ်အတွက် ကားနှစ်စီးနှင့် လက်နက်တပ်ဆင်ထားသော စစ်သည်(၈၀)ဦး လိုက်ပါနိုင်သည့် အခန်းနေရာပါရမည်ဟု ဆို၏။ မဟာပိုသယသည် ဤကမ္ဘာပေါ်တွင် ဘာကိစ္စအတွက် မိ(၂၆)ကို လိုချင်သနည်း။ ထိုအလုပ်သမားက သူသည် ရုရှပြည် အရှေ့ပိုင်း ဗလာဒီဗော့စတော့မှ ထိုင်ဝမ်သို့ ဂျပန်ပြည်ဒေသလေးနေရာမှ တစ်ဆင့် ပျံသန်းလိုကြောင်း ရှင်းပြသည်။ ထိုင်ဝမ်တွင် သူအရောင်းအဝယ်လုပ်မည်ဟု သူက ပြောသည်။ ထိုရုရှလူမျိုးအား ရဟတ်ယာဉ်ငှားရမ်းရန် ငြင်းပယ်ခံရပြီး၊ ဥမ်၏ လျှို့ဝှက်ဆန်းကြယ်သည့် ကမ္ဘာပေါ်မှာ အကြီးဆုံးရဟတ်ယာဉ်ငှားရမ်းရေး အစီအစဉ် ပျက်ပြားသွား၏။

တစ်နည်းအားဖြင့် ဥမ်သည် အောင်မြင်သောနှစ် ဖြစ်သည်ဟု ဆိုနိုင်၏။ ဥမ်၏ မော်စကိုစစ်ဆင်ရေးသည် အဖွဲ့ဝင်သစ်များ တိုးပွားပြီး၊ သင်တန်းသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်သဖြင့် အောင်မြင်တိုးတက်လျက်ရှိသည်။ မော်စကိုရှိ ဂျပန်စီးပွားရေးသမား အသိုင်းအဝိုင်းတွင် အဆာဟာရသည် ယခု ရုရှသို့ ပုံမှန် လာရောက်လည်ပတ်သည့်ခရီးတွင် တစ်ဇာတန် ဒေါ်လာငွေစက္ကူများ သေတ္တာတစ်လုံးနှင့် အပြည့် ထည့်ယူလာသည်ဟု


www.burmeseclassic.com

www.burmeseclassic.com



ကောလာဟလသတင်းများ ထွက်ပေါ်နေ၏။ အဆာဟာရအား လေးစားသည့် မော်စကို သတင်းစာတစ်စောင်ကမူ ရုရှပြည်တွင် ဥမ်၏ အသုံးစရိတ်များသည် အဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ သတင်းဖြန့်ချိခြင်းနှင့် လာဘ်ငွေပေးရခြင်းတို့အတွက် ဒေါ်လာသန်း(၅၀)ခန့် ကုန်ကျသည်ဟု သတင်းရေးခဲ့၏။

ထို့ပြင် ယခုထက် ပိုမိုသုံးစွဲရန် အစီအစဉ်လည်း ရှိသေးသည်။ ဥမ်သည် ကလင်မြို့ရှိ (၁၆၃)ဧက ကျယ်ဝန်းသည့် မြေကွက်ကို မျက်စိကျနေ၏။ ကလင်သည် မော်စကိုမြို့အနီးရှိပြီး နာမည်ကျော် သီချင်းရေးဆရာ တချိုင်ကော့စကီ နေထိုင်သောကြောင့် နာမည်ကျော်ကြားသည်။ ထိုမြေပြင်ပေါ်တွင် ဥမ်သည် ကြာပန်းရွာတည်ဆောက်ပြီး၊ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများ၊ ဆေးရုံများ၊ အိပ်ဆောင်များနှင့် စက်ရုံများ တည်ဆောက်မည်ဟု မျှော်လင့်ထားကြသည်။ ထိုအဆောက်အအုံအားလုံးကို ဖူဂျီတောင် ဝင်းခြံအတွင်းအတိုင်း ပုံစံထုတ်ရန် ဖြစ်၏။ အခြားငွေကြေးလည်ပတ်ရန် အစီအစဉ်များမှာ တရုတ် ခေါက်ဆွဲခြောက်စက်ရုံ၊ ကိတ်မုန့်ဖုတ်လုပ်ငန်း၊ ကွန်ပျူတာ အရောင်းဆိုင်နှင့် ကက်စီနို ကစားရုံတို့အတွက် ဖြစ်သည်။ ထိုအချိန်တွင် အယူသီးဂိုဏ်းမစ်ရှင်အဖွဲ့သည် ယခင်ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ နိုင်ငံများသို့ ခရီးဆန့်ကြသည်။ စိန့်ပီတာဘာက်၊ မင့်(စ်က်)ပြည်နယ်၏မြို့တော် ဘီလာရု(စ်)၊ ယူကရိန်းပြည်နယ် မြို့တော်ကိ(ဗ်)၊ ယူရယ်တောင်တန်းပေါ်မှ ဇော်ကူတာ၊ ဆိုက်ဗေးရီးယားနယ်စပ်မှ တိုင်ယူမင်းအထိ ဖြစ်၏။

ထင်ရှားသည်မှာ (၁၉၉၃)ခုနှစ်တွင် အယူသီးဂိုဏ်း သိပ္ပံပညာရှင်များဖြစ်သော ဆေအီချိအင်ဒိုဦးဆောင်၍ ရုရှသို့ အဖွဲ့လိုက်လာရောက်ကြသည်။ အင်ဒိုသည် ဓာတ်ခွဲခန်းတွင် အစာအဆိပ်ဖြစ်စေသည့် ပိုးမွှားမွေးမြူရေးကို နှစ်ပေါင်းများစွာ လေ့လာပြီးနောက် ယခုတစ်ဖန် ပိုးမွှားစစ်ဆင်ရေးအတွက် ပညာရှာနေသည်။

ဆိုဗီယက်ပြည်ထောင်စု၏ ဇီဝလက်နက်အစီအစဉ်သည် ကြီးကျယ်၏။ ထိုအစီအစဉ်ထဲတွင် ပလိပ်၊ ကြူအဖျားရောဂါ၊ ကာလဝမ်းရောဂါနှင့် သေစေနိုင်သည့် အဆိပ်များကို တိုးတက်အောင်ပြုလုပ်ရန်ဖြစ်ကြောင်း အမေရိကန်ကွန်ဂရက်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ (၁၉၇၀)ပြည့်နှစ်များမှစတင်၍ ဆိုဗီယက်သိပ္ပံပညာရှင်များသည် ဇီဝဗေဒနည်းပညာများကို အသုံးပြုပြီး၊ မျိုးရိုးဗီဇအရ လူသတ်ကြမ်းပိုးကောင်များကို အသုံးပြုသည်ဟု ယုံကြည်နေကြ၏။

အင်ဒို ရုရှပြည်သို့ ရောက်သောအခါ ဆိုဗီယက်၏ ဇီဝဗေဒစစ်ဆင်ရေး အဆုံးသတ်သွားပြီ ဖြစ်၏။

ဆေအိကိုအင်ဒိုသည် ထိုလုပ်ငန်းကို စိတ်ဝင်စားနေဆဲ ဖြစ်သည်။ အယူသီးဂိုဏ်း ဓာတုဗေဒပညာရှင် အကြီးအကဲ မာဆာမိတဆူချိယ





အတွက်လည်း ရုရှပြည်တွင်ရှိ ကမ္ဘာပေါ်၌ အကြီးမားဆုံး ဓာတုပစ္စည်းနှင့် လက်နက်များကို စိတ်ကူးယဉ်စရာ ဖြစ်နေ၏။ ရုရှနိုင်ငံသည် ဒေသခုနှစ်ခုခွဲ၍ သိုလှောင်ထားခဲ့သော အများအားဖြင့် အာရုံကြောအဆိပ်ငွေ့ပါသည့် ဓာတုပစ္စည်းတန်ချိန် (၄၀,၀၀၀)ခန့်ကို ဖျက်ဆီးပစ်မည်ဟု ကတိပေးထားခဲ့သည်။

ရုရှ၏ ဓာတုပစ္စည်းသိုလှောင်သည့် လုံခြုံရေးသည် ညံ့ဖျင်းလှ၏။ အမေရိကန်က ဓာတုပစ္စည်းသိုလှောင်ရာ စခန်းများကို ကျူးကျော်သူဝင်ရောက်လာပါက ပြည့်သံအချက်ပေးများနှင့် လျှပ်စစ်ဆင်ဆာများရှိနေချိန်တွင် ရုရှမှာ ပိုက်စိတ်အပူပေးကိရိယာနှင့် သော့ခလောက်များကို အသုံးပြုဆဲပင်ရှိသေးသည်။ ဤပစ္စည်းများကို ဝင်ရောက်ခိုးယူရန်လိုအပ်သည်မှာ "တန်ဖိုးလက်ဆောင်၊ ညအမှောင်ချိန်၊ အနက်ရောင်အဝတ်အစား၊ ခွန်အားအနည်းငယ်နဲ့ သံတုံးရှင်းတစ်ချောင်းဖြစ်တယ်"ဟု ဝါရှင်တန်အခြေပြု ဟင်နရီအယ်လ်စတင်ဆယ်ဌာနမှ ဓာတုဗေဒလက်နက်ကျွမ်းကျင်သူ အမ်မီစမစ်ဆန်းက ပြောသည်။

တဆူချိယသည် ရုရှပြည်တွင် အနည်းဆုံး ရက်သတ္တသုံးပတ်ကြာခဲ့သည်။ ရုရှ၏ သိပ္ပံပညာအသိုင်းအဝိုင်းတွင် ဥမ်၏ အဆင့်မြင့် ဆက်သွယ်မှုကြောင့် သူနှင့် အင်ဒိုနှစ်ဦးစလုံးသည် ဇီဝဓာတုလက်နက် ကျွမ်းကျင်သူများထံ လွယ်ကူစွာ သွားရောက်နိုင်ခဲ့၏။ အယူသီးဂိုဏ်း၏ခေါင်းဆောင် ရုရှလူမျိုးတစ်ဦးက အဖွဲ့ထဲတွင် ယခင် ဓာတုဗေဒ စစ်ဆင်ရေးတပ်ဖွဲ့ဝင်များ ပါဝင်သည်ဟု ထုတ်ဖော်ပြောကြားသည်။ တဆူချိယသည် သူတို့နှင့်လည်း တိုင်ပင် ညှိနှိုင်းခဲ့လေသည်။ သေချာတာတစ်ခုတော့ ရှိသည်။ တဆူချိယဖူဂျီတောင်ရှိ သူ၏ ဓာတ်ခွဲခန်းသို့ ပြန်သွားသောအခါ ဆာရင်ဓာတ်ငွေ့များကို စတင် စမ်းသပ်လေတော့သည်။ ဤ အာရုံကြောဓာတ်ငွေ့ကို နည်းပေါင်းများစွာဖြင့် ထုတ်လုပ်နိုင်၏။ တဆူချိယသည် ရုရှနည်းကိုသာ သုံးသည်။

(၁၉၉၂)ခုနှစ် ကယ်တင်ရေးခရီးစဉ် ပြီးဆုံးသည့်နောက်တွင် အယူသီးဂိုဏ်း၏ ဆောက်လုပ်ရေး အကြီးအကဲ ကီယိုဟိုက် ဟာယာကာဝသည် ရုရှအစိုးရ၏ ဖိတ်ကြားချက်ဖြင့် ဗီဇာပေါင်းများစွာကို အသုံးပြုခဲ့၏။ ထို့ပြင် ဆိုဗီယက်သမ္မတနိုင်ငံအတွင်းသို့ မရပ်မနား ခရီးသွားခဲ့လေသည်။ သူ၏ခရီးစဉ် အတိအကျကို မော်စကိုဌာနချုပ်က သိရှိခွင့်အနည်းငယ်သာရှိ၏။ သို့သော် ကံအားလျော်စွာပင် ဟာယာကာဝသည် ခြေရာချန်ထားခဲ့သည်။ ထိုအရာသည် မှတ်စုစာအုပ်ပုံစံ ဖြစ်၏။

*ဖေဖော်ဝါရီလ၊ (၂၀)ရက် ဆပ်မရှင်းဂန်းကြည့်ရန်သွား။ အေကေ-၄၇ ဒေါ်လာ(၁၀၀၀)၊ ဒေါ်လာ(၁၁၀၀)၊ ဒေါ်လာ(၅၀၀)ဂေါက်အိုင်၊ သေနတ်ပြောင်းများ ပြန်ယူလာခဲ့ ရိုင်ဖယ်သေနတ်များ အနည်းဆုံးလူ(၅)ယောက်၊ အများဆုံး(၁၅)ယောက်ဟု ရေးထားခဲ့သည်။ ထို့နောက် "(၇. ၆) အေကေ- ၄၇ အတိုင်းပဲကောင်း။ (၅. ၅၄)ရနိုင်မလား။*



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတ်စုတွင် ဟာယာကဝသည် ရုရှလို လက်ရေး အကြိမ်ကြိမ် ကျင့်ထားသည်ကို တွေ့ရ၏။

"အေကေ-၄၇ တစ်လက် မင်းဝယ်ပြီးပြီလား"
"အေကေ-၄၇ တစ်လက် မင်းဝယ်ပြီးပြီလား"
"အေကေ-၄၇ တစ်လက် မင်းဝယ်ပြီးပြီလား"
"အေကေ-၄၇ တစ်လက် မင်းဝယ်ပြီးပြီလား"
"အေကေ-၄၇ တစ်လက် မင်းဝယ်ပြီးပြီလား"

သူ မဝယ်ခဲ့ပေ။ သို့သော် အယူသီးဂိုဏ်းသည် အေကေ- ၄၇တစ်လက် ဝယ်ယူခဲ့သည်။ (၁၉၉၄)ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဟာယာကဝ၊ သိပ္ပံပညာရှင် အကြီးအကဲ ဟီဒီယိုမူရိုင်းနှင့် အခြားနောက်လိုက်သုံးယောက်တို့သည် ရုရှပြည်သို့ ရိုင်ဖယ်သေနတ်ကိစ္စ စုံစမ်းရန် လာရောက်ကြသည်။ မူရိုင်းနှင့် ဟာယာကဝတို့သည် လွန်ခဲ့သည့် အချိန်ကာလကပင် အယူသီးဂိုဏ်း၏ နံပါတ်နှစ်နေရာကို ရရှိရေးအတွက် ပြိုင်ဆိုင်သူများဖြစ်ခဲ့ကြသောကြောင့် ထိုအဖွဲ့သည် တင်းမာလျက် ရှိသည်။ ဟာယာကဝက မူရိုင်းအား မျက်စိမှိတ် ယုံကြည် ကိုးကွယ်မှုကို အထင်မြင်သေးသည်။

"သူတို့သည် အဆာဟာရ၏ အတ္တကျွန်များဖြစ်သည်"ဟု သူ့ဒိုင်ယာရီတွင် ရေးထား၏။ သူအနေဖြင့် ကမ္ဘာလှည့်ခရီးသွားနေရသောကြောင့် ဘာသာရေးဝတ်ပြုမှုအတွက် အချိန် သိပ်မရချေ။ ဤအချက်ကို ဘာသာရေး ကြည်ညိုကိုင်းရှိုင်းသော မူရိုင်းက စိတ်ဆိုး၏။ တစ်ခါက ဤသို့ ညည်းညူ ပြောဆိုဖူးသည်။

"ဟာယာကဝဟာ ရုရှ အမျိုးသမီးတွေနောက် လိုက်နေရတာနဲ့ပဲ အလုပ်ရှုပ်နေတယ်"

ရုရှခရီးစဉ်သည် ထိုလူနှစ်ယောက် အာဏာလုသည့်ပွဲ ဖြစ်နေ၏။ ဂုရု၏အမိန့်ဖြင့် ဟာယာကဝအား ဖူဂျီတောင်သို့ အဆောတလျင် ပြန်ခေါ်လိုက်သည်။ ထို့ပြင် ရုရှအမျိုးသမီးတစ်ယောက်တွက် အယူသီးဂိုဏ်း၏ ငွေများကို သုံးစွဲပစ်သည်ဟု စွပ်စွဲပြီး အထက်တန်းရာထူးမှ ဖယ်ရှားလိုက်၏။ ယခု အယူသီးဂိုဏ်း၏ အငြင်းပွားဖွယ်ရာမရှိသော နံပါတ်နှစ်ခေါင်းဆောင် မူရိုင်းသည် အေကေ-၄၇တစ်လက်ရရှိပြီး အမှတ်အားလုံး ယူသွားလေတော့သည်။

ထို့နောက် အေကေ-၄၇ သေနတ် ဂျပန်သို့ မည်သို့ ရောက်သွားသည်ဆိုခြင်းနှင့် ပတ်သက်၍ အမြင်ကွဲပြားလျက် ရှိကြ၏။ အစီရင်ခံစာတစ်စောင်တွင် သေနတ်ကို အပိုင်းပိုင်းဖြုတ်ပြီး အိပ်စ်ရေးရောင်ခြည်ကာကွယ်သည့် အိတ်ဖြင့် ခိုးဝှက်ယူသွားသည်ဟု ဆို၏။ တခြားအမြင်တစ်မျိုးမှာ အေကေ-၄၇၏ အရှုပ်ထွေးဆုံးသော ပြောင်းများကိုသာ မိတ္တူပွားရန် အကောက်ခွန်ဌာနမှတစ်ဆင့် ဂေါက်အိတ်တွင် ခိုးဝှက်ယူသွားကြောင်း အမြင်ဖြစ်ပြီး၊ ဟာယာကဝ၏ မှတ်စုက သက်သေခိုင်မာစေ



သည်။ မည်သို့ပင်ဖြစ်စေကာမူ ရေကြည်စမ်းဝတ်ကျောင်းတော်သို့ အေကေ-၄၇ သေနတ် ရောက်ရှိသွားသောအခါ အယူသီးဂိုဏ်း၏ သေနတ်စက်ရုံသည် ချက်ချင်း အကျိုးရှိသွားသည်။

ဥမ်၏ အမဂေဒုန်အတွက် စက်သေနတ်များဖြစ်သည့် အော်တိုမက်တစ်ရိုင်ဖယ်များ ထုတ်လုပ်ရန် စီမံချက်သည် အရှိန်အဟုန်အပြင်းအထန်ဖြင့် စတင်လေတော့သည်။

အေကေ- ၄၇ ကို မည်သို့ရစေကာမူ ယခု ဥမ်တွင် နောက်ထပ်ပြဿနာတစ်ရပ် ပေါ်လာ၏။ ရေကြည်စမ်းဝတ်ကျောင်းတော်တွင် ရိုင်ဖယ်သေနတ် အမြောက်အမြား ထုတ်လုပ်ရန် ရည်မှန်းချက်ဖြင့် ထိုသေနတ် ရှားပါးသဖြင့် ဂျပန်လူမျိုး အများစုသည် သေနတ်ကို စိတ်ချလုံခြုံစွာ အသုံးပြုရန် အခက်အခဲ ရှိလေသည်။ သို့သော် ဟာယာကဝသည် ထိုပြဿနာကိုလည်း စဉ်းစားထားပြီး ဖြစ်၏။

(၁၉၉၃)ခုနှစ်တွင် မူရိုင်းနှင့် ဟာယာကဝတို့သည် အခြားဂိုဏ်းဝင်များနှင့်အတူ ရုရှပြည်ဒုံးပျံနှင့် ဘဇူကာသေနတ်ပြပွဲကို လေ့လာခဲ့ကြပြီးဖြစ်၏။ ထို့ပြင် နောက်နှစ်တွင် ရှိုကိုအဆာဟာရနှင့် ဂိုဏ်းအဖွဲ့ဝင်များသည် ရုရှစစ်တပ်တွင် သေနတ်ပစ်လေ့ကျင့်ရာတွင် အတူပါဝင်ဆင်နွှဲခဲ့ကြသည်။ အဆာဟာရသည် မော်စကိုမြို့ပြင်ပရှိ တင့်ကားဌာနသို့လည်း သွားရောက်ခဲ့ပြီး ဓာတ်ပုံ အရိုက်ခံခဲ့လေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ဂုရု၏အချစ်

ကိုတာဂိုအိုချိဒ သည် နောက်ဆုံးအနေဖြင့် ကျောပိုးအိတ်တွင် ပါသည့် ပစ္စည်းများကို စစ်ဆေးလိုက်သည်။ ထိုပစ္စည်းများမှာ ထူထပ်စွာ ဖုံးအုပ်ထားသော တိတ်ခွေတစ်ခွေ၊ မျက်ရည်ယိုဗုံးသေတ္တာတစ်ခု၊ မိုလို တော့ လက်ပစ်ဗုံးမျိုးစုံတို့ ဖြစ်၏။

"ဒီဟာတွေမြင်ရင် သူတို့ အံ့သြသွားကြမယ်"ဟု ဟိုင်းဒီယာကီ ယာဆူဒါအား ဓာတ်ဆီဗုံးတစ်လုံးကမ်းရင်း ပြောလိုက်သည်။

ဤလူနှစ်ယောက်သည် ဥမ်၏ မြင့်မြတ်သန့်စင်ဆုံးသော စည်း ကမ်းကို ချိုးဖောက်နေခြင်း ဖြစ်၏။ သူတို့သည် အယူသီးဂိုဏ်းမှ ထွက် ပြေးလာခဲ့ကြသည်။ ယခု သူတို့သည် အယူသီးဂိုဏ်း၏ နည်းပရိယာယ်ကို ပင်အသုံးပြုလျက် ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြသည်။ သူတို့ သည် ဥမ်၏ အကြီးဆုံးဝင်းခြံထဲဝင်ရောက်ပြီး၊ ယာဆူဒါ၏ မကျန်းမာ သော မိခင်ကြီးကို ကယ်ဆယ်ရန် ကြံစည်ထားကြ၏။

(၁၉၉၄)ခု၊ ဇန်နဝါရီလ (၃၀)ရက်၊ နံနက် (၃)နာရီကျော် ဖြစ် သည်။ လေသည် သေလုမတတ် အေးလျက်ရှိ၏။ နေသည်ကြီးမားသော ဖူဂျီတောင်နောက်မှ တက်လုနီးပါးဖြစ်၏။ ယာဆူဒါနှင့် အိုချိဒါတို့သည် အများသုံး အိမ်သာထဲဝင်၍ ဥမ်ဝတ်ရုံများကို လဲလှယ် ဝတ်ဆင်ကြသည်။ ယာဆူဒါ၏ အဖေနှင့် ညီငယ်တို့က မိသားစုပိုင် တိုယိုတာကရောင်းကား ထဲမှ စိတ်ပူပန်စွာဖြင့် ပြင်ပမှ စောင့်ကြည့်နေကြ၏။

သူတို့ အဆင်သင့်ဖြစ်သောအခါ အဖွဲ့ဝင်ဟောင်းနှစ်ဦးသည် နှုတ်ဆက်စကားပြောကြပြီး၊ ကြမ်းတမ်းသော ရွှံ့လမ်းဆီသို့ လျှောက်လှမ်း သွားကြသည်။

"လိုလိုမယ်မယ်ပေါ့ကွာ"ဟု အိုချိဒါက ပြောသည်။ ဥမ်၏ စိတ် ကူးယဉ်အိမ်မက်အဖြစ် ပြောင်းလဲသွားသည်၊ အယူသီးဂိုဏ်းခေါင်းဆောင် များသည် သာမန်အဖွဲ့ဝင်များအား အစိုးရကတစ်ဦးမကျန် သုတ်သင် ရန်ကြံစည်နေကြောင်း ပြောလျက် ကြောက်လန့်စေသည်။ ဥမ်၏ စိတ်ထုံ





ဖြင့် ဘဝနေနည်းနှင့်အတူ မကြာမီ ဖြစ်ပေါ်လာတော့မည်ဟု ပြောနေ သော ကမ္ဘာကြီးပျက်မည့်နေ့လို့ အမြဲမပြတ် အချက်တစ်ခုအနေဖြင့် ဖျက်စီးကန်းရန် လုံလောက်နေပြီ။ သူတို့၏ တကယ့်ရန်သူသည် အယူသီး ဂိုဏ်းကိုယ်တိုင်ပင် ဖြစ်ပေသည်။

စည်ကားနေသော ဝင်းခြံအတွင်းမှာ အိပ်ရေးပျက်ခြင်းနှင့် ဆင်းရဲ သော အဆင့်အတန်းမှာ နေရခြင်းတို့ကြောင့် ပြောမပြတတ်သော အဖြစ် အပျက်များကို ဖြစ်ပေါ်စေသည်။ အနည်းဆုံး ယုံကြည်သူတစ်ယောက် သည် လေးလံသော စက်ကြီးကြောင့် နင်းကြိတ်ခံရပြီး သေဆုံးသွား၏။ ထို့ပြင် တခြားလူများမှာ ယာဉ်ထိခိုက်မှုကြောင့် သေဆုံးကြသည်။ ဖြစ်နိုင် ခြေရှိတိုင်း အယူသီးဂိုဏ်းသည် ထိုအဖြစ်အပျက်များကို သက်ဆိုင်ရာ ဒေသ အာဏာပိုင်အဖွဲ့သို့ သတင်းပို့ခြင်း မရှိချေ။ လူသေအလောင်းများ ကို အယူသီးဂိုဏ်း၏ မီးသဂြိုဟ်လိုက်ပြီး၊ ပြာများကို ဖူဂျီတောင်ခြေမှာ လျှို့ဝှက်စွာ ဖြန့်ကြလိုက်၏။

သေသည့်ဖြစ်စဉ်များသည် ရေခဲတုံးကြီးတစ်ခု၏ အစတစ်ခုမျှသာ ဖြစ်သည်ဟု အယူသီးဂိုဏ်းကြည်ညိုသူတစ်ဦးက ပြောပြခဲ့ဖူးသည်။ တံခါး ပိတ်ထားသော ဥမ်အသိုက်အမြုံသည် ရဲတပ်ဖွဲ့အငယ်စားနေရာ ဖြစ်လာ ၏။ အယူသီးဂိုဏ်းသမားများ၏ စပါတာပုံစံဖြင့် ထုနှက်ခံကြရပြီး၊ ရက် စက်စွာနှိပ်စက် ခံကြရ၏။ တချို့ စိတ်ဖောက်ပြန်သွားပြီး၊ ကယောင်က တန်း စကားတွေပြောလျက် နေရာအနှံ့ လျှောက်သွားနေကြသည်။ သူတို့ လည်း ပျောက်ကွယ်သွားကြရ၏။ အသက်ကြီး၍ ကျန်းမာရေးချို့တဲ့သော အယူသီးဂိုဏ်းအဖွဲ့ဝင်များသည် တစ်နေ့တခြား အားနည်းလာကြပြီး၊ တစ်နံနက်တွင် သူတို့လည်း သွားကြရတော့သည်။ ယုံကြည်သူ အမြောက် အမြားသည် သဲလွန်စရှာမရဘဲ ပျောက်ကွယ်သွားကြ၏။

သတ္တိရှိပြီး စပ်စုသူတစ်ဦးက ပျောက်ဆုံးသူအကြောင်း မေးပါက တစ်ခုတည်းသော အဖြေကိုသာ ရကြ၏။

"သူတို့ အိမ်ပြန်သွားကြပြီ"ဟု ----။

သို့ရာတွင် ဤဖြေရှင်းချက်သည် အဓိပ္ပာယ်မရှိ။ တစ်နေ့တွင် ဥမ် အဖွဲ့ဝင်များအား "တစ်ဦးတစ်ယောက်မျှ၊ လုံးဝ တစ်ဦးတစ်ယောက်မျှ အယူသီးဂိုဏ်းမှ ထွက်မသွားကြဘူး"ဟု ကြေညာထားသည်။ ဂိုဏ်းမှ ထွက်ခွာခြင်းသည် အကြီးဆုံး ပြစ်မှုဖြစ်ပြီး "ဂုရု၏အချစ်ကို သစ္စာဖောက် ခြင်းဖြစ်သည်"ဟု သူတို့ ပြောကြသည်။

ကိုတာရိုအိုချိဒါအတွက်မူ ဂုရု၏ အချစ်သည် အရာအားလုံး ဖြစ်နေ၏။ ဆေးသင်တန်းတက်ပြီးလျှင် (၁၉၉၀)ပြည့်နှစ်တွင် သူသည် ဥမ်ဂိုဏ်းသို့ ဝင်ရောက်ခဲ့လေသည်။ ထို့နောက် တိုကျိုမြို့ရှိ ဒေါ်က်တာ ဘာယရှိ၏ ဆေးရုံတွင် အလုပ် ဝင်လုပ်ခဲ့သည်။ သူသည် ကြင်နာသနား တတ်သည်။ သစ္စာရှိ တပည့်တစ်ဦးဖြစ်ပြီး၊ ဆေးခန်း၏ ဆေးပညာ



www.burmeseclassic.com

www.burmeseclassic.com

အတတ်နှင့်ပတ်သက်ပြီး၊ မျှော်လင့်ချက် ကြီးမားစွာထားသူ ဖြစ်၏။

"ပြည်သူတွေ သူတို့ရဲ့ရောဂါက သက်သာစေရမယ်"ဟု အယူသီးဂိုဏ်းမှ ထုတ်ဝေသော (၁၉၉၀)ပြည့် မဂ္ဂဇင်းတွင် ဟောကိန်းထုတ်ရန် ရေးသားခဲ့သည်။

အိုခါချီဒါတွင် တဖြည်းဖြည်းနှင့် အရက်ကျင်း အလင်းရောင်ရလာပြီး၊ ကြောက်စရာကောင်းအောင် မှားယွင်းကြောင်း သိရလေတော့၏။ သူ့ဘေးဝန်းကျင်မှ လူနာများသည် ကြောက်စရာကောင်းသော ပုံစံများဖြစ်နေသည်။ အယူသီးဂိုဏ်း ဆရာဝန်များက ဆေးဝါးကုသပုံမှာ ရေချိုးပူစိမ်ခြင်း၊ မန္တန်ရွတ်ဖတ်ခြင်း၊ ဆေးလုံးများစွာ တိုက်ကျွေးခြင်းဖြစ်ပြီး လူနာများ ရောဂါဝေဒနာ ပိုမို ဆိုးဝါးစေတော့သည်။ အိုချီဒါသည် ဥမ် လူနာထဲမှ ကျန်းမာရေး တိုးတက်ကောင်းမွန်လာသူ တစ်ဦးတလေကိုမှ ပြန်ပြောနိုင်ခြင်း မရှိချေ။

ထိုက်ဆိုးသူများထဲမှာ ယာဆူဒါ၏ အမေတစ်ယောက်လည်း ပါဝင်သည်။ သူမသည် လူကြီးရောဂါ ခံစားနေရသူဖြစ်၏။ အိုချီဒါသည် မိတ်ဆွေတစ်ဦးအနေဖြင့် စိတ်မကောင်းဖြစ်ရပြီး ဆေးကုသမှုသည် ထိုမိန်းမ မြန်မြန်သေအောင် လုပ်နေသလိုဖြစ်ကြောင်း သူ သဘောပေါက်လာသည်။ နောက်ဆုံး သူသည် အယူသီးဂိုဏ်းကို မကျေမနပ်နှင့် စွန့်ခွာခဲ့ပြီး၊ ပြင်ပလောကတွင် နည်းလမ်းသစ်ကိုရရှိရန် ကြိုးစားခဲ့လေသည်။ သို့သော် သူ မတတ်နိုင်ချေ။ ထိုအခိုက် ယာဆူဒါ၏ မိခင်သည် ကြောက်စရာ အခြေအနေဖြင့် အချိန် ကုန်လွန်နေ၏။ ထို့ကြောင့် အိုချီဒါသည် ယခင် ဥမ်အဖွဲ့ဝင်ဖြစ်ခဲ့သူ သားအား အဆက်သွယ်ပြုလုပ်ပြီး၊ အမေကို အိမ်သို့ပြန်ပို့ရန် အစီအစဉ် ပေးလိုက်၏။

ပထမတွင် ယာဆူဒါက စိတ်မပါ၊ မကြာသေးမီကမှ သူသည် အယူသီးဂိုဏ်းမှ ထွက်ခဲ့သူဖြစ်၏။ ထို့ပြင် ထိုနေရာသို့ ပြန်မသွားချင်တော့ပေ။ သို့သော် အမေကို ဥမ်၏ ဖူဂျီတောင်ဌာနချုပ်သို့ ပြောင်းရွှေ့ထားကြောင်း အိုချီဒါက ပြောသည်။ ဆူဒါအား နောက်ထပ် ဖြားယောင်းပြောဆိုရန် မလိုတော့ချေ။ သူ ဘာမှမလုပ်လျှင် သူ့အမေ သေတော့မည်မှာ သေချာ၏။

အိုချီဒါနှင့် ယာဆူဒါတို့သည် ဂိတ်တဲကို ကွင်းပြီး ရွှေဝင်သွားကာ ဥမ်ဆေးခန်းထဲသို့ အလျင်အမြန် ဝင်ရောက်ကြသည်။ သူတို့သည် အလင်းရောင် မှိန်ဖျော့၍ ပျားအုံသဏ္ဌာန်အခန်းငယ်ထဲမှာ ယာဆူဒါ၏ အမေကို မတွေ့မချင်းရှာဖွေရာ တတိယထပ်မှာ သွားတွေ့ကြရသည်။ သူမသည် ဦးခေါင်းမှာ လျှပ်ခေါင်းများ တပ်ဆင်ထားပြီး၊ အိပ်ရာထဲမှာ အိပ်နေ၏။ နှာခေါင်းမှာလည်း ပြွန်တပ်ထားသည်။ သူတို့နှစ်ယောက်သည် အမေကို မတ်တတ်ရပ်အောင် မထူလိုက်ရာ လမ်းမလျှောက်နိုင်အောင် ဖြစ်နေသောကြောင့် ပွေ့ခေါ်ကြရ၏။





ထို့နောက် အဖွဲ့ဝင်တစ်ယောက်က သူတို့ကို လှမ်းမြင်လိုက်ရသည်။ အိုချီဒါက သူ့ကို မျက်စိကန်းစေသောဆေး မှုတ်လိုက်သော်လည်း သူ့အား မအော်နိုင်ရန်လုပ်ဖို့ နောက်ကျသွား၏။ မိနစ် အနည်းငယ်အတွင်း အယူသီးဂိုဏ်းလုံခြုံရေးများ ရောက်ရှိလာကြသည်။ အိုချီဒါသည် သူတို့ကို ဆေးမှုန့်နှင့် အရမ်းကာရော ပက်ဖျန်းနေသည်။ သို့သော် လုံခြုံရေး ငါးယောက်က အနိုင်ရသွားတော့သည်။ နောက်ထပ် လူငါးယောက် ရောက်ရှိလာပြီး၊ ယာဆူဒါကို မြေပြင်လှဲသိပ်လိုက်ရာ ယာဆူဒါက "ငါ့အမေကို ပြန်ပေး---"ဟု အသံကုန် ဟစ်အော်လိုက်၏။ သူတို့နှစ်ယောက် အရိုက်ခံရပြီး၊ လက်ထိတ်ခတ် ခံလိုက်ရသည်။ ထို့နောက် သူတို့ကို တရားထိုင်ခန်းမသို့ ခေါ်ဆောင်သွားကြ၏။

ထိုခန်းမတွင် ဂုရုရောက်နေသည်။ သူသည် ဇနီးတိုမိုကိုအနီးရှိ ကုလားထိုင်မှာ ဝင်နေ၏။ ယာဆူဒါသည် သူတို့ရှေ့မှာ ကုန်းနေရသည်။ သူ့နောက်မှာ အယူသီးဂိုဏ်းခေါင်းဆောင်များ ရပ်နေကြ၏။ ထိုသူများထဲတွင် ဟီဒီယို မူရိုင်းနှင့် အသက်(၂၉)အရွယ် လုံခြုံရေးခေါင်းဆောင် တိုမိုမစ်ဆုနီအိမိတို့ ပါသည်။ အိုချီဒါသည်လည်း လက်ထိတ်နှင့် ကြမ်းပြင်ပေါ်မှာ လဲနေပြီး၊ သူ့မျက်နှာမှာ အရောင်စွန်းနေ၏။

အဆာဟာရ၏အသံသည် ဖြည်းညင်းပြီး ခံစားမှုမပါ။ သူက ယာဆူဒါကို ပြောသည်။

"မင်း ငရဲကျတော့မှာ သံသယဖြစ်စရာ မရှိဘူး၊ အခု မင်းမှာ ရွေးချယ်စရာ နှစ်ခုပဲ ရှိတယ်။ တစ်- မင်း အိုချီဒါကို သတ်ရမယ်။ နှစ်- မင်း အိုချီဒါကို မသတ်နိုင်ဘူးဆိုရင် မင်း အခုချက်ချင်း အသတ်ခံရမယ်"

ဂုရု၏ လေသံကြောင့် ကြောက်လန့်နေသဖြင့် ယာဆူဒါသည် အသံ မထွက်တော့ပေ။ အဆာဟာရက အော်လိုက်၏။

"ဆုံးဖြတ်ပေတော့၊ အိုချီဒါက မင်းအမေ အတင်းအဓမ္မ ကြံစည်ခဲ့တယ်ဆိုတာ မင်း မသိဘူးလား"

"မသိဘူး"ဟု ယာဆူဒါက တည်ငြိမ်စွာ ဖြေလိုက်၏။

"ဒီလိုဆိုရင် အိုချီဒါက မင်းအမေနဲ့ ဖောက်ပြားခဲ့တာ ကောင်းတယ်လို့ထင်သလား"ဟု အဆာဟာရက မေးသည်။

ယာဆူဒါက ဖြေသည်။

"မဟုတ်ဘူး၊ ကောင်းတယ်လို့ မထင်ဘူး၊ အခု ကျွန်တော် အိမ်ပြန်ချင်တယ်"

သူ အိမ်ပြန်နိုင်ကြောင်း၊ သို့သော် သူ့အဖော်ကို သတ်ပြီးမှ ပြန်ရမည်ဟု ဂုရုက ပြောသည်။

"အဲဒီလိုဆိုရင် ကျွန်တော် တကယ်ပဲ ပြန်ရမှာလား"ဟု ယာဆူဒါက သတိထား၍ မေးသည်။

ဂုရုက ဖခင်ပုံစံဖြင့် ပြုံးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ငါ မင်းတို့ကို လိမ်ပြောဖူးသလား"

လုံခြုံရေး ခေါင်းဆောင် နီအိမိက ဟန်ဆောင်ဖုံးကွယ်မှု မရှိဘဲ နှစ်မြိုက်သဘောကျစွာဖြင့် ကွပ်မျက်ရန် ပြင်ဆင်လေတော့သည်။ အိုချိဒါအား ပလတ်စတစ်စပေါ်တွင် အထိုင်ခိုင်းထား၏။ ယာဆူဒါအား လက်ထိတ်သော့ဖွင့်ပေးလိုက်ပြီး၊ နောက်ထပ် လက်ထိတ်ထပ်၍ ခတ်ပြန်သည်။ ဒီတစ်ခါတွင် နောက်ပြန်မဟုတ်တော့ဘဲ လက်များကို ရှေ့မှာ ထားလိုက်ကြသည်။ ထို့နောက် နီအိမိက ကြိုးစတစ်ချောင်းယူလာသည်၊ အိုချိဒါအား သေသည်အထိ ကြိုးနှင့် ညှစ်သတ်ရန် ဆုံးဖြတ်ထားခြင်း ဖြစ်၏။

ယာဆူဒါသည် အိုချိဒါအား ငုံ့ကြည့်ပြီး၊ တုန်ယင်နေ၏။ ဆေးဆရာ အိုချိဒါက ပြန်စိုက်ကြည့်ပြီး၊ သူ့မျက်လုံးများမှာ ကြောက်လန့်နေသဖြင့် ပြူးကျယ်နေသည်။

"မင်းအဖေကို ဒီလိုပြောလိုက်ပါ၊ ကျွန်တော့်အမေရဲ့ ကျန်းမာရေးအခြေအနေ ပိုကောင်းလာပြီး၊ အိုချိဒါကတော့ ဒီမှာနေဖို့ ဆုံးဖြတ်လိုက်တယ်---လို့"

ထို့နောက် နီအိမိနှင့် သူ့အဖွဲ့က ယာဆူဒါကို တခြားသို့ ခေါ်ထုတ်သွားကြသည်။

အဆာဟာရက သူ့ဇနီးဘက် လှည့်ပြီး ပြောသည်။

"ဒီကိစ္စမှာ မင်းကို မဖြစ်စေချင်ဘူး"

"ဘာတတ်နိုင်မှာလဲ၊ သူက အယူသီးဂိုဏ်းရဲ့စည်းကမ်းကို ဖောက်ဖျက်တာကိုး"ဟု သူ့ဇနီးက ပြန်ပြောသည်။

ထို့နောက် ဂုရုက အလောင်းကို ညွှန်ပြပြီး ပြောသည်။

"အဲဒါ ကြည့်လုပ်လိုက်---မူရိုင်း အသေးစိတ်သိတယ်"

အိုချိဒါ၏ ရုပ်အလောင်းကို အပြာရောင် ဗင်နယ်စဖြင့် ထုပ်ပြီး၊ အောက်ထပ်သို့ သယ်သွားကြလေသည်။

နောက်လိုက်နှစ်ဦး သယ်ယူသွားစဉ်က အိုချိဒါ၏အလောင်းသည် နွေးနေဆဲ ဖြစ်၏။ သူတို့သည် မီးဖိုကြီးအဖြစ်သုံးနေသော အလုံပိတ်စည်ထဲသို့ ထည့်လိုက်ကြသည်။ ခလုတ်နှိပ်လိုက်သောအခါ အခန်းထဲတွင် အလင်းရောင်အနည်းငယ် မှိန်လာ၏။ ဓာတ်အားငတ်နေသော မိုက္ကရိုဝေ့ဖ်ယူနစ်သည် စည်သို့ ဦးတည်ပြီး မမြင်ရသည့် မိုက္ကရိုရောင်ခြည်များကို လွှတ်နေသည်။ နောက်လိုက်များသည် နှာခေါင်းဖြင့် အသက်မရှူမိစေရန် သတိထားနေကြရ၏။

အလောင်းသည် သတ္တုစည်အတွင်းမှာ ပြင်ပမှ ချက်ပြုတ်အမှုန့်ချေခြင်းခံရသည်။ ထို့နောက် နောက်လိုက်များသည် သတ္တုစည်ထဲမှ ရသမျှအရာများကို နိုက်ထရစ်အက်ဆစ် ဖျော်ရည်ထဲသို့ လောင်းထည့်ကြ၏။ ထို့နောက် ကိုတာဂိုအိုချိ၏ ရုပ်ကြွင်းများကို အိမ်သာထဲသို့ ရေဖြင့် မှုတ်ချလိုက်ကြတော့သည်။





အိုချိဒါကို စိတ်မပါဘဲ သတ်သူ ယာဆူဒါအား ဖူဂျီတောင်သို့ တစ်ပတ်အတွင်း ပြန်လာခဲ့ရန် ဥုမ်အဖွဲ့က အမိန့်ပေးထားကြသည်။ ဘာပဲဖြစ်ဖြစ် ယာဆူဒါတွင် တခြားအကြံအစည်ရှိနေ၏။ သူသည် နေအိမ်မှ တိုကျိုမြို့ပြင်သို့ ကြောက်ရွံ့စွာဖြင့် ထွက်ပြေးလေတော့သည်။ ထိုမြို့ပြင် အလွန်ဝေးသော မြောက်ပိုင်းပြည်နယ်တစ်ခုသို့ သွားရောက်ပြီး ပုန်းအောင်နေ၏။

လူသတ်မှုဖြစ်ပွားပြီးနောက် ရက်သတ္တနှစ်ပတ်ကြာသောအခါ အဆာဟာရ၏ လူမိုက်များသည် သူ့ကို ရှာဖွေတွေ့ရှိသွားကြသည်။ ယာဆူဒါက လွတ်မြောက်ရေးကို ပိုပြီးသိကြောင်း အဆာဟာရကပြော၏။ ထို့နောက် သူသည် ထွက်ပြေးနေသော နောက်လိုက်ယာဆူဒါကို ပြန်ဖမ်းပြီး၊ အယူသီးဂိုဏ်းထဲပြန်ထည့်ရန် အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်သည်။ မူရိုင်းနှင့် နီအိမိတို့ သွားကြပြီး၊ ဒေါက်တာဟာယရှိက သူတို့၏ သားကောင် ပိုမို သဘောတူစေရန် ထိုးဆေးတစ်မျိုး ပြင်ဆင်ထားသည်။

အယူသီးဂိုဏ်း လူဖမ်းမည်ကို ယာဆူဒါက အသေအချာ သိနေ၏။ သူ့အိမ်တံခါးနှင့် ပြတင်းပေါက်များကို မင်းတုတ်ချထားပြီး၊ သူ့မိတ်ဆွေဟောင်းများ ခေါ်သံကို ပြန်မထူးဘဲ ငြင်းဆန်နေသည်။ သူ့ကို အိမ်ထဲမှ မောင်းထုတ်ရန် ဆုံးဖြတ်ပြီး၊ အယူသီးဂိုဏ်းဝင်များသည် အိမ်ထဲသို့ ဓာတ်ငွေ့ပိုက်သွင်းကာ အိမ်ကို ဓာတ်ငွေ့များဖြင့် အပြည့် ပက်လိုက်ကြသည်။ ယာဆူဒါသည် နောက်ဆုံးတွင် ရဲတပ်ဖွဲ့အား အကြောင်းကြားခေါ်ယူလိုက်၏။ ထိုလူများ အဆောတလျင် ထွက်ပြေးသွားကြလေသည်။ တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးခြင်း မခံရချေ။

အိုချိဒါ၏ မငြိမ်မသက်သော နိဂုံးသည် အဆာဟာရ၏ အမိန့်ဖြင့် တခြား နောက်တစ်ယောက် သေစေရန် ရည်ရွယ်သည်။ ယာဆူဒါသည်လည်း အသက်ဘေးမှ လွတ်မြောက်ရန် မရှိနိုင်ချေ။ သို့ရာတွင် အဆာဟာရသည် သူ၏ရန်သူများကို ပြန်ပေးဆွဲရန်နှင့် သတ်ဖြတ်ရန် အဖွဲ့များကို စေလွှတ်ခဲ့သော်လည်း တစ်ဦးချင်း သတ်ဖြတ်ခြင်းကို ဂုရုကြီးသည် တာရှည် စိတ်မပါတော့ချေ။ သူ၏စိတ်သည် သေခြင်းနှင့် ဖျက်ဆီးခြင်း လုပ်ငန်းများအတွက် စီမံကိန်း အကြီးအကျယ်ကိုသာ အာရုံစိုက်နေလေတော့သည်။

(၁၉၉၃)ခုနှစ် ရောက်သောအခါ အယူသီးဂိုဏ်း၏ အမင်္ဂလာဒုန်အတွက် စိတ်အားထက်သန်သော အစီအစဉ်များသည် ပြီးပြည့်စုံလုနီးပါး ဖြစ်နေလေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## သာတီယံ - (၇)

အဝေးကနေဆိုလျှင် သာတီယံ-(၇)သည် သတိထားနိုင်ဖွယ်ရာ မရှိချေ။ အလွှာသုံးလွှာပါ သိုလှောင်ရုံဖြစ်ပြီး၊ ဖုန်များ အမှိုက်သရိုက်များက ဝန်းရံနေ၏။

သို့သော် အနီးကပ်ရောက်သွားရင် အဆောက်အအုံသည် သူ့ဘာသာ အထင်းသား ပေါ်လာသည်။ တစ်ဖက်တွင် အနက်ရောင် ပြွန်ကြီးများတွင် ဝါယာကြိုးများက အဆိပ်ငွေ့ဖြင့် တိုက်ခိုက်သည်ကို ကာကွယ်ရန် လေသန့်စက် ဆင်ထားသည်ဟု ပြောကြသည်။ အဆောက်အအုံကျောဘက်တွင်မူ သေတ္တာခွံများ အပုံလိုက်ရှိပြီး တချို့ကို "ဆာဖြူရစ်"ဟု ရေးမှတ်ထားသည်။

ရှိုကိုအဆာဟာရသည် ဥမ်ဝိုင်းခြံထဲမှ အဆောက်အအုံများကို 'သာတီယံ'ဟု အမည်ပေးထား၏။ ထိုဝေါဟာရသည် သင်္သကရိုက်ဖြစ်ပြီး "သစ္စာ"ဟု အဓိပ္ပာယ်ရလေသည်။ သာတီယံ(၁)သည် ရုံးဖြစ်ပြီး၊ အပေါ်ထပ်တွင် အခန်းများ ရှိ၏။ ထွက်ပြေးသော အယူသီးဂိုဏ်းဝင်များကို ထိုအခန်းများတွင် လှောင်ထားတတ်၏။ သာတီယံ(၂)သည် ဥမ်စာအုပ်စာတမ်း ထုတ်ဝေရေးအတွက် ပုံနှိပ်စက် ဖြစ်သည်။ သာတီယံ(၄)သည် ဂုရု၏ နေအိမ်၊ သာတီယံ(၁၀)သည် ဆေးရုံ စသည်ဖြစ်လေသည်။ သို့သော် သာတီယံ(၇)သည် ဖူဂျီတောင်ဌာနချုပ်တွင် လျှို့ဝှက်ဆန်းကြယ်သော အဆောက်အအုံ ဖြစ်၏။ အချိန်ကာလ များစွာကပင် ထိုနေရာသို့ ဘုန်းကြီးများ လာခွင့်မပြု၊ အနည်းငယ်ကိုသာ ခွင့်ပြုသည်။ အကြောင်းမှာ မြင့်မြတ်လွန်းသောကြောင့်ဆို၏။ အဝင်ဝတွင် သံမဏိတံခါး နောက်ကွယ်မှာ လုံခြုံရေး အစောင့်များ ရပ်စောင့်နေ၏။ အလည်ရောက်လာသူတိုင်းကို အထူးခွင့်ပြု တံဆိပ်ပါ၊ မပါ အသေအချာ စစ်ဆေးကြသည်။

သံမဏိတံခါးနောက်ကွယ်တွင် သူတို့သည် တခြားကမ္ဘာလောကသို့ ဝင်သွားကြ၏။ ကျဉ်းမြောင်းသောစင်္ကြံ၏ စင်္ကြံများသည် ပါးလွှာ၍ မီးမှိန်မှိန် ထွန်းညှိထားသည့် နံရံကြားမှာ မြွေလိမ်မြွေတွန့် ကွေ့ကောက် သွားလေသည်။ ပထမလမ်းကြောင်းသည် ဟိန္ဒူနတ်ဘုရား ရွှေသျှိဝရုပ်ရှိရာသို့ ရောက်နိုင်သည့် လေသာဆောင် ဖြစ်၏။ ထိုဟိန္ဒူ သျှိဝနတ်သည် လောကကြီးကို ဖျက်ဆီးသူဖြစ်ပြီး၊ ဥမ်၏ အကြီးဆုံးနတ် ဖြစ်လေသည်။

အားလုံးသည် ခန့်ညားထည်ဝါသော လိမ်ညာမှု ဖြစ်၏။

မျက်နှာကြက်ပေါ်မှာ ဝှက်ထားသည်မှာ "ကမ္ဘာဦးအစက အခန်းများဖြစ်ပြီး" အဆိပ်ရည်များ၊ အက်ဆစ်များနှင့် မီးစုန်းဓာတ်ပေါင်းများ၊ အာရုံကြောဓာတ်ငွေ့အတွက် အခြေခံဆေးအမည်များကို သိုလှောင်ထားလေသည်။ အကြောင်းမှာ အဆောက်အအုံတစ်ခုလုံးမှာ ကျယ်ဝန်းပြီး၊ ဓာတုဗေဒပစ္စည်းများ၊ ရီအက်တာရှ၊ ပိုက်ပြွန်များနှင့် ဆာကစ်များဖြင့် ရှုပ်ထွေးနေ၏။ သျှိဝနတ်ရုပ်၏ နောက်ကွယ်တွင်မူ လက်နက်များနှင့် ကွန်ပျူတာထိန်းချုပ်သည့် ဌာနများ ရှိလေသည်။

ဥမ်သည် လူများသေစေရန်အတွက် စက်ရုံကို ဒေါ်လာ(၁၀)သန်း အကုန်အကျခံကာ တည်ဆောက်ထား၏။ (၁၉၉၃)ခုနှစ် နှောင်းလတွင် ဘာယာကဝ၏ ဆောက်လုပ်ရေးအဖွဲ့သည် အဆောက်အအုံအတွက် သုပ်ငန်းပြီးသွား၏။ စက်တင်ဘာလထဲတွင် အယူသီးဂိုဏ်းသိပ္ပံပညာရှင်များသည် ထိုနေရာတွင် လက်တွေ့စမ်းသပ်မှုနှင့် သုတေသနများပြုလုပ်နေကြပြီးဖြစ်သော်လည်း သာတီယံ(၇)၏ အသည်းနှလုံးနှင့် သွေးကြောသည် အဆောက်အအုံ၏ ဒုတိယအလွှာမှာ ရှိနေသည်။ တွန့်လိမ်နေသော လေသာဆောင်၏ ကြောင်လိမ်လှေကားများသည် ဓာတုဗေဒတုံ့ပြန်သော သံမဏိစည်ကြီးများရှိရာသို့ သွားလာရသော လမ်းများဖြစ်၏။

စနစ်တစ်ခု အားလုံးသည် အလိုအလျောက် စက်ခလုတ်များ ကွန်ပျူတာနည်းစနစ်များနှင့် အများအပြားထုတ်လုပ်ရန် စီစဉ်ထားသည်။ ပဌမနှင့် နောက်ဆုံးအဏ္ဍာသည် ဆွစ်ဇာလန်မှ မှာယူ တင်သွင်းထားခဲ့သည့် ဒေါ်လာ (၂၀၀,၀၀၀)တန် ပစ္စည်းများ ဖြစ်၏။ နံရံပေါ်မှာ ရေးသားသည့် ပိုစတာတွင် "ဤရေပိုက်ကို အသုံးမပြုပါနှင့် မြစ်အတွင်းသို့ စီးဆင်းသွားလိမ့်မည်" ဟု ရေးသား ကြေညာထားလေသည်။

ဥမ်၏ လူငယ် သိပ္ပံပညာရှင်များသည် ဆာရင်အဆိပ်ငွေ့ကို အားတက်သရော ထုတ်ရန်ကြိုးစားနေကြ၏။ သူတို့၏ ဓာတ်ခွဲခန်းနံရံများတွင် ထိပ်တန်း ဓာတုဗေဒပညာရှင်၏အမည်ကို သင်္သကရိုက်ဘာသာဖြင့် ရေးသားဂုဏ်ပြုထားကြသည်။ အလုပ်သမားများကမူ အာရုံကြောဓာတ်ငွေ့ကို ပဌလက်၊ စုန်းကဝေနှင့် လူပြက်ကြီးဟု မိတ်ဆွေဟောင်းတစ်ဦးကို ချည်ညွှန်းသကဲ့သို့ နာမည်ပြောင်ပေးထားကြ၏။ ထို့ပြင် သာတီယံ(၇)ကို မှော်ဆရာဟု ရိုးသားစွာ ခေါ်ကြလေသည်။

'မှော်ဆရာ'သည် ဘာသာရေးအယူသီးဂိုဏ်းနှင့် မတူဘဲ အဖိုးရ လက်မှုအတတ်သင်ကျောင်းနှင့် တူနေ၏။ နောက်ပိုင်းတွင် စစ်ရေးကျွမ်းကျင်သူတစ်ယောက် လာရောက်စစ်ဆေးပြီး၊ ဤကဲ့သို့မှတ်ချက်ချသွား





www.burmeseclassic.com

www.burmeseclassic.com

သည်။

"အီရတ် ဓာတုဗေဒစက်ရုံတွေထက် ပိုပြီးကြီးပုံရတယ်။ နောက်ပြီး ပိုမိုရှုပ်ထွေးပြီး အမျိုးအစား ပိုကောင်းတယ်"

တစ်ခါထုတ်လျှင် (၁၇. ၆)ပိုင့် ရှိသည်။ ဆာရင်အဆိပ်ရည်ထုတ်ရန် ပုံစံဆွဲထားပြီး၊ နောက်ဆုံးနေ့တွင် အာရုံကြောအဆိပ်နှစ်တန် ထွက်စေရန် ရည်ရွယ်ထား၏။ ဥမ်၏ အစပန်းတိုင်သည် တန်(၇၀) ထုတ်လုပ်ရန်ဖြစ်ပြီး။ လူသန်းပေါင်းများစွာ သတ်ဖြတ်ရန် လုံလောက်ပေသည်။

အမဂေဒုန် အင်ဂျင်နီယာများသည် တတိယအလွှာ၌ ရုံးဖွင့်ထားပြီး၊ ပါးလွှာသော အကန့်များဖြင့် အခန်းငယ်(၁၂)ခန်း ဖွဲ့စည်းထား၏။ ခုံတန်းများနှင့် စားပွဲများပေါ်တွင် ဓာတ်ခွဲခန်းကိရိယာများ၊ ကွန်ပျူတာများ မှတ်စုစာအုပ်များနှင့် ပြည့်နေ၏။ ထိုထဲမှာ အလုပ်လုပ်နေသူများ အနက်ထိပ်ဆုံးပုဂ္ဂိုလ်မှာ ဂျပန် ဝါယာလက်ကုမ္ပဏီမှ သုတေသနအရာရှိ မစ်ဆုဘီရှိလျှပ်စစ်ကော်ပိုရေးရှင်း အီလက်ထရောနစ် အင်ဂျင်နီယာနှင့် ဟီရိုရှီးမား တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံဖြင့် ပီအိပ်(ချ်)ဒီဘွဲ့ရသူတစ်ဦး ဖြစ်လေသည်။

ဤလုပ်ငန်းအားလုံး၏ အဓိကသော့ချက်ပုဂ္ဂိုလ်မှာ အယူသီးဂိုဏ်း ဓာတုဗေဒဌာနကြီးမှူး မာဆာမိတဆူချိယ ဖြစ်၏။ တဆူချိယသည် ရှုံ့သွပ်နေသော သိပ္ပံပညာရှင်တစ်ဦးနှင့် တူနေသည်။ သူ့မုတ်ဆိတ်နှင့် ကတုံးဆံတောက်တို့သည် ကျယ်ပြန့်သော မျက်နှာပြင်ကို ဘောင်ခတ်ထားပြီး၊ စူးရှတောက်ပြောင်သော မျက်လုံးများပေါ်မှာ မျက်ခုံးမွေးများ ကွေးညွတ်စွာ တည်ရှိနေ၏။ သူသည် တဆူကူသ တက္ကသိုလ်မှ ဩဂဲနစ်ဓာတုဗေဒ ဘာသာဖြင့် ပီအိပ်(ချ်)ဒီဘွဲ့ ရခဲ့သူဖြစ်သည်။ ပါမောက္ခတစ်ဦးက သူ့ကို ဉာဏ်ကောင်းသူဖြစ်ကြောင်း ချီးကျူးခဲ့၏။ သို့သော် တခြားလူများက သူ့အား အံ့ပုန်း၊ အခန်းအောင်းနေပြီး လူမှုရေး မရှိသူဟု ဝေဖန်ကြသည်။ သူ၏ တစ်ခုတည်းသော စိတ်ဇောမှာ သိပ္ပံပညာ ဖြစ်ဟန်တူ၏။ သူ၏ အားလပ်ချိန်များတွင် ဓာတုဗေဒကျမ်းစာအုပ်များကို ဖတ်ရှုလေ့လာခြင်းဖြင့်သာ အချိန် ကုန်လွန်စေသည်။

သူ၏ ဘွဲ့ရရှိရေးအတွက် သုတေသနလုပ်ငန်းပေါ်သာ အာရုံစူးစိုက်ထား၏။ ထိုသုတေသနလုပ်ငန်းသည် မော်လီကျူး တည်ဆောက်ပုံကို ပြောင်းလဲစေရန် အလင်းရောင်၏ သက်ရောက်မှုကို လေ့လာခြင်း ဖြစ်၏။ သို့သော် ဒုတိယနှစ်တွင် ဘုန်းကြီးဝတ်ရန်ဆန္ဒရှိကြောင်း ရုတ်တရက် ကြေညာလိုက်သည်။ သူသည်စကြဝဠာ၏အစကို အလွန်တွေးတော စဉ်းစားခဲ့၏။ သို့သော် သူ့သိပ္ပံကျမ်းစာအုပ်များတွင် အဖြေ ရှာမတွေ့ခဲ့ပေ။

ယခု ဥမ်၏ ဓာတုဗေဒလက်နက် ထုတ်လုပ်ရေးကြီးမှူးရာတွင် တဆူချိယသည် သူ့အမည်ဖြင့် ကိုယ်ပိုင်ဓာတ်ခွဲခန်း တည်ဆောက်ထားပြီး၊ အလုပ်သမားတစ်ရာကို စီမံအုပ်ချုပ်ရ၏။ ထို့ပြင် ကြီးမားသော ဓာတုဗေဒ





စက်ရုံကြီးမှာ သူ့လက်ထဲတွင် ရှိလေသည်။ သူသည် ဓာတုဗေဒစစ်ပွဲအတွက် ရနိုင်သမျှ စာအုပ်များကို ဖတ်ရှုလေ့လာထားပြီး ဖြစ်သည်။ ထို့ပြင် သူသည် နောက်ဆုံးမှာ အဆင်သင့်ဖြစ်နေ၏။ သူ့ဆရာကြီး အဆာဟာရအတွက်မှ ဓာတုဗေဒသိုလှောင်ရုံကြီး တည်ဆောက်ရန် ပြင်ဆင်နေ၏။ ဆာရင်ဓာတ်ငွေ့သာမက အာရုံကြောအဆိပ်များ၊ အနာဖုထွက်စေသည့် ဓာတ်ငွေ့များနှင့် အခြားအဆိပ်များကို အစုအပုံလိုက် သိုလှောင်ထားရန်ဖြစ်၏။

ပထမကမ္ဘာစစ်ပွဲအချိန်တုန်းက ဆက်သွယ်ရေးမြောင်းများထဲတွင် မဟာမိတ်တပ်များသည် ဂျာမန်ရှေ့တန်းမှ ပေါ်ထွက်လာသော စိမ်းဝါရောင် တိမ်များဖုံးလွှမ်းခံလိုက်ရသည်။ စစ်သည်များသည် သူတို့၏ လည်မျိုများကို လက်ဖြင့် ဖျစ်ညှစ်နေကြပြီး၊ အသက်ရှူရန် မောဟိုက်နေကြသည်။ မျက်လုံးများမှာ ကြောက်လန့်ခြင်းအပြည့်ဖြင့် ဖြစ်နေကြသည်။ စစ်သည်ရာပေါင်းများစွာသည် နာကျင်စွာတွန့်လိမ်ပြီး မြေကြီးပေါ် သေကျကုန်၏။ ထို့ပြင် ညှဉ်းပန်းနှိပ်စက်ခံရသော အဆုတ်များထဲမှ ချောင်းဆိုးလိုက်တိုင်း သွေးထွက်လာ၏။ ထိုကာလသည် (၁၉၁၅)ခုနှစ် ဖြစ်ပြီး၊ ဂျာမန်တို့သည် ခေတ်သစ်စစ်ပွဲသို့ ပထမဦးဆုံးသော ဓာတုဗေဒ လက်နက်ဖြစ်သည့် ကလိုရင်းဓာတ်ငွေ့ကို စတင် မိတ်ဆက်ပေးလိုက်သည်။

စစ်ပွဲကြီး ပြီးဆုံးသည့်အခါ ဓာတုဗေဒလက်နက်ကြောင့် လူပေါင်း (၁. ၃)သန်း ဒဏ်ရာရခဲ့ပြီး။ (၉၁. ၀၀၀) သေဆုံးခဲ့လေသည်။ လူများစွာသည် ဘဝတစ်လျှောက်လုံး ခြေထောက် မသန်မစွမ်း ဖြစ်ခဲ့ရ၏။ ဓာတုဗေဒလက်နက်များ အများအပြား ပျံ့နှံ့လာသဖြင့်၊ (၁၉၂၅)ခုနှစ် ဂျီနီဗာ သဘောတူစာချုပ်အရ ပိတ်ပင်တားမြစ်ထားလေသည်။

ဒုတိယကမ္ဘာစစ်အတွင်းမှာ ဓာတုဗေဒလက်နက်များ စစ်မြေပြင်သို့ ပြန်ရောက်လာမည်ကို အဓိကတိုက်ပွဲတိုင်းမှာ ကြောက်ရွံ့နေကြရ၏။ အဏုမြူခေတ် အရိပ်လွှမ်းမိုးလာသောအခါမှ သူတို့၏စစ်တပ် ဖြန့်ထားခြင်း ရပ်တန့်သွားလေတော့သည်။ ဂျပန် ဘုရင့်တပ်မတော် တစ်ခုတည်းသာလျှင် တရုတ်ပြည်ကို ဓာတ်ငွေ့လက်နက်သုံးလျက် ထပ်ခါထပ်ခါ တိုက်ခိုက်ခဲ့သဖြင့် ဓာတုဗေဒလက်နက်အပေါ် အာရုံစိုက်ခြင်း မပြုခဲ့ပေ။ စစ်ပွဲပြီးဆုံးချိန်မှစ၍ တရုတ်လူမျိုး (၂၀၀၀)ခန့် သေကြေ သို့မဟုတ် ဒဏ်ရာရကြောင်းနှင့် ဗုံးဆန်ခွံပေါင်း နှစ်သန်းကျော်ကျော် ကျန်ရစ်ခဲ့ကြောင်း ပြောကြသည်။

ဂျပန် ဘုရင့်တပ်မတော်သည် ဂျပန်နိုင်ငံတောင်ပိုင်း၌ ဓာတုဗေဒ စစ်ဆင်ရေးစက်ရုံ တည်ဆောက်ထားပြီး၊ မုန်ညင်းအဆိပ်ဓာတ်ငွေ့ အများဆုံးပါသည် ဗုံးဆန်(၉)သန်း ထုတ်လုပ်ထား၏။ ကီတာကျူးရှူးရှိ စက်ရုံသည် ဒုတိယ ရည်မှန်းချက်ဖြစ်သော အဏုမြူဗုံးထုတ်လုပ်ရန်ဖြစ်ပြီး တိမ်မြူများ ဖုံးလွှမ်းထားရန်အတွက် နာဂါစကီမြို့သို့ ပြောင်းရွှေ့ တည်ဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။ နောက်စက်ရုံတစ်ရုံမှာ ဟီရိုရှီးမားမြို့အနီးမှာ ရှိပြီး၊ (၁၀)စုနှစ်အတွင်း မြေပုံပေါ်တွင် မပါရှိချေ။ ဂျပန်လူမျိုးများစွာသည် ထိုနေရာကို မေ့ပျောက်ပစ်ချင်ကြသည်။ နောက်နှစ်ပေါင်း (၅၀)ကြာသောအခါ ထိုစက်ရုံမှာ အလုပ်လုပ်ရင်း ဒဏ်ရာရရှိခဲ့ကြသဖြင့် အလုပ်သမားဟောင်း (၆၃၀၀)အား အစိုးရက လျော်ကြေး ပေးခဲ့ရ၏။

ကမ္ဘာ့ အင်အားကြီးနိုင်ငံများသည် သူတို့ပိုင်ဆိုင်သော ဓာတုဗေဒပစ္စည်းများကို စုပုံထားကြသည်။ သို့ရာတွင် (၁၉၆၀)ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာကြီး ပြောင်းလဲလာသည်မှာ ထင်ရှား၏။ (၁၉၆၀)ပြည့်နှစ်များအလယ်တွင် အီဂျစ်က ယီမင်းသူပုန်များကို နှိမ်နင်းရန် မုံညင်းအဆိပ်ငွေ့နှင့် အာရုံကြောအဆိပ်ငွေ့ဗုံးများကို အသုံးပြုခဲ့ကြသည်။ (၁၉၉၀)ပြည့်နှစ်တွင် အီရတ်နိုင်ငံသည် မုံညင်းအဆိပ် တန်(၂၀၀)နှင့် ဆာရင်အဆိပ် တန်(၅၀)ကို လစဉ်ထုတ်ခဲ့ရာ အဆာဟာရပင် အားကျလောက်ပေသည်။

အမေရိကန်ပြည်ထောင်စုနှင့် ရုရှ ဖက်ဒရယ်နိုင်ငံတို့သည် (၂၁)ရာစု အစောပိုင်းတွင် သူတို့၏ ဓာတုဗေဒသိုလှောင်ရုံများကို ဖျက်ဆီးပစ်မည်ဟု ကတိပြုထားကြ၏။ သို့သော် ဓာတုဗေဒလက်နက်နှင့် ပတ်သက်၍ ကျွမ်းကျင်မှုနှင့် စိတ်ဝင်စားမှုသည် ဇီဝလက်နက်ထက် ပိုမို လျင်မြန်စွာ ပြန့်ပွားသွားလေသည်။ (၁၉၉၃)ခုနှစ်တွင် နိုင်ငံအတော်များများသည် လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ကျော်ကထက် ဓာတုဗေဒ လက်နက်တိုးတက်လာသည်ကို ထိန်းချုပ်၍ အဆ(၃)ဆကျော် ကိုင်တွယ်ထားရန် စဉ်းစားကြကြောင်း အစီရင်ခံစာအရ သိရှိရ၏။ ထိုအဖွဲ့တွင် ပါဝင်သော နိုင်ငံများမှာ မြန်မာ၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အစ္စရေး၊ အီဂျစ်နှင့် တောင်နှင့်မြောက် ကိုရီးယားနိုင်ငံတို့ ပါဝင်လေသည်။

ဥမ်မြင့်မြတ်သော သစ္စာတရားအဖွဲ့သည် အာရုံကြောအဆိပ်ဖြစ်စေသည့် ဆာရင်ကို ရွေးချယ်ခဲ့၏။ အယူသီးဂိုဏ်းသိပ္ပံပညာရှင်များသည် ဆာရင်ကိုရွေးချယ်ခဲ့ခြင်းမှာ ထုတ်လုပ်ရာတွင် ဆက်နွယ်သော လွယ်ကူမှုနှင့် ကုန်ကြမ်းများစွာ ရရှိနိုင်သောကြောင့် ဖြစ်သည်။ ထိုအဆိပ်ငွေ့သည် လူတွေ ပိုမို သေစေနိုင်သည်မှာ သေချာ၏။ အနံ့နှင့် အရောင်မရှိသော ဆာရင်အဆိပ်ရည် စစ်စစ်တစ်စက်သည် လူတစ်ယောက်ကို အချိန်စောစောသေစေနိုင်သည်။ အာရုံကြောအဆိပ်ဓာတ်ငွေ့များသည် မျက်ရည်ယို ဓာတ်ငွေ့ကဲ့သို့ လွယ်ကူစွာ ပျံ့နှံ့သွားတတ်၏။ ရေခိုး၊ ရေငွေ့ပါသော မြူထဲမှလေကို ရှူရင်း လူများသေနိုင်သည်။

"ကျွန်တော် နေ့ရောညပါ အမှောင်ခန်းထဲမှာ အလုပ် လုပ်နေခဲ့တယ်၊ နေထွက်တဲ့ နောက်ဆုံးအချိန်ကို မမှတ်မိတော့ဘူး"ဟု တဆူချီယက သူ့သူငယ်ချင်းတစ်ယောက်ကို ပြောခဲ့၏။





ဥမ်၏ ဓာတုဗေဒအကြီးမှူးသည် မပျော်ပိုက်ပေ။ ရက်သတ္တပတ်ပေါင်းများစွာ သာတီယံ(၇) အထဲမှာ အချိန်ဖြုန်းနေထိုင်ခဲ့ရသဖြင့် သိပ္ပံပညာရှင် လူငယ်၏ ကျန်းမာရေး ချို့ယွင်းလာသည်ဟု သူ ညည်းတွားလေသည်။ အဘယ်ကြောင့်ဆိုသော် အဆိပ်ငွေ့ပစ္စည်းများမှာ နေရာအကာမှာ ရှိနေသောကြောင့် ဖြစ်၏။ ထို့အပြင် သင်တန်းပေးထားခြင်းမရှိသောကြောင့် လူတွေကို ဖြည့်ဆည်းရသည့်အတွက် သူမှာ ဒုက္ခရောက်နေသည်။

ဓာတုဗေဒလက်နက် ထုတ်လုပ်သည့် အလုပ်ကလည်း တစ်နည်းအားဖြင့် မလွယ်ကူချေ။ ဆေးအမည်များ ကိုယ်တိုင်က အဆိပ်များဖြစ်၏။ ကြာခဏ မတော်တဆဖြစ်သောကြောင့် သာတီယံ(၇) အလုပ်သမားများစွာ ဒဏ်ရာရစေခဲ့သည်။ စက်ရုံထဲမှ အငွေ့များကြောင့် တဆူချီယနှင့် တခြားလူများသည် နှာခေါင်းသွေးလျှံ၍ မျက်စိများ မှုန်လာကြသည်။ အဆောက်အအုံမှ ထွက်လာသော ထူးဆန်းသည့် အနံ့များကြောင့် လူများအားနည်းပြီး သေစပြုလာ၏။

ဂုရု၏ ကောင်းချီးပြုမှုသည် မသေချာ။ ဥမ်၏ ဓာတုဗေဒပညာရှင်များသည် နောက်ဆုတ်ပြီးရင်း နောက်ဆုတ်ကြရသည်။ အဆာဟာရသည် စိတ်ဆိုးပြီး တဆူချီယကို ဘေးသို့ ဆွဲထုတ်ပစ်လိုက်ပြီး၊ အချိန်နှင့်ငွေကြေးမြောက်မြားစွာ ဖြုန်းတီးပစ်သဖြင့် ကျိန်ဆဲလေသည်။ ဆရာကြီးက ဘုရားသခင် ဗျာဒိတ်တော်နေ့ကို သတိပေးပြီး မကြာမီ အကောင်အထည်ဖော်ရန် တောင်းဆိုလိုက်၏။

"ငါ. . .မင်းကို ဒီဟာ လုပ်စေချင်တယ်၊ အဲဒီ အလုပ်ဟာ အန္တရာယ် ရှိပေမယ့်၊ အထီးကျန် အခန်းထဲမှာ သင်တန်းတက်လေ့ကျင့်နေတယ်လို့ စဉ်းစားပါ"ဟု သူက အမိန့်ပေး၏။

အဆာဟာရ တရားဟောကြသောအခါ အမေရိကန်နှင့် ဂျပန်အာဏာပိုင်များက ဥမ်ကို မိမိတို့အယူသီးဂိုဏ်းက ထုတ်လုပ်ရန် ကြိုးပမ်းနေသော လက်နက်များဖြင့်ပင် ပြန်လည်တိုက်ခိုက်ရန် စီစဉ်နေကြကြောင်း ပြောကြားသည်။

"အထူးသဖြင့် မကြာသေးမီ ရက်များအတွင်းက အဆိပ်ငွေ့တွေနဲ့ အဆက်မပြတ် တိုက်ခိုက်ခံနေရတယ်၊ ကျုပ် ဘယ်ကိုသွားသွား ရဟတ်ယာဉ် ဒါမှမဟုတ် လေယာဉ်ပေါ်ကနေ အဆိပ်ငွေ့တွေနဲ့ ပက်ဖျန်းခံနေရတယ်။ ကျုပ် သေရမယ့်အချိန်ကို ကြိုတင် ပြောပြီးပါပြီ။ အဆိပ်ငွေ့သဘာဝရဲ့ လောကကြီးကတော့ ရောက်လာခဲ့ပြီ၊ နောက်တစ်ချိန်မှာတော့ အကျုံးမြုပုံးတွေလာတော့မယ်"

"ကျုပ်ဟာ စိတ်ရှည်ရှည်နဲ့ သည်းခံနေခဲ့ပြီး၊ တိုင်းပြည်ကို တိုက်ခိုက်ဖို့ သဘောထားကို ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး၊ ဒါပေမယ့် ကျုပ်က အဲဒီလို မပြုရင် ကျုပ်နောက်လိုက်တွေ အဖျက်ဆီးခံကြရလိမ့်မယ်"ဟု


www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခါ ပြောပြန်သည်။

"(၁၉၈၉)ခုနှစ်တုန်းက ကျုပ်မျက်စိရောဂါ ပိုဆိုးလာပြီး မမာမကျန်း ဖြစ်လာခဲ့တယ်၊ အခု ကျုပ်ရဲ့ ဝဲဘက်နဖူးနဲ့ ပါးစပ်ထဲမှာ အနာဖုတွေ ထွက်နေပြီ။ အဲဒါ မုံညင်းအဆိပ်ငွေ့တွေဆိုတာ သေချာတယ်။ ကျုပ် ထပ်ပြောမယ် ဥမ်မြင့်မြတ်သောသစ္စာတရားအဖွဲ့ ရပ်တည်ရေး ပြီးဆုံးတော့မယ်ဆိုရင် ဖြစ်နိုင်ခြေရှိတယ်။ ယုံကြည်သူတွေက အရေးယူဆောင်ရွက်ကြရမယ်"

သာတိယံ(၇)သည် (၁၉၉၃)ခု၊ အောက်တိုဘာလထဲတွင် ပြည့်စုံစွာအရေးပါလျက် ရပ်တည်နိုင်ခဲ့၏။ ရက်သတ္တပတ်ပေါင်းများစွာ တဆူချိယသည် အခန်းအောင်းပြီး၊ နေ့ရောညပါ ပရုတ်ဆီများရောနှော၍ ဆိုဒီယံဖလိုရိုက်များကို ထပ်ဖြည့်နေ၏။ နောက်ဆုံးတွင် နိုဝင်ဘာ၌ အယူသီးဂိုဏ်းသည် သူတို့၏ ပန်းတိုင်သို့ ရောက်လေတော့သည်။ နောက်ဆုံး တံပြန်စက်မှ အရောင်အဆင်းမရှိသော ဆေးရည်စက်များသည် လေလုံပိတ်စည်ထဲသို့ ရောက်ရှိသွားလေသည်။ ဥမ်သည် 'ဆာရင်'အဆိပ်ငွေ့ကို လုပ်လိုက်ပြီ။ နောက်ထပ် စမ်းသပ်ရန် ကျန်သေး၏၊ အဲဒါ အလုပ်ဖြစ်ပါ့မလား။

✣ ✣ ✣

## ဝေးလံသောတိုင်းပြည်

ဘန်ဇဝန် မီးရထားဘူတာရုံသည် ဩစတြေးလျပြည် အနောက်ပိုင်း ခြောက်သွေ့ကျယ်ပြန့်သော လွင်တီးပြင်တွင်ရှိ၏။ ဩစတြေးလျတိုက် ဝေးလံခေါင်းပါးသော ဒေသတွင် သိုးမွေးမြူရေးခြံမြေကြီးတစ်ခု ရှိပြီး၊ အလွန် ဝေးကွာလွန်းသောကြောင့် သွားလာရန် ခက်ခဲလှသည်။ ထိုနေရာကျော်လွန်လျှင် ဂျစ်ဆွန်သဲကန္တာရနှင့် အော်ဆီးပြည်နယ်အတွင်း၌ မီးတောင်ကြီးတစ်တောင်လည်း ရှိ၏။ အနီးကပ်ဆုံးမြို့ ပတ်(သ်)သည် မိုင်(၄၀၀) ဝေးလေသည်။

ဂန်းဘာရဲလမ်းမကြီးနှင့် ကင်းနင်းစတော့ရုတ်စသော အမည်ရှိသည့် မထိန်းသိမ်း မပြုပြင်ဘဲထားသည့် လမ်းများသည် မြေပြင်ကို အမာရွတ် ထင်စေ၏။ ထိုလမ်းများသည် တစ္ဆေမြို့များနှင့် အိပ်ငိုက်မြည်းဖွယ်နေရာသို့ ရောက်နိုင်သည်။ နာမည်များမှာ ယက်ဂလူး၊ ကျူးနှင့် မိကာသာရ ဖြစ်ကြ၏။ ထိုမြို့များသည် ရာစုနှစ် တစ်ဝက်လောက် အသက်မရှိဘဲ နေရောင်ခြည်ထဲမှာ မီးပူပေး ခံနေကြသည်။ တစ်ချိန်က ထိုဒေသအားလုံးသည် ရွှေရှာဖွေသူများနှင့် စည်ကားခဲ့ဖူးလေသည်။ ယခု ထိုမြို့များသည် ရာစုနှစ်ဝက်လောက် သေဆုံးနေခဲ့သော်လည်း အက်ဆစ်လင်ဒိုများနှင့် ကုန်လွန်ပြီး ခေတ်တစ်ခေတ်၏ အရာဝတ္ထုများနှင့် ပြန့်ကြနေ၏။

ဤဒေသတွင် သတ္တုတူးဖော်ခြင်းလုပ်ငန်း ရှိနေဆဲဖြစ်၏။ သို့ရာတွင် ရွှေတူးဖော်ခြင်း သိပ်မရှိတော့ဘဲ တခြားသတ္တုများဖြစ်ကြသည့် ကျောက်မီးသွေး၊ စိန်၊ နီကယ်၊ သံ၊ ကြေးနီနှင့် ယူရေနီယံများ တူးဖော်နေကြသည်။ ဥမ်မြင့်မြတ်သော သစ္စာတရားအဖွဲ့ ဘန်ဇဝန်သို့ ရောက်လာခြင်းသည် ဤကိစ္စကြောင့်ပင် ဖြစ်လေသည်။

ရုရှပြည်တွင် ဥမ်က နျူကလီယားဗုံးတစ်လုံး အမှန်တကယ် ဝယ်နိုင်ပါ့မလားဟု ဟာယာကာဝက အံ့ဩနေ၏။ ဂျပန်သို့ ပြန်ရောက်သောအခါ ဥမ်သိပ္ပံပညာရှင်များသည် မိမိတို့ ကိုယ်ပိုင်ထုတ်လုပ်ရန် တိုင်းပြည်များသည် ဒေါ်လာသန်း ထောင်ပေါင်းများစွာကို အသုံးပြုပြီး ယူရေနီယံ




www.burmeseclassic.com

www.burmeseclassic.com

သတ္တုအား လက်နက်အဖြစ် အရည်အသွေးပြည့်ဝလာစေရန် ကြီးမားသော စက်ရုံကြီးများ တည်ဆောက်ကြရ၏။ သို့ရာတွင် မူရိုင်းနှင့် အခြားလူများက လေဆာရောင်ခြည်ကို အသုံးပြုလျက် ဖြတ်လမ်းတွေ့ထားသည်ဟု ထင်နေကြသည်။ မည်သို့ပင်ဖြစ်စေ ဥမ်၏ ပထမခြေလှမ်းသည် ယူရေနီယံ သတ္တုရရှိထားရန် ဖြစ်၏။

ဒီဒေသမှလည်း ဟာယာကဝက ကူညီနေသည်။ ဥမ်၏ အင်ဂျင်နီယာချုပ်သည် တိုကျိုမြို့မှ မိုင်(၁၅၀)ဝေးသော ကျေးရွာတွင် ဂျပန်၏ ယူရေနီယံ သတ္တုရိုင်းအချို့ကို သိုလှောင်ထားသည့်နေရာတွင် တည်ရှိသည်။ သူသည် မြေနေရာရရှိရေးဆွေးနွေးရန် လူတစ်ယောက် စေလွှတ်လိုက်၏။ သို့သော် ဒေသခံများမှာ မြေရောင်းခွင့်မရှိသဖြင့် ဟာယာကဝသည် နိုင်ငံခြားသို့ သွားရောက်ရှာဖွေရန် ဖြစ်သွားသည်။ သူသည် ဩစတြေးလျ၌ မကြာမီ သုည ဖြစ်သွား၏။ (၁၉၉၃)ခုနှစ်၊ ဧပြီလမှ စတင်၍ မော်စကိုနှင့် ခရီးတိုသွားလျက် ဥမ်၏ ဩစတြေးလျစစ်ဆင်ရေး အခြေကျရန် ထပ်ခါတလဲလဲ ခရီးသွားနေ၏။

ဟာယာကဝသည် လျင်မြန်စွာ လှုပ်ရှားသည်။ ရက်သတ္တပတ်များအတွင်းမှာ သူသည် တရားဝင်ကိုယ်စားလှယ်ပိုင်းနှင့် ပတ်သက်သော အကြံပေးပုဂ္ဂိုလ်နှင့် အိမ်ခြံမြေရောင်းဝယ်အဖွဲ့ အဖွဲ့ဝင်တစ်ဦး ရရှိရေးစီစဉ်ပြီး ဖြစ်နေ၏။ မေလထဲတွင် ကာလာရီထိ ရင်းနှီးမြှုပ်နှံရေးနှင့် မဟာပိုဆီယ ဩစတြေးလျလီမိတက်ကုမ္ပဏီနှစ်ခုကို ထူထောင်ပြီး၊ အဆာဟာရက ညွှန်ကြားရေးမှူးအဖြစ်တာဝန်ယူသည်။ ဂျပန်-ဩစတြေးလျ အိမ်ခြံမြေရောင်းဝယ်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦး၏ လမ်းညွှန်မှုဖြင့် သူနှင့်အခြား အယူသီးဂိုဏ်းဝင်များသည် ဩစတြေးလျပြည်အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ သိုးမွေးမြူရေးခြံမြေများသို့ သွားရောက်သည်။ ကမ္ဘာကြီးကောင်းမွန်လာစေရေးအတွက် မြေဆီလွှာများ ပိုမိုတိုးတက်ရန် ဆန္ဒရှိကြောင်း အယူသီးဂိုဏ်းအဖွဲ့ဝင်များက အိမ်ခြံမြေရောင်းဝယ်ရေး ကိုယ်စားလှယ်အား ပြောကြားသည်။ ဤခရီးဝေးဒေသများတွင် လူနှစ်ယောက်က လျှပ်စစ်စမ်းသပ်ကိရိယာနှင့် လျှပ်ခေါင်းများ ကိုင်တွယ်လျက် နာရီပေါင်းများစွာ မြေကြီးအား စမ်းသပ်နေကြသည်ကို ကိုယ်စားလှယ်က စိတ်ပါဝင်စားစွာ စောင့်ကြည့်နေ၏။

ဟာယာကဝသည် ကျယ်ပြန့်သော တိုင်းပြည်တွင် ခရီးသွားနေစဉ် ဤသို့ မှတ်စုရေးထားခဲ့သည်။

*၄/၂၈၊ ငွေ၊ ကြေးဝါ၊ အားလုံးရွှေများဖြစ် ဩစတြေးလျတောင်ပိုင်းတွင် ယူရေနီယံတောင်ရှိ နယ်စပ်မှာလည်း အနည်းငယ် ရှိမည်။ သို့သော် မရှာဖွေရသေး။ ရှာဖွေခ ဒေါ်လာ(၁၀၀၀)၊ တွေ့ရှိရသည်။ ထိုနေရာကား ဘန်ဇဝန် ဘူတာပင် ဖြစ်၏။ အထီးကျန် သိုးမွေးမြူရေးခြံမြေသည် ကျောက်ဆောင်နှင့် ချုံနွယ်များ ပြန့်ကြဲပေါက်ရောက်နေသော*





*တောင်ုသိန်းကျော် ကျယ်ပြန့်သည့်မြေ ဖြစ်သည်။ အလယ်တွင် တစ်ဒါဇင်ခန့်ရှိ အဆောက်အအုံများ ရှိ၏။ ဘန်ဇဝန်သည် ယူရေနီယံသိုလှောင်ရာနေရာတစ်ခုသာမက ဘုရားသခင်၏မှာဗိတ်နေ့တွင် ဥမ်၏ ခိုအောင်းရန်နေရာတစ်ခု ဖြစ်သည်။*

စက်တင်ဘာလဆန်းတွင် ဟာယာကဝသည် ဩစတြေးလျသို့ ပြန်လာပြီး၊ ဘန်ဇဝန်နှင့် ရောင်းဝယ်ရေးလုပ်ငန်း စာရင်းပိတ်ရန် စီစဉ်သည်။ သူသည် သိုးမွေးမြူရေးခြံမြေအတွက် ဒေါ်လာ(၄၀၀၀၀၀)နှင့် ဓာတ်သတ္တုတူးဖော်ရန် မြေဂရန်အတွက်ဒေါ်လာ (၁၁၀,၀၀၀)ကို ပြည်နယ်အစိုးရသို့ ပေးသွင်းရလေသည်။

"သူတို့က တစ်ပိုင်းကို သတ္တုရှာဖွေပြီး၊ တစ်ပိုင်းကို စိုက်ပျိုးရေးလုပ်ချင်ကြတယ်"ဟု အရောင်းအဝယ်ကိစ္စကို အကြံပေးသည့် ဒေသရှေ့နေက ပြော၏။ သို့သော် ဥမ်၏စိတ်ထဲတွင်မူ သတ္တုရှာဖွေရန် ပိုမိုစိတ်အားထက်သန်နေသည်။ ပီရူးမှ ပြန်လာပြီး မကြာမီ ဟာယာကဝသည် အယူသီးဂိုဏ်း၏ ဘူမိဗေဒ အကြံပေးပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့၏။

"ယူရေနီယံသတ္တုရိုင်းထည့်ထားတဲ့ (၄၄)ဂါလန်ဆံ့ စည်ကြီးတွေကို သင်္ဘောနဲ့ ဂျပန်ကို သယ်မယ်ဆိုရင် ဘယ်လောက်ငွေကုန်မလဲ"ဟု သူက မေးသည်။

ထိုရက်များအတွက် ဂုရုကြီးကိုယ်တိုင် လာရောက်ပြီး ဟာယာကဝကို အလုပ်ရှုပ်အောင် တာဝန်များစွာ ပေးလေသည်။ သူသည် လေယာဉ်မှုသုံးစီး၊ လေးဘီးမောင်း မော်တော်ယာဉ်ခြောက်စီး ငှားရမ်းပြီး၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ စီစဉ်သည်။ စက်တင်ဘာ (၉)ရက်နေ့တွင် အဆာဟာရနှင့် ခရီးဖော်များသည် ပတ်(သ်)မြို့သို့ ရောက်ရှိလာကြ၏။ ဥမ်၏ နိုင်ငံခြားသွားခရီးစဉ်သည် လွဲချော်ရန်ခက်ခဲသည်။ ဂျပန်မှ လေယာဉ်စီးလာစဉ် ဥမ်၏ တိုးတွန်းသွားလာတတ်သော အပြုအမူကြောင့် လေယာဉ်အမှုထမ်းများသည် လေဆိပ်အာဏာပိုင်များအား သူတို့ကို လက်ညှိုးထိုးစရာ ဖြစ်လာသည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ တစ်ဆင့်သွားရသောအခါ အယူသီးဂိုဏ်းဝင်များသည် မျက်မြင်ကိုယ်တွေ့ ပြသကြရ၏။ သူတို့အဖွဲ့တွင် လူ(၂၅)ယောက်ပါဝင်ပြီး၊ ယောကျ်ား(၁၈)ယောက်နှင့် မိဘများမပါဘဲ ခရီးသွားမည့် အသက်(၁၅)နှစ် အောက်မိန်းကလေး(၅)ဦးပါလေသည်။ ထိုလူများထဲတွင် သိပ္ပံပညာရှင်အရာရှိချုပ်နိုင်း၊ ဇီဝဗေဒလက်နက် ကျွမ်းကျင်သူ အင်ဒိုနှင့် ဒေါက်တာနာကာဂါဝတို့လည်း ပါဝင်၏။ သူတို့အလယ်တွင် မျက်စိကန်းပြီး မုတ်ဆိတ်မွေးနှင့်ဥမ်ကိုအဆာဟာရသည် ခရမ်းရောင်ပြေးဝတ်ရုံကို ဝတ်ဆင်ပြီး ထီးထီးရပ်နေသည်။

ထိုလူစုသည် တစ်လကြာ နိုင်ငံခြားခရီးသည် ဗီဇာပတ်စ်ပို့ကိုကိုင်ဆောင်ထားကြ၏။ သို့သော် အကောက်ခွန်အရာရှိများက သူတို့၏


www.burmeseclassic.com

www.burmeseclassic.com

အိတ်များထဲတွင် ထူးဆန်းသည့် ပစ္စည်းများကို တွေ့ကြရသည်။ ဂျပန်လူမျိုးများသည် ဓာတုဗေဒပစ္စည်းများပါသော သေတ္တာကြီးနှစ်လုံးနှင့် ဓာတ်သတ္တုရှာဖွေရေး ကိရိယာများ သယ်ဆောင်ရလာကြသည်။ ထိုပစ္စည်းများအတွက် လေယာဉ်အား ဝန်အလေးချိန်ပိုခ ဒေါ်လာ(၂၄၀၀၀) ပေးဆောင်ကြရ၏။ ထိုသေတ္တာများထဲတွင် သံတူးရွင်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ စက်မှုပစ္စည်းများ၊ အငွေ့ပျံစက်များနှင့် ဓာတ်ငွေ့ကာ ခေါင်းစွပ်များ ပါသည်။ ထိုပစ္စည်းများကို ဩစတြေးလျတွင် ပိုမို၍ လွယ်ကူ၍ ဈေးပေါပေါ ဝယ်ယူနိုင်လျက်နှင့် သယ်ယူသွားကြသည်ကို အာဏာပိုင်များအတွက် ပဟေဠိ ဖြစ်နေ၏။

ဓာတ်သတ္တုတူးဖော်စက်များထက် ဓာတုဗေဒပစ္စည်းများက ပိုမိုဒုက္ခရောက်စေသည်။ ထိုဓာတုဗေဒပစ္စည်းများသည် ရွှေတူးဖော်ရန်ဖြစ်ကြောင်း အယူသီးဂိုဏ်းက ရှင်းပြကြ၏။

ဩစတြေးလျနိုင်ငံမှ အာဏာပိုင်များသည် ဂျပန်နိုင်ငံမှာကဲ့သို့ အလွယ်တကူ လိမ်ညာမရကြောင်း သိရသောအခါ ဥုမ်အဖွဲ့ဝင်များအံ့ဩသွားကြသည်။ အင်ဒိုနှင့် နာကာဂါဝတို့က သူတို့သည် တာဝန်ရှိသူများဖြစ်သည်ဟု ပြောကြသောအခါ လေယာဉ်ပေါ်မှာ ကုန်ပစ္စည်းများ တင်လာသည့်အတွက် ဒေါ်လာ(၁၈၀၀)စီ ဒဏ်တပ်ရိုက်ခံရပြီး ဓာတုဗေဒပစ္စည်းနှင့် ကိရိယာများကို သိမ်းဆည်းခံရလေသည်။ မိုင်းဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်လာသည့်အတွက် ဒေါ်လာ(၁၅၀၀၀) အပိုဆောင်း၍ပေးရ၏။ သူတို့၏ တွေ့ရှိချက်ကို ပြုလုပ်ပြီးကြောင်း သေချာစေရန် ဤခရီးစဉ် ပြီးသောအခါ အဖွဲ့ဝင်အားလုံးအား ဩစတြေးလျနိုင်ငံသို့ လာရောက်ခွင့် ခြောက်လတိတိ ပိတ်ပင်ခံရကြောင်း အယူသီးဂိုဏ်းကို ပြောပြသည်။

အယူသီးဂိုဏ်းသည် တွေဝေမှုမရှိဘဲ သူတို့အလုပ်ကို ဆက်လက်လုပ်ကြ၏။ ငွေကြေးကိစ္စသည် အကြောင်းမဟုတ်။ ပတ်(သ်)မြို့တွင် ဓာတုဗေဒပစ္စည်းနှင့် ကိရိယာများကို အစားထိုး ဝယ်ယူလိုက်သည်။ ဟာယာကဝသည် ဘန်ဇဝန်သို့သွားရန် လေယာဉ်သုံးစီးကို စီးလုံးငှားသဖြင့် နောက်ထပ် ဒေါ်လာ(၂၂၀၀၀) ကုန်ကျပြန်သည်။ ဥုမ်သည် အိမ်ပြန်သောအခါတွင်လည်း ခရီးသည်များ၊ ကိရိယာတန်ဆာပလာများ၊ ဓာတုဗေဒပစ္စည်းများ၊ ဂျင်နရေတာနှင့် စက်သုံးဆီ အပိုဆောင်ရသည့်အတွက် နည်းနည်းမျှ ဂရုမစိုက်ခဲ့ပေ။

"လေယာဉ်တွေဟာ ပျံနေတဲ့ဗုံးတွေ ဖြစ်ပါတယ်။ တကယ်လို့ ဓာတုဗေဒပစ္စည်းတွေ ယိုစိမ့်ထွက်ရင် အကြီးအကျယ် ပေါက်ကွဲလိမ့်မယ်" ဟု ဩစတြေးလျစုံစမ်းရေးမှူးတစ်ဦးက ပြောခဲ့လေသည်။

တစ်ခါတွင် ဘန်ဇဝန်၌ အယူသီးဂိုဏ်းသည် အလုပ်များခဲ့ရ၏။ စက်ကိရိယာများကို အသုံးပြုပြီး သူတို့လေယာဉ်နှင့် ပျံလာခဲ့ကြသည်။





ထိုအဖွဲ့သည် ယူရေနီယံအနည်းငယ်ကို ကျောက်ဆောင်တချို့မှ ထုတ်ယူရာ အောင်မြင်ခဲ့၏။ သတ္တုရိုင်းများကို ဂျပန်သို့ သယ်ယူသွားရန် သေတ္တာများတွင် ထင်ရှားစွာ ထည့်ထားကြသည်။ ဥုမ်သိပ္ပံပညာရှင်များက ပိုမိုပြည့်စုံကြွယ်ဝရန် ပြုလုပ်ကြမည်။

သိုးမွေးမြူရေးခြံတွင် ရက်သတ္တပတ်များစွာ ကြာသောအခါ အဆာဟာရနှင့် တခြားလူများသည် ဂျပန်သို့ ပြန်သွားကြရန် နောက်တစ်လတွင် လုပ်ထားသည်။ သို့သော် ဩစတြေးလျအာဏာပိုင်များက အကူညီ မပေးခဲ့။ ဥုမ်အဖွဲ့ဝင်များက ပြည်ဝင်ခွင့် ဗီဇာအသစ်လျှောက်ထားခဲ့သော်လည်း အပယ်ခံရလေသည်။ သူတို့၏ နိုင်ငံတွင်းသို့ ဂျပန်များက တိုက်ဖြိုကရိုရစ်အက်ဆစ် ခိုးသွင်းသည်ကို ဩစတြေးလျနိုင်ငံသားများက ကြောက်ကြ။ မည်သို့ပင်ဖြစ်စေ ယခုအခါတွင် ဥုမ်သည် သူတို့၏ နယ်မြေတွင် ဒေါ်လာတစ်သန်းနီးပါးမျှ ရင်းနှီးမြှုပ်ထားသဖြင့် အလွယ်တကူ အလျှော့ပေးလိမ့်မည် မဟုတ်ချေ။ အောက်တိုဘာလ ကုန်ခါနီးတွင် အယူသီးဂိုဏ်းဝင်နှစ်ဦးသည် အိုဆာကာရှိ ဩစတြေးလျသံရုံးမှ တစ်ဆင့် ပြည်ဝင်ခွင့်ဗီဇာရရှိရန် စီစဉ်ခဲ့လေသည်။

မကြာမီ သိုးမွေးမြူရေးခြံနယ်မြေကို ပြည်နယ်အစိုးရက စိတ်ဝင်စားလာ၏၊ နိုဝင်ဘာလတွင် စိုက်ပျိုးရေးဌာနမှ အင်စပက်တော်တစ်ဦးက ဘန်ဇဝန်ဘူတာသည် ရှုပ်ထွေးသောနေရာဖြစ်ကြောင်း သတင်းပို့လိုက်သည်။ သိုးများသည် ဂရုတစိုက် ပြုစုကျွေးမွေးခြင်း မရှိသောကြောင့် သေလုမြောပါး ဖြစ်နေကြ၏၊ စားခွက်များတွင် ရေညစ်ပတ်များ ရှိနေသည်။ မြေယာများသည်လည်း ပျက်စီးနေ၏။ မြေယာပေါ်မှာ သိုးရိုင်းများ ပွားများနေပြီး ပိုင်ရှင်များက ပစ်သတ်ရန် ငြင်းဆန်နေကြသည်။

"မြေအငှားပတ္တာပိုင်ရှင်များသည် ဘာသာရေးအယူသီးဂိုဏ်းဝင်များဖြစ်သောကြောင့် သူတစ်ပါးအသက်သတ်ရန် တားမြစ်ထားသည်"ဟု အစီရင်ခံစာတွင် ညည်းညူဖော်ပြထား၏။ နောက်တစ်လကြာသောအခါ ရက်ပိုင်းအတွင်း မန်နေဂျာတစ်ယောက်ခန့်ထားရန် ပြည်နယ်အစိုးရက အမိန့်ထုတ်လိုက်၏။

ဒေသဆိုင်ရာအာဏာပိုင်များ၏ အမိန့်ကို နာခံသောအားဖြင့် အယူသီးဂိုဏ်းသည် ဩစတြေးလျနိုင်ငံသား နယ်ဗဲလီဘရော့စ်နန်အား သိုးမွေးခြံမြေအား ကြည့်ရှုရန် မန်နေဂျာအဖြစ် ခန့်ထားလိုက်၏။ ဂျပန်လူမျိုးများသည် ထိုဝေးလံခက်ခဲသော ဒေသကို မျှော်လင့်ချက်မရှိဘဲ ရှင်သန်ရန် အချည်းနှီးလုပ်နေသည်ဟု ဘရော့စ်နန်က ထင်လေသည်။

"သူတို့ဟာ ဘန်ဇဝန်ဘူတာအကြောင်းကို ဘာမှ မသိကြဘူး၊ ဘန်ဇဝန်ကို ဆေးကုသဖို့နဲ့ ဘုရားရှိခိုးဖို့ နေရာအဖြစ် လိုချင်ကြတယ်"ဟု အနောက်ပိုင်းဩစတြေးလျ သတင်းစာကို သူက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘရော့စ်နန်မှာ ထူးဆန်းတာ တချို့ဖြစ်နေဆဲ ရှိလေသည်။ တစ်နေ့တွင် တဲတစ်ခုအတွင်းမှ သော့ခတ်ထားသော တံခါးတစ်ချပ်ကို ဖြတ်သန်းလာစဉ် ထိုအခန်းသည် မီးဖိုချောင်နှင့်တူနေသည်။ ဘရော့(စ်)နန်သည် မင်းတုတ်ကို တွန်းဖွင့်လိုက်ရာ ကိရိယာတန်ဆာပလာအပြည့်အစုံတပ်ဆင်ထားသော ဓာတ်ခွဲခန်းသည် ဘွန်ဆင်မီးခွက်များ နှုတ်အိုးပါဖန်အိုးများကို သိုလှောင်ထားကြောင်း တွေ့ရလေသည်။ ကြမ်းပြင်ပေါ်တွင် ထုံးကျောက်များနှင့် အခြားကျောက်တုံးများ ရှိ၏။ အနီးအနားတွင်မူ ကျောက်ကြိတ်စက်အသေးစားရှိပြီး၊ လျှပ်စစ်အားပေးစက်နှစ်လုံးထားသည်။ စင်များပေါ်တွင်မူ ပုလင်းများအတန်းလိုက် စီထားသည်။ တစ်ချိန်က ဂျပန်ဝီစကီထည့်ထားခဲ့သော ပုလင်းသည် ယခုအခါ ဟိုက်ဒြိုကလိုရိုက်အက်စစ်များ ရှိနေ၏။

နောင်အခါတွင် ဘရော့စ်နန်က ပြောသည်။

"ကျုပ်က သတ္တုရှာဖွေသူ ဖြစ်တယ်၊ ကျုပ်ပစ္စည်းတွေကို သုံးကြည့်ပြီးပြီး ဘယ်လောက်စွမ်းသလဲဆိုရင် ခင်ဗျားအရေပြားပေါ်မှာ ဆေးတစ်စက်ကျရုံနဲ့ သေသွားမယ်"

"ဒီပစ္စည်းရဲ့ အကြောင်းက ဘယ်လိုလဲ"ဟု သူက ဂျပန်တစ်ယောက်ကို မေးလိုက်၏။ သူတို့သည် ချက်ချင်း စိတ်ဆိုးပြီး ဤသို့ သူ့ကို ပြောခံရသည်။

"မထိနဲ့၊ မထိနဲ့လို့ ဆရာကြီးက ပြောတယ်"

အပြင်ဘက်မှာတော့ တခြားအမျိုးအစား အက်စစ်များနှင့် အဆိပ်ပါ ဓာတုဗေဒပစ္စည်းများ ရှိနေ၏။ ပစ္စည်းအများစုမှာ သတ္တုတူးဖော်ရာတွင်သုံးသော မိုင်းပစ္စည်းများ ဖြစ်၏။ သို့ရာတွင် တချို့ပစ္စည်းများကို ပထမကမ္ဘာစစ်အတွင်း အသက်ရှူပေါက်အဆိပ်ဖြစ်စေသော ဖော့စ်ဂျင်းအဆိပ်အဖြစ် အသုံးပြုနိုင်သည်။ ဘရော့စ်နန်သည် သူ့အလုပ်သမားများဘာတွေ ဆက်လက်လုပ်နေသည်ကို ဘယ်ခါမျှ မှန်းဆ၍ မရချေ။

တိုကျိုမြို့တွင် ဉူမ်အရာရှိများသည် ဗီဇာ ထပ်မံလျှောက်ကြပြန်၏။ ဘန်ဇဝန်တွင် သူတို့၏ လုပ်ငန်းများ မပြီးစီးသေးကြောင်း အကြောင်းပြသည်။ သို့သော် သူတို့ ထပ်မံ အပယ်ခံရပြန်၏။ ခြောက်လအတွင်း မလာရဘူးဟု ဩစတြေးလျသံအရာရှိတစ်ဦးက ပြောလိုက်သည်။ နောက်ခြောက်လကြာသော်လည်း အဆာဟာရသည် သူ့လူများ ဘန်ဇဝန်မှာရှိသည့်အတွက် ဒုက္ခရောက်နေသည်။ ယခုတစ်ကြိမ်တွင် ဂုရုက သူ့ကိုယ်ရံတော်အဖြစ် လူ(၁၇)ဦး ခေါ်သွားလိုကြောင်း မေတ္တာရပ်ခံသည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနေရ၏။

"ခင်ဗျား လုံခြုံရေးအတွက် စိတ်ပူရင်လည်း ဩစတြေးလျလူမျိုးလူသန်လူထွားကြီးတွေကို ခေါ်ပါလား"ဟု ဩစတြေးလျသံအမတ်ကြီးက အဆာဟာရကို ပြောသည်။





ဒေါသထွက်နေသော အဆာဟာရသည် ဩစတြေးလျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးနှင့် မြေယာဝန်ကြီးတို့ထံ စာမျက်နှာ(၃)ရွက်ရှိသော စာတစ်စောင်ကို အင်္ဂလိပ်စာ မတောက်တခေါက်နှင့် ရေးသားပေးပို့လိုက်၏။ စာကြွင်းတွင် ဗီဇာ မြန်မြန်မရပါက မွေးမြူရေးခြံ လယ်မြေများကို ရောင်းချလိုကြောင်း သူနှင့် ကိုယ်ရေးလုံခြုံရေးများ ဘာကြောင့် ဩစတြေးလျကို ပြန်ရမည်ကို ဖော်ပြထားသည်။

သို့သော် ဗီဇာ မရခဲ့ချေ။ အဆာဟာရအတွက် ယခင်က ဒီလိုမျိုး ဖြစ်ဖူးဘူးပေ။ ဉူမ်သည် ဘန်ဆန်တွင် သိုးမွေးမြူရေး ခြံမြေလုပ်ငန်းကိစ္စ မပြီးပြတ်သေးချေ။

မွေးမြူရေးခြံမြေတွင် နယ်ဗီလီဘရော့စ်မန်သည် သူ့အလုပ်သမားများ ဘာလုပ်နေသည်ကို ဇဲ့ဩနေဆဲပင် ဖြစ်၏။ သူ့ဇနီး ဖီးလစ်ကမူ ဉူမ်သည် အန္တရာယ်ကင်းသူများဖြစ်သည်ဟု ထင်နေသည်။

"သူတို့ဟာ ဘယ်သတ္တဝါကိုမဆို သတ်ဖြတ်တာ မကြိုက်ကြဘူး။ ဘကယ် ခြင်ကိုက်ရင်တောင် မြစ်ထဲက ဗိုင်းရပ်ပိုးဝင်ပါစေ မသတ်ကြဘူး" ဟု နောင်တွင် သူမက ပြောပြခဲ့သည်။

ဂျပန်နိုင်ငံ အိမ်အပြန်မှာတော့ ဆာရင်အဆိပ်ငွေ့များ အစုလိုက်ထုတ်လုပ်မှုသည် ကြောက်စရာကောင်းအောင် လျင်မြန်နေ၏။ (၁၉၉၄)ခုနှစ်၊ ဖေဖော်ဝါရီလလယ်တွင် တဆူချိုယသည် သာတီယံ(၇)နှင့် သူကိုယ်ပိုင် ဓာတ်ခွဲခန်းများတွင် အာရုံကြောအဆိပ်ငွေ့(၆၆)ပေါင်ကို သန့်စင်အောင်ပြုခဲ့သည်။ အယူသီးဂိုဏ်း သိပ္ပံပညာရှင်များသည် ဓာတုဗေဒစက်ရုံများကို ပိုမို အုပ်ချုပ်စီမံလာနိုင်သဖြင့် ပစ္စည်းများပိုမိုထုတ်လုပ်လာကြ၏။ ရည်မှန်းချက်မှာ ယခင်ကအတိုင်း တန်(၇၀)ပင် ဖြစ်သည်။

ထိုလ နောက်ဆုံးပတ်တွင် အဆာဟာရသည် သူ့ထိပ်တန်းနောက်လိုက်များကို အတူ စုရုံးလိုက်၏။ ဂုရုကြီးသည် စက်ရုံ၏ ထုတ်လုပ်မှုအခြေအနေကို စိတ်မရှည်နိုင်မှန်း ထင်ရှားသည်။ ဧပြီ(၂၅)ရက်နေ့တွင် သာတီယံ(၇)အား အဆင်သင့် ဖြစ်စေချင်သည်။ "စစ်ပွဲကြီးလာနေပြီ၊ ဉူမ်သည် ပြင်ဆင်ပြီးဖြစ်ရမည်"ဟု သူက အလေးအနက် ပြောသည်။

သူ့သိပ္ပံပညာရှင်များက အလုပ်သမား ပိုမို ခန့်ထားပေးရန် တောင်းဆိုကြ၏၊ အဆာဟာရသည် တိုက်တွန်းပြောဆိုခံရသည်။ သို့သော် အကြိမ်တစ်ဝိုက်မှာ လုံခြုံရေးပိုမို တင်းကျပ်ရန် သူ အမိန့်ပေးလိုက်၏။ ဆေါက်တာနာကာဂါဝတွင် ပိုလီဂရမ် ကင်မရာရရှိထားပြီး လူတိုင်းကို စမ်းသပ်ရန် ပြောထားသည်။

"မင်း သူလျှိုလား၊ ဂုရုကို သစ္စာရှိရဲ့လား"ဟု သူက မေးသည်။ ဉူမ်တွင် ကြမ်းတမ်းသော အခြေအနေ ပိုမို ဆိုးဝါးလာသောကြောင့် ခုံရုံးတင်ဘူသည် သေခြင်းဟု အဓိပ္ပာယ်ရလေတော့သည်။ အားလုံး လူသေကင်းများကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဆာဟာရသည် အလုပ်သမားအသစ်များကို သူ့ရှေ့မှာ စုရုံးရန် ပြောသည်။ သူက မေးသည်။

အဆာဟာရသည် အလုပ်အသစ်အတွက် ပွင့်လင်း၏။

"မင်းတို့ကို ခိုင်းတဲ့ အလုပ်က ပိုမို အန္တရာယ်များတယ်။ အဲဒီပစ္စည်းကို ကျုပ်တို့အသုံးပြုမယ်ဆိုရင် မြို့ကြီးတစ်မြို့ ပျက်သွားနိုင်တယ်။ ဒီအလုပ်ဟာ အခန်းပိတ်ဂူထဲမှာ ဘာသာရေးသင်တန်း ရက်(၄၀)စာလောက် တန်ဖိုးရှိတယ်။ အဲဒီနောက် မင်းတို့ကို ရာထူးတိုးပေးမယ်"

ထို့နောက် နာကာဂါဝ စကားပြောသည်။

"သာတိယံ(၇)နဲ့ ပတ်သက်တဲ့ ပစ္စည်းတွေက လျှို့ဝှက်ပစ္စည်းတွေဖြစ်တယ်၊ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောကြနဲ့။ အခုချိန်ကစပြီး မင်းတို့ သာတိယံ(၇)မှာ နေကြရမယ်။ နောက်ပြီး တစ်ခါဝင်ပြီးရင် ဘယ်တော့မှ ပြန်မထွက်ရဘူး"

တဆူချိယ အခြားဓာတုဗေဒ အဆိပ်ပစ္စည်းများ စမ်းသပ်ရန် နောက်ထပ် အကူအညီများပေးသည်။ နောက်တစ်ကြိမ် လူငယ်ဓာတုဗေဒ ပညာရှင်သည် အောင်မြင်မှုရပြန်၏။ မုံညင်းအဆိပ်ငွေ့နှင့်ပတ်သက်သည့် သူ့အလုပ်သည် အခြေအနေကောင်းသဖြင့် အများအပြား ထုတ်လုပ်ရန် စီမံချက်ရေးဆွဲကြသည်။ ယခုအချိန်တွင် အယူသီးဂိုဏ်းရှေ့တန်းကုမ္ပဏီများသည် ဆိုင်ယာနိုက်ဓာတ်ငွေ့နှင့် အနည်းဆုံး ဓာတ်ငွေ့နှစ်မျိုး ပြုလုပ်ရန် ဓာတုဗေဒပစ္စည်းတွေ အပုံလိုက်ရရှိနေ၏။

အဆာဟာရသည် သူ့တပည့်များကိုမူ ထိုလက်နက်များသည် မိမိကိုယ်မိမိ ကာကွယ်ရန်အတွက်သာဖြစ်ကြောင်း ကြေညာထားသည်။ သို့သော် သူ၏ တကယ့်အကြောင်းကိစ္စက ထင်ရှားလာ၏။ ဥမ်အား စစ်ဆင်နွှဲရေးအတွက် ပေးရန်ဖြစ်လေသည်။ အကယ်၍ အမဂေဒုန်ဖြစ်မည့် လက္ခဏာ မဖြစ်ပေါ်လာပါက အဆာဟာရသည် အထူးဖြစ်လိ မည်။ သေစေတတ်သောပစ္စည်းများ သိုလှောင်ထားသည့် သိုလှောင်ရုံ များပြားလာသောကြောင့် ဂုရုသည် ဗျာဒိတ်တော်နေ့သို့ ခုန်ပျံကျော်လွှား ရန် ရည်ရွယ်လေတော့သည်။ ပိုမို စိုးရိမ်စရာရှိသော်လည်း သူသည် ကမ္ဘာ ကြီး၏ နောက်ဆုံးနေ့ကို အတိအကျ သတ်မှတ်နေ၏။

အဆာဟာရက သူ၏ ဆေးဘက်ဆိုင်ရာအကြီးအကဲ ဒေါက်တာ ဟာယရှိကို ပြောသည်။

"ဩဂုတ်လထဲ ဂျပန်မှာ စစ်ပွဲ စတင်ကြမယ်၊ ထိခိုက်ဒဏ်ရာရ မျှော်မှန်းထားတယ်၊ ဒါကြောင့် ခင်ဗျား ပြင်ဆင်ထားပေတော့"

ဒေါက်တာဟာယရှိသည် စိတ်ရှုပ်သွားပြီး ဆရာကြီး တခြားဘာ အစီအစဉ်များနှင့် ပြောသလဲဟု မေးသည်။

ဥမ်သိပ္ပံပညာရှင်များသည် သူတို့၏ ဓာတုဗေဒပစ္စည်းများအလုပ် မလုပ်နှင့် ဘယ်မျှထိ ရောက်သလဲသိရန် အဓိကသော့ချက် စမ်းသ





မှု လိုအပ်နေ၏။ ထိုနှစ်နွေဦးရာသီတွင် အဆာဟာရသည် သောကဂတ်ကိုင်အမည်ရှိ ဗုဒ္ဓဘာသာအဖွဲ့ခေါင်းဆောင် ဒိုင်ဆာကုအီကေဒါအား ပထမ ပစ်မှတ်ထားရန် ဆုံးဖြတ်လိုက်၏။ ဂျပန်ပြည်၏ အကြီးဆုံး ဘာသာရေး အသင်းဖြစ်သော သောကဂတ်ကိုင်အဖွဲ့သည် ဥမ်၏ပစ်မှတ် ကြောခဏ ဖြစ်တတ်သည်။ အယူသီးဂိုဏ်းက ထုတ်ဝေသော စာစောင်တွင် အီကေဒါကို မကောင်းဆိုးဝါးများသို့ ဝိညာဉ်ရောင်းစားသူဟု စွပ်စွဲရေးသားထား၏။ ဟောကိန်းများရင် ဘာဖြစ်မည်ကိုပြသရန် ဆာရင်အဆိပ်ငွေ့နှင့် တိုက်ခိုက်ခြင်းသည် သင့်တော်မည့် နည်းလမ်းဖြစ်ဟန် ရှိသည်။

ရေကြည်စမ်းဝတ်ကျောင်းတော် သို့မဟုတ် ဥမ်၏ ကြီးမားသော လက်နက်စက်ရုံသုံး ဆေးဖျန်းကိရိယာကြီးကို တပ်ဆင်နေကြ၏။ လေလုံ သတ္တုသေတ္တာကြီးထဲတွင် ဆေးဖျန်းကိရိယာနှင့်တွဲလျက် ဆာရင်အဆိပ်ရည်နှစ်ပေါင်းကို ထည့်ထားကြသည်။ အီကေဒါ သင်ခန်းစာပို့ချမည့် ညနေပိုင်းကို အယူသီးဂိုဏ်းက ရွေးချယ်လိုက်ကြပြီး၊ သူ စကားပြောမည့် အဆောက်အအုံထဲသို့ ထရပ်ကားကို တွန်းပို့ကြသည်။ ဆေးဖျန်းကိရိယာက အလုပ်မလုပ်ချေ။ သို့ရာတွင် အယူသီးဂိုဏ်းသည် ဒုတိယအကြိမ် ညပိုင်းတွင် ပြန်လာကြ၏။ သို့သော် တစ်ခုခုက ကြောက်မက်ဖွယ်ရာ မှားယွင်းနေ၏။ ဆာရင်အဆိပ်ရည်များသည် လုံခြုံရေးအရာရှိ ဦးအိမိ ပေါ်ယိုထွက်ကျလာပြီး ပြင်းထန်စွာတုန်လှုပ်လျက် မြေကြီးပေါ် လဲကျသွားသည်။ ဒေါက်တာနာကာဂါဝက လျင်မြန်စွာ ကယ်ဆယ်လိုက်၏။

ဆာရင်အဆိပ်ရည်သည် ကောင်းစွာ အလုပ်လုပ်သည်။ သို့ရာတွင် ပစ်မှတ် မှားယွင်းနေ၏။ ဥမ်သည် ထိုအဆိပ်ရည်ကို ကွင်းပြင်မှာ စမ်းသပ်ရန် လိုနေသေးသည်။ သို့သော် ဂျပန်ပြည်တွင် တိုက်ခိုက်ရန်မှာ ကြိုတင်မှန်းဆမရချေ။ အယူသီးဂိုဏ်းလိုက်နေသည်မှာ နေအိမ်နှင့် ဝေးကွာသော အထီးအကျန်နေရာ၊ ဝေးလံသောဒေသနှင့် ဘယ်သူမှ မကြည့်မမြင်နိုင်သည့် နေရာဖြစ်၏။

ဘန်ဇဝန်ဘူတာ သောင့်တစ်နေရာမှာ ဆာရင်အဆိပ်ငွေ့မီးခိုးများ ထွက်လာပြီး၊ အမွေးထူသိုးအုပ်ပေါ် သို့ ကျရောက်သွားသည်၊ သိုးများသည် ထူးဆန်းသော ဘာသာရေးဝတ်ပြုသကဲ့သို့ စက်ဝိုင်းခြမ်းသဏ္ဌာန်ဖြစ်ပြီး လဲကျကုန်၏။ သိပ်မဝေးသော တစ်နေရာ၌ ဓာတုဗေဒဝတ်စုံ အပြည့် ဝတ်ဆင်ထားသော လူသားတစ်စုသည် ခြစ်ခြစ်တောက် နေပူအောက်မှာ ရပ်ကြည့်နေကြသည်။

သိုးများသည် ချာချာလည်ပြီး ယိုင်နေကြသည်။ ထို့နောက် ကိုယ်ကို ထိန်းမရတော့ဘဲ သိုးများသည် တစ်ကောင်ပြီးတစ်ကောင် မြေပြင် ပေါ် လဲကျကုန်သည်။

ဘန်ဇဝန်သည် ဝေးလံဒေသဖြစ်သော်လည်း ဥမ်မှာ အိမ်နီးချင်း များရှိသည်။ ထိုအချိန်လောက်တွင် ရှေးခေတ်လူမျိုးစု အကြီးအကဲ ဖီးလစ်



www.burmeseclassic.com

www.burmeseclassic.com



သောမတ်သည် သူ့အဖော်များနှင့် သိုးမွေးခြံမြေတွင် ရောက်နေ၏။ သူမနှင့် အဖော်များသည် ဘန်ဇဝန် ကိုယ်ပိုင်လေယာဉ်ကွင်းကို ကွင်းပြီး ကားမောင်းလျက် ခရီးသွားနေစဉ် သိပ္ပံဇာတ်လမ်း ရုပ်ရှင်ထဲကကဲ့သို့ မြင်ကွင်းကို တွေ့လိုက်ကြရ၏။

သူမက ရိုက်တာသတင်းစာ သတင်းထောက်များကို ဤသို့ ပြောပြသည်။

"အဖြူရောင် ဒါမှမဟုတ် နို့မလိုင်ရောင်အင်္ကျီကာနဲ့ ဦးထုပ်ဆောင်းထားကြတဲ့ လူ့လေးငါးယောက်ကို မြင်လိုက်ရတယ်။ သူတို့က အပေါ်စား လေယာဉ်တစ်စီးနားမှာ မတ်တပ်ရပ်နေကြတယ်၊ စက်နှစ်လုံးတပ်လေယာဉ်ထဲမှာ တခြားလူတွေလည်း ရှိနေတယ်လို့ ထင်တယ်။ ကျွန်မ ကြောက်သွားပါတယ်။ သူတို့ကြည့်ရတာ လူဆိုးတွေနဲ့ တူနေတယ်။ သူတို့ဟာ သူတို့ မထင်ရတဲ့ အလုပ်တစ်ခုခုကို လုပ်နေတယ်လို့ ကျွန်မ တွေးမိပါတယ်"

ပြီးသောအခါ ဉာမ်မြင့်မြတ်သော သစ္စာတရားအဖွဲ့က အာရုံကြောအဆိပ်ငွေ့နှင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ရသော သိုး(၂၉)ကောင်သည် မြေပြင်ပေါ်မှာ လဲကျနေ၏။ သူတို့စမ်းသပ်မှု အောင်မြင်ပေပြီ။ ဆာရင်အဆိပ် အလုပ် လုပ်၏။

တဆူချိယ၏ ကျွမ်းကျင်သူပညာရှင် အမျိုးသမီးတစ်ဦးက သူမ၏ ကြိုးပမ်းချက်သည် အဆိပ်ငွေ့ထုတ်လုပ်နေသည်ဟု သဘောပေါက်သွားလေသည်။ သူမသည် အလုပ်တွင် ဆရာအား ချဉ်းကပ်၍မေးသည်။ "နောက်ထပ် တိရစ္ဆာန်တွေကို စမ်းသပ်ဖို့ လိုအပ်သေးသလား"

ဓာတုဗေဒပညာရှင် အကြီးအကဲက ဖြေသည်။

"တိရစ္ဆာန်တွေကို သတ်ဖြတ်တာ မှားတယ်၊ လူတွေက တိရစ္ဆာန်တွေထက် မကောင်းမှုတွေ ကျူးလွန်ကြတယ်၊ လူသားတွေအပေါ် စမ်းသပ်ကြည့်ရမယ်"

✣ ✣ ✣



## အပိုင်း(၂)
## အမဂေဒုန်*
## ဓာတုဗေဒအပြောင်းအလဲ

(၁၆)ရာစုတွင် မတ်ဆူမိုတိုမြို့သည် ဂျပန်နိုင်ငံ၏ အလယ်တွင် တည်ရှိပြီး၊ ပြည်သူများ ပုန်ကန်ထကြွသောကြောင့် ပျက်စီး ယိုယွင်းနေ၏။ ထံကျွေးချ မှူးမတ်များအား ငြိမ်သက်စေရန်နှင့် ဂျပန်နိုင်ငံအား စည်းလုံးညီညွတ်ရန် ကြိုးပမ်းချက်များသည် လုပ်ကြံသတ်ဖြတ်မှုများနှင့် နိုင်ငံခြားတိုင်းပြည်များသို့ စစ်ရေးအရစွန့်စားခန်းများဖြင့်သာ အဆုံးသတ်လေသည်။ (၁၅၉၂)ခုနှစ်တွင် မတ်ဆူမိုတိုမြို့၏ တန်ခိုးအင်အားကြီးမားသော အိုင်ရှိကာဝမျိုးနွယ်စုက အဓမ္မ တိုက်ခိုက်သိမ်းယူခြင်း မပြုနိုင်သော ကျုံးနှင့် ရဲတိုက်တည်ဆောက်ရန် အမိန့်ပေးလိုက်၏။ ထိုရဲတိုက်သည် သစ်သားဖြင့် တည်ဆောက်ထားပြီး၊ ရေခဲဖုံးအုပ်သည့်တောင်များ ဝန်းရံနေသည့် လွင်ပြင်မှာတည်ရှိသည်။ အိုင်ရှိကာဝါဆာမူရိုင်းသည် အရပ်မျက်နှာ လေးပါးမှလာသော ရန်သူများကို မြင်တွေ့နိုင်၏။

(၁၆၁၄)ခုနှစ်တွင် ရဲတိုက်ကြီးတည်ဆောက်ပြီးစီးသွားပြီး၊ ဂျပန်နိုင်ငံသည် အီဒိုမြို့တွင် အခြေစိုက်သော ရှိုဂန်အိုင်ယာစုတိုကူတာဝါအန္တ လက်အောက်တွင် စည်းလုံးညီညွတ်လာလေသည်။ အီဒိုသည် အရှေ့တောင်ဘက် မိုင်(၁၅၀)အကွာခန့်တွင်ရှိပြီး၊ ယခု တိုကျိုဟု ခေါ်ကြ၏။ သေကြေမှုအပေါ် နာကျင်ခြင်းကြောင့် ဂျပန်ဆိပ်ကမ်းများသည် ပြင်ပ

* Armagedon - *အမဂေဒုန်ဟု အသံထွက်။ ခရစ်ယာန် သမ္မာကျမ်းစာတွင် ကမ္ဘာကြီးပျက်မည့် နောက်ဆုံးနေ့၌ ကောင်းမှုပြုသူများနှင့် အကုသိုလ် ဒုစရိုက်သမားများ တိုက်ခိုက်ကြသည့် အဆုံးအဖြတ်ပေးမည့် နောက်ဆုံးစစ်ပွဲအကြောင်း ဖော်ပြထားသည်။ ယင်းကို* ***အမဂေဒုန်*** *ဟု ခေါ်၏။*



www.burmeseclassic.com

www.burmeseclassic.com



လောကနှင့် ဆက်သွယ်မှုမပြုရန် ပိတ်ပင်တားမြစ်ထားသည်။ ကုန်းမြေပြင်ဖြင့် ပိတ်မိနေသော မတ်ဆူမိုတိုမြို့သည် ကျွန်းနိုင်ငံ၏ ဝင်ရောက်ခွင့်မရှိသော အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း အထီးကျန်ဒေသအဖြစ် သာယာစိုပြည်နေ၏။ ပြည်တွင်းစစ် ပြီးဆုံးပြီဖြစ်၍ ဆာမူရိုင်းဓားများသည် ပျင်းရိ ငြီးငွေ့ဖွယ်ရာ လဲလျောင်းနေကြ၏။ မတ်ဆူမိုတို ရဲတိုက်အား စစ်အတွက် တည်ဆောက်ထားခြင်း ဖြစ်၏။ သို့ရာတွင် မိုးထိမြင့်တက်နေသော ကြောင်လိမ်လှေကားများသည် ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝရေး ခေတ်တစ်ခေတ်ကို ဦးဆောင်ခဲ့လေသည်။

ယနေ့အချိန်ထိ မတ်ဆူမိုတိုသည် ဂျပန်နိုင်ငံ၏ ကံကြွေးချခေတ်ဗိသုကာလက်ရာများ စံနမူနာပြု ဖြစ်နေ၏။ ယခုအခါ တိုကျိုမှ သုံးနာရီခန့်ကြာ မီးရထားစီးသွားလျှင် လူဦးရေ (၂၀၀၀၀၀)ခန့်ရှိသော မီးရထားဘူတာအဆုံးဖြစ်သော ထိုမြို့သို့ ရောက်နိုင်၏။ နိုင်ငံသားခရီးသည်များသည် ရေပူစမ်းရှာဖွေရန်၊ တောင်တန်းပေါ်နှင့် လျှောစီးရန်၊ တစ်နှစ်ပတ်လုံးနှင်းလျှောစီးရန်နှင့် တောင်ပေါ်မှ လေကောင်းလေသန့်ရှူရန် သွားရောက်ကြသည်။ မတ်ဆူမိုတိုဘူတာရုံတစ်ဝိုက်တွင် (၁၉၉၈)ခုနှစ်၊ ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ကျင်းပမည့် ကြော်ငြာများကို လျှပ်စစ်မီးများဖြင့် ဝင့်ကြွားစွာ ကြော်ငြာထား၏။ ထိုအားကစားပွဲကို ဂျပန်အဲ(လ်ပ်)တောင်တန်းတစ်ဝိုက်မှာ ကျင်းပရန် စီစဉ်ထားကြသည်။ ဒေသခံပြည်သူများက ဤပွဲတော်ကြောင့် ကမ္ဘာ့မြေပုံပေါ်တွင် သူတို့မြို့ ဖော်ပြခံရမည်ဟု မျှော်လင့်ထားနေကြ၏။ သို့ရာတွင် မတ်ဆူမိုတိုမြို့အား ထိုထက်စောစွာ ကမ္ဘာက အသိမှတ်ပြုကြရသည်။

(၁၉၉၄)ခုနှစ်၊ ဇွန်လ(၂၇)ရက် ညနေတွင် ရှေးမြို့တော်ဟောင်းအလယ်သို့ ရေခဲစက်ပါသော ထရပ်ကားတစ်စီး ဝင်လာ၏။ ထိုနှစ်တန်ကားသည် မီးများ ထိန်ညီးစွာ ထွန်းညှိထားသော ရဲတိုက်နှင့် ခရိုင်တရားရုံးများကို ကွေ့ကွင်းမောင်းနှင်ပြီး ဆိတ်ငြိမ်နေသော လူနေရပ်ကွက်သို့ လှည့်လာသည်။ စူပါမားကက် ကားရပ်စခန်းတွင် ထရပ်ကားရပ်သွား၏။

ထိုနေရာရောက်သောအခါ နံနက်(၁၀း၀၀)နာရီခန့် ရှိပြီ၊ ထိုမြို့ခံ အိမ်ရှင်မက ထရပ်ကားကို မြင်တွေ့လိုက်ရ၏။ သူမက မှတ်သားစရာဖြစ်သည်မှာ မရှင်းလင်းချေ။ မော်တော်ယာဉ်က ထူးဆန်းခြင်းကြောင့်လည်း ဖြစ်နိုင်၏။ သို့မဟုတ် ဒရိုက်ဘာနှင့် ခရီးသည်က ထူးဆန်းစွာခုန်ချသောကြောင့် ဖြစ်နိုင်သည်။ မည်သည့် အကြောင်းကြောင့်ဖြစ်စေ သူမသည် ရဲအရာရှိတစ်ဦးထံ ထိုထရပ်ကားအကြောင်း သတင်းပို့လိုက်၏။ ရဲအရာရှိက ပခုံးတွန့်ပြပြီး။ "အို. . . စူပါမားကက်ကို ကုန်ပစ္စည်းပို့တာ ဖြစ်မှာပေါ့" ဟု သူမကို ပြောသည်။

ရဲအရာရှိ မှားသွား၏။ ထရပ်ကားထဲတွင် စူပါမားကတ်အတွက် အစားအသောက်များ မပါရှိ၊ သို့သော် တခြား အမျိုးအစားတွေသာ ပါ





သည်။ ယာဉ်ထဲမှာ ပြည့်သိပ်ထည့်ထားသော ပစ္စည်းများမှာ ဘက်ထရီအိုးအလုံး (၃၀)၊ ဓာတ်ငွေ့ကာ မျက်နှာဖုံး(၆)ခု၊ ဒိဋ္ဌိ(၆)ဦးနှင့် ကမ္ဘာပေါ်တွင် အဆိပ်ပြင်းဆုံး ဓာတုဗေဒပစ္စည်း (၄၄)ပေါင် တို့ဖြစ်၏။

အတိတ်ကာလ ဥမ်မြင့်မြတ်သော သစ္စာအသင်းသည် မြေယာအငြင်းပွားမှုနှင့် ပတ်သက်၍ ခါးသီးသော သင်ခန်းစာများ ရရှိခဲ့ဖူးသည်။ ထိုမြေယာအမှုသည် မတ်ဆူမိုတိုတွင် ပိုမိုသတိရသော အမှုမျိုး ဖြစ်၏။ (၁၉၉၁)ခုနှစ်တွင် အစားအစာထုတ်လုပ်သည့် စက်ရုံအတွက် မြေကွက်တစ်ကွက် ဝယ်ယူခဲ့သည်။ ထို့နောက် စက်ရုံ စတင်ဆောက်လုပ်သည်။ ထို့နောက် ဒေသခံများက အမှန်တရားကို တွေ့ရှိကြရ၏။ အမှန်မှာ အစားအစာထုတ်လုပ်သည့် စက်ရုံသည် ဥမ်၏ ရုပ်ပြကုမ္ပဏီသာ ဖြစ်သည်။ ထို့ပြင် ထိုမြေမှာ ပေါ်ပေါက်လာသော နှစ်လွှာအဆောက်အအုံသည် အယူသီးဂိုဏ်း၏ မတ်ဆူမိုတို ဌာနခွဲ ဖြစ်၏။

မြေကို မူလပိုင်ရှင်က မြေအရောင်းအဝယ် ပျက်ပြယ်စေရန် တရားမမှုဖွင့်လှစ်၍ အဆောတလျင် တရားစွဲဆိုလေသည်။ ထိုအခိုက် ဥမ်သည် ဒေသခံများ ကြောက်လန့်စေရန် အဖွဲ့သစ်တစ်ဖွဲ့ ထပ်မံစေလွှတ်လိုက်၏။

"ကျွန်တော့်ဆီကို တယ်လီဖုန်းတွေ မကြာခဏခေါ်နေပြီး အလိုက်ခံနေရတယ်၊ တစ်ခါတစ်ရံ သူတို့က ပြောတယ်။ ငါတို့ မင်းကို ဒီလိုနဲ့ အဝေးရောက်မခံနိုင်ဘူးတဲ့"ဟု မတ်ဆူမိုတို မြို့သားတစ်ဦးက ပြောသည်။

(၁၉၉၂)ခုနှစ်၊ ဒီဇင်ဘာလတွင် မတ်ဆူမိုတိုအဆောက်အအုံသစ် ပြီးစီးလေသည်။ ထို့ပြင် ဆရာကြီး အဆာဟာရက နိမိတ်မကောင်းသော တရားဟောသည်။ အငြင်းပွားနေသော မြေကွက်နှင့် ပတ်သက်၍တရားရုံးက အကြောင်းမဲ့ ဖိနှိပ်ချုပ်ချယ်သည်ဟု သူက ပြစ်တင်ရှုံ့ချလိုက်၏။ ထို့နောက် အမှုကို ကြားနာစစ်ဆေးနေကြသော တရားသူကြီးသုံးဦးအား အတိအလင်း သတိပေးလိုက်သည်။ (၁၆)ရာစုနှစ်က ပြင်သစ် နက္ခတ်ဗေဒပညာရှင် နော့(စ်)တရာဒမ္မ(စ်)၏ ဘုရားသခင် ဗျာဒိတ်တော်ကို သူက ရည်ညွှန်းကိုးကား ပြောဆို၏။

အခုအချိန်တွင် ရှိုကိုအဆာဟာရ၏ ရိုင်းစိုင်းသော ဟောပြောချက်များသည် ဓာတုဗေဒလက်နက် အပြောင်းအလဲလုပ်မည်ဟု သဲလွန်စများထွက်နေသည်။ လွန်ခဲ့သော နှစ်လက သူ ပြောခဲ့၏။

"အရေးပေါ် အခြေအနေရောက်ရင် ရန်သူကို တစ်ချက်တည်းနဲ့ သတ်နိုင်ရမယ်၊ အခုအချိန်မှာတော့ ဒုတိယကမ္ဘာစစ်က ဆိုမန်နဲ့ ဆာရင်အဆိပ်တွေကိုပဲ သုတေသန ပြုနေရတယ်"

အကြောင်းကတော့ အဆာဟာရ၏ မိန့်ခွန်းထဲတွင် ဆာရင်အဆိပ်ဟု ရည်ညွှန်းသည်မှာ လွန်ခဲ့သည် တစ်နှစ်ခန့်က ဖြစ်၏။ သို့သော် မည်သူမျှ သတိမပြုမိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



(၁၉၉၄)ခုနှစ်တွင် မတ်ဆူမိုတို မြေယာမှုခင်း ပြီးဆုံးသွား၏။ တရားရုံး တရားသူကြီးသုံးဦးသည် နောက်နှစ်လအကြာတွင် စီရင်ထုံးတစ်ခု ချမှတ်ရန် မျှော်လင့်ထားကြသည်။ ဤအချိန်တွင် ဥုမ်၏ရှေ့နေက သတင်းဆိုးယူလာပြီး ဂုရုထံ အလည်သွားသည်။ ဥုမ်သည် အမှုရှုံးရန် နိုင်မာသော အခွင့်အရေးရှိသည်ဟု သူက ပြော၏။ အကယ်၍ တရားသူကြီးများက ဥုမ်ကို အရှုံးပေးရင် အယူသီးဂိုဏ်းသည် သူတို့၏ မတ်ဆူမိုတိုစခန်းအသစ်မှ ထွက်ခွာရန် အတင်းအဓမ္မ အလုပ်ခံရမည်။ ထိုကဲ့သို့ မဖြစ်စေရန် ဂုရုက ဆုံးဖြတ်ချက်ချလိုက်၏။

နောက်လစောစောပိုင်းတွင် အဆာဟာရသည် ဥုမ်အဆင့်မြင့်အဖွဲ့ဝင်များကို ကျယ်ဝန်းသော သာတီယံ(၂)သို့ ဆင့်ခေါ်သည်၊ ထိုလူများထဲတွင် သိပ္ပံဌာနအကြီးအကဲ ဟီဒီယိုမူရိုင်းနှင့် လုံခြုံရေးမှူး တိုမိုမစ်ဆုနီအိမိတို့ ပါဝင်သည်။ အစည်းအဝေး၏ အသေးစိတ်အချက်အလက်များမှာ မှုကြမ်းမှုသာဖြစ်၏။ သို့သော် ရလဒ်မှာ ရှင်းလင်းသည်။ ဒုက္ခပေးနေသော တရားသူကြီးသုံးဦးအား လုပ်ကြံရန် အစီအစဉ် ပြုလုပ်ခြင်းဖြစ်၏။ အစည်းအဝေး ပြီးဆုံးသောအခါ ဆရာကြီးက အမိန့်ပေးသည်။ မူရိုင်းက ရိုသေစွာ ဦးညွှတ်လိုက်၏။

"ကျွန်တော်တို့ ချက်ချင်းသွားပါ့မယ်"ဟု ပြောသည်။

ဥုမ်၏ ကျယ်ပြန့်သော ဖူဂျီတောင်ရှိ ရှုပ်ယှက်ခတ်နေသော အစိတ်အပိုင်းများ မကြာမီ လျှို့ဝှက်လှုပ်ရှားမှုများကို မြင်တွေ့ရတော့သည်။ မူရိုင်း၏ အမိန့်ဖြင့် သာတီယံ(၇)သည် ဆာရင်အဆိပ်ထုတ်လုပ်မှုကို တိုးမြှင့်လိုက်၏။ ထိုလထဲတွင် ဥုမ် သိပ္ပံပညာရှင်များသည် ခရီးသွားနာရီများ၊ နှစ်ဖက်ကပ် တိပ်ခွေများနှင့် ဓာတုဗေဒအချိန်ကိုက်ဗုံးများ ထည့်ထားသည် ကွန်တိန်နာစည်များ ဝယ်ယူကြသည်။

သို့ပေမဲ့ ကြီးမားသော တိုက်ခိုက်ရေးအတွက် ပိုမို ကြီးမားသော ပိုမို သိမြင်လွယ်သောကိရိယာ လိုအပ်သည်။

အားတောင့်သော စက်မှုအဖွဲ့ဝင်ငါးဦးအား ရေခဲစက်ပါသည့် ထရပ်ကားကို မှာကြားသည့်အတိုင်း တည်ဆောက်ရန် အမိန့်ပေးလိုက်သည်။ ဆာရင်အဆိပ်များကို ထရပ်ကား၏ မင်းတုတ်ချထားသော ကွန်တိန်နာစည်ထဲသို့ ထည့်ထားကြ၏။ ကွန်တိန်နာစည်ကို ဘက်ထရီအိုးကြီးအလုံး (၃၀)ဖြင့် လည်ပတ်စေသော အင်အားကောင်းသည့် လျှပ်စစ်အပူပေးကိရိယာပေါ်သို့ နစ်မြုပ်သွားပြီး အငွေ့များ ထွက်လာမည်၊ ထို့နောက် ပန်ကာလည်သောအခါ ဓာတ်ငွေ့များသည် ထရပ်ကားဘေးရှိ ပြတင်းပေါက်ငယ်ကလေးမှတစ်ဆင့် မှုတ်ထုတ်ခံရမည်ဖြစ်၏။ စက်မှုအဖွဲ့သည် ဖူဂျီမြစ်ဝအနီး၌ တကယ့်ဆာရင်ကို အသုံးပြုလျက် ရေလွှမ်းနေသော လွင်ပြင်ပေါ်တွင် ပန်ကာကို စမ်းသပ်ပြီး ဖြစ်ကြသည်။ ယာဉ်၏ ဒီဇိုင်းပုံစံသည် မကောင်းမွန်သေးချေ။ ဓာတ်ငွေ့ဖုန်းစက်ကို အားပေးသည့် ဘက်ထရီအိုးများသည် ပေါင်(၁၀၀၀) လေးပြီး၊ ထရပ်ကား၏ သုံးပုံတစ်ပုံ နေရာယူထား၏။



ဥုမ်စစ်ဗိုလ်နှစ်ဦးအား ခရိုင်တရားရုံးအဆောက်အအုံတစ်ဝိုက် ကင်းလှည့်၍ မတ်ဆူမိုတိုသို့ စေလွှတ်ထားသည်။ တခြားအနက်ရောင်ဆိုင်ခုံရှစ်ခုံပါ ဗင်ကားအငယ်စားကို ညအချိန်မှာ စောင့်ကြည့်ရန် မတ်ဆူမိုတိုဘူတာအနီးမှ ငှားရမ်းထား၏။ ကားနံပါတ်ပြားများကို ပြင်ထားသည်။

လုပ်စရာတစ်ခု ကျန်သေးသည်က တိုက်ခိုက်ရေးအဖွဲ့ရွေးချယ်ရန်ဖြစ်၏။ ဤကိစ္စကို ဂုရုကိုယ်တိုင် ပြုလုပ်သည်။ သူသည် နောက်လိုက်တစ်ဦးစီ၏ စုစည်းမှု အရည်အချင်းကို လက်ရွေးစင် ရွေးချယ်လိုက်၏။ ကိုယ်ကာယကြံ့ခိုင်မှု၊ ကားကို ကျွမ်းကျင်စွာ မောင်းတတ်ခြင်းနှင့် အားလုံးထက် သစ္စာရှိခြင်းတို့ ဖြစ်သည်။ ရွေးချယ်ထားသည့် အဖွဲ့ဝင်များထဲတွင် နှစ်ယောက်မှာ အသက်(၂၀)အရွယ်ရှိသူများ ဖြစ်၏။ သူတို့နှစ်ယောက်သည် ကာရာတေ ကျွမ်းကျင်သူနှင့် အယူသီးဂိုဏ်းအတွက် အသက်သေခံမည့်သူများဟု လူသိများကြသည်။

ဇွန်လအလယ်တွင် ဥုမ်၏ ဓာတုဗေဒပညာရှင် အကြီးအကဲသည် သာတီယံ(၇)တွင် ဆာရင်အဆိပ်(၄၄)ပေါင်ကို စုပုံထားပြီး ဖြစ်၏။ ထို့နောက် မိတ်ဆွေဟောင်းတစ်ဦးထံ သူ ဖုန်းဆက်လိုက်သည်။

"လူစည်ကားတဲ့နေရာက ဝေးဝေးနေပါ၊ ဥုမ်မြင့်မြတ်သော သစ္စာတရားအဖွဲ့က ထိန်းချုပ်လို့ မရတော့ဘူး"

(၁၉၉၄)ခုနှစ်၊ ဇွန်လ (၂၇)ရက်နေ့တွင် မတ်ဆူမိုတိုမြို့သည် ဂျပန်နိုင်ငံ၏ စွတ်စိုထိုင်းမှိုင်းသော မိုးရာသီမှ ကင်းလွတ်သွားပေပြီ။ စွတ်စိုထိုင်းမှိုင်းသည်မှာ ကျဆင်းသွားပြီးသားမို့ ပီကေသည် (၉၆)ဒီဂရီအထိ တက်သွား၏၊ ထို့ပြင် ‌လေပြည်လေညင်းကလေး မြူးကြွလာသည်။ ထိုနေ့သည် တနင်္လာနေ့ နံနက်ဖြစ်ပြီး မြို့ထဲမှာ ပြတင်းပေါက်တွေ ဖွင့်ထားပြီး လျှော်ဖွပ်ပြီး အဝတ်များကို ထုတ်၍ နေလှန်းထားကြ၏။ အိမ်ရှင်မများ သိထားသကဲ့သို့ ပူလောင်ခြောက်သွေ့သောရာသီသည် အဝတ်လျှော်ဖွပ်ပြီး လေအေးခံရန် သင့်တော်သည်။ ဥုမ်သိပ္ပံပညာရှင်တိုင်း သိထားသကဲ့သို့ဆိုလျှင် ပူလောင်ခြောက်သွေ့သော ရာသီသည် ဓာတုဗေဒလက်နက်များ ဖြန့်ဖြူးရန် သင့်တော်သည်။

စစ်ရေးအရ ပြင်ဆင်ရမည့်အစား ဥုမ်၏ မစ်ရှင်သည် ဆိုးဝါးစွာ အစပြုလေပြီ။ သိပ္ပံဌာနကြီးမှူး ဗီဒီယိုမူရိုင်းသည် အဆိပ်ကျူးခဲ့၏။ သူ့အဖွဲ့ ဖူဂျီတောင်ခြေမှ ထွက်ခွာလာချိန်မှာ နေ့လယ်ချိန်ဖြစ်၏။ ထို့ပြင် သေမင်းတမန် ယာဉ်တန်းသည် မူရိုင်းနှင့် အယူသီးဂိုဏ်းအဖွဲ့ဝင် ငါးဦးနှင့် အခြားလူငါးယောက် လိုက်ပါလျက် တဖြည်းဖြည်း ထွက်ခွာလျက်ရှိ၏။ ဘက်ထရီအိုးများဖြင့် လေးလံနေသော ထရပ်ကားအိုကြီးသည် တစ်နာရီလျှင် မိုင်(၃၀)မျှသာ သွားနိုင်သည်။ စီစဉ်ထားသည့်အတိုင်း ယာဉ်မောင်း



www.burmeseclassic.com

www.burmeseclassic.com

များသည် ဂျပန်နိုင်ငံ၏ အမြန်မောင်းလမ်းမကြီးများကို ရှောင်ကွင်း၍ မောင်းနှင်ကြရသည်။ ထိုအမြန်မောင်း လမ်းမကြီးများတွင် အော်တို မက်တစ် ကင်မရာများသည် ကားများ၏ လိုင်စင်နံပါတ်ပြားများကို ရိုက်ယူမှတ်တမ်းတင်ကြလေ့ ရှိသည်။ အယူသီးဂိုဏ်းအဖွဲ့ဝင်များသည် မတ်ဆူမိုတိုသို့ ရောက်သွားချိန်တွင် တရားသူကြီးများသည် တရားရုံး အဆောက်အအုံမှ ထွက်ခွာသွားကြပြီ ဖြစ်၏။

သို့သော် မူရိုင်းသည် တိုက်ခိုက်ခြင်းကို ရက်ရွှေ့ခြင်း မပြုပေ။ ထိုနေရာအစား လူပေါင်းတစ်ရာခန့် အသက်ဆုံးရှုံးနိုင်မည့် အရေးကြီးနေရာကို ရွေးချယ်လိုက်၏။ သူသည် သူ၏အဖွဲ့ကို တရားသူကြီးသုံးဦး နေထိုင်သည်ဟု သိရှိထားသောအဆောက်ကို ပစ်မှတ်ထားရန် အမိန့်ပေးလိုက်သည်။ ထိုအဆောင်သည် လူဦးရေ ထူထပ်သော နေရာတွင် တည်ရှိ၏။

ည(၁၀)နာရီတွင် ယာဉ်တန်းသည် စူပါမားကက် ကားရပ်နားနေရာသို့ ရောက်လာသည်။ ရာသီဥတု အခြေအနေသိရှိရန် အဖွဲ့တစ်ဖွဲ့ကိုလည်း စေလွှတ်ထားပြီး ဖြစ်၏။ ထိုအဖွဲ့သည် မကြာမီ ပြန်ရောက်လာပြီး အိမ်နီးချင်းများသည် သေနေသကဲ့သို့ ငြိမ်သက်နေကြောင်း သတင်းပို့လာသည်။ ထို့ပြင် အရှေ့အရပ် လေပြည်လေညင်း တိုက်ခတ်လာ၏။ မူရိုင်းသည် အနည်းငယ် တွက်ချက်မှု ပြုလုပ်သည်။ အကယ်၍ ထရပ်ကားအား အနီးအနားရှိနေရာတွင် ရွှေ့ပြောင်းရပ်တန့်လိုက်ပါက ဤလေပြည်လေညင်းသည် ကိုက်(၆၀)မျှဝေးသော တရားသူကြီးများနေရာသို့ ရောက်လိမ့်မည်။ ထို့အပြင် အိမ်တစ်ဆောင်နှင့် ရပ်ကွက် အိမ်နှစ်ခန်းကို သယ်ဆောင်သွားလိမ့်မည်။ သို့သော် ထိုလေပြည်လေညင်းနှင့် သူတို့နေနိုင်မည် ဖြစ်၏။ ဘာသာရေးယုံကြည်မှုအတွက် မှန်ကန်သော စစ်ဆင်ရေးအတွက် အထိအခိုက် အဆုံးရှုံးသည် ရှောင်လို့မရချေ။

နောက်ဆုံး ပြင်ဆင်မှုလုပ်ရပ်သည် အဖွဲ့ဝင်ဆရာဝန်က သူ့ရဲဘော်များကို ဆာရင်အဆိပ်ပြေးဆေးများကို ထိုးပေးသည်။ ထို့နောက် လူတိုင်းသည် ရေဖြည့်ထားသော ပလတ်စတစ်အိတ်များကို ခေါင်းမှာ စွပ်လိုက်ကြ၏။ ဤ ခာတ်ငွေ့ကာ ဦးထုပ်များသည် အောက်ဆီဂျင်ဘူးများဆီသို့ ပြွန်များဖြင့် ဆက်သွယ်ထားသည်။ ထို့နောက် မော်တော်ယာဉ်နှစ်စီးသည် စူပါမားကက်နေရာမှ ထွက်သွားပြီး၊ တရားသူကြီးများ၏ နေအိမ်အနီးသို့ မောင်းသွားကြသည်။

ည (၁၀း၄၀)နာရီခန့်တွင် တိုက်ခိုက်ရေးစတင်သည်။ ပြတင်းပေါက်ကိုဖွင့်ပြီး ပန်ကာခလုတ်နှိပ်လိုက်၏။ ဘက်ထရီအိုးများမှ ဓာတ်အားများ တွန်းထွက်လာပြီး၊ အပူပေးကိရိယာကို အရေးကြီးဆုံး အပူချိန်အထိ မြှင့်တင်ပေးလိုက်သည်။ ထို့နောက် အဆို့ရှင်တစ်ခုအား လှည့်ပြီး ဖွင့်လိုက်ရာ ဆာရင်အဆိပ်ရည်များသည် ဟော့ပလိပ်များပေါ် သို့ ဒေါသမာန်အဟုန်ဖြင့် သေကြေလောက်ဖွယ်ရာ အသံမြည်ဟည်းလျက် စီးဆင်း





သွားသည်။ မည်သို့ဖြစ်စေ ဓာတုဗေဒတုံ့ပြန်မှုသည် ရုတ်တရက် မှားယွင်းနေဟန် ရှိ၏။

တိုင်ကီထဲမှာရှိသော ဆာရင်အဆိပ်ရည်သည် ကိုဆော့အပြာရောင်ဖြစ်သည်၊ ထိုသို့ဖြစ်ရခြင်းမှာ အိုင်အိုပရိုပီးအရက်များ အလွန်အကျွံသည့်ထားသောကြောင့် ဖြစ်၏။ အပူချိန်မြင့်တက်လာပြီး၊ ဟိုက်ဒြိုကလိုရိုက်ဖြစ်စေကာ အဖြူရောင်မြူခိုးထဲသို့ အငွေ့ပျံသွား၏။ ထရပ်ကားသည် သေစေတတ်သော ဓာတ်ငွေ့တိမ်တိုက်ထဲမှာ အမြန်ပျောက်ကွယ်သွားသည်။ မကြာမီ မူရိုင်းနှင့် သူ့အပေါင်းများသည် ပြတင်းပေါက်မှ ဘာကိုမှ ကြည့်၍ မမြင်ရတော့ချေ။ ထရပ်ကားထဲမှာ ပိတ်မိနေသဖြင့် အလွန်ပူသောကြောင့် အယူသီးဂိုဏ်းဝင်တစ်ဦးက ကြောက်လန့်စပြုလာ၏။

"ကျုပ်တို့ ညအချိန်မှာ လုပ်မိတာ ကံကောင်းတယ်၊ လူတိုင်း မြင်နိုင်တယ်"ဟု သူ ထင်နေ၏၊ သူ့အကြောက်စိတ်ကို ပြန်ဖြေဖျောက်လျက်ရှိသည်။

အယူသီးဂိုဏ်းဝင်များ စိတ်ပူတာမှန်ပေသည်။ ည (၁၁း၀၀)နာရီခန့်တွင် အထက်တန်း ကျောင်းသားတစ်ဦးသည် ကားရပ်တန့်သည့်နေရာကို ဖြတ်သန်းသွားပြီး အနီးရှိ အမှိုက်ပုံထဲသို့ စားကြွင်းသောက်ကျန် အမှိုက်များကို ပစ်သွားလေသည်။ ထိုလူငယ်က ထူးဆန်းသည်ဟု ထင်နေ၏။ ထိုနေရာမှာ မီးမှိတ်ထားသော ဗင်ကားတစ်စီးသည် အင်ဂျင်စက်ခုတ်မောင်းလျက် ရှိသည်။ ကားအတွင်းမှ ဗလုံးဗထွေး အသံများကို ကြားနေရ၏။

သူ အမှိုက်ပုံမှ ပြန်လာပြီး ဆယ်မိနစ်ခန့်ကြာသည့်အခါ ဗင်ကားကလေးသည် ကားရပ်တန့်နေရာမှ မောင်းပြေးသွားသည်ကို မြင်လိုက်ရသည်။ ယခု ကားရှေ့မီးများ ဖွင့်ထားပြီး၊ အလင်းရောင်တန်းများသည် စက္ကန့် အနည်းငယ်ကြာမှ လှပသော အဖြူရောင်မြူခိုးများ တောက်ပလျက် မြေကြီးမှ ခါးလယ်လောက်အထိ ရှိနေသည်။

ထို့နောက် အရှေ့လေသည် လမ်းကြောင်းပြောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com

## မတ်ဆူမိုတိုမြို့မှ လူသတ်မှုကြီး

စက်ပစ္စည်းရောင်းသူ ယိုရှိယုကိကိုဗိုအတွက် ဇွန် (၂၇)ရက်သည် ခွေးများ မသေမီအချိန်အထိ လှပသော သာမန် ညနေခင်းသာ ဖြစ်၏။

ကိုဗိုသည် ည(၈း၀၀)နာရီ အချိန်တွင် အလုပ်မှ ပြန်လာပြီး သူ့အိမ်ဝင်း အပြင်ဘက်တွင် သူ၏ နစ္စန်းဆန်နီကားကလေးကို ရပ်လိုက်သည်။ သူ၏ ရိုးရာသစ်သားအိမ် သိမ်းကျုံးလွှဲ၍နေသော အမိုးများက ကွန်ကရစ်အခန်းများဖြင့် နေကြသော သူ၏ အိမ်နီးချင်းများအတွက် ကာလအတန်ကြာကပင် ဒုက္ခပေးနေ၏။ ကိုဗို၏ မိသားစုနာမည် ပထမ အက္ခရာကို တံစက်မြိတ်တွင် (တံဆိပ်နှိပ်) ထားသည်။ အနီးရှိ ရဲတိုက်တွင် အမှုထမ်းခဲ့သော ဆာမူရိုင်းတစ်ဦး၏ နေအိမ်ဝင်းဖြစ်ခဲ့သောကြောင့် သူတို့ ဂုဏ်ယူနေကြ၏။ ကိုဗိုသည် အသက်(၄၄)နှစ် ရှိပြီး၊ အိမ်ထောင်သည် တစ်ဦးဖြစ်၍ သားတစ်ယောက်၊ သမီးနှစ်ယောက် ရှိ၏။ သူသည် တစ်နည်း အားဖြင့် အထီးကျန်သမား ဖြစ်သည်။ အိမ်နီးချင်းများနှင့် စကားစမြည် ပြောမည့်အစား သူ့ဝန်းခြံထဲမှ မပြုပြင်ဘဲထားသည့် ပစ္စည်းများကို အပျင်းပြေ ပြုပြင်နေတတ်၏။

ကိုဗိုသည် တံခါးပေါက်မှာ ဖိနပ် ချွတ်လိုက်သည်။ ထို့နောက် ခန်းမလမ်းအတိုင်း လျှောက်သွား၏။ သူသည် ကျဉ်းမြောင်းသည့်နေရာတွင် စာအုပ်များ၊ တန်ဖိုးနည်း ရှေးဟောင်း အိမ်ထောင်ပရိဘောဂများဖြင့် ရှုပ်ကျပ်နေသော မိသားစုနားနေခန်းဆီသို့ သွားသည်။ သူ့ဇနီးသည် စန္ဒရား နည်းပြဆရာမဖြစ်ပြီး မင်အဲလ်ဆွန်၏တေးသံများ အခန်းထဲမှ မကြာခဏ ထွက်ပေါ်လာတတ်သည်။ ကိုဗိုသည် အခန်းအလယ်ရှိ စားပွဲနိမ့်မှာ ထိုင်လိုက်၏။ ထိုစားပွဲပေါ်တွင် "ဤအိမ်ကို ကောင်းချီးပေးတော်မူပါ၊ အို. . ဘုရားသခင်၊ ကျွန်ုပ်တို့ ဆုတောင်းပါ၏။ ညရောနေ့ပါ ဘေးကင်းပါရစေ"ဟူသော စာတန်းထိုးသည့် ဖျာငယ်တစ်ချပ် ရှိလေသည်။

ဆူမိကိုသည် သူမ၏ခင်ပွန်းအား ညစာအတွက် ထိုင်းဆန်နှင့် အသားပြွမ်းထမင်းကို ပြင်ပေးသည်။ သားကလည်း အတူဝင်စားပြီး တီဗွီမှ





ဆာမူရိုင်း ဇာတ်လမ်းကိုလည်း ကြည့်နေကြ၏။ ဆူမိကိုက ပန်းကန်ခွက်ယောက်များ ဆေးကြောနေချိန်တွင် ကိုဗိုက သတင်းစာဖတ်နေသည်။ ည(၁၀း၀၀)နာရီ အချိန်တွင် တီဗွီမှ သီချင်းဖျော်ဖြေခန်း စတင်လာသည်။ ထို့ကြောင့် လင်မယားနှစ်ယောက်သည် ထိုတီဗွီ အစီအစဉ်ကို ကြည့်ရန် မိသားစုနားနေခန်းထဲတွင် အနားယူ၍ ထိုင်နေကြ၏။

ကိုနို၏ မိသားစုနားနေခန်း အပြင်ဘက်၌ ရေကန်ငယ်နှစ်ခုနှင့် သစ်ပင်အုပ်စု ကလေးရှိသော အလတ်စားဥယျာဉ်တစ်ခု ရှိလေသည်။ ဥယျာဉ်၏ အောက်ခြေတွင်မူစိမ်းလန်းသော သစ်ရွက်များဖြင့် ဖုံးလွှမ်းခနပြီး၊ ကားရပ်နားရန် နေရာရှိ၏။ မိသားစုနားနေခန်းမှ ခန်းဆီးများဖွင့်ထားသော်လည်း ကိုနိုသည် ရေခဲစက်ပါ ထရပ်ကားနှင့် အနက်ရောင်ဗင်ကားငယ်ဝင်လာသည်ကို သတိ မပြုမိခဲ့ချေ။

တီဗွီ အစီအစဉ်ပြီးသောအခါ ဆူမိကိုက ယောက်ျားဘက်သို့ လှည့်လိုက်ပြီး ညည်းညူ၍ပြောသည်။

"ကျွန်မ နည်းနည်း နေမကောင်းချင်ဘူး"

ကိုနိုက ဇနီးသည်အား ကြည့်လိုက်၏၊ သူမ ကြည့်ရသည်မှာ နေကောင်းပုံရလေသည်။ သူက ပြန်ပြောသည်။

"မင်း ခဏလောက် လှဲအိပ်နေလိုက်ပါလား"

ထို့နောက် ကိုနိုသည် အပြင်ဘက်မှ အသံကြောင့် အာရုံ လွှဲပြောင်းသွား၏။ ထိုအသံသည် အိမ်မြောက်ဘက်မှာရှိသော ခွေးလှောင်အိမ်မှ ကုတ်ခြစ်သံများ ဖြစ်၏။ သူသည် စုံစမ်းရန် အပြင်ထွက်သွားသည်။

ကိုနိုသည် သူမွေးထားသော ခွေးမအား ဆန့်တငင်ငင် အကြောဆွဲတွန့်လိမ်နေပြီး၊ ပါးစပ်မှ အမြှုပ်များ ထွက်နေသည်ကို တွေ့ရ၏။ သူ ညည်းညူ ပြောဆိုသည်။

"အားတင်းထားစမ်းပါ ကလေးမရယ်"

သူသည် ရေခပ်ရန် အမြန်ထွက်သွား၏။ သူ ပြန်ရောက်လာသည့်အခါ ခွေးမလေး သေလေပြီ။

'အဆိပ်'ဟု ကိုနို စဉ်းစားမိသည်။ "တစ်ယောက်က အဆိပ်တုံးပစ်ပြီး ငါ့ခွေးကလေးကို သတ်တာပဲ"

သူသည် ဇနီးကို အော်ခေါ်လိုက်၏။

"အမေကြီးရေ. . . ငါတို့ရဲတပ်ဖွဲ့ကို ခေါ်မလား စဉ်းစားမိတယ်ဟေး. . . အမေကြီး"

ပြန်ထူးသံ မကြားရ။ ကိုဗိုသည် စိတ်မရှည်နိုင်တော့ဘဲ အိမ်ထဲသို့ ပြန်ဝင်သွား၏။

သူ့ဇနီးကို မိသားစုနားနေခန်း ကြမ်းပြင်ပေါ်မှာ လဲကျနေသည်ကို တွေ့ရ၏။ သူမခန္ဓာကိုယ်သည် ရုတ်တရက်အကြောဆွဲကာ တုန်လှုပ်နေသည်။ ကိုနိုသည် ဒူးထောက်ထိုင်ပြီး သူမ၏ အဝတ်အစားများကို



www.burmeseclassic.com

www.burmeseclassic.com

ချွတ်ကြည့်လိုက်၏၊ သို့သော် အကြောတက် တွန့်လိမ်နေသည်က ပိုမိုဆိုးလာသည်။ ည(၁၁း၀၉)နာရီ အချိန်သူသည် လူနာတင်ကားကို ခေါ်ပြီး ကလေးများကို ပြန်လာခဲ့ရန် အော်လိုက်သည် သူတို့ အခန်းထဲမှ ထွက်လာသောအခါ ကိုနီကိုယ်တိုင်သည်လည်း လဲကျမတတ် ဖြစ်နေ၏။

သူ့ခေါင်းမှာ ထုရိုက်ခံရသလို ဖြစ်နေ၏။ သူ့မျက်စိများ မှုန်ဝါးလာသည်။ အခန်းထဲမှ မီးအလင်းရောင်သည် ရုတ်တရက် မှေးမှိန်လာသည်ဟု ထင်ရ၏။ ကိုနီသည် ကြောက်လန့်စပြုလာ၏။ သူ့ကိုယ်သူ 'ငါတော့ သေခါနီးပြီ'ဟု ပြောမိသည်။

သူ့သားလက်ကို ဆုပ်ကိုင်လိုက်၏။

"အဖေနှင့် အမေတော့ ဒီတောင်ကို မကျော်နိုင်တော့ဘူး အစစအရာရာ ဂရုစိုက်ပါကွယ်"ဟု သားကို ပြောနေသည်။ သူ့ကိုယ်ပေါ်တွင် မူးဝေ အော့အန်ထားသည်များ ကျဆင်းနေ၏။

ထို့နောက် ကိုနီသည် လူသေတစ်ကောင်ကဲ့သို့ ကားထဲသို့ ဝင်ရောက်သွားသည်။ သူ့ကမ္ဘာသည် ခြောက်အိပ်မက် မက်သလို ရုတ်တရက် ပြောင်းလဲသွား၏။ လူနာတင်ကားတံခါးကို ခေါက်၍ ဖြည်းညင်းစွာ ဝင်ပြီးနောက် သူ၏ စိတ်ထဲမှာ ပြောနေသံ ကြားနေရ၏။

"ကျွန်တော် ညစာကို ထိုင်းဆန်နဲ့ အသားပြွမ်းထမင်းကို စားမိပါတယ်"

လူနာတင်ကားနောက်မှ အထိန်းအချုပ်မရှိ အန်လျက်ရှိပြီး အပေါက်ငယ်မှ ချောင်းကြည့်လိုက်သောအခါ နှလုံးအားနည်းနေသော ဇနီးသည်အား ဆေးကျောင်းသားတချို့က လေသွင်းနေသည်ကို တွေ့ရ၏။ မျက်စိကန်းလုမတတ် တောက်ပနေသော ဆေးရုံကြီးတွင် ဒဏ်ရာရသူများနှင့် ပြည့်နှက်နေသည်။ ထမ်းစင်တစ်ခုပေါ်မှ အမျိုးသမီးတစ်ယောက်က ထပ်ခါတလဲလဲ စူးစူးဝါးဝါး အော်ဟစ်နေသည်။

"ကျွန်မ ဘာဖြစ်တာလဲ၊ ကျွန်မ ဘာဖြစ်တာလဲ"

သူကလည်း သားကို လေသံဖြင့် ပြောသည်။

"တကယ်လို့ ရဲတွေက ခွေးကို သက်သေခံအဖြစ် မလိုအပ်ဘူးဆိုရင် ခွေးတွေကို ပန်းအိုးပင်အောက်မှာ မြှုပ်လိုက်ပါ"

ထို့နောက် ထပ်မံ၍ မူးဝေအော့အန်ပြီး ကိုနီ၏တစ်ကိုယ်လုံး တုန်ခါနေ၏။ (၁၉၉၄)ခုနှစ်၊ ဇွန်လ (၂၇)ရက် တနင်္လာနေ့ ညတွင် ကိုနီ၏ အိမ်နီးချင်း ခုနစ်ယောက် သေသည်။ အခန်းတစ်ခန်းထဲတွင် အဆိပ်ငွေ့ သင့် လူနာတစ်ဦး နာကျင်သောဝေဒနာဖြင့် လူးလိမ့်ကာ သေဆုံးသည့် နေရာတွင် စုတ်ပြတ်နေသော ဂျပန်ရိုးရာ တာတာမိကောက်ရိုးဖျာ တစ်ချပ်ကို ရဲတပ်ဖွဲ့က တွေ့ရ၏။ တခြားလူသုံးဦးမှာ နေအိမ်မှာပင် သေဆုံးကြရပြီး၊ သုံးဦးထက်မနည်းမှာ ဆေးရုံအသွားလမ်းမှာပင် သေကြသည်။ အိမ်နားနီးချင်းများမှာ ခေါင်းများ တဒုံးဒုံး ကိုက်ခဲပြီး၊ ပျို့အန်ကြ၏။ ထို့





ပြင် မီးခလုတ်များဆီသို့ စမ်းတဝါးဝါးဖြင့် သွားရောက် နှိပ်ကြပြီး သူတို့၏ တပည့်များမှာ အရွယ်အစားသေးငယ်လျက် လောကကြီးမှာ အလင်းရောင် မှေးမှိန်သွား၏။

မတ်ဆူမိုတို၏ အရေးပေါ်ဌာနသည် လူ(၁၅၀) ဒဏ်ရာရသည်ကို ကြိုးစားရုန်းကန်၍ လုပ်ခဲ့ရသည်။ တချို့က အမြဲတမ်း ဒဏ်ရာရသွားကြပြီး မျက်စိမှုန်ကြသည်။ ကိုယ်ပူချိန် ထူးကဲစွာ တက်သည်။ အဆုတ်နှင့် အစာချေစနစ် ပျက်စီးသွား၏။ ဤဓာတ်ငွေ့ယိုစီးမှုသည် သာမန်မဟုတ်ကြောင်း မတ်ဆူမိုတိုမြို့ ဆရာဝန်များက ရှင်းလင်းစွာ သိကြသည်။

ကိုနီကတော့ သူမျှော်လင့်ထားသည့်အတိုင်း မသေ၊ သို့သော် သမီးနှစ်ယောက်နှင့်အတူ ဆေးရုံတက်ရသည်။ သူတို့အားလုံး သက်သာကြ၏။ သူ့ဇနီးကတော့ ကံနည်းရှာ၏။ သူမ ဆေးရုံသို့ မေ့မြောလျက် ရောက်သွားသည်။ အာရုံကြောအဆိပ်သည် သူမ၏ အဆုတ်နှင့် နှလုံးသွေးကြောများကို ပိတ်ပစ်လိုက်၏။ ထို့ပြင် အောက်ဆီဂျင်ပြတ်သဖြင့် ဦးနှောက် ပျက်စီးသည့်ဝေဒနာ ခံစားရသည်။

ကိုနီ မိသားစုအား ဆေးကျောင်းသားတစ်စုက ကယ်ဆယ်ရန် ကြိုးစားနေခိုက် ဥမ်၏ ယာဉ်နှစ်စီးသည် မတ်ဆူမိုတိုမှ စက်သံမြည်ဟည်း၍ ထွက်ခွာသွား၏။ အယူသီးဂိုဏ်းဝင်များသည် ထွက်သွားရန် ကြောက်နေကြသဖြင့် ထရပ်ကားမှ ဓာတ်ငွေ့ပိုက်ကို ဖွင့်ထားလိုက်ကြသည်။ ကျန်ရှိနေသော ဓာတ်ငွေ့များသည် လမ်းနောက်ကျောဘက်သို့ ရောက်သွားပြီး လူများကို အဆိပ်ငွေ့ ပိုမိုသင့်စေသည်။ ဖူဂျီတောင်ဌာနချုပ်တွင် ထိုအဖွဲ့သည် သူတို့၏ အဝတ်အစားများကို မီးရှို့၍ ပြာကျအောင်လုပ်နေကြပြီး ထရပ်ကား၏ ဓာတ်ငွေ့ထုတ်လုပ်မှုစနစ်ကို ဖြုတ်နေကြသည်။ ထို့နောက် သူတို့သည် ထရပ်ကားကို သန့်ရှင်းရေးလုပ်ကြပြီး၊ ငှားရမ်းထားသော ဗင်ကားကို ဆာရင်အဆိပ်ငွေ့ကင်းစေရန် ဖြူလုပ်ကြ၏။

မူရိုင်းနှင့် သူ့အဖွဲ့များအတွက်မှာမူ မတ်ဆူမိုတိုမြို့ကို တိုက်ခိုက်ခြင်းသည် အမှတ်တစ်ခု ဖြစ်လေသည်။ နောက်ဆုံး မိနစ်အချိန်ပိုင်းမှာ လေကြောင်း ပြောင်းလဲသွားသဖြင့် တရားသူကြီးများအား တိုက်ရိုက်ထိခိုက်မှု မရှိချေ။ သူတို့အားလုံး အသက်ရှင် ကျန်ရစ်ခဲ့ကြ၏။ တရားသူကြီးတစ်ယောက်မှာ ဇနီးနှင့်အတူ ဆေးရုံတက်ရပြီး၊ ကျန်ပုဂ္ဂိုလ်များမှာ အနည်းငယ်သာ ထိခိုက်သော လက္ခဏာ တွေ့ရှိရသည်။ထို့အတွက်ကြောင့် တိုက်ခိုက်ရေးအဖွဲ့သည် တစ်ခုသော ရည်ရွယ်ချက်ကိုသာ ဆိုရောက်စေခဲ့၏။ တရားသူကြီးများသည် ရုံးတော်သို့ တက်ရောက်ရန် အလွန် မမာမကျန်း ဖြစ်ကြသောကြောင့် မြေယာအငြင်းပွားမှုကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြသည်။

ထို့ပြင် မမျှော်မှန်းသော အကျိုးတစ်ခု ရရှိခဲ့၏။ မတ်ဆူမိုတိုမြို့ ရဲတပ်ဖွဲ့သည် ထိုတိုက်ခိုက်မှုတွင် အယူသီးဂိုဏ်းအား သံသယ မရှိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးလျားလျား ဆန့်ကျင်ဘက်ဖြစ်၏။ နောက်နေ့များတွင် စုံစမ်းစစ်ဆေးသူများသည် ထိုနေ့ညက ပထမဦးဆုံး တယ်လီဖုန်းဆက်သူကို မေးမြန်းရန် ရောက်လာကြသည်။ ရဲတပ်ဖွဲ့ ဓာတုဗေဒကျွမ်းကျင်သူများက ထိုအဆိပ်သည် ဆာရင်ဖြစ်ကြောင်း စိစစ်တွေ့ရှိကြရ၏။ အာဏာပိုင်များက သူတို့သည် ဓာတုဗေဒအမျိုးအစား (၁၉)ခုကို သိမ်းဆည်းပြီးကြောင်းနှင့် သူ၏ ဥယျာဉ်အတွက် သစ်သီးသစ်ရွက်ပိုးမွှားများကို သတ်ရန် အဆိပ်စုရင်း ဆာရင်အဆိပ်ငွေ့ကို ထုတ်လုပ်မိကြောင်း ကြေညာချက်ထုတ်လိုက်သည်။

ရဲတပ်ဖွဲ့မှူး၏ သံသယသည် လူသတ်သမားမဟုတ်ပေ။ သူသည် ယိုရှုယုကိကိုနိုဟု အမည်ရသော စက်ပစ္စည်းရောင်းချသူဖြစ်နေ၏။ မယုံကြည်နိုင်လောက်အောင်ပင် မတ်ဆူမိုတိုရဲစခန်းမှ အောက်ခြေ ဝန်ထမ်းများသည် မဟုတ်သောလူကို မှားယွင်းစွာ လက်ညှိုးထိုးမိကြလေသည်။

ဟိဒီယိုမူရိုင်းသည် နောက်အချိန်တွင် သူ၏ မိုဘိုင်းဖုန်းပေါ်မှ လျှို့ဝှက်နံပါတ်များကို နှိပ်ပြီး သူတို့လုပ်ငန်း အောင်မြင်ပြီးဖြစ်ကြောင်း အဆာဟာရသို့ သတင်းပို့လိုက်၏။ ဂုရုကြီးက ကျေနပ်အားရသွားသည်။ အလွန် ကျေနပ်အားရသောကြောင့် အဖွဲ့ဝင်နှစ်ဦးကို ရာထူးတိုးပေးလေသည်။

"မင်းတို့ ဒုက္ခအတွက် ကျေးဇူးတင်မိပါတယ်၊ မင်းတို့အဖွဲ့ဟာ ကြီးမားတဲ့ လုပ်ငန်းကို လုပ်ခဲ့ပြီးပါပြီ" ဟု ရှိုကိုအဆာဟာရက သူတို့ကို ပြောလိုက်သည်။

နောက်သုံးလကြာသည့်အခါ ယိုရှိုယုကိကိုနိုသည် အဓိက သံသယဖြစ်ခံရသူ ဖြစ်နေဆဲဖြစ်၏။ သူသည် ဆေးရုံထဲမှာ အသေးစား ဦးနှောက်ပျက်စီးမှုကြောင့် ကိုယ်ပူနှုန်း မမှန်သည့် ဝေဒနာခံစားရပြီး၊ (၃၃) ရက်ကြာ နေခဲ့ရသည်။ နေ့စဉ် မပျက်မကွက် သူ့ဇနီးအိပ်ရာဘေးမှာ နေပေးလေ့ရှိ၏။ သူသည် စားပွဲတင်ကက်ဆက်ကလေးဖြင့် မင်ဒဲလ်ဆွန်၏ တေးသွားများကို ဖွင့်ပြပြီး နာမည်ကျော်ဂီတတေးသွားက သူမ၏ မေ့မြောရောဂါကို သက်သာပါစေဟု ဆုတောင်းပေးနေသည်။ တကွဲတပြားဖြစ်နေသော သူ့မိသားစုကို စုစည်းရန်လုပ်နေစဉ် ကိုနိုသည် ရဲတပ်ဖွဲ့၏ အမြင်အား ရင်ဆိုင်နေရ၏။ ဓာတုဗေဒပစ္စည်းများကို သူ့ဝါသနာအရ ဓာတ်ပုံဆေးကူးရန် ဝယ်ယူထားကြောင်း၊ သစ်ပင်ပိုးသတ်ဆေး မဟုတ်ကြောင်း သူက ရှင်းပြသည်။ နောင်တွင် ကျွမ်းကျင်သူတစ်ဦးက သစ်ပင်ပိုးသတ်ဆေး ဖျော်စပ်နေချိန်တွင် မရည်ရွယ်ဘဲ ဆာရင်အဆိပ်ဖြစ်သွားရန်လည်း မဖြစ်နိုင်ကြောင်း အခိုင်အမာ ပြောဆိုထား၏။ ပိုမို၍ မဖြစ်နိုင်သည်က ကိုနိုတွင် အာရုံကြော အဆိပ်ထုတ်လုပ်ရန် ဓာတုဗေဒ ပစ္စည်းအစုံမရှိသောကြောင့် ဖြစ်ပေသည်။

ရဲတပ်ဖွဲ့သည် ထိုကိစ္စကို ဝယ်ယူနေခြင်း မဟုတ်။ သူတို့ အလိုရှိသည်မှာ တရားခံဖြစ်ပြီး ကိုနိုသည် သူတို့လိုချင်သူ ဖြစ်နေ၏။ မေးခွန်းများ





ဖြေရမည့်အစား ရဲတပ်သားများက သူ့ကို စော်ကားသော စကားများဖြင့် အော်ဟစ်ပြီး အဓမ္မ ဖြောင့်ချက်ပေးခိုင်းခဲ့သည်ဟု ကိုနိုက ပြောသည်။

"မင်းတရားခံပဲ၊ ရိုးသားစမ်းပါ"ဟု သူတို့က ပြောကြသည်။ သူတို့သည် ကိုနို၏ (၁၆)နှစ်သားကလေးကို သူ့အဖေက ဝန်ခံပြီးကြောင်း လိမ်ညာပြောသဖြင့် မျက်ရည်ကျအောင်ငိုရှာသည်။ ထို့ပြင် သူ့အတွက် ဝန်ခံခြင်းသာ အကောင်းဆုံး ဖြစ်နေ၏။

ကိုနိုသည် သူ့မှာ အပြစ်မရှိကြောင်း တစ်နိုင်ငံလုံးသိအောင် ပြောနိုင်ကြိုးစားသေးသည်။ သို့သော် သတင်းဌာနများက ရဲတပ်ဖွဲ့ထံမှ ကြိုတင်သတင်းရထားပြီး ဖြစ်သောကြောင့် လိမ်ညာမှုနှင့် ဆဲဆိုခံရမှုကိုသာ ရတော့သည်။ တီဗွီသတင်းဌာနတစ်ခုက ကိုနို၏ ဥယျာဉ်အပေါ် ရဟတ်ယာဉ်ဖြင့် ဝဲပျံပြီး ကိုနိုက ကိုင်းပင်များ ဆွဲနုတ်ထားသည့်နေရာကို တီဗွီ ရိုက်ယူပြီး၊ ဓာတုဗေဒပစ္စည်းများ လောင်ကျွမ်းသည့်နေရာဟု သတင်းရေးသားခဲ့၏။ တခြားသတင်းဌာနများက ကိုနို ဖမ်းဆီးခံရသည်ကို ပုံကြီးချဲ့ရေးပြီး အဓိက ဖြစ်ရပ်များကို တူးဆွဖော်ထုတ်ကြသည်။ အဖြစ်အပျက်များကို ဖုံးကွယ်ထားသည်ဆိုပြီး၊ ကိုနိုအား တယ်လီဖုန်းဖြင့် အကြိမ်တစ်ရာခန့် ခြိမ်းခြောက်ပြောဆိုကြ၏။ နာမည် မထင်ရှားသော ဂရပ်ဖစ်ပန်းချီဆရာတစ်ဦးကမူ လမ်းဘေးအိမ်နီးချင်းများ၏ မြေပုံကို ပြုပြင်ရေးဆွဲလိုက်ရာ ထိုအခါ ကိုနို၏နေအိမ်ကို "ဒေါက်တာဓာတ်ငွေ့၏ အိမ်"ဟု အသိအမှတ် ပြုကြလေတော့သည်။

ကိုနိုနှင့် သူ့သမီးများကို ဆေးရုံတင်ထားရ၏။ သူ့ဇနီးက သက်သတ်လွတ်စားသူ ဖြစ်သည်။ အကယ်၍ သစ်ပင်ပိုးသတ်ဆေးကို သူကိုယ်တိုင် ဖော်စပ်ရန်သိပါက ကိုနို ကျူးလွန်မှုနှင့် ဂုဏ်သိက္ခာဖြင့် အငြင်းပွားနေရှိသည်မှာ သူ့မိသားစုကို သချိုင်းပို့ရန်အထိ စွန့်စားသည့် အလုပ်ကို လုပ်ပါမလား။

အနည်းဆုံး လူတစ်စုကတော့ သူ့ကို ယုံကြည်နေကြသည်၊ စက်တင်ဘာလထဲတွင် ကိုနိုထံသို့ ပါဆယ်တစ်ထုပ် ရောက်လာ၏။ ပါဆယ်ထုပ်ထဲတွင်ဆရာကြီး ရှိုကိုအဆာဟာရရေးသားသော စာအုပ်လေးအုပ်ပါရှိပြီး၊ သူ့ဇနီးအား ဆေးကုရန် ဥမ်ကဖွင့်လှစ်ထားသော ဆေးရုံသို့ ခေါ်ခဲ့ရန် ဖိတ်ကြားသည့် စာတစ်စောင်လည်း ပါရှိ၏။ အမေးအဖြေစာရွက်လည်း ပါလာသည်။ အကယ်၍ ထိုစာရွက်ကိုဖြည့်ပါက ဂုရု၏ "နက္ခတ်တာရာ ဂီတ"တိတ်ခွေကို အခမဲ့ရနိုင်ပြီး၊ သူ့ဇနီး ပြန်လည် သတိရနိုင်သည်ဟု ထိုစာထဲတွင် ကတိပြုထားသည်။

ဂျပန်ပြည်၏ အဓိက သတင်းဌာနများကလည်း ထိုလထဲတွင် အထုပ်တစ်ထုပ် ရရှိကြ၏။ ထိုအထုပ်ထဲတွင် လျှို့ဝှက်ဆန်းကြယ်သော စာမျက်နှာ (၁၁)မျက်နှာ ပါရှိသည့် "မတ်ဆူမိုတိုမြို့အား ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခံရမှုအပေါ် အတွေးများ"ဟု ခေါင်းစဉ်တပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com

စာစောင်ပါရှိသည်။ ပေးပို့သူအမည် မပါ။ စာရွက်ပေါ်တွင် “အိပ်(ချ်)မှ အိပ်(ချ်)နှင့် တီကောသို့”ဟု အတိုကောက် လက်မှတ်များသာပါ၏။

စာရေးသူ မည်သူပဲဖြစ်စေ မတ်ဆူမိုတိုမြို့ တိုက်ခိုက်မှုနှင့် ပတ်သက်၍ အသေးစိတ်သိသူ ဖြစ်လေသည်။ ထိုစာထဲတွင် “ကိုနို မိသားစု အိမ်မှ တွေ့ရှိရသော ဓာတုဗေဒပစ္စည်းများဖြင့် ဆာရင်အဆိပ် ထုတ်လုပ်ရန် မဖြစ်နိုင်ချေ။ ရဲတပ်ဖွဲ့၏ အယူအဆက ထိုနေရာမှာ ဆာရင်အဆိပ် ပြုလုပ်သည်ဟု ထင်မြင်နေသည်မှာ မှားယွင်းသည်။ ဆာရင်အဆိပ်ကို တခြားတစ်နေရာမှာသာ ထုတ်လုပ်သည်။ ဥမ်မြင့်မြတ်သော သစ္စာတရားအဖွဲ့သည် ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ရာတွင် အပြစ်ရှိသည်။ သူတို့မှာ လူအင်အား၊ ပစ္စည်းအင်အား ငွေကြေးနှင့် ဤရှုပ်ထွေးသော လက်နက်နှင့် ဆက်ဆံရန် စိတ်ဓာတ်ရှိသည်”ဟု ပါရှိလေသည်။ ထိုစာရေးသူသည် တကယ်တိုက်ခိုက်ရန် ပြင်ဆင်သည့်အဖွဲ့တွင် ပါဝင်သူဖြစ်ကြောင်း သံသယဖြစ်စရာ မရှိချေ။

စာရေးသူအစစ် ဘယ်သူနည်း။ (၁၉၉၄)ခုနှစ်၊ ဇွန်(၂၇)ရက်နေ့တွင် ထိုစာတန်းအား စစ်ဆေးကြည့်ကြရာ ဖြစ်မှုကျူးလွန်ရာတွင် အလွန် နီးကပ်စွာပါသူဟု ကောက်ချက်ချကြ၏။ ထိုစာရေးသူသည် ဘာသာအယူဝါဒ ပြောင်းလဲဖြစ်ပြီး အယူသီးဂိုဏ်း၏ စိတ်ဖောက်ပြန်မှုကို ကြောက်လန့်နေသူ ဖြစ်ဟန်ရှိသည်။ သို့မဟုတ် စုံစမ်းစစ်ဆေးမှု လမ်းကြောင်းပြောင်းရန် ကြိုးစားပမ်းစားသော ရဲအရာရှိတစ်ယောက်လည်း ဖြစ်နိုင်၏။

ထိုအချိန်တွင် မည်သည့်သတင်းဌာနကမျှ ထိုစာ၏အစိတ်အပိုင်းကို ဖော်ပြခြင်းမရှိခဲ့။ “အိပ်ချ်မှ အိပ်ချ်နှင့် တီကော”သို့ လိပ်စာဖြင့် နောက်ထပ်စာတစ်စောင် ရောက်လာသည့်အခါ ဂျပန် ဂျာနယ်လစ်များသည် စာ၏ မြစ်ဖျားခံရာကိုသာ သိချင်နေကြသည်။ ဤတစ်ခါ သတင်းကတိုသည်။

*“စာကြွင်း၊ မတ်ဆူမိုတိုမြို့သည် စမ်းသပ်ရန်နေရာဖြစ်သည်မှာ တိကျသည်။ လေယာဉ်တွင် ဤစမ်းသပ်ချက်အရ လူခုနစ်ဦးသေဆုံး၊ လူ(၂၀၀)ကျော် ဒဏ်ရာရခဲ့၏။ အကယ်၍ ဆာရင်ကို လေလုံခန်းထဲတွင် စမ်းသပ်ပါက ဥပမာ - လူစည်ကားသည့် မြေအောက်မီးရထားဘူတာ အစုအပြုံလိုက် ဖျက်စီးကြမည်ကို အလွယ်တကူ တွေးကြည့်နိုင်သည်”*

✣ ✣ ✣



## နိုင်းနမိုက်

မတ်ဆူမိုတိုမြို့အား တိုက်ခိုက်ပြီးနောက် ရက်သတ္တနှစ်ပတ်ကြာသောအခါ သာတီယံ(၇)တွင် ဘေးဒုက္ခကျရောက်လေတော့သည်။ ဆာရင်အဆိပ်များကို အပြည့်အဝထုတ်ရန် အတင်းပြုလုပ်နေချိန်မှာ ဥမ်သိပ္ပံပညာရှင်များသည် စက်ရုံလုံခြုံရေးကို ဂရုစိုက်ရန် ပေါ့လျော့နေမိကြ၏။ ယခု သူတို့ ထိုအတွက် ပေးဆပ်ရတော့မည်။

ညဉ့်လယ်ယံသန်းခေါင်လွန်လျှင် အချက်ပေးခေါင်းလောင်းသံများ ပေါ် ထွက်လာ၏။ စက်ရုံထဲတွင် လူသေစေနိုင်သော ဆိုးဝါးသည့် အနံ့ရှိသည့် ဓာတ်ငွေ့များသည် ဓာတ်ခွဲခန်းနှင့် လမ်းခုလတ်တွင် ထွက်ပေါ်လာနေသဖြင့် ဆူညံနေသည်။ ထိုဓာတ်ငွေ့သည် ကလိုရင်းဖြစ်ပြီး၊ လွန်ခဲ့သော နှစ်ပေါင်း(၈၀)ကျော်က ယခုခေတ် ဓာတုဗေဒစစ်ဆင်ရေး အရှေ့ဦးဆီမှာ လူမန် အသုံးပြုခဲ့၏။ ယခု ဥမ်က ဆာရင်အဆိပ်ထုတ်ရန် အသုံးပြုနေသည်။ ဓာတ်ငွေ့များသည် သံဂဟေဆော်ရာမှာ ချို့ယွင်းသောကြောင့် ယိုစိမ့်ထွက်နေခြင်း ဖြစ်၏။ ထို့နောက် လေထဲမှ ရေခိုးရေငွေ့များနှင့် တွေ့သောအခါ ဟိုက်ဒြိုကလိုရိုက်အက်စစ် ဖြစ်သွားသည်။

အလုပ်သမားများသည် ထွက်ပေါက်တံခါးများမှ တိုးဝှေ့ကာ ထွက်လာကြ၏။ သူတို့၏ မျက်စိများ ကျိန်းစပ်နေပြီး နှာခေါင်းများမှ ချွေးယိုနေသည်။ တချို့သည် အသက်ရှူမဝတော့ဘဲ မြေကြီးပေါ် လဲကျကြ၏။ နောက်လိုက်များသည် ဓာတ်ငွေ့ကာမျက်နှာဖုံးစွပ်များဖြင့် ပေါ်လာကြပြီး၊ လူနာများကို အယူသီးဂိုဏ်းဆေးရုံသို့ တင်ပို့ကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် အဆိပ်ငွေ့တိမ်များသည် ဥမ်၏ခြံဝင်းကို ဖြတ်လျက် ပတ်ဝန်းကျင် အိမ်မြေအဆောက်အအုံများဆီသို့ လွင့်မျောကာ ပုပ်သိုးပြီး ဖုံးလွှမ်းသည့်ရနံ့ရှိ၏။ ထို့နောက် ခေါင်းမူးဝေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ဖြစ်ရကြောင်း တိုင်တန်းကြ၏။

နောက်နေ့နံနက်တွင် မီးသတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ပြီး ဥမ်အဆောက်အအုံများ တစ်ဝိုက်စစ်ဆေးကြရာ “တော်ဖြူ



www.burmeseclassic.com

www.burmeseclassic.com

ရစ်အက်စစ်"ဟု တံဆိပ်ကပ်ထားသော ရေကန်များနှင့် ပြန့်ကြဲနေသော "ကော့စတစ်ဆော်ဒါ" တံဆိပ်ပါအဖုံးဖွင့် အိတ်များကို တွေ့ရှိကြရသည်။ သို့သော် သူတို့ သာတိယံ(၇) အနီးသွားသောအခါ ဥမ်လုံခြုံရေးအစောင့် ငါးယောက်၊ ခြောက်ယောက်တို့က သူတို့ရှေ့မှ လမ်းပိတ်ထားကြ၏။ တစ်ယောက်က မေးသည်။

"ခင်ဗျားတို့ ဘာကြောင့် ကျုပ်တို့ပစ္စည်းတွေအပေါ် ကျူးကျော်ကြရတာလဲ၊ ကျုပ်တို့လုပ်စရာ ဘာမှမရှိဘူး။ ကျုပ်တို့က ခံရတဲ့လူတွေပဲ"

အယူသီးဂိုဏ်းနှင့် ထိပ်တိုက်မတွေ့လိုသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက တခြားနေရာများကိုသာ ရှာဖွေကြလေသည်။

အယူသီးဂိုဏ်းနှင့် ဒေသခံလူများ၏ ဆက်ဆံရေးသည် မည်သည့်အခါမျှ မကောင်းခဲ့ချေ။ ယခု သူတို့သည် အချိန်တိုင်းမှာ ဇောက်ထိုးကျဆင်းနေ၏။ ဥမ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိပ်ဓာတ်ငွေ့အန္တရာယ်သည် အယူသီးဂိုဏ်းအား တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အပြစ်တင်ပြောဆိုသည်။ အိမ်နီးချင်းများကတော့ တစ်မျိုးတွေးသည်။ အထူးသဖြင့် နောက်တစ်နေ့တွင် ဥမ်နောက်လိုက်များအား လိုက်လံကြည့်ရှုရာ အများသုံးအိမ်သာထဲတွင် ပလတ်စတစ်စည်များကို ရေဖြည့်နေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။ ညစ်ညမ်းမှုသည် အယူသီးဂိုဏ်း၏ ရေပေးဝေရေးအထိ ပျံ့နှံ့သွားသည်မှာ ထင်ရှားလေသည်။

နှစ်ပေါင်းများစွာကပင် ဥမ် မြင့်မြတ်သောသစ္စာအဖွဲ့သည် အယူသီးဂိုဏ်း၏ အကြီးဆုံးမြေကွက်တည်ရှိရာ ကာမီကူအိရှိကီ ကျေးရွာတွင် အပျက်စီးများစွာ ဖြစ်ပေါ်ခဲ့၏။ ထိုကျေးရွာတွင် ဧက(၁၇၀၀)ရှိသော စိုက်ပျိုးမြေ ဖြစ်သည်။ အယူသီးဂိုဏ်းဝင်များသည် ရွာသားများစိုက်ပျိုးထားသော သီးနှံမြေများပေါ် ကားဖြတ်မောင်းခြင်း၊ လယ်ကွက်ထဲသို့ ဓာတုဗေဒပစ္စည်းများထည့်သည့် စည်လွတ်များစွန့်ပစ်ခြင်း၊ ညတွင် အသံချဲ့စက်မှ မန္တန်တိုပ်ခွေများ ကျယ်လောင်စွာဖွင့်ခြင်းနှင့် (၂၄)နာရီအဆောက်အအုံဆောက်လုပ်သံများ ဖြစ်ပေါ်စေခြင်းတို့ကြောင့် ရွာသားများ အနှောင့်အယှက် ဖြစ်ကြရသည်။

ဥမ်ပစ္စည်းပစ္စယများထားသည့် နေရာမှ ဆယ်ကိုက်လောက်သာ ဝေးကွာသည့်နေရာမှာ နေထိုင်သော အသက်(၆၅)နှစ် ရှိအိုကာမိုတိုက ဤသို့ ပြောသည်။

"သူတို့ကြည့်ရတာ ကေသုံးလုံးဂိုဏ်းနဲ့တူတယ်၊ သူတို့ဟာ ကလေးတွေကို ခြောက်လှန့်နေကြတာပဲ"

ထိုရွာတွင် နှစ်ပေါင်းကြာရှည်စွာ နေထိုင်လာခဲ့သည့် အိုကာမိုတိုသည် ထိုကျေးရွာ၏ ဥမ်အဖွဲ့အား တန်ပြန်အရေးယူရေးကော်မတီအဖွဲ့ဝင်ဖြစ်သည်။ ထိုအဖွဲ့က လမ်းဘေးတွင် ဆိုင်းဘုတ်ကြီးတစ်ခု စိုက်ထူပြီး စာရေးထား၏။





"ဝန်ခံလိုက်ပါ။ ဥမ်. . . မင်းတို့ကို ဒီရွာမှာ လက်မခံဘူး။ ငါတို့ပစ္စည်းတွေကို ဖျက်ဆီးတာရပ်လိုက်ပါ"

အခြားစာတန်းများတွင် အယူသီးဂိုဏ်းအား စူပါမားကက်နှင့် အများသုံးအိမ်သာများ သုံးခွင့်မပြုကြောင်း ရေးထား၏။ ထို့ပြင် ရှေ့နေများအသင်းက လက်မှတ်ရေးထိုးထားသော ပျောက်ဆုံးနေသည့် ဆာကာမိုတိုမိသားစုသတင်း အကြောင်းကြားနိုင်သူအား ဆုငွေ ဒေါ်လာ (၂၀,၀၀၀) ပေးမည့် ကြော်ငြာဆိုင်းဘုတ်ကိုလည်း စိုက်ထူထားသည်။ မိဘများစွာသည် အိုကာမိုတိုသို့ မကြာခဏ ရောက်လာကြပြီး သူတို့၏ ပျောက်ဆုံးနေသော သားသမီးများသတင်းကို မေးကြ၏။ သူတို့၏ ဓာတ်ပုံများကို အယ်လ်ဘမ်တွင်ထည့်ထားပြီး သိမ်းဆည်းထားသည်။

ဥမ်မြေဝိုင်းထဲမှ ထွက်လာသော အနံ့ဆိုးများသည် ရွာသားများအဖို့ ကြာရှည်စွာခံစားရသော ဒေးဒုက္ခစာရင်း၏ နောက်ဆုံးဒုက္ခ ဖြစ်၏။ ထိုဒုက္ခသည် ပိုမို တာရှည်ချင်တာရှည်လိမ့်မည်။ သာတိယံ(၇)တွင် ဓာတ်ငွေ့ယိုစိမ့်ပြီး ရက်သတ္တပတ် ကြာပြီးသောအခါ စက်ရုံထဲတွင် နောက်ထပ်တစ်ခု ဖြစ်ပြန်၏။ ဥမ်ပစ္စည်းပစ္စယများ ထားရာနေရာတွင် အဆိပ်ရောဂါအဆိပ်ငွေ့ပါသည့် တိမ်ခိုးများနှင့် အဆိပ်ငွေ့ကာ မျက်နှာဖုံးများနှင့် လူများတွေ့ရကြောင်း သတင်းပို့ကြသည်။ ယခုအခါ သာတိယံ(၇)နှင့် ဓာတ်ဝန်းကျင်တွင် သစ်ပင်များပေါ်မှ သစ်ရွက်များ အရောင်မရှိဘဲ သစ်ပင်များသည်လည်း ခြောက်သွေ့ပြီး၊ အညိုရောင်သို့ ပြောင်းလဲသွားသည်။ အသယ်သမားကြီး အိုကာမိုတို၏ ဥယျာဉ်သည် သစ်ပင်များတွန့်လိမ်ပြီး သေကုန်ကြ၏။ ယခုအထိ သက်ဆိုင်ရာများက အရေးယူခြင်း မပြုသေးပေ။ အဆိပ်ငွေ့များ ဥမ်ဆီမှ တိုက်ရိုက်လာသည်ဟု သက်သေမရှိ၊ ထို့ပြင် အယူသီးဂိုဏ်းနှင့် ဆက်ဆံရသည်မှာ ရဲတပ်ဖွဲ့အပါအဝင် လူတိုင်းအတွက် ဒေးဒုက္ခဖြစ်ကြောင်း အများက သိထားကြ၏။ ဥမ်သည် ရန်လိုသည်၊ ထိပ်တိုက်ရင် ဆိုင်တတ်သည်။ ထို့ပြင် ဘာသာရေးယုံကြည်မှုကို နှောင့်ယှက်သည်ဟု စွပ်စွဲချက်ဖြင့် တရားရုံးတွင် အမှုဖွင့်၍ မြန်ဆန်စွာ ပြန်လည် တိုက်ခိုက်တတ်သည်။ အားလုံးထဲမှ အားလုံး ဂျပန်အမျိုးသားအများစုထဲမှ မည်သည့်အဖွဲ့ကမျှ ထိပ်တိုက်ရင်ဆိုင်ခြင်း အနည်းငယ်ဖြင့် ရေရှည် ကိုင်တွယ်နေကြ၏။ သူတို့သည် သွယ်ဝိုက်သောနည်းကို နှစ်သက်ကြသည်။

ဒါတောင်မှ အတိတ်က အဖြစ်အပျက်များကို ပြန်ကြည့်လျှင် အာဏာပိုင်များသည် အယူသီးဂိုဏ်းအား ဆန့်ကျင်လှုပ်ရှားရန် ပျက်ကွက်ခဲ့သည်ကို မယုံကြည်နိုင်စရာ ဖြစ်နေ၏။ ယခုအချိန်တွင် ဥမ်သည် လစဉ်သတိုင်း ကျူးလွန်သောရာဇဝတ်မှုခင်းများ ပိုမို များပြားလာပြီး၊ ပိုမိုကြောက်လန့်စရာကောင်းနေသည်။ သူတို့ ကျူးလွန်သည့် အမှုများမှာ ခိုးမှုရေး ကလိမ်ကျခြင်း၊ မြေယာများလိမ်လည်ခြင်း၊ ဆေးဝါးအလွဲသုံးစား


www.burmeseclassic.com

www.burmeseclassic.com

ပြုခြင်း၊ အမွေခြိမ်းခြောက်ခြင်း၊ မူးယစ်ဆေးဝါး အလွဲသုံးစားပြုခြင်း သေနတ်နှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများဖြင့် အကြမ်းဖက်ခြင်း ဇီဝဓာတုလက်နက်များ အများပြားထုတ်လုပ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အစ လိုက်အပြုံလိုက် လူသတ်ခြင်းတို့ ဖြစ်သည်။ မတ်ဆူမိုတိုမြို့တွင် လူခုနစ် ယောက်သေဆုံးပြီး ဥမင်မြေပေါ်တွင် အနည်းဆုံး(၁၂)ယောက် သေဆုံးပြီး ရာပေါင်းများစွာ ကြောက်မက်ဖွယ်ရာ ဝေဒနာခံစားကြရ၏။

အာဏာပိုင်များသည် ဤရာဇဝတ်မှုများ ကျူးလွန်သော အယူသီး ဂိုဏ်းအား သံသယဖြစ်စရာအကြောင်း တွေ့ရှိသည်။ ဆာရင်ဟု ခေါ် သည့် ထူးဆန်းသော အာရုံကြောအဆိပ်ငွေ့အကြောင်းကို အဆာဟာရ တရားဟောပြောရာတွင် လူသိရှင်ကြား ထည့်သွင်းပြောကြားခဲ့ပြီး၊ အယူ သီးဂိုဏ်းထုတ် စာစောင်များတွင်လည်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်၏။ ထို့ပြင် ဒေသခံများဟာ အယူသီးဂိုဏ်းစက်ရုံများမှ ဓာတုဗေဒပစ္စည်းများ ယိုစိမ့်ကြောင်း တိုင်ကြားကြသည်။ သို့နှင့်တောင် နောက်ဆုံးတွင် ရဲတပ်ဖွဲ့ က မတ်ဆူမိုတိုမြို့ တိုက်ခိုက်ခံရခြင်းကိစ္စနှင့် ပတ်သက်၍ လူများပြီး အရေးယူခဲ့လေသည်။ ထိုအချိန်တွင် ယိုကိုဟားမားမြို့တွင် ဆာကာမိုတို မိသားစုပျောက်ဆုံးသွားသည်မှာ ငါးနှစ်ခန့်ကြာသွားပြီဖြစ်ရာ ထိုမြို့မှ ရဲတပ်ဖွဲ့သည် သူတို့ခေါင်းကို ကုတ်နေကြဆဲ ဖြစ်၏။ (၁၉၉၄)ခုနှစ်တွင် ရဲအရာရှိတစ်ဦးက ပြောသည်။

"အဲဒါ ရာဇဝတ်မှုဖြစ်တယ်ဆိုတာ အခုထိ ကျွန်တော်တို့ မသေ ချာသေးပါဘူး"

ထိုအချိန်က တရားဥပဒေစိုးမိုးရေးအတွက် ဝမ်းနည်းစရာကောင်း သောအချိန် ဖြစ်ပေသည်။

ဖူဂျီတောင်၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဂျပန်အာဏာပိုင်များအား ဥမင်ကို စစ်ဆေးရန် နောက်ထပ် အခွင့်အရေးပေးရသည် သို့သော် နောက် တစ်ကြိမ်တွင်လည်း ဆက်လက်အရေးယူခြင်း မရှိ။ ရက်သတ္တပတ်များ အတွင်း သာတိယံ(၇) အင်ဂျင်နီယာများသည် ထုတ်လုပ်မှုစက်များတွင် သံချောင်းများကို ကွေးကြသည်။ သာတိယံ(၇) စက်ပစ္စည်းလိုင်းများတွင် မှုရှိုင်းက ရက်ပေါင်း(၄၀)အတွင်း ခုနစ်တန် ထုတ်နိုင်မည်ဟု ယုံကြည် စိတ်ချထားသော ဆာရင်များကို ထုတ်လုပ်လျက်ရှိ၏။ ရဲတပ်ဖွဲ့က စုံစမ်း ရန် ပျက်ကွက်ခဲ့သောကြောင့် ဥမင်ဂိုဏ်းအတွက် ဗျာဒိတ်တော်နေ့ ပြင်ဆင် လမ်းကြောင်း ပွင့်သွားလေတော့သည်။

ဥမင် သိပ္ပံပညာရှင်များသည် သုတေသနလုပ်ငန်း၌ ယာဉ်များရရှိ ရန် သူတို့၏ ပင်ကိုအစွမ်းကို ပြသကြ၏။ အယူသီးဂိုဏ်း အလိုအပ်ဆုံး အရာမှာ ဆာရင်နှင့် ကျန် အခြားဇီဝဓာတုပစ္စည်း သိုလှောင်ရုံများကို ဖြန့်ဖြူးရန် အဆင့်မြင့်မား၍ အရည်အချင်းရှိသော နည်းလမ်းဖြစ်သည်။ ထို့အတွက် သူတို့ လေတပ်လိုအပ်သည်ဟု အဆာဟာရက ဆုံးဖြတ်လိုက် ၏။





ပထမတွင် ဂုရုသည် ဖလော်ရီဒါပြည်နယ် အိုပါလော့ကာရှိ ပုဂ္ဂလိက လေယာဉ်မောင်းအတတ်သင်ကျောင်းသို့ တပည့်နှစ်ဦးကို စေလွှတ် လိုက်သည်။ (၁၉၉၃)ခုနှစ် အောက်တိုဘာ (၃၁)ရက်နေ့၌ သင်တန်းသား နှစ်ဦးသည် ရဟတ်ယာဉ်မောင်းလက်မှတ် ရရှိခဲ့ပြီး၊ ဂျပန်နိုင်ငံရှိ ရဟတ် ယာဉ် ပြုလုပ်သူများနှင့် ပြည်ပမှတင်သွင်းသူများနှင့် ဆက်သွယ်ပြီး၊ ခန့်ကန့်စွာ ဆက်သွယ်ဝယ်ယူရန် ရှာဖွေကြသည်။ ပြင်သစ်နိုင်ငံလုပ် ချော့ပါ ရဟတ်ယာဉ်တစ်စီးအား တန်ဖိုးဒေါ်လာ (၁၀၀၀၀၀)နီးပါးဖြင့် ဝယ်ယူရန် ကတိပြုထား၏။ ဥမင်က ငွေပေးချေသည်။ သို့သော် ကုမ္ပဏီက အာသာရေးအဖွဲ့နှင့် ဘာမှ လုပ်ချင်ပုံမရပေ။

တစ်ချိန်တည်းမှာပင် အယူသီးဂိုဏ်း အဝယ်တော်များသည် အဝေးထိန်းစနစ်ဖြင့် ချော့ပါရဟတ်ယာဉ်အသေးစားနှစ်စီးကို ဥမင်လေတပ် အတွက် ဝယ်ယူလိုက်၏။ ပေါက်ကွဲနေသော မီးတောင်ကို ဓာတ်ပုံရိုက် သကဲ့သို့ ဓာတ်ပုံရိုက်ရာတွင် အသုံးပြုသော ပျားထီးရဟတ်ယာဉ်မျိုးသည် တစ်နာရီ (၈၅)မိုင်နှုန်းဖြင့် မိနစ်ကိုးဆယ်ကြာအောင် လေထဲတွင် ရပ်နေ နိုင်သည်။ ထိုထက် ပိုကောင်းသည်က ထိုရဟတ်ယာဉ်များသည် ဆာရင် အဆိပ်(၁၈)ပေါင်ကို သယ်ယူပြီး မြို့ငယ်တစ်မြို့ကို သတ်ဖြတ်နိုင်အောင် လုံလောက်နေသည်။ အယူသီးဂိုဏ်းက ရဟတ်ယာဉ်နှစ်စီးအတွက် ဒေါ် လာ (၃၆၀၀၀)ပေးပြီး ဝယ်ယူခဲ့ခြင်း ဖြစ်၏။

ဂုရု၏ ခြေလျင်စစ်တပ်အတွက် စစ်ရေးကို ထောက်ပံ့ရေးနှင့် အပြည့်လိုက်သည်။ ဥမင်၏ခရီးတွင် အတွေ့အကြုံမရှိခြင်းက ပြဿနာ ဖြစ်နေ၏။ အယူသီးဂိုဏ်း လက်နက်ကျွမ်းကျင်သူများသည် အဝေးထိန်း ရဟတ်ယာဉ်ကို စမ်းသပ်မောင်းနှင်ရန် ယူသွားကြသည်။ သူတို့သည် ချက် ချင်းပင် ပထမတစ်စီးကို သစ်ပင်နှင့် ဝင်တိုက်ပစ်လိုက်၏။ တခြား တစ်စီး မှာ ထိန်းမနိုင်တော့ဘဲ အောက်သို့ ထိုးကျကာ အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားလေသည်။

သို့သော် ထိုဆုတ်ယုတ်မှုသည် အယူသီးဂိုဏ်းအား သိပ္ပံနည်းဖြင့် သုတေသစေရန် ကြံ့စည်ခြင်းကို ကိုင်လှုပ်ခြင်း မပြုနိုင်ပေ။ မှုရှိုင်း၏ အသေ အချာ ညွှန်ကြားချက်အရ လက်နက်များ ဖွံ့ဖြိုးတိုးတက်ရန် သုတေသန လုပ်ငန်းများကို စေလွှတ်လုပ်ကိုင်လျက်ရှိ၏။

ဓာတုဗေဒပစ္စည်းများ အစဉ်တိုးပွားလျက်ရှိသောကြောင့် စိတ် အားတက်နေကြသောကြောင့် အယူသီးဂိုဏ်းခေါင်းဆောင်များက သူတို့ သည် အမှန်တကယ် စစ်တိုက်ပြီး အောင်နိုင်မည်ဟု ပိုမို ယုံကြည်နေကြ လေသည်။ (၁၉၉၄)ခုနှစ်၊ နွေရာသီ ကျရောက်ချိန်နီးသောအခါ အဆာ ဟာရသည် နောက်ထပ် မစောင့်နိုင်တော့ပေ။ (၁၉၉၆)ခုနှစ် ကုန်ခါနီးတွင် ဗျာဒိတ်တော်နေ့ ဖြစ်လိမ့်မည်ဟု သူ ကြေညာထားခဲ့သည်ကို နောက်ထပ် နှစ်ကြာရှည်စွာ စီစဉ်ခြင်း မပြုလိုတော့ပေ။နောက်ဆုံး စစ်ပွဲသည် သူတို့ အရက် လက်တွင်းသို့ ရောက်လာပေပြီ။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## မြင့်မြတ်သောဘုန်းကြီးကျောင်း

ဟာယာကဝက သူ၏ မှတ်စုစာအုပ်ထဲတွင် ဤသို့ ရေးထားသည်။

"အချိန်ရောက်လာပြီ။ ငါတို့ တိုက်ရတော့မယ် ရှုံးခြင်းဆိုတာ သေခြင်းလို့ ဂုရုအတွက် အဓိပ္ပာယ်ရတယ်"

နောက်ဆုံးစစ်ပွဲကို စတင်မီးမွှေးရန် လွန်ခဲ့သည့် တစ်နှစ်လောက်ကပင် ဉုမ် ခေါင်းဆောင်များသည် အာဏာသိမ်းရေး အစီအစဉ်များ ရေးဆွဲကာ အိပ်မက် မက်ခဲ့ကြလေသည်။ သူတို့၏ ပထမတိုက်ပွဲသည် တိုကျိုမြို့ကို သိမ်းပိုက်ထိန်းချုပ်ရန်ဖြစ်ပြီး၊ နောက်မှ ဂျပန် တစ်နိုင်ငံလုံး ဖြစ်သည်။ စစ်ဆင်ရေးကို အိပ်စ်ဒေး (X-Day) ဟု နာမည်ပေးထား၏။ လျှပ်တစ်ပြက်တိုက်ပွဲများ ဆင်ခြင်းဖြင့် ဉုမ်သည် တောက်ပြောင်သော အာဏာသိမ်းခြင်းကို လုပ်ဆောင်ပြီး ဂျပန်နိုင်ငံမြို့တော်ကို သိမ်းပိုက်ရန် ဖြစ်၏။

အိပ်(စ်)ဒေးကို ပါလီမန် ပထမအစည်းအဝေးနေ့တွင် ရည်မှန်း စီစဉ်ထားသည်။ ဘုရင်ကြီး အာကီဟီတိုကိုယ်တိုင် အစည်းအဝေးတက် ရောက်လိမ့်မည် ဖြစ်သောကြောင့် ဘုရင်အသစ်ရှိနေကြောင်း မြို့ကို ပြသရန် ကောင်းသောနေ့ ဖြစ်နေ၏။

မြို့တော်တစ်ဝိုက်မှာ ဉုမ်စစ်တပ်များက ကြောက်လန့်စေရန် တိုက်ခိုက်သောအခါ အစိုးရအဖွဲ့ပျက်စီးစေရန် လေတပ်ကို အသုံးပြုလေသည်။ အယူသီးဂိုဏ်း ရဟတ်ယာဉ်များသည် ဆာရင်အဆိပ်များကို ဖျန်းပက်၍ လူထောင်ပေါင်းများစွာကို သေကြေပျက်စီးအောင် လုပ်ကြမည်။ ထို့ပြင် နိုင်ငံတော်အစိုးရကို အလုပ်များ ရပ်တန့်သွားစေမည်ဟု ကြံရွယ်ကြသည်။

ထို့နောက် ဉုမ်သည် ၎င်းတို့ အာဏာရရှိပြီးဖြစ်ကြောင်းနှင့် ဘာသာရေးနိုင်ငံတော် ထူထောင်ကြောင်းနှင့် အဆာဟာရသည် နိုင်ငံတော်သစ်၏ ခေါင်းဆောင်ဖြစ်ကြောင်း ကြေညာရန် ရှိလေသည်။





"ဆာရင်အဆိပ်များကို အဓိကမြို့မှာ ပက်ဖျန်းရန် ဂုရုတိုက်ခိုက်ရေးတပ်ဖွဲ့က ဂျပန်ပြည်မြေပေါ် တက်လာပြီး၊ ဉုမ်က အာဏာသိမ်းရန်" ဟု အယူသီးခေါင်းဆောင် ယိုရှိမိရိုက သူ့မှတ်စုတွင် ရေးခဲ့သည်။ သို့သော် အယူသီးဂိုဏ်း အဖွဲ့ဝင်များသည် တိုက်ပွဲအကြောင်း ဗဟုသုတ အနည်းငယ်သာ ရှိကြ၏။ ဤချို့ယွင်းချက်ကို ပြုပြင်ရန် ဉုမ်နည်းဗျူဟာ နှစ်ရပ်ကို ချမှတ် ကျင့်သုံးကြသည်။

ပထမပိုင်းအနေဖြင့် အယူသီးဂိုဏ်း တပ်ဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ၏ မိမိကိုယ်တိုင် ကာကွယ်ရေးတပ်သား (၂၃၀၀၀၀)အား အတိတ်နှင့် ပစ္စုပ္ပန်ပါ ဆုပ်ကိုင်ရန် ကြိုးစားသည်။ ထိုတပ်ဖွဲ့၏ ၁၀%သည် အယူသီးဂိုဏ်း ခြံဝင်းထဲမှာ နေထိုင်လျက်ရှိကြ၏။ စစ်ပြီး ဂျပန်နိုင်ငံတွင် ထိုအက်စ်ဒီအက်စ်တပ်သည် လူကြိုက်နည်းသောတပ် ဖြစ်သည်။ သို့သော် အဆာဟာရ၏ စစ်တပ်သည် သူတို့ကို ပစ်မှတ်ထားနေ၏။

အဆာဟာရက စစ်ရေးအင်အားကြီးမှုကို စတင်ပြုလုပ်သည်မှာ ထူးနေသည်။ (၁၉၉၄)ခု၊ မေလနှင့် ဇူလိုင်လတွင် လူနေထိုင်မှု မရှိသော ဂျပန်နိုင်ငံ ဒေသတစ်ခုတွင် စခန်းနှစ်ခုဖွင့်ပြီး စစ်ရေးလေ့ကျင့်ခဲ့၏။

ဉုမ်ဌာနချုပ်တွင်မူ အယူသီးဂိုဏ်းသည် လူ(၁၅)ယောက်ပါသော အမာခံတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး၊ တောင်ခြေတွင် တဲများထိုး၍ စခန်းသွင်းခဲ့သည်။ ထိုအဖွဲ့သည် နံနက်(၈)နာရီမှ ညဉ့်လယ်အထိ လေ့ကျင့်ကြရသည်။

"သူတို့ စိတ်ဓာတ်တွေဟာ တစ်သမတ်တည်း ဖြစ်နေကြတာမို့ အယူသီးဂိုဏ်းဟာ စစ်ပြင်နေတာထင်ရှားတယ်"ဟု ဝေဖန်သူတစ်ယောက်က ပြောခဲ့၏။ ထိုအချိန်တွင် ဟာယာကဝသည် သူ၏ မှတ်စုစာအုပ်ထဲတွင် "မြို့လယ်များတွင်နေပြောက်ကျားစစ်ဆင်ရေးသင်တန်း" စီမံချက်ကို ရေးမှတ်ထားလေသည်။ ထို့ပြင် အကြီးအကျယ် ကြောက်လန့်စရာရက်နေ့ကို သတ်မှတ်ရေးသားထား၏။

"၁၉၉၅ ခုနှစ်၊ နိုဝင်ဘာ၊ စစ်ပွဲ"ဟူ၏။

ဘာသာရေးဂိုဏ်းအဖွဲ့တစ်ခုက ကမ္ဘာ့စီးပွားရေးအင်အားကြီး ဖြစ်ရန် ချုပ်ကိုင်ခြင်းသည် စိတ်ကူးယဉ်မှုသာ ဖြစ်လေသည်။ သို့သော် ဉုမ်၏ကမ္ဘာပျက်နေ့ ယုံကြည်သူများသည် အာဏာသိမ်းရန် စီမံချက်မှာ တကယ်စင်စစ် ဖြစ်၏။ သူတို့၏ ကာတွန်းလောကကဲ့သို့ပင် တကယ်စင်စစ် ဖြစ်လေသည်။

ဤစစ်ပွဲတွင် ဉုမ်၏ထူးချွန်သော သူရဲကောင်းများ အသက်ရှင်ကျန်ရစ်မည်ဟု မူရိုင်းက ကြေညာခဲ့၏။

အလားတူပင် ဉုမ်နောက်လိုက်များသည် အရည်ငွေ့ထွက်သည့် ဓာတ်ငွေ့များဖြင့် တိုက်ခိုက်ခံရလျှင်လည်း အသက်မသေဘဲ ရှင်ကျန်ခဲ့မည်ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညဏ်အလင်းရောင်ရတဲ့ ယုံကြည်သူတွေ တရားထိုင်တဲ့အခါ သူတို့ရဲ့ အသက်ရှူနှုန်းဟာ ပါးပါးလေး ဒါမှမဟုတ် ရပ်ဆိုင်းနေတယ်။ အဆိပ်ငွေ့ရည်နဲ့ပုံးဟာ အောက်ဆီဂျင်ဓာတ်နည်းအောင် လုပ်လိုက်တာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခဏလေးပါပဲ"ဟု အယူသီးဂိုဏ်းက ပြောသည်။

"ငတ်မွတ်ခေါင်းပါးမယ်ဆိုရင်လည်း ဉမ်သင်တန်းတွေရဲ့ ခြိုးခြံကျင့်သုံးမှုကြောင့် အစာ မလိုအပ်ဘူး၊ ဒါကြောင့် အသက်မသေဘဲ တင်ကျန်ရစ်ကြမှာ သေချာတယ်"

ရုပ်ပြောင်စာအုပ်ထဲမှ ဇာတ်လိုက်ကဲ့သို့ ဉမ်အဖွဲ့ဝင်များသည် အမင်္ဂေဒုန်ကာလပြီးရင် ပြာပုံထဲမှ ပြန်လည်ထမြောက်ကြလိမ့်မည်ဟု ယုံကြည်နေကြ၏။ ထို့နောက် ထောင်စုနှစ်ချီ၍ သက်တမ်းရှိသော ဉမ်ဘုရင့်နိုင်ငံတော်ကြီး တည်ဆောက်မည်ဟု အဆာဟာရက ကြိုတင်ဟောကိန်း ထုတ်ထားသည်။ သို့သော် ဘယ်လို ဘုရင့်နိုင်ငံတော်မျိုးလဲ၊ ဘယ်လို အုပ်ချုပ်ကြမှာလဲ။

ထက်မြက်ကာ အာဏာရှိပြီး၊ လူအမြောက်အမြား သေကြေပျက်စီးနိုင်သည့် လက်နက်များ တပ်ဆင်ထားသည့် ဉမ်မှာ လိုအပ်ချက်တစ်ခုသာ ရှိတော့သည်။ ထိုလိုအပ်ချက်မှာ အစိုးရဖြစ်လေသည်။ ထိုနွေရာသီတွင် အဆာဟာရသည် အယူသီးဂိုဏ်းအား ရှဲဒိုးအစိုးရ ဖွဲ့စည်းလိုက်၏။ အနည်းဆုံး စာရွက်ပေါ်တွင် ဉမ်သည် အလယ်ခေတ် ထာဝရဘုရားသခင် အုပ်ချုပ်ရေးစနစ်နှင့် စစ်ပြီးခေတ် ဂျပန်နိုင်ငံအုပ်ချုပ်ရေးတို့နှင့် ဆင်တူနေသည်။ အခြေခံဥပဒေမူကြမ်း ရေးဆွဲထားပြီး နိုင်ငံတော်အသစ်တည်ဆောက်ရေးနှင့် ပြည်သူများ၏တာဝန်ကို ဖော်ပြထား၏။ ဥပမာ "မြင့်မြတ်သော ဥပဒေကို ကာကွယ်ရန် စစ်မှုထမ်းရမည်"ဟု ပါရှိသည်။

သမ္မတနိုင်ငံတော်ကို အုပ်စိုးရန် အဖျက်လုပ်ငန်းကိုလုပ်ရန် စိတ်ထက်သန်သည့် အဖွဲ့ဝင်များပါသည့် ဝန်ကြီးအဖွဲ့(၂၄)ဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်၏။ မူရိုင်းကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီး၊ အင်ဂျင်နီယာဟာယာကဝကမူ ဆောက်လုပ်ရေးဝန်ကြီးဖြစ်ကြသည်။ ဘက်တီးရီးယားပိုးများ မွေးမြူ၍ လက်နက်ထုတ်လုပ်ရန် ကြိုးစားသူ ဆီအိချိအင်ဒိုက ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီး ဖြစ်လာ၏။ ထို့ပြင် အယူသီးဂိုဏ်းအတွက် ပျော်ရွှင်စွာ တရားစွဲပေးသော ရှေ့နေ ယိုရှိနိုဘုံ အအိုယာမက တရားရေးဝန်ကြီး ဖြစ်၏။

ဉမ်သမုတိသစ္စာဂိုဏ်းသည် တကယ်တော့ ဒီမိုကရေစီ မဟုတ်၊ သူတို့ ဖန်တီးချင်သော အစိုးရမျိုးလည်း မဟုတ်ချေ။ ထောင်စုနှစ်ဘုရင့်နိုင်ငံတော်သည် ကမ္ဘာကြီးကို အမွေဆက်ခံမည်လို့ သံသယဖြစ်ဖွယ်ရာမလိုချေ။ ထိုကြီးမားသော အင်ပါယာထိပ်တွင် ကောစ်မော့ရောင်ခြည်အားလွှမ်းမိုးအုပ်ချုပ်နေသူ အဆာဟာရ ထိုင်လျက်ရှိပြီး၊ ယခု "မြင့်မြတ်





သော ဘုန်းကြီးဘုရင်"အဖြစ် တာဝန်ယူထားလေသည်။

အဆာဟာရသည် ဟစ်တလာကို အလွန်ချီးကျူးသူဖြစ်ပြီး နှစ်ပေါင်းတစ်ထောင် အုပ်ချုပ်မည့် အိပ်မက်ကို အားကျနေ၏။ သို့သော် သူတန်ခိုး အရှိန်အဝါ ကြီးထွားလာသည့်အခါ ဂုရုကြီးသည် ဟစ်တလာနှင့် မတူတော့ဘဲ ပထမရာစုနှစ်က ရောမဘုရင် ကယ်လီဂူလာနှင့် တူနေ၏။ ထိုဘုရင်သည် သစ္စာဖောက်မှုနှင့် ကြမ်းတမ်းရက်စက်စွာ အုပ်စိုးသူအဖြစ် လူများက သတိရနေကြသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## ရာကူဇာသို့ဝင်ရောက်ခြင်း

ကီယိုဟိုက်နာကောဒါ၏ လည်ပင်းမှ ခြေသလုံးအထိ ဆေးမင်ကြောင်များ ထွက်ပေါ်လာ၏။ ထိုဆေးမင်ကြောင်များသည် ဂျပန်လူမျိုး ရာကူဇာအဖွဲ့၏ ဂန္ထဝင် အမှတ်အသား ဖြစ်၏။ သူ၏ အကျီလက်များကို သာမန်မတင်ပြီး ကျန်သည့်ဒီဇိုင်းပုံများ ဖော်ပြခြင်းဖြင့် ထရပ်ကားများလည်း ရွေ့လျားစေနိုင်သည်၊ တံခါးများပွင့်လာပြီး ကုန်ကျငွေစာရင်းလည်း ရှင်းပြီးဖြစ်ရ၏။ နာကောဒါသည် ဆေးမင်ကြောင်များကို ပြရန် သိပ်မလိုချေ။ သူ၏ ပြောင်လက်နေသော ကတုံး၊ တိထားသော မုတ်ဆိတ်နှင့် စူးရှသော မျက်လုံးများသည် ဂျပန်လူမျိုးများ အဝေးကရှောင်ရန် ကြိုးစားခံရသည့် လူမျိုးဖြစ်ကြောင်း ပြနေ၏။

နာကောဒါသည် တကယ့်လူဖြစ်သည်။ သူသည် ဂျပန်နိုင်ငံမြို့ကြီး တစ်မြို့ဖြစ်သည့် နာဂိုယာတွင် ယာမာဂူချီရာဇဝတ်မှုအဖွဲ့အား ခေါင်းဆောင်ခဲ့သူ ဖြစ်၏။ နာကောဒါသည် လက်နက်မှုဖြင့် ထောင်သုံးနှစ်ကျဖူးခဲ့သည်။ တစ်ခါက "လူတွေကို ဓားနဲ့ထိုးရတာ တို့ဟူးကို ထိုးရသလို အတူတူပါပဲ"ဟု ပြောခဲ့သည်။ သို့ရာတွင် ဂိုဏ်းခေါင်းဆောင်မှာ အခြားတစ်ဖက် ကိစ္စရှိသေး၏။

နာကောဒါသည် စိတ်တန်းခိုးအလုပ်ကို စိတ်ဝင်စားနေသည်၊ သူ၏ မိတ်ဆွေများကို ခန္ဓာကိုယ်မှ ထွက်ခွာပုံအတွေ့အကြုံများကို မကြာခဏ ပြောပြတတ်သည်။ စုစည်းထားသော ဘာသာရေးအဖွဲ့ဖြစ် သော်လည်း ခေါင်းမာသော ရာကူဇာအတွက် မဟုတ်ပေ။ သူ့ဇနီး မဝင်သေးမီ သူလည်း မဝင်ရောက်ခဲ့ချေ။ နာကောဒါ ထောင်ကျနေချိန်တွင် သူ့ဇနီးသည် မျက်စိရောဂါဝေဒနာ ခံစားနေရသောသားအား ဆေးကုရန် မျှော်လင့်ချက်ဖြင့် ဘာသာရေးအယူသီးဂိုဏ်းသို့ ဝင်ရောက်ခဲ့သည်။ နာကောဒါက သဘောမတူချေ။ ထို့ကြောင့် သူထောင်မှ လွတ်လာသည့်အခါ ထိုဘာသာရေးအယူသီးဂိုဏ်းမှ ထွက်ရန် သူမက ငြင်းလိုက်၏။





ထိုကိစ္စသည် နာကောဒါ အသည်းရောဂါ မခွဲကပ်မီက ဖြစ်သည်။ ရောဂါသည်းလွန်းသဖြင့် ဆရာဝန်က သူ့အား သုံးလသာ လူ့ပြည်မှာ နေရတော့မည်ဟု ပြောခဲ့၏။ သူသည် ဆောက်တည်ရာမရ ဖြစ်မိပြီး အယူသီးဂိုဏ်းတွင် ဆေးကုရန် သူ့ဇနီးထံ ပြန်သွားသည်။ ထိုအကူအညီဖြင့် သူ့ရောဂါမှာ ထူးဆန်းစွာ သက်သာရာရခဲ့၏။ ဂိုဏ်းခေါင်းဆောင် နာကောဒါတွက် ထိုကဲ့သို့ ရောဂါသက်သာရခြင်းသည် လုံလောက်သွားပေပြီ။ (၁၉၈၈)ခုနှစ်တွင် နာကောဒါသည် သူ့ဂိုဏ်းကို ဖျက်သိမ်းပြီး သူ့ပစ္စည်းများကို လှူဒါန်းသည်။ ထို့နောက် ရှိုကိုအဆာဟာရအား ခေါင်းကိုင် ဖခင်အဖြစ်ထားကာ ဉုမ်အဖွဲ့သို့ ဝင်ရောက်၏။

ဉုမ်ကဲ့သို့ပင် ရာကူဇာအဖွဲ့သို့ အလွယ်တကူ ဝင်ရောက်နိုင်သော်လည်း ထွက်ရန်မလွယ်ကူချေ။ ထို့ကြောင့် နာကောဒါသည် ဉုမ် သမုတိသစ္စာအဖွဲ့သို့ ဝင်ရောက်သည့်အခါ သူ့အဖွဲ့နှင့်အဆက်အသွယ်လုပ်ပြီး လျှို့ဝှက်နည်းဖြင့် ဆောင်ရွက်ရသည်။ အယူသီးဂိုဏ်းက ဝမ်းသာနေ၏။ ဂျပန် ရာကူဇာအဖွဲ့သည် ကမ္ဘာပေါ်တွင် အကြီးဆုံး၊ ချမ်းသာဆုံးနှင့် လူသိများဆုံး လူဆိုးဂိုဏ်းအဖွဲ့ ဖြစ်သည်။ အီတလီပြည်မှ မာဖီးယားမူးယစ်ဆေးဝါးဂိုဏ်းကဲ့သို့ပင် လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ကျော် အလယ်ခေတ်ကပင် တည်ရှိရာ အစဉ်အလာအရ ဆေးမင်ကြောင်ထိုးထားသည်ကို ဂုဏ်ယူကြ၏။ အဖွဲ့ဝင်များ အပြစ်ရှိလျှင် လက်ချောင်းထိပ်ဖျား ဖြတ်ခံရသည်။ သူတို့သည် ယခုခေတ်သစ် လူ့အုပ်စုအဖွဲ့အဖြစ် ရပ်တည်နေဆဲဖြစ်ပြီး၊ မူးယစ်ဆေးဝါးလုပ်ငန်းပြီး ဒေါ်လာဘီလျံပေါင်းများစွာ ချမ်းသာကြွယ်ဝနေသည်။

ရာကူဇာသည် ရဲတပ်ဖွဲ့တစ်မျိုးကဲ့သို့လည်း ဂျပန်တွင် အမှုထမ်းသေးသည်။ ရဲတပ်ဖွဲ့အပါအဝင် ဂျပန်လူမျိုးများစွာသည် သူတို့ကို အရိုအသေပေးကြရ၏။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နောက် ဂျပန်နိုင်ငံသည် တိုင်းပြည်အား ပြန်လည်တည်ဆောက်ရာတွင် တရုတ်လူမျိုးစုနှင့် ကိုရီးယားဂိုဏ်းများ၏အန္တရာယ်မှ ဈေးဆိုင်များကို ရာကူဇာအဖွဲ့က စောင့်ရှောက်အကာအကွယ်ပေးခဲ့ရသည်။ ယနေ့ထိတိုင်အောင် ပြစ်မှုကျူးလွန်သူ တစ်စုက အိမ်နီးချင်းများကို ဒုက္ခပေးသည် သိရှိရပါက ပထမဦးဆုံး ရဲတပ်ဖွဲ့သို့ မတိုင်ဘဲ ရာကူဇာသို့သာ သတင်းပေးလေ့ရှိကြ၏။

စောစောအချိန်ပိုင်းက ဖူဂျီတောင်ခြေရင်းတွင် ဉုမ်သည် ပုံနှိပ်တိုက်ထားရန် ဒေသခံ ရာကူဇာဂိုဏ်းအဖွဲ့ထံမှ မြေတစ်ကွက်ဝယ်ယူခဲ့ရသည်။ ဂျပန်နိုင်ငံ၏ ပူဖောင်း စီးပွားရေးအချိန်တုန်းက ရာကူဇာဂိုဏ်းသည် ခေါက်ကွင်းတည်ဆောက်ရေးလုပ်ငန်းတွင် ငွေအကျိုးအမြတ်ရရန် မျှော်လင့်ချက်ဖြင့် ထိုမြေယာကို ဝယ်ခဲ့ခြင်းဖြစ်၏။ သို့သော် ပူဖောင်းစီးပွားရေးကျဆင်းသွားသောကြောင့် ထိုမြေယာကွက်ကို ဉုမ်အဖွဲ့အားရောင်း



www.burmeseclassic.com

www.burmeseclassic.com

ချလိုက်ခြင်း ဖြစ်ပေသည်။

ဥုမ်က စက်ရုံအဆောက်အအုံမဆောက်လုပ်မီ အချိန်အထိ ဆက်ဆံရေး ချောမွေ့နေ၏။ ဂိုဏ်းအဖွဲ့ဝင်များသည် သူတို့ပိုင်ပစ္စည်းများ ထိုမြေကွက်ပေါ်မှာ ကျန်ထားခဲ့သည်ကို အယူသီးဂိုဏ်းက ချက်ချင်း အပြင်ဘက်သို့ လွှင့်ပစ်လိုက်ကြသည်။ ဤသတင်းကို ကြားရသောအခါ ရာကူဇာအဖွဲ့ဝင်တစ်အုပ်စုရောက်လာပြီး ဆောက်လုပ်ရေးအဖွဲ့ကို ခြိမ်းခြောက်ပြောဆိုကြ၏။ သူတို့ ဘယ်သူနှင့် ဆက်ဆံနေသည်ကို ဂိုဏ်းအဖွဲ့ဝင်များ မသိကြ။

ဆောက်လုပ်ရေးအဖွဲ့သည် အကူအညီပေးဖို့ အမြန် ခေါ်ကြသည်။ ထိုအခါ အဆာဟာရ၏ လူမိုက်အဖွဲ့များ ရောက်လာကြ၏။ ထိုအဖွဲ့ထဲတွင် ဂျပန်စစ်ပြန်များ ပါဝင်ကြ၏။ ထိုတိုက်ပွဲသည် ပြိုင်ပွဲမဟုတ်၊ ဥုမ် နောက်လိုက်များသည် ရာကူဇာများကို ချက်ချင်း ရိုက်နှက်မောင်းထုတ်လိုက်နိုင်ကြသည်။

အမှန်အားဖြင့် ဤကိစ္စသည် ဒုက္ခစတင်ခြင်း ဖြစ်၏။ ထိုအဖျက်သမားများသည် ယာမာဂူချိ ဂူမိဂိုဏ်း၏ အစိတ်အပိုင်းထက် ပိုမို ကြီးမားပြီး တခြားဂိုဏ်းများနှင့် မတူပေ။ ထိုအဖွဲ့သည် ဂိုဏ်းအဖွဲ့ ဖြစ်၏။ ယာမာဂူချိဂူမိသည် ဂျပန်တွင် အကြီးဆုံးနှင့် ထက်မြက်ဆုံး ဆင်ဒီကိတ်အဖွဲ့တစ်ဖွဲ့ ရာဇဝတ်မှု ကျူးလွန်သူပေါင်း (၂၃၀၀၀)က ညွှန်ကြားရေးမှူးအဖွဲ့ ကိုယ်ပိုင်ဖွဲ့စည်းကာ ဂိုဏ်းပေါင်းတစ်ရာကျော်နှင့် ကော်ပိုရေးရှင်းများ စုစည်းဖွဲ့ထားသည်၊ အကယ်၍ပြုပြင်မှုမလုပ်လျှင် ဂိုဏ်းအဖွဲ့ချင်း တိုက်ပွဲဆင်ရမည်ကို ဥုမ်ခေါင်းဆောင်များ သဘောပေါက်ကြလေသည်။ ဤတာဝန်သည် အဆာဟာရ၏ ဒုက္ခများကို တိုက်ခိုက်ပေးသော ဟာယာကဝ၏ တာဝန်ကျလာသည်။ သူသည် ဂိုဏ်းဌာနချုပ်သို့ အလည်သွားရောက်ပြီး ငွေကြေးမြောက်မြားစွာပေး၍ ပြဿနာ ပြေလည်သွားအောင် လုပ်ခဲ့သည်။

ရှိုကိုအဆာဟာရသည် တစ်ကမ္ဘာလုံးကို စစ်ဆင်တိုက်ခိုက်ရန် ပြင်ဆင်နေ၏။ သို့သော် ထိုအချိန်မှာတော့ ဂျပန်လူမျိုးများနှင့် ဖြစ်သည်။ သူတိုက်ချင်သောအဖွဲ့ထဲမှာ မော့(ဘ်)အဖွဲ့ မပါဝင်ချေ။ ပိုမိုကောင်းမွန်သည့် နည်းလမ်းရှိ၏။ ရာကူဇာများသည် ဂျပန်နိုင်ငံတွင် အကောင်းဆုံး စစ်သည်များ ဖြစ်ကြသည်။ သူတို့ကို ဘာကြောင့် ဆက်သွယ်ပြီး မြင့်မြတ်သောအရေးကိစ္စတွင် ပါဝင်စေခြင်း မပြုနိုင်ရမှာလဲ။

ဥုမ်၏ အဓိက မြေအောက်ကမ္ဘာနှင့် ဆက်သွယ်ရေးသည် ဂိုဏ်းခေါင်းဆောင်ဟောင်းနှစ်ဦးဖြစ်ပြီး၊ သူတို့သည် အယူသီးဂိုဏ်းထဲသို့ ဝင်ရောက်လာကြသူများ ဖြစ်၏။ ပထမအနေဖြင့် နာကာဒါသည် ဂုရုကြီးအား ကြည်ညိုလေးစားသည်မှာ သက်သေထင်ရှားနေသည်။ ထို့ပြင် အဆာဟာရက ဥုမ်အားစစ်တပ်အသွင်ဖွဲ့ရန် ကြံစည်သောအခါ ယခင်





ဂိုဏ်းခေါင်းဆောင်ဟောင်းသည် နေရာအဆင့်အတန်း ရရှိလာ၏။ (၁၉၉၄)ခုနှစ်တွင် နာကာဒါသည် သူရဲကောင်းများကိုခေါ်ယူ၍ လက်နက်များနှင့် ငွေကြေးများ တောင်းခံခဲ့လေသည်။ ရုရှလုပ်သေနတ် တိုကာရက်တစ်လက်ကို ဒေါ်လာ(၄၀၀၀)ပေးပြီး မှောင်ခိုဈေးမှ ဝယ်ယူခဲ့ရ၏။ သူသည် အော်တိုမက်တစ်လက်နက်များနှင့် လက်ပစ်ဗုံးများကိုလည်း စိတ်ဝင်စားကြောင်း ပြောပြသည်။

ရာကူဇာအဖွဲ့နှင့် လေးကြိမ်ဆက်ဆံပြီးသောအခါ နာကေဒါသည် တိုကာရက်နှင့် အမေရိကန်လုပ်အော်တိုမက်တစ် သေနတ်များ အပါအဝင် သေနတ်(၁၈)လက် ရရှိကြောင်းသိရ၏။ မှောင်ရိပ်ခို တရုတ်ဂိုဏ်းပါသော ပဥ္စမအကြိမ်မြောက် ဆက်ဆံရေးတွင် လက်ပစ်ဗုံး အလုံး (၂၀) တင်သွင်းလာခဲ့သည်။ အပတ်စဉ်ထုတ်ဂျာနယ် အဆိုအရ နာကေဒါအတွက် ဘာကြောင့် လက်နက် လိုအပ်သနည်းဆိုတာ ရှင်းလှ၏။

မြေအောက်အဖွဲ့တစ်ဖွဲ့ကို သူက ဤသို့ ပြောပြသည်။ "သေနတ်တွေက စစ်ပွဲအတွက်ဖြစ်တယ်၊ ဂုရုနဲ့အတူ ကျုပ်အစိုးရကို တိုက်မယ်၊ ကျုပ်တို့မှာ ဂျက်တိုက်လေယာဉ်နဲ့ ဖျက်ဆီးရေးလေယာဉ်တွေ မရှိပေမယ့် ကျုပ်တို့ဘာသာ ကျုပ်တို့ မိမိကိုယ်မိမိ ကာကွယ်ရေးတပ်လောက် တောင့်တင်းအောင် လုပ်ပြီး ယာမာနာရှီပြည်နယ် (ဥုမ်ဌာနချုပ်၏နေအိမ်)ကို စစ်အခြေခံ စခန်းဖြစ်အောင် တည်ဆောက်ရမယ်"

စစ်မှန်သော ရာကူဇာ ပုံစံအတိုင်း နာကေဒါသည် နည်းမျိုးစုံဖြင့် သွားရန် ပြင်ဆင်ထား၏။

"ကျုပ်တို့ဆီမှာ သိပ္ပံပညာရှင်တွေ ဆရာဝန်တွေနဲ့ သူနာပြုတွေ အများကြီး ရှိပါတယ်။ ဒါကြောင့် တကယ်လို့ စစ်ကြီးဖြစ်ခဲ့ရင် ကျုပ်တို့ အသက်ရှင်ကျန်မယ်။ ..အဆုံးစွန်သော စကားပြောရရင် ရုရှပြည်ကနေ အကုမြူလက်နက်တွေ တင်သွင်းယူပြီး တပ်ဆင်မယ်။ အခု ကျုပ်ပြောချင်တာကတော့ ကျုပ်မှာ လက်နက်အဖြစ် အပ်တစ်ချောင်း ကျန်ရှိတဲ့အထိ တိုက်ပွဲဝင်သွားမယ်ဆိုတာပဲ"

နာကာဒါသည် ရာကူဇာအဖွဲ့မှ လက်နက်လိုချင်သော်လည်း သူ့ကို ပို၍ အလိုရှိနေ၏။ သူသည် အရေးပါသည့် ဂိုဏ်းခေါင်းဆောင်များနှင့် ဥုမ်ကိုယ်စား မိတ်ဆက်ရန် ဒေါ်လာတစ်ထောင်တောင်းပြီး အယူသီးဂိုဏ်းအား ရာကူဇာမှ လူငှားနိုင်မည်လားဟု မေးခဲ့သည်။ သူသည် ရာကူဇာနှင့် အလုပ်လုပ်နေသော ဂျပန်ပြည်၏ လက်ယာဂိုဏ်းခေါင်းဆောင်ထံ ချဉ်းကပ်ပြီး၊ အစိုးရကို တိုက်ခိုက်ရန် လူငယ်စစ်သားများ တောင်းခံလေသည်။

ဥုမ်သည် အနည်းဆုံး ထင်ရှားသော ရာကူဇာ ခေါင်းဆောင်တစ်ဦးကို ဆွဲဆောင်လျက်ရှိ၏။ ထိုခေါင်းဆောင်၏အမည်မှာ ရှင်နိချီဟာ ဘာနိဖြစ်ပြီး၊ ဒိုဆာကာမြို့ရှိရာ မာဂူချိ ဂူမိအဖွဲ့၌ အကြံပေးပုဂ္ဂိုလ်အဖြစ်


www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းများစွာ လုပ်ခဲ့သူဖြစ်၏။ ဟာတာနိုသည် လက်နက်ပြုလုပ်ရောင်းဝယ်ခြင်းတို့တွင် နာမည်ကြီးသည်။ (၁၉၉၃)ခုနှစ် သူ့အသက်(၄၃)နှစ်အရွယ်တွင် ဥမ်သို့ ဝင်ရောက်ခဲ့ပြီး အယူသီးဂိုဏ်းအတွက် သေနတ်လုပ်သူအဖြစ် အသုံးဝင်လေသည်။

သတ္တုအရည်ကျိုစက်ရုံတွင် တွင်ခုံဆရာ လုပ်ခဲ့ဖူးသော ဟာတာနိုသည် လုပ်သေနတ်များကို ပုံသွင်းထုတ်လုပ်ရာတွင် ကျွမ်းကျင်သည်။ ဂျပန်နိုင်ငံတွင် သေနတ်ရရှိရန် ခက်ခဲသောကြောင့် ရာကူဇာအဖွဲ့သည် သေနတ်ကျည်ဆန်များကို ပုံတူ ပြုလုပ်ခဲ့ကြသည်မှာ ကြာမြင့်ပြီ ဖြစ်၏။ ဥမ် လက်နက်အင်ဂျင်နီယာများက ဟာတာနို၏ အတတ်ပညာများကို လျင်မြန်စွာ ပြန်လည် အသိအမှတ်ပြုခဲ့ကြသည်။ အေကေ-၄၇ သေနတ်များ မတပ်ဆင်နိုင်မီ လပေါင်းများစွာ အချိန်ကြာသွားခဲ့၏။ အယူသီးဂိုဏ်းသည် ယခုအခါ လက်နက်အင်အား လိုအပ်နေသည် အယူသီးဂိုဏ်းထဲမှ သူ့ရဲဘော်များနှင့်အတူ ဟာတာနိုသည် ပစ္စတိုအသေးစားကလေးများကို ပြောင်းနှစ်လက်ပါ ပွိုင့်တူးတူး ပစ္စတိုငယ်ကလေးများအဖြစ် ဒီဇိုင်းပြောင်းကာ လုပ်ကြသည်။ ထိုပစ္စတို သေနတ်ကလေးများကို ရာကူဇာအဖွဲ့က ကြိုက်နှစ်သက်ကြသလို ဖူဂျီတောင်ခြေတစ်ဝိုက်မှာလည်း ချိုးကျူးခံရသဖြင့် မျက်နှာကောင်းရနေ၏။

သေနတ်လုပ်ခြင်း၊ ဆေးဝါးရောင်းခြင်း၊ ညည်းပန်းနှိပ်စက်ပြီး ငွေညှစ်ခြင်းများကို အဆာဟာရသည် ရာကူဇာအဖွဲ့လက်စွဲစာအုပ်မှာ စာမျက်နှာပေါင်းများစွာ ဖတ်ရှုလေ့လာခဲ့သည်။ လက်နက် ထုတ်လုပ်ရေးအစီအစဉ်အတွက် ငွေကြေးလိုအပ်နေသောကြောင့် ဥမ်ခေါင်းဆောင်များသည် ငွေရပေါက်များ တစ်ခုပြီးတစ်ခု ကြံဖန်ကြလေတော့သည်။ ငွေကြေးရပေါက် လုပ်ငန်းတစ်ခုမှာ အာမခံ အတုအယောင်လုပ်ခြင်း ဖြစ်၏။

"အတုအယောင်သာ မဟုတ်၊ အာမခံအတွက် လူသတ်မှုပါ ကျူးလွန်ကြတယ်"ဟု ရဲတပ်ဖွဲ့က ပြောသည်။ ဥမ်ကို ဆက်သွယ်ဝင်ရောက်သောအခါ အဖွဲ့ဝင်များသည် အာမခံပေါ် လစီများတွင် ဥမ်ဂိုဏ်း အကျိုးအမြတ်အားလုံး လွှဲအပ်ကြောင်း လက်မှတ်ရေးထိုးကြရသည်။ ဥမ်သည် အာမခံစီမံချက်အဖွဲ့သို့ ဖွဲ့စည်းပြီး အာမခံကုမ္ပဏီများတွင် လုပ်ခဲ့ဖူးသူ အမျိုးသမီးငါးဦးကို ခန့်ထားလုပ်ကိုင်စေပြီး အကျိုးအမြတ်ရနေသည်။ အကယ်၍ ယုံမှားဖွယ်ထိခိုက်မှုများ သို့မဟုတ် အချိန်စောစွာ သေဆုံးမှုဖြစ်ပေါ်ပါက အထူးသဖြင့် သက်ကြီးရွယ်အိုများ သေဆုံးပါက အယူသီးဂိုဏ်းဆရာဝန်များက သေဆုံးရခြင်းအကြောင်းကို ကြံဖန်လိုက်ရုံနှင့် လွယ်ကူစွာ ပြီးစီးသွားတော့သည်။ ဥမ်သည် ဤနည်းလမ်းအားဖြင့် ဒေါ်လာ တစ်သန်းနှုန်း ဝင်ငွေရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြော၏။

တခြားဝင်ငွေ အမြတ်အစွန်းရရှိသည့် နည်းလမ်းမှာ အမွေစားအမွေခံများအတွက် လူသတ်ပေးခြင်း ဖြစ်သည်။ သက်ကြီးရွယ်အိုများ





သည် အဓိကပစ်မှတ်များ ဖြစ်နေကြ၏။ ပုံစံနမူနာအားဖြင့် သားတောင်များသည် ဒေါက်တာဟာယရှိ၏ ကြောက်စရာကောင်းသော ဆေးခန်းများတွင် အဆုံးသတ်ကြရသည်။ ဥပမာအားဖြင့် ချမ်းသာကြွယ်ဝသည့် အသက်(၈၁)နှစ်ရှိ အမျိုးသမီးကြီးတစ်ဦးသည် (၁၉၉၄)ခုနှစ် ဧပြီလတွင် ဆေးရုံတက်ခဲ့၏။ မြေးတစ်ယောက်က ပုံမှန်ဆေးရုံမှ ရွှေ့ပြောင်းတက်သည်ဟု သဘောဖေါက်သောကြောင့်ဖြစ်၏။ အားနည်းဖျော့တော့ပြီး နှလုံးရောဂါခံစားနေရသော ထိုအမျိုးသမီးကြီးသည် ရေနွေးပူနှင့် ကုသမှုခံယူနေရချိန်တွင် သူမ၏ ငွေဒေါ်လာ တစ်သန်းကျော်ကို အယူသီးဂိုဏ်းနာမည်သို့ လွှဲယူပြီး အိမ်မြေခြံများကို ဥမ်၏နာမည်ဖြင့် လွှဲပြောင်းပေးခဲ့ရသည်။

နောက်လေးရက်ကြာသောအခါ ထိုအမျိုးသမီးကြီး သေဆုံးသွားသည်။

ဥမ်သည် ရာကူဇာနှင့် စီးပွားရေးလုပ်ငန်းတစ်ခုကို အတူဦးဆောင်၍ လုပ်ကိုင်ကြသည်။ ထိုစီးပွားရေးလုပ်ငန်းမှာ အကြွေးတောင်းခြင်းဖြစ်ပြီး၊ ဂျပန်နိုင်ငံတွင် မော့(ဘ်)အဖွဲ့က ကျက်စားခဲ့သော လုပ်ငန်းဖြစ်၏။ ငွေရပေါက်ထက် တိုးချဲ့ဖွဲ့စည်းရေးလုပ်ငန်းတွင် အကြွေးတင်နေသော သို့မဟုတ် အကြွေးဆုံးနေသော ဂျပန်များကို ရည်မှန်းချက်ထားကာ အယူသီးဂိုဏ်းသည် 'ကိုယ်ပိုင်အကြံပေးအဖွဲ့'တစ်ဖွဲ့ ဖွဲ့စည်းထားလေသည်။ ဥမ်သည် တယ်လီဖုန်းရုံများ၊ အများသုံး အိမ်သာများနှင့် လမ်းထောင့်များတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေချထားသည်။ ထိုစာစောင်ထဲတွင် "ဒုက္ခရောက်နေသော မိတ်ဆွေများက သင့်အားဆိုးဝါးသော ကြွေးမြီတင်ခြင်းမှ ကယ်တင်မည့် အခမဲ့ အကြံပေးဆွေးနွေးနိုင်သည်"ဟု ဖော်ပြထား၏။ သို့သော် နေရာ ဖော်ပြမထားပေ။

ဖုန်းဆက်သူများကို သတ်မှတ်ထားခြင်း မရှိသော ရုံးခန်းသို့ ညွှန်ကြားပြီး ထိုနေရာတွင် မေးခွန်းပုံစံကို ဖြည့်စွက်ဖြေဆိုရ၏။ ထို့ပြင် ဒေသခံစိတ်ပညာရှင်တစ်ဦးက ရှေ့ရေးကို ဟောကြားလေသည်။ အကယ်၍ ထိုက်တန်သည်ဟု ယူဆလျှင် သူတို့ကို ဂျိုဟတ်ဆုခေါ် ကိုယ်ရောင်ဖျောက်နေရန် ပြောသည်။ ထိုနည်းသည် ဂျပန်လူမျိုးများ၏ ရှေးရိုးအစဉ်လာအရ ကြွေးမြီမှ တိမ်းရှောင်ရေး နည်းလမ်းဖြစ်၏။ မကြာမီ သူတို့သည် သူတို့၏ နေအိမ်များ မိသားစုများနှင့် သူတို့၏ ချေးငွေများကို နောက်ကွယ်တွင် ချန်ထားရစ်ခဲ့၏။ အမှန်စင်စစ်ကတော့ သူတို့သည် ဥမ်ဝင်းခြံထဲတွင် နေကြခြင်းဖြစ်သည်။ အယူသီးဂိုဏ်းဝင်များက ထွက်ပြေးလာသူများကို "ခင်ဗျားတို့ မမှားဘူး၊ မှားနေတာက စနစ်ပဲ"ဟု အားပေးစကားပြောကြားသည်။ ထို့နောက်တွင် ဥမ်၏ ရှေ့တန်း ကုမ္ပဏီဖြစ်သော မာဟာပိုဆိုင်ယအတွက် ကွန်ပျူတာ ရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်စေတော့သည်။ ထိုအချက်တွင် သူတို့၏ ယခင်ဘဝဟောင်းနှင့် အဆက်ဖြတ်


www.burmeseclassic.com

www.burmeseclassic.com


ထားသောကြောင့် သူတို့မှာ ရွေးချယ်ရန် အခွင့်အရေး အနည်းငယ်သာ ရှိလေသည်။

ရာကူဇာ ခေါင်းဆောင်ဟောင်း နာကေဒါသည် မှောင်ခိုလက်နက်များထက်ပို၍ အသုံးဝင်သည်။ သူသည် အကြမ်းဖက်လုပ်ငန်းတွင် အကျင့်ပါနေပြီး ဥမ်၏ အိမ်နီးချင်းများကို ခြိမ်းခြောက်ရန် အရေးမစိုက်သူ ဖြစ်၏။ ရာကူဇာများစွာ ကဲ့သို့ပင် သူသည် ဒေသခံလယ်သမားများအား ခြိမ်းခြောက်ကာ ငွေတောင်းခြင်းနှင့် စိတ်မပါသော ကြည်ညိုသူများထံမှ အလှူငွေများ မရရအောင် ညှစ်ယူခြင်းတို့ကို သူ လုပ်ကိုင်လေသည်။ နောက်ဆုံး၌ သူသည် ဥမ်၏ ပြည်ထဲရေးဝန်ကြီးဌာနတွင် နံပါတ်နှစ် ပုဂ္ဂိုလ် ဖြစ်လာပြီး၊ အဖွဲ့တွင်းမှာ လုံခြုံရေးတာဝန် ယူရသည်။

နာကေဒါ၏ အထက်မှာ မာဖီးယားဂိုဏ်း လူသတ်သမားအဖွဲ့တွင် ပါဝင်သူဖြစ်နိုင်သည့် တိုမိုမစ်ဆုနီအိမိ ဖြစ်သည်။ သူသည် အဆာဟာရ၏အစောဆုံးနှင့် အကြည်ညိုလေးစားဆုံးသူထဲတွင် တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ပြင်ပလူများနှင့် အမဂေဒုန်ကိစ္စများတွင် ယုံမှားလွန်ဝေဒနာကြီးထွားလာသောကြောင့် စပိုင်များနှင့် ဆန့်ကျင်သူများအကြောင်း သတင်းပို့ရန် အဖွဲ့ဝင်အများကို အားပေးအားမြှောက် လုပ်ထားကြသည်။ နေရာတွင်းမှာ ရန်သူရှိနှင့်သည်။ ဟာယာကဝ၏ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် မူရိုင်း၏ သိပ္ပံဝန်ကြီးဌာနတို့အကြား ပဋိပက္ခပေါ် ပေါက်ပြီး နှစ်ခြမ်းကွဲနေပြီဟု ကောလာဟလသတင်းတွေ ထွက်နေ၏။ ထိုအချိန်မှာပင် ထွက်ပြေးသူများ ပိုမို များပြားလာသည်။ (၁၉၉၄)ခုတွင် အနည်းဆုံး နောက်လိုက် (၂၅)ဦးခန့်သည် အောင်မြင်စွာ ထွက်ပြေးလာနိုင်ခဲ့ကြ၏။

ဂုရု၏ ဥပဒေကို လိုက်နာရန် နီအိမိနှင့် အခြားအဖွဲ့ဝင်များ သည် 'နောက်လိုက်အဖွဲ့ဝင်သစ် အောဂျင်စီ'ဟုခေါ်သော လူဆယ်ဦးပါ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ကြသည်။ အဖွဲ့၏ အလုပ်သည် အနည်းငယ်သာရှိ၏။ သို့သော် အန္တရာယ် မရှိချေ။ ပြန်ပေးဆွဲခြင်း၊ ချုပ်နှောင်ခြင်း၊ ထောက်လှမ်းရေး၊ သူလျှိုလုပ်ခြင်းနှင့် လူသတ်ခြင်း လုပ်ငန်းများ ဖြစ်သည်။ (၁၉၉၄ )ခုတွင် ဥမ်သည် သူ့လမ်းကို ဖွတ်အတင်း သွားနေသောကြောင့် နီအိမိ၏ အကြမ်းဖက်သမားများ ကြီးထွားလာ၏။

ယုံကြည်သူများသည် တယ်လီဖုန်းခေါ်ခြင်း သို့မဟုတ် မိသားစုနှင့် မိတ်ဆွေများထံသို့ စာပို့ခြင်းကို တွေ့မိသွားပါက အဆင့်လျှော့ချခံကြရသည်။ အိမ်ထောင်မပြုရန် အတင်းအကြပ် တိုက်တွန်းခြင်းနှင့် အခြားအယူသီးဂိုဏ်း၏ စည်းကမ်းများကို ပြင်းထန်စွာ လိုက်နာစေသည်။ နီအိမိသည်ပင် ထိုလူများကို မှားယွင်းသော သွေးနမူနာဖြင့် လူများကို အမျိုးအစားရွေးချယ်ခြင်းသည် ဂျပန်လူမျိုးများ၏ နာမည်ကျော်သော အယူသီးမှုတစ်ခု ဖြစ်သည်။ လူတစ်ယောက်၏ ဟေမိုဂလိုဆင့်ခေါ် သွေးနီဥတွင် အောက်ဆီဂျင် သယ်သောအရာကို ကြည့်ခြင်းဖြင့် သူ၏ ဉပစိရုပ်နှင့် အမူအကျင့်တို့ကို နက္ခတ်ဗေဒင်ဟောသကဲ့သို့ ဆုံးဖြတ်နိုင်ကြောင်း ပြောကြသည်။ ထိုထဲတွင် အဆာဟာရ တစ်ယောက် ပါဝင်နေသည်မှာ အံ့ဩရာ မဟုတ်ချေ။ တစ်နေ့တွင် သူက သွေးအုပ်စု 'အို' ပါဝင်သူများကို အထူးသတိထားရန် သတိပေးသည့် ညွှန်ကြားချက်ထုတ်လိုက်၏။ ထိုကဲ့သို့သော လူများသည် ဗုဒ္ဓဘာသာဝင်များ၏ စည်းကမ်းကို ဖောက်ဖျက်တတ်သည်ဟု သူ ကတိပေးထားသည်။

နောက်နေ့တွင် နီအိမိက သူကိုယ်တိုင် သတိပေးစာ ထုတ်လိုက်၏။

"အိုသွေးအုပ်စုပါသည့် ဒုစရိုက်သမား ခြောက်ယောက်ကို ကျွန်တော် သံသယရှိနေခဲ့သည်မှာ ဝမ်းနည်းစရာ ကောင်းပါသည်။ သူတို့သည် ကြီးလေးသော ပြစ်ဒဏ်ကို ငါးရက်ကြာခံရပါမည်"ဟု သူက သတင်းပို့ထားသည်။

ကြီးလေးသော ပြစ်ဒဏ်ကို တိုးမြှင့်ပေးခြင်းသည် သေဆုံးခြင်းဖြင့် အဆုံးသတ်သွားနိုင်၏။ သစ္စာဖောက်သည်ဟု သံသယရှိသူများနှင့် ရန်သူများကို အပြစ်ပေးရာမှာ မြန်ဆန်ပြီး ရက်စက်သည်။ ဂုရုကားမောင်းသမားတစ်ဦးသည် ကျန်းမာရေးကောင်းလျက်နှင့် တစ်နေ့တွင် ရုတ်တရက် ပျောက်ကွယ်သွား၏။ သူသည် သေစေတတ်သော ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရသောကြောင့် သေဆုံးရကြောင်း နောက်လိုက်များက ပြောကြသည်။ အသက်(၂၇)နှစ်သာ ရှိသေးသော နောက်ထပ် တစ်ယောက်လည်း စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ချက်ချင်း ဆင့်ခေါ်ခံရပြီး စပိုင်လုပ်ခြင်းနှင့် အယူသီးဂိုဏ်း၏ သောက်ရေများကို အဆိပ်ခတ်သည်ဟု စွပ်စွဲကြသည်။ သူ့ကို မူးသွားဖော်စက်တပ်ပေးပြီး ရိုက်နှက်ကာ သေဒဏ် ပေးလိုက်ကြ၏။ နီအိမိနှင့် တခြားလူများက သူ့လည်ပင်းကို ကြိုးချည်၍ အသက်ထွက်သည်အထိ ညှစ်ကြသည်။ အခြားလူများကဲ့သို့ပင် သူ့ရုပ်အလောင်းကို မိုက်ကရိုဝေ့ဖ်ဆီသို့ သယ်ဆောင်သွားကြ၏။

ဤတစ်ချိန်လုံးတွင် အနီးအနားမှ မြို့အာဏာပိုင်များသည် သေဆုံးခြင်း အကြောင်းကြားစာ သို့မဟုတ် မြေမြှုပ်ခွင့်တောင်းခံစာ တစ်စောင်မျှ အယူသီးဂိုဏ်းထံမှ မရရှိခဲ့ကြချေ။ သို့နှင့်တောင်မှ နှစ်ကုန်ဆုံးသောအခါ ဥမ်နောက်လိုက် အယောက်(၂၀)ခန့် ပျောက်ကွယ်သွားခဲ့၏။ သူတို့၏ ရုပ်အလောင်းများကို ဘယ်တော့မှ မတွေ့ကြရတော့။



www.burmeseclassic.com

www.burmeseclassic.com

## ယူကို၏ ဒုက္ခဇာတ်လမ်းများ

ထိုမြင်ကွင်းသည် (၁၉၅၀) ပြည့်နှစ်များက သိပ္ပံဝတ္ထုကို ရိုက်ကူးသော ရုပ်ရှင်လို လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာကောင်းလှ၏။ အသက်(၃၀)အရွယ်ရှိ အမျိုးသမီးတစ်ယောက်သည် ညစ်ပတ်ပေရေနေသော အဝတ်အစားများဖြင့် ကြီးမားသော မီးတောင်အနီးရှိ ဘူတာရုံသို့ သွားနေသည်။ ရုတ်တရက် လူသုံးယောက်ပေါ်လာသည်။ သူတို့သည် အဖြူရောင် ဟက်ဂီယာနှင့် လျှပ်ခေါင်းနှင့် ထိုမိန်းမကို ဖမ်းကိုင်ပြီး အနီးရှိ ကားထဲသို့ ကြမ်းတမ်းစွာ တွန်းထည့်လိုက်ကြ၏။ မော်တော်ယာဉ်သည် အမဝေဒနာအတွက် အဆင်သင့်ဖြစ်နေသော ဝင်းခြံတစ်ခုထဲသို့ အပြင်းမောင်းနှင်သွားလေသည်။

တကယ်တော့ ဤမြင်ကွင်းသည် (၁၉၅၀)ပြည့်မှာ မဟုတ်ဘဲ (၁၉၉၄)ခုနှစ် အရောက်တွင်ဖြစ်၏။ ဥမ်ကို စွန့်ခွာခြင်းသည် အန္တရာယ်ကြီးမားကြောင်း နောက်လိုက်များ လျင်မြန်စွာ လေ့လာမိကြသည်။ ဥမ်စည်းမျဉ်းစာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

"ဥမ် သမုတိသစ္စာဂိုဏ်းထဲမှ ထွက်ပြေးခြင်းသည် အကြီးမားဆုံး မရိုးသားသော အပြုအမူဖြစ်သည်။ ဂုရု၏ မေတ္တာကို သစ္စာဖောက်ခြင်းဖြစ်၏။ ထိုလူသည် နောက်တစ်ခါ သစ္စာတရားကို ဘယ်တော့မှ တွေ့ရှိရလိမ့်မည် မဟုတ်ချေ"

ဥမ်၏ တိုးတက်များပြားလာသော ရာဇဝတ်မှုများကြောင့် လုံခြုံရေး ပိုမို လိုအပ်လာ၏။ ထိုအဖွဲ့သည် ထွက်ပြေးသောသူများက ရဲတပ်ဖွဲ့သို့ သွားပြီး တိုင်ကြားမှာကို မလိုလားချေ။ လုံခြုံရေး အကြီးအကဲ နီအိမိ အနေဖြင့် အလုပ် ပိုမို များလာသည်။ သူ၏ ညံ့ဖျင်းသောအဖွဲ့သည် လူပြန်ပေးဆွဲခြင်းနှင့် အမျိုးသမီးများနှင့်ကလေးများကို ဖြားယောင်းသွေးဆောင် ခေါ်ယူခြင်းတို့တွင် ပိုမို ကျွမ်းကျင်လာကြ၏။ သူတို့သည် ကေဂျီဘီလက်စွဲ စာအုပ်ကို ဖတ်ရှုလေ့လာထားကြပြီး လေ့ကျင့်ထားကြသည်။





ဥမ်ထံမှ ထွက်ပြေးရဲသူများကို လူမဆန် ရက်စက်စွာ တုံ့ပြန်ကြ၏။ ထွက်ပြေးသူများကို အတင်းအကြပ် နေစေရုံသာမဟုတ်၊ အယူသီးဂိုဏ်းဌာနချုပ်သို့ အတင်းအဓမ္မခေါ်ငင်၍ အကြမ်းဖက်ကာ ပြန်ခေါ်ကြလေသည်။

တစ်ချိန်တည်းမှာပင် အယူသီးဂိုဏ်း၏ ဇာတ်သွင်းခြင်း၊ ဝတ်ပြုခြင်းများသည် မှတ်သားဖွယ်ကောင်းလှအောင် တိုးတက်လာ၏။ ဥမ်ဂိုဏ်းထဲသို့ ဝင်ရောက်ရန်နှင့် လူတစ်ယောက်၏ စုဆောင်းငွေများကို လှူဒါန်းရန် ဖိအားပေးခြင်းသည် အမြဲတမ်းလို ဖြစ်နေ၏။ တစ်သက်တာလုံး ငရဲကိုရင်ဆိုင်ရန် ငြင်းဆန်သူများကို အကြိမ်ကြိမ် ပြောခံကြရသည်။ တစ်ချိန်တွင် အယူသီးဂိုဏ်း အတွင်းထဲမှ အကြမ်းဖက်မှု ဝင်ပါထဲ၌ ပိတ်မိနေကြရ၏။ ထိုထဲမှ ဆုံးဖြတ်ချက်ချနိုင်သော သူများ လွတ်မြောက်နိုင်ကြသည်။

ယိုကိုတာနကာ (ကလောင်အမည်)သည် သူနာပြုဆရာမတစ်ဦးဖြစ်၍ တင်းတိမ်ရောင့်ရဲသော အိမ်ရှင်မတစ်ဦး ဖြစ်၏။ ထို့ပြင် (၁၉၉၂) ခုနှစ်လောက်တွင် မိခင်ဖြစ်ရန် မျှော်လင့်ထားသည်။ အသက်(၂၆)နှစ်အရွယ်မှာ သူမသည် ရှေ့ရေးကို မျှော်မှန်းစရာတွေ အများကြီးရှိနေ၏။ သူမ၏ ခင်ပွန်းသည် နာမည်ကျော်ကြားသည့် ကွန်ပျူတာ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်လျက်ရှိပြီး အနာဂတ်အတွက် တောက်ပြောင်သော မျှော်မှန်းချက်တွေ ရှိနေသူ ဖြစ်၏။

ထိုအချိန်အခိုက်တွင် သူသည် ဥမ်ယောဂီသင်တန်းများကို တက်ရောက်စပြုနေသည်။ ယူကို၏ခင်ပွန်းက မကြာမီ ဥမ်ဂိုဏ်းဝင်ဖြစ် လာသောကြောင့် သူမကလည်း အဖွဲ့ဝင်ဖြစ်လာသည်။

(၁၉၉၄)ခု မတ်လထဲတွင် ထိုလင်မယားစုံတွဲသည် အဆာဟာရ၏ မိန့်ကြားချက်ကို ကြားနာရန် သွားရောက်ကြသည်။ ဂုရုကြီးက သူသည် ယေရှုခရစ်တော် ဝင်စားသူဖြစ်ပြီး ယခင်ဘဝက လက်ဝါးကပ် တင်ခံခဲ့ရကြောင်း ဟောပြောခဲ့သည်။ ယခုအချိန်မှာ ဥမ်ကိုယ်တိုင်လက်ဝါးကပ်တိုင်ပေါ်မှာ ရှိနေကြောင်းနှင့် သူ့အဖွဲ့အား ဓာတ်ငွေ့များဖြင့် တိုက်ခိုက်ခံနေရကြောင်းပြောခဲ့သည်။ ကမ္ဘာကြီး ပျက်သုဉ်းရက် မတိုင်မီ လူသားများ၏ အသက်ကယ်ရန် ကမ္ဘာကြီးကို ကြေညာထားကြောင်း ရှင်းပြသည်။

ယူကို၏ခင်ပွန်းသည် အလွန်တရာ စိတ်လှုပ်ရှားသွား၏။ သူ့စိတ်ကို သူ ဆုံးဖြတ်ထားပြီးကြောင်း သူမကို ပြောပြသည်။ သူသည် ဥမ်တွင် အချိန်ပြည့် ရဟန်းအဖြစ် တာဝန်ထမ်းဆောင်တော့မည်ဟု ဆိုသည်။ ယူကိုက စိတ်ဝင်စားနေ၏။ သို့သော် ခင်ပွန်းနောက်လိုက်ရန် အခက်အခဲရှိကြောင်း တွေ့ရသည်။ သူမ တွေဝေနေကြောင်း ဥမ်အဖွဲ့ဝင်တစ်ဦးက "ဘာမှ တွေးမနေနဲ့၊ အခုပဲ လုပ်လိုက်ပါ"ဟု တိုက်တွန်း ပြောကြားသည်။ ယူကိုက လက်လျှော့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်သော ယူကိုတို့မိသားစုသည် သူတို့ပိုင်ဆိုင်သမျှ ငွေကြေးနှင့် ပစ္စည်းဥစ္စာအားလုံးအပြင် ကားကိုပါ ဖူဂျီတောင်သို့ မောင်းယူသွားပြီး အယူသီးဂိုဏ်းသို့ လှူဒါန်းလိုက်ကြသည်။ ရက်ပိုင်းအတွင်းမှာပင် ခေါင်းတုံးရိတ်ခံကြရပြီး ဆံပင်အစား လျှပ်ခေါင်းတပ် ဦးထုပ်များကို သားငယ်ကလေးများ အပါအဝင် ဆောင်းကြရသည်။ ယူကိုသည် အယူသီးဂိုဏ်း၏ ဆေးဝါးဌာနတွင် အလုပ်လုပ်ရပြီး၊ ခင်ပွန်းဖြစ်သူက 'အဆိပ်ငွေ့ကာကွယ်ရေး' ဌာနတွင် လေသန့်ရှင်းရေး လုပ်ငန်းကို လုပ်ရ၏။

နောက်နှစ်လခန့် ကြာသောအခါ ယူကိုသည် အထူးစပါယ်ရှယ် ဖာတ်သွင်းရန် အဆင်သင့်ဖြစ်နေပြီဟု အယူသီးဂိုဏ်းခေါင်းဆောင်များက ပြောကြသည်။ သူမကို တတိယအလွှာသို့ ခေါ်ဆောင်သွားကြပြီး ဂုရုကြီးနှင့် တွေ့ဆုံပေးလိုက်ကြ၏။ ဂုရုကြီးသည် နာမည်ကျော် အဝါရောင်အရည်ပုလင်း တစ်လုံးကို ကိုင်၍ စောင့်နေသည်ကို တွေ့ရသည်။ အဆာဟာရက ဆေးပုလင်းကို လှမ်းပေးရင်း "ထွက်မသွားနဲ့"ဟု ပြောလိုက်သည်။

ယူကို ဆေးရည်သောက်ပြီးသောအခါ သူမအား အခန်းကျဉ်းကလေးတစ်ခန်းတွင် ချန်ထားရစ်ခဲ့ပြီး နောက်ထပ် (၂၄)နာရီကြာထိ တရားမှတ်နေရန် ပြောသည်။ သို့သော် သူမသည် မကြာမီ ခေါင်းမူးပြီး ကြောက်လန့်လာ၏။ သူမသည် အခန်းထဲမှ အတင်းထွက်လာခဲ့ပြီး ဝင်းထဲမှ ထွက်ပြေးလာခဲ့တော့သည်။ သူမအား ကားထဲသို့ ဆွဲသွင်းမခံရမီ လမ်းဘေးတွင် ခရီးဆုံးခဲ့ရသည်ကိုသာ သူမ အနည်းငယ် မှတ်မိနေ၏။ ဝင်းခြံထဲသို့ ပြန်ရောက်သည့်အခါ သူမသည် ကြိုးတုပ်ခံရပြီး အပူဖုများထွက်သည်အထိ ဥမ်၏ ရေနွေးငွေ့ဖြင့် ဓာတ်သွင်းခြင်း ခံရတော့သည်။

ရက်သတ္တပတ် အနည်းငယ်ကြာသည့်အခါ ယူကိုသည် သူမ၏ ဘဝသစ်ကို သံသယဝင်စပြုပေပြီ။ သူမ၏သားငယ်ကို အဝေးတစ်နေရာသို့ ခေါ်သွားကြပြီး အယူသီးဂိုဏ်း ကလေးဌာနသို့ ပို့ထားခံရသည်။ သူမသည် သားငယ်နှင့် ခင်ပွန်းကို ရက်သတ္တပတ်ပေါင်းများစွာ မတွေ့ရသဖြင့် အထီးကျန် ဖြစ်နေ၏။ ရက်အနည်းငယ် ကြာသောအခါ ကြောက်စရာကောင်းလှသော ရေနွေးထဲမှာ နောက်တစ်ကြိမ် စိမ်ရပြန်သည်။ ဥမ်ခေါင်းဆောင်များက ရေထဲမှာ အဆိပ်သင့်သည်ဟု အပြစ်ဖို့ကြ၏။ ယုံမှားလွန်သံသယ ဝေဒနာတွေကြားထဲမှာ တခြားဝင်းထဲမှ ကလေးများကိုလည်း အဆိပ်ဖြင့် တိုက်ခိုက်ခံရခြင်း ရှိမရှိ စစ်ဆေးရန် ယူကိုသည် အခြားဆရာဝန် သုံးယောက်နှင့်အတူ သွားရသည်။ နောက်ဆုံးတွင် သူမ၏ ကလေးကို အခြားကလေးပေါင်း ခုနစ်ဆယ်နှင့်အတူ ညစ်ပတ်ဆင်းရဲစွာ နေထိုင်ရသည်ကို တွေ့ရတော့သည်။

အခြေအနေများမှာ မယုံကြည်နိုင်စရာ ဖြစ်၏။ ကလေးများသည် ဖျားနာကြ၊ အာဟာရချို့တဲ့ကြနှင့် ကြောက်စရာကောင်းလှသည်။ ကလေး





ဆယ်ယောက်မှာ အရေပြားရောဂါဖြစ်နေပြီး ကလေးလေးယောက်တွင် သက်သည်းများ မရှိတော့။ ကလေးသုံးယောက်မှာမူ ပန်းနာရောဂါထနေကြ၏။ သို့သော် ဤသို့ ဖြစ်နေကြရခြင်းမှာ အဆိပ်ငွေ့ကြောင့်မဟုတ်ကြောင်း သူနာပြုဆရာမ သိသည်။ ညံ့ဖျင်းသော အစားအသောက်၊ မှင်းရိုသော ပြုစုစောင့်ရှောက်မှုနှင့် သံသယဖြစ်ဖွယ်ရာ ဆေးဝါးများကြောင့် ဖြစ်ဟန်တူလေသည်။ ထို့နောက် ထိုနေရာမှာတင် သူမသည် အယူသီးဂိုဏ်းမှ ထွက်ရန် ဆုံးဖြတ်လိုက်၏။

ထိုညနေမှာ သူမသည် သားငယ်ကိုခေါ်၍ ဝင်းထဲမှ တိတ်တခိုးထွက်ခဲ့သည်။ နယ်မြေ မကျွမ်းကျင်သဖြင့် သူမသည် မကြာမီ လမ်းပျောက်သွား၏။ ည၏ လေထုထဲမှာ ခွေးဟောင်သံများနှင့် ဆူညံနေသည်။ နောက် နှစ်နာရီခန့်ကြာသောအခါ အယူသီးဂိုဏ်းဝင်တစ်ဦးက သူမကို တွေ့သွားပြီး အခြေခံစခန်းသို့ ပြန်ခေါ်သွားလေတော့သည်။

ယူကိုသည် ဖူဂျီတောင်သို့ သားငယ်နှင့်အတူ ပြန်သွားရ၏။ သို့သော် ပြန်ထွက်သွားရန် ဆုံးဖြတ်ထားဆဲ ဖြစ်၏။ ပထမအကြိမ် အခွင့်အရေးရသည်နှင့် သူမ ထွက်ပြေးရာ တိုကျိုမြို့အထိ ရောက်သွားသည်။ သို့သော် အယူသီးဂိုဏ်းကို စွန့်ခွာခဲ့သော်လည်း ဥမ်ကို စွဲလမ်းနေဆဲ ဖြစ်၏။

"ဝင်းခြံထဲက ကျွန်မ ထွက်လာလာချင်းပဲ ကျွန်မဟာ ကြောက်လန့်လာပြီး ငရဲပြည် သွားနေရတယ်လို့ ခံစားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ အဆာဟာရကို သစ္စာဖောက်မိလို့ ဖြစ်ပါတယ်။" အဆာဟာရမရှိရင် ကျွန်မ မနေနိုင်ဘူးလို့ တွေးမိနေတယ်။ ဒါကြောင့် အဲဒီနေ့မှာပဲ ကျွန်မ ဥမ်ကို ဖုန်းဆက်ခေါ်လိုက်မိပါတယ်"ဟု သူမက ပြန်ပြောသည်။

သူမသည် တိုကျိုဌာနချုပ်သို့ ဖုန်းဆက်ပြီး တောင်းပန်သည်။ ဆို့ပြင် လူဝတ်ကြောင်အနေဖြင့် အဖွဲ့ဝင်အဖြစ် ခွင့်ပြုရန်ပြောသည်။ တကယ်တော့ ဥမ်သည် ဘာမှ ခွင့်မပြု။ သို့သော် ထိုနေ့က ဖုန်းထဲတွင်မူ တစ်ဖက်မှ အသံရှင်သည် ကြင်နာပြီး နားလည်မှုရှိဟန်ပြ၏။

"တကယ်လို့ အဲဒီလိုလုပ်ချင်ရင် ဆရာကြီးကို လူကိုယ်တိုင် လာတွေ့ပြီး ပြောခွင့်ရှိပါတယ်"ဟု ဖြေသည်။

ယူကိုက သဘောတူလိုက်၏။ နာရီပိုင်းအတွင်းမှာပင် သူမသည် ဂုရုကြီးကိုတွေ့ရန် ဖူဂျီတောင်သို့ သွားလေသည်။

ဖူဂျီတောင်ဌာနချုပ်သို့ ရောက်သည့်အခါ သူမသည် ဂုရုကြီးကို မတွေ့ရချေ။ ထိုအစား ဆရာကြီးက သူမကို နောက်တစ်ခါ လေ့ကျင့်ခန်း လုပ်စေချင်ကြောင်း ပြောသဖြင့် ကြောက်လန့်ပြီး သူမ ထွက်ပြေးခဲ့ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

တိုကျိုသို့ ပြန်ရောက်သောအခါ အယူသီးဂိုဏ်းဆရာဝန်တစ်ဦးက ဖူဂျီတောင်သို့ ပြန်လာခဲ့ရန်နှင့် နားလည်မှု လွဲမှားမှုများသာဖြစ်ကြောင်း ဖုန်းဆက်၍ ပြောသည်။ ဆရာကြီး သူမအားတွေ့ရန် အမှန်တကယ် စောင့်ဆိုင်းနေ၏။ သူမသည် စိတ်မပါတပါနှင့် သဘောတူလိုက်၏။

ယိုကို ပြန်သွားသည်။ သို့သော် အဆာဟာရ မရှိပြန်ချေ။ ဤတစ်ကြိမ်တွင် အယူသီးဂိုဏ်းစာရင်း ပုဂ္ဂိုလ်များရှိသည့် နေရာသို့ သူမအား စောင့်ကြပ် ခေါ်ဆောင်သွားကြ၏။ ဘာဒိုလေ့ကျင့်ခန်း မပြီးမချင်း သူမ ထွက်သွားလို့ မရဘူးဟု သူတို့က ပြောကြသည်။

ယူကိုအား ရုပ်မြင်သံကြားစက်နှင့်အတူ အခန်းကလေးထဲတွင် ထားသည်။ ဗီဒီယို ပြကွက်များတွင် အသက်ငင်နေသော လူများ၊ ရက်စက်စွာသေနတ်နှင့် ပစ်နေပုံများ၊ ကားတစ်စီး ပေါက်ကွဲပုံ၊ မော်တော်ဆိုင်ကယ် မှောက်သဖြင့် သွေးထွက်သံယို ဖြစ်နေပုံများနှင့် ရုပ်ရှင်များထဲမှ လူတွေ သေဆုံးပုံများကို ပြသနေ၏။ ဤဗီဒီယို ပြကွက်များကို အချိန်ပြည့်ပြနေသည်။ အဆုံးတွင် အဆာဟာရ၏ အသံပေါ်လာ၏။

"သေခြင်းတရားကို အသင် မရှောင်လွှဲနိုင်ဘူး"

"သတ္တဝါတိုင်း သေကြရမယ်"

ထိုစကားကို ဂုရုက ထပ်တလဲလဲ ပြောနေသည်။ နောက်တခြား ဗီဒီယိုဇာတ်လမ်းစသည်။ ဒီတစ်ကြိမ်တွင် ရိုးရိုးကာတွန်းကားများ ပြပြီးနောက် ဖန်သားပြင်သည် အမှောင်ကျသွား၏။ အခန်းထောင့် တစ်နေရာမှ အသံချဲ့စက်သည် ယူကိုအား ငရဲသို့ ကျတော့မည်ဟု အသံများထွက်နေသည်။ ဗီဒီယိုတွင် သရဲတစ္ဆေများက နှိပ်စက်နေပုံများ၊ ကြောက်စရာ သတ္တဝါများ၊ မီးလျှံနှင့် နာကျင်ပုံများကို ပြသနေ၏။ မြင်ကွင်းတစ်ခုတွင် ယူကိုသည် ငရဲမင်းကြီးထံ အစာတောင်းနေပုံကို ပြထားသည်။ ငရဲမင်းကြီးက သူမ၏ပါးစပ်ကို အတင်းဖြဲပြီး မေးရိုးကို ချိုးပစ်လိုက်ရာ သူမ၏ ပါးစပ်သည် သွေးတွေနှင့် ပြည့်နေတော့သည်။ ထို့နောက် ငရဲမင်းကြီးက သူမ ပါးရပ်ထဲသို့ သံရည်ပူများ လောင်းထည့်သည်။ သူမ၏ ခန္ဓာကိုယ်သည် မီးလောင်သွား၏။ သို့သော် သူမ အသက်ရှင်လျက်ပင် ရှိနေ၏။ ထိုပြကွက်များသည် ငါးနာရီမျှ ကြာလေသည်။

ထို့နောက် ယူကိုအား အပြင်ဘက်မှ ပိုမို သေးငယ်သော အခန်းထဲသို့ ခေါ်သွားကြပြန်သည်။ သူမအား မျက်စိပိတ်ထားစေပြီး သေးငယ်သောအခန်းထဲသို့ ခေါ်သွားကြ၏။ ထူးဆန်းသော တေးဂီတသံများ နောက်မှာ ထွက်ပေါ်နေသည်။ ထိုဂီတသံများသည် အဆာဟာရနှင့် သူမ၏ ချစ်သူဟောင်းတို့ နှစ်ယောက်တွဲ သီဆိုနေသလို ထင်ရ၏။

"ငရဲဆိုတာသိလား"ဟု တစ်ယောက်က မေးသည်။

"ဟုတ်ကဲ့၊ သိပါတယ်။ ငရဲမင်းတရားသူကြီး"ဟုပြောလိုက်ရ၏။





"ငရဲဆိုတာသိလား"ဟု အသံက ထပ်ပြောပြန်သည်။

"မသိပါဘူး။ ငရဲဆိုတာ မသိပါဘူး"

ထို့နောက် လေမုန်တိုင်း တိုက်သံများ၊ အင်အားကြီးမားသော လေကြီးမိုးကြီးကျသံများ၊ အဝေးတစ်နေရာမှ အမျိုးသမီးတစ်ဦး ငယ်သံပါအောင် ကြောက်လန့်အော်သံများ ပေါ်လာသည်။ ယခုတော့ ယူကိုသည် ကြောက်လန့်ပြီး အားအင်ကုန်ခန်းသွား၏။ ကြောက်စရာကောင်းသော အနက်သံများ သူမနားအနီးမှ ရုတ်တရက် ပေါ်လာပြန်၏။ ထိုနေရာတွင် တင်ပေလောက်အကွာမှ တစ်ယောက်ယောက်က ဒရမ်ကို ထုနှက်နေခြင်းဖြစ်သည်။ ထိုသူသည် ငရဲတရားသူကြီးအဖြစ် ဆောင်ရွက်နေသည့် ဥမ်ဘုန်းကြီးတစ်ပါး ဖြစ်၏။

တရားသူကြီးက သူမ၏ဘဝကို စတင်သုံးသပ် ဝေဖန်ပြနေသည်။ သူမအရင်က ဝန်ခံပြောဆိုချက်များမှာ သူမအကြောင်းအားလုံးကို သူက သိနေ၏။

"မင်း သီလရှင်အဖြစ် ဆက်မနေနိုင်ဘူး။ ဟုတ်တယ် ဟုတ်လား"ဟု မေးခွန်းတစ်ခါ မေးတိုင်း ဒရမ်ကို တီးလျက်မေးသည်။

"ကျွန်မ မနေနိုင်ဘူး"ဟု ယူကိုက ပြန်ဖြေလိုက်၏။

"ဘာကြောင့်လဲ"ဟု မေးခွန်းများ ထပ်တလဲလဲ ပေါ်လာသည်။ တစ်ခါမေးတိုင်း ဒရမ်တီးသံ ပေါ်လာ၏။

"ဂုရုကြီးက မင်းရဲ့ကာမကို ယူပစ်လိမ့်မယ်"ဟုလည်း သူက ပြောသည်။

ဤကဲ့သို့ မေးမြန်းပြောဆိုနေသည်မှာ သုံးနာရီကျော်မျှ ကြာသွား၏။ ဗိုအားပေးနေသည်မှာ အသနား အညှာတာ ကင်းမဲ့လှပြီး ဒရမ်ကို ကြာခဏ တီးနေ၏။ နောက်ဆုံးတွင် ယူကိုသည် မျက်ရည်စက်လက်ဖြင့် ဆိုင်းပေးရန် တောင်းပန်ရတော့သည်။ သူမ အားပြတ်သွား၏။ ထို့နောက် ဘုန်းကြီးက သူမအား ကြာပွင့်သဏ္ဌာန်ထိုင်နေရန် အမိန့်ပေးလိုက်သည်။ သူမ လိုက်နာပြီးလုပ်၏။ သို့သော် အခြား ဥမ်အဖွဲ့ဝင်များက သူမအား ရုတ်တရက်နောက်သို့ တွန်းလိုက်ပြီး လက်ထိတ်ခတ်ကြသည်။ ထို့ပြင် ကိုယ်ခန္ဓာအောက်ပိုင်းကို နာကျင်အောင် ကြိုးတုပ်ကြသည်။ ယခု သူမ၏ ခြေထောက်များသည် ကြာပွင့်ပုံစံဖြင့် သော့ခတ်ပြီး ဖြစ်နေသည်။ ထို့နောက် ထိုင်နေသည့် အနေအထားရောက်အောင် နောက်သို့ ဆွဲခြင်းခံလိုက်ရ၏။

အခန်းထဲတွင် အခြားလူများလည်း ရှိနေကြသည်။ "အခု မင်းဟာ သီလရှင် မဖြစ်နိုင်တော့ဘူး။ မင်းရဲ့ ကာမဂုဏ်စိတ်ကို မင်း သတိမထားမိခဲ့ဘူး။ အခုမင်းရဲ့ ခြေထောက်တွေကို ကြာပွင့်ပုံစံနဲ့ငါတို့က ချုပ်နှောင်ထားပြီး မင်း မနာဘူးလား။ အဲဒီနာကျင်တဲ့ ဝေဒနာဟာ မင်းရဲ့ကာမဂုဏ်ပဲ။ ငါတို့ကို ကျေးဇူးတင်ဖို့ကောင်းတယ်"ဟု ယောကျ်ားအသံ တစ်သံ



www.burmeseclassic.com

www.burmeseclassic.com



က ပြောနေသည်။

ယူကိုကို တစ်ယောက်တည်းထားခဲ့ပြီး လူတွေ ထွက်သွားကြ၏။ ထို့နောက် အသံချဲ့စက်မှ အဆာဟာရ၏ အသံတွေ ဆူဆူညံညံ ပေါ်ထားသည်။

"ငါ သီလရှင်ဝတ်မယ်။ ငါသီလရှင်ဝတ်မယ်။ ငါသီလရှင်ဝတ်မယ်"

ထိုအသံသည် တစ်နာရီကြာအောင် ပေါ်နေ၏။

ယူကိုသည် အပြည့်အဝ သည်းခံစိတ်ထားပြီး ဖြစ်သည်။ ကြိုးတုပ်ခံရသဖြင့် မခံမရပ်နိုင်အောင် နာကျင်နေ၏။ သူမသည် ခန္ဓာကိုယ်ကို လှုပ်ပြီး လွတ်ရန် ကြိုးစားသည်။ သို့သော် ဥမ်ဘုန်းကြီးတစ်ပါး အခန်းထဲသို့ ပြေးဝင်ရောက်လာသည်။ သူသည် ဂျပန် တိုက်ခိုက်ရေးလက်နက်တစ်မျိုးဖြစ်သော ကင်ဒိုတုတ်တစ်ချောင်းကို ကိုင်ထားသည်။ ထို့နောက် နံရံနှင့်ကြမ်းပြင်ကို တဗုန်းဗုန်း ထုရိုက်နေ၏။

"မင်းဟာ ငရဲပြည်က ကာမဂုဏ်တွေကို အများကြီးဆုပ်ကိုင်ထားနေတယ်။ မင်းလို ခွေးမမျိုးက လူတွေကို သတ်လိမ့်မယ်"ဟု သူ အော်ပြောသည်။ ထို့နောက် သူသည် ယူကိုအား ကြမ်းပြင်ပေါ် တွန်းလှဲလိုက်၏။

"မင်းဟာ လူသတ်သမား လူသတ်သမား လူသတ်သမားဖြစ်တယ်"

ယူကိုသည် ပျက်စီးနေပြီ။ သူမ၏မျက်နှာသည် မျက်ရည်များနှင့် စိုစွတ်နေ၏။ အဝတ်အစားများမှာလည်း စုတ်ပြဲနေပြီး ကိုယ်လုံးတစ်ပိုင်း ပေါ်နေသည်။ ကြာပွင့်သင်္ကေတာန်ပြန်ထိုင်ရန် သူမအား အမိန့်ပေးသည်။ သူမက ငြင်းဆန်လိုက်၏။

"ငါ ကူညီပါ့မယ်"ဟု ယောကျ်ားတစ်ယောက်၏ ရယ်မောပြောသံကို ကြားရသည်။ ထို့ပြင် သူမအား ကြာပွင့်ပုံသင်္ကေတာန်ဖြစ်ရန် အတင်းအကြပ်လုပ်ကြ၏။ သူမ ရုန်းကန်ခုခံသည်။ သို့သော် အခြားယောကျ်ားတစ်ယောက် ဝင်ပါလာ၏။ အခုခါ သူမသည် မုဒိမ်းကျင့် ခံရသကဲ့သို့ ခံစားနေရသည်။

"သူတို့ကို ရပ်ခိုင်းပါ"ဟု မိန်းမတစ်ဦးအား သူမက အော်ပြောလိုက်၏။ သို့သော် ထိုမိန်းမက ဘာမှ ပြန်မပြောပေ။

မိနစ်(၃၀)မျှ ကြာသောအခါ ယူကိုအား နောက်ဆုံးတွင် လွှတ်လိုက်ကြသည်။ ဘာဒိုဇာတ်သွင်းခြင်း လေ့ကျင့်ခန်း ပြီးဆုံးပြီ။ ထိုအခန်းကျဉ်းကလေးထဲ ရောက်ချိန်မှစ၍ သူမ၏ ယုဉ်ပြိုင်ပွဲသည် (၁၂)နာရီမျှ ကြာသွား၏။

ယူကိုသည် အင်အား ပြန်လည် ပြည့်လျှင်ပြည့်ချင်း ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားလေတော့သည်။



အခြားလူများလည်း ယူကိုကဲ့သို့ပင် ခံစားကြရသည်။ နောက်လိုက်တစ်ယောက်သည် ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း ဖမ်းမိသွားကြောင်း ယူကိုသတင်းကြားရ၏။ သူသည်လည်း ဘာဒိုဇာတ်သွင်း လေ့ကျင့်ခန်းကို ဆက်ကြာ တက်ရကြောင်းသိရ၏။ ယူကိုကတော့ သူမအနေဖြင့် နောက်တစ်ခါ ဘယ်တော့မှ မဖြစ်ရန် ဆုံးဖြတ်ထားသည်။ ထို့နောက်ဝိုင်းတွင် ယူကို၏ လှုပ်ရှားမှုများကို အနီးကပ် စောင့်ကြည့်နေကြ၏။ ကံအားလျော်စွာဖြင့် သူမကို ကိုင်တွယ်သူများက ရေချိုးခန်းတွင်းသို့ ခေတ္တ သွားခွင့်ပြုသည်။ သူမသည် အလျှင်အမြန် ထွက်သွားပြီး ဝိုင်းထဲမှ ထွက်ပြေးသွားတော့သည်။

အယူသီးဂိုဏ်းသို့ ဘယ်တော့မှ ပြန်မသွားတော့ဘူးဟု ယူကိုက ဆုံးဖြတ်လိုက်၏။ သို့သော် ဥမ်သည် သူမ၏ သားငယ်ကို ခေါ်ထားခဲ့ဖြစ်၏။ ဩဂုတ်လအလယ်တွင် ယူကိုသည် အနီးရှိ ကျေးရွာတစ်ရွာတွင် နီအိမိ သူမခင်ပွန်းနှင့် အခြားသူများအားတွေ့ဆုံပြီး သားငယ်ကိုပြန်တောင်းသည်။ အယူသီးဂိုဏ်းသားများက ဥမ်သို့ ပြန်လာခဲ့ရန် သို့မဟုတ် တစ်သက်လုံး အပြစ်ခံရန် ပြောကြ၏။

သူမက ပြန်ပြောသည်။

"ကျွန်မ ငရဲ သွားရမယ်ဆိုတောင် ဥမ်ဝိုင်းထဲကို ပြန်မလာဘူး"

ဆွေးနွေးပွဲ ပျက်သွား၏။

စိတ်ရှုပ်ထွေးနေသော ယူကိုသည် ကားရပ်သည့်နေရာကို ဖြတ်၍ ထွက်သွား၏။ နီအိမိနှင့် တခြားလူများက သူမကို ရုတ်တရက် ဖမ်းဆီးပြီး လက်ထိတ်ခတ်၍ ကားထဲသို့ တွန်းထည့်လိုက်ကြသည်။ သူတို့အသံပုံသည် ကြမ်းတမ်းရက်စက်လွန်းသောကြောင့် ခင်ပွန်းဖြစ်သူက အော်ပြောလိုက်၏။

"မင်းတို့ သူ့ကို သတ်နေကြတာပဲ"ဟု. . .

ယူကိုသည် လွတ်မြောက်ရန်နည်းလမ်းကို များစွာသိသူ ဖြစ်၏။ သူမသည် အယူသီးဂိုဏ်းဆရာဝန်များနှင့် အနီးကပ်အလုပ်လုပ်ခဲ့သူဖြစ်ပြီး ဥမ်က ဆေးကုသမှုခံနေသော လူနာများအား ကြောက်မက်ဖွယ်ရာ နှိပ်စက်ဆဲခဲ့ပုံများကို မျက်မြင်သက်သေ ဖြစ်ခဲ့သည်။ ဒီထက် ပိုဆိုးသည်မှာ စိတ်ကို ထိခိုက်စေသော ဆေးဝါးများသုံးစွဲသည်ကို စောင့်ကြည့်ခဲ့ရခြင်းဖြစ်၏။ ဝိုင်းထဲသို့ ပြန်ရောက်သည့်အခါ ပြတင်းပေါက်မရှိသော အခန်းကျဉ်းကလေးထဲသို့ သူမအား ထည့်ထားကြသည်။ အစာသွင်းရန် အပေါက်ငယ်တစ်ပေါက်သာရှိ၏။ သော့ခတ်ထားသော အခန်းထဲမှ ထွက်ပြေးလွတ်မြောက်ရန် စဉ်းစား၍ မရချေ။

ရက်သတ္တနှစ်ပတ်ကြာသည်အထိ ယူကိုအား အချုပ်ချထားကြသည်။ နောက်ဆုံးတွင် နီအိမိ၏ လူမိုက်များက ထရပ်ကားနှင့် သယ်ဆောင်လာပြီး အပေါ်တွင် သုံးလေ့ရှိသော ကုန်သေတ္တာတစ်လုံးအထဲသို့ သူ့ကို ရွှေ့



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းထားကြသည်။ ထိုပစ္စည်းများကို အယူသီးဂိုဏ်းက ဦးနှောက် ဆေး ကြောရန် တီထွင်ထားခြင်းဖြစ်၏။ သူမ ယခု ရောက်နေသော အကျဉ်း ထောင်သည် စောစောက အခန်းငယ်ထက် ပိုဆိုးနေသည်။

ထိုသံမဏိ ကုန်သေတ္တာထဲတွင် လက်ထိတ်ခတ်ထားခံရသည့် ဥ ကဖမ်းထားသော တခြား သားကောင်ငါးယောက်လည်း ပါသည်။ ဖြစ် တတ်ဆန်း လုပ်ထားသည့် နံရံက အခန်းကို နှစ်ပိုင်းခြားထား၏။ ကြမ်းပြ ပေါ်မှာ ရာသီဥတုဒဏ် ခံနိုင်သည့် ကောက်ရိုးဖျာများ ခင်းထားသည် ထိုသြဂုတ်လတွင် အပြင်ဘက်၌ အပူချိန်သည် မြင့်တက်နေ၏။ အတွင်း မှာတော့ အပူဒဏ်မှာ မခံမရပ်နိုင်အောင် ပြင်းထန်လွန်းသည်။ အပူချိန် သည် တစ်နေ့ထက်တစ်နေ့ မြင့်လာသဖြင့် (၁၀၀)ဒီဂရီ ကျော်လာ၏။ ဥမ်လေသန့်စက်မှ ရေနွေးငွေ့များ ထည့်လိုက်သောအခါ အခြေအနေ ပိုဆိုးလာသည်။ ကိုယ်ပိုင်နေရာ တစ်နေရာ အိမ်သာခန်းတို့မှာ အသုံး ဆိုးဝါးလှ၏။ ယူကိုသည် ခက်ခဲစွာ ရပ်တည်နေရသည်။

ကုန်သေတ္တာသည် အချုပ်ခန်း သိုးသိုး မဟုတ်။ ဇာတ်သွင်းလေ့ကျ ရန် နေရာလည်းဖြစ်၏။ အကျဉ်းသားများသည် ညအချိန်တွင် အိပ်ခွင့် ကြ။ လဲလျောင်းခြင်း သို့မဟုတ် စကားပြောခွင့် မရှိ။ အရောင်ရှိန်သော ဖန်မီးချောင်းနှစ်ချောင်းကို အချိန်ပြည့် ထွန်းထားသည်။ ထို့ပြင် စောင့်ထိန်း နေသော အစောင့်များက အမြဲတမ်းလို ရှိနေ၏။ ထမင်းကို တစ်နေ့လျှင် တစ်ကြိမ်သာ အနည်းငယ်စီ စားကြရသည်။ ထို့နောက် သုံးရက် ဥပုသ် စောင့်ရ၏။ ဖမ်းဆီးထားသော သူများအား အားနည်းစေရန် ရည်ရွယ်ထား လေသည်။

ထို့နောက် မပြီးဆုံးနိုင်သော ဝတ်ပြုခြင်းကို လုပ်ကြရသည်။ ယူကို နှင့် အခြားလူများအား တင်ပျဉ်ခွေထိုင်စေပြီး အယူသီးဂိုဏ်းအား သစ္စာ ခံမည်ဖြစ်ကြောင်း မရပ်မနား ရွတ်ဆိုကြရ၏။

"ကျွန်မ အဆာဟာရဆီကို ပြန်သွားချင်တယ်"ဟု ယူကိုက အ တွေပြောလာသည်အထိ အော်ပြောနေသည်။ ဝတ်ပြုခြင်းတစ်မျိုးတွင် အချုပ်သားများသည် လေးနာရီကြာမျှ အတင်း မတ်တတ်ရပ်နိုင်း ခြင်းခံရ၏။ ထို့နောက် တစ်နာရီ နားခွင့်ရသည်။ ယူကိုမှာ ရှူးချင် သည်။

သူမ တစ်ယောက်တည်းတော့ မဟုတ်။ သူမ၏ နောက် ယောကျ်ားတစ်ဦး ဖြစ်ပြီး၊ အသက်(၆၄)နှစ်ရှိ ဂျပန် နိုင်ငံတော်ပိုင် တည် ခန်းပိုင်ရှင် ဖြစ်သည်။ သူသည် စိတ်ညစ်နေပြီး သမီးများကလည်း အ သီးဂိုဏ်းသို့ ဝင်ရောက်ထားကြ၏။ သူ့ဒုက္ခက လွန်ခဲ့သည့် ခြောက်လ စတင်သည်။ ဥမ်အဖွဲ့ဝင်များသည် သူ့လုပ်ငန်း တည်ရှိရာသို့ မကြာ လာရောက်ပြီး အလှူခံကြ၏။ ထို့နောက် မတ်လတွင် သူ့အား ဆေးတိ ပြီး သမီးနှစ်ယောက်နှင့် သမက်တစ်ယောက်အပါအဝင် သူတို့ကို အ





သီးဂိုဏ်းဝင်ခြောက်ဦးက ပြန်ပေးဆွဲသွားကြသည်။ ဒေါက်တာဟာယရှိ၏ ဆေးခန်းထဲတွင် သူ့ကို ပိတ်လှောင်ထားပြီး စမ်းသပ်စစ်ဆေးရာ လေငန်း ရောဂါရှိသည်ဟု ပြောထား၏။ ထို့ပြင် ဥမ်ကုထုံးအတိုင်း ရေနွေးအိုးတွင် စိမ်ပြီး ကုသလေသည်။ ပူနွေးသော ဆားရည်များကို သောက်စေရာ မကြာ ခဏ သောက်လိုက်အန်လိုက် ဖြစ်နေ၏။ ထို့ပြင် အယူသီးဂိုဏ်း၏ အငွေ့ ကျော်ကြားသော ရေနွေးငွေ့ကုထုံးဖြင့်လည်း ကုသလေသည်။

"အဲဒါ ငရဲပါပဲ"ဟု ထိုလူက ပြန်ပြော၏။ ထို့နောက် သူ့အား ဖူဂျီတောင် အကျဉ်းထောင်သို့ ပြောင်းပို့လိုက်ပြီး သူ၏ အိမ်ခြံမြေမှ ဒေါ်လာ တစ်သန်း တောင်းခံကြလေသည်။

ထိုအချိန်တွင် စားသောက်ဆိုင်ပိုင်ရှင်သည် ယူကိုနှင့် ဆက်သွယ် သည့် လူဆယ်ယောက် တင်ဆောင်ထားသည့် ကုန်သေတ္တာကားကြီးမှာ အပုပ်နံ့တွေ နံစော်နေ၏။ သူမအနေဖြင့် ဘယ်လောက်ကြာရှည် ခံနိုင်မလဲ ဆိုတာ ယူကို မသေချာချေ။ ထို့နောက် ရက်သတ္တပတ် ခြောက်ပတ်ကြာ သောအခါ တခြားအဆောက်အအုံထဲရှိ အခန်းငယ်ကလေးတစ်ခုသို့ သူမ အား စောင့်ရှောက်ခေါ်ယူသွားကြပြန်၏။

"အခုတစ်ခါတော့ အနောက်တိုင်းဆေးပညာကို အခြေခံပြီး ဇာတ် သွင်းရမည်"ဟု ဆရာဝန်တစ်ဦးက ပြောသည်ကို ဖြတ်သွားရင်းက သူမ ကြားလိုက်ရသည်။ နောက်ထပ် ဘာဖြစ်မလဲဆိုတာကိုတော့ သူမ မသေ ချာ သို့သော် သူမနှင့် ရင်းနှီးသော အယူသီးဂိုဏ်းဝင်များက သူမအား မူးယစ်ဆေးဝါးများ တိုက်ကျွေးထားသည်ဟု ပြောကြသည်။

နောက်တစ်ပတ် ကြာသောအခါ ယူကိုအား ကုန်သေတ္တာကုန်တိန် နာထဲမှ လွှတ်လိုက်၏။ ထိုအချိန်သည် အောက်တိုဘာလ အလယ်ဖြစ် သည်။ သူမ သတိ ပြန်ဝင်လာသောအခါ သူမသည် ဥမ်အကျဉ်းသား အဖြစ် သုံးလကြာကြောင်း သတိရလာသည်။

ဥမ်ပိုင်းခြံထဲတွင် သူမအား အလုပ်တစ်ခု ပေးထားသည်။ ပထမ ဦးဆုံးအနေဖြင့် အနှောင့်အယှက် မရှိဘဲ ညမှာ အိပ်စက်ခွင့် ပြုခံရ၏။ သို့သော် သူမသည် အစောင့်အကြပ်များ၏ စောင့်ကြည့်မှု ခံနေရဆဲ ဖြစ်သည်။ အမျိုးသမီး ဂိုဏ်းဝင်တချို့သည် ရေချိုးခန်းထဲထိ လိုက်လာ တတ်သည်။

နောက်ရက်သတ္တနှစ်ပတ် ကြာသောအခါ ယူကိုသည် ဥမ်ခြံပိုင်း ထဲမှ လယ်ကွင်းကို ဖြတ်ကျော်ပြီး အိမ်နီးချင်းတစ်ဦးအိမ်ကို ထွက်ပြေးသွား တော့သည်။ သူမသည် သွေးစက်များစွန်းပေလျက် အကျီများမှာ ဆူးခြုံ များကို ဖြတ်ကျော်ခဲ့ရ၍ စုတ်ပြဲလျက် ရောက်ရှိသွားခြင်း ဖြစ်၏။ ယခု အချိန်တွင် ဥမ်အိမ်နီးချင်းများသည် အယူသီးဂိုဏ်းမှ ထွက်ပြေးလာသူ များကို ခိုလှုံခွင့်ပေးနေကျ ဖြစ်နေသည်။ ယူကိုအား ရဲတပ်ဖွဲ့ အစောင့် အရှောက်ဖြင့် နေထိုင်စေပြီးနောက် တစ်နေ့တွင် ဒေသခံလူများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဥမ်သို့ပြန်သွားပြီး သားကိုလွှတ်ပေးရန် တောင်းဆိုလေသည်။ နီအိမိက ဝင်းတံခါးဝတွင် တွေ့ဆုံခွင့်ပေး၏။ သားကို ကိုယ်တိုင်ခေါ်ရန် ယူကို ကိုယ်တိုင် အထဲဝင်လာရန် ပြောသည်။ သို့သော် ယူကိုက ပါးနပ်လိမ္မာစွာဖြင့် ငြင်းပယ်လိုက်၏။

နောက်ကိုးရက် ကြာသောအခါ ယူကိုသည် ရှေ့နေတစ်ယောက်နှင့် အခြား ထောက်ခံသူများနှင့်အတူ ပြန်လာပြီး သားကို လွှတ်မပေးရင် တရားစွဲမည်ဟု ခြိမ်းခြောက်လေသည်။ ဒေါက်တာဟာယရှိနှင့် အယူသီးဂိုဏ်း ရှေ့နေ အေအိုယာမတို့က ပြန်လာရန် ဖြားယောင်းပြောဆိုကြသည်။ သို့သော် ယူကိုသည် ဘာမှ မလုပ်တော့ပေ။ နောက်ဆုံးတွင် အယူသီးဂိုဏ်းသည် အကြင်နာမဲ့သွားပြီး ယူကိုနှင့် သားတို့ကို လွှတ်ပေးလိုက်တော့သည်။ ဥမ်၏ ဦးနှောက်ဆေးကြောမှုလုပ်ငန်းသည် အရှုံးပေါ်လာသည်။

နောက်ဆုံးတွင် ယူကိုသည် ဘိုဆာကာရှိ အယူသီးဂိုဏ်းဌာနချုပ်သို့ ပြန်လာခဲ့၏။

"ကျွန်မ ငရဲပြည်ကို သွားနေရဦးမယ်လို့ပဲ ကြောက်စိတ်ဝင်နေခဲ့တယ်"ဟု ဂျာနယ်သမား အီဂါဝါအား ပြောကြားခဲ့သည်။ သို့သော် ဖူဂျီတောင်ဌာနချုပ်သို့ ပြန်သွားရန် ငြင်းဆိုခဲ့၏။ အဆာဟာရ ကိုယ်တိုင်တွေ့ဆုံပြီး စိတ်သက်သာရာရကြောင်း ပြောဆိုခဲ့သည်။ သို့သော် သူမအား သီလရင်ဝတ်ရန် နောက်ထပ် ဖိအားပေးနေလေသည်။

အဲဒါတွေ အားလုံးပြည့်စုံပေပြီ။ နောက်မကြာမီ ယူကိုသည် အယူသီးဂိုဏ်းကို အပြီးအပိုင် စွန့်ခွာခဲ့လေတော့သည်။

✣ ✣ ✣



## လျှပ်ခေါင်းများ

"ကျုပ်တို့မှာ ဓာတ်သွင်းနည်းအသစ် ရှိတယ်။ ဒါကို သောက်လိုက်ပါ"ဟု ဒေါက်တာဟာယရှိက ရှင်းပြသည်။

ထိုအချိန်မှာ (၁၉၉၄)ခုနှစ်၊ စက်တင်ဘာလအတွင်းက ဖြစ်ပြီး ဥမ်သည် စမ်းသပ်နေချိန် ဖြစ်၏။ ဤအချိန်တွင် သားကောင်တစ်ဦးမှာ အဆာဟာရ၏ သက်တော်စောင့်လုပ်နေသော ဂျပန်လူမျိုး စစ်မှုထမ်းဟောင်းဖြစ်၏။ ဒေါက်တာဟာယရှိက သူ့ကို ဆင့်ခေါ်ပြီး၊ ကျင်ငယ်ရည်နမူနာယူသည့် ဖန်ခွက်တစ်လုံးကို ပေးလိုက်သည်။ ဖန်ခွက်ထဲတွင် အဝါရောင် အရည်များ ရှိနေ၏။

"မကြာမီ ကျုပ်ခေါင်းမူးလာပြီး၊ လဲကျသွားတယ်၊ ပြန်ပြီးသတိရတဲ့အခါ ကျုပ်ဟာ အိပ်ရာပေါ် ရောက်နေပြီး၊ ဘာတွေ ဖြစ်နေသလဲဆိုတာ မသိဘူး။ နေ့ပေါင်းများစွာ ကုန်လွန်ခဲ့တယ်လို့ ထင်ရပါတယ်။ ဒါပေမယ့် ဘာမှ မမှတ်မိဘူးဗျာ"ဟု ထိုလူက ပြန်ပြောသည်။

"ကျုပ်ဦးခေါင်းကို လက်နဲ့ထိကြည့်တဲ့အခါ ရောင်ဖူးနေတဲ့ဘုတွေကို စမ်းမိတယ်။ ဦးခေါင်းရဲ့ အတွင်းပိုင်းရော အပြင်ဘက်မှာပါ သိပ်နာနေပါတယ်။ ဦးနှောက်တွေ ထိုင်းမှိုင်းနေပြီး ကိုက်ခဲနာကျင်နေတာပါ"

တကယ်တမ်းမှာ အဖုကလေးများသည် ခွဲစိတ်ထားသည့်အရာများဖြစ်ပြီး၊ ထိုလူ၏ ဦးခေါင်းလေးနေရာမှာ ခွဲစိတ်ထားခြင်းဖြစ်၏။ နဖူးတစ်ဖက်တစ်ချက်စီနှင့် နောက်ပိုင်းနှစ်ခု ဖြစ်သည်။ ခွဲစိတ်ရာတစ်ခုတိုင်းသည် တစ်စင်တီမီတာရှည်၍ နှစ်စင်တီမီတာ ကျယ်၏။

ထိုလူသည် အချိန်၏ လမ်းပျောက်နေ၏။ ရက်သတ္တပတ်များထို့နောက် လပေါင်းများစွာ ကုန်လွန်သွားသည်။

"အိပ်ရာပေါ်မှာ လှဲနေရတာကြာတော့ ကိုယ်တွေ နာလာတယ်။ ကျုပ်နာခေါင်းနဲ့ ဆီးလမ်းကြောင်းထဲကို ပိုက်တစ်ချောင်း သွင်းထားတယ်။ လက်မောင်းတွေမှာ အပ်ရာတွေနဲ့ ပြည့်နေတာပေါ့"ဟု သူက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ခွဲစိတ်ခံထားရသည့်အပြင် ဆေးဝါးများကြောင့် သူ့စကားပြောရာ၌ အခက်အခဲတွေ့ရပြီး၊ လှုပ်ရှားနိုင်ရုံမျှသာရှိ၏။ ဥမ်ဆေးခန်းမှာ သော့ခတ်ပိတ်လှောင်ခံရသည်။ စစ်သားဟောင်းကြီးသည် အစစအရာရာ ဆုံးရှုံးရလေတော့၏။ သူ့ကိုယ်အလေးချိန် (၂၂၀)ပေါင် ရှိခဲ့သော လူသည် သုံးပုံတစ်ပုံမျှသာ ကျန်တော့ပြီး သေတွင်းနှုတ်ခမ်းသို့ ရောက်နေ၏။

တစ်ချိန်တွင် ဆံပင်ဖြူဖြူနှင့် ဆရာဝန်တစ်ဦး ရောက်လာသည်။

"ရှင်ဟာ သတင်းတွေကို အပြင်မှာ ပေါက်ကြားအောင်လုပ်တယ်။ အဲဒါကြောင့် ရှင် သေလုမတတ်ခံရတာ"ဟု သူမက ပြောသည်။

ထို့နောက် သူလွတ်မြောက်သွားပြီး၊ ကျန်းမာရေး ကောင်းမွန်ရန် ပြုစုခြင်း ခံရပြန်၏။

"ကျုပ် အိမ်ပြန်ရောက်တော့ ဦးနှောက်ကို အသေအချာ စစ်ဆေးခဲ့မိပါတယ်။ အနာရွတ်လေးခုကို တွေ့ရတော့ သူတို့ဟာ ကျုပ်ခေါင်းထဲကို လျှပ်ခေါင်းတွေ ထည့်တယ်လို့ ထင်ပါတယ်"ဟု သူ ပြန်ပြောခဲ့သည်။

ဥမ်သိပ္ပံပညာရှင်များသည် လျှပ်ခေါင်းနှင့် ဦးနှောက်အကြောင်းတို့ကို စိတ်ကူးယဉ်ပြီး စိတ်ကို ထိန်းချုပ်ရန် နည်းလမ်းအသစ် ရှာနေကြသည်။ ဆေးဝါးများနှင့် ဦးနှောက်ဆေးကြောခြင်းတို့သည်

"ကျုပ်ခေါင်းထဲမှာ လျှပ်ခေါင်းတွေ"ဟူသော စကားသည် အနာဂတ်ကာလ တစ်နေရာမှ ပြန်လာသကဲ့သို့ ပဲ့တင်ထပ်သွား၏။ အဆင့်မြင့် အတတ်ပညာဖြင့် သေခြင်းတရားကိုလုပ်နေသော အယူသီးဂိုဏ်း ဥမ်သည် ဝီလျံဂျစ်ဆမ်ရေးသားသည့် သိပ္ပံစိတ်ကူးယဉ်ဝတ္ထု "နျူရိုမင်ဆာ"ကို ဖတ်ထားကြပြီး ဆိုက်ဘာပန့်ကမ္ဘာကို တွေ့ရှိထားကြ၏။ ဂျစ်ဆမ်၏ ဝတ္ထုထဲတွင် ကေ့(စ်)အမည်ရှိ ကောင်းဘွိုင် ဖတ်လိုက်မင်းသားသည် တိုကျိုမြို့ လမ်းကြားထဲများသို့သွားပြီး လမ်းများ၏ အနေအထားကို လေ့လာမှတ်သားခဲ့သည်။ ထိုအချိန်တွင် သူ၏စိတ်ကို ကွန်ပျူတာ ကွန်ရက်နှင့် ဝါယာများဖြင့် တိုက်ရိုက်ဆက်သွယ်ထား၏။ သူသည် မိမိအိမ်ဖြစ်သော သာတိယံ(၇)သို့ တန်းတန်းမတ်မတ် ရောက်သွားခဲ့သည်။

ဥမ် သိပ္ပံပညာရှင်များသည် အီလက်ထရွန်နစ်နှင့် ဦးနှောက်အကြောင်းကို စိတ်ကူးယဉ်နေကြပြီး၊ စိတ်ကို ထိန်းချုပ်ရန် နည်းသစ်ကို ရှာဖွေနေကြ၏။ ကျင့်စဉ်၊ ဆေးဝါးနှင့် ဦးနှောက် ဆေးကြောနည်းများသည် အဆာဟာရအတွက် လုံလောက်မှု မရှိသေး။

"ဥမ်သည် ဦးနှောက်ကို တိုးတက်အောင် ပြုပြင်ခြင်းဖြင့် လူသားစက်ရုံတီထွင်ရန် အကြံရှိလိမ့်မည်"ဟု တိုကျိုမြို့ထုတ် မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြထားသည်။ အဆာဟာရက မူရိုင်းအား သူ၏အမိန့်ကို ဘယ်နည်းနှင့်ဖြစ်ဖြစ် လိုက်နာမည့် နောက်လိုက်များ ဖန်တီးထုတ်လုပ်နိုင်မည်လားဟု မေးသည်။ အမြဲတမ်း အမိန့်လိုက်နာသည့် မူရိုင်းက ထိုကိစ္စ ကြည့်ပေးမည်ဟု ပြောလေသည်။





ဥမ်သိပ္ပံပညာရှင်များသည် ဦးနှောက်လှိုင်း စနစ်ပုံစံကို အရူး စိတ်ဝင်စားနေ၏။ နောက်ဆုံးတွင် အယူသီးဂိုဏ်းဘုန်းကြီးများ ဝတ်ဆင်သည့် လျှပ်ခေါင်းအီလက်ထရွန် ဦးထုပ်များ ဖြစ်လာသည်။ သို့သော် ယခုအချိန်တွင် သူတို့ စမ်းသပ်ချက်များသည် အခြေခံအားဖြင့် ကျယ်ပြန့်နေ၏။ အဆာဟာရနှင့် မူရိုင်းတို့သည် စိတ်ကို ထိန်းချုပ်နည်းနှင့် ပတ်သက်၍ စာအုပ်သစ်တစ်အုပ်ကို ဖတ်ပြီး ဆွေးနွေးနေကြသည်။ ဂုရုက သူ၏ သိပ္ပံဌာနမှူးကို ဤသို့ ပြောသည်။

"ထိုင်ဝမ်မှာ စက်ရုပ်ရဲသားတွေ အလုပ် စတင်လုပ်ပြီလို့ ကြားရတယ်၊ အခုအခါ ငါတို့လည်း သရုပ်ပြလုပ်ဖို့ အချိန်တော်ပြီလို့ထင်တယ်"

မူရိုင်းက ဤသို့ ပြန်ဖြေသည်။

"ဟုတ်ကဲ့. . . ဆရာကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့ ရုပ်ပြဇာတ်လမ်းကားတွေကို ရယ်မောဖို့ မသင့်တော့ဘူး။ လျှပ်စစ်လှိုင်း (၈၄၀)က (၈၉၀)အထိဟာ လူသားဦးခေါင်းခွံထဲမှာ ကြွင်နာစိတ်နဲ့ တုံ့ပြန်တတ်ပြီး၊ ဦးနှောက်နဲ့လည်း သိပ်ပြီး၊ နီးစပ်တယ်လို့ ကြားသိရပါတယ်။ အမေရိကမှာတော့ စိတ်ကို လျှပ်စစ်လှိုင်းနဲ့ ထိန်းချုပ်တဲ့နည်းတွေ ပါဝင်လာပါပြီ"

ထုံးစံအတိုင်းပင် ဥမ်သိပ္ပံပညာသည် ဝေးကွာသော နေရာအထိ လျှောက်လမ်းသည်။ သို့သော် မဖြစ်နိုင်ချေ။ ဆေးဝါးကိစ္စမှာလည်း ဒဏ်ရာများ၊ အရိုးကျိုးလူနာများ အနာသက်သာစေရန်နှင့် စိတ္တဇဝေဒနာများ ကုသရာတွင် လျှပ်စစ်ရှော့(က်)ရိုက်၍ အသုံးပြုခဲ့ကြသည်။ စိတ်ရောဂါကု ဆရာဝန်များ သိရှိကြသည့်အတိုင်းပင် ဦးနှောက်ကို လျှပ်စစ်ဖြင့် ရှော့(က်)ရိုက်ခြင်းသည် အနိုက်အတန့်အားဖြင့် စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်မှု အပါအဝင် ကြောက်မက်ဖွယ်ရာ ဆိုးကျိုးများ ပေးနိုင်၏။ ဦးနှောက်မှာသို့ လျှပ်စစ်အား ဖြတ်တောက်ခြင်းသည် ယခုအခါ လေသင်တုန်းဖြတ် ရောဂါရှင်များအား ပခုံးထဲသို့ လျှပ်စစ်အချက်ပြရန် မိုက်ကရိုချစ်(ပ်)များ ထည့်ထားနိုင်ပေပြီ။ ဤသို့ လုပ်ခြင်းဖြင့် ကြွက်သားမျှင်များကို လက်မောင်းမရန် စေခိုင်းနိုင်၏။

စစ်ပညာသုတေသနပညာရှင်များက ဤကဲ့သို့သော အတတ်ပညာကို စစ်ပွဲတွင် အသုံးချနိုင်မည်လားဟု ထင်နေကြသည်။ စစ်အေးတိုက်ပွဲကာလမှ သိပ္ပံပညာရှင်များသည် လူသားများ၏ ဦးနှောက်တွင် လျှပ်စစ်သံလိုက်စွမ်းအား အသုံးပြုရန် ရှာနေကြသည်မှာ နှစ်ပေါင်းများစွာကပင် ဖြစ်၏။ ထိုလုပ်ငန်းကို ယနေ့ထိ ဆက်လက် ဆောင်ရွက်နေကြသည်။

(၁၉၈၂)ခုနှစ်တွင် အမေရိကန်လေတပ်မှ ထုတ်ဝေသော 'သဏ္ဍာဗေဒအတတ်ပညာရီဗျူး' စာစောင်တွင် "လျှပ်စစ်သံလိုက်လက်နက်များသည် အစွမ်းထက်မြက်၍ လူကို ဆန့်ကျင်တော်လှန်ပြီး၊ စစ်ရေးအရ



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်မှုများ ရှိလာနိုင်သည်"ဟု သတိပေး ရေးသားခဲ့လေသည်။ နောက် လေးနှစ်ကြာသောအခါ ကပ္ပတိန်ပေါလ်တိုင်လာရေးသော 'အနိမ့်စားပဋိပက္ခနှင့် ခေတ်သစ်နည်းပညာ' စာအုပ်တွင် လူသားများကို ဆန့်ကျင်၍ ထိုလက်နက်များ သုံးစွဲနည်းကို ကြောက်ခမန်းလိလိ ရေးသားတင်ပြထား၏။ တိုင်လာသည် ဆေးပညာဘွဲ့ရရှိပြီး၊ ရေတပ်တွင် ပြန်တမ်းဝင်အရာရှိ ဖြစ်လာသည်။ သူက 'ထိုလက်နက်မျိုးကို စိတ်အနှောင့်အယှက်ဖြစ်စေမည့် ကိစ္စများတွင် အသုံးပြုရန် အပျော့စားမှ အပြင်းစားအထိ ထုတ်လုပ်သင့်ကြောင်း၊ ထိုလက်နက်များသည် အသံတိတ်ဖြစ်၍ တုံ့ပြန်တိုက်ခိုက်ရန် ခက်ခဲကြောင်း' ရေးသားတင်ပြခဲ့သည်။ ထို့ပြင် စစ်သားများအား အနည်းငယ် အနားယူစေပြီး၊ ထိပ်ဆုံးထိ တာဝန်ထမ်းဆောင်နိုင်အောင်လည်း အကျိုးပြုနိုင်သည်ဟု ဆို၏။

ဥမ်သည် လျှပ်စစ်ဓာတ်အားဖြင့် စိတ်ကို ထိန်းချုပ်ရန် နည်းပညာကို ပထမဦးဆုံး အသုံးပြုခဲ့သူများ မဟုတ်ချေ။ (၁၉၈၄)ခုနှစ်တွင် 'အမိန့်တော်' အမည်ရှိ အမေရိကန် အသားဖြူ အယူသီးအဖွဲ့တစ်ဖွဲ့သည် 'ယုံကြည် အားထားရသော စီမံကိန်း'ဟု ခေါ်သော လုပ်ငန်းတွင် ဒေါ်လာ (၁၀၀၀၀၀) သုံးစွဲခဲ့ကြသည်။ ထိုဘာသာရပ်ကို ရေးသားဖော်ပြ ပြောင်းလဲခြင်း သို့မဟုတ် အသေးစိတ် တိုက်ဆိုင်မှုများနှင့် ပတ်သက်၍ လေ့လာစမ်းသပ်ရာတွင် အမေရိကန်အစိုးရ အရာရှိအချို့ ပါဝင်ပတ်သက်ခဲ့ကြောင်း အက်ဖ်ဘီအိုင်သို့ ပြောပြခဲ့ကြ၏။ ထို အချက်ပြမှုများသည် လူများကို စိတ်ပျော့ညံ့စေပြီး၊ ရိုကျိုးနှိမ့်ချစေသည်ဟု ဆိုသည်။

ဥမ်သိပ္ပံပညာရှင်များသည် လူများ၏ ဦးခေါင်းပေါ်တွင် လျှပ်ခေါင်းများ တပ်ဆင်ပေးခြင်းဖြင့် သူတို့အား တကယ် ထိန်းချုပ်နိုင်ပါ့မလား။

"လူတွေကို စက်ရုပ်ဖြစ်အောင် လုပ်တာက အဆာဟာရအတွက် ကစားနည်း တစ်ခုပါပဲ၊ သူ့ကိုယ်သူလည်း စက်ရုပ်တွေရဲ့ နတ်ဘုရားအဖြစ် စိတ်ကူးယဉ်ထားပါတယ်"ဟု ဥမ်အဖွဲ့ဝင်ဟောင်းတစ်ဦးက ပြောလေသည်။

အဆာဟာရက တကယ်တမ်း ဖန်တီးချင်သည်မှာ လူသေကို အသက် ပြန်သွင်းထားနည်းဖြစ်၏။ ဒေါက်တာဟာယရှိသည် သံသယရှိသော နောက်လိုက်များကို မှတ်ဉာဏ်များပျောက်သွားရန် လျှပ်စစ်ရှော့(က်) ကိရိယာတစ်စုံကို အသုံးပြုလေသည်။ ဟာယရှိ၏ ဆေးမှတ်တမ်းအရဆိုရင် (၁၀၀)ဗို့(တ်)အားရှိ လျှပ်စစ်ဖြင့် ခုနစ်ကြိမ် ရှော့(က်) ရိုက်လျှင် အဆာဟာရ၏ ကားဆရာ၏ မှတ်ဉာဏ်ကို အချိန်တိုမေ့ပျောက်အောင် လုပ်နိုင်စွမ်းရှိသည်ဟု ဆို၏။ သူတို့သည် ကားဆရာအား သူလျှိုဟု တံဆိပ် တပ်ထားကြသည်။ ထိုလူသည် ဂုရု၏ကားကို မောင်းခဲ့ကြောင်း လုံးဝ မမှတ်မိတော့ချေ။ သာတီယံ(၇)မှ ထွက်ပြေးရန် ကြိုးစားခဲ့





သော အလုပ်သမားတစ်ဦးအား ရှော့(က်) (၁၁)ကြိမ် ရိုက်လိုက်ပြီး လိင်ဆက်ဆံသည်ဟု စွပ်စွဲခံရသော လုပ်သားတစ်ဦးအား (၁၉)ကြိမ်ရှော့(က်) ရိုက်ခံရသည်။ (၁၉၉၄)ခုနှစ်၊ အောက်တိုဘာလမှစ၍ သုံးလအတွင်းမှာ ဒေါက်တာဟာယရှိသည် နောက်လိုက်(၁၃၀)ဦးကို လျှပ်စစ်ရှော့(က်) အကြိမ်(၆၀၀) ရိုက်ပေးခဲ့၏။ နောက်ပိုင်းတွင် တချို့သည် သူတို့ ဘယ်အယူသီးဂိုဏ်းထဲမှာ ဝင်ရောက်ခဲ့သည်ကို သတိမရ၊ ဂုရုကြီး၏ နာမည်ကိုလည်းမေ့နေကြ၏။ သူတို့၏ နာမည်များကိုပင် မမှတ်မိကြတော့ချေ။

ဥမ်ကို မည်သူကမျှ တားဆီးနိုင်ခြင်း မပြုဟု ထင်နေရ၏။ ဂျပန်နိုင်ငံရဲတပ်ဖွဲ့သည် အယူသီးဂိုဏ်း ကျူးလွန်ခဲ့သည့် အမှုကိစ္စများကို ငါးနှစ်ကြာသည့်တိုင်အောင် လိုက်နိုင်စွမ်း သို့မဟုတ် စိတ်ပါဝင်စားခြင်း မရှိချေ။ လူစွမ်းကောင်းများတော့ ရှိသည်။ သို့သော် သူတို့သည် ကြောက်ခက်ဖွယ်ရာ ကံကြမ္မာဆိုးများနှင့် ရင်ဆိုင်ခဲ့ကြရ၏။ ရှေ့နေဆာကာမိုတိုသည် မိသားစုနှင့်အတူ (၁၉၈၉)ခုနှစ်တွင် အသတ်ခံခဲ့ကြရသည်။ ကိုတာနီအိုချိဒါသည် သူငယ်ချင်း၏ မိခင်ကို ကယ်တင်ရန် ကြိုးစားခဲ့စဉ် ကြိုးဖြင့်ညှစ်သတ်ခံခဲ့ရ၏။ ပြန်ပေးမှုများ အကျဉ်းချခံရမှုများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ရဲတပ်ဖွဲ့သို့ သတင်းပေးရန် ယူကိုတာနာကာ လွတ်မြောက်ခဲ့သည်။ ထို့နောက် ရှိုကို အီဂါဝါတို့ ဖြစ်ကြသည်။

ရှိုကိုအီဂါဝါသည် ကိုယ်ထည် သေးသွယ်ပြီး၊ ရှေးမဆွကပင် အယူသီးဂိုဏ်းထဲတွင် တစ်ခုခုတော့ ပုပ်သိုးပျက်စီးနေပြီဟု ယူဆကာ ဆောင်းပါးများရေးခဲ့သူ ဖြစ်၏။ ရှေးနှစ်ပေါင်းများစွာကပင် ယိုကိုဟာမ သတင်းစာသတင်းထောက်အဖြစ် လုပ်ကိုင်နေခဲ့စဉ်က ထွက်ပြေးလာခဲ့သော ဥမ်အဖွဲ့ဝင်တစ်ဦးက သူမအား ဆာကာမိုတိုနှင့် မိတ်ဆက်ပေးခဲ့ဖူး၏။ ထိုအချိန်မှစ၍ ဆာကာမိုတိုမိသားစု ပျောက်ဆုံးသည့် ကိစ္စကို စုံစမ်းစစ်ဆေးခဲ့ကြသည်။ အီဂါဝါသည် ဆာကာမိုတိုပျောက်ဆုံးမှုနှင့် ပတ်သက်၍ စာအုပ်နှစ်အုပ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်အမည်များမှာ ယေရှုတစ်ယောက်၏ မျှော်မှန်းချက်နှင့် ရှေ့နေယိုကိုဟားမားအား ပြန်ပေးဆွဲခြင်းတို့ ဖြစ်ကြ၏။

အီဂါဝါသည် အယူသီးဂိုဏ်းနောက်ယောင်ခံရာတွင် တစ်ဦးတည်း ဖြစ်နေသည်။ တခြားသတင်းထောက်များသည် ဥမ်အား အရေးယူခြင်းဆိုသည်မှာ တရားစွဲဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် ဖြစ်နိုင်လျှင် [illegible] ဆိုးဝါးစေသည်ဟု သိရှိနေကြသည်။ နောက်ဆုံးတွင် အယူသီးဂိုဏ်း [illegible]ပေါ်တွင် ပြည်သူတွေ၏ စိတ်ဝင်စားမှု တိုးပွားလာပြီး ဆီဂါဝါအတွက် [illegible]ပွားရေးဈေးကွက် ဖြစ်လာ၏။ သို့သော် နောက်ပိုင်းတွင် မတ်ဆူမိုတိုဆာရင်ဓာတ်ငွေ့ တိုက်ခိုက်မှုပေါ် ပေါက်လာပြီး သူမသည် ကလဲ့စား[illegible] [illegible] နောက်ဆုတ်ရလေသည်။ ယခု အပျော်တမ်း စာရေးဆရာ အနေဖြင့် သူမသည် ဂျပန်နိုင်ငံ အပတ်စဉ်ထုတ် မဂ္ဂဇင်းများတွင် ဥမ်အဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com

ဟောင်းများကို အင်တာဗျူးများတွင် အယူသီးဂိုဏ်း၏ တရားကျင့်ပုံများနှင့် ဉုမ်ခေါင်းဆောင်မှုများကို တိုက်ခိုက်ရေးသားသည်။ တယ်လီဖုန်းထဲမှတစ်ဆင့် ခြိမ်းခြောက်ခံရလင့်ကစား သူမသည် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် အယူသီးဂိုဏ်းကို ရှေ့တိုးလျက် လေ့လာစူးစမ်းလျက် ရှိ၏။

အဆာဟာရ၏ ကိုယ်ပိုင်အခန်းထဲတွင် ဉုမ်အဖွဲ့ဝင်များ စုရုံးကြလျက် အီဂါဝါ၏ ဓာတ်လမ်းများကို တစ်ယောက်က ဖတ်ပြရသည်။ စာဖတ်၍ ပြီးဆုံးသောအခါ အဆာဟာရက မချိပြုံး ပြုံးလိုက်၏။

“အီဂါဝါက ငါ့ကို စိတ်ဝင်စားနေသလား သိချင်လှတယ်”ဟု သူက ပြောသည်။ ထိုအခန်းထဲမှ နောက်လိုက်တစ်ဦးက သတင်းထောက်တစ်ယောက်အား ဤသို့ ပြန်ပြောပြသည်။

“အဆာဟာရဟာ နောက်တစ်ချိန်ကျတော့ ရုတ်တရက် ချက်ချင်းဆိုသလို ခံစားချက် ပြင်းထန်လာပြီး၊ သူမကို သတ်ဖို့ အမိန့်ပေးသလို နိမိတ်ပြတဲ့ လေသံနဲ့ ပြောလိုက်တယ်”

အီဂါဝါ ငြိမ်သွားစေဖို့ အလုပ်သည် နီအိမိပေါ်သို့ တာဝန်ကျလာ၏။ (၁၉၉၄)စက်တင်ဘာ (၂၀)ရက်နေ့၌ နီအိမိနှင့် သူ၏ လူသတ်အဖွဲ့သည် အီဂါဝါ၏ အိမ်ခန်းရှိရာ ယိုကိုဟားမားသို့ ကားဖြင့် သွားရောက်ကြသည်။ သူ့လက်ထဲတွင် အယူသီးဂိုဏ်း ဓာတ်ခွဲခန်းထဲမှ နောက်ဆုံးပေါ်လက်နက်ကို ကိုင်ဆောင်ထား၏။

နံနက် (၃း၃၀)ခန့်တွင် အီဂါဝါသည် ထူးဆန်းသော အသံများကြောင့် လန့်နိုးလေသည်။ အိမ်ရှေ့တံခါးမှ သတင်းစာထည့်သည့် သေတ္တာက အသံတွေ ထွက်နေ၏။

“အဲဒါ ထူးဆန်းတယ်လို့ ကျွန်မ ထင်ပါတယ်၊ နောက်ပြီး အဝင်တံခါးကို မျက်နှာမူပြီး နားနေခန်းဆီကို ကျွန်မ သွားပါတယ်။ အဝင်ခန်းမမှာ ထူးဆန်းတဲ့ အနံ့တွေပါတဲ့ ဓာတ်ငွေ့တွေနဲ့ ပြည့်နေတာကို တွေ့ရပါတယ်။ ကျွန်မ ဓာတ်ငွေ့ကို ရှူလိုက်မိတယ်လို့ ထင်ပါတယ်”ဟု နောင်တွင် သူမက စာရေးသည်။

ဤတစ်ကြိမ်တွင် လူသေစေတတ်သော ဓာတ်ငွေ့သည် ဖော့(စ်)ဂျင်း အမျိုးအစားဖြစ်ပြီး၊ ပထမကမ္ဘာစစ်(၁၉၁၄-၁၈)အတွင်းက အသက်ရှူ မွန်းကျပ်စေရန် အသုံးပြုခဲ့၏။ ဖော့စ်ဂျင်းဓာတ်ငွေ့သည် အသည်းကို ထိခိုက်စေပြီး၊ တစ်ရှူးခေါ် အသားမျှင်များကို ရောင်လာစေသည်။ နောက်တော့ လူနာ သေသွားလေသည်။ ထို ဓာတုဗေဒပစ္စည်းကို ယခုအခါ ပလတ်စတစ်စက်ရုံများတွင် ကာဗွန်ဒိုင်ကလိုရိုက်ဟု ခေါ်၍ အသုံးပြုကြသည်။ ဉုမ်အတတ်ပညာရှင်များသည် လေဖြင့်ရောစပ်သော ကိရိယာငယ်တစ်ခုတွင် ထိုဓာတုဗေဒပစ္စည်းကို ထည့်သွင်း အသုံးပြုလျက်ရှိပြီး၊ နီအိမိသည် အီဂါဝါ၏ စတုတ္ထအလွှာအခန်းထဲသို့ မှုတ်သွင်းလိုက်သည်။

“မကြာမီ လည်ချောင်းထဲ နာလာပြီး၊ ကြယ်တွေ မြင်လာတယ်”





ဟု အီဂါဝါက ပြန်ပြော၏။ အမြင်ထွက်ရမှာ ကြောက်နေသဖြင့် သူမသည် ခြေသံများကို နားထောင်နေရသည်။ သို့သော် ဘာသံမျှ မကြားရ ထို့နောက် သူမသည် လသာဆောင်သို့ ပြေးသွား၏။

“ကျွန်မအောက်ကို ငုံ့ကြည့်လိုက်တဲ့အခါ အဆောက်အအုံထဲက တစ်ယောက်ယောက် ပြေးထွက်သွားတာကို တွေ့လိုက်ရပါတယ်၊ သူဟာ လမ်းပေါ်မှာ ရပ်ထားတဲ့ ကားအဖြူကြီးထဲက ထိုင်ခုံပေါ်ကို အဲဒီလူဟာ ခုန်ဝင်သွားပါတယ်။ အဲဒီနောက် ကားကွယ်ပျောက်သွားတယ်”

အီဂါဝါသည် ဆေးရုံသို့ သွားရောက်ပြသရာ ဆရာဝန်များက သူမ လည်ချောင်းများ ကြောက်စရာကောင်းအောင် ဖူးရောင်နေသည်ကို တွေ့ရသဖြင့် ရက်သတ္တနှစ်ပတ်ဆေးကုရန် ညွှန်ကြားလိုက်၏။ အီဂါဝါသည် အိပ်ရာပေါ်မှနေ၍ ဘယ်သူ့မှာ တာဝန်ရှိသည်ကို သိလေသည်။ ဉုမ်သည် ဓာတုဗေဒလက်နက်ဖြင့် သူမကို သတ်ရန် နောက်တစ်ကြိမ်ကြိုးစားသည်ဟု အီဂါဝါက ပြောသည်။ ဉုမ်၏ ပြန်ကြားချက်သည် သူတို့ဟောပြောသလို လျင်မြန်လှ၏။

“တကယ်လို့ အီဂါဝါကို တိုက်ခိုက်တာမှန်ကန်ရင် ဉုမ်သည် သမုတိသစ္စာဂိုဏ်းကို ထောင်ချောက်ဆင်ဖို့ ကြံစည်ထားဖြစ်တယ်”ဟု အယူသီးဂိုဏ်း၏ စာတမ်းတွင် ဖော်ပြထား၏။ “တကယ်စင်စစ်တော့ ဉုမ်ကို ဘောင်ခတ်ဖို့ အခြား ကြိုးပမ်းချက်တွေလည်း ရှိဦးမယ်”

တိုက်ခိုက်ခြင်းသည် သိသာထင်ရှားလွန်းသဖြင့် ဉုမ်၏ဝေဖန်ချက်သည် ရဲတပ်ဖွဲ့အား အချက်ပေးခေါင်းလောင်း ထိုးသလို ဖြစ်သွား၏။ အံ့သြစရာ ကောင်းလောက်အောင်ပင် ဖြစ်ပေသည်။ ဂျပန်ရဲတပ်ဖွဲ့သည် နောက်ဆုံးတွင် ရှိုကိုအဆာဟာရနှင့် သူ၏ လူသတ်သမား အယူသီးဂိုဏ်းဝင်များကို စတင်စောင့်ကြည့်လေတော့၏။

ယိုကိုဟားမားမြို့ ရဲတပ်ဖွဲ့သည် ဆာကာမိုတိုမိသားစု အသတ်ခံရသည့်နေရာနှင့် အီဂါဝါအား တိုက်ခိုက်ခံရပုံတို့ကို စတင်၍ နှိုးကြားတက်ကြွစွာ စုံစမ်းသည်။ မတတူမိုတိုအား တိုက်ခိုက်ခြင်း မခံရမီ လပေါင်းများစွာ မတိုင်မီကပင် ဉုမ်သည် သူတို့၏ စာစောင်များတွင် ဆာရင်ဓာတ်ငွေ့အကြောင်းဆွေးနွေးချက်မှာ ဖော်ပြရေးသားခဲ့သည်ကို ရဲတပ်ဖွဲ့က လေ့လာမိခဲ့ကြသည်။ အမှန်မှာ ဓာတုဗေဒလက်နက်များသည် စာပေများတွင် ဖော်ပြပါရှိသည့်အတိုင်း အယူသီးဂိုဏ်း၏ အစွဲအလမ်းဖြစ်နေ၏။

ရှေ့ဘက် တံခါးပေါက်မှ ဖော့စ်ဂျင်းဓာတ်ငွေ့များ ယိုစီးနေသည်ကို အီဂါဝါ တွေ့ရှိချိန်တွင် ယိုကိုဟားမား အာဏာပိုင်များသည် တိုကျိုမြို့ အမျိုးသားရဲတပ်ဖွဲ့ အေဂျင်စီ(အန်ပီအေ)နှင့် သူတို့၏ တွေ့ရှိချက်များကို ဆွေးနွေးနေခဲ့သည်။ အမျိုးသား ရဲတပ်ဖွဲ့ အေဂျင်စီတွင် တပ်ဖွဲ့ဝင်ပေါင်း (၂၆၀၀၀၀) ရှိသည်။ ထို့နောက် အန်ပီအေသည် ဉုမ်ရာဇဝတ်မှုများကို

www.burmeseclassic.com

www.burmeseclassic.com

တစ်နိုင်ငံလုံးမှ စုဆောင်းပြီး၊ အစီရင်ခံရန် အရာရှိများကို တာဝန်ပေးအပ်လေတော့သည်။ ထိုနွေရာသီက ဖူဂျီတောင်မှ ဌာနချုပ်တွင် အဆိပ်ရည်များ ယိုထွက်သည့်ကိစ္စကို လေ့လာသောအခါ အန်ပီအေသည် ဓာတုဗေဒလုပ်ငန်းတချို့ကို ကိုယ်တိုင်လုပ်ရန် ဆုံးဖြတ်လိုက်၏။ အန်ပီအေသည် ဓာတုဗေဒဝန်ထမ်းများ စေလွှတ်ပြီး၊ သစ်ပင်များ ခြောက်သွေ့လျက်သေဆုံးသည့်နေရာမှ မြေကြီးနှင့် သစ်ရွက်များကို တိတ်တဆိတ် စုဆောင်းစေခဲ့သည်။

နိုဝင်ဘာလတွင် ရဲတပ်ဖွဲ့သည် အဖြေရရှိလေတော့သည်။ နမူနာများတွင် မက်သယ်ဖော့(စ်)ဖဖင်းအက်စစ် သဲလွန်စများ တွေ့ရှိရပြီး ဆာရင်အဆိပ်ကို ခွဲလိုက်သောအခါ အကြွင်းအကျန်များ ကျန်ရစ်ခဲ့၏။ ထိုဝင်းထဲတွင် ဤကဲ့သို့ ဖြစ်နေသည်မှာ သဘာဝအတိုင်း မဟုတ်ကြောင်း ဓာတုဗေဒပညာရှင်များက ပြောကြသည်။ သို့သော် ဆာရင် အကြွင်းအကျန်များသည် အန်ပီအေအတွက် မလုံလောက်သေးပေ။ ဘာသာရေးအဖွဲ့အစည်းတစ်ခုအား အလုံးအရင်းနှင့် ဝင်ရောက်ရှာဖွေရန် ပိုမိုခိုင်လုံသည့်သက်သေကို တောင်းဆိုကြသည်။ ရွှေ့ချယ်ရန်အမှုလျှော့နည်းသွားခြင်းလည်း မရှိပေ။ ထိုအချက်ကို စဉ်းစားကြည့်သောအခါ သူတို့သည် သူနာပြု ဆရာမဟောင်း ယိုကိုတာနာကာ၏ ထွက်ဆိုချက်များထဲမှ လူပြန်ပေးဆွဲမှုများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကိစ္စများကို ထည့်သွင်းစဉ်းစားကြရသည်။ ထို့နောက် သူမနှင့်အတူ အချုပ်ခန်းထဲတွင် နေခဲ့ရသော စားသောက်ဆိုင် ပိုင်ရှင်သည် အကြီးအကျယ် အလှူငွေထည့်ပါမည်ဟု ကတိပြုထားသဖြင့် (၅)လကြာသောအခါ လွတ်မြောက်လာခဲ့၏။ ထို့နောက် အယူသီးဂိုဏ်းကို တရားစွဲဆိုလေသည်။ သူ့ကိုလည်း ရဲတပ်ဖွဲ့က ထည့်သွင်းစဉ်းစားကြ၏။ သို့ရာတွင် အန်ပီအေမှ အရာရှိများသည် မည်သည့်အမှုကိုမျှ ကျေနပ်မှု မရှိကြချေ။

ထောက်လှမ်းရေးသတင်း အလွန် လိုအပ်နေသောကြောင့် အန်ပီအေ လုံခြုံရေးဗျူရိုသည် အန္တရာယ်ကြီးမားသော လျှို့ဝှက်စုံစမ်းရေးအဖွဲ့ကို အယူသီးဂိုဏ်းသို့ လွှတ်ထားသည်။ ရှုပ်ထွေးသောအကြောင်းများမှာ လျှို့ဝှက်၍ လူသတ်သောအဖွဲ့တွင်းသို့ လျှို့ဝှက်ထောက်လှမ်းရေး စေလွှတ်ရခြင်းဖြစ်၍ အလွန်တရာ ခက်ခဲနက်နဲလှ၏။ ကြိုးပမ်းချက်သည် ကြေကွဲဖွယ်ရာနှင့် အဆုံးသတ်နိုင်သည်။ စနစ်တကျ နေရာချထားသော လုံခြုံရေးဗျူရိုရှိ သတင်းဌာနမှရသည့် သတင်းအတိုင်းဆိုလျှင် ထိုလျှို့ဝှက်ထောက်လှမ်းရေးသမားများကို အယူသီးဂိုဏ်းက သတ်ဖြတ်လိုက်သည်ဟု သိရ၏။

နိုဝင်ဘာကုန်၍ ဒီဇင်ဘာလ ရောက်လာသောအခါ အယူသီးဂိုဏ်းနောက်သို့ ဘယ်လို လိုက်ရမည်ကို ရဲတပ်ဖွဲ့သည် ဆွေးနွေးတိုင်ပင်ဆဲပင် ရှိနေသည်။ ထိုအချိန်တွင် အယူသီးဂိုဏ်းက ရဲတပ်ဖွဲ့ထဲသို့ စိမ့်ဝင်နေ၏။





(၁၉၅၀)ပြည့်နှစ်၊ ကိုယ်ခန္ဓာ ကိုယ်ထဲသို့ ကျူးကျော်ဝင်ရောက်ခြင်းအမည်ရှိ ဂန္တဝင်သိပ္ပံစိတ်ကူးယဉ် ရုပ်ရှင်ကားထဲကကဲ့သို့ ဥမ်၏ အကောက်ကြံသော ဩဇာအရှိန်အဝါသည် အဖွဲ့အစည်းတိုင်းထဲသို့ ရောက်ရှိနေဟန်တူ၏။ အယူသီးဂိုဏ်း၏ သတင်းပေးပို့ချက်အရ ရေတွက်မည်ဆိုလျှင် အရာရှိ(၄၀)ခန့်သည် အစိုးရဝန်ကြီးဌာနများဖြစ်သော ပညာရေး၊ စာတိုက်နှင့် ဆက်သွယ်ရေး၊ တရားစီရင်ရေး၊ ဆောက်လုပ်ရေး သယ်ယူပို့ဆောင်ရေး၊ အခွန်ကောက်ခံရေးနှင့် ဒေသဆိုင်ရာ တရားသူကြီးများဖြစ်နေကြသည်ဟု သိရ၏။ တရားသူကြီးတစ်ဦးသည် အယူသီးဂိုဏ်းအား ဒေါ်လာ(၁၀၀၀၀) လှူဒါန်းထားသည်ဟု ဆို၏။ ထို့ပြင် သတင်းထောက်များ အယ်ဒီတာများ အမျိုးသားအသံလွှင့်ဌာနဖြစ်သော အင်အိပ်ခန်းကော အစီအစဉ် ညွှန်ကြားရေးမှူးအထိ ပါဝင်နေသည်။

ဥမ်၏ အဖွဲ့ဝင်စာရင်းထဲတွင် အင်ဂျင်နီယာများ၊ ဆက်သွယ်ရေး ကွန်ပျူတာနှင့် တိုရှီဘာ၊ မီတာချီနှင့် အိုင်ဘီအမ်စသည့် ကုမ္ပဏီများ၊ ဥမ်က နောက်ဆုံး လိုချင်တပ်မက်လျက်ရှိသော ဌာနအားလုံး ပါဝင်သည်။ နောက်ဆုံးတွင် တချို့က သူတို့၏ စီးပွားရေးအဖွဲ့များမှထွက်၍ အယူသီးဂိုဏ်းနှင့် အချိန်ပြည့် ဆက်သွယ်ကြသည်။ အခြားသူများကမူ ငွေအမြောက်အမြား လှူဒါန်းကြ၏။

ဥမ်၏ အာရုံမျှင် လက်တံများသည် ဂျပန်စစ်တပ်အတွင်းသို့ နက်ရှိုင်းစွာ ရောက်ရှိနေ၏။ နှစ်ကုန်သောအခါ ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်မှ သွက်လက် ဖျတ်လတ်တပ်ဖွဲ့ဝင် (၄၀)ခန့်သည် စစ်မှုထမ်းဟောင်း(၄၀)နှင့်အတူ အဆာဟာရ၏ တပ်သို့ စာရင်းပေးသွင်းကြသည်။ အမျိုးသားကာကွယ်ရေး အကယ်ဒမီမှ အဖွဲ့ဝင်တစ်ယောက်သည် အဆာဟာရ၏ ရုပ်ပုံပိုစတာကြီးအောက်တွင် အိပ်နေပြီး ဘွဲ့မရမီ အခြား လူများကို အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်စေရန် ကျိန်ဆိုလေသည်။

ရက်သတ္တပတ်များ အတွင်းမှာပင် ဥမ်သည် အန်ပီအေ၏ လျှို့ဝှက်လုပ်ငန်းဖြစ်သည့် ဖူဂျီတောင်ဌာနချုပ်မှ နမူနာများ ရယူခဲ့သည်ကို လေ့လာ သိရှိသွားလေသည်။ အယူသီးဂိုဏ်း အစည်းအဝေးတွင် ထိုသတင်း ရသွားသဖြင့် ကြောက်လန့်တုန်လှုပ်သွားပြီး၊ ဝိတ်ဆို့ရှာဖွေမည့် အန္တရာယ် ကျရောက်တော့မည်လားဟု စိုးရိမ်နေကြ၏။ သာတိယံ(၇)သည် စိုက်ပျိုးရေးနှင့်ဆိုင်သော စက်ရုံဖြစ်ပြီး ပိုးသတ်ဆေးများ ထုတ်လုပ်ခြင်းသာဖြစ်ပြီး၊ အာရုံကြောအဆိပ်သင့်ဓာတ်ငွေ့များ မဟုတ်ကြောင်း အယူသီးဂိုဏ်းက ကြေညာထားသည်။ သို့သော် ကြိုတင်သတိပေးသည့်အနေဖြင့် ဆာရင်အတွက် ကုန်ကြမ်းပစ္စည်းများ ထည့်ထားသည့် ကုန်သေတ္တာများကို တံဆိပ်ပြောင်း၍ ကပ်ကြသည်။

ရက်သတ္တပေါင်းများစွာ ကုန်လွန်သောအခါ ဘာမှ ဖြစ်မလာခဲ့ပေ။ ရဲတပ်ဖွဲ့နှင့် အဆက်အသွယ်များက သတင်းမရရှိသူဟု ပြောကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အယူသီးဂိုဏ်းခေါင်းဆောင်များ စိတ်ပျော်ပါးသွား၏။ အရာရှိများက စုံစမ်းစစ်ဆေးခြင်းမှ နောက်အနည်းဆုံး အချိန်ကြာကြာအထိ ဥမ်သမုတ်သစ္စာဂိုဏ်းသည် ကမ္ဘာကြီးအား ဖျက်စီးဖြုန်းတီးရန် အာယာတဖြင့် လုပ်မှုအတွက် လွတ်လပ်သွားလေတော့သည်။

✣ ✣ ✣

## အဏုမြူဗုံးများ

"အဏုမြူ စက်လက်နက်၊ ဘယ်လောက်လဲ"ဟု ဂူရုကြီးက ကီယို ဟိုက် ဟာယာကဝအား စိတ်မရှည်နိုင်တော့သလို မေးလိုက်၏။ အဆာဟာရ၏ ဉာလက်ရုံးသည် (၁၉၉၄)ခုနှစ်အတွင်း ရုရှပြည်သို့ သမိုင်းဝင်ခရီး လေးခေါက် သွားရောက်ခဲ့သည်။ ထိုခရီးသည် ဥမ်အား ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံးနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်နိုင်မည့် လက်နက်တပ်ဆင်ရေးဖြစ်၏။

အယူသီးဂိုဏ်း၏ ရုရှအင်ပါယာသည် ဆက်လက်ကြီးထွားနေသည်။ (၁၉၉၄)ခုနှစ်အကုန်တွင် ရုရှပြည်၌ ဥမ်အဖွဲ့ဝင်ပေါင်း (၃၀၀၀၀) ကျော်ရှိလာပြီး၊ ဂျပန်ရှိ အဖွဲ့ဝင်ဦးရေထက် သုံးဆဖြစ်၏။ မော်စကိုတွင် အနည်းဆုံး ဌာနခွဲ ခြောက်ခုရှိပြီး၊ မြို့တော်ပြင်ပတွင် စိန့်ပီတာဘတ်၊ ဗလာဒီဗော့စတော့၊ ဗောင်ကူတာ၊ ကော့ကေးဆပ်မှ ဗလာဒီ ကပ်ဇက်နှင့် ဗော်လဂါ မြစ်ကမ်းပေါ်မှ ဆမားနားမြို့များ အပါအဝင် ဌာနခွဲ (၁၂)ခုနီးပါး ရှိလေသည်။ ထို့ပြင် ကီ(ဗ်)နှင့် မင်(စ်က်)မြို့တို့တွင်လည်း အဖွဲ့ဝင်များ ရှိနေ၏။

ဟာယာကဝသည် သူ့ဆရာကြီးအတွက် ကောင်းမွန်စွာ အလုပ်တွေးပြုပြီး ဖြစ်သည်။ သို့သော် အဆာဟာရ၏ အမဂေဒုန်အတွက် ဟောပြောချက်များသည် သူ၏ ခေါင်းဆောင်များအား အဏုမြူဗုံးတစ်လုံး အဆောတလျင် ဝယ်ယူရေး စီမံရန် ဖြစ်နေ၏။ အဏုမြူဗုံး ဝယ်ယူရေးသည် အယူသီးဂိုဏ်းခေါင်းဆောင်များအတွင်း ကာလကြာရှည်ကပင် ယုံကြည်ချက်တစ်ခု ဖြစ်လေသည်။ အဆာဟာရ၏ ဟောပြောချက်များထဲတွင် အပိုကလစ် နောက်ဆုံးစစ်ပွဲကို အဏုမြူလက်နက်ဖြင့် တိုက်ခိုက်ရမည်ဟု ပါရှိသည်။ အယူသီးဂိုဏ်းက ယူရေနီယံ သတ္တုတူးဖော်ရန် ရှာဖွေနေစဉ် ရုရှပြည်ရှိ ဥမ်၏ သြဇာအရှိန်အဝါက ဖြတ်လမ်းလိုက်၍ ဖြစ်နိုင်ကြောင်း လမ်းဖွင့်ပေးထားသည်။ အဏုမြူဗုံးကို သာမန်အားဖြင့် ဝယ်၍ ရနိုင်သဖြင့် ဘာကြောင့် တည်ဆောက်နေမလဲ။ ဟာယာကဝ၏ လုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



မှုနှင့် ပတ်သက်၍ သတင်းများသည် အကြမ်းဖျင်းမျှသာ ဖြစ်နေ၏။ သို့သော် ဒုက္ခပေးသည့် မေးခွန်းများ ကောင်းစွာဖြစ်ပေါ် လာနိုင်သည်။

ယခင်စစ်အေးကာလတုန်းက ဆိုဗီယက်ခေတ်ဟောင်း၏ အဏုမြူစစ်သုံးထိပ်ဖူး (၃၀၀၀)ကျော် လုံခြုံရေးသည် မီးတောက်နေသော ပြဿနာဖြစ်ခဲ့၏။ "အဏုမြူလက်နက် လိုအပ်သော အကြမ်းဖက်သမားများသည် အမေရိကန် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဆယ်စုနှစ်မကုန်မီ အမေရိကန်ပြည်ကို ချိန်ရွယ်ထားသည့် အဏုမြူ အကြမ်းဖက်မှုများကို လက်ဦးမှုရအောင် အမေရိကန်တွင် လုပ်ခွင့်ရှိကြောင်း" ဟားဗတ်တက္ကသိုလ် သိပ္ပံနှင့် နိုင်ငံတကာရေးရာဌာနမှ ဂရေဟမ် အယ်လစ်ဆန်နှင့် ဆီးနိတ်လွှတ်တော်အမတ် ရစ်ချဒ်လူဂါတို့က သတိပေးလိုက်၏။

(၁၉၉၅) ခုနှစ်တွင် အတည်မပြုရသေးသော သတင်းများအရ အဏုမြူထိပ်ဖူး (၁၀၀)ကျော်နှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း စီအိုင်အေက သတင်းရရှိသည်။ ဤသတင်းများသည် ရုရှပြည်နှင့် ယခင် နယ်မြေများထံမှ ရရှိခြင်းဖြစ်၏။ (၁၉၉၃)ခုနှစ်တွင် မော်စကိုမှ မိုင်(၆၀၀) ဝေးသော အငွေ့ကျော်မြို့မှ ယူရေနီယံပေါင် (၆၀၀) ဖမ်းဆီးရမိခဲ့သည်။ နောက်နှစ်တွင် ရုရှရဲတပ်ဖွဲ့သည် 'အဇမား- ၁၆'အဏုမြူလက်နက် သုတေသနဌာနမှ အမျိုးအစားကောင်းသော ယူရေနီယံ (၂၁)ပေါင် ခိုးထုတ်ရန်ကြိုးစားသော လူနှစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ရ၏။ (၁၉၉၄)ခုနှစ်တွင်လည်း ရုရှမှ အနောက်ဥရောပသို့သွားသော လက်နက် လုပ်နိုင်သည့် ယူရေနီယံသတ္တု (၆)ပေါင်ကို ပရက်(ဂ်) ရဲတပ်ဖွဲ့က ဖမ်းဆီးမိခဲ့လေသည်။

ဤသတင်းများနှင့် အခြားမြောက်မြားစွာသော အန္တရာယ်အယုက်ဖြစ်သော အစီရင်ခံစာများတွင် ရုရှအဏုမြူစက်ရုံမှ လောင်စာသံချောင်းများ ပျောက်ဆုံးခြင်း၊ ဖရန့်ဖွတ်မြို့တွင် ရေခဲသေတ္တာထဲ၌ ယူရေနီယံသတ္တုများတွေ့ရှိခြင်း စသည်ဖြင့် ပါဝင်လေရာ အဏုမြူပစ္စည်း မှောင်ခိုလုပ်ငန်းသစ်များ ပေါ်ပေါက်နေသည်ဟု စိတ်ပူနေကြရသည်။ အနောက်တိုင်း တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများက အင်အားကြီးမားလှသော ရုရှမာဖီးယား မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းကို ကြောက်ရွံ့နေကြ၏။ ထို့ပြင် အခြားရာဇဝတ်မှု ကျူးလွန်သူများအဖွဲ့က ရေဒီယိုသတ္တိကြွပစ္စည်းများကို ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတွင် ငွေပေး၍ မှောင်ခိုရောင်းဝယ်မည်ကိုလည်း စိုးရိမ်နေကြရသည်။

ဤကိစ္စအားလုံးသည် အရေးကြီးသော မေးခွန်းများ ဖြစ်ပေါ်စေသည်။ "ရုရှအဏုမြူပစ္စည်းများ စုပုံထားရာတွင် မည်မျှ လုံခြုံမှုရှိသလဲ" အမေရိကန် သဘာဝအရင်းအမြစ် ကာကွယ်ရေးကောင်စီမှ ဝါရင့် သိပ္ပံပညာရှင်တစ်ဦးကမူ ရုရှပြည်ရှိ ရာပေါင်းများစွာသော အဏုမြူပစ္စည်းများ လုံခြုံရေး ချို့ယွင်းခြင်းကြောင့် ခေါင်းနပန်းကြီးရကြောင်း ရေးသား ဖော်ပြခဲ့၏။ ရုရှအဏုမြူ ရေငုပ်သင်္ဘောများနှင့် ရေခဲခွဲယာဉ်များတွင် အသုံးပြု





သော အဏုမြူလောင်စာသည် အလွှံပယ် ကြွယ်ဝလေသည်၊ သို့နှင့်တောင်မှ ရေတပ်စခန်းများရှိ လုံခြုံရေးသည် အသေးစိတ်အားဖြင့် ညံ့ဖျင်းလှသည်။ အလုပ် ပြုတ်သွားခဲ့ကြသော အဏုမြူလက်နက် ကျွမ်းကျင်သူများသည် သူတို့၏ ကျွမ်းကျင်မှုအတွက် အကျိုးအမြတ်ရရှိမည့် မြင်ပအလုပ်များ တွေ့ရှိနေကြခြင်းသည်လည်း စိုးရိမ်ပူပန်စရာ ဖြစ်နေ၏။

ရုရှသည် ထိုကဲ့သို့ စိုးရိမ်ပူပန်မှုကို တရားဝင် လျှော့ချပစ်လိုက်သည်။ အဆင့်မြင့် ရုရှတန်ပြန်ထောက်လှမ်းရေး အဖွဲ့ဝင်တစ်ဦးက လက်နက်လုပ်နိုင်သော ယူရေနီယံ သတ္တုများ မှောင်ခိုမှုများကို ဆင်ခြင်သုံးသပ်၍ အပြစ်မှ လွှတ်လိုက်၏။ ထိုပြစ်မှု ကျူးလွန်သူများအား 'ရုရှအဏုမြူပစ္စည်းများကို နိုင်ငံတကာ ထိန်းချုပ်ရေးဟုခေါ်သော ဝေးကွာလှမ်းသည့် ကြိုးပမ်းမှု အစိတ်အပိုင်း'ဟု တံဆိပ်ကပ်လေသည်။ ထိုကဲ့သို့ ဝေဖန်ခြင်းသည် နည်းလမ်းများ၊ စိတ်ဓာတ်များနှင့် ဥမ်ကဲ့သို့ ထူးဆန်းသော အဖွဲ့များနှင့် ကီယိုဟိုက်ဟာယာကဝကဲ့သို့ လူများကို လျှော့တွက်လိုက်ခြင်းသာ ဖြစ်၏။

ဟာယာကဝ၏ မှတ်စုထဲတွင် အဏုမြူထိပ်ဖူးနှင့် ပတ်သက်၍ ရည်ညွှန်းချက်များစွာ ပါဝင်သည်ဟု ဂျပန်ရဲတပ်ဖွဲ့၏ အစီအရင်အကျဉ်းအရ သိရလေသည်။ အမေရိကန် ဆီးနိတ်လွှတ်တော် အမြဲတမ်းစုံစမ်းရေးကော်မတီ အစီရင်ခံစာထဲတွင် ဥမ်၏ အစုလိုက်အပြုံလိုက် သေစေနိုင်သော လက်နက်ရှာဖွေခြင်းကို ဝေဖန်စိစစ်ထားပြီး၊ ဟာယာကဝသည် အဏုမြူဗုံးတစ်လုံး၏ တန်ဖိုးအမျိုးမျိုးကို ရေးမှတ်ထားသည်ဟု ဖော်ပြထားသည်။ ထိုတန်ဖိုးများထဲတွင် ဒေါ်လာ(၁၅)သန်းအထိ ဈေးဆစ်၍ ရထားကြောင်း သတင်းဌာနများက ဆို၏။ ဟာယာကဝသည် အထူးကျွမ်းကျင်သူများနှင့် အဏုမြူဗုံးတစ်လုံး ရယူရန် ဆွေးနွေးထားရုံသက်သက်မျှသာဟု ဤရည်ညွှန်းချက်များအရ အဓိပ္ပာယ်သက်ရောက်စေသည်။ မည်သို့ပင်ဖြစ်စေ ဟာယာကဝသည် အဏုမြူဗုံးတစ်လုံးဝယ်ရန် ရှုပ်ထွေးသော ဆွေးနွေးမှုအကြားမှာ တကယ်ရောက်နေသည်ဟု သူတို့သည် မျှတစွာ ယူဆနိုင်သည်။

ဥမ်၏ ဆောက်လုပ်ရေးဌာန အကြီးအကဲသည် အဏုမြူနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်စရာ ကျွမ်းကျင်သူပေါင်းများစွာ ရှိနေသည်။ ဥမ်သည် ရုရှပြည်ရှိ ဩဇာအကြီးမားဆုံးသော အဏုမြူသုတေသနဌာနတွင်းသို့ စိမ့်ဝင်ထားပြီးသကဲ့သို့ မော်စကိုနိုင်ငံတော် တက္ကသိုလ်နှင့် ပညာတံခွန်ကောလိပ်များမှ ရူပဗေဒသိပ္ပံပညာရှင်များကိုလည်း ခေါ် ယူဖွဲ့စည်းထားလေသည်။ မော်စကိုမြို့ရှိ အိုင်၊ ဗီ၊ ကူချာတော့(ဗ်) အဏုမြူစွမ်းအင်တက္ကသိုလ်အား နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စု၏ အဏုမြူဗုံးနှင့် အဏုမြူစွမ်းအား အစီအစဉ်အား ဌာန၏ ဖခင်ကြီး ကွယ်လွန်သောအခါ သူ့အမည် အစ်ဂေါ့နော်ဗာဆီလ်ယေဗစ်(ချ်) ကူချာတော့(ဗ်)ဟု ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com


ခေါ်ဝေါ်ကြလေသည်။ အနည်းဆုံး သုတေသနဌာန သုံးခုနှင့်အတူ ကူချာတော့(ဗ်)၏ အမည်သည် အဏုမြူပညာ လေ့လာရေးတွင် နာမည်ကျော် ဦးဆောင်ကောင်းသူအဖြစ် နာမည်တွင် ကျန်ရစ်ခဲ့၏။ ကူချာတော့(ဗ်) တက္ကသိုလ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဥမ်အဖွဲ့ဝင်တစ်ဦး အနည်းဆုံး ရှိနိုင်သည်ဟု ဝန်ခံပြောဆိုခဲ့၏။

ဥမ်သည် အဏုမြူအန္တရာယ်ခြိမ်းခြောက်မှု ခေတ်သစ်၏ အရှေ့ဦးမှာ ရပ်တည်နေပေပြီ၊ ရှိုကိုအဆာဟာရသည် ဂျပန်နိုင်ငံပေါ်မှာ ရေဒီယိုဓာတ်ကြွထွက်နေသည်ကို ပိုမိုကြည့်ရှုချင်နေ၏။ ရုရှသို့ အယူသီးဂိုဏ်းများ ဘယ်လို အနီးကပ်လာပြီး ပန်းတိုင်ရောက်အောင် စွန့်စားရမည်ကို ဟာယာကာဝတစ်ယောက်သာလျှင် သိရှိသည်။ အယူသီးဂိုဏ်း၏ ရည်ရွယ်ချက်များသည် သိသာထင်ရှားလွန်းလှ၏။ ထိုရည်ရွယ်ချက်မှာ အဏုမြူ စွမ်းအား ရရှိရေးအတွက် ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲရန် စိတ်ပါ နေခြင်း ဖြစ်ပေသည်။ ရုရှပြည်၏ ခြောက်အိပ်မက်တိုင်းတွင် စီအိုင်အေက အဏုမြူလက်နက်များ ခိုးယူခံရခြင်း၊ သိပ္ပံပညာရှင်များကို ဝယ်ယူခြင်း တို့ကို သတိပေးခဲ့ရာ ယခုအခါ တကယ်ဖြစ်ပျက်နေသည့် လက္ခဏာများ ကို တွေ့နေရသည်။

အဏုမြူဗုံးတစ်လုံး ရရှိရေးသည် ကီယိုဟိုက်ဟာယာကာဝ ရင်ဆိုင် နေရသော ဖိအားပေးခံနေရသည့် အလုပ်တစ်ခုတည်း မဟုတ်ပေ။ ဖူဂျီ တောင် နောက်ကျော၌ ရေကြည်စမ်းကျောင်းတော်ရှိ အယူသီးဂိုဏ်း၏ လက်နက်စက်ရုံတွင် အေကေ-၄၇ အော်တိုမက်တစ် တိုက်ခိုက်ရေး ရိုင် ဖယ်သေနတ် အစိတ်အပိုင်း ရာပေါင်းများစွာ ထုတ်လုပ်လျက်ရှိ၏။ သေ နတ်များ တပ်ဆင်ပြီးသောအခါ (၁၉၉၅)ခုနှစ် နိုဝင်ဘာလ အာဏာ သိမ်းပွဲတွင် ဥမ်စစ်တပ်အတွက် လက်နက်အင်အား တိုးလာမည်ဖြစ်၏။ ထိုမတိုင်မီ အယူသီးဂိုဏ်း၏ မြင့်မြတ်သော စစ်သည်တော်များသည် သေနတ်ကို မည်သို့ကိုင်တွယ်အသုံးပြုရမည်ကို လေ့လာရန် လိုအပ်နေ လေသည်။

(၁၉၉၄)ခုနှစ် စက်တင်ဘာလတွင် မော်စကိုမြို့ အပြင်ဘက်တွင် စစ်တပ်၌ ဖွင့်လှစ်သော (၁၀)ရက်ကြာ လက်နက်သင်တန်းကို ဟာယာ ကဝသည် အခြားသင်တန်းသား (၁၅)ယောက်နှင့်အတူ တက်ရောက် သင်ကြားခဲ့၏။ ထိုသင်တန်းကို 'ပော်နက်ဇ်'ဟု လူသိများသော စစ်မှုထမ်း ဟောင်းများက သင်ကြားပေးခြင်းဖြစ်ပြီး၊ ဥမ်စစ်သားများကို မိမိကိုယ်ကို ကာကွယ်ရေး၊ လွတ်မြောက်ရေး၊ ရန်သူ မမြင်အောင် ပတ်ဝန်းကျင်နှင့် ဟပ်မိစေကာ ဖုံးဝှက်ထားခြင်း ခလောင်ချာဗုံးများ ပစ်လွှတ်ခြင်းနှင့် တိုက် ခိုက်ရေး ရိုင်ဖယ်များကို ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်ခြင်း သင်ကြား ပေးလေသည်။



အယူသီးဂိုဏ်းစစ်တပ်တွင် သင်တန်းပေးသကဲ့သို့ ဟာယာကာဝ ၏ ရုရှလူမျိုး အဆက်အသွယ်များသည် ဥမ်လေတပ်တွင် ပထမဦးဆုံး လုလိုက်ပါသော လေယာဉ်တစ်စီး ပေးလေသည်။ လက်နက် အစီအစဉ် မတိုင်မီ တစ်လကပင် လုပ်ငန်းလုပ်နေသော အင်ဂျင်နီယာသည် စမ်းသုံး ရဟတ်ယာဉ်တစ်စီး ရရှိပြီးဖြစ်နေ၏။ ဟာယာကာဝသည် ထူးခြားစွာ ပျော်ရွှင်နေတော့၏။

“နောက်ဆုံးတော့ ကျွန်တော်တို့ တွေ့ရပါပြီ”ဟု သူ၏ မှတ်စု စာအုပ်တွင် ရေးမှတ်ထားလေသည်။

နောက်ပိုင်းတွင် ရုရှနှင့် ဂျပန်သတင်းဌာနများက ရုရှအဆင့်မြင့် အာဏာပိုင်အဖွဲ့က အယူသီးဂိုဏ်းနှင့် စေ့စပ်ဆွေးနွေးပွဲတွင် ကူညီခဲ့ ကြောင်း သတင်းရေးသား ပေးပို့ခဲ့ကြ၏။

(၁၉၉၄)ခုနှစ် ဇွန်လ အစောပိုင်းတွင် မီ-၁၇ အမျိုးအစား ရဟတ် ယာဉ်သည် ယိုကိုဟားမား ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး၊ ဂျပန် အကောက် ခွန်ဌာနကို လွယ်ကူစွာ ဖြတ်ကျော်နိုင်ခဲ့သည်ဟု ယူဆကြသည်။ အဘယ် ကြောင့်ဆိုသော် လက်နက် တပ်ဆင်သယ်ဆောင်ရန် မဟုတ်သောကြောင့် ဖြစ်၏။ ထို့နောက် ဖူဂျီတောင်သို့ ထရပ်ကားဖြင့် သယ်ဆောင်သွားပြီး အင်ဂျင်နီယာများက ပြန်လည် တည်ဆောက်ကြလေသည်။

လအနည်းငယ် ကြာသောအခါ ဟာယာကာဝသည် ရုရှသို့ ပြန် သွားပြီး၊ ဥမ်၏ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအင်ပါယာကို ဖြည့်ဆည်း ခဲ့လေသည်။ (၁၉၉၅)ခုနှစ်၊ နိုဝင်ဘာလထဲတွင် မော်စကို လုံခြုံရေး လုပ်ငန်းဌာနအသစ်က ဥမ်ကာကွယ်ရေးကို ဖွဲ့စည်းပေးခဲ့၏။ ဤကိစ္စ သည် အရေးကြီးသော ခေါင်းကြီးပိုင်းသတင်း ဖြစ်လေသည်။

ဥမ်ကာကွယ်ရေးအဖွဲ့၏ ကိုယ်ခန္ဓာတောင့်တင်းသော ယောက်ျား များသည် အယူသီးဂိုဏ်း၏ ရုရှစစ်ဆင်ရေးတွင် မြင်သာလှသော မြင်ကွင်း ဖြစ်၏။ မော်စကိုဌာနချုပ်သို့ အလည်အပတ်သွားသူ တစ်ယောက်သည် ဤလူများက တောင်တန်းသဖွယ် တားဆီးထားသည်နှင့် ကြုံတွေ့ရပေ သေး၊ သူတို့သည် စည်းကမ်းမလိုက်နာသော နောက်လိုက်များကို အရေးယူ ရာ၌လည်း အသုံးဝင်လေသည်။

အယူသီးဂိုဏ်း လျင်မြန်စွာ တိုးတက်လာသည်နှင့်အမျှ ဥမ်၏ ရုရှစခန်းသည် ဖူဂျီတောင် မိခင်အဖွဲ့အစည်းတွင် ပျံ့နှံ့နေသော အယုံများ လွှန်ဝေဒနာများ ပိုမို တိုးတက်နေ၏။ ဥမ်ကာကွယ်ရေးသည် အယူသီး ဂိုဏ်း၏ တိုးပွားလာသော ဝိုင်းဝန်းခံရသည့် လက္ခဏာများ ဖြစ်၏။ သူတို့ အား ဗုံးခွဲမည်ဟု တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ပြောဆိုမှုများ မကြာခဏ ပြောကြားခံရသည်ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။ ဥမ်၏ ရန်သူများ သည် နေရာတကာတွင် ပုန်းအောင်းနေကြ၏။


www.burmeseclassic.com

www.burmeseclassic.com



အိုလံပစ်စကီးခန်းမတွင် လူထုကိုတရားပြနေစဉ် ခွေးလေခွေးလွင့်များသည် လူအုပ်ကြားထဲ ရုတ်တရက် ပြေးလာကြပြီး အနံ့ ခံနေကြသည်။ မူးနီး သို့မဟုတ် ဂျပန်ဗုဒ္ဓဘာသာအဖွဲ့ သောကဂက်ကိုင်းက အစည်းအဝေးပျက်ရန် တမင် နှောင့်ယှက်ခဲ့ကြောင်း နောက်လိုက်တပည့်များက ကြေညာလိုက်၏။ ထိုအဖြစ်အပျက်ကြောင့် အဆာဟာရ စိတ်ပျက်သွားပြီးမော်စကိုမြို့ရှိ အိုလံပစ်လပ်(ဖ်)သန်ဆာ ဟိုတယ်သို့ ပြန်သွားသည်။ ထို့ပြင် ရုရှအဖွဲ့ဝင်များကို တွေ့ဆုံရန် ငြင်းဆိုသည်။

"သူတို့မှာ ညစ်ပတ်တဲ့ စွမ်းအားရှိတယ်"ဟု ပြောခဲ့၏။

ထို့နောက် သူ့အသက်ဘေးရန်ကို ကြောက်လန့်သဖြင့် ရုရှမှ ပြန်လာခဲ့တော့သည် သူ ရုရှသို့ ဘယ်ခါမှ ပြန်မလာတော့ချေ။ ဉုမ်၏ ရုရှအင်ပါယာ ပထမအကြိမ် ပြိုကွဲခြင်း ဖြစ်လေသည်။

ပြည်သူများက ခြိမ်းခြောက်လျက်ရှိသော အဖွဲ့မှာ အဆင်ပြေချောမွေ့လျက်ရှိသော 'လူငယ်များ ကယ်တင်ရေး ကော်မတီ'ဖြစ်၏။ ဤ တိုးတက်လျက်ရှိသော အဖွဲ့၏ ဉုမ်အဖွဲ့ဝင် မိဘများက ကြောက်လန့်ဖွယ်ရာ သက်သေခံ စာရွက်စာတမ်းများ စုဆောင်းနေကြသည်။ ဂျပန်မှာ ကဲ့သို့ ရုရှပြည်တွင်လည်း ဉုမ်နောက်လိုက်ပေါင်းများစွာ ပျောက်ဆုံးနေ၏။ အနည်းဆုံး အယူသီးဂိုဏ်းအဖွဲ့ဝင်နှစ်ဦး မိမိကိုယ်မိမိ သတ်သေကြသည်။ (၁၉၉၄)ခုနှစ် နွေဦးရာသီတွင် မိခင်တစ်ယောက်သည် (၂၈)နှစ်ရှိ သားကို မော်စကိုမြို့ အနောက်တောင်ဘက်ရှိ မိုင်ဂိုင်စကီတောထဲ သစ်ပင်တစ်ပင်၌ ဆွဲကြိုးချ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရ၏။ သူသည် သတ်သေရခြင်း အကြောင်း စာရေးမထားခဲ့ပေ။ ဝက်ရှူးပြန်ရောဂါဝေဒနာသည် မက်ဇင် အမည်ရှိ အသက်(၁၃)နှစ်အရွယ် လူငယ်တစ်ယောက်သည် မိခင်နှင့် အတူ အယူသီးဂိုဏ်းသို့ ဝင်ခဲ့သည်။ ဉုမ်ဘုန်းကြီးများသည် သူ့အား စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု မရှိသောကြောင့် ညှဉ်းပန်းနှိပ်စက်ကြသည်။ ထိုလူငယ်သည် မော်စကိုမြို့ တိုက်တစ်တိုက် လသာဆောင်မှ ခုန်ချလိုက်ရာ သေဆုံးသွားခဲ့၏။

ဉုမ်ကို တရားစွဲရန် မိဘများ၏ ပထမ ကြိုးပမ်းချက်မှာ အယူသီးဂိုဏ်းက သူတို့၏ နောက်လိုက်များသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြောင်း စိတ်ပညာရှင်များ၏ ထောက်ခံချက်ကို တင်ပြခဲ့သဖြင့် တရားရုံးမှ စွဲချက်ကို ပယ်ချခဲ့လေသည်။

မိဘများအဖွဲ့သည် မော်စကိုမြို့ ဝမ်းနည်းသူများ၏ အပျိုစင်ဘုရားကျောင်းနားရှိ ညစ်ပတ်သော ခန်းမမှာ တည်ရှိလေသည်။ သူတို့၏ ခေါင်းဆောင်မှာ ဘုန်းတော်ကြီး အိုလဂ်စတန်ယေ့(ဗ်) ဖြစ်၏။ သူက ဉုမ်ကို တိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီး၊ ဉုမ်ကို ဆက်သွယ်ထားလေသည် ဘုန်းတော်ကြီးသည် ယောဂီအကျင့် သင်တန်းတက်ရန် လက်မှတ်ရေးထိုးထားလိုက်၏။





"နောက်လိုက်နှစ်ဦးက ကျုပ်ခေါင်းပေါ် လက်တင်ဖို့ ကြိုးစားကြတယ်။ အဲဒီနောက် ရေခြောက်ပုလင်း သောက်ခိုင်းတယ်။ ရေတွေဟာ ကျုပ်ခန္ဓာကိုယ်ထဲကို ရှိသမျှအပေါက်တွေထဲကနေ စီးဆင်းသွားကြတယ်" ဟု ဘုန်းကြီးက အမှတ်တရ ရယ်မောရင်း ပြောခဲ့သည်။ မာနဖြင့် မျက်စိကန်းနေသော အယူသီးဂိုဏ်းခေါင်းဆောင်များသည် ရုရှအော်သိုဒေါက် ဘုန်းကြီးကို အယူဝါဒ ပြောင်းလဲနိုင်မည်ဟု ထင်နေကြ၏။ သို့သော် စတန်ယေ့(ဗ်)သည် ဉုမ်အဖွဲ့ဝင် ထရိုဂျင်မြင်းဖြစ်ကြောင်း သက်သေပြနိုင်ခဲ့လေသည်။ သူသည် အယူသီးဂိုဏ်း၏ ဗန်းစကားများကို လေ့လာပြီး၊ သုံးကြည်သူများကို တစ်ဦးချင်း ဆွေးနွေးခဲ့၏။ သူသည် အယူသီးဂိုဏ်းခေါင်းဆောင်များနှင့်လည်း ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာအကြောင်း မည်မျှ နားလည်သည်ကို ဆွေးနွေးလေသည်။

အယူသီးဂိုဏ်းခေါင်းဆောင်များက စတန်ယေ့(ဗ်)ရပ်တည်လျက်ရှိသော ခြိမ်းခြောက်မှုအန္တရာယ်ကို သဘောပေါက်သွားဟန်ရှိ၏။ တစ်နေ့တွင် ဘုန်းကြီးသည် ဘုရားရှိခိုးကျောင်းမှ ထွက်ခွာလာစဉ် လူငယ်လေးယောက်ပါသော ကားတစ်စီး ဆိုက်လာသည်။ ကားထဲမှ ဂျပန်တစ်ယောက်ထွက်လာပြီး၊ ရုရှစကားပြန်တစ်ဦးမှတစ်ဆင့် သူတို့သည် ဉုမ်၏ မိတ်ဆွေများ ဖြစ်ကြောင်း စတန်ယေ့(ဗ်)ကို ရှင်းပြသည်။ ထို့နောက် သူတို့သည် ဘုန်းတော်ကြီးကို ကားထဲသို့ တွန်းပို့ကြ၏။ ပြန်ပေးသမားများမှာ ကံဆိုးစွာပင် (၂၂၀)ပေါင်ကျော်လေးသော စတန်ယေ့(ဗ်)အား ကားနောက်ထိုင်ခုံသို့ ကိုင်တွယ်၍ ထိုင်ရန် မဆုံဘဲ ဖြစ်နေ၏။ မကြာမီအချိန်တွင် ရဲကားတစ်စီး ရောက်လာသဖြင့် ဉုမ်မိတ်ဆွေများသည် ကားထဲသို့ အမြန် ပြန်ဝင်သွားကြပြီး၊ မောင်းထွက်သွားကြလေတော့သည်။

လပေါင်းများစွာကြာသောအခါ စတန်ယေ့(ဗ်)သည် မော်စကို ဉုမ်အဖွဲ့မှ အဖွဲ့ဝင် (၅၀)ကျော်အား အယူသီးဂိုဏ်းမှ ထွက်အောင် ဦးဆောင်နိုင်ခဲ့သည်။ သူတို့ထဲတွင် မာရီနာရိုမန်ဗီနာတစ်ယောက်တော့ မပါဝင်ခဲ့ချေ။ ကြောက်စရာကောင်းလောက်အောင် အားနည်းပြီး၊ ဖြူဖပ်ဖြူရော် အသွင်ဖြင့် မျက်လုံးပြာပြာနှင့် အသက်(၁၈)နှစ်အရွယ် မာရီနာသည် (၁၉၉၄)ခုနှစ်၊ နွေဦးရာသီတွင် ဉုမ်အဖွဲ့သို့ ဝင်ရောက်ချိန်က သူမသည် ဝိတတက္ကသိုလ်မှ တစ်နှစ်ထွက်လာခဲ့၏။ သူမ၏ ရွှေရောင် ဆံပင်များကို ညှိတ်ပြီး၊ အဆာဟာရ၏ ဘာသာပြန်စာအုပ်များကို လေးစားကြည်ညိုနေသည်။ ထို့ပြင် ရုရှတို့က 'ကယ်တင်ရေးဦးထုပ်'ဟု သိထားသော လျှပ်စစ်ရှော့(က်) ကိရိယာကို ဦးခေါင်းတွင် တပ်ဆင်ထား၏။ မာရီနာ၏ အဖွဲ့ဝင် နံပါတ်သည် (၉၂) ဖြစ်သည်။

မာရီနာနှင့် အခြားရုရှအမျိုးသမီးများ၏ ဘဝကို မေထရီယာ ဆိုင်ဘေရှိအမည်ရှိ ယောကျ်ားတစ်ယောက်က လွှမ်းမိုးထား၏၊ သူ၏နာမည်ရင်းသည် ဖူမိမိရိုင်ဦယု ဖြစ်ပြီး၊ စကားပြော သိမ်မွေ့သည်။ အသက်(၂၉)နှစ်



www.burmeseclassic.com

www.burmeseclassic.com

ရှိ၍ ယောက်ျားချော ချောပြီး တိုကျိုတက္ကသိုလ်မှ ဘွဲ့ရရှိထားသူဖြစ်၏။ ဇိုယိုသည် 'ဂျပန်နိုင်ငံ အာကာသဖွံ့ဖြိုးရေး အေဂျင်စီ'မှ တက်လမ်းရှိသောအလုပ်မှ နုတ်ထွက်ပြီး၊ ဉမ်နှင့် ဆက်သွယ်ခဲ့လေသည်။ ဉမ်တွင် ဂုရုကြီး၏ မျက်နှာသာပေးခံရသူတစ်ယောက် ဖြစ်၏။

"သူသည် ကျွန်ုပ်၏ ဘာသာရေး အယူအဆများကို ခြောက်သွေ့သော မြေကြီးအား ရေဖြင့် စွတ်စိုစေသကဲ့သို့ စုပ်ယူနေသည်"ဟု အဆာဟာရက ရေးသားခဲ့သည်။

ဇိုယုသည် အမှန်တကယ်ပင် အဆာဟာရ၏ အဖိုးတန်ဆုံးသော အရည်အသွေးများကို စုပ်ယူနိုင်စွမ်း ရှိလေသည်။ သူသည် ဂုရုအငယ်စားဖြစ်ပြီး၊ ရက်စက်၍ မာနကြီးသော ယောက်ျားတစ်ယောက်ဖြစ်၏။ နောင်တွင် သူသည် ဉမ်၏ အကြီးဆုံးသော လိမ်မာသည့် လူညာတစ်ဦး ဖြစ်လာသည်။ ဇိုယုသည် သူ၏ဆင်းရဲသော ရုရှအုပ်စုအတွက် မကျေမနပ်ဖြစ်မှုကို ဖုံးကွယ်ရန် မကြိုးစားပေ။

စကားပြန် ဆယ်ဦးမှတစ်ဆင့် အမိန့်များပေးပြီး၊ ဇိုယုသည် အလက်ဆီယေစကားယားရှိ မော်စကိုတွင် အကြီးဆုံးဌာနချုပ်ကို ဖွင့်လှစ်သည်။ အယူသီးဂိုဏ်းသည် ထိုနေရာတွင် ရုံးဖွင့်ရန် တစ်လွှာပိုင်ဆိုင်ထား၏။ ထာဝရ ဆွဲချထားသည့် ခန်းဆီးများ နောက်ကွယ်၌ နောက်လိုက်(၃၀၀)ခန့် အိပ်ကြ၊ ဆုတောင်းကြပြီး၊ လောကီကိစ္စများကို ဆောင်ရွက်ကြရသည်။ ထိုကိစ္စများမှာ အဖွဲ့ဝင်များ၏ နောက်ဆုံး စာရင်းကို ကွန်ပျူတာစီခြင်း၊ အစည်းအဝေး ကျင်းပခြင်းနှင့် အဖွဲ့ဝင်အင်အား တိုးခြင်းတို့ ဖြစ်၏။

"ကျွန်မတို့မှာ ရပ်နားပြီး စဉ်းစားဖို့ အချိန်မရှိဘူး၊ အကြောင်းကတော့ ကျွန်မတို့ကို ဘာမှ စဉ်းစားစရာမလိုဘူးလို့ အားပေးထားလို့ပါပဲ" ဟု မာရီနာက ပြောသည်။

"လွတ်မြောက်ရေးလမ်းသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပရန် ခန်းမ ငှားရမ်းခြင်းသည် မာရီနာ၏ အလုပ်ဖြစ်သည်။ ဤဆွေးနွေးပွဲများသည် ရုပ်ပိုင်းရော စိတ်ပိုင်းပါ လှုပ်ရှားဖွယ်ရာဖြစ်ပြီး၊ နက္ခတ်တာရာ တေးသီးချင်းများကို (၄၈)နာရီကြာမျှ ဗုံးချသလို ကက်ဆက်ဖြင့် ဖွင့်လှစ်ထား၏။ ထို့ပြင် ဆွေးနွေးပွဲ လာရောက်ကြသူများသည် မတ်တတ်ရပ်၍ နှစ်နာရီကြာမျှ မန္တန်များ ရွတ်ဖတ်ကြရသည်။

"ဉမ်နဲ့ ဆက်သွယ်ရတာ ပျော်ပါတယ်၊ ကျွန်မကတော့ ဂုရုကြီးရဲ့နောက်ကို အမြဲတမ်းလိုက်မယ်။ ကျွန်မ ဘိကျွန်ုဝတ်မယ် အိပ်ဖို့ အချိန် သုံးနာရီ ရပါတယ်။ နောက်ပြီး ဂုရုကြီးကို အစားအသောက်လှူဖို့ အခမ်းအနား အစီအစဉ် လုပ်ကြပါတယ်။ ကျွန်မတို့ မကျန်းမာအောင် ဖြစ်လာတဲ့အထိ စားပြီးရင်း စားကြရတယ်။ အဲဒါကတော့ အစားအသောက်ဟာ ဝေဒနာဖြစ်စေတယ်ဆိုတာ ကျွန်မတို့ နားလည်ဖို့ လုပ်တာပါပဲ။ တစ်





ယောက်က အစားအသောက်တွေကို လွှင့်ပစ်မိရင်၊ သူ့ အန်ဖတ်တွေကို ပြန်စားခိုင်းတယ်"ဟု မာရီနာက ပြန်ပြောကြသည်။

နေရာ သတ်မှတ်ထားသော ဆွေးနွေးပွဲများသည် လူသစ်များအတွက် ခြင်းချက်ဖြစ်ပြီး၊ သကြားလုံး အဖြူများကို ဝေငှထားလေ့ရှိ၏။ သကြားလုံးများသည် လျှာကို ထုံစေပြီး၊ ငွေဒင်္ဂါးပြားကဲ့သို့ အရသာရှိကြောင်း မာရီနာက ပြောပြသည်။ ဇင်နေဒါတခါ ရိတာက တွေးသည်မှာ သကြားဖြူလုံးများသည် ဉမ်၏ လျှပ်တစ်ပြက် ဟောပြောချက်နှုန်းကို ရှင်းပြသည်ဟု ဆို၏။

"ကျွန်မတို့ရဲ့ ကလေးတွေရဲ့ ရုပ်သွင်အမူအရာတွေ ရုတ်တရက် ပြောင်းလဲသွားတာကို စောင့်ကြည့်ခဲ့ကြတယ်၊ နောက် သုံးရက်လောက်ကြာတဲ့အခါ ကလေးတွေဟာ အိမ်က ထွက်ခွင့်တောင်းပြီး၊ ဉမ်အဖွဲ့ထဲကို ဝင်ကြတယ်။ ကျွန်မအတွက်ကတော့ အဲဒါဟာ မူးယစ်ဆေးဝါးအပေါ် မှီခိုချင်တာဖြစ်ပြီး၊ စိတ်ဓာတ်ကြောင့် မဟုတ်ဘူးလို့ ထင်ပါတယ်"

ဂျပန်မှာကဲ့သို့ ရုရှပြည်မှာလည်း ဉမ်သည် သူ့နောက်လိုက်များကို မူးယစ်ဆေးဝါးများကို စနစ်တကျ တိုက်ကျွေးကြောင်း သက်သေသာဓကများရှိသည်။ အယူသီးဂိုဏ်း အဖွဲ့ဝင်များသည် နေ့စဉ် ရုရှတို့က ဉမ်အစားအစာဟုခေါ်ကာ အီတာလျံ ခေါက်ဆွဲနှင့် ဆန်ပြုတ်များကို နှစ်ကြိမ်စားသောက်လေ့ရှိကြ၏။ ဇိုယုက မန္တန်များ ရွတ်ဖတ်ပြီး သူ၏ စွမ်းအားဖြင့် အစာထဲသို့ ဆေးထိုးသွင်းထားသည်ဟု သူတို့ကို ပြောထားသည်။ ဇိုယု၏ အစွမ်းသည် သာမန် ဆေးအမည်မဟုတ်ကြောင်း မာရီနာက သံသယဝင်နေ၏။

"အစာစားပြီးရင် အိပ်ငိုက်လာပြီး၊ အိပ်မက်တွေ စင်းစင်းမက်လာတယ်"ဟု သူမက ပြောသည်။ အစားအသောက်များကို ဉာဏ်အလင်းရထားသည့် အမျိုးသမီး ထမင်းချက်များကသာ ချက်ပြုတ်ထားခြင်းဖြစ်ပြီး၊ သူတို့အားလုံးသည် ဂျပန် အမျိုးသမီးများသာ ဖြစ်ကြ၏။

ထို့နောက် ဆေးလုံးများ တိုက်ကျွေးသည်။

"လစဉ်လတိုင်း ကျွန်မတို့ကို သတ္တဝါဗီတာမင်လို့ခေါ်တဲ့ ဆေးပြားအဝါကလေးတွေကို တိုက်ကျွေးပါတယ်။ ကျွန်မတို့ တစ်နေ့တစ်လုံး သောက်ကြရတယ်၊ နောက်တော့ ကျွန်မ ထိုင်းမှိုင်းတွေဝေသလို ခံစားရပါတယ်။ ကျွန်မ စဉ်းစားတွေးလို့ မရနိုင်ပါဘူး၊ စဉ်းစားတွေးတောချင်စိတ်သည်း မရှိတော့ဘူး"ဟု မာရီနာက ပြောသည်။ ထိုဆေးပြားများသည် ဒန်နီဇီပန် ဟုခေါ်သော စိတ်ငြိမ်ဆေးတစ်မျိုးဖြစ်မည်ဟု မာရီနာက ယုံကြည်လေသည်။

ဉမ်အဖွဲ့ဝင်သစ်များသည် ဆိုးဝါးသော အစားအစာ၊ ညံ့ဖျင်းသော ဆေးဝါးကုသမှုနှင့် များပြားလှစွာသော မော်စကိုမြို့သူမြို့သားများ ခံစားနေရသည်များကို အဖြေပေးသည့်အနေဖြင့် ယောဂီများအဖြစ် ရှုထူးတိုးမြင့်


www.burmeseclassic.com

www.burmeseclassic.com



ခံကြရ၏။ သို့သော် အယူသီးဂိုဏ်းဝင်များသည် နာတာရှည်ရောဂါများ ခံစားကြရသောကြောင့် ပြဿနာ ပေါ်နေသည်။ ခြေထောက်များ လေဖြတ်ခံထားရသော အသက် (၅၅)နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးသည် အရေပြားကိုထိလျှင် နာကျင်လျက်ရှိသည်ကို မာရီနာ မှတ်မိနေ၏။ ဇိုယုက ထိုအမျိုးသမီးကြီးကို ဆင့်ခေါ်လိုက်သည်ဟု မာရီနာက ပြောသည်။

"အဲဒီ အမျိုးသမီးကြီးကို သူတို့ သယ်သွားကြတော့ ဒေါသတကြီး အော်ဟစ်နေပါတယ်၊ ဇိုယုက ပြုံးရုံသာ ပြုံးပြပြီး၊ သင်ခန်းစာအတိုကလေး ပြောပြတယ်။ အဲဒီ အနာအားလုံးအတွက် စကားအနည်းငယ်နဲ့ပဲ ဖြေသိမ်လိုက်တာပါပဲ"ဟု မာရီနာက ပြောပြ၏။

ဇိုယုက ယုံကြည်ကိုးကွယ်သူများကို အသင်းဝင်အင်အား ပိုမိုတိုးချဲ့ရန်၊ ပိုမိုလှူဒါန်းကြရန်နှင့် အရာရာကို စွန့်လွှတ်ကြဖို့ အစဉ်အမြဲ အားပေး ပြောဆိုနေသည်။ သူ၏ ရည်မှန်းချက် ပန်းတိုင်တစ်ခုမှာ ကြာပန်းကျေးရွာကို မော်စကိုပြင်ဘက် ကလင်ကျေးရွာတွင် တည်ဆောက်ရန် ဖြစ်၏။ ထိုကျေးရွာသည် ဥမ်၏ ပထမဦးဆုံးသော ရုရှနိုင်ငံ အသိုင်းအဝိုင်း ဖြစ်လေသည်။ မည်သို့ပင်ဆိုစေ (၁၉၉၄)ခုနှစ် နောက်ပိုင်းတွင် ကလင် စီမံကိန်း ပျက်သွား၏။ ဥမ်၏ နာမည်ဆိုးဖြင့် ကျော်ကြားမှုကြောင့် မြေရှင်က မြေကိုရောင်းချခြင်း မပြုခဲ့ပေ။

ကလင်ကျေးရွာ စီမံကိန်း ပျက်သွားပြီးနောက် မော်စကိုဌာနချုပ် အတွင်းဘဝသည် စိတ်ဆင်းရဲစရာ အသစ်များနှင့် ကြုံတွေ့နေကြရ၏။

"လူတိုင်းလိုလိုပဲ အာရုံကြောထိခိုက်တဲ့ ရောဂါတစ်မျိုးမျိုးကို ခံစားနေကြရတယ်၊ ဘုန်းကြီးတွေဟာ တစ်ဦးနဲ့တစ်ဦး ရိုက်နှက်ကြတယ်၊ မိန်းမတွေကလည်း တစ်ချိန်လုံး ရန်ဖြစ်နေကြလေရဲ့။ ကိုယ့်ကိုယ်ကိုယ် သတ်သေကြဖို့ ပြောနေကြတာများပါတယ်"ဟု မာရီနာက ရှင်းပြလေသည်။ ပြိုကွဲပျက်စီးချိန် နီးသောအခါ မာရီနာသည် အိမ်သို့ ခေတ္တ ပြန်ခဲ့၏။

မော်စကိုဌာနချုပ်သို့ သူမ ပြန်ရောက်သောအခါ အဆောက်အအုံ ခန်းမနှင့် ဆင်ဝင်ခန်းမတို့တွင် ထူးဆန်းသော အနံ့များ စိမ့်ဝင်နေသည်ကို သတိပြုမိသည်။

"အဲဒီအနံ့ဟာ နေ့တိုင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် အခန်းတွင်း ကန့်သတ်တဲ့ ဆွေးနွေးပွဲနေ့တွေမှာပဲ အနံ့ရပါတယ်၊ အဲဒီအနံ့ဟာ ဓာတုဗေဒအနံ့ အစစ်မဟုတ်ဘူး"ဟု မာရီနာက အမှတ်တရ ပြန်ပြောခဲ့သည်။

ထိုအကြောင်းကို မသိဘဲ မာရီနာသည် ပထမကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည်။ အသက်ရှူကျပ်စေသည့် ဓာတုဗေဒပစ္စည်း ဖော့စ်ဂျင်းဓာတ်ငွေ့ကို ထုတ်လုပ်ပြီးဖြစ်၏။ ထို့ပြင် ဂျာနယ်လစ် ရှိုကိုအီဂါဝါ အား တိုက်ခိုက်ရာတွင် အသုံးပြုပြီး ဖြစ်သည်။



ရုရှပြည်ရှိ ဥမ်၏ ဓာတုဗေဒပစ္စည်း အစုအပုံသည်လည်း အတူတူပဲလား။ စုံစမ်းစစ်ဆေးသူများသည် နောက်ပိုင်းတွင် ထိုကိစ္စကို ဆွေးနွေးရန် စိတ်အားထက်သန်ခြင်း မရှိတော့ပေ။ သို့ရာတွင် ဂျာနယ်လစ်နှင့် ယခင် ကေဂျီဘီအဖွဲ့ဝင်ဟောင်း ကုန်စတင်တိန်းက မော်စကိုရှိ ဥမ် ကုမ္ပဏီတစ်ခုတွင် နောက်လိုက်(၁၅)ဦးက မြေအောက်ခန်းမှာ နေထိုင်လျက်ရှိကြောင်း ကြေညာလေသည်။ သူသည် ယခင် အဖွဲ့ဝင်ဟောင်းများကို တွေ့ဆုံမေးမြန်းရာ ဓာတုဗေဒပစ္စည်းများကို အနီနှင့်အပြာရောင် ပိတ်စများအုပ်ထားသော ကုန်သေတ္တာကြီးများတွင် ထည့်သွင်းထားကြောင်းနှင့် ဒေသခံလူများက ခေါင်းကိုက်၍ အရေပြားရောဂါရကြောင်း တိုင်ကြားကြသည်ဟု သိရလေသည်။ ဤ အစီရင်ခံစာ မပေါ်ပေါက်မီ စည်များကို ထရပ်ကားများဖြင့် ရွှေ့ပြောင်းပြီး အဆောက်အအုံကို ပိတ်ထားကြောင်း ကွန်စတန်တင်းက ပြောသည်။

မာရီနာ၏ အယူသီးဂိုဏ်းဌာနချုပ်နှင့် ထူးဆန်းသော အနံ့အကြောင်း ကိုယ်တိုင်စုံစမ်းခြင်းသည် ထို့အတူ နိဂုံးချုပ် အဆုံးသတ်ခဲ့ရ၏၊ အယူသီးဂိုဏ်းခေါင်းဆောင်များအား သူမက မေးခွန်းထုတ်ခဲ့သည်မှာ အဖြေမရခဲ့ပေ။ အခြား နောက်လိုက်များသည် နှာခေါင်းသွေးယိုခြင်း၊ အော့အန်ခြင်း သို့မဟုတ် အကြီးအကျယ် ခေါင်းကိုက်ဝေဒနာများ ခံစားရကြောင်း မာရီနာက ပြောပြခဲ့သည်။

သူမ၏ ယုံကြည်မှုလျော့ပါးပြီး ကျန်းမာရေး ချို့ယွင်းလာသဖြင့် မာရီနာသည်လည်း အယူသီးဂိုဏ်းမှ ထွက်ပြေးလာခဲ့ရတော့သည်၊ ဘုန်းတော်ကြီး အိုလတ်စတန်ယေ့(ဗ်)၏ ကြိုးပမ်းချက်များ၊ မိဘများ၏ တရားစွဲဆိုမှုများ၊ ဥမ်၏ အသိုင်းအဝိုင်းတွင်း ငရဲကျခံနေရသူများ ဤ အချက်အလက်များသည် ကျန်ရစ်ခဲ့သူများအတွက် အလွန် လေးနက်သော အကျိုးသက်ရောက်မှုများ ဖြစ်လေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## မကောင်းဆိုးဝါးဂီတ

တစ်လလျှင် ဒေါ်လာတစ်ထောင်. . . တဲ့။ ဆာဂျီအက်ဒ့်ဂါမော့အတွက် မှန်ကန်လျှင် အလွန်ကောင်းလှသည်။ သူသည် မော်စကိုမြို့တွင် သံစုံတီးဝိုင်းအသစ် ကြေညာထားသည်ကို ကြည့်ရှုနေ၏။ အလုပ်ကောင်းလျှင် တစ်လလျှင် (၃၄)နှစ်အရွယ် ပုလွေသမားတစ်ယောက်သည် ရုရှ သံစုံတီးဝိုင်းများစွာတွင် ဒေါ်လာ(၃၀၀) ရနိုင်ဖပသည်။ ပရိသတ်တောင်းဆို၍ အခွင့်ကောင်းကြုံလျှင် ထိုငွေထက် သုံးဆ ပိုရနိုင်၏။ ဆာဂျီသည် အသေးစိတ် ရေးမှတ်နေလေသည်။

လူရွေးပွဲတွင် လူများနေသည်ကို သူသည် အံ့ဩခြင်း မရှိပေ။ ဂီတသမား (၁၅)ဦးသည် တစ်နေရာစီအတွက် ယှဉ်ပြိုင်ကြသည်။

"သူတို့အားလုံး အရင် ဆိုဗီယက်ပြည်ထောင်စုဟောင်း နေရာအားလုံးက လာကြတာဗျ၊ လူတိုင်းက ဒီသံစုံတီးဝိုင်းထဲမှာ အလုပ်ရချင်ကြတယ်"ဟု ဆာဂျီက ရှင်းပြခဲ့၏။ (၁၉၉၂)ခုနှစ်၊ နိုဝင်ဘာလထဲတွင် ရုရှပြည်နှင့် အခြားဒေသမှ တူရိယာသမား(၁၂၀)နှင့် ဆာဂျီ ဆက်သွယ်မိလေသည်၊ ယခု သူတို့သည် ချိုင်ရင်ဟု သင်္ကေတရိုက်ဘာသာဖြင့် ခေါ်သော 'နတ်ဘုရား ပေးကမ်းခြင်း'အမည်ရှိ သံစုံတီးဝိုင်းအသစ်ကို ဖွဲ့စည်းတည်ထောင်ထားကြ၏။

ရှိုကိုအဆာဟာရသည် သံစုံတီးဝိုင်းတစ်ဝိုင်းအား သူကိုယ်တိုင်ဝယ်ယူထားလေသည်။

ဆာဂျီသည် ဂျပန်လူမျိုး ဂုရုကြီးတစ်သက်တာ မျှော်မှန်းချက်ကို အကြောင်းမသိဘဲနှင့် ဖြည့်ဆည်း ကူညီပေးလိုက်သည်။ ကျောင်းနေစဉ်က အဆာဟာရသည် တီးဝိုင်းတစ်ခုတွင်ပါဝင်၍ တေးသီချင်း ဦးဆောင်သည့်သူအဖြစ် သဘာဝအတိုင်း သီဆိုခဲ့ဖူး၏။ သို့သော် ဂီတပညာနှင့် ပတ်သက်၍ ဉာဏ်အနည်းငယ် ပြသနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ နောင်တွင် 'နတ်နား'ဟု သူခေါ်ဆိုသည့် 'နတ်များနှင့် လူသားများ၏ အသံ'ကို ကြားနိုင်သည့် အစွမ်းထိ တိုးတက်အောင် လုပ်ခဲ့၏။ ဤမြင့်မြတ်သော ကျွမ်းကျင်မှုဖြင့် သူသည် 'နက္ခတ်တာရာ ဂီတ'ကို ရေးသားစပ်ဆိုပြီး ဉမ်အစည်းအဝေးများတွင် ခေတ်သစ် တေးသွားများကို တင်ဆက်ခြင်း ဂုရုကိုယ်တိုင် ပါဝင်တီးမှုတ်လေ့ရှိ၏။ တိုကျိုမြို့ဌာနချုပ်တွင် အခန်းတစ်ခန်း၌ စန္ဒရားတစ်လုံးကို အဆာဟာရ ကိုယ်ပိုင်အသုံးပြုရန် အရံသင့်ထားရှိလေသည်။ ချိုင်ရင် သံစုံတီးဝိုင်းနှင့်အတူ အဆာဟာရသည် သူ၏ကိုယ်ပိုင် တီးဝိုင်းတစ်ခု ဖြစ်ပေါ်လာပြန်၏။ ချိုင်ရင် ဂီတသမားများ၏ လစာသည်ပင်လျှင် တစ်နှစ်လျှင် ဒေါ်လာ (၁. ၅)သန်းခန့် ရှိသည်။

ရှိုကိုအဆာဟာရသည် နာမည်ကြီး ဂျပန်တေးရေးဆရာတစ်ဦးဖြစ်ကြောင်း အသစ်ငှားထားသော ဂီတဆရာများအား ပြောပြထား၏။ ချိုင်ရင် နည်းပြဆရာ ဗလာဒီမာကို ဒရီးယားက လုံးဝမဟုတ်ဘူးဟု ရှင်းပြခဲ့သည်။

"အဆာဟာရဟာ သံစဉ်တွေကို လက်ထောက် ဂီတဆရာလေးငါးဦးကို မပီမသရွတ်ပြပြီး သူ ဘယ်လိုဂီတမျိုး လိုချင်တယ်ဆိုတာ ရှင်းပြပါတယ်။ လက်ထောက် ဂီတဆရာတွေကသွားပြီး ကွန်ပျူတာနဲ့ ရောစပ်ကီရိယာတွေနဲ့ အစီအစဉ် လုပ်ကြပါတယ်။ အဲဒါတွေကို သူ့ဂီတရယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူးလို့ အဆာဟာရက ပြောပါတယ်။ ဂီတသံကို အခြား တစ်နေရာကပဲ သူ ကြားရတယ်တဲ့"

ဂုရုကြီးသည် ဤနည်းအတိုင်း မတူကွဲပြားသော တေးသီချင်းအပုဒ်ပေါင်း တစ်ရာကျော် ရေးစပ်ခဲ့ရာ "ခရစ်တော်၊ ကမ္ဘာဦးနှင့် စိန့်စကီးထံမှ သတင်း" အမည်ရှိ တေးသွားများ ပါဝင်လေသည်။

"တချို့က တေးသွားပေါ့ပေါ့တွေ ပါပေမယ့် သိပ်ပြီး ရှေးကျပါတယ်။ တချို့တေးသွားတွေက ဗင်သိုဗင်၊ တချို့က တချိုင်ကော့ဗ်စကီးတို့ရဲ့ တေးသွားက နိုးချထားတာပါ။ ကြေးစား ဂီတသမားတစ်ယောက် အနေနဲ့ ဒီလို မကောင်းဆိုးဝါးဂီတကို တီးခတ်ဖို့ရာ အလွန် ကျွန်းမာရေးနဲ့ မညီညွတ်တဲ့ ကိစ္စပါဗျ၊ နောက်များ မကြာမီ ခင်ဗျားရဲ့ ဂီတကျွမ်းကျင်မှုအရည်အသွေးဟာ ကျဆင်းသွားတော့တာပေါ့"ဟု ဆာဂျီက ရှင်းပြသည်။

ပထမပိုင်းတွင် ဆာဂျီသည် အစမ်း ဇာတ်တိုက်လေ့ကျင့်ပွဲများကို စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲနေလျက်ရှိ၏။ ဂီတဆရာများသည် တစ်နေ့လျှင် လေးနာရီကြာအောင် ငှားရမ်းထားသည် ခန်းမတွင် လေ့ကျင့်ကြရသည်။ ထို့နောက် ဉမ်၏တရားကို တစ်နာရီကြာအောင် နားထောင်ကြရ၏။

"ကျုပ်တို့ တကယ် နားမထောင်ပါဘူး၊ တချို့က ကစားနေတယ်၊ တချို့ သတင်းစာ ဖတ်တယ်။ တချို့ ဗော့ကာ ဒါမှမဟုတ် ရှန်ပိန်သောက်နေကြတယ်။ သံစုံတီးဝိုင်းကို ဘာသာရေးဂိုဏ်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ထားတယ်ဆိုတဲ့အကြောင်း ကျုပ်တို့အားလုံး သိကြတယ်"ဟု ဆာဂျီက ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ မကြာမီအချိန်တွင် ဂီတဆရာများသည် ဇာတ်တိုက်လေ့ကျင့်သည်မှာ လေးနာရီသာကြာ၍ ကျန်သုံးနာရီမှာ စုပေါင်းသင်ကြားပို့ချခြင်း၊ ဗီဒီယိုပြခြင်းနှင့် လက်တွေ့ လေ့ကျင့်ခန်းများ လုပ်ကြရ၏။

"လက်မြှောက်၊ လက်ချ၊ လက်မြှောက်လက်ချ အဲဒီလေ့ကျင့်ခန်းဆိုတာက ကိုယ်လက်လှုပ်ရှား အားကစား လေ့ကျင့်ခန်း တစ်မျိုးနဲ့ အတူတူပါပဲ။ နောက် တစ်ချိန်မှာကျတော့ 'ဥမ်'လို့ အသံကုန် အော်ရတယ်။ နောက်တစ်ခါ 'သျှိဗ'လို့ အော်ကြရတာပေါ့။ ကျုပ်တို့ ကျယ်ကျယ်အော်လေ အရှုံးအိမ်နဲ့ တူလေပါပဲ"ဟု ဆာဂျီက ရှင်းပြသည်။ ထိုလေ့ကျင့်ခန်းသည် အစွမ်းထက်သဖြင့် အမျိုးသမီးများ မမှတာပေါ် နေလျှင် ရပ်တန့်သွားနိုင်သည်ဟု ဂီတဆရာများကို ပြောပြသည့်အခါ ဆာဂျီက အတွန့်တက်လိုက်၏။ "ယောကျ်ားတွေကိုရော ဝအောင် လုပ်နိုင်သလား"

ချိုင်ရင်ဂီတအဖွဲ့၏ အသက်(၆၁)နှစ်ရှိ ပြင်သစ် ပုလွေဆရာ ဘောရစ်အဖန်နာရှက်(ဗ်)အတွက် ရယ်စရာ မဟုတ်ပေ။

"ကျုပ်တို့ ဆုတောင်းကြတဲ့အခါ နဖူးနဲ့ကြမ်းပြင် အကြိမ်တစ်ထောင်လောက် ရိုက်ကြရတယ်၊ ကျုပ်မှာ နှလုံးရောဂါနဲ့ သွေးတိုးရောဂါရှိပေမယ့် ကျုပ်ကို အတင်းအကြပ် လုပ်ခိုင်းကြတယ်ဗျာ"

ချိုင်ရင် သံစုံတီးဝိုင်းသည် (၁၉၉၃)ခုနှစ် မေလထဲတွင် ပထမအကြိမ် ဂျပန်ပြည်သို့ သွားရောက်ခဲ့ရသောအခါ ဂီတဆရာများ၏ သံသယစိတ်ကို သက်သာရာရစေခဲ့သည်။ ဂျပန်ပြည်တွင် ရောက်နေစဉ် ကြော်ငြာကောင်းကောင်း လုပ်ခဲ့သဖြင့် တီးဝိုင်းအဖွဲ့သည် ဂျပန်ပြည်အတွင်း (၂၄)ရက်ကြာ ကပွဲခန်းမ (၁၂)ခုတွင် အောင်မြင်စွာ တီးမှုတ် ဖျော်ဖြေနိုင်ခဲ့ကြ၏။ ကပွဲ၏ ပထမပိုင်း အစီအစဉ်မှာ တချိုင်ကော့ဗ်စကီ၏ အစီအစဉ်ဖြစ်ပြီး ဒုတိယပိုင်းမှာ အဆာဟာရ၏ အစီအစဉ် ဖြစ်လေသည်။ တီးဝိုင်းအဖွဲ့သည် ဖူဂျီတောင်ဌာနချုပ်ရှိ ဘုန်းကြီးနှင့် မယ်သီလရှင်များကိုလည်း တီးမှုတ်ဖြေဖျော်ခဲ့ရ၏။

"သူတို့က ရုရှစတိုင် ညစာစားပွဲတွေနဲ့ စွပ်ပြုတ် စတဲ့အရာအားလုံးကို ပစ်ပေးကြတယ်"ဟု ဆာဂျီက အမှတ်တရ ပြန်ပြောသည်။ ထို့နောက် အဆာဟာရက ဂီတဆရာများကို နောက်ဆုံးပေါ် မန်နာဆိုနစ် ကမ်ကော်ဒါ တစ်လုံးစီ လက်ဆောင်ပေးလေသည်။

ချိုင်ရင်ဂီတအဖွဲ့သည် ရုရှပြည်နှင့် ယခင် ဆိုဗီယက်သမ္မတနိုင်ငံတော်ဟောင်းသို့ ထိုနှစ် ကုန်ခါနီးတွင် ခရီးထွက်ခဲ့ကြသေးသည်။ (၁၉၉၄) ခုနှစ် ဒီဇင်ဘာတွင် ဂျပန်သို့ ပြန်ခဲ့ကြ၏။ ယခင် ခရီးစဉ်နှင့် နှိုင်းစာလျှင် စိတ်ဓာတ်ကျစရာကောင်းသည်။ ထိုပွဲများတွင် ပရိသတ်မရှိဘဲ ဂီတဆရာများသည် ဥမ်အဖွဲ့ခွဲ အသီးသီးမှ အယူသီးဂိုဏ်းအဖွဲ့ဝင် အနည်းငယ်ကိုသာ တီးမှုတ်ဖြေဖျော်ခွင့် ရကြ၏။ ယောကျ်ားများသည် ခရီးသွားဝတ်စုံကို မဝတ်ကြ၊ အမျိုးသမီးများကလည်း ညနေဝတ်စုံ မဝတ်ချေ။ ထူ ဂီတ ဆရာများသည် အဖြူရောင် ဝတ်ရုံများနှင့် ထွက်ကြရ၏။ တချိုင်ကော့ဗ်စကီလည်း မရှိချေ။



"ကျုပ်တို့ အဆာဟာရရဲ့ မကောင်းဆိုးဝါးဂီတကိုပဲ တီးမှုတ်ကြရတယ်"ဟု ဆာဂျီက ပြောသည်။

ဂီတ အစီအစဉ်ထက် အချိုးမကျသောအရာမှာ ဂီတအခုက်ပြ ဖြစ်၏။ ဗလာဒီမာကို ဒရီယာသည် အချက်ပြတုတ် မကိုင်တော့၊ (၁၅)နှစ်အရွယ် အမျိုးသမီးကလေးကသာ အချက်ပြ လုပ်လေသည်။

"ကျုပ်တို့က သူမကို ရှီဇာရက်ဇာဒီ လို့ခေါ်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ အာရေဗီယန်ညများ ဇာတ်ကားထဲက အရှေ့တိုင်းမင်းသမီးနဲ့ တူလို့ပါပဲ"ဟုပြောရင်း ကိုဒရီယာက ရယ်နေ၏။ "သူမက စထရော်ဘယ်ရီရောင် လက်ရှည်ဝတ်စုံကို ဝတ်ပြီး လက်စွပ်တွေလည်း အများကြီး စွပ်ထားတယ်၊ ခေါင်းမှာလည်း ရွှေတွေ စွပ်ထားတယ်"

ထိုမိန်းကလေးသည် အဆာဟာရ၏ ဆယ်ကျော်သက်ချစ်သူ သုံးမေဒါ ဖြစ်သည်ဟု ယုံကြည်နေသည်။ မိန်းကလေးသည် ဂုရု၏ ရေချိုးခန်းတွင် လိုအပ်ချက်များ ပြုစုရသူ နောက်ဆုံးလူ ဖြစ်၏။

"သူမနဲ့ အဆာဟာရတို့ အတော် နီးစပ်ပုံရတယ်၊ သူမ လှုပ်ရှားလိုက်တိုင်း နောက်လိုက်တွေက ပြုစုဖို့ လာကြတယ်၊ ဂျပန်မှာတော့ သူမက သံစုံတီးဝိုင်းပွဲတိုင်းမှာ အချက်ပြဆရာ လုပ်ပါတယ်၊ အမှန်မှာတော့ ဂီတဆရာတွေက အရေအတွက်ကို အလွတ်ရပြီးသားပါ။ သူမကို ကြည့်မနေနဲ့လို့ ကျုပ်က သူတို့ကို ပြောထားပါတယ်။ သူတို့ ကောင်းကောင်း တီးခတ်နိုင်ကြပါတယ်"

သို့သော် ထိုခရီးသည် အလွန်ပင်ပန်းသော ခရီးဖြစ်ကြောင်း ဆာဂျီက ပြော၏။

"သူတို့ ဘာကြောင့် ရုရှလူမျိုး (၁၂၀)ယောက်ကို ခေါ်သွားပြီး အစားအစာနဲ့ တည်းခိုစရိတ် ပေးသလဲဆိုတာ စဉ်းစားလို့မရဘူး၊ ဘယ်နည်းနဲ့မဆို အမြတ်ထွက်မယ် မထင်ပါဘူး"

ဒီဇင်ဘာ (၁၅)ရက် (၁၉၉၄)ခုနှစ် ဖြစ်၏။ သံစုံတီးဝိုင်းအဖွဲ့သည် တိုကျိုသို့ လေယာဉ်ဖြင့် ပြန်ရန် ဂျပန်နိုင်ငံ ကျူးရှူးကျွန်းဆွယ် တောင်ပိုင်းတွင် စောင့်ဆိုင်းနေကြသည်။

"မနက် ခုနစ်နာရီကျတော့ ကျုပ်တို့ကို လေဆိပ် ခေါ်သွားကြတယ်၊ နံနက်စာကို အသားသွတ်မုန့်တစ်ချပ်စီ ကျွေးပါတယ်။ တိုကျိုမြို့ကို ရောက်ပြီလို့ပြောတော့ အင်မတန် စိတ်ဝင်စားစရာကောင်းလှတဲ့ ဖူဂျီတောင်ကို သွားနေရတာဆိုတာ သိရပါတယ်။ အဆာဟာရက လျှို့ဝှက်အတ်သွင်းခန်းတစ်ခု လုပ်ချင်ကြောင်း၊ ခါတိုင်း ဒေါ်လာ(၁၀၀၀၀) ကုန်ကျကြောင်း သိရှိရပါတယ်။ ကျုပ်တို့ကတော့ ဒါပေမယ့် အလကား လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

တိုကျိုမြို့ ဥမ်ဌာနချုပ်မှာ ခေတ္တ နားပြီးသောအခါ ဂီတဆရာများသည် ကားသုံးစီးဖြင့် ဖူဂျီတောင်သို့ ထွက်ခွာခဲ့ကြသည်။ ထိုခရီးသည် သုံးနာရီမျှ ကြာ၏။ ဥမ် အဆောက်အအုံအပြင်ဘက် ရောက်သောအခါ ရှုရှု ဂီတဆရာများသည် အလွန် ဆာလောင်နေကြပြီ ဖြစ်၏။

"ကျုပ်တို့ ထမင်းစားလို့ ရပြီလားလို့မေးတော့ ထမင်း မစားရသေးဘဲ ဖူဂျီရေကန်ကို ခေါ်သွားတယ်၊ ကျုပ်တို့ရဲ့ ဂျပန် ဂီတအချက်ပြဆရာက မစားရတာ ပိုကောင်းတယ်လို့ ပြောပါတယ်"ဟု ဆာဂျီက ရှင်းပြသည်။ ဆာဂျီသည် ဖူဂျီသို့ နောက်ဆုံးခရီးအား မှတ်မိနေ၏။ ပန်းကုံးများ၊ ကွန်ကော်ဒါများနှင့် အစာဆာလောင်သဖြင့် ဝမ်းဗိုက်နာသောကြောင့် ဗိုက်နှိပ်နေခဲ့ရပုံများကို မှတ်မိခြင်း ဖြစ်လေသည်။

နံနက် (၉)နာရီတွင် ခရီးစဉ် ပြီးဆုံး၏။ ထို့နောက် မှောင်စပျိုးလာပြီး၊ တောင်တန်း အချမ်းဓာတ် ဝင်လာသည်။ ကားများသည် ဥမ် အဆောက်အအုံများ ပြင်ပတွင် ရပ်နားကြပြီး၊ သံစုံတီးဝိုင်း အဖွဲ့အား အခန်းကြီးတစ်ခု၏ တတိယလွှာသို့ ခေါ်ဆောင်သွားသည်။ ထိုခန်းမတွင် ရှုရှုညစာများနှင့် လက်ဆောင်အစုအပုံများ မတွေ့ရသဖြင့် သူတို့ စိတ်ပျက်သွားကြ၏။ ထိုနေရာ၌ ဥမ်အဖွဲ့ဝင်တစ်စုကို တွေ့ရသည်။ သို့သော် သူတို့သည် ဂီတသမားပုံစံ မဟုတ်။ ခန်းမကြီးကို သစ်သား သို့မဟုတ် ဝိတ်စများဖြင့် အခန်းငယ်ပေါင်း မြောက်မြားစွာ ဖွဲ့ထား၏။ ကြမ်းပြင်သည် စိုစွတ်၍ ညစ်ပတ်ပေရေနေသည်။ ဆာဂျီနှင့် သူ့မိတ်ဆွေများအား ဖိနပ်ချွတ်ထားကြရန် ပြော၏။ ထို့နောက် သူတို့ တစ်ယောက်စီကို အခန်းငယ်ကလေးများ အတွင်းသို့ ခေါ်ဆောင်သွားလေသည်။

"ကြမ်းပြင်ပေါ်မှာ အိပ်ရာတွေရှိတယ်၊ အိပ်ရာတွေမှာ ဖောက်ကလာတဲ့ ဝါယာကြိုးတွေလည်း ရှိပါတယ်။ အိပ်ရာတိုင်းမှာ နားကျပ်တစ်စုံနဲ့ မျက်နှာပိတ်တွေထားတယ်။ ကျုပ် သိပ်ပင်ပန်းနေတော့ အိပ်ရာပေါ် လှဲအိပ်လိုက်မိပါတယ်။ ချက်ချင်းပဲ အဲဒီ အသံလှိုင်းတွေဟာ ကျုပ်တစ်ကိုယ်လုံး ပျံ့သွားနေတယ်လို့ ခံစားနေရတယ်"ဟု ဆာဂျီက ပြန်ပြောသည်။

ဝိုင်ယာကြိုးများသည် ဖျာအောက်မှ အသံချဲ့စက်ဆီသို့ ဆက်သွယ်ထားကြောင်း သတိပြုမိသည်။ အသံချဲ့စက် တစ်လုံးဆီက အဆာဟာရ သီဆိုထားတဲ့ မန္တန်ရွတ်သံတွေ ထွက်ပေါ်နေ၏။ အသံချဲ့စက်အားလုံးကို ဒိုင်ယာခွက်တွေ အများကြီးရှိသော ဘေးရှိသေတ္တာကြီး တစ်လုံးက ထိန်းချုပ်ထားသည်။ သူ့မိတ်ဆွေ အားလုံးကဲ့သို့ပင် ဆာဂျီသည် အိပ်ရာ တုန်လှုပ်မှု မရှိအောင် ဒိုင်ခွက်ကြီးကို လှည့်၍ ပိတ်လိုက်၏။ သို့သော် သူအဲဒီလို လုပ်လိုက်တိုင်း အစောင့် အယူသီးဂိုဏ်းသား တစ်ဦးက ဒိုင်ခွက်ကို ပြန်လှည့်လိုက်ပြန်သည်။





ဂီတဆရာတချို့က အေးပြီး စိုစွတ်သည့်အတွက် တိုင်တန်းဘင်ကြသည်။ သူတို့ထဲမှ အများစုသည် ကုတ်အင်္ကျီများ ဘတ်(စ်)ကားပေါ်တွင် ကျန်ရစ်ခဲ့ကြ၏။ ထိုကားများ ထွက်သွားကြသည်မှာ ကြာပြီဟု ဆာဂျီ မှတ်သားထားမိသည်။ နောက်ဆုံးတွင် ညဉ့်လယ်သန်းခေါင်ယံ ဘင်ဗိုက်မှာ အယူသီးဂိုဏ်း အဖွဲ့ဝင်များသည် ပလတ်စတစ် ကုတ်အင်္ကျီများကို ဝတ်လျက် အိပ်ပျော်ရန် ကြိုးစားကြရ၏။

"ယုံကြည်သူများကတော့ သူတို့ဟာ တုန်ခါနေတဲ့ အိပ်ရာတွေပေါ်မှာ နားကျပ်တွေနဲ့ အိပ်ကြောင်း တိုက်တွန်း ပြောဆိုနေကြတယ်၊ ဂီတဆရာတချို့ဟာ ပြန်ပြောဖို့ မတတ်နိုင်အောင် မောပန်းနေကြပါတယ်"ဟု ဆာဂျီက ပြောသည်။

ထိုအချိန်တွင် အယူသီးဂိုဏ်းဆရာဝန်များနှင့် သူနာပြုများရောက်လာကြပြီး ဂီတဆရာများကို အပူချိန်နှင့် သွေးတိုးနှုန်း တိုင်းတာပေးကြ၏။ ချိုင်ရင် ဂီတအဖွဲ့အား စမ်းသပ်မှုတစ်ခုတွင် အစမ်းသပ်ခံ 'ပူး'သတ္တဝါ အဖြစ် အသုံးချရမည် ဖြစ်သည်ကို ဆာဂျီ သဘောပေါက်လာသည်။

"ကျုပ်တို့ကို ဖုတ်ကောင် သူတို့က လုပ်ချင်နေတာ"ဟု သူက ခဲ့စားမိ၏၊ သို့သော် သူ့ထံမှ သွေးတိုးနှုန်း စမ်းသပ်ပြီးသောအခါ အနားယူရတော့မည်ဟု သူ တွေးထင်နေသည်။

"ကျုပ်အိပ်ရာပေါ် လှဲနေပြီး သေတ္တာခလုတ်ကို ပိတ်လိုက်တယ်၊ ဒါပေမယ့် နောက်လိုက်တစ်ဦး ရောက်လာပြီး၊ ခလုတ် ပြန်လှည့်တယ် နောက်ဆုံးတော့ ကျုပ်က မီးခြစ်နဲ့ ဝါယာကို မီးရှို့ပစ်လိုက်တော့တာပေါ့။ အဲဒီနောက်တော့ အိပ်ပျော်ဖို့ ကြိုးစားပါတယ်" နောက် (၁၅)မိနစ်ခန့် ကြာသောအခါ ဆာဂျီ လက်မြှောက်အရှုံးပေးလိုက်ရ၏။ အခန်းထဲမှာ သိပ်အေးသည်။ သူ့မျက်စိဖွင့်ပြီး အထက်သို့ မော်ကြည့်လိုက်မိ၏။ ထို့နောက် အဲဒီဟာတွေကို သူ မြင်နေရပြီ၊ ထိုအရာမှာ ခေါင်မိုးပေါ်မှ ဘစ်ခုခု ယိုစိမ့်ကျနေခြင်း ဖြစ်၏။

"အဲဒါတွေဟာ ဘာတွေလဲဆိုတာ ကျုပ် မသိပါဘူး၊ ဒါပေမယ့် ဓာတုဗေဒ အနံ့ဆိုးတွေကိုတော့ရတယ်။ အမိုးက သိပ်မြင့်လွန်းတော့ ဘယ်နေရာက လာတယ်ဆိုတာ မသိရဘူး။ အဲဒီအချိန်က မိုးရွာနေချိန်လည်း မဟုတ်၊ နှင်းကျနေတာလည်း မဟုတ်တော့ အဲဒါဟာ ယိုစိမ့်နေတာ မဟုတ်နိုင်ပါဘူး"ဟု ဆာဂျီက ပြောသည်။

ဆာဂျီနှင့် သူ့မိတ်ဆွေ တချို့သည် စကားပြန်မှတစ်ဆင့် ဂျပန် အမျိုးသား အယူသီးဂိုဏ်း အဖွဲ့ဝင်တစ်ယောက်အား ထိပ်တိုက်ရင်ဆိုင်ပြီး ထိုကိစ္စကို မေးမြန်းကြသည်။

"အစိုးရက ကျွန်တော်တို့ကို အဆိပ်ငွေ့နဲ့ တိုက်ခိုက်ပါတယ်၊ ကျွန်တော့်တို့က အဲဒီအဆိပ်ငွေ့တွေကို ဆေးကြောရုံ သက်သက်ပါပဲ"ဟု အယူသီးဂိုဏ်းအဖွဲ့ဝင်တစ်ဦးက ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ် ပလေ့စ္မွတ်သူ ဘော့ရစ်အဖန်နာရှက်(ဗ်) ကလည်း ရေစက်များ ကျနေသည်ကို သတိပြုမိသည်။ သူက ဤသို့ ရေးသားဖော်ပြခဲ့၏။

"ထူးဆန်းတဲ့ ရနံ့နဲ့ အရည်တစ်မျိုး"

နောက် လေးနာရီ ကြာသည့်အခါ သူသည် လေကောင်းလေသန့် ရရှိရန် အောက်ထပ်သို့ ဆင်းသွားသည်။

"ကျုပ်တော့ အပေါ်မှာ ဓာတ်ငွေ့တစ်မျိုး လွှတ်ပေးနေတယ်လို့ ခံစားမိတယ်၊ ကျုပ် ကိုယ်ခန္ဓာက တုန်လှုပ်နေပြီး၊ ဖျားချင်သလိုလို ဖြစ်လာတယ်။ ကျုပ်ဟာ အသံကုန် ဟစ်အော်ပြီး ကျိန်ဆဲချင်လာတယ်ဗျာ"

ခန်းမ၏ နောက်ပိုင်းတွင် အယူသီးဂိုဏ်း အဖွဲ့ဝင်များသည် စက်ရုံသုံး အပူပေးကိရိယာများကို ယူဆောင်လာကြ၏။ အဲဒီအချိန်မှာ ခန်းမသည် လေကောင်းလေသန့် နည်းနည်းသာ ရတော့သဖြင့် အခြေအနေ ပိုဆိုးလာသည်။

ကိုဒရီယာသည် စုံစမ်းနေရန် အချိန် မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် ဂီတဆရာများနှင့် ဥမ်အဖွဲ့ဝင်များ အခြေအတင် ငြင်းခုံစကားများနေကြသောကြောင့် ဖြစ်၏။

"ကျုပ်တို့ အစားအသောက်လိုချင်တယ်၊ တည်းခိုခန်း လိုချင်တယ်"ဟု သူတို့က တောင်းဆိုကြသည်။ သို့သော် ငြင်းပယ်ခံရ၏။ သူတို့၏ အဆင့်အတန်းနှင့် တီးဝိုင်းအဖွဲ့ဝင်များသည် ဘာတန်ခိုးအာဏာမှ မရှိကြ။

"ကျုပ်တို့ဟာ ဂျပန်ကျေးလက်မှာ အထီးကျန် ဖြစ်နေကြရတယ်။ ကျုပ်တို့ ဘယ်ရောက်နေသလဲဆိုတာ ဘယ်သူမှ မသိကြဘူးဗျာ။ အဆောက်အအုံကို ဥမ်အစောင့်တွေကပဲ ဝိုင်းရံထားတယ်။ သူတို့က ကရာတေး ကျွမ်းကျင်သူတွေဖြစ်ကြလို့ ကျုပ်တို့က ကြောက်ကြရတယ်"ဟု ဆာဂျီက ပြောသည်။

ထို့နောက် နံနက် တစ်နာရီခန့်တွင် ဂုရုကြီး ရောက်လာ၏။ ရှိုကို အဆာဟာရသည် မာဆီဒီးကားထဲမှ ထွက်လာပြီး သက်တော်စောင့်တွေ ကြားလျှောက်သွားသည်။ သူသည် အခက်အခဲတွေကို ချောမွေ့အောင် လုပ်တတ်သူဖြစ်၏။ ဂီတဆရာ(၁၂၀) ငေါ်ပြတ်နေသည်ကို တွေ့ရသောအခါ ဖြေရှင်းရန် အနည်းငယ် အခက်အခဲ တွေ့ရသည်။

"ခင်ဗျားတို့ကို အခမဲ့ ကျုပ်က ဇာတ်သွင်းပေးနေတာပါ၊ သာမန်အားဖြင့် အဲဒါ ဒေါ်လာတစ်သောင်း ကုန်တယ်။ ဒီလူတွေက နှစ်ပေါင်းများစွာ သူတို့ အလှည့်ကို စောင့်နေကြပါတယ်"ဟု အဆာဟာရက ရှင်းပြသည်။

"ကျုပ်တို့ အပေါ်ထပ်ကို နောက်ထပ် မသွားတော့ဘူး၊ ဒီမှာ အသက်ရှူလို့ မရဘူး"ဟု ဂီတဆရာတစ်ဦးက အော်ပြောလိုက်၏။





"ခင်ဗျားတို့ အပေါ်ထပ်ကိုမသွားရင် အားလုံး မီးရှို့ပစ်လိုက်မယ်"ဟု အဆာဟာရက သတိပေးသည်။

ခင်ဗျားက ကျုပ်တို့ရဲ့ သဘောတူညီချက်ကို ဖောက်ဖျက်နေတယ်၊ ကျုပ်တို့ကို တစ်နေ့ အစားအသောက် သုံးကြိမ် ကျွေးပါ့မယ်လို့ ကတိပေးထားခဲ့တယ်"ဟု နောက် ဂီတဆရာတစ်ဦးက ပြောသည်။

"ခင်ဗျားတို့ အပေါ်ထပ်ကိုမသွားတာ သဘောတူညီချက်ကို ချိုးဖောက်တာပဲ၊ ခင်ဗျားတို့အားလုံး တိုကျိုကို လမ်းလျှောက်သွားကြပြီး ကိုယ့်စရိတ်နဲ့ကိုယ် မော်စကိုကို ပြန်နိုင်တယ်"ဟု အဆာဟာရက ပြောသည်။

"ကျုပ်တို့ ဒီမှာနေရတာ သိပ်အေးတယ်။ ဗိုက်လည်း အင်မတန်ဆာကြတယ်"ဟု ဂီတဆရာတစ်ဦးက ပြော၏။

ဂုရုကြီးမျက်နှာသည် ဒေါသဖြင့် ပြောင်နေ၏။

"အဲဒီလိုဆို သေလိုက်ကြပါလား၊ ခင်ဗျားတို့အတွက် ကျုပ်ဆုတောင်းပေးမယ်"ဟု သူက ပြောသည်။

ဆာဂျီသည် အားလုံးသော စကားကို ကြားရ၏။

"ဒီလိုဆိုရင် ကျုပ်တို့ တီးဝိုင်းအဖွဲ့အားလုံး ဒီအခန်းထဲက ထွက်သွားကြဖို့ ဆုံးဖြတ်တယ်" သူက ပြောလိုက်သည်။ သို့သော် ထူးဆန်းသည်မှာ တစ်ယောက်မျှ အခန်းထဲမှ ထွက်မသွားချင်ကြ။

"တချို့က သူတို့ကို ထားရစ်ခဲ့ပါလို့ ပြောကြတယ်၊ ဒီမှာနေရတာကြိုက်တယ်၊ အဆာဟာရကို သဘောကျတယ်တဲ့။ တချို့က အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောနေကြပါတယ်"

ထို့နောက် ဆာဂျီနှင့် သူ့ရဲဘော်တွေက အခြား ဂီတသမားများကို ခန်းမအပြင် ခေါ်ထုတ်နေစဉ် ဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာ၏။ တီးဝိုင်း၏ ရုရှလူမျိုး အုပ်ချုပ်ရေးမှူးသည် စတင် အော်ဟစ်လေသည်။

"ငါတို့ ဒီက ထွက်သွားကြမှ ဖြစ်မယ်။ ငါတို့ အားလုံးကို သတ်ဖို့ သူတို့ လုပ်နေကြတယ်"

လူအုပ်ထဲမှာ ကြောက်လန့်တကြား ဖြစ်သွား၏။ ဂီတဆရာတချို့က ငယ်သံပါအောင် အော်ဟစ်ကြသည်။ တချို့က အယူသီးဂိုဏ်း အုပ်ချုပ်သူများကို ရန်တွေ့နေကြ၏။ ထိုအထဲမှာ ဘောရစ်အဖန်နာရှက်(ဗ်)သည် အနီးရှိ ကွင်းထဲသို့ လျှောက်ပြေးအော်ဟစ်နေသော ဂီတဆရာတစ်ဦးအား ပြန်ခေါ်နေရသည်။

"ဒီနေရာက သိပ်ထူးဆန်းတယ်၊ ငါတစ်သက်လုံး ဒီမှာပဲ နေချင်တယ်"

"နံနက် (၃-၄)နာရီလောက်မှာ ကျုပ်တို့ဟာ တီးဝိုင်းအဖွဲ့ဝင်အားလုံးကို အပြင်ဘက် ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီနောက် အဆာဟာရကို ပြောရတယ်။ ခင်ဗျား ကျုပ်တို့ကို မီးရှို့ချင်သပဆို ရှို့ပစ်လိုက်ပေတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)ကားတွေကိုသာ ပြန်ခေါ်ပေးပါ"ဟု ဆာဂျီက ပြောသည်။

မကြာမီအချိန်တွင် တီးဝိုင်းအဖွဲ့သားများ စိတ်သက်သာရာရသဖြင့် ဖော်ဟစ်သံနှင့်အတူ ဘတ်(စ်)ကားများ ရောက်လာ၏။ သို့ရာတွင် ဂီတဆရာများ ကားပေါ်တက်သောအခါ လိုဗော့အမည်ရှိ တယောဆရာသည် ကားပေါ်မှ ခုန်ထွက်ပြီး၊ လမ်းဘေးမှ ချုံထဲတွင် ဝပ်နေလျက် အော်နေပြန်၏။

"ကားဆရာတွေ အားလုံးက တီရစ္ဆာန်ကြီးတွေပဲ၊ သူတို့ ငါတို့ကို တောင်ပေါ်ခေါ်ပြီး ကျောက်ဆောင်ပေါ် ပစ်ချလိမ့်မယ်"

"သူဟာ အကြောက်လွန်ပြီး စိတ္တဇ ဖြစ်နေတာပါ။ သူ့မျက်လုံးတွေက ရူးကြောင်ကြောင်နဲ့ အဝေးတစ်နေရာကို စိုက်ကြည့်နေတယ်။ သူ့စိတ်တွေ လွင့်မျောနေပုံရပါတယ်။ သူ့ကို လူသုံးယောက်သွားပြီး ချော့ခေါ်ရတာ မိနစ်(၄၀) ကြာတယ်"

အားလုံး ကားပေါ်ရောက်သည့်အခါ လူရေတွက်ကြည့်ရသည် တစ်စုံတစ်ခုတော့ မှားယွင်းနေပါပြီ။ ဗွန်တက်နှင့် ဘာကာနော့(ဗ်)တို့ ဘယ်ကို ရောက်နေကြပါလိမ့်။ အယူသီးဂိုဏ်းအဖွဲ့ဝင်များက အဖြေပေးကြသည်။ လူနှစ်ယောက် ဖူဂျီတောင်ကြားလမ်းထဲသို့ ထွက်ပြေးသဖြင့် ဥမ်လုံခြုံရေးအဖွဲ့က ဖမ်းဆီးထားကြောင်း သိရ၏။ ယခု ဥမ်တို့က ဂီတအချက်ပြဆရာ ကိုဒရီယာအား ဖမ်းဆီးထားသူများကို လိုက်ကြည့်စေခွင့် နေကြသည်။ ဆာဂျီတောင် ထောင်ချောက်ကို မြင်သည်။

"နံနက်ခင်း လေးနာရီမှာ ရုရှလူမျိုးနှစ်ဦး ဖူဂျီတောင်နားမှာ ပျောက်သွားနေတာ ချိုင်ရင် ဂီတအဖွဲ့ဝင်တွေကလွဲလို့ ဘယ်သူတွေ ဖြစ်နိုင်မလဲ"ဟု သူက မေးလိုက်၏။

ဆာဂျီက ကြောက်ရွံ့နေချိန်တွင် ဗွန်တက်နှင့် ဘာကာနော့(ဗ်)တို့ ပြန်ရောက်လာကြပြီး၊ ဂီတတီးဝိုင်းအဖွဲ့နှင့် ပြန်လည်ပေါင်းဆုံမိကြလေတော့သည်။ သူတို့သည် အများပြည်သူသုံး တယ်လီဖုန်းရုံနားရောက်သဖြင့် တိုကျိုမြို့ရှိ ရုရှသံရုံးကို ဖုန်းဆက်ထားကြောင်း သူတို့အား ဖမ်းဆီးထားသူများကို ပြောထားသည်။ ထိုအကြောင်းကြောင့် ဥမ်က တီးဝိုင်းအဖွဲ့အား သွားခွင့်ပြုခဲ့ရသည်ဟု ဆာဂျီက ယုံကြည်နေ၏။

နောက်ဆုံးတွင် ဘတ်(စ်)ကားကြီး သုံးစီးသည် ဖူဂျီတောင်မှ မောင်းထွက်ခဲ့ကြသည်။

"ကျုပ်တို့မှာ အသားညှပ်ပေါင်မုန့် နည်းနည်း ကျန်နေသေးတယ်။ အဲဒီကာလတွေဟာ စစ်ဖြစ်နေသလိုပါပဲ"ဟု ဆာရီက ပြောသည်။ တိုကျိုသို့ ရောက်သောအခါ နေ့အချိန် ရောက်နေပြီ။ သူတို့အား ဥမ်ကဖွင့်လှစ်ထားသော တရုတ်စားသောက်ဆိုင်သို့ ခေါ်သွား၏။ လူတိုင်း အလွန်ပင်ပန်း၍ ဆာလောင်နေကြသောကြောင့် အစာထဲတွင် ဘာတွေပါမည်ကို စိုးရိမ်ပူပန် မနေနိုင်ကြတော့။ သူတို့သည် စိတ်ဆင်းရဲခြင်း တိမ်တိုက်အောက်မှာ စားသောက်ကြရသည်။ ဆာဂျီက ဤသို့ ပြောသည်။

"ကျုပ်တို့ မော်စကိုရောက်ရောက်ချင်း အလုပ်ဖြုတ်ခံရမယ်ဆိုတာ သိပါတယ်၊ ချိုင်ရင်ဟာ ပြီးဆုံးသွားပါပြီ"

ဆာဂျီပြောတာ မှန်သည်။ ဥမ်က ဂီတတီးဝိုင်းကို ဖျက်သိမ်းလိုက်၏။ ပညာတော်သော ဂီတဆရာများသည် မတူသော လမ်းအသီးသီးသို့ ထွက်ခွာသွားကြလေတော့သည်။ ဆာဂျီသည် မော်စကိုတွင် ဆင်မိုနီ သံစုံတီးဝိုင်း၌ အလုပ်ရ၏။ သို့သော် သူနှင့် သူ့ရဲဘော်များသည် ချမ်းအေးလှသော ထိုဒီဇင်ဘာညတွင် ဖူဂျီတောင်၌ ဘာတွေဖြစ်သလဲဆိုတာ သိချင်နေကြ၏။

ဥမ်သည် ဂီတဆရာများအား အမျိုးမျိုး စမ်းသပ်ခဲ့သည်မှာ သင်ရှားသည်။ ဥမ်၏ တခြားအဖွဲ့ဝင်များကဲ့သို့ ဂီတဆရာအဖွဲ့ကိုလည်း နူးယစ်ဆေးဝါး တိုက်ကျွေးခဲ့ဟန်တူ၏။ သို့သော် အယူသီးအဖွဲ့သည် သူတို့အား အဆိပ်ငွေ့ဖျန်းခဲ့သလား သို့မဟုတ် စက်ရုံသုံး အပူငွေ့ပေးစက်ထဲ ရိုးရိုးသားသား ချို့ယွင်းခဲ့သလား။

ဗလာဒီမာ ကိုဒရီယားကတော့ သူတို့ အသေအချာ ဘာမှမသိရဟု ယုံကြည်နေ၏။ သို့သော် ချိုင်ရင်တေးဂီတအဖွဲ့သည် အဖိုးတန်သင်ခန်းစာကိုတော့ လေ့လာခွင့်ရခဲ့ကြောင်း ပြောသည်။

"ရုရှပြည်မှာ စကားပုံတစ်ခု ရှိတယ်။ အဲဒါကတော့ ဘိုးတော်သူယောင်တွေ အားလုံးဟာ လူလိမ်တွေချည်းပဲတဲ့"ဟု သူ ပြောခဲ့လေသည်။

✣ ✣ ✣





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အသတ်ခံရသော သိုးကလေးများ

(၁၉၉၅)ခု နှစ်သစ်ကူးနေ့ တစ်နေ့၌ ဂျပန်နိုင်ငံ၏ စောင်ရေအများဆုံး သတင်းစာကြီး 'ယိုမိရီရှင်ဘုန်း' ရှေ့ပိုင်းစာမျက်နှာတွင် အောက်ပါ သတင်းတစ်ပုဒ် ပါလာသည်။

ဆာရင်ဓာတ်ငွေ့မှ ထွက်ရှိနိုင်သော မီးဝုန်းကွန်ပေါင်း ဖြစ်စင်တစ်မျိုး၏ သဲလွန်စကို ဖူဂျီတောင်ခြေမှ ရွာငယ်ကလေးဖြစ်သည့် ကာမိကူရှီကီမှာ ရှာဖွေတွေ့ရှိထားသည်။ မတ်ဆူမိုတိုအား အဆိပ်ငွေ့ချသည့် ကိစ္စဖြစ်ပွားပြီး နောက်ပိုင်း (၁၂)ရက်ခန့်အကြာတွင် ဆာရင်အဆိပ်ငွေ့ကို ရွာ၌ ထုတ်လုပ်သည်ဟု ရဲတပ်ဖွဲ့က သံသယ ဖြစ်နေ၏။

ထိုသတင်းသည် ဉုမ်အတွက် ပျက်စီးစရာ ဖြစ်နေသည်။ ယူမိရီသတင်းစာက ယခင် အဖြစ်အပျက်တုန်းက ရဲတပ်ဖွဲ့မှ နမူနာယူခဲ့သော မြေကြီးများအကြောင်းကိုသာ ကြေညာခဲ့သည် မဟုတ်။ သာတိယံ(၇) အပြင်ဘက်မှ ဆာရင်အကြွင်းကျန်နှင့် မတ်ဆူမိုတိုအား အဆိပ်ငွေ့ချသည့် ကိစ္စတို့ အရေးတကြီး ဆက်နွယ်နေပုံကိုပါ ဖော်ပြခဲ့သည်။ ဉုမ်သည် ထိုသတင်းကို သဘောပေါက်သွားသဖြင့် ထိုဖြစ်ရပ် နှစ်ခုလုံး ရှုပ်ထွေးပုံကို ရှင်းလင်းစွာ မြင်တွေ့သွား၏။ ဖူဂျီတောင်ခြေရှိ ကာမိကူရှီကီကျေးရွာသည် ဉုမ်ကျေးရွာဖြစ်ကြောင်း ဂျပန် ဂျာနယ်သမားတိုင်း သိထားကြသည်။

ရဲတပ်ဖွဲ့နှင့် စစ်တပ်သတင်းထောက်များ ဖူဂျီသို့ ဦးတည်၍ ပိုမိုစုံစမ်းလာသောအခါ အဆာဟာရသည် သူ့ဌာနချုပ်တွင် အယူသီးဂိုဏ်းခေါင်းဆောင်များ အရေးပေါ် အစည်းအဝေး ခေါ်လိုက်၏။ ပထမဟိုင်ဒီယိုမူရိုင်းအား အပြစ်တင် ဆဲဆိုသည်။ သိပ္ပံဌာနမှူးက ပိုမို ဂရုတစိုက်လုပ်လျှင် ဤလိုကိစ္စမျိုး မဖြစ်နိုင်ဘူးဟု သူပြောသည်။ ထို့နောက် ဆောက်လုပ်ရေးဌာနခေါင်းဆောင် ကီယိုဟိုက် ဟာယာကာဝအား အမိန့်များ အပြင်းအထန် ထုတ်လိုက်၏။





"သာတိယံ(၇)ကို ဘုရားကျောင်းဖြစ်အောင် ပြန်ဆောက်လိုက်ပါ၊ အဲဒါ မြန်မြန်လုပ်. . . စက်ရုံအပျက်အစီး အနည်းဆုံး ဖြစ်ပါစေ"

ဟာယာကာဝသည် သေမင်းစက်ရုံအား ဘုရားကျောင်းအဖြစ် အလျင်အမြန် ပြောင်းလဲဆောက်လိုက်၏။ အတွင်းထဲမှ ပစ္စည်းများကို ဖုံးကွယ်ရန် ပလတ်စတာစ်စများကို ဝိုင်းရံပတ်ထားသည်။ ဆာရင်ဓာတ်ထုတ်လုပ်မှုကို ရပ်နားထား၏။ ထို့ပြင် ဓာတုဗေဒပစ္စည်းများကို ဖျက်ဆီးသို့မဟုတ် အဝေးတစ်နေရာသို့ ထရပ်ကားများဖြင့် ပို့ထားလိုက်၏။ အတွင်းပိုင်း၌ သေချာစွာ ဆေးကြောထားပြီး၊ ပိုက်များကိုဖြတ်၍ ဗုဒ္ဓရုပ်ပွားတော်အတွက် နေရာချန်ထားသည်။ ရက်သတ္တနှစ်ပတ်အတွင်းမှာ ဗုဒ္ဓရုပ်ပွားတော်ကို တည်ဆောက်ပြီးစီးခဲ့၏။

အဆာဟာရ၏ အမိန့်အရ မာဆာမိတဆူချိယ၏ ဓာတ်ခွဲခန်းရှိ ဆာရင်ဓာတ်အစုအပုံအား ဖျက်ဆီးလိုက်ပြီး ထိုအဆောက်အအုံတစ်ခိုက်မှ မြေများကို အစားထိုးထားလိုက်သည်။ ဖီးစုန်းကလိုရိုက် သုံးဆဓာတုပစ္စည်းများကို သွန်ပစ်လိုက်ပြီး ရေနံဆီများ အစားထိုး ဖြည့်ထား၏။ မီးသိုင်းဖော့(စ်)မွန်း အက်စစ်အပါအဝင် ဆာရင်အဆိပ် ထုတ်နိုင်သည့် ဓေ့မြေး အဆိပ်ရည်(၁၀)တန်ကို အနီးရှိ ရေတွင်းထဲသို့ သွန်ချလိုက်ကြသည်။ သို့သော်လည်း အယူသီးဂိုဏ်းဆရာဝန် နာကာဂါဝကတော့ သူတို့၏ ကြိုးစားမှု အကျိုးရလဒ်နှင့် ခွဲခွာခြင်း မပြုနိုင်ပေ။ သူသည် ဆာရင်အဆိပ် ဓာတ်ပေါင်းကို အရက်ပျံဖြစ်အောင်လုပ်ပြီး၊ သာတိယံ (၆) အနီး၌ မြှုပ်ထားလိုက်၏။ ထိုပစ္စည်းများသည် နောင်တွင် လွန်စွာ အသုံးကျပေမည်။

ဉုမ်သည် ဆာရင် အစီအစဉ်အတွက် ဒေါ်လာသန်းပေါင်း (၃၀) ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်နေ၏။

ဘုရားကျောင်းအဖြစ် ပြန်လည်တည်ဆောက်ပြီးဖြစ်သောကြောင့် သာတိယံ(၇)သည် သတင်းစာဆရာများ သို့မဟုတ် မည်သူ့ကိုမဆို တွေ့ဆုံပြသရန် အဆင်သင့် ဖြစ်နေသည်။ စက်ရုံအတွင်းသို့ ဝင်ရောက်သွားသည့် သတင်းထောက်များသည် မကြာမီ စူးရှသော အနံ့ဖြင့် ခရမ်းရောင်အိမ်တိုက်များ ဖုံးလွှမ်းနေသည့် မီးရောင်မှိန်မှိန်ကို တွေ့ကြရ၏။ အခန်းထဲတွင် ကြီးမားသော ဗုဒ္ဓဆင်းတုတော်ရှိပြီး၊ နောက်ကွယ်တွင် ဆာရင်အဆိပ်ရည်စုပ်သည့် စက်ရုံရှိနေသည်။ သာတိယံ ဒုတိယအလွှာသည် ဆုတောင်းရန်နှင့် အဖိုးတန်ပစ္စည်းများ သိုလှောင်ရန်နေရာဖြစ်ကြောင်း သတင်းထောက်များအား ရှင်းပြကြသည်။

ဉုမ်၏အခြားအရေးခြုံမှုသည် ကြီးမားကျယ်ပြန့်သော သတင်းမြန်ပြန် တိုက်ခိုက်ခြင်းဖြစ်၏။ ဇန်နဝါရီ (၄)ရက်နေ့တွင် အယူသီးဂိုဏ်းသည် ယိုရှီနိုဘုအာအိုယာမ ကာမကာထလုပ်သော သတင်းစာရှင်းလင်းပွဲ လုပ်သည်။ အအိုယာမသည် ဉုမ်၏အသက်ငယ်ရွယ်သော မှူ့နေတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ဉမ်သည် အာရုံကြောအဆိပ်ဖြစ်သော ဓာတ်ငွေ့ထုတ်လုပ်သူ မဟုတ်ကြောင်း အာအိုယာမက မျက်နှာပြောင်ပြောင်ဖြင့် ရှင်းပြနေ၏။ သို့သော် အကူအညီမဲ့သော သားကောင် ဖြစ်နေသည်။ ဂျပန်နိုင်ငံနှင့် အမေရိကန်အစိုးရ တာဝန်ရှိသူများသည်။ အဖွဲ့၏ အဆောက်အအုံများကို ထပ်ခါတလဲလဲ အဆိပ် ပက်ဖျန်းနေကြောင်းနှင့် ယခုအခါ ရဲတပ်ဖွဲ့က အယူသီးဂိုဏ်းအား ဆန့်ကျင်လှုပ်ရှားနေကြောင်း ကြေညာသည်။ ထိုသို့ ပြောဆိုခြင်းသည် ဓာတ်ပြားဟောင်းကို ထပ်ခါတလဲလဲ ဖွင့်နေခြင်းသာ ဖြစ်၏။ အောအိုယာမသည် "ဘာသာရေးနှိပ်ကွပ်မှု"ဟု အမှတ်သားပါသော ဖဲချပ်ကို နောက်တစ်ကြိမ် ကစားပြနေသည်။

ဒေါက်တာ အိုက်ကူအိုဟာယရှိကလည်း သူ့ဆေးကျွမ်းကျင်သော ဆေးပညာရှုထောင့်မှ အကြံဉာဏ်ပေးရန်ဖြစ်၏။ ဉမ်နောက်လိုက်များသည် လွန်ခဲ့သည့် နှစ်နှစ်ကပင် အဆိပ်သင့်ခံရသည့် လက္ခဏာများ ပြသခဲ့ကြောင်း၊ သို့သော် ရုရှပြည်လုပ် ဓာတ်ငွေ့စူးစမ်းသည့် ကိရိယာ ရောက်ပြီးမှ အတည်ပြုနိုင်ခဲ့ကြောင်း ရှင်းပြသည်။

"မနှစ်က ဘာသာရေးအဖွဲ့ကပွဲမှာ ခန်းမထဲမှာ ဓာတ်ငွေ့တစ်မျိုး ပက်ဖျန်းခဲ့ပါတယ်၊ အသက်လေးနှစ်အရွယ် ကလေးတစ်ယောက် ရုတ်တ ရက် သေဆုံးသွားတယ်"ဟု ဟာယရှိက ပြောသည်။

ထို့နောက် အသက်(၁၉)နှစ်အရွယ် နောက်လိုက်တစ်ဦး ဖြစ်သည့် ကီအိမိယုချိက ရှင်းပြပြန်သည်။

"ကျွန်တော် အဖွဲ့ဝင်ဖြစ်တဲ့ အချိန်ကစပြီး သွေးခုန်နှုန်းဟာ (၁၀၀)ကျော် မှန်မှန်ရှိခဲ့ပြီး၊ အအေးမိတဲ့ လက္ခဏာတွေ အမြဲပေးနေပါ တယ်။ မကြာမီက ကျွန်တော်တို့ ဘယ်ကိုပဲသွားသွား ရဟတ်ယာဉ်တွေက အဆိပ်ငွေ့ရည်တွေ ကျွန်တော်တို့အပေါ် ပက်ဖျန်းကြပါတယ်"

သတင်းထောက်တစ်ဦးက မေးခွန်းထုတ်လိုက်၏။

"အဲဒီနယ်က ကျေးရွာသားတွေကော အဆိပ်ငွေ့ရည် ဖျန်းခံရ တော့ ထိခိုက်သေးသလား"

ဒေါက်တာ ဟာယရှိက တည်ငြိမ်စွာ ဖြေဆိုသည်။

"ရွာသားတွေ မထိခိုက်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့က လိမ္မာပါးနပ်ပြီး လေကြောင်းနဲ့ အချိန်ကိုကြည့်ပြီး၊ ရှောင်လွှဲကြတယ်။ နောက်ပြီး လေကြောင်းက တိုက်ခိုက်တာ ရှောင်လွှဲနိုင်တယ်"

"နံပါတ်ခုနစ် စက်ရုံရဲ့ လုပ်ငန်းတွေဘာလဲ"ဟု နောက်တစ် ယောက်က မေးပြန်သည်။

"ဘာသာရေးနဲ့ ပတ်သက်တဲ့ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာ ကျွန်တော် ထုတ်ဖော်ပြောဆိုခွင့် မရှိပါဘူး။ ကျွန်တော်တို့ဟာ ထင်ရှားတဲ့ သားကောင်တွေပါ။ အမှန်တရားကို ရှင်းပြတာ ဘာမဆို ကျွန်တော် ဆွေးနွေးပါတယ်"





အာအိုယာမသည် တကယ်တမ်းကျတော့ ဆန့်ကျင်ဘက် လုပ်နေခြင်းသာဖြစ်၏။ ဉမ်အား စွပ်စွဲချက်များကို လှည့်ပတ်နေသကဲ့သို့ ရိုတောင် ဆာရင်အဆိပ်ရည် ယိုစိမ့်ခြင်း ကိစ္စအား အယူသီးဂိုဏ်းနှင့် ဆက်နွယ်နေခြင်းကို ရေးသားဖော်ထုတ်ပြသည့် သတင်းဌာနများအားလုံးကို သူက တရားစွဲခဲ့သည်။ သူသည် ဒေသခံ ဓာတ်မြေဩဇာ စက်ရုံဥက္ကဋ္ဌအားလည်း လူသတ်ရန် ကြိုးပမ်းမှုနှင့် ဉမ်အဆောက်အအုံများပေါ်သို့ ဆာရင်အဆိပ်ငွေ့ ပက်ဖျန်းခြင်းတို့အတွက် တရားစွဲခဲ့သည်။ စက်ရုံမှ ထွက်သည့် အနံ့အသက်များနှင့် ပတ်သက်၍ လယ်သမားကြီးတစ်ဦးက မှန်းသားစွာ ရှင်းပြခဲ့၏။

"အနံ့ဆိုးတာတော့ မှန်ပါတယ်၊ အဲဒါ ဓာတ်မြေဩဇာစက်ရုံပါ"

သတင်းစာဆရာများကို အယူသီးဂိုဏ်း၏ ရှင်းလင်းချက်များကို ကြေညာပေးရန် ဗီဒီယိုတိတ်ခွေများနှင့် သတင်းစာ ရှင်းလင်းချက်များ ဖြန့်ဝေပေးခဲ့သည်။ ဗီဒီယို၏ နာမည်မှာ "အသတ်ခံရသော သိုးကလေး များ"ဖြစ်၏။

အဆာဟာရ၏ သိုးကလေးများကို မည်သူက သတ်ရန်ကြိုးစားနေသလဲ။ "ဂျပန်အစိုးရ ဖြစ်တယ်"ဟု ဗီဒီယိုခွေထဲတွင် ပြောပြနေသည်။

"ဉမ်အဖွဲ့ဝင်များကတော့ အဲဒီတိုက်ခိုက်မှုများက လွတ်မြောက် ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အသက်ရှင်ခြင်းနဲ့ သေခြင်းတရား နယ်နိမိတ်တွေက ကျော်လွန်တဲ့ လျှို့ဝှက်ဆန်းကြယ်ပြီး၊ စိတ်တန်ခိုးကြီး မားတဲ့ ဘာသာရေး ဖြစ်လို့ပါပဲ"ဟု အဆာဟာရ၏ အသံဖြင့် ရှင်းပြသံ သည်း ဗီဒီယိုထဲတွင်ပါသည်။

ထို့နောက် သူသည် နေဝင်ချိန် နောက်ခံထားလျက် ပေါ်လာ၏။ သူက သက်ပြင်းချရင်း ပြောသည်။

"မုံညင်းဓာတ်ငွေ့ဒဏ် ကျူပ်ခံနေရတယ်၊ အခု ကျူပ်ဟာ သေမင်းနဲ့ ရင်ဆိုင်နေရတယ်"

✣ ✣ ✣


www.burmeseclassic.com

www.burmeseclassic.com

## နိုကိုရာတက်ဆုရ

(၁၉၉၅)ခုနှစ်၊ ဇန်နဝါရီ၊ (၁၇)ရက်နေ့ နံနက် (၅း၄၀)အချိန်တွင် ဂျပန်နိုင်ငံ အလယ်ပိုင်းရှိ ကိုဘီမြို့တွင် ငလျင် ပြင်းထန်စွာ လှုပ်ခဲ့သည်။ (၁၅)စက္ကန့်အတွင်းမှာပင် လူဦးရေ (၁. ၅)သန်း နေထိုင်သော ဆိပ်ကမ်းမြို့တော်သည် ငရဲပြည်ကဲ့သို့ ပြောင်းလဲသွား၏။ အမြန်လမ်းများသည် ကွဲအက်၍ တွန့်လိမ်ကုန်ကြသည်။ အိမ်ခန်းများသည် ဖြိုကျပိတ်ဆို့နေပြီး အရည်ပျော်နေသော မြေကြီးထဲသို့ နစ်မြုပ်နေကြ၏။ မီးလုံးကြီးများ ပြတ်ထွက်လာပြီး၊ အိမ်နီးချင်းများအားလုံးသို့ ကျရောက်လာသည်။ အပျက်အစီးများကြားမှာ ပိတ်မိနေပြီး၊ မီးဟုန်းဟုန်းတောက်နေ၏။ တစ်ပြည်လုံးသို့လွှင့်သော ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် အသေအပျောက် မဆုံးနိုင်အောင် ရှိနေသောကြောင့် ဒုတိယကမ္ဘာစစ် ကာလနောက်ပိုင်းတွင် ဂျပန်နိုင်ငံ၏ အဆိုးဝါးဆုံးသော ဘေးဒုက္ခအတွက် အရေးပေါ်ကယ်ဆယ်ရေးများ ကြိုးစားလုပ်ဆောင်ကြရသည်။

မဟာဟန်ရှင် မြေငလျင်ဘေးတုန်းက လူ(၅၅၀၀)ကျော် သေကြေပျက်စီးခဲ့ရပြီး၊ လူထောင်ပေါင်းများစွာသည် သူတို့၏ ဆွေမျိုးဉာတိများ မိတ်ဆွေများ၊ နေအိမ်များနှင့် သူတို့ ပိုင်ဆိုင်သမျှအားလုံး ဆုံးရှုံးခဲ့ကြရ၏။ သို့သော် အဆာဟာရအတွက်မူ ကိုဘီ မြေငလျင်ဘေးဒဏ်သည် ကြေကွဲဖွယ်ရာ မဟုတ်၊ ဆန့်ကျင်ဘက်လုံးလုံး ဖြစ်၏။ ထိုငလျင်ဘေးသည် နတ်ဘုရားက ပေးပို့ခြင်း ဖြစ်လေသည်။

ထိုဘေးဒုက္ခအကြောင်းကို နောက်ပိုင်းတွင် ဂုရုကြီးက ဟောကိန်းထုတ်၍ ကြေညာသည်။ အယူသီးဂိုဏ်းအတွက် အဘက်ဘက်မှ နည်းအမျိုးမျိုးဖြင့် အကျိုးရှိနေ၏။ ကိုဘီ မြေငလျင်ဘေးသည် တစ်မျိုးသားလုံးအတွက် ဦးစားပေးလုပ်ငန်း ဖြစ်နေသောကြောင့် ဂျပန်အစိုးရ အာဏာပိုင်များနှင့် သတင်းသမားများသည် ဥုမ်အား အာရုံစူးစိုက်နေရာမှ လမ်းကြောင်း ပြောင်းသွားလေသည်။ ကိုဘီ ငလျင်ဘေးဒဏ်မှ ကမ္ဘာပျက်သလို မြင်ကွင်းသည် အယူသီးဂိုဏ်းသားများအဖို့ သူတို့၏ဂုရုကြီး ဟောကိန်း





ထုတ်ခဲ့တာ မှန်ကန်ကြောင်း အတည်ပြုလိုက်သလို ဖြစ်နေ၏။ အဆာဟာရ၏ ရှေ့ဖြစ်ဟောဆရာ၏ အနေအထား မြင့်မားလာလေသည်။

မြေငလျင်လှုပ်ပြီး သိပ်မကြာသော အချိန်တွင် ဥုမ်က စာအုပ်အသစ်တစ်အုပ် ထုတ်ဝေလိုက်၏။ အဆာဟာရက "တက်နေဝန်း နယ်မြေက ဘေးဒုက္ခများ" စာအုပ်တွင် "စစ်ပွဲကြီး စတင်လေပြီ"ဟု ရေးခဲ့သည်။

"ဒီကနေ့ ကျုပ်တို့မှာ ရွေးချယ်စရာ လမ်းမရှိဘူး၊ ဒါပေမယ့် တိုက်ပွဲဝင်ရန်သာ ဖြစ်၏။ ဤစစ်ပွဲသည် လက်နက် အသစ်အဆန်းများနှင့် တိုက်ခိုက်နေကြပြီ။ ဥပမာ- မိုက္ကရိုဝေ့ဖ်နှင့် လေဆာရောင်ခြည်များဖြစ်သည်"ဟု အဆာဟာရက ရေးသည်။

"အဆာဟာရရဲ့ ကားမောင်းသမားတွေဟာ တစ်ခါတစ်ရံ မျက်စိနာကြတယ်၊ ဒါကြောင့် လေဆာရောင်ခြည်ကာကွယ်ဖို့ အထူးစီမံထားတဲ့ မျက်မှန်တွေ ပေးထားရတယ်၊ အဲဒီနောက် နာကျင်တာ ပျောက်သွားတာပဲ။ ဥုမ်ကို လေဆာနဲ့ တိုက်ခိုက်နေကြောင်း အဲဒါက သက်သေခံနိုင်လုံပါတယ်"ဟု သိပ္ပံဌာနမှူးကြီး မူရိုင်းက ကိုးကား ပြောကြားလေသည်။

ထိုစာအုပ်ထဲတွင် အဆာဟာရနှင့် ထိရှိုပတို့ ခပ်ကြောင်ကြောင် ဆွေးနွေးခန်းပါသည်။ ထိရှိုပသည် ဆောက်လုပ်ရေးလုပ်ငန်း အကြီးအကဲ ဟာယာကဝ၏ မြင့်မြတ်သော နာမည်ဖြစ်၏။

**အဆာဟာရ** ။ ထိရှိုပ. . . ခင်ဗျား အနီးကပ် လေ့လာထားတဲ့ လူမှုရေးလမ်းကြောင်းနဲ့ပတ်သက်လို့ သတိမူစရာတွေကို နားထောင်ချင်ပါတယ်။

**ဟာယာကဝ** ။ ကြောက်လန့်စရာတွေက လွတ်မြောက်ဖို့က စစ်ပွဲတစ်လမ်းပဲဖြစ်တယ်၊ ဒီကနေ့ လူမှုအဖွဲ့အစည်းဟာ ကြောက်လန့်မှု နှုတ်ခမ်းပေါ်မှာ၊ နောက်တစ်ဆင့်ကတော့ စစ်ပွဲပဲ ဖြစ်တယ်။ တခြား ရွေးချယ်စရာလမ်း မရှိဘူး။

**အဆာဟာရ** ။ ထိရှိုပ. . . ခင်ဗျားဟာ လျှို့ဝှက်လက်နက် ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း ခင်ဗျား ပြောတယ်။ ဒါမှမဟုတ် အဲဒီ လျှို့ဝှက်လက်နက်တွေအကြောင်း ခင်ဗျား အများကြီးသိပါတယ်၊ ခင်ဗျား ဘယ်လိုထင်သလဲ။

**ဟာယာကဝ** ။ အပူချိန် ဒီဂရီ (၄၀၀၀)လောက်မှာ သွေးရည်ကြည်လက်နက်ဟာ ချက်ချင်း လှုပ်ရှားနိုင်တယ်။ သက်ရှိသတ္တဝါတွေကို ဘယ်မှာပဲရှိနေနေ ခင်ဗျား သတ်ဖြတ်ပစ်နိုင်တယ်။

**အဆာဟာရ** ။ ဆက်ပြောပါဦး. . . ထိရှိုပ။

**ဟာယာကဝ** ။ ဂျပန်မှာ ခိုအောင်းစရာ မရှိဘူး။ ခင်ဗျား အသက်ရှင်ကျန်ရစ်ရင် ကိုယ့်ကိုယ်ကို ကာကွယ်ရလိမ့်မယ်။ မြင့်မြတ်တဲ့ သီလရှိသူတွေ. . နောက်ပြီး. . . ပြည်သူတွေဟာ အခက်အခဲတွေကို ကျော်လွှားနိုင်မယ်။ နောက်ပြီး ကာမကို ပိုင်ဆိုင်ခွင့်ရှိသူတွေလည်း အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်မယ်။ မျိုးဆက်သစ်နဲ့ ကမ္ဘာကြီးမှာ လူဦးရေတွေ ဖန်တီးပြကြမယ် အဲဒီ မျိုးဆက်သစ်ဟာ လက်ရှိလူသားတွေရဲ့ ပုံစံကို သာလွန်လာလိမ့်မယ်

"ခင်ဗျား မိမိကိုယ်မိမိ ကာကွယ်ရလိမ့်မယ်"...

ကီယိုဟိုက် ဟာယာကဝသည် ထိုအတိုင်း အတိအကျလုပ်ရန် အပြင်းအထန် ကြိုးစားနေ၏။ ဥမ်၏ ကွန်မန်ဒိုတပ်ဖြစ်သည့် အဖြူရောင် အချစ်စစ်သားများသည် စွန့်ပစ်ထားသော အထက်တန်းကျောင်းတစ် ကျောင်း၌ သင်တန်းပြီးဆုံးသဖြင့် စစ်မြင်ရန်အတွက် ဖူဂျီတောင်ခြေသို့ ပို့သည်။ ရေကြည်စမ်း ဘုရားကျောင်းသည် အေကေ-၄၇ ရိုင်ဖယ်ပစ္စည်း (၁၀၀၀၀)ကျော် ထုတ်လုပ်ပြီးလေပြီ။ နှစ်သစ်ကူးချိန်က ဂုရုကြီးအား ရိုင်ဖယ် နမူနာပြသပြီးချိန်မှစ၍ အခြားလက်နက်များနှင့်အတူ နောက်ထပ် ရိုင်ဖယ်တစ်လက် ပြုလုပ်ပြီးဖြစ်၏။

လက်နက် ထုတ်လုပ်ရေး အစီအစဉ်ကို အရှိန်အဟုန်မြှင့်ရေး အတွက် ဟာယာကဝသည် လူလုပ်အား ပိုမိုလိုအပ်နေသည်။ သူသည် ပေါက်ကွဲပစ္စည်း ထုတ်လုပ်ရန် စက်ရုံအသစ်တစ်ရုံ ဆောက်ရန်လည်း စီစဉ် နေ၏။ ထိုစက်ရုံသစ်ဆောက်လုပ်ရန် အလုပ်သမားများသာမက ဒီဇိုင်း ဆရာများ၊ အင်ဂျင်နီယာများ၊ သံသတ္တုလုပ်သားများနှင့် အခြား ကျွမ်းကျင် သူများ လိုအပ်နေသည်။ ထို့ကြောင့် ဟာယာကဝသည် သူ ယခင်က တည် ထောင်ထားခဲ့သည့် အခြားကုမ္ပဏီသို့ ခြေဦးလှည့်ပြန်၏။ ကမ္ဘာ့ ညီညွတ် ရေးကုမ္ပဏီမှ ကြေညာထားသော လုပ်ငန်းများတွင် ထူးဆန်းသော ဆောက် လုပ်ရေးလုပ်ငန်းများ၊ ထောက်လှမ်းရေးလုပ်ငန်းများနှင့် ဗေဒင်ဟော လုပ်ငန်းများ ပါဝင်သည်။ တိုကျိုမြို့ လက်ရှိကုမ္ပဏီ၏ ဆဌမအလွှာ ရုံးခန်း တွင် ခန်းဆီးများ ထာဝရ ချထား၏။ ထို့ပြင် အမြဲမပြတ် စီးဆင်းနေသော လူရေစီးကြောင်းကြီးသည် ရုံးခန်းထဲသို့ ဝင်လာကြပြီး ထွက်ခွာကြသည်။ သူတို့သည် မီးမှိတ်ပြီး အစည်းအဝေး တက်ရောက်လာကြဟန် ရှိသေး သည်။

မကြာမီအချိန်တွင် ကမ္ဘာ့ညီညွတ်ရေးကုမ္ပဏီသည် ပြည်သူ့ အလုပ်သမားရှာဖွေရေးရုံးကို ဝန်ထမ်း(၁၀၅)ဦး ရရှိရေးအတွက် ချဉ်းကပ် ရသည်။ ကုမ္ပဏီက တောင်းဆိုထားသည့် ဝန်ထမ်းများထဲတွင် ဆောက် လုပ်ရေးလုပ်သားများ၊ အဆောက်အအုံ ဒီဇိုင်းဆရာ (၅)ဦး၊ ပိုက်ဆက်သမား (၁၀)ဦး၊ လက်သမား (၂၅)ဦး၊ သံဂဟေဆရာ (၁၀)ဦး အားလုံးသည် ကျွမ်း ကျင်လုပ်သားများ ဖြစ်ကြ၍ လက်နက်နှင့် ပေါက်ကွဲပစ္စည်းထုတ်လုပ်ရေး စီမံချက်အတွက် လိုအပ်နေသူများဖြစ်သည်။

ဖေဖော်ဝါရီလတွင် ဘက်ထရီထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုက အယူ သီးဂိုဏ်း၏ တောင်းပန်ချက်အရ ဆာဖြူရစ်အက်စစ် ဂါလန် (၅၃၀)ကို ရောင်းချလိုက်၏။ သို့သော် ရှေ့တန်းကုမ္ပဏီသည် နိုင်ထရိုမီသိန်းနှင့် အခြား ဓာတုဗေဒပစ္စည်း အမြောက်အမြားကို အောင်မြင်စွာ ဝယ်ယူနိုင်ခဲ့သည်





ထိုအချိန်တွင် တိုကျိုမြို့ရှိ ကမ္ဘာ့ညီညွတ်ရေးကုမ္ပဏီသည် ဆူဆူ ညံညံ လှုပ်ရှားမှုများ ဆက်လက်လှုပ်ရှားနေ၏။ ညနေတိုင်းလိုလိုပင် လူတစ်စုသည် တချို့က အလုပ်ခွင်ဝတ်စုံများ ဝတ်ဆင်လျက် ညဉ့်နက် ချိန်တွင် အစည်းအဝေးတက်ရန် ရောက်လာကြသည်။ အိမ်နီးချင်းများ က ဘာတွေဖြစ်နေသည်ကို အံ့သြနေကြ၏။ အတွင်းပိုင်းမှာ ဘာတွေ လုပ်နေကြသည်ကို အံ့သြနေကြ၏။ အတွင်းပိုင်းမှာ ဘာတွေ လုပ်နေကြ သည်ကို သဲလွန်စတစ်ခုအနေဖြင့် ကုမ္ပဏီအဝင်ဝတွင် ထူးဆန်းသော အမှတ်အသားတစ်ခု ရှိသည်။ ထိုအမှတ်အသားမှာ "ဂျပန် လျှို့ဝှက် နီကိုရာတက်ဆူရအသင်း"ဟူသော စာရေးထားသော ဆိုင်းဘုတ်ဖြစ်၏။

"နီကိုရာတက်ဆူရ" ထိုစကားလုံးသည် ဥမ်၏ ညွှန်ဖျင်းစွာ ဘာသာပြန်ဆိုထားသည့် သင်္ကေတစကားများ ဖြစ်သည်။ အကြောင်း မှာ ထိုစကားလုံးသည် အယူသီးဂိုဏ်း လက်နက်ထုတ်လုပ်ရေး အနာဂတ် စီမံကိန်း နောက်တစ်ခုအတွက် တင်ပြထားခြင်းဖြစ်၏။

အဆာဟာရအတွက်မူ မဟာဟန်ရှင် မြေငလျင်ကြီးသည် ကမ္ဘာ ပျက်ကိန်း ဖြစ်လာတော့မည်ဟု သက်သေပြယုဂ်တစ်ခု ဖြစ်လေသည်။ သို့ရာတွင် ဟီဒီယိုမူရိုင်းက မြေငလျင်လှုပ်ခြင်းသည် ဘုရားသခင်၏ သိပ္ပံပညာရှင်ဖြစ်၏။ သိပ္ပံပညာရှင်များတွင် ရာရှင်နယ် ဖြေရှင်းချက်တွေ ရှိသည်။

"မဟာဟန်ရှင် မြေငလျင်ကြီးလှုပ်တာဟာ လျှပ်စစ်သံလိုက် ဓာတ်စွမ်းအား ဒါမှမဟုတ် အခြားတီထွင်ထားတဲ့ ကိရိယာက မြေကြီး ထဲကို စွမ်းအင် ထည့်လိုက်လို့ဖြစ်ကြောင်း ခိုင်လုံတဲ့ ဖြစ်နိုင်ခြေတွေ ရှိပါတယ်"ဟု မူရိုင်းက နိုင်ငံတကာသတင်းထောက်များ အစည်းအဝေး တွင် ပြောခဲ့သည်။ အဲဒီတီထွင်တဲ့ ကိရိယာဆိုတာ အမေရိကန်စစ်တပ်က လုပ်ထားတာဖြစ်နိုင်ကြောင်း ထပ်လောင်း ပြောပြသည်။

"နီကိုရာတက်ဆူရ"သည် နီကိုလာတက်စလာ (၁၈၅၆-၁၉၄၃) ၏ အနီးဆုံး နာမည်ဖြစ်ပြီး၊ အေစီမော်တာနှင့် ပိုင်အိုးနီးယားရေဒီယို နှင့် အဝေးထိန်းကိရိယာတို့ကို တီထွင်ခဲ့သော ဉာဏ်ပညာထက်မြက် သည့် ခရိုအေးရှား အမေရိကန်လူမျိုးတစ်ဦး ဖြစ်၏။ တက်စလာသည် လျှပ်စစ်စွမ်းအင်ကို အဝေးမှနေ၍ ကမ္ဘာမြေကြီးက အန်ထုတ်သော လျှပ်စစ်သံလိုက်ဓာတ်များ၏ အကျိုးတရားကို ပြောင်းလဲပြီးရယူရန် လေ့လာခဲ့သည်။ ဤသို့လုပ်ခြင်းဖြင့် ကမ္ဘာဂြိုဟ်ကြီးအား ကြီးမားသော ကြီးမဲ့ကွန်ဒင်ဆာအဖြစ် အသုံးပြုနိုင်မည်ဖြစ်၏။ (၁၈၉၉)ခုနှစ် ကိုလို ရာဒို စမ်းချောင်းတွင် တက်စလာသည် ကြိုတင် တပ်ဆင်ထားသည့် ကြီးမားသော ကွိုင် အသုံးပြုလျက် ရာပေါင်းများစွာသော မီးခွက်များကို (၂၅)မိုင်ခန့် ထွန်းညှိထားလိုက်သည်။ ထိုကိရိယာသည် သံလိုက်ကွင်း များကို ပြောင်းလဲခြင်းဖြင့် လျှပ်စစ်စီးကြောင်းများကို ထုတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကဲ့သို့ နည်းကို သိဝရိအဖြစ် အသုံးပြုလျက် တခြားဘက်မှ ဖမ်းယူနိုင်သော အချက်ပြမှုများကို ကမ္ဘာမြေကြီးမှတစ်ဆင့် ပေးပို့နိုင်ကြောင်း ကြေညာသည်။

နီကိုလာတက်စလာ၏ မှတ်သားဖွယ် စိတ်ကူးသည် ယခု ကျွန်ုပ်တို့ သိထားကြသည့် တယ်လီဂျီယိုဒိုင်းနမစ် စနစ်ဖြစ်၏။ ဤနေရာတွင် သူ၏ သိဝရိ သဘောတရားသည် ထူးခြားစွာ ကြီးထွားလာပေသည်။

ဘူမိဗေဒပညာရှင် မြောက်မြားစွာက ဤမှတ်သားချက်ကို ရုပ်ပြောင်ဓာတ်လမ်းသဖွယ် အဓိပ္ပာယ် မရှိဘူးဟု ပယ်ချကြသော်လည်း မြေငလျင် တုန်လှုပ်မှုများသည် အနိမ့်စားဖြစ် ကြိမ်နှုန်းရှိ လျှပ်စစ်သံလိုက်လှိုင်းများ၏ ဖြစ်နေကျမဟုတ်သော အန်ထွက်မှုများက ကမ္ဘာမြေကြီး၏ အနားသားထဲမှ အနိမ့်ပိုင်းအလွှာများကို သေးငယ်သော အက်ကြောင်းများ ဖြစ်ပေါ်စေကြောင်း လက်ရှိသုတေသနများက ပြသလျက်ရှိ၏။ တက်စလာ၏ အကြံများကို အမေရိကန်နှင့် ရုရှစစ်တပ်များက အလေးအနက်ထား၍ ယူထားကြသည်။ သူသေဆုံးပြီးနောက် အမေရိကန်အစိုးရက ဖမ်းဆီးရမိသော စာရွက်စာတမ်းတချို့ကို ယနေ့ထိ ခွဲခြားသိမ်းဆည်းထားလျက်ရှိ၏။ (၁၉၉၇)ခုနှစ် ဘီကျင်းတွင် ဖြစ်ပွားခဲ့သော မြေငလျင်သည် ဆိုဗီယက်တို့က "ဆိုက်စမစ်လက်နက်" အသုံးပြုခဲ့သောကြောင့် ဖြစ်သည်ဟု အမေရိကန် ကျွမ်းကျင်သူတချို့က ယုံကြည်နေကြသည်။

မြေငလျင်စက်တစ်လုံး။ ထိုစိတ်ကူးသည် ဟိုက်ဒီယိုမှုရှိင်းအား မည်မျှ ရင်ခုန်စေမည်ကို လွယ်လွယ်နှင့် တွေးကြည့်နိုင်၏။ သူသည် ဤအကြောင်းကို ပိုမို သိချင်နေသည်။ ထို့ကြောင့် ဂျပန် လျှို့ဝှက် နီကိုလာတက်စလာအသင်း အဖွဲ့ဝင်ခြောက်ဦး ဝင်ရောက်လာခြင်းဖြစ်၏။ ကိုဘီငလျင်လှုပ်ပြီး တစ်လကြာသောအခါ ထိုအဖွဲ့ဝင်များသည် ဘဲလ်ဂရိတ်ဆာဘီးယားရှိ တက်စလာပြတိုက်များသို့ သွားရောက်ကြသည်။ ထိုပြတိုက်များတွင် တီထွင်သူတက်စလာ၏ စာရွက်စာတမ်းများစွာကို ထိန်းသိမ်းထား၏။ သူတို့သည် ဆိုက်စမစ်ဗေဒနှင့် လျှပ်စစ်သံလိုက်ဓာတ်အားစနစ်နှင့် ပတ်သက်သော အချက်အလက်များကို သုတေသနပြုကြသည်။ ထိုအချိန်မှာပင် အယူသီးဂိုဏ်း၏ နယူးယောက်မြို့ရှိ ရုံးသည် အပြည်ပြည်ဆိုင်ရာ တက်စလာအသင်းနှင့် ဆက်သွယ်၍ တက်စလာ၏ တီထွင်မှုများ နမူနာများနှင့် စာရေးခဲ့သည်များကို တောင်းယူသည်။ ကိုဘီ မြေငလျင်သည် ဘုရားသခင်၏ လုပ်ဆောင်ချက်ဖြစ်၏။ ဟိုက်ဒီယို မှုရှိင်းကမူ ဂျပန်နိုင်ငံတွင် နောက်တစ်ကြိမ်လှုပ်မည့် မြေငလျင်သည် ဉမ်၏ လုပ်ဆောင်ချက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထားလိုက်၏။

ယခုအခါ ဖူဂျီတောင်မှ ဆာရင်ဓာတ်ရည် အကြွင်းအကျန်သတင်း ဖြစ်ပေါ်ပြီးနောက် တစ်လကျော် ကြာသွားပေပြီ။ သို့နှင့်တောင် ဂျပန် ရဲတပ်ဖွဲ့သည် အယူသီးဂိုဏ်းအား ရပ်တန့်သွားအောင် ဘာမှ မလုပ်





နိုင်ခဲ့ချေ။ ရဲတပ်ဖွဲ့က သူတို့ဦးခေါင်းကို ကုတ်ခြစ်နေစဉ် အသက်(၂၃)နှစ်အရွယ် မီကာ(လျှို့ဝှက်နာမည်)ဆိုသူ အမျိုးသမီးသည် သာတီယံ(၆) နောက်ဘက်ရှိ ကုန်ပစ္စည်းထည့်သော ကုန်သေတ္တာထဲမှ ထွက်ပြေးရန် ကြိုးစားနေ၏။ မီကာ၏ ခြောက်အိပ်မက်သည် (၁၉၉၄)ခုနှစ်၊ ဒီဇင်ဘာလထဲတွင် စတင်ခဲ့သည်။ ထိုစဉ်က သူမသည် အယူသီးဂိုဏ်းထဲသို့ ဝင်ရောက်သွားသော ကျောင်းနေဖက် သူငယ်ချင်းနှစ်ဦးအား သွားရောက်တွေ့ဆုံခြင်း ဖြစ်၏။ သူမ ပြန်မည့်အချိန် ရောက်သောအခါ တားဆီးခံရပြီး ချုပ်နှောင်ထားကြသည်။

ရက်သတ္တ နှစ်ပတ်ကြာသောအခါ သူမ လွတ်မြောက်ရန် ကြိုးစားသည်။ သို့ရာတွင် ဆိုဒီယံ သီယိုပန်တယ် ဓာတ်ငွေ့ဖြင့် လဲကျစေပြီး၊ သာတီယံ(၆)အတွင်း ပြတင်းပေါက်မပါသော အခန်းငယ်တစ်ခု၌ သော့ခတ်၍ ပိတ်ထားခြင်း ခံရ၏။ မကြာမီ သူမအား ကုန်သေတ္တာငယ်ထဲသို့ ရွှေ့ပြောင်းထားရာ သေးငယ်လွန်းသဖြင့် ဖြောင့်ဖြောင့် ရပ်မနေနိုင်ပေ။ တစ်နေ့လျှင် သူမက အစာတစ်ခါကျွေးရာ ပေါင်မုန့်တစ်လုံး၊ ကွတ်ကီးမုန့်တစ်လုံး၊ ငှက်ပျောသီးတစ်လုံးနှင့် ဘန်းမုန့်တစ်လုံးတို့ ဖြစ်၏။ သူမ၏ အလွန်ရှားပါးသော ခရီးအနေဖြင့် ရေချိုးခန်းသို့ မိန်းမဖော်နှင့်အသွားတွင် မီကာသည် ဝက်အူလှည့်တစ်ချောင်းကို တွေ့ရှိသဖြင့် အကျီထဲသို့ ဝှက်ထားလိုက်သည်။ ကုန်သေတ္တာထဲသို့ ပြန်ရောက်သည့်အခါ သူမသည် ဝက်အူလှည့်ဖြင့် နံရံ ကြမ်းပြင်နှင့် မျက်နှာကြက်များကို ထိုးဖောက်ကြည့်သည်။ အကျဉ်းထောင်သည် ခိုင်ခံ့နေဆဲဖြစ်၏။ ရက်သတ္တပတ်ပေါင်းများစွာ အရမ်းကာရော ကြိုးစားသည့်အခါ ကြမ်းပြင်ကို ခွာနိုင်ခဲ့ရာ ကုန်သေတ္တာအောက်ပိုင်းတွင် သံမဏိပြားကို တွေ့ရသည်။ ထိုသံမဏိပြားသည် ထွက်ပြေးရန် ကြိုးစား၍မရအောင် ခံထားခြင်း ဖြစ်၏။

ထို့နောက် မတ်လအလယ်လောက်တွင် မီကာသည် ဝက်အူလှည့်ကို ကိုင်ပြီး အမှောင်ထဲမှာ တွန့်လိမ်၍ အပေါ်သို့တက်ကာ သတ်သေရန် ချဉ်းစားနေ၏။ သူမကိုယ်သူမ သတ်သေရန် စိတ်ပျောက်စေသော အရာတစ်ခုမှာ သူမတွင် ကိုယ်ဝန်လေးလရှိနေခြင်း ဖြစ်လေသည်။

ဇန်နဝါရီလတွင် ဆာရင်အဆိပ်ရည် အကြွင်းအကျန် သတင်းကြောင့် မီကာ၏ ကံကြမ္မာအား ပိတ်ပင်ခံရသည့် အယူသီးဂိုဏ်းသည် သူမအား သတင်းသမားများ၏ အာရုံစိုက်မှုထဲသို့ လွှတ်ပေးရန် နည်းလမ်းမရှိချေ။ သို့သော် သူမသည် ဉမ်၏ အခြားသားကောင်များနှင့် နှိုင်းစာလျှင် ကံကောင်းနေသေး၏။ ယခင် အချိန်မှစ၍ အယူသီးဂိုဏ်းဆရာဝန်သည် ထွက်ပြေးရန် လမ်းရှာသည့် နောက်လိုက်များအား နှုတ်ပိတ်၍ ရက်စက်ကြမ်းကြုတ်သည့် နည်းတစ်ခုကို တီထွင်ထားခဲ့သည်။ ထိုနည်းမှာ ပန်းသီးအား ဆေးများအုပ်လျက် ဓာတ်သွင်းခြင်း ဖြစ်၏၊ သို့မဟုတ် ပိုမို ရိုးသားစွာပြောရလျှင် ဒက်ဆူရ စမ်းသပ်ခြင်းဟု ခေါ်သည်။ (ဒက်ဆူရ



www.burmeseclassic.com

www.burmeseclassic.com

ဟူသော စကားမှာ တိဗက်စကား အဆိပ်ပန်းသီးမှ ဆင်းသက်လာခြင်း ဖြစ်ဟန်တူ၏)။

ဤဇာတ်သွင်းခြင်း အကျင့်ကို နောက်လိုက်တစ်ဦး လုပ်ခံခဲ့ရ၏။ သူ့အား ဒီဇင်ဘာလထဲက အိုဆာကာမြို့မှ ဖမ်းဆီးခေါ်လာခဲ့ကြသည်။ သူသည် ဂျပန်စစ်သားဟောင်းတစ်ဦး ဖြစ်၏။ ပထမတွင် သူ့အား ချုပ်နှောင်ထားပြီး ဥမ်ဆရာဝန်များက "နာကိုဆေးအသစ်"ဟု ခေါ်သော ဆေးကို ထပ်ခါတလဲလဲ ထိုးကြသည်။ ထိုဆေးသည် မထနိုင်အောင် အိပ်ပျော်စေပြီး စိတ်တန်ခိုးကို သတ်နိုင်၏။ ဤသို့ အာနိသင်ရှိသော ကြောင့် ကြေးစား ဆရာဝန်များသည် ထိုဆေးကို နည်းနိုင်သမျှ နည်းနည်းသာ အသုံးပြုကြ၏။ သို့သော် ဥမ်ဆရာဝန်များ လိုအပ်ချက်နှင့် သင့်တော်လေသည်။

နာကို ဆေးအသစ်များစွာ ထိုးနှံခြင်း ခံရသဖြင့် စစ်သားဟောင်းကြီးသည် မေးမြန်းခံရပြီး နေ့ပေါင်းများစွာ မစားရ မအိပ်ရခဲ့ချေ။ နောက်လေးလကျော်ကြာသည့်အခါ သူ့အား ရေနွေးပူဖြင့် ရေချိုးစေခြင်း၊ လျှပ်စစ်ရှော့(က်) လုပ်ခံရခြင်းနှင့် ဆေးအလုံး(၁၂၀) ထိုးခံရလေသည်။ သူသည် အချိန်ကို မေ့လျော့စပြုနေပြီး ဘယ်ရောက်နေသည်ကိုလည်း မသိတော့ချေ။ ကိစ္စတစ်ခုတွင် ဆရာဝန်က သူ့အား လှုပ်နှိုးပြီး ခြိမ်းခြောက် ပြောဆိုသည်။

"မင်း ဒီအတိုင်းပဲနေမယ်ဆိုရင် နောက်ထပ် နေရတော့မယ့်အချိန် သိပ်မရှိတော့ဘူး"

နံရံပေါ်တွင် ခရမ်းရောင်ဝတ်ရုံ ဝတ်ထားသည့် မုတ်ဆိတ်နှင့် လူတစ်ယောက်ပုံပါသည့် ပိုစတာကို စစ်သားဟောင်းကြီးက သတိပြုမိသည်။

ဒက်ဆူရ စမ်းသပ်ချက်သည် လူ၏ ဆိုးညစ်သောကာမဂုဏ်စိတ်ကို ပယ်ရှားသည်ကတော့ သူ၏မှတ်ဉာဏ် ဖြစ်လေသည်။ ဥမ်ဆရာဝန်များ လုပ်ပြီးသောအခါ စစ်သားဟောင်းကြီးသည် မှတ်ဉာဏ်များ လုံးဝနီးပါး ပျောက်ဆုံးလုမတတ် ခံစားရ၏။ သူသည် သက်သက်လွတ်စားသူဖြစ်၏။ သူသည် ကိုယ်အလေးချိန် (၆၆)ပေါင် လျော့သွားပြီး၊ ညာဘက်ခြမ်းလေဖြတ်သွားသည်။ တစ်ခါတစ်ရံ ရှားပါးကိစ္စတွင် သူ စကားပြောသည်မှာ ကလေးစကားများ ဖြစ်နေ၏။ ဒက်ဆူရ စမ်းသပ်ချက်သည် ဇာတ်သွင်းခြင်း မဟုတ်။ အသိစိတ်မဲ့စွာနှင့် ရက်စက်ကြမ်းကြုတ်သည့် စိတ်ဓာတ် သုတ်သင်ခြင်းနှင့် ဦးနှောက် ဆေးကြောခြင်းသာ ဖြစ်၏။

စစ်သားဟောင်းကြီးသည် ဆေးအသစ် ကုထုံးဖြင့် ကုသခံရသည့် ယောကျာ်းများ၊ မိန်းမများအနက် တစ်ယောက်သာ ဖြစ်၏။ ယခုအချိန်တွင် ဥမ်အကျဉ်းထောင်များသည် ရှင်လျက်သေနေသူများနှင့် ပြည့်ကျပ်နေ၏။





ဤသားကောင်များသည် နှိပ်စက်ခံကြရ၏။ ချုပ်နှောင်ခံကြရ၍ သတိမေ့နေကြသည်။ ဤကိစ္စသည် ထွက်ပြေးသူများအား လိုက်ဖမ်းခြင်းနှင့် ဂုရု၏ အချစ်မေတ္တာကို သစ္စာဖောက်ခြင်းများအတွက် အချိန်ချုပ်ထားခြင်း ဖြစ်၏။ ဖေဖော်ဝါရီလ ကုန်ခါနီးတွင် အသက် (၆၂)နှစ်ရှိ နောက်လိုက်တစ်ဦးသည် ဥမ်၏ တိုကျိုဌာနချုပ်မှ တိတ်တဆိတ် ထွက်လာပြီး ပုန်းအောင်းနေသည်။ ယောဂီသင်တန်းမှ တစ်ဆင့် ဥမ်အဖွဲ့သို့ ဝင်ရောက်သည့်အချိန်မှစပြီး ထိုနောက်လိုက် အမျိုးသမီးကြီးသည် ဥမ်၏ တောင်းဆိုချက်အရ ဒေါ်လာ (၆၀၀၀၀၀)ကျော် ပေးလှူခဲ့ရသည်။

အဆာဟာရသည် ဒေါသထွက်ပြီး အယူသီးဂိုဏ်း အဖွဲ့ဝင်တစ်ဦးအား သူမကို ရှာဖွေပြီး ပြန်ခေါ်ခဲ့ရန် အမိန့်ပေးလိုက်၏။ ဂုရုကြီး ဒေါသကြီးမားခဲ့သော်လည်း ထိုအယူသီးဂိုဏ်းအဖွဲ့ဝင်သည် သူ အမိန့်ပေးသလို မလုပ်နိုင်ခဲ့။ ထို့ကြောင့် အဆာဟာရသည် အခြားအမိန့်ကို ထုတ်ပြန်လိုက်၏။ ထိုအမိန့်မှာ "သူလျှိုအကြီးအကဲ ယိုရှိမိရိုအား ထိုကိစ္စကို အသေအချာ ဂရုတစိုက် လုပ်ဆောင်ရန်" ဖြစ်၏။ ယိုရှိမိရို အင်ဒိုအိသည် ထိုအမိန့်အတိုင်း ဂရုတစိုက် ဆောင်ရွက်ခဲ့လေသည်။

ရက်အနည်းငယ်ခန့် ကြာသောအခါ သပ်ရပ်စွာ ဝတ်စားထားသောအသက် (၆၈)နှစ်အရွယ်ရှိ ကီယိုရှိကာရီယသည် သူ့အလုပ်ဌာနရှိရာ တိုကျိုမြို့ နိုတြီပတ်ဗလစ်ရုံးမှ လမ်းလျှောက်လာခဲ့၏။ ထိုနေ့လယ်တွင် ကာရီယသည် အတွေးများနှင့် လေးနက်နေခဲ့သည်။ သူသည် အယူသီးဂိုဏ်းမှ ထွက်ပြေးလာခဲ့သော သူ့အစ်မအတွက် စိတ်ပူနေသည်။ သူမအတွက် သူတို့ လာမည်ကို သူ သိနေ၏။

ထိုည မတိုင်မီ တယ်လီဖုန်းခေါ်သံလာသည်။

"ခင်ဗျားအစ်မ-ဘယ်မှာရှိသလဲ ကျုပ်တို့ကို ပြောပါ"ဟု ထိုအသံက တောင်းဆိုသည်၊ ကာရီယာက သူ့အစ်မသည် မိတ်ဆွေတစ်ဦးအိမ်မှာ ပုန်းအောင်းနေသည်ကို သိလျက်နှင့် ငြင်းဆိုလိုက်၏။ ထို့နောက် သူသည် သူ့သားအတွက် မှတ်စုစာတစ်ပုဒ် ရေးသားချန်ထားခဲ့သည်။ ထိုစာထဲတွင်

"တကယ်လို့ ငါ ပေါ်မလာတော့ဘူးဆိုရင် ငါ့ကို ဥမ်သမုတိသစ္စာဂိုဏ်းက ပြန်ပေးဆွဲသွားပြီလို့သာ မှတ်ပေတော့"ဟု ရေးထားသည်။

ကီယိုရှိကာရီယသည် သူ့ဆီသို့ ဆွဲလာခဲ့သော အငှားမော်တော်ယာဉ်ကို သတိထားမိပြီး ကြိုတင် နေရာယူခဲ့လေသည်။ အကယ်၍ သူသာ နိုးလျှင် အကူအညီပေးနိုင်မည်မဟုတ်။ မော်တော်ယာဉ်ထဲမှ လူလေးယောက် ဆင်းလာပြီး၊ ဖြတ်သန်းသွားသူများ ကြည့်နေသည့်အကြားမှ သက်ကြီးအိုအား ငှက်တောင်ပမာ လမ်းပေါ်မှတင်သွားပြီး ဗင်ကားနောက်သို့ တုပ်နှောင်၍ ပို့လိုက်ကြသည်။

ထိုဗင်ကားသည် တိုကျိုမြို့မှ အပြေးအလွှား မောင်းထွက်သွားစဉ် ယိုရှိဟီရို အင်ဒိုအိသည် ခရီးသည်ထိုင်ခုံပေါ်၌ မလှုပ်မယှက် ထိုင်နေ၏။


www.burmeseclassic.com

www.burmeseclassic.com


အင်ဒိုအိက သက်ကြားအိုအား သတိမေ့သည်အထိ ရိုက်နှက်သောအခါ နောက်ပိုင်းမှ အော်သံတွေ ထွက်ပေါ်နေသည်။ ထို့နောက် ငြိမ်သက်သွား၏။ ကာရီယာအား အဆာဟာရ၏ ကိုယ်ပိုင်ဆေးဆရာက ငြိမ်သက်အောင် လုပ်လိုက်သည်။ ထိုဆေးဆရာများထဲတွင် ရှေ့နေ တဆွတ်ဆုမိဆာကာမုတို့နှင့် သူ့မိသားစုတို့အား ပိုတက်စီယံကလိုရိုက် ဆေးရည်များ ထိုးသွင်းခဲ့သည့် ထိုပိုမာဆာအမည်ရှိ ဆရာဝန် ပါလေသည်။

နာရီပိုင်းအတွင်းမှာ ဗင်ကားသည် ဖူဂျီတောင်သို့ ရောက်လာ၏။ သေွးစက်များကို ဗင်ကားအတွင်းမှ ထုပ်ဖယ်ပစ်လိုက်ပြီး၊ ကာရီယာအား ပြတင်းပေါက်မပါသော သာတိယံ(၂) အခန်းကျဉ်းကလေးထဲသို့ ပို့လိုက်၏၊ အင်ဒိုဗီးနှင့် နာကာဂါဝတို့သည် ထိုအခန်းထဲ ရှိနေကြသည်၊ သူတို့နှင့်အတူ ဆရာဝန် အိုက်ကူအိုဟာယာရှိလည်း ရှိနေ၏။

ဆရာဝန်များ အလုပ်ရနေကြသည်။ ကာရီယ၏ လက်မောင်းထဲသို့ အပ်တစ်ချောင်း ထိုးထည့်လိုက်၏။ ထို့ပြင် သီယိုပန်တယ်ဆေးကို သွင်းသည်။ ကာရီယ၏ ကိုယ်ခန္ဓာ ခွေယိုင်သွားသောအခါ အင်ဒိုအိက မေးခွန်းများ စတင် မေးလေတော့သည်။ နာရီများစွာ ကြာသွား၏။

"ခင်ဗျားညီမ ဘယ်မှာလဲ၊ ဘယ်မှာ ဝှက်ထားသလဲ"

သို့သော် ကီယိုရှိကာရီယာက ဘာမှ ပြန်မပြောချေ။

အင်ဒိုအိ ဦးနှောက်ခြောက်သွား၏။ ဂုရုကြီး၏ အမိန့်က ရိုးရိုးကလေး ဖြစ်သည်။

"သူ့ညီမအကြောင်း ညှစ်ထုတ်လိုက်စမ်း၊ သူ့မှတ်ဉာဏ်တွေကို ဆေးနဲ့ ဆေးကြောပြီး သွားခွင့်ပြုလိုက်ပါ"

သို့သော် စီစဉ်သည့်အတိုင်း ဘာမှ ဖြစ်မလာ၊ ခေါင်းမာသော အဘိုးအိုက ဘာမှ မပြောချေ။

"ကျုပ်တို့သူ့ကို ဒီအတိုင်းတော့ လွှတ်မပေးနိုင်ဘူး၊ ကျွန်ုပ်တို့ ပိုတက်စီယံကလိုရိုက်ကို သုံးရမလားလို့ စဉ်းစားနေတယ်။ ကျုပ် ဂုရုကြီးဆီကို နံနက်(၁၀)နာရီမှာ သွားတွေ့မယ်၊ အဲဒါမတိုင်မီ ခင်ဗျား သူ့ကို စောင့်ပေးမလား"ဟု နာကာဂါဝ ဒေါက်တာဟာယရှိကို ပြောသည်။

နောက်ထပ် ဘာဖြစ်သလဲဆိုတာကတော့ မရှင်းလင်းချေ။ နောက်တစ်နေ့နံနက်တွင် ဘာရီယာအား သီယိုပန်တယ်ဆေးတစ်လုံး နောက်ထပ်ထိုးပေးသဖြင့် ရှော့(က်)ဖြစ်သွားသည်။ သို့မဟုတ် ကြွင်နာတတ်သောကိုမာခေါ် အိပ်မောကျရောဂါ တစ်ညကို ခံစားရသလား။ ဘာပဲဖြစ်ဖြစ် ဘယ်သူကပဲလုပ်လုပ် အကျိုးသက်ရောက်မှုကတော့ အတူတူပင် ဖြစ်၏၊ နောက်တစ်နေ့၌ ကီယိုရှိကာရီယ သေဆုံးသွားလေတော့သည်။

ကာရီယ၏ ရုပ်အလောင်းအား အမှိုက်အိတ်ကြီး တစ်လုံးတွင် ထည့်ပြီး၊ သာတိယံ(၂) အောက်ခြေရှိ အယူသီးဂိုဏ်း၏ မီးသင်္ဂြိုဟ်စက်သို့ ပို့လိုက်၏။ ယခု အခန်းကြမ်းပြင်ကို အလားတူ အမှိုက်အိတ်များ ခင်းဖြန့်ထားသည်။ ရုပ်အလောင်းကို နှစ်ရက်ကြာ မိုက္ကရိုဝေ့(ဖ်)ဖြင့်ထားပြီး၊ နိုက်ထရစ်အက်စစ်ဖြင့် ချိုးဖွဲ့ပစ်လိုက်၏။ ကျန်ရှိသည်များကို ဒေါက်တာနာကာဂါဝက ဖူဂျီတောင်တစ်ဝိုက်တွင် ရေအနက်ဆုံးနှင့် ရေကစားရာတွင် နာမည်ကျော်နေရာဖြစ်သော မိုတိုဆုရေအိုင်ထဲသို့ ပစ်ချလိုက်သည်။

သို့သော် ကီယိုရှိကာရီယသည် ပြန်လည်ထလာပြီး အယူသီးဂိုဏ်းအား တစ္ဆေခြောက်လေတော့သည်။ ယခုအခါတွင် ဥုမ်၏ လှုပ်ရှားမှုများကို ရန်လိုစွာဖြင့် စုံစမ်းရန် အာဏာပိုင်များအနေဖြင့် လုံလောက်သော အကြောင်းတွေ ရရှိနေ၏။ အမျိုးသားရဲတပ်ဖွဲ့ အော်ဂျင်စီသည် အယူသီးဂိုဏ်းအား တိုင်ကြားစာ တစ်ရာကျော် ရရှိထားသည်။ မြေယာအလွဲသုံးစားမှုများ၊ လျှပ်စစ်မီးကြိုး ခိုးသွယ်မှုများနှင့် လူပြန်ပေးမှုများ ပါဝင်သည်။ ကာရီယာ ပျောက်ကွယ်သွားသည့်ကိစ္စ ပေါ်ပေါက်လာသည့်အခါ ထိုကိစ္စနောက်ကွယ်မှာ ဥုမ် ပါဝင်ပတ်သက်နေသည်ဟု ယုံကြည်သူတစ်ဦးမျှ ဂျပန်နိုင်ငံမှာ မရှိချေ။ ရဲတပ်ဖွဲ့သည် တာရှည်စွာ ခြေရှုပ်၍ မရတော့ပေ။

ရှိုကိုအဆာဟာရသည် ဤအကြောင်းကို သဘောပေါက်ကောင်းပေါက်ဖွယ်ရာရှိ၏။ နိုတြီပတ်ဘလစ် ရှေ့နေတစ်ဦးအား နေ့ခင်းကြောင်တောင် မြို့တော်လယ်ကောင်တွင် ပြန်ပေးဆွဲခြင်းသည် တိုကျိုရဲတပ်ဖွဲ့အား တိုက်ခိုက်စိန်ခေါ်ခြင်း ဖြစ်၏။ ကာရီယအား ပြန်ပေးဆွဲပြီးနောက် ဂုရုကြီးသည် နောက်လိုက် တစ်ရာကျော်တို့အား တစ်နာရီကြာ တရားဟောလေသည်။ သူသည် တည်ငြိမ်အေးဆေးစွာပြောပြီး တစ်ချိန်လုံး မျက်စိမှိတ်ထား၏။

"အသင်တို့ကိုယ် သင်တို့ စွန့်လွှတ်ဖို့ မကြောက်ကြပါနဲ့၊ အသင်တို့ဟာ တစ်ယောက်တည်း တိုက်ခိုက်ရမယ်။ ကျုပ် အဖမ်းခံရပေမယ့် ကျုပ် အသေအချာ ပြန်လာခဲ့မယ်"

အဆာဟာရအနေဖြင့် သူ့လူများရှေ့တွင် ကိုယ်တိုင် လာရောက်ဟောပြောခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်လေသည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## စစ်ပွဲကြီးစပြီ

ဥုမ်သမုတိသစ္စာဂိုဏ်း၏ အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် တိုကျိုမြို့တော်ရဲတပ်ဖွဲ့*လက်ထဲသို့ ကျရောက်သွား၏။ အဖွဲ့ဝင်အင်အား (၄၅၀၀၀)ရှိသော တီအမ်ပီဒီသည် ဂျပန်နိုင်ငံ တရားဥပဒေစိုးမိုးရေးတွင် စံပြ လူတော်လူချွန်များဖြစ်သည်ဟု ကျယ်ပြန့်စွာ လက်ခံထားကြသည်။ အဓိကတာဝန်မှာ လူဦးရေ(၈)သန်းကျော်ရှိသော မြို့တော်လူဦးရေအတွက် တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး ရဲဌာန၏ ကျယ်ပြန့်သော သတင်းမြစ်ဖျားခံရာများနှင့် ရာဇဝတ်မှု နှိမ်နင်းရေးအတွက် ကျွမ်းကျင်မှု ပညာရပ်ဖြင့် အဓိကအမှုများကို နှိမ်နင်းရန် တစ်နိုင်ငံလုံး ကျယ်ပြန့်စွာ ဆောင်ရွက်ရန်ဖြစ်၏။ ဥုမ်အမှုသည်လည်း အမှုကြီးတစ်မှုတွင် ပါဝင်သည်။

တီအမ်ပီဒီဌာနချုပ် အဆောက်အအုံသည် တိုကျိုမြို့လယ်ရှိ အရာရှိများနေရာ ကာဆူမိဂတ်ဆေကီ ရပ်ကွက်တွင်ရှိ၏။ ဆက်သွယ်ရေးလမ်းကြောင်း အထူးခင်းကျင်း စီစဉ်ထားခြင်းဖြင့် အဆင့်အတန်းမြင့်မားနေသော တီအမ်ပီဒီ အဆောက်အအုံသည် ဥုမ်အဖွဲ့အား စုံစမ်းထောက်လှမ်းရာတွင် အချက်အချာ ကျနေသည်။ အယူသီးဂိုဏ်း၏ နောက်ဆုံးစီမံကိန်းကို ပင်မပစ်မှတ် ထားလျက်ရှိ၏။ ဥုမ်ကလည်း တီအမ်ပီဒီဌာနချုပ်ကို လက်ဦးမှု ရယူပြီး၊ အကြီးအကျယ် ပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးခြင်းဖြင့် စုံစမ်းထောက်လှမ်းနေမှုကို ရိုက်ချိုးရန် စီစဉ်နေသည်။ ထို့ပြင် သူတို့သည် ဖောက်ခွဲဖျက်ဆီးရန်အတွက် လေဆာလက်နက်ကို အသုံးပြုသည်။

ဖူဂျီတောင် ဒေသနေသူများက ဥုမ်တို့ လေဆာလက်နက်စမ်းသပ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ခဲ့ရကြောင်း ပြောကြသည်။ သို့သော် အယူသီးဂိုဏ်း သိပ္ပံပညာရှင်များသည် ဂုရုကြီး၏ အချစ်တော် 'သေမင်းရောင်ခြည်'ကို တည်ဆောက်ရန် မနီးကပ်သေးပေ။ နည်းပညာ သိကျွမ်းမှု

*Tokyo Metropditan Police Department (TMPD)



မှန်သော်လည်း စွမ်းအင်မြင့်မားသော လေဆာငွေ့ကို တည်ဆောက်ရန်မှာ ငွေကုန်ကြေးကျ များလွန်းနေ၏။ ထို့ပြင် စက်ရုံလည်ပတ်ရန် လျှပ်စစ်ဓာတ်အား အကြီးအကျယ် လိုအပ်သည်။ လေဆာရောင်ခြည် လက်နက်တစ်ခုအတွက် လိုအပ်သောကီရိယာသည် စက်လေးလုံးတပ် ကုန်တင်လေယာဉ်ကြီး တစ်စီးအတွက် အပူချိန်စွမ်းအင်ကို ဖြည့်ဆည်းနိုင်၏။ ကြီးမားသော အပူချိန်ကို ထုတ်လုပ်သကဲ့သို့ လေဆာအမြောက်သည် သူ့ခိုးလက်နက်လို ဖြစ်သည်။

ထို့ကြောင့် ဥုမ်သိပ္ပံပညာရှင်များသည် နည်းပရိယာယ်တစ်ခု ပြောင်းလိုက်၏။ သူတို့သည် အကုန်အကျ ပိုသက်သာ၍ စွမ်းအင်နည်းသည့် လေဆာသေနတ်ကို တီထွင်ပြီး အသံတိတ်အသုံးပြုရန် စီမံကြသည်။ ဤလက်နက်သည် ရဲတပ်သားများကို အငွေ့မသင့် မျက်စိကန်းစေရုံသာ ဖြစ်၏။ လေဆာသေနတ်သည် အပစ်ခံရသူအား မျက်စိကန်းစေ၏။ ပိုမိုစူးရှသော ရောင်ခြည်သည် မျက်ကြည်လွှာမှ တစ်ဆင့် ကျိုန်းစပ်စေပြီး အမြဲထာဝရ မျက်စိကန်းစေနိုင်သည်။ ထိုအရာအားလုံးသည် ရောင်ခြည်စွမ်းအား ပစ်မှတ်မှန်းဆချက်နှင့် အသုံးပြုသူ၏ သဘောပေါ်မူတည်သည်။

ဖေဖော်ဝါရီလ ကုန်လွန်သောအခါ ရေကြည်စမ်း ဘုရားကျောင်းစက်ရုံ ရပ်တန့်သွားစေရန် ဥုမ်၏ လက်နက်စက်ရုံကို အခြားတစ်မျိုးပြောင်းလဲရန် စီစဉ်ကြပြန်၏။

မတ်လ(၅)ရက် ညလယ်သန်းခေါင်ယံခန့် အချိန်တွင် တိုကျိုမြို့အပြင်ဘက်ရှိ ယိုကိုဟားမားမြို့တွင် မီးရထားတစ်စီးထဲမှ ထူးဆန်းသော အမြှုပ်များ စိမ့်ထွက်နေသည်။ ခရီးသည်များသည် စကားပြော မပီမသဖြစ်ပြီး အသက်ရှူကျပ်လာကြ၏။ လူတင်ဦးအား မျက်စိနာခြင်း၊ နှာခေါင်းသွေးယိုခြင်းနှင့် ဖျားနာသဖြင့် ဆေးရုံတင်လိုက်ရသည်။ မီးရထားအရာရှိများသည် ဦးနှောက်ခြောက်နေကြ၏။ ရက်သတ္တပတ်ပေါင်းများစွာ ကြာသည့်အခါ ထိုပြဿနာ ဖြေရှင်းပြီး ဖြစ်သွားသည်။ ဥုမ်သည် နောက်တစ်ကြိမ် တိုက်ခိုက်ရန် အစမ်း လေ့ကျင့်နေကြ၏။

ဂုရုကြီး၏ လူများက လူသတ်ရန် ကြံစည်နေကြချိန်တွင် အဆာဟာရ၏ မိသားစုကြီးထဲမှ နှစ်ယောက်က လွတ်မြောက်ဖို့ ကြံစည်နေကြသည်။

"ကြောက်စရာကောင်းတဲ့ ဖြစ်ရပ်တွေဟာ (၂၀၀၀)ပြည့် မတိုင်မီ ဆက်လက်ဖြစ်ပွားနေမယ်"ဟု နောက်ဆုံးစာအုပ်တွင် အဆာဟာရက ကြိုတင် ဟောကိန်းထုတ်လိုက်၏။ သူ့ဇနီး တိုမိုကိုမတ်ဆူမိုတိုသည် ဤဟောကိန်းကို အလေးအနက်ထားသည်။ ယိုကိုဟားမားကိစ္စ ဖြစ်ပွားပြီး နောက်တစ်ရက်၌ သူမနှင့် အဆာဟာရ၏ အချစ်ဆုံး တတိယသမီး အာဇာဒီတို့သည် ဒေသဆိုင်ရာအပိုးရရုံး၌ ပြည်ပထွက်ခွင့် လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

နောက်လေးရက် ကြာသောအခါ ဥုမ်ဆေးခန်းသည် အာဏာပိုင်များနှင့် မိမိကိုယ်ပိုင် ဝက်မင်ဘီးဖြင့် ပွတ်တိုက်ခြင်း ခံရသည်။ ဖူကျိုတောင်ယာမာနာရှိပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဌာနက အယူသီးဂိုဏ်း ဆေးခန်းအား တရားဝင်ခွင့်ပြုချက်လိုင်စင် မရှိဘဲ ဆေးခန်းဖွင့်လှစ်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းများ ချိုးဖောက်ကြောင်း သတိပေးလိုက်၏။ အယူသီးဂိုဏ်းသည် အရေးတကြီး လိုင်စင်တစ်ခု လျှောက်ထားသည်။ ဥုမ်ဒေါက်တာများက လူသာများကို စမ်းသပ်ခြင်း၊ စိတ်ချောက်ချားသောဆေးများ တိုက်ကျွေးခြင်း၊ လူနာများကို မူးယစ်ဆေးဝါး တိုက်ကျွေးပြီး အကျဉ်းချထားခြင်းများ ပြုလုပ်နေစဉ်တွင် ယာမာနာရှိအာ အာဏာပိုင်များသည် ဆေးခန်းအား သွားရောက်စစ်ဆေးခြင်း မပြုဘဲ လိုင်စင် ထုတ်ပေးလိုက်သည်။

ထိုအချိန်တွင် အယူသီးဂိုဏ်းသည် ရဲတပ်ဖွဲ့ စုံစမ်းထောက်လှမ်းခြင်းကို ရှိက်ချိုးရန် အခြားနည်းလမ်းများကို ရှာဖွေနေ၏။ ရိုင်ဖယ်သေနတ်-၄၇ ဖြင့် တိုက်ခိုက်ရန်မှာ မဖြစ်နိုင်ချေ။ ရေကြည်စမ်း ဘုရားကျောင်းရှိ လက်နက်စက်ရုံသစ်၌ ယခုထိ ကျွမ်းကျင်မှုနှင့် လုပ်ငန်း နည်းပါးမှုတို့ဖြင့် မတည်ကျည်ဆန် တစ်သန်းထုတ်ရန် ပန်းတိုင်သည် နောက်ထပ် ခြောက်လခန့် ကြာဦးမည်။ ဥုမ်၏ လက်နက်ထုတ်သူများက အခြားရွေးချယ်စရာလမ်းကို ပေးသည်။ ဥပမာ- တီအင်တီယမ်းဘီလူး တန်ဝက်တင်ဆောင်ထားသော ထရပ်ကားတစ်စီးဖြင့် တီအမ်ပီဒီ အဆောက်အအုံကို ဗုံးခွဲရန် ဖြစ်၏။ သို့သော် ဤကဲ့သို့ အဆင့်နိမ့် အတတ်ပညာဖြင့် ရွေးချယ်ရန် သဘောမတူကြပေ။

ထို့နောက် ဥုမ်၏ လက်နက်တိုက်တွင်ရှိ ဆာရင်အဆိပ်ရည် အစုအပုံကို ဖျက်စီးပစ်လိုက်ပြီး ဖြစ်၏။ သို့သော် မုံညင်းဓာတ်ငွေ့နှင့် ဆိုင်ယာနိုက်အဆိပ်များ ရှိနေသေးသည်။ သို့သော် အယူသီးဂိုဏ်းခေါင်းဆောင်များသည် ဤလက်နက်များကို ရွေးချယ်ခြင်း မပြုကြ။ အဘယ်ကြောင့်ဆိုသော် ထိုရက်များအတွင်းမှာ အာရုံကြောအဆိပ်သင့် ဓာတ်ငွေ့များအကြောင်း သတင်းစာများ၌ မကြာခဏ ပါရှိနေသောကြောင့် ဖြစ်၏။

အဆာဟာရ၏ ထမင်းစားပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခံရသောအခါ အယူသီးဂိုဏ်းအဖွဲ့ဝင်များသည် ငြင်းပယ်ခွင့် မရှိချေ။ ဥုမ်၏ အစားကောင်း ကြိုက်တတ်သော ဂုရုကြီးသည် လွန်ခဲ့သောလများအတွင်းက ဖူကျိုတောင်ဌာနချုပ်တွင် အထူးဧည့်သည်များအား စားသောက်ပွဲများစွာ ဖိတ်ကြား တည်ခင်းကျွေးမွေးခဲ့လေသည်။ သို့သော် အစားအသောက်များက အရသာရှိပြီး ပေါများသောအခါ အစာအိမ်အတွက် အမြဲတမ်း မသက်သာလှချေ။ ထိုထမင်းစားပွဲသို့ တက်ရောက်ပြီးနောက် အဆာဟာရ၏ ဧည့်သည်များသည် အရေပြား အဖုအပိမ့်များ ပေါက်ခြင်း





သို့မဟုတ် အသံဝင်ခြင်းများ ဖြစ်ကြလေသည်။ တချို့က မကျန်းမမာဖြစ်ပြီး၊ ပျောက်ကွယ်သွားကြ၏။ ဤသို့ ဖြစ်ရခြင်းသည် အစားအစာနှင့် ဘာမှမဆိုင်ကြောင်း ဧည့်သည်များကို ပြောပြထားသည်။ အမေရိကန်လေတပ်က ဓာတုဗေဒလက်နက်ဖြင့် တိုက်ခိုက်ထားသည့် လက္ခဏာများဖြစ်သည်ဟုဆို၏။

တကယ့်အကြောင်းရင်မှာ ဂုရုကြီး၏ ဂျပန်ရိုးရာ သစ်ရွက်ပြွမ်းထမင်းအအေးထည့်ထားသည့် လင်ဗန်းများမှာ ဓာတုဗေဒလက်တွေ့ခန်းတွင် မိုက္ကရိုဖြပ်ပေါင်းများ မွေးမြူထားသောကြောင့်သာ ဖြစ်သည်။ ထိုကိစ္စသည် အစားအသောက် ဆိုးဝါးစေသော်လည်း သိပ္ပံပညာအရ ကောင်း၏။ အယူသီးဂိုဏ်းဇီဝဗေဒပညာရှင် ဆီအိချိအင်ဒိုသည် လူသားတွေအား အဆိပ်ဖြစ်စေမည့် အဆိပ်အမျိုးပေါင်းများစွာကို ကျယ်ပြန့်စွာလေ့လာအားသည်။ ဇီဝဗေဒလက်နက်များဖြင့် တိုက်ခိုက်ရာတွင် ဆုံးရှုံးမှုများစွာ တွေ့ကြုံရပြီးနောက် ဤထမင်းစားပွဲများဖြင့် အင်ဒိုသည် နောက်ဆုံးတွင် အောင်မြင်မှုရလိမ့်မည်ဟု ယူဆကြရသည်။

ညစာစားပွဲ လာရောက်သူများကို အစမ်းသပ်ခံ ပူးသတ္တဝါများအဖြစ် အသုံးချသည်မှာ ကြောက်စရာကောင်းသော အကြံအစည် ဖြစ်၏။ သို့သော် အင်ဒိုသည် တရားမျှတရန် လွယ်ကူစွာ တွေ့ကောင်းတွေ့ပေလိမ့်မည်။ နောက်ဆုံး၌ အယူသီးဂိုဏ်းသည် စစ်ဖြစ်နေ၏။ အင်ဒိုက ဥုမ်၏ ရေဒီယိုမော်စကိုမှ ရှင်းပြခဲ့သည်။ အီဘိုလာ ဥုမ်၏ ကျောက်ကလေး၊ အသားဝါများ၊ ပလိပ်ရောဂါ. . . ဤရောဂါများသည် အယူသီးဂိုဏ်းအား ဇီဝဗေဒလက်နက်ဖြင့် တိုက်ခိုက်နေကြခြင်း ဖြစ်သည်ဟု သူ ဆို၏။ အကြောင်းမှာ ဇီဝဗေဒပညာရှင်အင်ဒိုသည် ယခု တည်ဆောက်ထားသော ဥုမ်၏ ဇီဝဗေဒ လက်နက်အလုပ်ရုံကို အသေအချာ ခြိမ်းခြောက်ခံရသည်ဟု လှုပစွာဝေဖန်ခြင်း ဖြစ်ပေသည်။ အင်ဒို၏ ဓာတ်ခွဲခန်းတွင် အနည်းဆုံး အဆိပ်ပိုး သုံးမျိုး ရှိသည်။ အန်းသရက်ခေါ် လည်လိမ်ရောဂါ အဆိပ်ပိုး၊ အစာအဆိပ်နှင့် ကျူရောဂါနှင့် အခြား အမျိုးအစားများ ဖြစ်၏။ သို့သော် သူသည် ယခုထိ ပိုမို လိုချင်နေဆဲဖြစ်သည်။

ဇီဝဗေဒနည်းပညာသည် အင်ဒို၏အိပ်မက် ဖြစ်၏။ ဇီဝဗေဒနည်းလမ်းသည် ကိုင်တွယ်ရန် ပိုမိုလွယ်ကူရန် ဈေးနှုန်းချိုသာသော ဇီဝဗေဒ အဆိပ်များဖြစ်၏။ ထုတ်လုပ်ရန်လည်း ပိုမို လွယ်ကူသည်။ ထောက်လှမ်းတွေ့ရှိရန် ပိုမို ခက်ခဲပြီး ဆေးကုသ၍ မရနိုင်သလောက် ထက်မြက်၏။

"အလွန်အဆိပ်ပြင်းသော ဓာတုဗေဒပစ္စည်းများနှင့် အဆိပ်များအား မကြာမီ သံသယကင်းစွာဖြင့် စားသောက်၍ ရနိုင်တော့မည်။ အာရုံကြောအဆိပ်သည် အခြားအဆိပ်များနှင့် နှိုင်းစာလျှင် ရေမွှေးမျှသာ ဖြစ်၏ဟု ချားလ်စ်ပီလာနှင့် ကိတ်ယာမာမိုတိုတို့က 'ဂျင်းဝါး' (ဇီဇဖော်ပွဲ) အမည်ရှိ စာအုပ်တွင် ရေးသားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မတ်လ အစောပိုင်းကာလတွင် အယူသီးဂိုဏ်းသည် အစီအစဉ်သစ်တစ်ခုကို မွေးဖွားလိုက်သည်။ နောက်တစ်ကြိမ် အစိုးရကို တိုက်ခိုက်ရန် လက်နက်သည် အစာအဆိပ်ဖြစ်၏။ ဤတစ်ကြိမ်တွင် ကာဆူမီဂါဆေကီ မီးရထားဘူတာရုံအား ပစ်မှတ်ထားသည်။ ထိုဘူတာရုံသည် နေ့စဉ် ခရီးသွားပေါင်းများစွာ အသုံးပြုသည့် အကြီးဆုံး မြေအောက်မီးရထားလမ်းဘူတာဖြစ်ပြီး တိုကျိုရဲတပ်ဖွဲ့နှင့် အမျိုးသားရဲတပ်ဖွဲ့ အေဂျင်စီတို့လည်း ဤဘူတာမှပင် သွားလာကြ၏။ ကာဆူမီဂါဆေကီဘူတာသည် မြို့တော်၏ အရာရှိများ ဌာနချုပ်ဖြစ်ပြီး၊ ဂျပန်လူဦးရေ သန်း(၁၂၀)ကို အုပ်စိုးသည့် ထောင်ပေါင်းများစွာသော အရာရှိများ အလုပ်လုပ်ရာ နေရာလည်း ဖြစ်သည်။ အယူသီးဂိုဏ်းအတွက်မူ ကာဆူမီဂါဆေကီသည် ယခု အကြီးဆုံး ရန်သူဖြစ်သည့် ဂျပန်အစိုးရ၏ ကိုယ်စားဖြစ်နေ၏။

မြေအောက်မီးရထားလမ်း ဘူတာအား ဇီဝဗေဒလက်နက်ဖြင့် တိုက်ခိုက်ရန် ပစ်မှတ်အဖြစ် ရွေးချယ်ရာတွင် ဥုမ်သည် ပထမမဟုတ်ချေ။ (၁၉၆၆)ခုနှစ်တွင် အမေရိကန်စစ်တပ်သည် နယူးယောက်မြို့ မြေအောက်မီးရထားစနစ်ကို ဇီဝဗေဒလက်နက်အတုဖြင့် ဟန်ဆောင်တိုက်ခိုက်ခဲ့ဖူးသည်။ သူလျှိုများသည် ဘက်ဆီလပ်ဆပ်တီလစ် ဟုခေါ်သော ဘက်တီးလီးယားပိုး အပျော့စား သန်းပေါင်း(၃၀၀၀)ကျော်ကို တိုက်ပွဲအတွင်း မြို့လယ်ရှိ မြေအောက် မီးရထားဘူတာရုံသို့ လျှို့ဝှက်စွာ လွှတ်ထားခဲ့ကြသည်။ တစ်လုံးလျှင် ဘက်ဆီလီ (၈၇)သန်းကျော် ပါဝင်သော အပေါ့စား မီးလုံးများအား လမ်းအောက်မြေလွှာတွင် သွင်းထားလိုက်သည် သို့မဟုတ် လမ်းပေါ်မှ ရောင်လင်းပြွားများပေါ် ကြဲချထားလေသည်။

အမေရိကန်စစ်တပ် တွေ့ရှိချက်များသည် ကြောက်စရာကောင်းလှ၏။ မီးရထား လှုပ်ရှားမှုကြောင့် ပိုးမွှားများသည် ဘူတာရုံ တစ်ခုလုံးအတွင်းသို့ ပျံ့နှံ့သွား၏။ ဘက်စီလီပိုးမွှားများသည် လေထဲတွင် တစ်နာရီမျှ လွင့်မျောနေကြပြီး ဘူတာရုံထဲသာမက မီးရထားတွဲများပေါ် အထိ ရောက်သွားသည်။

(၁၉၆၀)ပြည့် နှစ်အလယ်ကလည်း အမေရိကန်စစ်တပ်သည် ဆေးမှုတ်ကိရိယာ ငါးခုကို အသုံးပြုလျက် ဝါရှင်တန်ဒီစီ အမျိုးသားလေဆိပ်တွင် ခရီးသည်များအား ဘက်တီးရီးယားပိုး ဖျန်းပက်ခဲ့ဖူးသည်။ ထိုစဉ် စမ်းသပ်ချက်သည်လည်း အောင်မြင်သည်ဟု ယူဆကြ၏။

မတ်လ (၁၅)ရက်နေ့တွင် ထောက်လှမ်းရေးအကြီးအကဲ အင်ဒိုအီး၏ ညွှန်ကြားချက်ဖြင့် အမည်မသိ အယူသီးဂိုဏ်းဝင်တစ်ဦးသည် ကာဆူမီဂါဆေကီ မီးရထားဘူတာရုံရှိ တိုးဝှေ့သွားလာနေသော လူအုပ်ကြီးထဲသို့ ဝင်ရောက်သွားပြီး သတ်မှတ်ထားသော တံခါးဝ သုံးခုတွင် လက်ဆွဲသေတ္တာ သုံးလုံးကို ချထားခဲ့သည်။ ထို့နောက် လမ်းပေါ်သို့ ပြန်လာခဲ့၏။



တိုကျိုမြို့ မြေအောက်မီးရထားဘူတာတွင် ပျောက်ဆုံးသော ပစ္စည်းများအား ကြာရှည်စွာ လမ်းပေါ်မှာ မထားပေ။ ဤလက်ဆွဲအိတ် သုံးလုံးကို မကြာမီ အချိန်တွင် ရဲဝိုင်ကြီးများက တွေ့ရှိသွား၏။ သူတို့ အိတ်များကို ကောက်ယူသောအခါ ကိရိယာနှစ်ခုက အလုပ် မလုပ်ပေ။ တတိယ အိတ်က အလုပ်လုပ်သဖြင့် အငွေ့များထွက်လာပြီး တိမ်တိုက်လို ဖြစ်သွား၏။

အယူသီးဂိုဏ်းအဖွဲ့ဝင်သည် နောက် (၂၄)နာရီ ကြာသည်အထိ ဒိုးရိမ်ကြီးစွာဖြင့် အကျိုးသက်ရောက်မှုကို စောင့်နေခဲ့သည်။ သို့သော် ဘာမှ မဖြစ်ခဲ့ချေ။ လူ အစုလိုက်အပြုံလိုက် အဆိပ်သင့်ကြောင်း ကြောက်စရာသတင်းများ မထွက်ပေါ်ခဲ့သည့် အကြောင်းမှာ အစာဆိပ်သင့်သည်။ အမှုတစ်ခုသော်မှ မရှိခဲ့ချေ။ ဆေအိချိအင်ဒိုသည် ခါးသီးစွာ စိတ်ပျက်သွား၏။ ထိုအစီအစဉ်သည် သူ၏ စတုတ္ထမြောက် ဇီဝဗေဒလက်နက်စစ်ပွဲဆင်နွှဲရန် ကြိုးပမ်းချက် ဖြစ်သည်။ ထို့ပြင် ကြိုးပမ်းချက်တိုင်း ဆုံးရှုံးခဲ့၏။ သူ၏ အဆိပ်များသည် ယခုအခါ လူသတ်ရန် အဆင်သင့်ဖြစ်နေပြီဟု သူ စိတ်ချနေ၏။

နောက်ဆုံး မအောင်မမြင် ဖြစ်ရသည့်အကြောင်းကို မကြာမီ တွေ့ရှိရသည်။ လက်ဆွဲသေတ္တာ အားလုံးထဲတွင် အဆိပ်မပါခြင်း ဖြစ်၏။ အိတ်များကို အဆိပ်သွင်းသော နောက်လိုက်သည် ဥုမ်ထဲတွင် အရှားပါးဆုံး ခံစားချက်ဖြင့် နာကြည်းနေသူ ဖြစ်၏။ ထိုအကြံအစည်သည် အပြစ်ရှိသည်ဟု သူသဘောပေါက်ပြီး၊ စက်ကိရိယာ မတပ်ဆင်ထားရန် ဆုံးဖြတ်လိုက်သည်။

အမိန့်မနာခံသော အယူသီးဂိုဏ်းဝင်၏ ကံကြမ္မာကို မသိကြရချေ။ သို့သော် သူ၏ လုပ်ဆောင်ချက်သည် ဥုမ်က နောက်ဆုံး ပြသနိုင်သည့် လူသားဝါဒ အယူအဆ ဖြစ်လေသည်။ ဥုမ် သူလျှိုများထံမှ တရားဥပဒေစိုးမိုးရေး သတင်းများ ရရှိသဖြင့် အနှောင့်အယှက် ဖြစ်နေကြ၏၊ မတ်လ (၂၁)ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ အယူသီးဂိုဏ်း၏ အဆောက်အအုံများကို ရဲတပ်ဖွဲ့က ဝိုင်းဝန်းရှာဖွေလိမ့်မည်ဟု သတင်းဖြစ်နေသည်။ ဥုမ်သည် ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးမှုကို ပျက်ပြယ်စေရန် ကြိုးစားရန် နှစ်ကြိမ်တိုင် အရေးနိမ့်ခဲ့သည်။ သူတို့သည် တတိယအကြိမ်တွင် အရှုံးမခံနိုင်ပေ။

အင်ဒိုသည် သူ၏ ဓာတ်ခွဲခန်းသို့ ပြန်သွားခဲ့သည်။ မတ်လ (၁၈)ရက်နေ့တွင် ဆာရင်အဆိပ်ရည် သုံးပေါင် လက်ခံရရှိခဲ့၏။ ထိုဓာတုဗေဒပစ္စည်းကို ဆရာဝန် နာကာဂါဝက လွှန်ခဲ့သည့် နှစ်လကျော်ခန့်က သာတီယံ(၆)အနီး မြေကြီးထဲတွင် မြှုပ်နှံထားခဲ့ရာ ပြန်လည်တူးဖော်ပေးခြင်း ဖြစ်သည်။ ဟီဒီယိုမူရိုင်းက အင်ဒိုဓာတ်ခွဲခန်းသို့ အလည်လာရောက်ပြီး ဆာရင်အဆိပ်ငွေ့ လတ်လတ်ဆတ်ဆတ် များများ ထုတ်လုပ်ပေးရန် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်ဒိုက အာရုံကြောအဆိပ်ငွေ့များကို ဘယ်အတွက် အသုံးပြုမလဲဟု မူရိုင်းအား မေးသည်။

မူရိုင်းက တိုတိုနှင့်လိုရင်းအတိုင်း ပြန်ပြောသည်။

"မြေအောက်မီးရထားတွေထဲ သုံးမယ်"

ထို့နောက် အင်ဒိုအား သူ့လုပ်ငန်းတွင် ထားရစ်ခဲ့၏။

✣ ✣ ✣

## မြေအောက်မီးရထားလမ်းမှာ လမ်းလျှောက်ခြင်း

(၁၉၉၅)ခုနှစ်၊ မတ်လ(၁၈)ရက် တနင်္လာနေ့။

သူတို့ထဲမှ လေးယောက်ဖြစ်သည်ဟု အဘိုးအို မှတ်မိနေ၏။ ထို့ပြင် သူတို့သည် တိုကျိုမြို့၏ ဟိဘိယလိုင်းပေါ်မှ မြေအောက်မီးရထားလမ်း ကားတံခါးအနီး သူ့အနားမှာ ထိုင်နေကြသည်။ သူတို့သည် ထင်ရှားသော အဝါခြောက်ရောင် ဂျာကင်အင်္ကျီများ၊ နေပြီရောင် ဘောင်းဘီများ ဝတ်ဆင်၍ နေကာမျက်မှန်များ တပ်ထားကြသည်။ ထို့ပြင် နှာခေါင်းနှင့် ထီးစပ်များကို ဖုံးအုပ်ထားသော မျက်နှာဖုံးစွပ်များ တပ်ထားသည်။ တစ်ယောက်ကတော့ သဘာဝမကျသော အဖြူရောင်ဆံပင်အတု တပ်ဆင်ထား၏။ သူက ကျန်လူများကို အမိန့်ပေးနေဟန်ရှိသည်။

အဘိုးအိုက သူတို့ကို အနီးကပ် စောင့်ကြည့်နေ၏။ ထိုအချိန်တွင် မြေအောက်မီးရထားလမ်းကား တံခါးများ ပွင့်သွားသည်ကို သတိပြုမိလိုက်သည်။ လူနှစ်ယောက်က လက်ပတ်နာရီများကို ကြည့်ပြီး ကျန်လူနှစ်ယောက်က မှတ်စုစာအုပ်များထဲတွင် ရေးမှတ်နေကြ၏။ အဘိုးအိုသည် မှတ်စုစာအုပ် စာတစ်မျက်နှာတွင် တိုကျိုမြို့ မြေအောက်မီးရထားလမ်း စာရင်းများ မှတ်သားထားသည်ကို တွေ့ရ၏။ အဘိုးအိုက သူတို့ကို မြေအောက်မီးရထားလမ်း အလုပ်သမားများဟု ထင်နေသည်။ မကြာမီ မီးရထား ထွက်ခွာသွားသည်။

ထိုအခါမှစ၍ ယိုရှိဟိရိုအင်နိုအိသည် ဆံပင်အဖြူရောင် အတုတပ်ဆင်၍ အခြားသုံးယောက်ကလည်း ရုပ်ဖျက်လျက် ခရီးသွားများ သတိမထားမိဘဲ အယူသီးဂိုဏ်းသားများ ပြောင်ပြောင်တင်းတင်း သွားနေကြ၏။ ဉမ်သူလျှိုအကြီးအကဲနှင့် သူ့လူများ အလုပ် ဆက်လုပ်နေကြသည်။ သူတို့သည် မီးရထားများ ဆိုက်ရောက်ချိန် ထွက်ခွာချိန် မည်သည့် တံခါးများက လူဝင်ပေါက်အနီး ပွင့်သည်။ တံခါးပွင့်နေချိန် မည်မျှကြာသည်ကို မှတ်သားနေကြခြင်း ဖြစ်သည်။ ကာဆူမိဂါဆေကီ ဘူတာတွင် ဘီအမ်ပီဒီ ရဲတပ်ဖွဲ့ဌာနချုပ်နှင့် အနီးဆုံး ရပ်နားနေရာကို အင်နိုအိက



www.burmeseclassic.com

www.burmeseclassic.com

ဘူတာကြီး၏ တည်နေရာနှင့် များပြားစွာသော ထွက်ပေါက်များကို မှတ်စုစာအုပ်တွင် မှတ်သားထားသည်။

မြေပြင်ပေါ်တွင် တီအမ်ပီဒီသည် ဥမ်သမုတ်သစ္စာဂိုဏ်းအား အစုလိုက်အပြုံလိုက် တိုက်ခိုက်ရန် ပြင်ဆင်နေ၏။ ထိုစီမံချက်မှာ တိုကျိုမြို့ နိုတြိရှေ့နေ ကီယိုရှိကာရီယအား ပြန်ပေးဆွဲမှုကို တရားဝင် ယိုးမယ်ဖွဲ့လျက် တစ်နိုင်ငံလုံးရှိ ဥမ်အဆောက်အအုံနှင့် ပစ္စည်းများကို တစ်ပြိုင်တည်း ဝင်ရောက်ရှာဖွေရန်ဖြစ်၏။ ရဲတပ်ဖွဲ့သည် သူတို့ ဘာကို ဆန့်ကျင်ရမည်ဟု ပြတ်သားစွာ သဘောပေါက်သည်။ မကြာမီ ရက်ပိုင်းအတွင်းက တီအမ်ပီဒီက ထုံးစံမဟုတ်သော မေတ္တာရပ်ခံချက်ဖြင့် ဂျပန်တပ်မတော်နှင့် အဆက်အသွယ် လုပ်ထားသည်။ သူတို့သည် ဓာတ်ငွေ့ကာမျက်နှာဖုံး (၅၀၀)အပါအဝင် ဓာတုဗေဒစစ်ပွဲဆင်ရေး ပစ္စည်းများ ငှားရမ်းချင်ကြ၏။ ရှတ်တရက် စီးနင်းရှာဖွေခြင်းကို မတ်လ(၂၀)ရက် တနင်္လာနေ့ စောစောတွင် စတင်ရန်ဖြစ်၏။ ထိုနေ့သည် ဥမ်က ရဲတပ်ဖွဲ့ကို တိုက်ခိုက်ရန် ရွေးချယ်ထားသည့်ရက်ထက် နှစ်ရက်စောသည်။

(၁၈)ရက်နေ့ ညနေခင်း (၁၁:၃၀)နာရီခန့် အချိန်တွင် ဥမ်က ဖွင့်လှစ်ထားသည့် တိုကျိုမြို့ရှိ သက်သတ်လွတ် စားသောက်ဆိုင်ရှေ့တွင် အဆာဟာရ၏ ကားရပ်ထားသည်။ လုံခြုံရေး အစောင့်အရှောက်များ ခြံရံလျက် ဂုရုကြီး ကားပေါ်မှ ဆင်းလာပြီး ဆိုင်တွင်းသို့ တဖြည်းဖြည်း လျှောက်သွားသည်။ သူ၏ အမိက အရာရှိများသည် ထိုဆိုင်ထဲမှာ ရှိနေကြ၏။ ထိုအရာရှိများထဲတွင် မူရိုင်းနှင့် တိုမိုမစ်ဆုနီအိမိတို့ ပါသည်။ အိုင်နိုအိလည်း သူစုဆောင်းထားသော သတင်းများ အရေးကြီးသဖြင့် တက်ရောက်ကောင်း တက်ရောက်လိမ့်မည်။ ထိုအချိန်တွင် ဂုရု၏ကား ထွက်သွားပြီး တိုက်ခိုက်ရန်အတွက် နောက်ဆုံး အသေးစိတ် ရေးဆွဲပြီး သွားသည်။

နောက်တစ်ခါ ပစ်မှတ်သည် ကာဆူမီဂါဆေကီ ဘူတာရုံဖြစ်ပြီး လက်နက်မှာ ဆာရင် အဆိပ်ငွေ့ဖြစ်၏။ အယူသီးဂိုဏ်းအဖွဲ့သည် တိုကျိုမြို့၏ လူအစည်ကားဆုံး မြေအောက် မီးရထားလမ်းဘူတာများဖြစ်သော ဟီဘီယ၊ မဂုနိုယုချီနှင့် ချီယိုဒတို့ကို တိုက်ခိုက်မည်။ တိုက်ခိုက်သူငါးယောက်က ဆာရင်ဓာတ်ငွေ့များကို ဦးတည်ချက် တစ်ခုတည်းဖြင့် မီးရထားလမ်းတိုင်းပေါ်သို့ လွှတ်ထုတ်မည်။ အာရုံကြောအဆိပ်သင့် ဓာတ်ငွေ့သည် တီအမ်ပီဒီနှင့် အမျိုးသားရဲတပ်ဖွဲ့ အေဂျင်စီတို့က အသုံးပြုသော မြေအောက် မီးရထားတံခါးပေါက်ဆီသို့ ပျံ့နှံ့သွားမည်။

စစ်ဆင်ရေးသည် တိကျသော အချိန်ကိုက်မှုပေါ်၌ တည်နေ၏။ သို့သော် ဒီနေရာတွင် ဥမ်သည် ကံကောင်းသည်။ သူတို့သည် ကမ္ဘာပေါ်ရှိ အရှည်အချင်းပြည့်ဝဆုံး မြေအောက်မီးရထား ဆက်သွယ်မှုစနစ်ကို တိုက်ခိုက်နေခြင်း ဖြစ်၏။ တိုကျိုမြို့ မြေအောက်မီးရထားများသည်





တစ်နှစ်လျှင် ခရီးသည် (၂.၇)ဘီလျံကို သယ်ဆောင်ပေးလျက်ရှိပြီး နယူးယောက်မြို့၏ နှစ်ဆနှင့် လန်ဒန်မြို့၏ လေးဆခန့်ရှိသည်။ တစ်နေ့တည်းမှာပင် မြို့တော်၏ မီးရထားများသည် ခရီးသည်ပေါင်း (၅)သန်းကျော်ကို သယ်ဆောင်ပေးပြီး မိုင်ပေါင်း (၄၇၀၀၀၀)ကျော် ရှည်လျား၏။ သို့နှင့်တောင်မှ မီးရထားအချိန် နောက်ကျမှု မရှိသလောက် ရှားပါးသည်။ ဥမ်သည် နံနက်(၈:၀၉)နှင့် (၈:၁၃)နာရီခန့် ကာဆုမိဂါဆေကီ ဘူတာတွင် ဆုံကြမည့် မီးရထား ခြောက်စီးကို အမှီပြုနိုင်၏။ နံနက် (၈:၃၀)နာရီအချိန်၌ ရဲတပ်ဖွဲ့သည် တာဝန်လွှဲပြောင်းကြပြီး၊ တီအမ်ပီဒီနှင့် အင်ပီအေဝန်ထမ်းများ အလုပ် စတင်လုပ်ကြပြီး၊ မီးရထားသည် ရဲတပ်သားများဖြင့် ပြည့်နေလိမ့်မည်။

တိုက်ပွဲအား အမျိုးသား ရုံးပိတ်ရက် မတိုင်မီ တစ်ရက်ဖြစ်သော တနင်္လာနေ့တွင် စီစဉ်ထား၏။ ရုံးပိတ်ရက်သည် နွေဦးရာသီ အစရက်ကို သတ်မှတ်ထားခြင်းဖြစ်သည်။ ကံဆိုးလှစွာပင် ထိုရုံးပိတ်ရက်ကြောင့် ခရီးသည် နည်းပါးနိုင်၏။ သို့သော် တိုက်ခိုက်မှု နှောင့်နှေးခြင်းသည် ရဲတပ်ဖွဲ့အား အရေးပေးရာရောက်မည်။ မည်သည့်နည်းနှင့်မဆို မြေအောက်မီးရထားဘူတာတွင် လူစည်ကားနေလိမ့်မည်။ ရာပေါင်းများစွာသို့မဟုတ် ထောင်ပေါင်းများစွာ သေကြေနိုင်သည်။ အဆာဟာရနှင့် သူ့လက်ထောက်များက ယခုလောက်နှင့်ဆိုရင် ရဲတပ်ဖွဲ့၏ စုံစမ်းထောက်လှမ်းမှုကို ရပ်တန့်သွားစေနိုင်လိမ့်မည်ဟု ယုံကြည်နေကြ၏။

ကီယိုဟိုက် ဟာယာကဝသည် ထိုအကြံအစည်အားလုံးက ရူးသွပ်သော အကြံအစည်ဖြစ်ကြောင်း ပြတ်သားစွာ ယုံကြည်သည်။ တစ်ဦးတည်းသော ထိပ်တန်း အယူသီးဂိုဏ်းဝင်ဖြစ်သည့် ဟာယာကဝသည် စားသောက်ချိန်၌ ကျင်းပခဲ့သော အစည်းအဝေးကို သိသာထင်ရှားစွာ တက်ရောက်ခြင်း မရှိခဲ့။ ထိုမတ်လ စောစောပိုင်းတွင် အဆာဟာရက သူ့အား ရုရှားပြည်သို့သွားပြီး အယ်လ်အက်(စ်)ဒီ အဆိပ်ထုတ်ရာတွင် အသုံးပြုရသည့် အာရိုတာမင်း ပစ္စည်းအားဝယ်ယူရန် အမိန့်ပေးထား၏။ မတ်လ (၁၇)ရက်နေ့တွင် ဟာယာကဝသည် သူ့ရဲဘော်များက အစုပြုံလိုက် လူသတ်ရန် ကြံစည်ထားသဖြင့် အခွင့်အရေးကို ဆုပ်ကိုင်၍ ထိုနေ့ မတိုင်မီ ငါးရက်ကြိုတင်၍ ရုရှားပြည်သို့ လေယာဉ်ဖြင့် ထွက်ခွာသွားသည်။

သူ ထွက်ခွာသွားသဖြင့် သူ၏ ခါးသီးသော ပြိုင်ဘက် ဟီဒီယိုမူရိုင်းအား ထိုအလုပ်ဖြင့် ထားရစ်ခဲ့ရာရောက်သွား၏။ စားသောက်ဆိုင် အစည်းအဝေးပြီးသောအခါ အနားမနေသော သိပ္ပံပညာရှင်သည် ဖူဂျီတောင်သို့ အမြန်သွားပြီး၊ ဆေးအိဂျီအင်ဒိုနှင့် မိုးမသောက်မီ တွေ့ဆုံခဲ့သည်။ အင်ဒိုသည် တိုက်ပွဲအတွက် ဆာရင်အဆိပ်ငွေ့များ လုံလုံလောက်လောက် ထုတ်လုပ်ရန် သမ္မာရနည်းဖြင့် (၂၄)နာရီလုံး မနားမနေ ဖော်စပ်နေ၏။ ယခု သူနှင့် မူရိုင်းတို့သည် ဆာရင်ငွေ့ကို မည်ကဲ့သို့ ထုပ်လွှင့်မည်ကို


www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ကြရန် ဖြစ်သည်။

ဤတစ်ကြိမ်တွင် ကြီးမားသော အပူပေးစက်နှင့် ပန်ကာမရှိ ဂျိမ်း(စ်)ဘွန်း လက်ဆွဲသေတ္တာ မရှိ။ ဥမ်၏ တိုက်ခိုက်ရေးအဖွဲ့သည် ဆာရင်အဆိပ်အိတ်များကို သာမန်သယ်ယူသွားပြီး၊ မီးရထားပေါ်တွင် ဖောက်ပစ်ရန် ဖြစ်၏။ ဆာရင်အဆိပ်ငွေ့များ တဖြည်းဖြည်း ယိုစိမ့်ထွက်လာပြီး၊ မြေကြီးထဲသို့ အငွေ့ပျံပြီး တိမ်အုပ်ဖြစ်သွားမည်။ ထိုနည်းသည် ရိုးရိုးပင် ဖြစ်၏။ အတတ်ပညာအရ အောက်တန်းကျ၏။ ထို့ပြင် အရူးအလုပ် ဖြစ်သည်။ သို့မဟုတ် မူရိုင်းနှင့် အင်ဒိုတို့က ထိုကဲ့သို့ မျှော်လင့်ထားကြ၏။

မတ်လ (၁၉)ရက် တနင်္ဂနွေနေ့။

တစ်နိုင်ငံလုံးရှိ အယူသီးဂိုဏ်းဝင်များအား သတိပေးချက်ကို နံနက် (၁၀း၀၇)နာရီ အချိန်တွင် အင်တာနက်ပေါ်၌ ကြေညာလိုက်၏။

"ယုံကြည်လောက်သော သတင်းဌာနများထံမှ ကျွန်ုပ်တို့ သတင်းရရှိထားသည်မှာ 'ဥမ်သမုတိသစ္စာအဖွဲ့အား ရက်ပေါင်းများစွာအတွင်း စီးနင်းဝင်ရောက်ရန်ရှိကြောင်း သိရှိရသည်'ဟု ရှိမင်းဖိုရ.၊ ကွန်ပျူတာ၌ ဖော်ပြထား၏။ ထိုသတင်းလွှာသည် မြို့သားမြို့သူများ လှုပ်ရှားမှုနှင့် လူမှုရေးပြဿနာများကို ဖြေရှင်းပေးသည်။ သတင်းပို့သူမှာ အရှုရ ဖြစ်ပြီး ဥမ်ဌာနချုပ်အတွက် လျှို့ဝှက်နာမည် ဖြစ်၏။ ရှိုကိုအဆာဟာရသည် သူ့အုပ်စုကို စစ်ပွဲအတွက် အဆင်သင့်ရှိကြရန် တပ်လှန့်ထားသည်။

ထိုအချိန်တွင် တိုကျိုမြို့ရဲတပ်ဖွဲ့သည် သူတို့၏ အစီအစဉ်ကို အပြီးသတ် လုပ်ဆောင်နေကြ၏၊ ဥမ်အား စီနင်းဝင်ရောက်တိုက်ခိုက်ရန် အကျိုးသက်ရောက်မှုသည် ဇေ့စပ်သောအစီအစဉ် သေသပ်သော လေ့ကျင့်မှုနှင့် အဆက်မပြတ် လုပ်ဆောင်မှုပေါ်တွင် မူတည်နေသည်။ ထိုတနင်္ဂနွေနေ့တွင် အရေအတွက် မဖော်ပြသော ရဲအရာရှိများသည် ဓာတ်ငွေ့ကာမျက်နှာဖုံးနှင့် ဓာတုဗေဒလက်နက်များဖြင့် အနီးရှိ စစ်စခန်းတစ်ခုတွင် လျှို့ဝှက်စွာ လေ့ကျင့်ကြသည်။ ကံဆိုးစွာပင် သူတို့သည် အိုဆာကာမြို့မှ ထိတ်လန့်ဖွယ်ရာသတင်းကို သူတို့ မသိသဖြင့် ဘာမှ ပြင်ဆင်ထားခြင်း မရှိ။

တနင်္ဂနွေညနေတွင် ရဲတပ်ဖွဲ့သည် အိုဆာကာမြို့ ဥမ်၏ စာမျက်နှာထဲသို့ ထိုးဖောက်ဝင်ရောက်ကြပြီး၊ တက္ကသိုလ်ကျောင်းသားတစ်ဦးအား မိဘထံမှ ပြန်ပေးဆွဲသည့်အမှုအတွက် သံသယရှိသော အယူသီးဂိုဏ်းအဖွဲ့ဝင်လေးဦးအား ဖမ်းဆီးခဲ့ကြသည်။ တိုကျိုမြို့ မြို့တော်ရဲတပ်ဖွဲ့ဌာနသည် အံ့အားသင့်သွားကြ၏။

"အိုဆာကာက ဘာလာလုပ်တာလဲ"ဟု အရာရှိတစ်ဦးက ညည်းညူပြောသံ ကြားရသည်။ အိုဆာကာ ရဲတပ်ဖွဲ့က ဝင်ရောက် စီးနင်းရှာဖွေခြင်းသည် ဥမ်အား မကြာမီ တိုက်ခိုက်မည့်လုပ်ငန်းကို လုယက်ခြင်း





ဖြစ်ပြီး မည်သူမဆို အံ့သြကြရသည်ဟု ရဲအရာရှိက နိုင်ချုပ် ပြောသည်။ ထို့နောက် ညှိုဖျင်းသော အချိန်ကိုက်လုပ်ဆောင်မှုကို ပေါင်းစပ်ရန် သူတို့သည် မှားယွင်းစွာ ဆုံးဖြတ်ခဲ့ကြ၏။ ထိုဆုံးဖြတ်ချက်မှာ ဥမ်အား နိုင်ငံလုံးကျွတ် ဝင်ရောက် စီးနင်းရှာဖွေရေးကို ရွှေ့ဆိုင်းခြင်းပင် ဖြစ်သည်။

နေဝင်ချိန်တွင် တိုက်ခိုက်ရေးအဖွဲ့သည် ဖူဂျီတောင်မှ ကားဖြင့် ထွက်ခွာလာခဲ့ကြ၏။ ထိုအဖွဲ့တွင် လူငါးယောက်ပါဝင်ပြီး၊ တစ်ဦးက ဆရာဝန်၊ ကျန်လေးဦးက ဥမ်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ဖြစ်ကြသည်။ တိုကျိုမြို့လယ်ကောင်တွင် ကြောက်လန့်ဖွယ်ရာဖြစ်ရပ် လုပ်ဆောင်ရန် ရွေးချယ်ထားသော ထိုလူများသည် ဥမ်အဖွဲ့နှင့် ဂျပန်နိုင်ငံ၏ ဉာဏ်ရည်အကောင်းဆုံး လူများဖြစ်ကြသည်။

ပထမ လူကတော့ ဒေါက်တာ အိုက်ကူအိုဟာယာရှိ ဖြစ်၏။ ဥမ်၏နောက်ကွယ်မှ အကြံပေးပုဂ္ဂိုလ်အဖြစ် မူးယစ်ဆေးဝါး လက္ကား ရောင်းဝယ်ခြင်း၊ ညှဉ်းပန်းခြင်းနှင့် နောက်လိုက်များ သေဆုံးရခြင်းတို့ကို သူသည် သွေးအေးအေးဖြင့် ကြီးမှူးလုပ်ကိုင်သည်။ ယခုအထိ သူသည် လူများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ရေးအတွက် ဆေးပညာ သုံးစွဲလုပ်သည့် လမ်းကို ဖြတ်သန်းရန် အခက်အခဲ တွေ့နေ၏။

"တိုက်ခိုက်ဖို့အတွက် ကျုပ်ကို ဘာကြောင့် ရွေးချယ်ကြသလဲ မသိဘူး။ ကျုပ် ငြင်းချင်ပါတယ်။ ဒါပေမယ့် ပတ်ဝန်းကျင် အခြေအနေက ခွင့်မပြုဘူးဗျာ"ဟု သူက ပြောခဲ့သည်။

ထိုမစ်ရှင်အဖွဲ့ကို ငြင်းဆန်ရန် ဆန္ဒနည်းပါးသူကတော့ အဖွဲ့၏ ဒုတိယအဖွဲ့ဝင် ယာဆူအို ဟာယရှိ ဆိုသူဖြစ်၏။ ဆရာဝန်ကြီးနာမည်နှင့် တူသည့် ဟာယရှိသည် အရပ်ခြောက်ပေမြင့်သော ကိုရီးယားတိုင်းရင်းသားဖြစ်ပြီး တိုကျိုမြို့တွင် ကြီးပြင်းခဲ့သည်။ သူ့အသက်မှာ (၃၇)နှစ်ရှိ၍ အိုနွံ့ပုံရ၏။ သူ့မျက်နှာပေါ်တွင် ကျောက်ခေတ်လူသားပုံစံ မျက်ခုံးမွေးနှင့် ဝက်ခြံပုန်းများရှိ၏။ သူ့ပညာအရည်အချင်းမှာ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ဖြစ်ပြီး၊ ဆေးဝါးသုံးစွဲသည့် ပြစ်မှုမှတ်တမ်း ရှိသည်။ သူ၏သဘာဝသတ္တိလွန် စိတ်ကူးဖြင့် အိန္ဒိယသို့ သွားရောက်ခဲ့ပြီးနောက် မူးယစ်ဆေးဝါး သုံးစွဲခဲ့သည်။ ထို့နောက် ဥမ်သို့ ဝင်ခဲ့၏။ (၁၉၈၈)ခုနှစ်တွင် ဥမ်ဘုန်းကြီးဖြစ်ပြီး၊ ပြန်ပေးဆွဲခြင်း တယ်လီဖုန်း ခိုးနားထောင်ခြင်းနှင့် ခြိမ်းခြောက်မှုတို့ကို ကျူးလွန်ခဲ့သည်။ မြေအောက်မီးရထားလမ်း တိုက်ခိုက်မှုကြောင့် ဂျပန် သတင်းစာများက သူ့အား နာမည်ပြောင်ဖြင့် "လူသတ်သမား ဟာယရှိယ"ဟု ခေါ်ကြသည်။

နောက်တစ်ယောက်ကတော့ အသက်(၃၀)အရွယ်ရှိ ကန်နီချိဟိရိုဆီဖြစ်ပြီး၊ (၁၉၉၇)ခုနှစ်တွင် ဝါဆေဒါတက္ကသိုလ်မှ အသုံးချ ရူပဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ သူသည် အယူသီးဂိုဏ်းသို့ ဝင်ရောက်ရန် ကြီးမားသော လျှပ်စစ်လုပ်ငန်းတစ်ခုမှ အလုပ်ကို ပယ်ချခဲ့၏။ သို့သော်


www.burmeseclassic.com

သူသည် တက္ကသိုလ်သို့ မကြာခဏ သွားရောက်လျက် သူ၏ပါမောက္ခအား လေဆာရောင်ခြည် သုတေသနအကြောင်း မေးမြန်းလေ့ရှိသည်။ပါမောက္ခကြီးသည် ဟီရိုဆီ၏ ရွေးချယ်မှုကြောင့် ဦးနှောက်ခြောက်နေရ၏။

"လေထဲမှာ လွင့်မျောနေတာဟာ ရွှေ့လျားမှု စွမ်းအားမဲ့ ဥပဒေသကို ချိုးဖောက်ရာ ရောက်ပါတယ်"ဟု တစ်ခါက သူ ပြောခဲ့သည်။

"ရူပဗေဒ ကျောင်းသားတစ်ဦးက အဲဒီလို တုန်လှုပ်ချောက်ချားဖွယ်ကောင်းတာမျိုးကို ဘာကြောင့် ယုံကြည်ရသလဲ"ဟု ပါမောက္ခကြီးက ပြန်ပြောခဲ့၏။ ဟီရိုဆီ၏ ဖြေကြားချက်က ခိုင်မာစွာ ဖြေဆိုခဲ့သည်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော် မြင်ခဲ့ရလို့ပါပဲ"တဲ့။

မာဆာတိုယိုကိုဟာမာသည် အသက်(၃၁)နှစ်ရှိပြီး အသုံးချရူပဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သူဖြစ်၏။ သူ ဘွဲ့ရပြီးသောအခါ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ ပြုလုပ်သသည့်စက်ရုံသို့ ဝင်ရောက်၍ အလုပ်လုပ်ခဲ့သည်။ ထို့ပြင် ဉမ်၏ ယောဂီသင်တန်းများကို လျှို့ဝှက်စွာ တက်ရောက်ခဲ့၏။ ထို့နောက် တစ်နေ့တွင် ယိုကိုယာမသည် သူ၏ဆရာအား အယူသီးဂိုဏ်း၏ စာအုပ်တစ်အုပ်ကို လက်ဆောင်ပေး သည်။

"ဒီစာအုပ်ကို ကျေးဇူးပြုပြီး ဖတ်ကြည့်ပြီး လေ့လာပါ"ဟု သူ ပြောခဲ့၏။ စာအုပ် နောက်ဆုံးစာမျက်နှာတွင် "ဤစာအုပ်ကို မရှိမသေကိုင်တွယ်သူသည် ပေးလျော်ရလိမ့်မည်"ဟု ရေးမှတ်ထားသည်။ နောက်မကြာမီတွင် ယိုကိုဟာမားသည် အလုပ်မှထွက်ပြီး ဉမ်အဖွဲ့သို့ ဝင်ရောက်ခဲ့တော့သည်။ သူ့ကို ကန့်ကွက်နေသော မိသားစုကို "လူသားတွေ ကယ်တင်ဖို့"ဟု အကြောင်းပြခဲ့၏။

ပဉ္စမမြောက်နှင့် နောက်ဆုံး တိုက်ခိုက်ရေးသမားသည် အသက်(၂၇)နှစ်အရွယ်ရှိ တိုယုတိုဂိုဒါ ဖြစ်သည်။ သူသည် တိုကျိုတက္ကသိုလ်တွင် အမှုန်ရူပဗေဒကို ဘွဲ့ရသည်အထိ လေ့လာသင်ကြားခဲ့ပြီး၊ သူ၏မှတ်စုစာအုပ်များကြောင့် ကျောင်းနေဘက်သူငယ်ချင်းများ အကြားတွင်ထင်ရှားကျော်ကြားခဲ့၏။ တိုယိုဒါသည် ဆွေမျိုးများနှင့် အဆက်အသွယ်ပြတ်နေသည်။ အယူသီးဂိုဏ်းထဲသို့ မဝင်ရောက်မီ (၁၉၉၀)ပြည့်နှစ် ရွေးကောက်ပွဲ မဲဆွယ်စဉ်က သူ၏ ခေတ်ခွဲခန်း လုပ်ဖော်ကိုင်ဖက်များကို ရှိုကိုအဆာဟာရ၏ ရုပ်ပုံဖြင့် ဖြေဖျော်ခဲ့၏။ ဂုရုကြီးသည် နောက်ဆုံးအနေဖြင့် ရယ်မောခဲ့ရသည်။ တိုယိုဒါအား တိုကျိုတက္ကသိုလ်မှ အခြားကျောင်းသားတစ်ယောက်က ဉမ်အဖွဲ့ဝင်အဖြစ် သွင်းပေးခဲ့ပြီး၊ (၁၉၉...)ခုနှစ် နွေဦးရာသီတွင် လက်မှတ် ရေးထိုးခဲ့သည်။

တိုရုတိုယိုဒါသည် မျိုးရိုးအရ ဂုဏ်ရှိသော မိသားစုမှ ပေါက်ဖွားလာခဲ့သူဖြစ်၏။ တိုယိုဒါသည် ကိုဘီအမဲသားနှင့် ဘေ့စ်ဘောအတွက် နာမည်ကြီးသော ဟိုက်ယိုရိုပြည်နယ်သို့ ဆွေမျိုးများအတွက် သွားရောက်ခဲ့ဖူးသည်။ နံနက်ခင်းတိုင်းနှင့် ညနေတိုင်းတို့ တိုယိုဒါ၏ အသက်(၇...)





နှစ်ရှိ အဘိုးက အနီးရှိ ဘုရားကျောင်းတွင် ခေါင်းလောင်းထိုးလေ့ရှိ၏။ ထို့နောက် မိသားစု၏ အောင်မြင်တိုးတက်ကြီးပွားရေးအတွက် ဆုတောင်းလျက် သူ့လက်ကို ဆုပ်ကိုင်ထားတတ်သည်။ မကြာမီအချိန်တွင် တိုယိုဒါမိသားစု၏ အိမ်နီးချင်းများသည် တစ်ခုခု ထူးခြားသည်ကို သတိပြုမိကြ၏။ ဘုရားကျောင်း ခေါင်းလောင်းသံများ တိတ်ဆိတ်သွားတော့သည်။

တိုက်ခိုက်ရေးတပ်ဖွဲ့ များ ဖူဂျီတောင်သို့ ကားမောင်းထွက်ခွာသွားသောအခါ ယိုရှိဟီရိုအင်နိုအိသည် တနင်္ဂနွေညနေခင်း အလုပ်ကိစ္စတချို့ကို သတိထားမိသည်။သူနှင့်အတူ တိုကျိုမြို့ပြင်၌ ပုန်းအောင်းနေသူမှာ ပထမလေတပ် တပ်ရင်းမှ တပ်ကြပ်ကြီး တာကာဟိမာရှိရာအိ ဖြစ်၏။ အင်နိုအိသည် ရှိရာအိအတွက် ညစ်ပတ်သော အလုပ် လုပ်ပေးရန်ရှိသည်။သူ့အား တိုကျိုမြို့ ဉမ်ဌာနချုပ်ကို မီးလောင်ဗုံးဖြင့် ပစ်ခတ်စေချင်နေ၏။

အင်ဒိုအိ၏အတွေးမှာ ဤသို့ ဖြစ်သည်။ ဉမ်အဆောက်အအုံအား တိုက်ခိုက်ခြင်းသည် အယူသီးဂိုဏ်း၏ စိတ်ကူးဖြစ်သော သားကောင်ဖြစ်သည်ကို မြှင့်တင်ပေးရန် ဖြစ်၏။ ထို့ပြင် ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ပြီးနောက် တစ်နေ့တွင် သူတို့အား သံသယဖြစ်မှု လျော့နည်းရန် ရည်ရွယ်သည်။ သို့သော် သူ့လျှိုအကြီးအကဲက ရှိရာအိနှင့် တခြားတစ်ယောက်နှင့်တွေ့ပြီး ပြောပြချက်အရ ထိုကဲ့သို့ လုံးဝ မဟုတ်ချေ။

"ရဲတပ်ဖွဲ့က ကျုပ်တို့ ဌာနချုပ်ကို အချိန်မရွေး ဝင်ရောက်စီးနင်းနိုင်တယ်၊ အဲဒါ ရှက်စရာကောင်းတယ်၊ ဒါပေမယ့် ပြည်သူတွေ ကရုဏာသက်လာအောင် ကျုပ်တို့ရဲ့ ဌာနချုပ်ကို ကျုပ်တို့ ပြန်တိုက်ခိုက်ရမယ်"ဟု အင်ဒိုအိက ပြောသည်။ တိုက်ပွဲ၏ ရည်ရွယ်ချက်မှာ ဤအဖွဲ့ကို ကယ်တင်ရန်ဟု ရှိရာအိကို ရှင်းပြခဲ့၏။ ထို့နောက် အယူသီးဂိုဏ်းဝင်တစ်ဦးစီ စောင့်ကြည့်နေရမည့် နေရာကို ပြသထားသည်။ မြေပုံကို ထုတ်ပေးလိုက်သည်။ ဟော်ဝစ်ဇာ အမြောက်ကြီးများနှင့် လက်နက်ကြီးများတို့ဖြင့် စစ်ပွဲဝင်ခဲ့သည်။ ရှိရာအိသည် မိုလိုတော့ လက်ပစ်ဗုံးကို ကိုင်တွယ်ရန် ရှောက်နိုင်တော့ပေ။ ထို့ပြင် သူ့မှာ လက်ပစ်ဗုံးပစ်ရန် ကြွက်သားများ ရှိနေသည်။

သူတို့ငါးယောက်သည် ကားဖြင့် ထွက်ခွာသွားကြ၏။ ခရီးသွားရင်း အင်ဒိုအိသည် ထိုင်ခုံပေါ်တွင် မိုလိုတော့ လက်ပစ်ဗုံးတစ်လုံးလုပ်ရင်းလိုက်ပါလာခဲ့သည်။ ဉမ်ဌာနချုပ်သည် အသုံးနည်းသော အဆောက်အအုံသစ်နှင့် တွဲလျက်ရှိ၏။ ထို့ပြင် မြေညီထပ်တွင် မဟာပိုဆိုင်းယတွန်ပျူတာ အရောင်းဆိုင်ခန်း ရှိလေသည်။ အင်ဒိုအိက ရှိရာအိအား ...ပေးလိုက်သည်။ ထို့နောက် သူတို့သည် လမ်းထောင့်များတွင် အသီးသီး ...နေရာယူကြသည်။

www.burmeseclassic.com



ထိုနေရာတွင် ပုလင်းကွဲသံနှင့် ခါတ်ဆီပေါက်ကွဲသံများ ထွက်ပေါ်လာ၏။ ထိုအသံမှာ ရှီရာအိက ဥမ်အဆောက်အအုံထဲသို့ မီးလောင်ဗုံးပစ်သွင်းလိုက်သောကြောင့်ဖြစ်၏။ ထို့နောက် ပြေးလွှားနေသော ခြေသံများနှင့် ကားစက်နှိုးထွက်ခွာသံများ ထွက်ပေါ်လာသည်။

မီးလောင်ဗုံးသည် ဒီဇိုင်းပြောင်းသော်လည်းကောင်း၊ ကံကောင်းထောက်မ၍သော်လည်းကောင်း အသေးစား ပျက်စီးမှုသာ ဖြစ်စေပြီး လူများ ဒဏ်ရာ မရရှိပေ။ အပြင်ဘက်သို့ ထွက်ပြေးလာကြသော ဒေသခံလူများသည် လမ်းပေါ် လက်ကမ်းစာစောင်များ ရှုပ်ပွနေသည်ကို တွေ့ကြရ၏။ ထိုစာစောင်တွင် "ရှီကိုအဆာဟာရသေပါစေ၊ ရာဇဝတ်မှုကျူးလွန်တဲ့ ဥမ်ကို ငါတို့ ခွင့်မလွှတ်နိုင်။ သိပ္ပံနှင့် ပျော်ရွှင်ခြင်းထံမှ. . ." ဟု ဖော်ပြထားသည်။ အင်နိုအိသည် ဖြိုင်ဘက်ဂျပန် အယူသီးဂိုဏ်း၏ နာမည်ကို အသုံးပြုထားသည်။ ထိုအဖွဲ့က တိုကျိုမြို့ထဲတွင် အသံချဲ့စက်ဖြင့် လှည့်၍ ရာဇဝတ်မှုများအတွက် ဥမ်တွင် တာဝန်ရှိကြောင်း ကြေညာခဲ့သည်။ ထိုနေ့မတိုင်မီ ဥမ်အဖွဲ့က အသရေဖျက်မှုဖြင့် သိပ္ပံနှင့် ပျော်ရွှင်ခြင်းအဖွဲ့အား ဒေါ်လာတစ်သိန်းရလိုကြောင်း တရားစွဲခဲ့သည်။

အင်နိုအိအဖွဲ့ လူစုခွဲကြသည်။ တပ်ကြပ်ကြီး ရှီရာအိသည် မြို့တော်အပြင်ဘက်ရှိ စစ်တန်းလျားသို့ ပြန်သွား၏။ အင်နိုအိကတော့ တိုကျိုမြို့ရှိ သူပုန်းအောင်းနေရာသို့ ပြန်သွားခဲ့ပြီး၊ ည (၉)နာရီခန့်တွင် မြေအောက် မီးရထားဘူတာအား တိုက်ခိုက်မည့်အဖွဲ့နှင့် တွေ့ဆုံလေသည်။ ထို့နောက် တိုက်ခိုက်ရေးအတွက် နောက်ထပ် အသေးစိတ်ဆွေးနွေးခဲ့၏။

ည(၁၀း၀၀)နာရီခန့်တွင် သိပ္ပံပညာရှင်များသည် တိုက်ပွဲလုပ်မည့်ဘူတာရုံအသီးသီးသို့ သွားကြပြီး စစ်ဆေးကြသည်။ ထို့နောက် နံနက် (၁း၃၀)ခန့် အချိန်၌ ဖူဂျီတောင်ရှိ မူရိုင်းထံမှ ဖုန်းခေါ်သည်။ တိုက်ခိုက်ရေးတပ်ဖွဲ့အား သာတိယံ(၇)သို့ ချက်ချင်းပြန်လာရန် သူက ပြောသည်။ အကြောင်းမှာ မြင့်မြတ်သောလုပ်ငန်း ပြီးပြီဟု ဆို၏။ ဆာရင်အဆိပ်များ အဆင်သင့် ဖြစ်နေ၏။

အင်ဗိုအိနှင့် အယူသီးဂိုဏ်းအဖွဲ့ဝင်များသည် မိုင်(၇၀)မျှ ဝေးသော ဖူဂျီတောင်သို့ ကားဖြင့် သွားကြသည်။ လမ်းပေါ်တွင် ကားများရပ်ပြီး အင်နိုအိက (၃၀)မိုးအလင်းဆိုင်သို့ သွားရောက်ကာ ပလတ်စတစ်ထီးခုနစ်လက် ဝယ်ယူခဲ့၏။ ထို့နောက် ကားတန်းသည် ညအချိန်မှာပင် ဆက်လက် ခရီးထွက်ခဲ့ကြသည်။

ဆေးဘိချိအင်ဗိုသည် မအိပ်မနေဖြင့် ဆာရင်အဆိပ် (၃၀)ရာနှုန်းပါဝင်သော ဆေးရည် နှစ်ဂါလန်ကို ထုတ်နိုင်ခဲ့သည်။ ထိုတနင်္ဂနွေည၌ သူသည် အဆာဟာရရှိရာ ဌာနချုပ်သို့ သွားရောက်ခဲ့၏။ အင်ဗိုက ဂုရုကြီးကို ဤသို့ ပြောသည်။

"အဲဒါတွေ လုပ်ပြီးပြီ၊ ဒါပေမယ့် အခုထိ မသန့်စင်သေးဘူး"





"ဒီလိုဆို အိုကေပဲ"ဟု အဆာဟာရက ပြန်ပြောလိုက်၏။ စီစဉ်ထားသည့်အတိုင်း တိုက်ပွဲစမည် ဖြစ်သည်။

သာတိယံ(၇)သို့ ပြန်ရောက်သောအခါ အင်ဗိုသည် ပလတ်စတစ်အိတ်များနှင့် အလုပ် စတင်လုပ်လေတော့သည်။ သူ့ကို ကူညီလုပ်ကိုင်ပေးသူမှာ ဂုရုကြီး၏ ဆေးဆရာ တိုမိုမာဆာ နာကာဂါဝ ဖြစ်၏။ မူရိုင်းက အဆိပ်ကာပိုလီသင်း အစများကို ထိုလူနှစ်ယောက်အား ပေးထားသည်။ အင်ဗို၏ ဓာတ်ခွဲခန်းထဲတွင် ထိုအစကို သုံးလက်မပတ်လည် ဖြတ်ပြီးနောက် အိတ်များထဲ ထည့်ကြ၏။ အင်ဗိုနှင့် နာကာဂါဝတို့သည် အိတ်တစ်လုံးစီထဲသို့ ဆာရင်အဆိပ်ရည် (၂၀)အောင်စစီခန့် ထည့်ပြီး ပိတ်ကြသည်။

ထိုအခန်းထဲတွင် ဆာရင်အဆိပ်ရည် အိတ်(၁၂)လုံးရှိပြီး မီးရထားလမ်းတစ်ခုလျှင် နှစ်အိတ်နှုန်းကျ ဖြစ်ဟန်ရှိ၏။ သို့သော် အကြောင်းတချို့နှင့် ဆာရင်လျော့နည်းမှုကြောင့် နာကာဂါဝနှင့် အင်ဗိုတို့သည် တစ်ဆယ်တစ်အိတ်ကျစီ သုံးရန် ဆုံးဖြတ်သည်။ သို့သော် ထိရောက်မှုရှိမည် မဟုတ်ချေ။ ယင်းအစား မီးရထားလမ်း(၅)ခုကို တိုက်ခိုက်ရန် သူတို့ အစီအစဉ်ပြောင်းကြသည်။ လူသတ်သမားတစ်ဦးလျှင် အိတ်သုံးလုံး သယ်ယူရန်ဖြစ်၏။ အင်ဗိုသည် ရေများသာပါသော အိတ်ငါးလုံးကို အစမ်းလေ့ကျင့်ရာ၌ အသုံးပြုရန် လုပ်ပေးထားသည်။ နာကာဂါဝက ဆာရင်အဆိပ်မြေဆေး ပိုင်ရီဒင်းအယ်ဒိုဇင်း မက်သီအောက်ဆိုက်သို့ အိတ်များ သယ်ဆောင်သွားကြသည်။

အင်ဗိုဆီက တခြားသိပ္ပံပညာရှင်များကို အဖျားချွန်ရန် အသုံးပြုရန် ထီးများ ပေးလိုက်သည်။ ထို့နောက် သျှိဝရုပ်တုရှေ့၌ မူရိုင်းက နောက်ဆုံး ညွှန်ကြားချက်ပေးသည်။ တိုက်ပွဲဝင်သူများသည် မီးရထားပေါ်မတက်မီ အိတ်တစ်ထပ်ကို ချွတ်ပစ်ရန်၊ အတွင်းအိတ်ကို ကြမ်းပြင်ပေါ် ချပြီး၊ ထီးထိပ်ချွန်များဖြင့် ထိုးဖောက်ရန်၊ ထို့နောက် အလျင်အမြန် ပြန်ထွက်ခဲ့ရန်ဖြစ်၏။ ဂိတ်ဝင်ကားထဲတွင် ထီးရိုးတံဆိပ်ကို အချိုရည်ဘူးထဲသို့ နှစ်ပြီး ထိပ်ဖျားတွင် ဆာရင်အကြွင်းအကျန်အန္တရာယ်မှ ကာကွယ်ရန် ညွှန်ကြားလေသည်။

ထို့နောက် လက်တွေ့လုပ်ရန် အချိန် ကျရောက်လေပြီ။ ထိုမြင်ကွင်းသည် အကျည်းတန်လှ၏။ စိတ်အားထက်သန်နေသော လူငါးယောက်က အပေါ်စားထီးများဖြင့် ရေအိတ်များကို ထိုးဖောက်နေသည်။ သို့သော် ကြံရွယ်ချက်သည် သေလောက်အောင် နက်နဲလှ၏။ အိတ်ကို ခပ်ပြင်းပြင်း ထိုးဖောက်လျှင် လူ၏ မျက်နှာဆီသို့ ဆာရင်အဆိပ်ရည်များ ပန်းထွက်လာမည်။ ခပ်ပျော့ပျော့ ထိုးလျှင်တော့ အိတ်က မပေါက်နိုင်" မူရိုင်းက သူတို့ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ဓာတ်လေ့ကျင့်ရေးက အရေးကြီးလှတယ်၊ မလုပ်ချင်တဲ့လူ ရှိရင် အခု ထွက်သွားနိုင်တယ်"

ဘယ်သူမှ စကားမပြောကြ။

အင်ဒိုက သူတို့ကို အဆိပ် ကာကွယ်ဆေးပြားများ ပေးသည်။ ဆေးပြားတွေကို နှစ်နာရီ ကြိုတင်သောက်ရမည်ဟု သူက ပြော၏။ အပို ဆောင်းကာကွယ်သည့်အနေဖြင့် ဆာရင်အဆိပ်ငွေ့နှင့် ထိတွေ့လျှင် ခံနိုင်ရည်ရှိရန် သိပ္ပံပညာရှင်များကို အက်ထရိုပင်း ဆေးတစ်လုံးစီ ထိုးပေးထားသည်။ ထို့နောက် ဆာရင်အိတ်ပိုတစ်လုံးကို ဘယ်သူလွှတ်မလဲဟု ဆုံးဖြတ်ကြ၏။ ယာဆူအို "လူသတ်သမား" ဟာယရှိကို တာဝန်ပေးလိုက်ကြသည်။

တိုက်ခိုက်ရေးအဖွဲ့သည် ညအမှောင်ထဲတွင် ပင်မဖူဂျီတောင်မှ ကားများဖြင့် ထွက်ခွာလာခဲ့ကြ၏။ ဆာရင်အဆိပ်ရည်အိတ်များကို တိုရှိုယိုနှစ် ကျောပိုးအိတ်ပိုးထဲသို့ ညင်သာစွာ ထည့်ထားလေသည်။ တိုကျိုမြို့ရှိ ပုန်းအောင်းနေရာသို့ တစ်ကြိမ် ပြန်လာကြပြီးနောက် သိပ္ပံပညာရှင်များသည် ဆာရင်အဆိပ်ရည်တစ်အိတ်ကြီး ဆေးပြားများနှင့် ထိုးတစ်လက်စီယူပြီး စောင့်ဆိုင်းနေကြ၏။

ထို့နောက် အရဏ်တက်လာသည်။

အချိန် ကျရောက်လာပြီ။

✣ ✣ ✣



## အဖျက်သမား

လူသတ်သမား ဟာယာရှိက ပထမဦးဆုံး ထွက်ခွာရသည်။ တိုကျိုမြို့မြောက်ဘက်ရှိ ယူအီနို ဘူတာသို့ အသွားလမ်းတွင် ကားရပ်ပြီး၊ ကတ်ကြေးတစ်စုံ၊ ကော်ကပ်တိပ်နှင့် ထိုနေ့နံနက်ထုတ် 'ယိုမီရီ' သတင်းစာကို ဝယ်သည်။ ဟာယာရှိသည် ကားထဲတွင် ခွဲတမ်းရလာသော ဆာရင်ကို ထုတ်ပြီး၊ အပေါ်ယံပလတ်စတစ်အိတ်ကို သေချာစွာ ဖြတ်ထုတ်နေ၏။ ထို့နောက် သူသည် အတွင်းအိတ်ကို သတင်းစာစက္ကူဖြင့် ထုတ်လိုက်ပြီး အထုပ်ကို တိပ်ဖြင့် ကပ်သည်။

အသက်(၃၀)အရွယ် ရှိသူ၏ ကားမောင်းသမား အယူသီးဂိုဏ်းသားသည် ငြိမ်ငြိမ် ရောက်နေသကဲ့သို့ ကြောက်လန့်နေ၏။

"ငါတို့ ဒီလိုလုပ်တာဟာ ရဲတွေကို ရှုပ်ထွေးအောင် လုပ်ရတာဖြစ်တယ်"ဟု သူ့ကို ဟာယရှိက သတိပေးသည်။

"ဒီလိုလုပ်တော့၊ ရဲတွေက ပိုပြီး အာရုံစိုက်လာမှာပေါ့ဗျာ" ဆူဂီမိုတိုက ပြန်ပြောလိုက်၏။

လူသတ်သမား ဟာယရှိက ပခုံးတွန့်ပြသည်။

"ငါတို့ လုပ်နိုင်တာ တခြား မရှိဘူး"ဟု ပြောသည်။

မကြာမီ နံနက် (၇)နာရီတွင် ယူအီနို ဘူတာထဲတွင် နံနက်ခင်းရောက် လူအုပ်ထဲသို့ တိုးသွားနေ၏။ ဟိတိယလိုင်းသွားသည့် လက်မှတ်တစ်စောင် ဝယ်လိုက်သည်။ ထို့နောက် ကာဆူမိဂါဆေကီသွားရန် ရထားတွဲပေါ် တက်နေ၏။ မီးရထားသည် မိနစ် အနည်းငယ်ကြာအောင် ပထမအကြိမ် ရပ်နားထားသည်။ ဟာယရှိက စောင့်နေ၏။ တံခါးများပိတ်သွားသောအခါ ဟာယရှိသည် အထုပ်ကို ကြမ်းပြင်ပေါ်သို့ အေးဆေးစွာ ချထားလိုက်၏။

နောက် တစ်ဘူတာသို့ မီးရထား ဝင်ရောက်သွားစဉ် ကြေညာသံ ရှင်းရှင်း ထွက်ပေါ်လာ၏။ မီးရထားရပ်ရန် အချိန် နီးလာသောအခါ ဟာယရှိသည် ရှေ့သို့ကုန်းပြီး ပလတ်စတစ်ထီးဖြင့် အထုပ်ကို ထိုးဖောက်


www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် မြေအောက်မီးရထားတွဲပေါ်မှ ဆင်းပြီး တိုးဝှေ့ထွက်ခွာသွား၏။ တံခါးများ ပြန်ပိတ်သွားပြီး မီးရထားဆက်လက်ထွက်ခွာသွားသည်။ သတင်းစာစက္ကူတွင် အမည်းရောင်များ စွန်းထင်းစပြုလာ၏။

ဟီဘီယလိုင်း တခြားဘက်တွင်မူ တိုရူ တိုယိုဒါသည် သူ၏ စိတ်ကို လုပ်ငန်းအသေးစိတ် အစီအစဉ်ပေါ်တွင် အာရုံစိုက်လျက်ရှိသည်။ မီးရထားနံပါတ် (B711T)ပေါ်တွင် တံခါးအနီး၌ နေရာယူထားသည်။ အမှုန်ရူပဗေဒပညာရှင်သည် ထိုင်လျက် သူ့ပေါင်ပေါ်တွင် အထုပ်တစ်ထုပ်နှင့် ဂဏှာမငြိမ် ဖြစ်နေ၏။ နောက်တွင် ခရီးသည်များက သူ၏ ကုတ်အင်္ကျီကြယ်သီးများပေါ်မှ ကျောက်ဆူးတံဆိပ် ဒီဇိုင်းများကို ရဲတပ်ဖွဲ့သို့ ပြောပြကြသည်။ သူ၏ ပါးစပ်နှင့် နှာခေါင်းကို စွပ်ထားသော မျက်နှာဖုံးသည် တိုကျိုမြို့တွင် နှာစေးချောင်းဆိုးရောဂါ ဖြစ်တတ်သောရာသီ၌ သာမန်ဖြစ်နေ၏။ တံတောင်ဆစ်အထိ ရှည်လျားသော ပလတ်စတစ်လက်အိတ်များကတော့ အထူးဆန်းဖြစ်သည်။ ထို့ပြင် ရာသီဥတု သာယာနေသော တနင်္လာနေ့ နံနက်ခင်းတွင် တိုယိုဒါက ထီးကိုင်လာခဲ့သည်။

နံနက် (၈း၀၀)နာရီအချိန် ကာဆူမီဂါဆေကီမှ လေးကြိမ်မြောက်ရပ်နားပြီးသောအခါ တိုယိုဒါက အထုပ်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်သည်ကို ခရီးသည်များက စောင့်ကြည့်နေကြ၏။ မီးရထားပေါ် အလျင်အမြန်ဆင်းမသွားမီ သူက အထုပ်ကို ထီးရိုးဖြင့် ထိုးဖောက်နေသည်ကို သူတို့မြင်ကြရသည်။ မိနစ်အနည်းငယ် ကြာသောအခါ ဗီဒီယို လူဆိုးထိန်းကင်မရာ တစ်ခုက (၁၀)စက္ကန့်ကြာမျှ တိုယိုဒါအား ရိုက်မိသွားသည်။ သူသည် ပတ်ဝန်းကျင်ကို ကြောက်လန့်တကြားကြည့်ပြီး ကင်မရာကိုကြည့်သည်။ ထို့နောက် လျင်မြန်စွာ လှည့်ပြီး ထွက်ပြေးလေတော့သည်။

မီးရထား နောက်ပိုင်းတွင် ရှန်ကီချိဝါတာနာဘီ ဟုခေါ်သော ရဲမင်းစင်စား တစ်ယောက်သည် တိုရူတိုယိုဒါ၏ အထုပ်နားရှိ ထိုင်ခုံပေါ်တွင် အရုပ်ကြိုးပြတ်သလို လဲကျ၏။ သူသည် အသက် (၉၅)နှစ်ရှိပြီ။ အဘိုးအိုသည် အိပ်ပျော်နေ၏။ မကြာမီ သူ သေရတော့မည်။

ထိုအချိန်တွင် ဥမ်၏ တတိယမြောက် တိုက်ခိုက်သူသည် မာရှူနိချိလိုင်းအဆုံး ဘူတာရုံရှိ အိမ်သာထဲတွင် သော့ပိတ်လျက် ရောက်ရှိနေ၏။ ဉာဏ်ပညာ ထက်မြက်သော လူငယ်ရူပဗေဒသိပ္ပံပညာရှင် ကင်နီချိဟီရိုသည် အိမ်သာခုံပေါ်တွင် ရောင်စုံသတင်းစာကို ဖြန့်ခင်းလျက် အဆိပ်ရည်ပါသော အိတ်ကို အပေါ်တွင် ထားလိုက်သည်။ ထို့နောက် သူသည် အထုပ်ကို ထုပ်ပြီး အထုပ်ကို သူ၏ ပခုံးလွယ်အိတ်ထဲသို့ မဝံ့မရဲထည့်သည်။

နံနက် (၇း၅၉)နာရီ အချိန်တွင် ဟီရိုသည် ကာဆူမီဂါဆေကီသို့ ဦးတည် ခုတ်မောင်းလျက်ရှိသော မီးရထားပေါ်တွင် လိုက်ပါလျက်ရှိ၏။ သူ ကြောက်လန့်နေ၏။ သူ သွားရမည့် ဘူတာနှင့် နီးလာပြီ။ သို့သော် ခရီးသည်များ အကြားထဲတွင် သူ၏ ကျောပိုးအိတ်ကို မပြေနိုင်သေးသော ဟီရိုတံခါးကို ကျောပေးလျက် သူ၏ကျောပိုးအိတ်ကို နောက်ဆုံးတွင် ဖြေရန် စီစဉ်လေတော့သည်။ သို့သော် အထုပ်ကို ဆွဲထုတ်လိုက်သောအခါ သတင်းစာစာရွက် လျှောထွက်လာပြီး၊ အဆိပ်ရည်အိတ်သည် ကြမ်းပေါ်သို့ ကျသွား၏။ ကြောက်လန့်တကြားဖြင့် ဟီရိုသည် အထုပ်များကို အနီးနားရှိ ထိုင်ခုံဘက်သို့ သူ့ခြေထောက်များဖြင့် အသာ ကန်ယူလိုက်သည်။ ထို့နောက် သူ မီသွားပြီး အထုပ်များကို ထီးရိုးအချွန်ဖြင့် ထိုးဖောက်သည်။ မီးရထားတံခါး ဖွင့်လာပြီး၊ ဟီရိုသည် လူအုပ်ထဲသို့ ကျေးဇူးတင်စွာဖြင့် ခုန်ဝင်လိုက်၏။ ကာဆူမီဂါဆေကီသည် ငါးကြိမ်မြောက် မီးရထားရပ်နားရာ နေရာဖြစ်သည်။

ဥမ်၏ နောက်တစ်ယောက် အသုံးချရူပဗေဒပညာရှင် မာဆာတိုယိုကိုဟားမားသည် မာရူနိချိလိုင်း တခြားဘက်အဆုံးမှ စိတ်ပူပန်စွာဖြင့် ထိုင်နေ၏။ သူ၏အထုပ်ကို ဂျပန်နိုင်ငံ၏ ဦးဆောင်ဘဏ္ဍာရေး နေ့စဉ်သတင်းစာဖြင့် ထုပ်ထားသည်။ ယိုကိုယာမသည် ကာဆူမီဂါဆေကီ မရောက်မီ သုံးဘူတာအလိုအထိ ဘူတာစဉ်ကို ရေတွက်နေ၏၊ ထို့နောက် သူသည် ကြမ်းပြင်ပေါ်သို့ အထုပ်ကို ချထားလိုက်ပြီး၊ ထီးရိုးဖြင့် စတင်ထိုးဖောက်လေတော့သည်။ မီးရထားပေါ်မှ မဆင်းမီ သူသည် အိတ်တစ်လုံးကိုသာ ဖောက်ရန် စီစဉ်သည်။ ဒါဆိုရင် လုံလောက်ပြီ။

နောက်ဆုံး အယူသီးဂိုဏ်းအဖွဲ့ဝင် ဒေါက်တာ ဟာယရှိသည် သတ်မှတ်ထားသော ချိယိုဒါလိုင်း ပလက်ဖောင်းပေါ်တွင် ရပ်နေ၏။ ဆရာဝန်ကြီးသည် စိတ်ကျန်းမာစေရန် နောက်ဆုံး မိနစ်ပိုင်းအနေဖြင့် စိတ်ကို ထိန်းထားရသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သူ့နောက်မှာ အမျိုးသမီးငယ်တစ်ယောက် ရပ်စောင့်နေသည်ကို တွေ့ရသည်။ တခြားသွားပါစေဟု စိတ်ထဲမှာ သူ စိတ်ကူးနေ၏။ "ဒီနေရာမှာ မင်း ဆက်နေရင် မင်း သေရလိမ့်မယ်"ဟု စိတ်ထဲမှာ ပြောနေသည်။

မီးရထားထွက်ပြီ။ ဒေါက်တာ ဟာယရှိသည် ပထမကားပေါ်သို့ တက်လိုက်ပြီး၊ ညွှန်ကြားထားသည့်အတိုင်း တံခါးအနီးမှာ ထိုင်နေ၏။ အသက်(၃၀)ခန့်ရှိ အမျိုးသမီးတစ်ဦးကို မြင်လိုက်ရသောအခါ တခြားဘက်သို့ လျင်မြန်စွာ လှည့်လိုက်ရသည်။ "မင်းလည်းပဲ မကြာခင် သေရတော့မယ်"ဟု စိတ်ထဲမှာ တွေးနေ၏။ သူ ယူဆောင်လာခဲ့သော ဆာရင်အဆိပ်များကို 'အလံနီ' အမည်ရှိ ဂျပန်ကွန်မြူနစ်ပါတီ၏ နေ့စဉ်ထုတ်သတင်းစာနှင့် ဥမ်၏ ပြင်ဘက်ဘာသာရေးအဖွဲ့က ထုတ်ဝေသော 'ဆီကြိုရှင်ဘွန်း'အမည်ရှိ သတင်းစာနှစ်စောင်ဖြင့် ထုပ်ထားသည်။ ထိုခေါင်းဆောင်အား ဥမ်က သတ်ဖြတ်လုနီးပါး ဖြစ်ခဲ့ဖူး၏။ သတင်းစာကို ရွေးချယ်ဖတ်ခြင်းဖြင့် ရဲတပ်ဖွဲ့အား အနှောင့်အယှက် ခက်ခဲစေမည်ဟု ဒေါက်တာဟာယရှိက မျှော်လင့်ထားသည်။







www.burmeseclassic.com

www.burmeseclassic.com



သူ သွားရောက်ရမည့် ဘူတာကို အင်တာကွန်မှ ကြေညာလိုက်၏။ မီးရထားသည် ဘရိတ်ဖမ်းလျက် အရှိန်နှေးလာသည်။ ကာဆူမိဂါဆေကီသည် လေးဘူတာ ခြားရစ်ခဲ့ပြီ။ ဒေါက်တာဟာယရှိသည် အထုပ်ကို သူ့ခြေထောက်နားမှာ ထားပြီး၊ ထီးရိုးဖြင့် အခါပေါင်းများစွာ ထိုးဖောက်နေသည်။ အိတ်တစ်လုံးက ပေါက်ပြဲနေသည်ကို သူ စမ်းတွေ့ရ၏။ သို့သော် ဒုတိယအိတ်က မသေချာ။ သူသည် ရှာတွေ့ရန် စောင့်မနေတော့ချေ။

နံနက် (၈း၁၀)နာရီ အချိန်တွင် ဒေါက်တာဟာယရှိ၌ အခြားအယူသီးဂိုဏ်း လေးဦးခန့်သည် လမ်းပေါ်သို့ ပြန်ရောက်လာကြပြီး၊ ကားမောင်းသမားများကို ရှာဖွေနေကြ၏။ မကြာမီ ထွက်ခွာမည့် ကားများသည် ပုန်းအောင်းသည့်နေရာများသို့ ဦးတည်လျက် တိုကျိုမြို့၏ ကားအုပ်ထဲသို့ တိုးဝှေ့ပြေးလျက် ရှိသည်။ မြေအောက်လမ်းများပေါ်တွင်မူ မီးရထားလမ်း ကားငါးစီးပေါ်၌ အာရုံကြောအဆိပ်ငွေ့ တစ်ဆယ့်တစ်အိတ် တင်ဆောင်လျက် ကံဆိုးသူခရီးသွား ထောင်ပေါင်းများစွာနှင့်အတူ မြို့တော်၏ ဗဟိုသို့ မိုးကြိုးပစ်သလို ခုတ်မောင်းလျက်ရှိ၏။

ဟီဘီယလိုင်းမီးရထားသည် လူသတ်သမား ဟာယရှိ မပါဘဲ သူချထားခဲ့သော ဆာရင်အဆိပ်ငါးအိတ်သည် လျင်မြန်စွာ ယိုစိမ့်ထွက်နေသည်။ ညစ်ပတ်သော အဆိပ်ရည်များသည် ကားတံခါးအနီးမှာ ရှိနေကြ၏။ ခရီးသည် ရာပေါင်းများစွာ၏ ခြေထောက်များဖြင့် နင်းချေခံရသောကြောင့် ဓာတ်ငွေ့ပျံ့နှံ့မှုသည် တိုးတက်မြန်ဆန်လျက်ရှိသည်။ အဆိပ်ငွေ့အမြှုပ်များ စတင်ပြန့်ပွားနေ၏။

အသက်(၄၀)ရှိ ဆေးရုံအလုပ်သမား ယိုရှိယိုဆိုင်တို့သည် အရည်များကို မြင်သည်။ ထို့နောက် သူသည် ကြောက်စရာကောင်းသော အနံ့ကို သတိပြုမိသည်။

,မိနစ်အနည်းငယ်အတွင်းမှာပင် လေသည် မမြင်ရသောအငွေ့များဖြင့် အသက်ရှူမရအောင်ဖြစ်လာ၏။ ဆာရင်ဓာတ်စင်သည် အနံ့အသက်မရှိ၊ သို့သော် ဥမ်၏ ဆာရင်ဓာတ်ငွေ့ရည်သည် မသန့်စင်။ လူတစ်ယောက်သည် ထိုပြင်းထန်သော အနံ့ကို မုံညင်းအဆိပ်ငွေ့နှင့် နှိုင်းယှဉ် ပြောခဲ့သည်။

တံခါးများ ပွင့်လာ၏။ လူတစ်ယောက်က ဒုက္ခပေးလျက်ရှိသော အိတ်များကို ပလက်ဖောင်းပေါ်သို့ ကန်ချလိုက်၏။ ထိုအချိန်တွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သည် မြေကြီးပေါ်သို့ ပုံလဲကျသွားသည်။ သူတို့၏ ခန္ဓာကိုယ်များသည် အကြော တွန့်လိမ်နေကြ၏။ အခြားခရီးသည်များသည် ယိမ်းယိုင်၍ လမ်းလျှောက်ကြရပြီး၊ အချောင်ခိုနေကြသည်။ အသက်ရှူကျပ်နေကြသည်။ လူပေါင်းများစွာသည် ပလက်ဖောင်းပေါ်မှာ တွားသွားနေကြပြီး၊ ဦးခေါင်း ကိုက်ခဲနာကျင်နေကြ၏။





သို့သော် ဟီဘီယလိုင်း မီးရထားကမရပ်။ နောက် တစ်မိနစ်ကြာသောအခါ တံခါးများ ပိတ်သွားပြီး ရထားအချိန်နှင့် ဆက်လက်ထွက်ခွာသွား၏။ တတိယမြောက် ကားထဲတွင် ခရီးသည်များသည် သေလုမြောပါးဖြစ်နေကြသည်။ နောက်တစ်ဘူတာသို့ မီးရထားဆိုက်သောအခါ အမျိုးသမီးတစ်ယောက်သည် အနီးရှိ ခရီးသည်တစ်ဦးအား တွယ်ကပ်လိုက်မိသည်။ သူမ၏ ခြေထောက်များသည် အတုတပ်ဆင်ထားသဖြင့် လည်းကောင်း၊ သူမ၏ အသက်သည် ကိုယ်ခန္ဓာမှ စွန့်ခွာသွား၍လည်းကောင်း ရပ်တည်နိုင်ခြင်းမရှိသောကြောင့် ဖြစ်၏။ သူမအား ဘူတာရုံထဲရှိ ရုံးခန်းတွင်းသို့ သယ်ဆောင်သွားကြပြီး လူနာတင်ကားကို ခေါ်သည်။ ထို့နောက် မီးရထား ဆက်လက်ထွက်ခွာသွား၏။ ကျန်ရစ်ခဲ့သော ခရီးသည် သုံးဦးမှာ နာကျင်သဖြင့် ခါးကိုင်းလျက် ပလက်ဖောင်းပေါ်ရှိ ခုံတန်းလျားများပေါ်တွင် ဦးခေါင်းကို ကိုင်လျက်နေကြ၏။

ကားအမှတ်ဆုံးထဲတွင် အရေးတကြီးကိစ္စ ဖြစ်ပေါ်နေစဉ် မီးရထားသည် နောက်တစ်ဘူတာသို့ ထွက်ခွာသွားသည်။ တစ်ယောက်က အရေးပေါ် အချက်ပေးခလုတ်ကို နှိပ်လိုက်၏။ ခရီးသည်များသည် မူးဝေပြီး အော့အန်နေကြသည်။ သူတို့၏ မျက်နှာများကို လက်ကိုင်ပဝါများဖြင့် ဖုံးထားကြ၏။ ရှုပ်ထွေးမှုနှင့် ဘက်တီးရီးယားရောဂါသည် မီးရထားတစ်တွဲလုံးဖြစ်နေသည်။ အသက် (၂၃)နှစ်အရွယ်ရှိ မီကိုနာကာဇီမအမည်ရှိ အရပ်ဘက် ဝန်ထမ်းတစ်ဦးသည် စိုစွတ်သော ကြမ်းပြင်ပေါ်၌ လဲနေသည်။ လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်အား စောင့်ကြည့်နေ၏။

"ဘာဖြစ်သလဲဆိုတာ ကျွန်မ မသိပါဘူး။ ဘာလုပ်ရမှန်းလည်း မသိဘူး။ ကျွန်မ အသက်ရှူရ ကျပ်လာပါတယ်"ဟု သူမက ပြောသည်။

နံနက် (၈း၁၀)နာရီ အချိန်၌ မီးရထားတွဲများထဲမှာ ဆန့်ကျင်ဘက် ကြေညာချက်များ ထွက်ပေါ်လာ၏။ ကာဆူမိဂါဆေကီ ဘူတာမှ လေးဘူတာဝေးသော တဆူကီဂျီတွင် ပေါက်ကွဲမှုဖြစ်ပွား၍ ရထားရပ်နားသားကြောင်း ကြေညာသည်။ ထို့ပြင် အသက်(၅၉)နှစ်အရွယ် အဘိုးအိုမိနိုရုရှီဒါသည် တံခါးပေါက်ဆီသို့ လဲကျသွား၏။ သူ အောက်ငုံ့ကြည့်လိုက်သောအခါ သူသည် အရည်အိုင်ထဲမှာ ရပ်နေသည်ကို တွေ့ရသည်။ သူ နောက်ဆုံး မှတ်မိသည်မှာ ဒီမျှသာ ဖြစ်၏။

တံခါးများ ပွင့်လာသောအခါ ခရီးသည်များသည် မီးရထားပေါ်မှ ပြိုကျလာသည်။ သူတို့သည် အသက်ရှူဖို့ မောဟိုက်နေကြ၏။ လူငါးယောက်က ပါးစပ်မှာ အမြှုပ်တစီစီထွက်လျက် ပလက်ဖောင်းပေါ်မှာ လဲကျသွားသည်။ အခြားသုံးယောက်မှာ မီးရထားတွဲပေါ်တွင် လဲကျနေပြီး၊ သူတို့ ကိုယ်ခန္ဓာများက ပြင်းထန်စွာ တွန့်လိမ်နေကြ၏။ တဆူကီဂျီသည် ဘူတာရုံကလေးဖြစ်ပြီး၊ လေကောင်းလေသန့်ရရှိရန် ညံ့ဖျင်းစွာ



www.burmeseclassic.com

www.burmeseclassic.com

စီမံထားသည့် လိုင်းပေါ်တွင်ရှိသည်။ ထို့ပြင် ပတ်ဝန်းကျင်၌ ဆာရင်အဆိပ်ငွေ့များက မျက်စိဖြင့် မမြင်ရဘဲ ပျံ့နှံ့နေ၏။ လူသွားစင်္ကြံတစ်လျှောက်တွင် ခရီးသည်များသည် မျက်စိများ မှုန်ဝါး၍ ခေါင်းကိုက်နေကြ၏။ ဘူတာထဲမှာ ကြေညာချက် ထွက်ပေါ်လာသည်။

"ထွက်ကြပါ. . . ထွက်သွားကြပါ"

မြေပြင်ပေါ်တွင် ဝရုန်းသုန်းကား ဖြစ်နေ၏။ ရာပေါင်းများစွာသော ခရီးသည်များသည် နံနက်ခင်း တောက်ပသော နေရောင်ခြည်အောက်တွင် မြေအောက်မီးရထား ထွက်ပေါက်များမှ စီးဆင်းလာကြသည်။ လူသွားလမ်းနှင့် ကားလမ်းများပေါ်တွင် မကြာမီ ဒဏ်ရာရသောလူများ လဲကျလျက် ပြည့်နှက်သွား၏။ တချို့က သူတို့၏ နှာခေါင်းနှင့်ပါးစပ်များ မှ သွေးများထွက်နေသည်ကို တစ်ရှူးများနှင့် သုတ်နေကြသည်။ ထိုနေရာတွင် ချောက်ချားဖွယ်ရာကောင်းသည်။ ဝရုန်းသုန်းကာ ဖြစ်နေ၏။ ခရီးသည်များသည် အဆိပ်ငွေ့က အဆုတ်များကို ကြေမွစေပြီး အသံဝင်စေသဖြင့် သူတို့ အသံ သိပ်မထွက်နိုင်ကြ။ ဤမြေအောက်မီးရထားလမ်းတစ်ခုတည်းပေါ်မှာပင် လူရှစ်ယောက် သေဆုံးပြီး (၂၅၀၀)ခန့် ဒဏ်ရာရခဲ့သည်။

မကြာမီ လူနာတင်ကား အချက်ပေးသံများက ဆိတ်ငြိမ်မှုကို ဖြိုခွဲလိုက်ပြီး၊ ရုပ်မြင်သံကြား ရဟတ်ယာဉ်များသည် ခေါင်းပေါ်မှာ ဝဲပျံလျက် တစ်နိုင်ငံလုံးသို့ ကြောက်စရာမြင်ကွင်းကို ထုတ်လွှင့်ပြသနေ၏။ ရဲတပ်ဖွဲ့က တဆူကီဂျီတွင် ဘာဖြစ်သလဲဟု မေးမြန်းသော်လည်း ဓာတ်ငွေ့ယိုစိမ့်ခြင်းလား၊ ပေါက်ကွဲခြင်းလား၊ အကြမ်းဖက် တိုက်ခိုက်ခြင်းလား ကွဲပြားစွာ မသိရသေး။ အစီရင်ခံစာများ ရောက်လာနေသည်။ အခြားမြေအောက်မီးရထား ဘူတာရုံကိုလည်း ထိခိုက်သည်။ နောက်အခြား၊ နောက်အခြား. . .။

ဟာဘီယလိုင်း မီးရထား၏ ပထမကားထဲတွင် အယူသီးဂိုဏ်းအဖွဲ့ဝင် တိုယိုဒါ အပြင်သို့ တစ်ဟုန်ထိုး ထွက်ပြေးသည်နှင့် တစ်ပြိုင်နက် ဆာရင်အဆိပ်ငွေ့များသည် ကြမ်းပြင်ပေါ်သို့ ပြန့်ထွက်စ ပြုလာသည်။ နောက်တစ်ဘူတာတွင် ဒေးဗစ်ပီယာဆန်သည် နောက်ကားပေါ်သို့ တက်လာ၏။ ထိုနေ့နံနက်တွင် အသက်(၄၂)နှစ်အရွယ် ဆစ်ဒနီမြို့မှ ဘဏ်လုပ်ငန်းပိုင်ရှင်အပါအဝင် အနောက်နိုင်ငံသားများစွာ ရထားပေါ်၌ ပါလာသည်။ ဟီဘီယ မြေအောက်မီးရထားလမ်းတစ်လျှောက် အနီးတွင် တိုကျိုမြို့၏ ပြည်ပြေးအဖွဲ့များ၊ နိုင်ငံခြား ကုမ္ပဏီများနှင့် သံရုံးများတည်ရှိ၏။

လူပြည့်ကျပ်နေသော ကားပေါ်သို့ ရောက်သွားသောအခါ ပီယာဆန်သည် အနီးရှိ အမေရိကန်နှစ်ဦး စကားပြောနေကြသည်ကို နိုး၍နားထောင်လျက်ရှိသည်။





"သူတို့ ပြောနေတာက လူတွေ ဘယ်လောက်အအေးမိပြီး ချောင်းဆိုးနေသလဲ ဆိုတာပါ၊ သူတို့ပြောတာ မှန်တယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်"ဟု ပီယာဆန်က ပြန်ပြောခဲ့သည်။ ယခု အချိန်အထိ ဘာမှ လွဲချော်မှု မရှိသေး။

နောက် ကားတစ်စီးထဲတွင် အာရုံကြောဓာတ်ငွေ့များ ဝင်ရောက်လာသည်။ ခရီးသည်များသည် ချောင်းဆိုးကြ၊ အသက်ရှူကျပ်ကြသဖြင့် ကားပြတင်းပေါက်များကို ဖွင့်ထားကြရ၏။ အခြား လူများသည် အိမ်မီးလောင်သောအခါ ကြိုတင် သတိထားကြသည့် ပုံစံမျိုးဖြင့် ကြမ်းပြင်ပေါ်မှာ ထိုင်နေကြသည်။ သို့သော် ကြမ်းပြင်သည် အာရုံကြောအဆိပ်ငွေ့ကို ရှောင်ရန် အဆိုးဆုံးနေရာ ဖြစ်၏။ ခရီးသည်များသည် တွန့်လိမ်၍ ယိမ်းယိုင်စ ပြုလာကြသည်။

ကာဆူမိဂါဆေကီ ဘူတာမရောက်မီ တစ်ဘူတာတွင်မှ ကြောက်လန့်တုန်လှုပ်မှု အတိုင်းမသိ ဖြစ်နေ၏။

လူအများက ကားပေါ်မှာ လဲကျနေကြစဉ် "အဲဒါ ဓာတ်ငွေ့တွေပဲ"ဟု ခရီးသည်တစ်ဦးက အော်ပြောသည်။ ဓာတ်ပုံဆရာ နိုဘူအိုဆာရီဇာဝက လူတချို့ ပလက်ဖောင်းပေါ် လဲကျပြီး၊ တချို့ ဒူးထောက်၍ လဲနေသည်ကို မြင်ခဲ့ရ၏။ လူတစ်ယောက်ကတော့ ရေထဲမှငါး ကုန်းပေါ်တင်လိုက်သကဲ့သို့ ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေ၏။ တခြားလူများမှာ ထပ်တလဲလဲ အန်နေကြသည်။

ကားတစ်စီး အဝေးရောက်သွားသောအခါ ပီယာဆန်သည် သူ့အနီးနားက အနံ့ကို သတိပြုမိသည်။

"အဲဒီအနံ့ဟာ မှုးမေ့ပြီး နေမကောင်းစရာ အနံ့ဖြစ်ပါတယ်၊ အဲဒါဟာ ဓာတ်သွင်းထားလား၊ သတိပေးတာလား ကျွန်တော် မသိပါဘူး။ ဒါပေမယ့် ကျွန်တော် ထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်" ထို့နောက် ပီယာဆန်သည် နေမကောင်းချင်သလို ဖြစ်လာ၏။ သူ့မျက်လုံးများ ကြည့်၍မရတော့၊ ထို့ပြင် သူသေတော့မည်ဟု ခံစားနေရ၏။ သတိဖြင့် နေနိုင်ရန် ကြိုးစားရင်း မျက်စိမှုန်ဖြင့် အမှားမှားအယွင်းယွင်း လှမ်းနေသော ခရီးသည်များနှင့် ဆက်သွယ်လိုက်သည်။

အပြင်ဘက် ရောက်သောအခါ ပီယာဆန်သည် အရက်မူးသမားကဲ့သို့ စင်္ကြံပေါ်သို့ ဒယိမ်းဒယိုင် လျှောက်သွားနေ၏။ သူ့မျက်စိများ ဘစ်ဝက်တပျက် ကန်းနေသဖြင့် အနားမှ ဖြတ်သွားသော ကားကြီးများနှင့် တက္ကစီကားကို အမြင်ဝါး၍ ခွဲမရခဲ့ချေ။ သူ၏လက်များကို ဆန့်လိုက်၏။ နောက်ဆုံးတွင် တက္ကစီတစ်စီး ရပ်လာဖြင့် သူ၏ ဘဏ်ဌာနချုပ်သို့ လိုက်ပါသွားခဲ့သည်။

မြေအောက်တွင်မူ တိုကျို၏ ရက်စက်မှုဖြင့် ပြည့်ကျပ်နေသော ယာဉ်သွားလာမှုသည် ကြီးကြပ်မှုမရှိဘဲ ဆက်လက် ပြေးဆွဲလျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com

ကားကြမ်းပြင်ပေါ်၌ သတိမေ့မြော လဲကျနေကြသော ခရီးသည်များကို ကားများဖြင့် အပြင်သို့ သယ်ယူသွားကြ၏။ ထိုအထဲတွင် ရဲတပ်သား ဟောင်း ရှန်ကီချိ ဝါတာနာဘီဆိုသူ ပါသည်။ ယခု သူသည် သတိမေ့မြော နေ၏။ လူနာတင်ကားများ ခေါ်ပြီး၊ ကားအမှတ်တစ်ပေါ်မှ လူမမာများကို အခြားကားပေါ်သို့ ပြောင်းတင်ကြသည်။ မီးရထားသည် ပုံမှန်ထက် ခုနစ် မိနစ် နောက်ကျပြီးမှ ထွက်ခွာသွား၏။ ကာဆူမီဂါဆေကီသို့ နှစ်မိနစ် နောက်ကျ၍ ဆိုက်ရောက်သည်။

တိုကျို မြို့လယ်ရှိ ဘူတာသည် အရေးပေါ် အခြေအနေဖြစ်သော ကြောင့် သတင်းမြောက်မြားစွာ ဝင်ရောက်လာ၏။ အခြားဘူတာဖြစ်သော မာဂူနိုချိလိုင်းတွင် ပါးစပ်မှာ အမြှုပ်ထွက်၍ ခန္ဓာကိုယ် တွန့်လိမ်စပြုနေ သော ခရီးသည်နှစ်ဦးအား ဝန်ထမ်းများက ကူညီကြရသည်။ နောက် တစ်ဘူတာ၌ အမှတ်(၃) ကားပေါ်မှ အမျိုးသမီးတစ်ဦးသည် သတိမေ့၍ လဲကျသွားပြီး တွန့်လိမ်နေ၏။ သူမ နှုတ်ခမ်းမှ အမြှုပ်တစီစီ ထွက်နေ သည်။

လက်ထောက်ရုံပိုင် ရှိဇူကာနာဂါယာမသည် ကြမ်းပြင်ပေါ်တွင် ပလတ်စတစ်အိတ် နှစ်လုံးကို တွေ့ရသည်။ တစ်လုံးက အခွံလွတ်ဖြစ်ပြီး၊ အခြားတစ်လုံးက အရည်များရှိသဖြင့် နာဂါယာမသည် သတင်းစာစက္ကူ ဖြင့်ထုပ်လိုက်၏။ ထိုအထုပ်လို ပလတ်စတစ်အိတ်တစ်လုံးတွင် ထည့် လျက် အခြားရုံးပိုင်တစ်ယောက် ကိုင်လာသည်။ မကြာမီ ထိုလူနှစ်ယောက် ကြောက်စရာကောင်းအောင် နေမကောင်းဖြစ်လာ၏။ မီးရထားသည် အဆိပ်ရည်အမြှုပ်များကို တစ်ဘူတာပြီးတစ်ဘူတာ သယ်ဆောင်လျက် ဆက် လက် ထွက်ခွာလျက်ရှိသည်။ မီးရထားဘူတာစ၍ ဆုံးသောအခါ လူ တစ်ယောက်သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့သည်။

ဒေါက်တာဟာယရှိ၏ ပစ်မှတ်ချီယိုဒါလိုင်းတွင် ကာဆူမီဂါဆေ ကီ ဘူတာမီးရထားတွဲပေါ်မှ ထူးဆန်းသော အထုပ်တစ်ထုပ်သည် အရည် များ ယိုစီးပြီး အမြှုပ်များထွက်နေကြောင်း ခရီးသည်များက တိုင်ကြား နေကြ၏။ ရုံပိုင်ကြီး တဆူနိုယိုမီရှိန်ျုမသည် တိုကျို မြေအောက်မီးရထား အလုပ်သမားများ၏ ရှေးဆန်ဆန် လက်အိတ်အဖြူကို ဝတ်ဆင်ထား သည်။ ပြီး ပထမကားထဲသို့ ဝင်လာကာ အထုပ်ကို ကောက်ယူသွားသည်။ အနီးတွင် ကြမ်းသုတ်တံမြက် မရှိသောကြောင့် ကြမ်းပြင်ပေါ်မှ ကျန်ရှိ သည့် အရည်များကို သတင်းစာစက္ကူဖြင့် သုတ်လိုက်၏။ ထို့နောက် လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အကူအညီဖြင့် သူသည် အထုပ်ကို ပလတ်စ တစ်အိတ်တွင်ထည့်လျက် ကိုက်(၅၀)ခန့် ဝေးကွာသော မီးရထားရုံးသို့ ယူသွားသည်။ မီးရထားသည် နှစ်မိနစ် နောက်ကျလျက် ကာဆူမီဂါဆေကီ ဘူတာရုံမှ ထွက်ခွာသွားခဲ့၏။





ဟီရှိန်ျုမသည် အထုပ်ကိစ္စ တယ်လီဖုန်းဖြင့် အထက်ရုံးဌာနသို့ သတင်းပို့လိုက်သည်။ သူ နေမကောင်းကြောင်းလည်း ပြောခဲ့၏။ မကြာမီ အထက်အရာရှိသည် ဘူတာရုံသို့ ရောက်လာခဲ့သည်။ ဟီရှိန်ျုမနှင့် သူ့ရဲဘော်သည် ကြမ်းပြင်ပေါ်တွင် သတိမေ့ လဲကျနေကြသည်။ ပါးစပ် ထဲမှ အနီရောင် ပူဖောင်းများ ထွက်နေသည်ကို အရာရှိကြီး တွေ့ရသည်။ သူတို့ နှလုံးခုန်ရပ်နေပြီး မကြာမီ သေကြတော့မည်။

ဟီရှိန်ျုမ၏ ဆောင်ရွက်ချက်သည် အသက်ပေါင်းများစွာကို ကယ် ဆယ်ခဲ့သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။ သို့သော် အဆိပ်အမြှုပ်များ ချီယိုဒါလိုင်း မီးရထားပေါ်တွင် ပျံ့နှံ့နေဆဲဖြစ်၏။ ထို့နောက် မီးရထား ရပ်ထားလိုက်ပြီး နောက်တစ်ဘူတာတွင် စွန့်ခွာခဲ့ကြရသည်။ ယခုအချိန် တွင် တိုကျိုမြို့တစ်လျှောက်၌ လူများသည် မြေအောက်ဘူတာထွက် ပေါက်မှ ဖုတ်ကောင်များကဲ့သို့ ထွက်ပေါ်လာကြ၏။ ဘူတာရုံများ အပြင် ဘက်တွင် ဖြစ်ကတတ်ဆန်း လုပ်ထားသော ကြော်ငြာဆိုင်းဘုတ်များဖြင့် မီးရထားများ ပိတ်ထားကြောင်း၊ အကြမ်းဖက်သမားများက တိုက်ခိုက်သော ကြောင့်ဖြစ်ကြောင်း ကြော်ငြာထားသည်။ ထိုအချိန်တွင် ဒဏ်ရာရသူများ အား မြို့ပေါ်ရှိ ဆေးရုံပေါင်း (၃၀)ကျော်သို့ အဆောတလျင် ပို့ထားကြရ သည်။ တဆူကီဂျီ ဘူတာအနီး စိန့်လူကာဆေးရုံ၌ ပထမ တစ်နာရီ အတွင်း လူနာပေါင်း(၅၀၀) ရောက်ရှိလာပြီး၊ လူနာတင်ကားများမှာ မရပ် မနား ပြေးနေရ၏။ ဆေးရုံ၏ ဆရာဝန် တစ်ရာခန့်သည် သာမန် ခွဲစိတ် ခြင်းများကို ရပ်ဆိုင်းထားရသည်။ အနီးရှိ သူနာပြုတက္ကသိုလ်မှ သူနာပြု ဆရာမ(၃၀၀)နှင့် စေတနာ့ဝန်ထမ်းများသည် ဒဏ်ရာရသူများကို အား ဆေးသွင်းပေးခြင်းနှင့် အောက်ဆီဂျင်ပေးခြင်းလုပ်ငန်းကို ဝိုင်းကူညီကြ ရ၏။

ဆရာဝန်များ ဦးနှောက် ခြောက်နေကြ၏။ နံနက် (၈း၁၆)နာရီ အချိန် ပထမအရေးပေါ် တယ်လီဖုန်းခေါ်သံသည် မြေအောက်မီးရထား လမ်းတွင် ဓာတ်ငွေ့ပေါက်ကွဲကြောင်း သိရသည်။ ဆေးရုံဝန်ထမ်းများအား မီးလောင်ခံရသူများနှင့် ကာဗွန်မိုနော်ဆိုက် အဆိပ်သင့်သူများအတွက် သူတို့ကိုယ်သူတို့ အားတင်းထားရန် မှာကြားထား၏။ သို့သော် ဤလူနာ များသည် မီးလောင်ခံရသူများနှင့် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်သူ များ မဟုတ်ကြချေ။ သူတို့ လူနာများ၏ တပည့်များ ဘာကြောင့် ပင်အပ် သောက်ငယ်သွားသည်ကို ဆရာဝန်များက စောင့်ကြည့်နေ၏။ တချို့လူနာ များက ပုံစံများပေါ်တွင် သူတို့၏ နာမည်များကို မရေးနိုင်ကြ။ အာရုံကြော အဆိပ်ငွေ့များက သူတို့၏ အာရုံကြောစနစ်ကို ဖျက်ဆီးလိုက်သောကြောင့် သူတို့၏ မော်တာအထိန်းအချုပ် ပျက်စီးသွား၏။ နာရီပေါင်းများစွာကြာ သည့်အခါ လူနာများစွာ၏ အခြေအနေ ပိုမို ဆိုးဝါးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရူပဗေဒပညာရှင် ကင်နီချီမိရို ချထားခဲ့သော ပလတ်စတစ်နှင့် အိတ်တွင်ထည့်ထားသည့် ဆာရင်အဆိပ်များကို ရှာဖွေရန် လိုအပ်နေ၏။ ထိုပလတ်စတစ်အိတ်များသည် မာရူနိုချိမီးရထား ပဉ္စမမြောက်ကားပေါ်တွင်ရှိပြီး လိုင်းတစ်ခုလုံးတွင် သွေးထွက်လွန်သော အဆိပ်ငွေ့များ ပျံ့နှံ့လျက်ရှိသည်။ ဘူတာရုံတစ်ခု၌ ရုံပိုင်တစ်ယောက်သည် ပဉ္စမမြောက်ကားမှ အထုပ်တစ်ထုပ်ကို တံမြက်စည်း၊ ဖုန်ထည့်ပုံးနှင့် ထည့်လျက် သယ်သွားသည်။ မီးရထားသည် ဆက်လက် ထွက်ခွာသွား၏။ နောက်ဆုံးတွင် မီးရထားသည် ကာဆူမိဂါဆေကီ ဘူတာသို့ သုံးကြိမ် ဖြတ်သန်းသွားခဲ့ပြီး၊ ခရီးသည်နှစ်ယောက် သေဆုံး၍ အခြား ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ နံနက် (၉း၂၇)နာရီအချိန် ဒိုင်းယက်လွှတ်တော်အနီးရှိ ဘူတာရုံသို့ မရောက်မီ ဖြစ်၏။

တိုကျိုမြို့ ဆေးရုံများသို့ အဆိပ်သင့်လူနာများ လှိုင်းလုံးကြီးများသဖွယ် တစ်လှိုင်းပြီးတစ်လှိုင်း ဝင်ရောက်လာရာ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ရဲဘော်များ ပါဝင်လာသည်။ ဆေးဝန်ထမ်းများသည် ရောဂါလက္ခဏာများကြောင့် ဦးနှောက်ခြောက်နေကြရဆဲ ဖြစ်၏။ မျက်စိကွယ်သူများ၊ အန်နေသူများကို ဘယ်လို ကုသရမလဲဟု မရေရာသေးချေ။ အရေးပေါ်လူနာခန်းများနှင့် အခြားနေရာတိုင်းမှာ ထိုလူနာများဖြင့် ပြည့်လျှံနေ၏။ စောစောက အစီရင်ခံစာများအရ ခရီးသည်များသည် အက်ဆီတီလ်နီထရိုင်း အဆိပ်ခံကြရကြောင်း စာများအရ သိရ၏။ ထိုအဆိပ်သည် အမှန်ကတော့ အယူသီးဂိုဏ်းသားတို့က ဆာရင်အဆိပ်အား အရည်ပျော်အောင်ဖျော်စပ်ထားခြင်းဖြစ်၏။

နံနက်(၁၀း၃၀)နာရီ အချိန် စစ်တပ်ဆရာဝန်တစ်ဦး ရောက်လာပြီး၊ မယုံကြည်နိုင်လောက်အောင် လက်တွေ့စမ်းသပ်ပြခဲ့ရာ လူနာများသည် အာရုံကြောအဆိပ်သင့်ဓာတ်ငွေ့ဖြစ်သည့် ဆာရင်ကြောင့် သေလုမျောပါး ခံစားနေရကြောင်း သိကြရသည်။ မြို့တော်တစ်ဝိုက်မှ ဆရာဝန်များ ပီအေအမ်ကို တိုက်ကျွေးရန် အကြောင်းကြားကြ၏။ စိန့်လူကာဆေးရုံတွင် ဆေးအညွှန်းစာများကို လက်ရေးဖြင့် ဆေးဝန်ထမ်းများအား ဖြန့်ဝေကြသည်။ တိုကျိုမြို့ ဆရာဝန်များက မတ်ဆူမိုတိုဆေးရုံသို့ လူနာများအား ဥုမ်၏ နောက်ဆုံးဆာရင်အဆိပ် တိုက်ခိုက်ခံရကြောင်း ဖုန်းဆက်ပြောလေသည်။

ဆေးဆရာများက သူတို့သည် အလွန်တရာပြင်းထန်၍ အန္တရာယ်များသော ဓာတုဗေဒပစ္စည်းနှင့် ဆက်ဆံနေရကြောင်း သိရှိသွားကြ၏။ ဆေးရုံတက်လာသော လူနာများကို ကုသနေကြရသည် ဆရာဝန်များနှင့် သူနာပြုများသည် လည်ချောင်းနာ၍ မျက်စိ ကျိန်းနေကြသည်။ ဂျိကေတက္ကသိုလ်ဆေးရုံတွင် ပြင်းထန်စွာ ဒဏ်ရာရသူများအား အခြားသူများကို ပါ ညစ်ညမ်းစေမည်စိုးသဖြင့် သီးခြားထား၏။ လူနာများ၏ အဝတ်များကို





အဆိပ်ရည်များကပ်ပြီး၊ တခြားသို့ ကူးစက်မည်စိုးရိမ်သဖြင့် မီးရှို့ပစ်ကြရန် မှာကြားထားလေသည်။ ရောဂါလက္ခဏာ အသေးစားသာရှိသော သူနာတစ်ယောက်သည် အိမ်ပြန်၍ သူ့ဇနီးအား မီးပူတိုက်ရန် ဝတ်စုံကို ချွတ်ပေးလိုက်သည်။ နောက်တွင် သူမသည် ခင်ပွန်းကဲ့သို့ပင် မူးဝေအော့အန်ပြီး ခေါင်းကိုက်ဝေဒနာ ခံစားရတော့သည်။

ည(၁း၃၀)နာရီ အချိန်တွင် ဓာတုဗေဒစစ်ပွဲ ဝတ်စုံအကြည်ဝတ်ဆင်ထားသော စစ်တပ်မှ ကျွမ်းကျင်သူများအား မြေလျှင်စစ်သားတစ်ရာနှင့် အတူစေလွှတ်လိုက်၏။ သူတို့သည် မြေအောက်မီးရထားလမ်းသို့ ဆင်းလာကြရာ လူမရှိသော ဥမင်လိုဏ်ခေါင်းများနှင့် လူသွားလမ်းများတွင် သူတို့၏ အသက်ရှူ ကိရိယာအသံများသည် ကြောက်စရာကောင်းအောင် ကျယ်လောင်လျက် ရှိသည်။ ထိုအချိန်တွင် လူအသေအပျောက်နှုန်း တိုးနေ၏။ ဘဏ်လုပ်ငန်းရှင် ဒေးဗစ်ပီယာဆန်ကဲ့သို့ပင် ခရီးသည်များသည် ကြောက်စရာကောင်းသည့် ပုံသဏ္ဌာန်များဖြင့် လုပ်ငန်းခွင်သို့ ရောက်လာကြပြီး၊ ဆေးရုံသို့ ပို့လိုက်ကြရသည်။ အခြားခရီးသည်များ ကတော့ ရုပ်မြင်သံကြားမှ မချိမဆန့် ဒုက္ခရောက်သော မြေအောက်မီးရထားလမ်းတွင် အဖြစ်အပျက်များကို မတွေ့ရမီ သူတို့ ဘာကြောင့် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့ရသည်ကို မမှတ်မိတော့ချေ။ သူတို့၏ အမြင်များ တိမ်းစောင်းနေကြပြီး၊ မူးဝေ အော့အန်ကြသည်။ ထို့ပြင် သူတို့ကိုလည်း ဆေးရုံတင်ရ၏။ အားလုံး ဆေးရုံ (၁၆၉)ရုံတို့တွင် နောက်နေ့များနှင့် ရက်သတ္တပတ်များတွင် ဆာရင်အဆိပ်ပြစ်မှုအကြောင်း အစီရင်ခံစာများ တင်ပြကြလေသည်။

ယခုအချိန်တွင် တစ်နိုင်ငံလုံး သတင်းများကို စိတ်ဝင်စားနေကြသည်။ လူပေါင်း (၅၅၀၀)ကျော် ထိခိုက်ပြီး အများစုမှာ ကြောက်စရာကောင်းအောင် ဒဏ်ရာရရှိကြ၏။ အနည်းဆုံး ခရီးသည်နှစ်ဦး ယခုအခါ ဘဝရ အိပ်ပျော်နေကြပေပြီ။ အမျိုးသမီးတစ်ဦးသည် မျက်လုံးများ အဆိပ်ငွေ့သင့်သဖြင့် ဝေဒနာပြင်းထန်စွာနှင့် ဆေးရုံသို့ ရောက်လာ၏။ သူမ၏ မျက်စိနှစ်လုံးအား ခွဲထုတ်ပစ်ခဲ့ရသည်။

နောက်ဆုံး သေဆုံးသူ လူစာရင်းမှာ (၁၂)ယောက်ထိ ရှိလာ၏။

ထိုနေ့လယ်ခင်းမှာပင် ဥုမ်၏ ပင်ပန်းနေသော တိုက်ခိုက်ရေးအဖွဲ့သည် ဖူဂျီတောင်သို့ ကားဖြင့် ပြန်သွားကြသည်။ လမ်းခုလတ်၌ သူတို့၏ အဝတ်အစားများကို တိုကျိုမြို့ပြင်ရှိ တာမာမြစ်ကမ်းနဖူးတွင် မီးရှို့ပစ်လိုက်ကြပြီး၊ ထိုးများကို ရေထဲသို့ ပစ်ချကြသည်။ ဖူဂျီတောင်သို့ရောက်သောအခါ အဆာဟာရက သူတို့အား ဆင့်ခေါ်ပြီး၊ ကျေးဇူးတင်ကြောင်း ပြောသည်။ ထို့နောက် ဂုရုကြီးက သူတို့ကို ငွေကြေး ပေးအပ်ချီးမြှင့်ပြီး ပုန်းအောင်းနေကြရန် ခွင့်ပြု၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နေ့မှာ မြေအောက်မီးရထားလမ်းတွင် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် မပြုလုပ်ကြဖို့ ရှိုကိုအဆာဟာရက သူ့နောက်လိုက်များကို မှာကြားထားသည် သေရတာ ကျေးဇူးတင်စရာကောင်းကြောင်း အကြောင်းမှာ အယူသီးဂိုဏ်းက သူတို့အား ပိုမိုမြင့်မားသော အဆင့်ရောက်အောင် အခွင့်အရေးပေးထား၍ ဖြစ်ကြောင်း သူက ရှင်းပြသည်။

"အဲဒီလို သေရတာ ကောင်းတယ်၊ သူတို့ဟာ ဒီမြင့်မြတ်တဲ့ခေါင်းဆောင်ကြီးအတွက် သူတို့ အသက်ဆုံးရှုံးရတာဖြစ်တယ်"ဟု ဂုရုကြီးက ပြောလေသည်။

✣ ✣ ✣



## အပိုင်း (၃)
## ကျိန်စာသင့်ခြင်း
## ကြောက်လန့်နေသောမြို့တော်

တိုကျိုမြို့ မြေအောက်မီးရထားလမ်းပေါ်တွင် မကြုံဘူးအောင် ကြောက်စရာကောင်းသော မြင်ကွင်းသည် တစ်မျိုးသားလုံးကို အံ့သြသွားစေခဲ့သည်။ အပြစ်ကင်းမဲ့သော ခရီးသွားများအား ရှားပါးသည့် နာဇီအာရုံကြောအဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခံရသောကြောင့် ဂျပန်နိုင်ငံ၏ လူအများအတွက် နှလုံးသားကို လှီးဖြတ်ခံခဲ့ရ၏။ လူအများအတွက် ဘယ်လိုမှ သဘောမပေါက်နိုင်ခဲ့။ မြို့တော်တစ်ဝိုက်မှာ ကောလာဟလများနှင့် သတင်းများ ဆူညံစွာ ထွက်ပေါ်နေသဖြင့် ကြောက်လန့်နေသော မြို့သူမြို့သားများသည် သူတို့ထဲတွင် ကြောက်လန့်စရာအသစ်ကို ဆုပ်ကိုင်နိုင်ရန် ရှန်းကန်နေကြရသည်။ အသံမကြားရ မမြင်ရသည့် လူသတ်သမားက သတိပေးခြင်းမရှိဘဲ အရမ်းကာရော တိုက်ခိုက်ခြင်းသည် မည်သည့်အချိန်မဆို ထပ်မံဖြစ်ပေါ်နိုင်သည်ဟု ယူဆကြ၏။

တိုကျိုမြို့၏ သန်းပေါင်းများစွာသော လူသားများသည် ကြောက်ရွံ့ခြင်း တိမ်တိုက်အောက်မှာ ရွေ့လျားနေကြရသည်။ လူများက မြေအောက်မီးရထားကို ရှောင်ကွင်းကြသဖြင့် ကားများပေါ်သို့ အတင်းတိုးဝေ့စီးနေကြကြောင်း တက္ကစီကားမောင်းသမားများက သတင်းပို့ကြသည်။ မြေအောက်မီးရထားလမ်းမှလွဲ၍ တခြား ပြောင်းလဲစရာမရှိသော ခရီးသည်များကမူ မီးရထားတွဲပေါ်မတက်မီ ကားများပေါ်တွင် အနံ့ခံရှူရှိုက်နေကြရ၏။ လူအနည်းငယ်သာ ထိုင်ခုံပေါ်တွင်ထိုင်၍ လိုက်ပါလာကြသည်။ သာမန်အဖြစ်ဆုံး အသံများဖြစ်သည့် လူတစ်ယောက် ချောင်းဆိုးသံ၊ ကလေးတစ်ယောက်ငိုသံ၊ လမ်းတစ်လျှောက်တွင် သံပုံးတစ်လုံး ဘွမ်ဂွမ် မြည်သံများသည် ကားထဲတွင် ကြောက်လန့်စရာများ ဖြစ်နေ၏။ တိုက်ခိုက်ခံရပြီး နောက်တစ်နေ့၌ အနံ့ဆိုးသော အထုပ်တစ်ထုပ် တွေ့ရှိရသဖြင့် မြေအောက်မီးရထားတစ်လိုင်း ရပ်တန့်သွားသည်။ ထိုအထုပ်ထဲတွင် ငါးများပါရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် လုံခြုံစိတ်အချရဆုံး မြို့တော်သည် ယခုအခါတွင် ရန်သူ အဝိုင်းခံရသကဲ့သို့ ဖြစ်နေသည်။ ဂျပန်စစ်တပ်သည် အကြမ်းဖက် တိုက်ခိုက်မှု နောက်တစ်ကြိမ်ဖြစ်လျှင် ကာကွယ်ရန် တပ်လှန့်ထား၏။ အားကစားရုံများနှင့် စတိုးဆိုင်များတွင် ဈေးဝယ်များ၏ အိတ်ကို စစ်ဆေးရန် ဝန်ထမ်း ဖြည့်စွက်ခန့်ထားကြသည်။ လေဆိပ်များ၊ ရုံးဌာနချုပ်များနှင့် အများပြည်သူ အဆောက်အအုံများ၌ လုံခြုံရေး တင်းကျပ်ထား၏။ တိုကျို မြို့တော် ရဲတပ်ဖွဲ့သည် ဥုမ်ကို စီးနင်းရှာဖွေရန် နောက်တစ်ကြိမ် ပြင်ဆင်ကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း အဓိက သံသယမှာ လူအမြောက်အမြား သတ်ဖြတ်မှုပင်ဖြစ်၏။ ရဲတပ်ဖွဲ့က ဓာတ်ငွေ့ကာမျက်နှာဖုံးများနှင့် ဓာတုဗေဒ အကာအကွယ်ပစ္စည်းများကို စစ်တပ်မှ ငှားရမ်းထားသည်။ အဆိပ်ငွေ့ကြောင့် ညစ်ညမ်းခဲ့ရသော နေရာများကို သန့်ရှင်းရေး ဆောင်ရွက်ရန်နှင့် ဥုမ်၏တန်ပြန်တိုက်ခိုက်မှုကို ကာကွယ်ရန် လေထီးတပ်သားများ ရပ်စောင့်နေကြ၏။ သို့ရာတွင် မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရမှုအတွက် အယူသီးဂိုဏ်းနှင့် မဆက်စပ်လိုကြောင်း ရဲတပ်ဖွဲ့က ပွင့်လင်းစွာပြင်းဆိုသည်။ စီးနင်းရှာဖွေမှုများသည် နိုဗြိုပတ်ဗလင် ခရှနေ ကီယိုနို ကာရီယအား ပြန်ပေးဆွဲမှုအတွက်သာဖြစ်ကြောင်း ပြော သည်။

ပြည်သူလူထုထဲတွင်မူ ဘာသာရေးအဖွဲ့တစ်ဖွဲ့က တိုကျိုမြို့ မြေအောက်မီးရထားလမ်းအား အဆိပ်ငွေ့များ တိုက်ခိုက်မှုမှာ မယုံကြည်နိုင်စရာ ဖြစ်နေ၏။ ဥုမ်အပေါ် သံသယရှိကြောင်း ရဲတပ်ဖွဲ့က လေသံမဟသလို သတင်းစာများကလည်း အယူသီးဂိုဏ်းက အမှန်တကယ် ခြိမ်းခြောက်သည့်ကိစ္စကို စုံစမ်းခြင်း မပြုကြပေ။ အကယ်၍ ပြည်သူများက ဥုမ်ကို ပြန်လည်သတိရကြမည်ဆိုလျှင် (၁၉၉၀)ပြည့်နှစ် ရွေးကောက်ပွဲကာလက ဆင်ဦးခေါင်းပုံ ခေါင်းစွပ်များနှင့် ကာတွန်းပုံစံ အဖွဲ့ကိုသာ သိရှိကြသည်။ ယခု အယူသီးဂိုဏ်းသည် ပြည်သူများ သတိပြန်ရအောင် လုပ်ကြပြန်၏။

ဥုမ်သည် ရှုပ်ထွေးနေသည့် အခြေအနေကို အခွင့်ကောင်းယူပြီး သူတို့ အပြစ်ကင်းစင်ကြောင်း ကြေညာသည်။

"ကျွန်တော်တို့ အဖွဲ့ဟာ ဘာသာရေးအဖွဲ့ဖြစ်ပြီး၊ သတ္တဝါတွေကို သတ်ဖြတ်ခြင်း မပြုရဘူးလို့ တားမြစ်ထားပါတယ်၊ ဒါကြောင့် အဲဒီအပြစ်အပျက်ကို ကျူးလွန်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"ဟု ရှေ့နေ ယိုရှိနိုဘုအော်ယာမက တိုက်ပွဲဖြစ်ပြီး နောက်တစ်နေ့တွင် သတင်းစာဆရာများအား ရှင်းပြခဲ့သည်။

ထိုအချိန်တွင် အယူသီးဂိုဏ်းသည် သူ့လမ်းကြောင်းများကို ဖုံးဖိရန် စတင် စီစဉ်သည်။ ဥုမ်ဌာနချုပ်မှ အင်တာနက်ပေါ်တွင် လျှို့ဝှက်သင်္ကေတများဖြင့် သတိပေးချက်များ ဆူညံစွာ ပေါ်ထွက်လျက်ရှိ၏။

"မတ်(၂၂)။ ဗုဒ္ဓဟူးနေ့၊ နံနက် (၇)နာရီ မိုးရွာရန် ရာနှုန်းပြည့်"





ဟု ဖော်ပြထားသည်။ ထိုအချိန်သည် ဂျပန်ရဲတပ်ဖွဲ့က ဥုမ်အဆောက်အအုံများကို တစ်နိုင်ငံလုံး စီးနင်းရှာဖွေမည့်အချိန် ဖြစ်လေသည်။

နောက်(၄၈)နာရီ ကြာသော်အခါ ဖူဂျီတောင်တွင် လှုပ်ရှားမှုများစွာကို မြင်တွေ့ကြရ၏။ အယူသီးဂိုဏ်းဝင်များသည် စာရွက်စာတမ်းထည့်ထားသော သေတ္တာများနှင့် ပစ္စည်းကိရိယာများကို ယာဉ်များဆီသို့ သယ်ယူနေကြသည်။ ထို့နောက် ယာဉ်တန်းများ ထွက်ခွာသွားကြသည်။ မှုန်ညင်းဓာတ်ငွေ့ရည် ပေါင်ရာပေါင်းများစွာကို ဖျက်ဆီးပစ်ကြပြီး၊ ဟိုက်ဒြိုချင်ဆိုင်ယာနိုက်ပုလင်းများကို မြေမြှုပ်လိုက်ကြ၏။ စမ်းရေကြည်ကျောင်းတော်တွင် ကျည်ဆန်များကို အရည်ကျိုပြီး၊ စက်များကို ပြန်လည်ပြုပြင်တပ်ဆင်ထားကြသည်။ ဂျပန်တစ်နိုင်ငံလုံးရှိ ဥုမ်အဖွဲ့ဝင် စာရင်းများကို သိုဝှက်ထားကာ မှတ်စုစာအုပ်များကို မီးရှို့ပစ်ကြ၏။ နောက်လိုက်များကို လျှို့ဝှက်ပုန်းခိုရာ နေရာများသို့ မောင်းသွင်းထားသည်။ ထိုအထဲတွင် သိပ္ပံဌာနခွဲမှ ရာပေါင်းများစွာသော အဖွဲ့ဝင်များ ပါဝင်သည်။

ထိုနေ့ နံနက်စောစောတွင် ဖူဂျီတောင်ရှိ ဒေသခံပြည်သူများက ရိုးရိုးကား ဖြူနှစ်စီးနှင့် အခြားကားနှစ်စီး ဥုမ်ဝင်းခြံထဲမှ တိုကျိုမြို့သို့ ဦးတည်လျက် အရှိန်ပြင်းစွာ မောင်းထွက်သွားသည်ကို မြင်တွေ့လိုက်ကြရ၏။ ဤတစ်ကြိမ်တွင်အဆင့်မြင့် တိုကျို ဟိုတယ် မြေအောက်ကားရပ်ရန်နေရာ၌ ရိုးရိုးကားကို မြင်ရပြန်ပြီး ဝတ်ရုံနှင့် မုတ်ဆိတ်မွေးပါသော လူတစ်ဦးအားတွေ့လိုက်ရသည်ဟု ဧည့်သည် ဗျားက ပြောကြသည်။ ရဲတပ်ဖွဲ့က ကားကို (၂၄)နာရီ စောင့်ကြည့်ခဲ့ကြ၏။ မကြာမီ သတင်းထောက်တစ်စုနှင့် သူတို့ ဆက်သွယ်မိကြသည်။ နောက် ရက်အနည်းငယ်ကြာသောအခါ ရိုးရိုးကား အသံစူးရှစွာဖြင့် ထွက်သွားသောအခါ ရဲတပ်ဖွဲ့နှင့် သတင်းထောက်များက နောက်မှလိုက်သွားကြ၏။ တစ်နည်းအားဖြင့် နောက်မှ လိုက်သူများသည် ရိုးရိုးကားမြင်ကွင်းမှ ပျောက်ကွယ်သွားပြီး ကားထဲမှ ရှိုကိုအဆာဟာရကိုလည်း နှစ်လနီးပါး မတွေ့ကြရတော့ချေ။

သို့သော် ဂုရုကြီးအမှောင်ထဲမှာ ရှိနေသည်ကို စမ်းတွေ့ရသည်။ ရဲတပ်ဖွဲ့က စီးနင်းဝင်ရောက်ခြင်းမပြုမီ နာရီအနည်းငယ်၌ ဗလာဒီဗော့စတော့မှ ရေဒီယို မော်စကိုအသံလွှင့်ဌာနမှ သတင်းဖမ်းယူ ရရှိခဲ့၏။ အဆာဟာရသည် နောက်ဆုံးပွဲအနေဖြင့် သစ္စာရှိကြရန် လှုံ့ဆော်နေသည်။

"အသင်တို့ရဲ့ မှန်ကန်တဲ့သဘာဝကို ဘယ်တော့မှ မဖျက်ပစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အသင်တို့ဟာ ကျုပ်ရဲ့ ယခင်ဘဝက တပည့်တွေဖြစ်ခဲ့ပြီး၊ သူများနဲ့ခြားနားတဲ့ စိတ်ဝိညာဉ်တွေကို အသင်တို့ ပိုင်ဆိုင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ အသင်တို့ဟာ ကယ်တင်ခြင်းနဲ့အတူ မွေးဖွားလာခဲ့တာကြောင့် ဖြစ်ပါတယ်။ ကျုပ်ဟာ ကျုပ်ရဲ့လက်ထောက်၊ ခြေထောက်တွေ၊ ဦးခေါင်းလိုပဲ အလုပ်အကျွေးပြုဖို့ စောင့်နေတယ်၊ ဒါ့ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ခြင်း စီမံချက်နဲ့ ကူညီမယ်။ ကယ်တင်ခြင်းနဲ့အတူ ဆက်လက်ချီတက်ကြပါစို့။ နောက်ပြီး သေခြင်းတရားကို ဝမ်းနည်းမှုမရှိဘဲ ရင်ဆိုင်ကြပါစို့။

"သေခြင်းတရားကို မရှောင်လွှဲနိုင်ဘူး၊ အသင့်ကိုယ်အသင် လိမ်ညာသည်ဖြစ်စေ၊ မလိမ်ညာသည်ဖြစ်စေ အသင်ဟာ အမှန်တကယ် သေရလိမ့်မယ်. . . ဂုဏ်ကျက်သရေ အနန္တနဲ့ ပြည့်စုံကြပါစေ. . ."

ထိုစကားများသည် အယူသီးဂိုဏ်းက ကြာမြင့်စွာ မြတ်နိုးယုယစွာ ပြောခဲ့သော စကားဖြစ်ပြီး၊ ဘုရားသခင် ဗျာဒိတ်တော်ခန့် နိဒါန်းနှင့် ဆင်တူနေသည်။ မတ်လ(၂၂)ရက်နေ့ မိုးသောက်ယံတွင် အဓိကဂိုဏ်း နှိမ်နှင်းရေး ကိရိယာများနှင့် ဓာတုဗေဒစစ်ဆေးရေး ဝတ်စုံများဝတ်ဆင်ထားကြသော ရဲတပ်ဖွဲ့ဝင်တစ်ထောင်သည် ဖူဂျီတောင်ခြေသို့ ချီတက်သွားကြ၏။ သူတို့သည် လျှပ်စစ်လွှများ၊ မီးတုတ်များ၊ သံတူးရွင်းများနှင့် အဆိပ်ငွေ့ယိုထွက်ပါက သတိပေးရန် တစ်နှစ်သားအရွယ် လှောင်ချိုင့်ထဲမှ ကနေရီငှက်များကို သယ်ဆောင်သွားကြသည်။ ရေပိုက်များ၊ အင်္ဂမတ်ကားများနှင့် လူနာတင်ကားများက နောက်မှ လိုက်ပါလာကြ၏။

ရဲတပ်သားများ အနီးရောက်သောအခါ ရှာဖွေရေး မီးရောင်များ ဖြာထွက် လှုပ်ရှားလာသည်။

"ဥမ် သမုတိသစ္စာဂိုဏ်းအဖွဲ့မှာ ကွယ်ဝှက်ထားစရာ ဘာမှ မရှိဘူး"ဟု နောက်လိုက်တစ်ဦးက မီဂါဖုန်းမှ အော်၍ ပြောသည်။ "အခုဟာ. . . မတရားသဖြင့် ရှာဖွေတာပဲ ဖြစ်တယ်၊ ဒါပေမယ့် ကျုပ်တို့ ပူးပေါင်းဆောင်ရွက်ပါ့မယ်"

ထို့နောက် ရဲတပ်ဖွဲ့သည် ဖြစ်ကတတ်ဆန်း လုပ်ထားသည့် အတားအဆီးများကို ချိုးဖောက်ဝင်ရောက်ကြပြီး၊ ဝင်းထဲသို့ ဝင်သွားကြ၏။ တစ်ချိန်တည်းမှာပင် ရဲတပ်သား ရာပေါင်းများစွာသည် ဂျပန်နိုင်ငံ တစ်ဝှမ်းရှိ ဥမ်ရုံးများနှင့် အဆောက်အအုံများထဲသို့ ဝင်ရောက်ကြလေသည်။

နောက်တစ်ပတ်တွင် အိပ်မွေ့ချထား ခံရသူကဲ့သို့ ပြည်သူများသည် ရုပ်မြင်သံကြားကို ကြည့်ရှုနေကြစဉ် ရဲတပ်ဖွဲ့သည် ဖူဂျီတောင်ခြေ၌ ဓာတုဗေဒပစ္စည်း အမြောက်အမြား စုပုံထားသည်ကို တူးဖော်ရရှိကြောင်း တွေ့မြင်ကြရ၏။ ဆိုဒီယံဆိုင်ယာနိုက်၊ ဟိုက်ဒြိုကလိုရစ် အက်စစ်၊ ကလိုရိုဖောင်း၊ ဖင်နိုင်ဘာဆီတိုနီထရိုင်း၊ ပေါက်ကွဲပစ္စည်းအတွက် ဂလစ်ဆရင်၊ ဘက်တီးရီးယား မွေးမြူရန်အတွက် ပက်တုန်းများစွာ၊ ဆိုဒီယံ ဖလောရိုက် အိတ်ပေါင်းများစွာ ဖော့(စ်)ဖာရပ် ထရိုကလိုရိုက် အိတ်(၅၀၀) စသည်ဖြင့် ထိုနေ့မှာပင် စာရင်းအင်းသည် ကြောက်လန့်ဖွယ်ကောင်းနေ၏။ ဥမ်၏ အစုပုံ ပစ္စည်းများသည် ဓာတုဗေဒပစ္စည်း အမျိုးပေါင်း(၂၀၀)ကျော်ရှိပြီး၊ ဆာရင်အဆိပ်ငွေ့ထုတ်ရန် အဓိကပစ္စည်းများ ပါဝင်သည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။

ကြီးမားသော ဓာတုဗေဒကာကွယ်ရေး ပစ္စည်းများနှင့် လူအများသည် ဝင်းထဲမှ အလင်းရောင်နည်းသော် အတွင်းပိုင်းသို့ ခတ်မီးများဖြင့် ခမ်းတဝါးဝါးသွားသောအခါ ဥမ်အင်ပါယာ၏ ပမာဏသည် အလိုလိုပေါ်လာ၏။ ထိုဝင်းထဲတွင် သတ္တုအလုပ်ရုံများနှင့် ပုံနှိပ်စက်များ အပေါက်ပါသောအိတ်များနှင့် အလေးမ လေ့ကျင့်ခန်း ကိရိယာများဖြင့် တန်ဆာဆင်ထားသော ခန်းမကြီးတစ်ခုကို တွေ့ကြရ၏။ သီယိုပန်တယ်နှင့် ပီအေအမ်ကဲ့သို့ အစွမ်းထက်သော ဆေးဝါးများအပါအဝင် ဆေးရုံသုံးပစ္စည်းများ အစုလိုက်အပုံလိုက် ရှိသည်။ ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးရုံး အဆောက်အအုံတွင် အာမခံသေတ္တာတစ်လုံးထဲ၌ ဒေါ်လာ(၇. ၉)သန်းနှင့် ရွှေ(၂၂)ပေါင်ကို ရှာဖွေတွေ့ရှိရသည်။ ထို့ပြင် ရဲတပ်ဖွဲ့က မြန်မြန်ရှာဖွေသဖြင့် ဦးနှောက်ဆေးခန်းများနှင့် အချုပ်ခန်းများကိုပါ တွေ့ရှိရပြန်၏။

စုံစမ်းစစ်ဆေးသူများသည် ဘုရားရှိခိုးခန်းကို ဖွင့်ပြီး၊ ရှာဖွေရာ ကြုံလိုပိန်ချုံးနေသော လူ(၅၀)ကို တွေ့ကြရသည်။ တချို့က ငတ်မွတ်လုနီးဖြစ်ပြီး၊ တချို့မှာ အသားအရေ အလွန်သွေ့ခြောက်သဖြင့် ရဲများရောက်လာသောအခါ သူတို့သည် ဗလာကျင်းလျက် ရှိကြ၏။ အများစုက ဆေးကုသမှုခံရန် ငြင်းဆိုကြသော်လည်း လူခြောက်ယောက်အနက် နှစ်ဦးမှာ အရေးကြီး အခြေအနေဖြစ်၍ စောင့်ဆိုင်းနေသော လူနာတင်ကားဆီသို့ ထမ်းစင်ဖြင့် သယ်ယူသွားရသည်။ အခြား အယူသီးဂိုဏ်းဝင်များက မော့ကြည့်ပြီး ငိုကြ၏။

ရဲတပ်ဖွဲ့သည် အပြင်ဘက်မှာထားသော ကုန်တင်၊ ကုန်သေတ္တာများကို စတင်စစ်ဆေးကြရာ လူများကို နှစ်စုခွဲ၍ အလွန်သေးငယ်သော အခန်းများထဲတွင် အစားအသောက်နှင့် အညစ်အကြေးစွန့်ရန် အပေါက်ငယ်များဖြင့်ထားသည်ကို တွေ့ကြရ၏။ ကုန်သေတ္တာတစ်ခုထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး မိကာ၏ ရုပ်သွင်ကို လေးဘက်တွားလျက် တွေ့ရှိမြင်ရသည်။ သူမသည် ဝက်အူလှည့်တစ်ချောင်းဖြင့် လမ်းဖွင့်ပြီး လွတ်မြောက်ရန် ကြိုးစားနေသူ ဖြစ်၏။ ဥမ်၏ ခေါင်းခွဲစိတ်ခံရသူ နောက်တစ်ယောက် သားကောင်ကိုလည်း လွတ်ပေးကြရသည်။ သူသည် ကိုယ်အလေးချိန် (၆၆)ပေါင် လျော့နည်းသွားပြီး၊ စကားပြောနိုင်ရုံမျှသာရှိတော့၏။ ရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါး တိုက်ကျွေးခံထားရသည့် ဒတ်ဆူရာ စမ်းသပ်ခံရသူတစ်ဦးကို တွေ့ရပြန်သည်။ သူသည် စကားပြောရာတွင် လုံးဝ ဗလုံးဗထွေး ဖြစ်နေ၏။ ထိုလူအသက်ရှင်သည်မှာ အလွန်ကံကောင်းသည်ဟု ဆရာဝန်တစ်ဦးက ပြောသည်။

"လူသေအလောင်းတွေကို ရှာတွေ့ဖို့ သိပ် အချိန်မကြာတော့ဘူး"ဟု ရဲတပ်ဖွဲ့ဝင်တစ်ယောက်က သတင်းထောက်များကို ပြောပြသည်။ သို့သော် လူသေအလောင်းများကိုပင် ရှာတွေ့ရန် ရဲတပ်ဖွဲ့သည် အလွန်





www.burmeseclassic.com

www.burmeseclassic.com

နောက်ကျသွားပေပြီ။ ရှင်လျက်နှင့် သေနေသူများအပြင် စုံစမ်းစစ်ဆေးသူများသည် မိခင်နှင့် ကလေးဖြစ်ဟန်တူသော အမျိုးသမီးတစ်ဦး၏ အင်္ကျီစုများနှင့် ကလေးအရိုးစုများ အပါအဝင် မီးသဂြိုဟ်ထားသော အရိုးအိုးများကို တွေ့ကြရ၏။ သာတီယံ(၂) အောက်ခြေ၌ မိုက္ကရိုဝေ့(ဗ်)ခေတ်အားပေးစက်နှင့် အနက်ရောင် ဆေးသုတ်ထားသည့် သတ္တုစည် အလုံးပေါင်း ရှစ်ဆယ်ကို တွေ့ကြရသည်။ နံရံများနှင့် မျက်နှာကြက်များသည် ကျပ်ခိုးမည်းများ ဖုံးလွှမ်းနေ၏။ ထိုနေရာတွင် နောက်လိုက်များကို မီးရှို့သဂြိုဟ်ခဲ့သည် သဲလွန်စများ ဖြစ်လေသည်။ အာဏာပိုင်များသည် ဥမ်နှင့် ဆက်နွယ်နေသော လူသတ်မှုပေါင်း(၂၀)ကို လူသေအလောင်းတစ်လောင်းမျှ မတွေ့ရှိရဘဲနှင့် စုံစမ်းတွေ့ရှိကြရ၏။

ဤမျှ များပြားစွာသော အကျည်းတန် ရွံရှာဖွယ် မြင်ကွင်းများကို ရဲတပ်ဖွဲ့က သတင်းဌာနများကို ဖွင့်ပြောသည်။ သို့သော် မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အယူသီးဂိုဏ်း ပါဝင်ကျူးလွန်ကြောင်းပြောရန် သို့မဟုတ် လူသတ်မှုနှင့် ပတ်သက်၍ သံသယရှိသူကို ဖမ်းဆီးရန် ရဲတပ်ဖွဲ့က ငြင်းဆိုသည်။ စီးနင်းရှာဖွေသည့် တစ်နေ့တွင် ဆရာဝန်သုံးဦးအပါအဝင် အယူသီးဂိုဏ်းအဖွဲ့ဝင် လေးဦးကိုသာ မတရား ချုပ်နှောင်မှု သံသယဖြင့် ဖမ်းဆီးခြင်းခံရသည်။

နောက်တစ်နေ့၌ "ရဲတပ်ဖွဲ့နှင့် စစ်ပွဲ"အမည်ရှိ မှတ်စုစာအုပ်ကို ယူဆောင်လာသော နောက်လိုက်တစ်ဦးကို ဖမ်းဆီးလိုက်သည်။ လူများအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းအောင်လုပ်သည့် ရာဇဝတ်များကို ရည်ညွှန်းထားသည့်အကြားမှာ မှတ်စုစာအုပ်ထဲ၌ ရောဂါပိုးမွှား မွေးမြူနည်းများနှင့် "အဏုမြူဗုံး ပေါက်ကွဲလျှင် သင့်နားရွက်များကို ဖုံးအုပ်ထားပြီး ပါးစပ်ဟထားပါ"ဟု သတိပေး စာတမ်းများပါရှိ၏။

ယခုအချိန်တွင် ဖူဂျီတောင်ရှိ ရဲတပ်ဖွဲ့နှင့် သတင်းထောက်များကို စိတ်ပူပန်သောကရောက်နေသည့် ဂျပန်တစ်နိုင်ငံလုံးရှိ မိဘများက လာရောက် ဆက်သွယ်ကြသည်။

"တကယ်လို့ ကျွန်မသားနဲ့ တခြားနောက်လိုက်တွေ သူတို့ကိုယ်သူတို့ သတ်သေကြမယ်ဆိုရင် ကျွန်မလည်း သတ်သေပစ်ဖို့ လာခဲ့တယ်"ဟု ဂျပန်နိုင်ငံ အနောက်ပိုင်းမှ ခရီးထွက်လာခဲ့သည့် အမျိုးသမီးတစ်ဦးက ပြောသည်။

"ကျွန်မသမီးလေး အလိမ်ညာခံရတယ်၊ ကျွန်မသမီးလေးကို အိမ်ပြန်ခေါ်သွားချင်တယ်"ဟု ကိုဘီမြို့မှ အမျိုးသမီးတစ်ယောက်က အော်ပြောလိုက်ရာ အယူသီးဂိုဏ်းဝင်းထဲသို့ ဝင်ရောက်ခြင်းမပြုရန် ရဲတပ်ဖွဲ့က တားဆီးထားလိုက်ရ၏။





ဥမ်၏ ကြောက်စရာမြင်ကွင်းကို ရဲတပ်ဖွဲ့သည် ယခုအထိ သဘောပေါက်ဟန် မတူသေး။ နောက်လိုက် အဖွဲ့ဝင်ဟောင်းတစ်ဦးသည် သူ၏ကလေးများကို ပြန်လည်ရရှိရန် တရားရုံးတော်မှအမိန့်နှင့် ရောက်လာ၏။ သူသည် ဝင်းခြံတစ်ခုထဲသို့ ဝင်ရောက်သွားပြီး ကလေးများကို အပြင်ခေါ်သွားရန် စီစဉ်လေသည်။ ထိုကိစ္စသည် ပျော်ရွှင်ဖွယ်ကောင်းသည်။ ပြန်လည်ပေါင်းစည်းရေး မြင်ကွင်းဖြစ်၏။ ထိုလူသည် လပေါင်းများစွာကြာအောင် သူ့ကလေးများနှင့် မတွေ့ခဲ့ရပေ။ သို့သော် သူ့ကလေးများကို ကားဆီသို့ ခေါ်ဆောင်သွားသောအခါ ရဲများရောက်လာပြီး၊ တရားမဝင် ဝင်ရောက်လာသည့်အတွက် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ဖခင်ကို စုံစမ်းမေးမြန်းရန် ခေါ်ဆောင်သွားသည့် အချိန်မှာပင် အယူသီးဂိုဏ်းဝင်များက ကလေးများကို သူတို့၏ ဝင်းခြံထဲသို့ ပြန်လည် ခေါ်ဆောင်သွားခဲ့ကြသည်။ သူ့ကလေးများကို ပြန်လည်တွေ့ဆုံရန် ရက်သတ္တပတ်ပေါင်းများစွာ ကြာခဲ့ရ၏။

စီးနင်းဝင်ရောက်ရှာဖွေခြင်း လုပ်ငန်းများ ဆက်လက်လုပ်ကြသည်။ သာတီယံ(၇) အတွင်း၌ လျှပ်စစ်ဓာတ်မကူးအောင် စီမံထားသော ဗုဒ္ဓဆင်းတုတော်ကို ခုတ်ဖြတ်ဖယ်ရှားလိုက်ရာ ပိုက်များနှင့် ရေစစ်များ၊ ဓာတုဗေဒပစ္စည်းများနှင့် ကွန်ပျူတာ ထိန်းကွပ်ထားသည့် ကိရိယာများ ပေါ်လာသည်။ သေမင်းစက်ရုံ၏ အပြင်ဘက်တွင် ရဲတပ်ဖွဲ့သည် ကြီးမားလှသော လေကောင်းလေသန့် ရရှိစေသည့် ပိုက်များ၊ ပလတ်စတစ်ရေပိုက်များကို တွေ့ရှိခဲ့ရ၏။ ထိုပစ္စည်းများပေါ်တွင် "သိပ္ပံဝန်ကြီးဌာန"ဟု တံဆိပ်ကပ်ထားသည်။

ခြောက်ရက်မြောက်နေ့တွင် လူသတ်မှုတစ်ခုကို တရားဝင်အမှုဖွင့်လှစ်ခဲ့၏။ ယခုတော့ ရဲတပ်ဖွဲ့သည် လူလေးသန်းကျော်ကို သေစေနိုင်သည့် ဆာရင်အဆိပ်များ လုံလောက်စွာ ထုတ်လုပ်နိုင်သည်ဟု ယုံကြည်လာကြသည်။

ဥမ်၏ တုံ့ပြန်ချက်မှာ အရှက်ကင်းမဲ့စွာ တိုက်ရိုက်အားလုံးကို ငြင်းဆိုနေလျက်ရှိသည်။ အဆာဟာရ၏ ဗီဒီယိုသတင်းကို စိတ်ရှုပ်ထွေး၍ ကြောက်လန့်နေသော ပြည်သူများ ကြားသိရသည်။ အလုံးအရင်းဖြင့် ဝင်ရောက်စီးနင်း ရှာဖွေခြင်းသည် အနည်းငယ်မျှသာ သေချာသည်။ ရဲတပ်ဖွဲ့သည် မြေအောက်မီးရထား အဆိပ်ငွေ့ကိစ္စနှင့် ပတ်သက်၍ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးခြင်း မပြုသေးပေ။ သို့သော် ပြည်သူလူထုကမူ အယူသီးဂိုဏ်းအား တရားခံဟု ယုံကြည်နေကြ၏။ ဘကယ်စင်စစ်မှာ တိုက်ခိုက်ခြင်းမပြုမီ ရက်သတ္တပတ်များစွာကပင် ဥမ်တွင် ပုံစံအားဖြင့် တာဝန်ရှိပြီး ဖြစ်နေသည်။

မတ်လကုန်ခါနီးတွင် ဒလိုင်းလားမား ဂျပန်သို့ အလည်အပတ်ရောက်ရှိလာသောအခါ ဂျပန်နိုင်ငံသည် ဥမ်ကို ကြောက်ရွံ့နေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပျက်စီးဆုံးရှုံးနေရသည့် တိုင်းပြည်ကို မြင်တွေ့လိုက်ရ၏။ မြင့်မြတ်သော တိဗက်ဘာသာရေး ခေါင်းဆောင်ကြီးသည် အစီအဉ်အရ ခရီးသွားနေခြင်း ဖြစ်၏။ သို့သော်လည်း ဥမ်အကြောင်းကို မေးမြန်းခံနေရသဖြင့် သူ တုန်လှုပ်ချောက်ချားမိကြောင်း ပြင်းဆိုခဲ့သည်။ ဒလိုင်းလားမားက ဤသို့ ပြောသည်။

"သူ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ စဉ်းစားပါတယ်၊ ဒါပေမယ့် တကယ့် မိတ်ဆွေအစစ်တော့ မဟုတ်ဘူး"

ဒလိုင်းလားမား၏ မစစ်မှန်လှသော မိတ်ဆွေကြီးပျောက်ကွယ်သွား၏။ သူနှင့်အတူ အယူသီးဂိုဏ်း၏ အန္တရာယ်အကြီးဆုံး လူများလည်း ထွက်ပြေးသွားသည်။

ဂျပန်နိုင်ငံ၏ အလိုရှိဆုံး ပုဂ္ဂိုလ်မှာ အသက်(၂၉)နှစ်အရွယ်ရှိ တာကေရှိမတ်ဆူမိုတို ဖြစ်ပြီး၊ သူသည် မိဘများအား ငရဲပြည်ကို မြင်ရကြောင်းပြော၍ အယူသီးဂိုဏ်းသို့ ဝင်ရောက်ခဲ့သူဖြစ်၏။ အယူသီးဂိုဏ်းကိုလည်း သစ္စာရှိလေသည်။ မတ်ဆူမိုတိုသည် ကီယိုရှိကာရိယအား ပြန်ပေးဆွဲစဉ် ကားမောင်းပေးရသူ ဖြစ်သည်။ သူ၏ လက်ဗွေများသည် ကားငှားခဲ့သည့်ဆိုင်တွင် ငွေရပြေစာပေါ်၌ ထင်ကျန်ရစ်ခဲ့၏။ မတ်ဆူမိုတိုသည် ထွက်ပြေးခဲ့ပြီးနောက် ဂျပန်ပင်လယ်အနီး ကျေးရွာငယ်တစ်ခုရှိ တဲအိမ်တစ်အိမ်မှာ ပြေးအောင်းခိုနားခဲ့သည်။ ထိုနေရာတွင် သူသည် ဒေါက်တာဟာယရှိနှင့် ဇနီးရီရာတို့နှင့် ဆက်သွယ်မိခဲ့၏။ ရီရာသည် မေ့ဆေးဆိုင်ရာ ဆရာဝန်ဖြစ်သည်။ မတ်ဆူမိုတို၏ လက်ဗွေများကို ခွာပစ်ရန် အမိန့်ပေးခံရသောကြောင့် လူငယ် အယူသီးဂိုဏ်းဝင်များသည် ဒုတိယအကြိမ် ငရဲခန်းနှင့် တွေ့ကြုံရပြန်သည်။

ပထမတွင် ရီရာဟာရှိယာသည် မတ်ဆူမိုတိုအား သာမန်မေ့ဆေး ပေးလိုက်၏။ မတ်ဆူမိုတို မေ့ဆေးပေးခံရသည့်အခါ ဒိုက်ကူဒိုက ခွဲစိတ်ဓားဖြင့် အလုပ်လုပ်လေတော့သည်။ မတ်ဆူမိုတို၏ လက်ချောင်းများကို တစ်လှည့်ယူပြီးလျှင် ထိပ်ဖျားမှ ဤသို့ပင် လုပ်လေသည်။ တစ်ချက်တည်းဖြင့်ပင် မတ်ဆူမိုတို၏ လက်ဗွေများဖယ်ထုတ်ပြီး ဖြစ်သွား၏။ ဒေါက်တာဟာယာရှိသည် သူ၏ မေးရိုးနှင့် မျက်ခွံများကို ခွဲစိတ်ပြန်ရာ အောင်မြင်မှုမရှိ နောက်ဆုံးအလှည့် ရောက်သောအခါ မတ်ဆူမိုတိုသည် နာကျင်သည့်ဝေဒနာ ပြင်းထန်စွာခံစားရသည်။ မကြာမီ သူသည် နောက်တစ်ကြိမ် ထွက်ပြေးရပြန်၏။

တဲအိမ်ကို ဝင်ရောက်ရှာဖွေသော ရဲတပ်ဖွဲ့သည် ကြောက်လန့်စရာကောင်းသည့်မြင်ကွင်းကို တွေ့ရသည်။ မတ်ဆူမိုတိုကတော့ ထွက်ပြေးသွားပြီ။ သို့သော် သူ၏ အရိုးအစအနများနှင့် တွန့်လိမ်နေသော အရေပြားသည် ဂွမ်းစနှင့် သွေးများ ပေကျံလျက် ကြမ်းပြင်ပေါ် ကျနေ၏။ ခွဲစိတ်ပစ္စည်းနှင့် ခွဲစိတ်နည်းမှတ်စု စာအုပ်လည်း အနီးမှာ ရှိသည်။





အနည်းဆုံး အယူသီးဂိုဏ်းအဖွဲ့ဝင် ခြောက်ဦးသည် ဤတဲအိမ်သို့ လာရောက်ခိုအောင်းခဲ့ပြီး၊ လေယာဉ်အချိန်ဇယား လမ်းမြေပုံနှင့် ထွက်ပြေးသူ အချင်းချင်း ဆက်သွယ်သည့် လျှို့ဝှက်အမှတ်အသား စာအုပ်များ ချန်ထားရစ်ခဲ့၏။ ဂျပန်နိုင်ငံကဲ့သို့ သေးငယ်ပြီး လူဦးရေ ထူထပ်သော တိုင်းပြည်မှာ သံသယရှိသော ဥမ်အဖွဲ့ကို လိုက်လံရှာဖွေရန် ခက်ခဲနေ၏။ မတ်လ တစ်လထဲမှာပင် အယူသီးဂိုဏ်းသည် ဒေါ်လာနှစ်သန်း အလှူခံရရှိပြီး၊ လျှို့ဝှက်စခန်းပေါင်း လေးဆယ်ရှိ နောက်လိုက်များ ခိုအောင်းရန် အတွက် "စစ်ပွဲရန်ပုံငွေ"အဖြစ် သုံးစွဲခဲ့သည်။

သူလျှိုအကြီးအကဲ ယိုရှိုဟီရိုအင်နိုအီသည် တိုကျိုမြို့ လျှို့ဝှက်စခန်း တစ်နေရာ၌ ပုန်းအောင်းနေ၏။ သူနှင့်အတူ မြေအောက်မီးရထားလမ်းကို တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။ တိုရုတိုယိုဒါနှင့် လက်တစ်ဆုပ်စာ ထွက်ပြေးသူများ ရှိနေသည်။ အင်နိုအီသည် ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးခြင်းကို နှောင့်ယှက်ရန်နှင့် ဂုရုကြီးအား ဖမ်းဆီးမခံရအောင် မည်သည့်နည်းဖြင့်မဆို ကာကွယ်ရေးအတွက် အမိန့်ရရှိထား၏။ သူ့အတွက် ကံကောင်းထောက်မသည်ကတော့ ထွက်ပြေးနေကြသော အယူသီးဂိုဏ်းဝင်များသည် သေစေနိုင်သော ဆေးပစ္စည်းများဖြစ်သည့် ဆိုဒီယံဆိုင်ယင်နိုက်၊ ဟိုက်ဒြိုကလိုရစ်အက်စစ်၊ ပေါက်ကွဲပစ္စည်းများနှင့် လူသတ်သမားဟာယရှိ လျှို့ဝှက်စွာ မြေမြှုပ်ထားသော ဗွီအိပ်အာရုံကြောအဆိပ်ငွေ့များကို သယ်ဆောင်သွားသောကြောင့် ဖြစ်၏။

ဥမ်အဆောက်အအုံနှင့် ပစ္စည်းများကို ရဲတပ်ဖွဲ့က ဆက်လက်ရှာဖွေနေသောကြောင့် အင်ဒိုအိမ်လူများသည် အလုပ်ပြင်းထန်စွာ လုပ်နေကြရသည်။ ပထမတွင် သူတို့သည် စာအုပ်တစ်အုပ်ကို အပေါက်ထွင်းလိုက်၏။ ထိုနောက်က လိုက်ခေါင်းထဲသို့ ပေါက်ကွဲပစ္စည်းများနှင့် ခလုတ်ပစ္စည်းများ ထည့်ကြသည်။ ကြောက်စရာ လုပ်ငန်းအသစ်တစ်မျိုး စတင်စပြုပေပြီ။

ဥမ်စုံစမ်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင်သည် အမျိုးသား ရဲတပ်ဖွဲ့အေဂျင်စီ အကြီးအကဲ တာကာဂျီကူနီမတ်ဆု ဖြစ်၏။ ဂျပန်နိုင်ငံ၏ ရဲတပ်ဖွဲ့အကြီးအကဲသည် အစဉ်အလာသမားတစ်ဦး ဖြစ်သည်။ ထို့ပြင် မတ်လ (၃၀)နေ့ နံနက်သည် ယခင်က ကဲ့သို့ပင် ရှိနေပြန်၏။

ကူနီမတ်ဆုသည် တိုကျိုမြို့ ဆူမိဒ မြစ်ကမ်းအနီးမှ တိုက်ခန်းတစ်ခန်းတွင် နေထိုင်သည်။ နံနက် (၈း၀၀)နာရီ နောက်ပိုင်း ကားဆရာမောင်းနှင်လာသော ကားတစ်စီးသည် ရဲတပ်ဖွဲ့အကြီးအကဲအား ခေါ်ယူရန် ရောက်ရှိလာသောအခါ မိုး အကြီးအကျယ် ရွာချနေ၏။ အကူဝန်ထမ်းတစ်ဦးက ကူနီမတ်ဆုအား ဧည့်ခန်းတွင် နှုတ်ဆက်ပြီး၊ သူတို့ကားဆီသို့ လမ်းလျှောက်သွားသည့်အခါ သူ့ဆရာခေါင်းပေါ်သို့ ထီးမိုးလျက် လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ သေနတ်ပစ်လိုက်၏။ သေနတ်ပစ်သံသည် အဆောက်အအုံလူနေခန်းထဲသို့ ကျယ်လောင်စွာ ထွက်ပေါ်လာသကဲ့သို့ ကျည်ဆန်ထိပ်ဖူးတစ်ခုက ကူနိမတ်ဆု၏ ကိုယ်ခန္ဓာထဲသို့ ဝင်သွားသည်။ ရဲတပ်ဖွဲ့အကြီးအကဲ မြေပေါ်သို့ လဲကျနေစဉ် အကူဝန်ထမ်းသည် ထီးကို ဆုပ်ကိုင်ထားဆဲ ဖြစ်၏။ ကူနိမတ်ဆု လဲကျသော်လည်း သူ၏ခြေထောက်၊ ရင်ဘတ်နှင့် ဝမ်းဗိုက်ဆီသို့ သေနတ်ဖြင့် နောက်ထပ် သုံးကြိမ် အပစ်ခံရသည်။

ခန္ဓာကိုယ်ထဲတွင် ကျည်ဆန်သုံးတောင့်နှင့်အတူ ကူနိမတ်ဆုအား ဆေးရုံသို့ သယ်ဆောင်သွားကြ၏။ စတုတ္ထမြောက် ကျည်ဆန်သည် ထင်ရှားစွာ ထိုးဖောက်သွားသည်။ ခြောက်နာရီကြာ ခွဲစိတ်ပြီးနောက် ကျည်ဆန်များ ထုတ်ပစ်လိုက်၏။ ရဲတပ်ဖွဲ့အကြီးအကဲသည် အထူးကြပ်မတ်ကုသခံနေရသောကြောင့် ငြိမ်နေရစဉ် သူ့လူများက ဘာဖြစ်သည်ကို အသေးစိတ် စုံစမ်းနေကြသည်။

ကူနိမတ်ဆုအား ပစ်လိုက်သော ဆံလည် ခြောက်လုံးပြူးသေနတ်သည် အမေရိကန်လုပ် (၃၅၇)ကယ်လီဘာကို(လ်စ်) မက်နမ် အမျိုးအစားဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယုံကြည်နေကြ၏။ သေနတ်သမားသည် ကိုက်(၃၀)အကွာမှ တိုင်တစ်လုံးကို အကာအကွယ်ယူပြီး ပစ်ဟန်တူသည်၊ သေနတ်သမားသည် ကြေးစားဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယုံကြည်နေ၏၊ မြင်ကွင်း မှုန်ဝါးနေသည့်ကြားတွင် သူသည် ရွေ့လျားနေသော ပစ်မှတ်ကို လေးချက်စလုံး ထိမှန်အောင် အဝေးမှ ပစ်နိုင်သည်၊ ဂျပန်နိုင်ငံတွင် လူအနည်းငယ်မျှသာ ရဲတပ်ဖွဲ့ သို့မဟုတ် စစ်တပ်မှ လက်ဖြောင့်တပ်သားကဲ့သို့ တိကျအောင် ပစ်နိုင်ကြသည်။ သို့မဟုတ် နိုင်ငံခြားတွင် ကျွမ်းကျင်သူတစ်ဦးနှင့် လေ့ကျင့်သင်တန်းပေးထားသူ၊ လောလောဆယ်တွင် ရုရှပြည်တွင် သင်တန်းတက်သူ ဖြစ်နိုင်၏။

ကူနိမတ်ဆုအား သေနတ်ဖြင့် ပစ်သူသည် အနီးရှိအခန်းမှ ထွက်လာဟန်ရှိသည်။ ပထမအထပ်တွင် စီးကရက်တို ခုနစ်ခု တွေ့ရ၏။ သေနတ်သမားသည် ထွက်ပေါက်လမ်းသို့သွားရန် ယာဉ်ကို မိုက်မဲစွာ ရွေးချယ်ခြင်း ဖြစ်၏။ သို့သော် လမ်းကျဉ်းလမ်းမြောင်ကြားသို့ စက်ဘီးဖြင့် သွားနိုင်ပြီး အချင်းဝက် တစ်မိုင်မျှဝေးသော မီးရထားဘူတာသို့ ရောက်နိုင်သည်၊

သေနတ်ပစ်သူဘယ်သူလဲ။ မျက်မြင်သက်သေများသည် အသက်(၄၀)ပတ်ဝန်းကျင်အရွယ် လူတစ်ယောက်သည် ကုတ်အင်္ကျီအမည်းနှင့် ဘောင်းဘီတိုကို ဝတ်ဆင်လျက် အယ်ပိုင်းဦးထုပ်ကို ဆောင်းထားပြီး အအေးမိကာကွယ်ရန် မျက်နှာဖုံးစွပ်ထား၍ စက်ဘီးစီးလာတာ မြင်ရသည်ဟု ပြောကြသည်။ အခင်းဖြစ်နေရာတွင် မြောက်ကိုရီးယား စစ်တပ်တံဆိပ်နှင့် ငွေဒင်္ဂါးတစ်ပြားကို ရဲတပ်ဖွဲ့က တွေ့ရှိကြရ၏။ သို့သော် စုံစမ်းထောက်လှမ်းသူများကို လမ်းခွဲစေရန် ထိုပစ္စည်းများကို ချထားခဲ့ခြင်း





ဖြစ်သည်ဟု သံသယ ရှိနေကြသည်။ လေ့လာသူတချို့ကမူ ဥမ်ကို အကာအကွယ်ယူပြီး ဂျပန် မြေအောက်လူဆိုးဂိုဏ်းဝင်တစ်ဦးက သေနတ်ဖြင့် ပစ်သည်ဟု ယုံကြည်နေကြသည်။ သို့သော် အနည်းငယ်သော လူတချို့က ရာကူဇာဂိုဏ်းကို ထိုကဲ့သို့ သိရှိနေကြ၏။ အယူသီးဂိုဏ်းက သူတို့မှာ အပြစ်မရှိကြောင်း ထပ်မံ ကြေညာကြပြန်သည်။

သို့သော် ကူနိမတ်ဆု သေနတ်မှန်ပြီးနောက် နှစ်နာရီကြာသောအခါ ဂျပန် ရုပ်မြင်သံကြားသတင်းဌာနမှ အမည်မသိသူ၏ တယ်လီဖုန်းဆက်သံကို ရရှိသည်။ သတင်းမှာ တိုတိုပင်ဖြစ်၏။ ဥမ်ကို စုံစမ်းစစ်ဆေးခြင်း မရပ်ဆိုင်းပါက မြို့တော်ရဲတပ်ဖွဲ့ အကြီးအကဲမှစ၍ ကျန်ရဲတပ်သားများ သေရလိမ့်မည်ဟု သတိပေးခြင်းဖြစ်၏။ နောင်တွင် အသံရှင်သည် အသက်(၂၈)နှစ်အရွယ်ရှိ ဥမ်၏ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အယူသီးဂိုဏ်းဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။ ဝန်ကြီးဌာနအကြီးအကဲ ကီယိုဟိုက်ဟာယာကဝ၏ ကားကို ကူနိမတ်ဆု၏ အိမ်အနီးတွင် တွေ့လိုက်ကြရ၏။ နောက်ဆုံးတွင် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာသို့ သေနတ်ပစ်မှုတွင် အယူသီးဂိုဏ်းဝင် ခုနစ်ဦးထက်မနည်း ပါဝင်ပတ်သက်သည်ဟု တွေ့ရှိကြသည်။

ဒါပေမယ့် ယခုထက်တိုင် ကူနိမတ်ဆုအား သေနတ်ပစ်ခံရမှုသည် မှန်းဆချက်မျှသာ ရှိနေသေး၏။ အရေးကြီးပုဂ္ဂိုလ်များ အမိကအဆောက်အအုံများနှင့် လူစည်ကားရာ ဒေသများတွင် အင်ပီအေက လုံခြုံရေး ပိုမို တင်းကျပ်ထားသည်။ ထို့ပြင် ဖူဂျီတောင်တွင် ရှာဖွေစစ်ဆေးရေးများ ဆက်လက်လုပ်နေကြ၏။ ရေကြည်စမ်း ဘုရားကျောင်းထဲသို့ ရဲတပ်ဖွဲ့ဝင် ရာပေါင်းများစွာ ဝင်ရောက်ကြရာ နောက်လိုက်များနှင့် ခိုက်ရန်ဖြစ်ပွားကြသည်။ အသံခွဲ့စက်ထဲမှ မန္တန်ရွတ်သံများ ထွက်လာသကဲ့သို့ ဥမ်ဆီတွင် စက်သေနတ်နှင့် ဇီဝဓာတုလက်နက်များပြားစွာ ထုတ်လုပ်ရန်ကြိုးစားနေကြောင်း ရဲတပ်ဖွဲ့ သိရှိလာကြသည်။

အယူသီးဂိုဏ်း၏ စကားစစ်ပွဲ အရှိန်မြင့်လာ၏။ အယူသီးဂိုဏ်းခေါင်းဆောင်များစွာသည် ရုပ်မြင်သံကြားများစွာ၌ ပေါ်လာကြလျက်သူတို့သည် ဂျပန်နိုင်ငံသား အိမ်ရှင်များဖြစ်ကြောင်း ပြသကြသည်။ ထိုလူထဲတွင် ဟီဒီယိုမူရိုင်းပါပြီး၊ အယူသီးဂိုဏ်းမှာ အပြစ်မရှိကြောင်း တည်ငြိမ်စွာနှင့် ယုံကြည်စိတ်ချသော အမူအရာ ပြသလျက်ရှိ၏။ မည်သည့်အရာကမျှ သူ့ကို စိတ်ပူပန်အောင်လုပ်၍ မရပုံပေါက်နေသည်။ ကိုဘီမြေငလျင်ကို အမေရိကန်က ဆိုက်စမစ်လက်နက်ဖြင့် လုပ်သည်ဟု သူက ရှင်းပြသောအခါ နိုင်ငံခြားသား သတင်းထောက်တစ်ဦးက ရယ်လေသည်။

ဧပြီ(၅)ရက်နေ့တွင် မူရိုင်းက ယူပီအိုင်သတင်းဌာနနှင့် တွေ့ဆုံပြီး အယူသီးဂိုဏ်း၏ နောက်ကွယ်တွင် ဓာတုဗေဒပစ္စည်းများစွာရှိနေသည့်ကိစ္စကို ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာကြီးရဲ့နောက်ဆုံးနေ့ ပြီးဆုံးတဲ့အခါ အသက်ရှင်နေထိုင်ကြဖို့အတွက် ကျုပ်တို့ရဲ့ဝင်းထဲမှာ ဓာတုဗေဒပစ္စည်းတွေကို ထားရပါတယ်။ ဂျပန်နိုင်ငံအစိုးရက ပြည်သူပြည်သားတွေကို မစဉ်းစား မတွေးခေါ်ဘဲ ရိုသေလိုက်နာစေချင်တယ်"

"ဒါကြောင့် တိုကျို မြေအောက်မီးရထားလမ်းမှာ ဘယ်သူက အဆိပ်ဓာတ်ငွေ့ ချထားပါသလဲ"

"ကျုပ် ဒါတော့မသိဘူး၊ ဒါပေမယ့် သူတို့ ဘယ်သူတွေပဲဖြစ်ဖြစ် သူတို့မှာ အဆင့်မြင့် တိုးတက်တဲ့ စက်ရုံတွေရှိရမယ်"ဟု သူက ပြန်ဖြေသည်။

ဟီဒီယိုမူရိုင်းသည် နောက်ထပ် (၁၈)ရက်ကြာမျှသာ လူ့ဘဝမှာ နေထိုင်ခွင့်ရလေတော့သည်။

✣ ✣ ✣



## ကမ္ဘာကြီးပျက်စီးမည့်နေ့

တိုကျိုမြို့ မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရခြင်းနှင့် ကြောက်လန့်ဖွယ်ရာ နောက်ဆက်တွဲ အဖြစ်အများသည် ကမ္ဘာကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားသည်။ လုံခြုံရေး ကျွမ်းကျင်သူများက ဓာတုဗေဒလက်နက် အသုံးပြုပြီး မြို့ပေါ်အကြမ်းဖက်မှုများ ဖြစ်လိမ့်မည်ဟု သတိပေးထားခဲ့သည်မှာ တကယ်ပင် ဖြစ်လာ၏။ တရားဥပဒေ လိုက်နာမှုနှင့် စည်းကမ်းရှိမှုတို့အတွက် နာမည်ကျော်ကြားသော မြို့တော်ဖြစ်သည့် တိုကျိုမြို့ နေရာတကာမှာပင် ဖြစ်နေ၏။

လန်ဒန်၊ ဆန်ဖရန်စစ္စကိုမြို့များတွင် လူထု သယ်ယူပို့ဆောင်ရေးဌာနများ၌ လုံခြုံရေး တင်းကျပ်ထားပြီး၊ တောင်ကိုရီးယားတွင် ဉမ်လှုပ်ရှားမှုရှိ၊ မရှိ ဆိုးလ်မြို့တွင် ရဲတပ်ဖွဲ့က စုံစမ်းနေသည်။ အမေရိကန်နိုင်ငံတွင် တင်းမာမှုများ ပိုမိုဖြစ်နေ၏။ နယူးယောက်မြို့၌ ကနေဒီလေဆိပ် လေယာဉ်ပြေးလမ်းပေါ်တွင် ဂျက်လေယာဉ်တစ်စီးအား အက်ဖ်ဘီအိုင်က အဆိပ်ငွေ့ ဗြိမ်းခြောက်မှု ရှိမရှိ စစ်ဆေးနေရသဖြင့် (၁၀)နာရီကျော် ရပ်တန့်ထားရသည်။

မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရပြီးနောက် နှစ်ရက်ကြာသည့်အခါ မန်ဟက်တန် ရပ်ကွက်ရှိ ဉမ်ရုံးမှ သတင်းစာ ရှင်းလင်းချက် ထုတ်ပြန်လိုက်၏။ ထိုရှင်းလင်းချက်တွင် ဂျပန်အစိုးရသည် အယူသီးဂိုဏ်း အဖွဲ့ဝင်များအား သတ်ဖြတ်ရန် ကြံစည်နေကြောင်းနှင့် အစုလိုက်အပြုံလိုက် သတ်သေစေရန် လုပ်နေပုံရကြောင်း စွပ်စွဲထားသည်။

နယူးယောက်ရုံးမှ စာရွက်စာတမ်းများကို အယူသီးဂိုဏ်းဝင်များက ရှင်းလင်းနေသကဲ့သို့ အက်ဖ်ဘီအိုင်နှင့် အကောက်ခွန်ဌာန ကိုယ်စားလှယ်များသည် အမေရိကန်ပြည်တွင် ဉမ်လှုပ်ရှားမှုများကို စုံစမ်းစစ်ဆေးကြသည်။ သူတို့သည် နောက်လိုက်များ၏ နောက်ကြောင်းကို စစ်ဆေးပြီး၊ အတတ်ပညာနှင့် အန္တရာယ်ရှိသော ပစ္စည်းများကို နိုင်ငံခြားသို့ ပို့ခြင်းရှိ မရှိ ပစ္စည်းဝယ်သည့် လမ်းကြောင်းကို ခြေရာခံလိုက်ကြ၏။ အများဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် အရာရှိများသည် အယူသီးဂိုဏ်းများ အကြမ်းဖက်လုပ်ငန်း လုပ်နေဆဲလားဟု သိချင်နေကြသည်။ ကြောက်လန့်ဖွယ်ရာ တစ်ချိန်တွင် သူတို့လုပ်ဟန်ရှိ၏။

လူစည်ကားသော အီစတာ ရုံးပိတ်ရက် စနေနေ့တွင် လော့စ်အိန်ဂျလိ(စ်)ရှိ ဒစ္စနေးနယ်မြေတွင် ဗီဒီယိုတိပ်ခွေ တစ်ခွေရရှိခဲ့သည်။ ဗီဒီယိုထဲတွင် လူတစ်ယောက်သည် ရာဘာလက်အိတ်များကို စွပ်လျက် ဓာတုဗေဒပစ္စည်းများကို ရောစပ်နေ၏။ "ဧည့်သည်တွေ သေလိမ့်မည်"ဟု အသံထွက်လာသည်။ အက်ဖ်ဘီအိုင်နှင့် စစ်တပ်မှ ပုဂ္ဂိုလ်များသည် ထိုခြိမ်းခြောက်မှုမှာ အတုအယောင်ဖြစ်သည်ဟု တွေ့ကြရသည်။ သို့သော် အမေရိကန်သတင်းစာများက ဥမ်ကို ပြစ်မှုကျူးလွန်သူအဖြစ် မှားယွင်းစွာ မသတ်မှတ်မီကဖြစ်၏။ အကြောင်းတိုက်ဆိုင်စွာပင် ထိုရက်သတ္တပတ်ကုန်ဆုံးသည့်နေ့၌ အယူသီးဂိုဏ်းဝင်လေးဦး လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ ရောက်လာကြသည်။ သူတို့သည် အမေရိကန် သိပ္ပံပညာရှင်များအား အဖွဲ့သို့ ဝင်ခွင့်ပြုရန် ရောက်လာခြင်း ဖြစ်၏။ နှစ်ယောက်ကို ဖမ်းဆီးပြီး၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် အက်ဖ်ဘီအိုင်တို့က မေးခွန်းများ မေးကြသည်။ ထို့နောက် စောင့်ကြည့်အနေအထားဖြင့် လွှတ်ပေးထားလိုက်၏။

ထို့နောက် ရက်သတ္တပေါင်းများစွာတွင် အက်ဖ်ဘီအိုင်မှ အရာရှိများသည် ဂျပန်အာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှု မရှိသောကြောင့် စိတ်ညစ်နေကြသည်။ အက်ဖ်ဘီအိုင်က မြင်သကဲ့သို့ဆိုရင် ဥမ်သည် နယူးယောက်မြို့ကို အခြေခံ၍ တစ်ကမ္ဘာလုံး အကြမ်းဖက်မည့် အဖွဲ့ဖြစ်ပြီး၊ အမေရိကန်လူမျိုးများကို မုန်းတီးကြောင်း ကြေညာထား၏။ သမ္မတဘီလ်ကလင်တန်အား တစ်ကြိမ်သာ သမ္မတဖြစ်စေရမည်ဟု ခြိမ်းခြောက်ထားခြင်းသည် အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအတွက် လုံလောက်သော သတိအနေအထားရှိရမည့် အခြေအနေဖြစ်သည်။ သို့သော် ဂျပန် ရဲတပ်ဖွဲ့သည် အဖွဲ့ဝင်စာရင်းနှင့် ရှေ့တန်းကုမ္ပဏီစာရင်း လွှဲပေးရန် ငြင်းဆိုကြသည်။

"ဂျပန်အရာရှိတွေနဲ့ တွေ့ဆုံဆွေးနွေးတာထက် နံနက်ခင်း သတင်းစာတွေထဲက ပိုပြီး စာရင်းရပါတယ်"ဟု အမေရိကန်အရာရှိ တစ်ယောက်က ညည်းတွားဖူးသည်။

ထိုဇာတ်လမ်းမှာ တိုကျိုအာဏာပိုင်များနှင့် ရှေးဟောင်းပုံပြင်ဖြစ်၏။ တံခါးဖွင့် ဈေးကွက်ကဲ့သို့ အမေရိကန်နှင့် ဂျပန်နိုင်ငံတကာ ရဲတပ်ဖွဲ့ ထောက်လှမ်းရေး ကုန်သွယ်မှုတို့သည် တစ်လမ်းထဲတွင် ကြီးမားစွာတည်ရှိနေကြသည်။ ရာဇဝတ်မှုများနှင့် ပတ်သက်၍ ဂျပန်ရဲတပ်ဖွဲ့နှင့် ဆက်ဆံရသည်မှာ သွားနုတ်သလိုပါပဲဟု အမေရိကန် ရဲတပ်ဖွဲ့ အကြီးအကဲ တစ်ဦးက ပြောဖူးသည်။ ဥမ်အမှုနှင့် ပတ်သက်၍ အက်ဖ်ဘီအိုင် ထောက်လှမ်းရေးသမားများ ဦးနှောက်ခြောက်နေခဲ့ရာမှ မကြာမီ ဒေါသ ထွက်လာ





ကြသည်။ နောက်ဆုံးတွင် အခြေအနေ ချောမွေ့နေ၏။ သို့သော် အမေရိကန်ထဲ အစဉ်အလာမရှိခဲ့သော သံတမန်ပိုင်းဆိုင်ရာမှ ကန့်ကွက်လှုမတတ် ဖြစ်လာခဲ့သည်။ ထိုကန့်ကွက်မှုမျိုးမှာ အကြမ်းဖက်သမားများအား ခိုလှုံခွင့်ပြုခြင်း အကာမြှုပ်ံလုပ်ခြင်း သို့မဟုတ် စစ်ပွဲစတင်ခြင်းတို့အတွက် တစ်မျိုးသားလုံးအကျိုးငှာ သီးသန့်ထားသော ကိစ္စဖြစ်လေသည်။

ဩစတြေးလျနှင့် ဂျာမန် အာဏာပိုင်များသည်လည်း သူတို့၏ နိုင်ငံတွင် ဥမ်အား စုံစမ်းရန် ကြိုးပမ်းနေကြသည်။ ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှု ချို့ယွင်းသဖြင့် ထိုနိုင်ငံများက စိတ်ဆိုးနေကြ၏။ ဩစတြေးလျနိုင်ငံက အသေးစိတ် မေးခွန်းများမေးကြသည်။ တိုကျိုမြို့ မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရပြီးနောက် ဆစ်ဒနီမြို့ရှိ ကုမ္ပဏီများသည် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် စာများ လက်ခံရရှိကြ၏။

"မြေအောက်မီးရထားလမ်းသည် ကြိုးပမ်းမှုတစ်ခုသာဖြစ်သည်၊ ဂျပန်လေကြောင်းနှင့် ဩစတြေးလျရှိ စီးပွားရေးလုပ်ငန်းများကို နောက်တစ်ကြိမ် တိုက်ခိုက်မည်"ဟု ထိုစာတွင် ဖော်ပြထားသည်။ စာပို့သူများက သူတို့ကိုယ်သူတို့ "အဖွဲ့"ဟု ရေးထား၏။ ဩစတြေးလျ ဖက်ဒရယ် ရဲတပ်ဖွဲ့သည် ခရီးဝေးသော ဘန်ဇဝန်ဘူတာ လက်ရှိပိုင်ရှင်များထံမှ ထူးဆန်းသော သတင်းများ ရရှိနေ၏။ ထိုနေရာသည် ဥမ်၏ စမ်းသပ်နေရာ ဖြစ်ခဲ့ဖူး၍ စုံစမ်းစစ်ဆေးရန် သွားရောက်ကြသည်။

ဘန်ဇဝန်တွင် သိုးအသေကောင် (၂၉)ကောင်ကို ရဲတပ်ဖွဲ့ကတွေ့ရှိရသည်။ အသေကောင်များကို ထူးဆန်းစွာ လခြမ်းပုံသဏ္ဌာန်စဉ်ထား၏။ သေရသည့် အကြောင်းကိုတော့မသိရ။ သို့သော် ရဲတပ်ဖွဲ့က သံသယရှိနေသည်။ စုံစမ်းစစ်ဆေးသူများသည် သိုးမွေးနှင့် အရိုးနမူနာများကို ယူဆောင်လာကြပြီး၊ ကဒ်လူမျိုးစုကို အီရက်က အာရုံကြောအဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သည့် ကိစ္စကို သုတေသနပြုနေသည်။ ကမ္ဘာ့ကုလသမဂ္ဂ အကြံပေးပုဂ္ဂိုလ်ထံ ပေးအပ်ကြသည့် နမူနာများတွင် မီးသိုင်းဖော့(စ်)ဖောနစ်အက်စစ် သဲလွန်စများ၊ ဆာရင်အဆိပ်ငွေ့ထုတ်လုပ်ရာတွင် နောက်ဆုံးအဆင့်မှ အကြွင်းကျန်များကို တွေ့ကြရသည်။

ရုရှပြည်တွင် ဥမ်ကို စုံစမ်းစစ်ဆေးရာ၌ နိုင်ငံရေးအနှောင့်အယှက်များ တွေ့ကြုံရ၏။ သို့သော် မတူခြားနားသည့် မြေအောက်မီးရထားလမ်းကို တိုက်ခိုက်မခံရမီ ငါးရက်အလိုတွင် ရုရှမိဘများက ဥမ်သည် ဦးနှောက်ဆေးကြောခြင်းနှင့် နောက်လိုက် ဒါဇင်များစွာကို ပြန်ပေးဆွဲသည်ဟု တရားစွဲကြသောကြောင့် တရားရုံးတော်က အယူသီးဂိုဏ်းပိုင်ဆိုင်သော ပစ္စည်းများကို ပိတ်ပင်တားမြစ်ထားလိုက်သည်။ ထိုနေ့မှာပင် ရဲတပ်ဖွဲ့သည် မော်စကိုမြို့ မြောက်ပိုင်းအဖွဲ့ကို စီးနင်းရှာဖွေရာ ဓာတ်ငွေ့ထုတ်လုပ်ရာ မဟုတ်သည့်အတွက် အကြွင်းအကျန်များ သိုလှောင်ထားရာကို တွေ့ရှိကြရ၏။ ထိုနေရာတွင် မူးယစ်ဆေးဝါးဟု ယုံကြည်ရသော အဖြူရောင်အမှုန့်များကို


www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြရသည်။

မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရပြီးနောက် ဉမ်သည် ထုံးစံအတိုင်း တန်ပြန်သတင်းများ လွှင့်ကြသည်။ ထိုသတင်းများထဲတွင် ရုရှလူမျိုး နောက်လိုက်များသည်လည်း အဆိပ်မိခံရသော လက္ခဏာများခံစားရသည်ဟု ပါရှိလေသည်။

အပေါ်ယံကြောတွင် အယူသီးဂိုဏ်းကို ဖြိုခွင်းရာ၌ ရုရှနိုင်ငံသည် လျှင်မြန်သွက်လက်သည်ဟုထင်ရ၏။ ဉမ်ပိုင်ဆိုင်သမျှ ပစ္စည်းများသည် အေးစက်ကုန်ပြီး ဖြစ်သည်။ ထို့ပြင် ဂျပန်နိုင်ငံ မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရပြီး၊ ရက်သတ္တပတ်ကြာသောအခါ တရားဝင်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်လိုက်ပြီး၊ မော်စကိုဌာနချုပ် အဆောက်အအုံကို ချိပ်ပိတ်ထားလိုက်၏။ သို့သော်လည်း အယူသီးဂိုဏ်းသည် သူတို့၏လမ်းကြောင်းကို ဖုံးဖိရန် အချိန်များစွာ ရလေသည်။ အယူသီးဂိုဏ်းသားများသည် စာရွက်စာတမ်းများကို ဖျက်ဆီးပြီး မော်စကိုမြို့ရှိ ပုန်းအောင်းနေရာများသို့ ခိုဝင်ကြသည်။ ဉမ်၏ မော်စကိုမြို့ ဌာနခွဲနှစ်ခုမှ အမျိုးအမည် ခွဲခြားမသိရသော ဓာတုဗေဒပစ္စည်းများ စည်များဖြင့်ထည့်လျက် ကားများဖြင့် သယ်ဆောင်သွားကြသည်။ မြေအောက်မီးရထားလမ်း တိုက်ခိုက်မှုဖြစ်ပွားပြီး၊ ခြောက်ရက်ကြာသောအခါ ပီထရော့ကာလမ်းရှိ ရုရှ-ဂျပန်တက္ကသိုလ် အဆောက်အအုံ မီးလောင်ခဲ့ရာ ရဲတပ်ဖွဲ့က ရှာဖွေခြင်းမပြုမီ တတိယထပ်ရှိ ဉမ်၏ ရုံးခန်းအတွင်းပိုင်း ပျက်စီးသွားသည်။

ရုရှအရာရှိများသည် အရေးကြီးသက်သေများ စုဆောင်းရန် ပျက်ကွက်သည့်ပြင် အစိုက ဉမ်အရာရှိများကို မေးမြန်းရန် လက်လွှတ်ခဲ့ရသည်။ မတ်လ(၂၂)ရက်နေ့တွင် ဆောက်လုပ်ရေးဌာန အကြီးအကဲ ကီယိုဟိုက်ဟာယာကဝနှင့် အခြား အယူသီးဂိုဏ်းဝင် နှစ်ဦးတို့သည် ငါးရက်ကြာ ခရီးသွားပြီးနောက် ရုရှမှ ပြန်လာခဲ့ကြ၏။ အယ်လ်အက်စ်ဒီ ထုတ်လုပ်နိုင်သော အာဂိုတမင်း တစ်ဆယ့်တစ်ပေါင်ကို ကွတ်ကီးမုန့်ပုံး ထဲထည့်၍ သူတို့နှင့်အတူ သယ်ဆောင်သွားကြသည်။ ယခင် ငါးရက်ကာလအတွင်း ဟာယာကဝ၏ လှုပ်ရှားမှုများသည် ယခင်ကကဲ့သို့ပင် လျှို့ဝှက်သည်းဖိုဆန်နေ၏။ ဟာယာကဝသည် ကော့ကေးဆပ်မြို့တော် ဗလာဒီကပ်ကက်(စ်)သို့ သွားရောက်ပြီး ဗလာဒီဇော့စတော့သို့ လက်နက်များ သယ်ဆောင်ရန် လေယာဉ်နှစ်စီးငှားဖို့ ကြိုးစားခဲ့သေးသည်။ မော်စကိုမြို့မှ စုံစမ်းစစ်ဆေးသူများက ဤသတင်းကို အတည်လည်းမပြု၊ ငြင်းလည်း မငြင်းဆိုခဲ့ပေ။

ဟာယာကဝ ပြန်သွားပြီး တစ်ပတ်အတွင်းမှာ ဇိုယုသည် သူ့အား စစ်ဆေးမေးမြန်းခြင်း မပြုမီ ဂျပန်သို့ ပြန်သွားခဲ့သည်။ နောက်ဆုံးတွင် ရုရှရဲတပ်ဖွဲ့က ဇိုယု၏လက်ထောက် တိုရှိယာဆူအိုယုချိဒအား ဖမ်းဆီးလိုက်ကြ၏။





ဧပြီလစောပိုင်းတွင် ရုရှပြည်၌ ဉမ်အဖွဲ့ကို တရားဝင်ပိတ်ပင်ထားတော့သည်။ ထို့ပြင် ဉမ်ဆန့်ကျင်ရေး မိဘအဖွဲ့ဖြစ်သည့် လူငယ်များကယ်တင်ရေးကော်မတီသို့ နောက်လိုက်များသည် ကာဇန်ပြည်နယ်၏ မြို့တော် တာတာစတန်ကဲ့သို့ ရုရှဖက်ဒရေးရှင်းနယ်များတွင် ကလပ်စည်းများဖွဲ့ရန် ကားများဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရသည်။ နောက်ပိုင်းတွင် တာတာစတန်၌ ဉမ်ခေါင်းဆောင်တစ်ဦး အဖမ်းခံလိုက်ရ၏။ ရေဒီယိုမော်စကိုနှင့် ရုပ်မြင်သံကြား ကွန်ရက်များမှ အယူသီးဂိုဏ်း အစီအစဉ်များ ကြေညာခြင်းကို ရပ်ဆိုင်းပစ်လိုက်သည်။

ဂျပန်ရဲတပ်ဖွဲ့သည် ဉမ်က မြေအောက်မီးရထားလမ်း တိုက်ခိုက်ခဲ့မှုအတွက် မသေချာဘဲ ရှိနေသေး၏။ သို့သော် အင်ပီအေ အကြီးအကဲ တာကာဂျီကူနိမတ်ဆုအား သေနတ်ပစ်ခံရခြင်းသည် ရဲတပ်ဖွဲ့အား စစ်ကြေညာလိုက်ခြင်း ဖြစ်သည်။ နောက်ဆုံး၌ ရဲတပ်ဖွဲ့သည် တစ်မျိုးမျိုးဖြင့် တုံ့ပြန်လိုက်၏။

ယခုအခါ ဂျပန်နိုင်ငံတစ်ဝန်းတွင် ဉမ်ခေါင်းဆောင်များ၏ ရုပ်ပုံပိုစတာများကပ်ပြီး အလိုရှိကြောင်း ကြေညာထားသည် အရာရှိထောင်ပေါင်းများစွာဖြင့် အယူသီးဂိုဏ်း ဝရမ်းပြေးများအား ရှာဖွေရန် လမ်းများကို (၂၄)နာရီ ပိတ်ဆို့ရှာဖွေကြသည်။ စုံစမ်းရေးမှူးများသည်လည်း မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရသည့်နေ့က မီးရထားလက်မှတ် တစ်သိန်းကျော်အပါအဝင် သက်သေပေါင်းများစွာကို နာရီမလပ် စစ်ဆေးကြသည်။

ဤကဲ့သို့ အဆက်မပြတ် လှုပ်ရှားဆောင်ရွက်သဖြင့် ပြည်သူများ ကြောက်လန့်ခြင်းနှင့် ရှုပ်ထွေးခြင်းကို လျော့နည်း သက်သာစေသည်။ မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရမှုနှင့်အတူ ဂျပန်နိုင်ငံသားတို့သည် ခက်ခဲသော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့မှာ ညတွင် ပျက်ပြားမည့်ပုံပေါ်နေ၏။ ကူနိမတ်ဆုအား သေနတ်ပစ်ခံရခြင်းသည် ဂျပန်အာဏာပိုင်များအား အခြေအနေကို ထိန်းသိမ်းနိုင်သည်ဟုဆိုသော ဒဏ္ဍာရီကို ဖောက်ခွဲလိုက်ခြင်း ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ စီးနင်းရှာဖွေပြီးနောက် စုံစမ်းသူများသည် မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရမှုအတွက် ဉမ်အား ထောက်ပြရန် သက်သေခိုင်လုံစွာ မရသေးချေ။

သို့မဟုတ် စုံစမ်းမေးမြန်းရန် အလိုရှိနေသော ရှိုကိုအဆာဟာရအား ရှာဖွေတွေ့ရှိရန် နီးစပ်မှုရှိသေးဟန် မတူသေး။ မေးမြန်းရန်အတွက်သာ ဖြစ်ပြီး၊ လူသတ်မှုအတွက် သံသယရှိသောကြောင့် မဟုတ်ချေ။ မတ်လ (၃)ရက်နေ့က အဆာဟာရအား ကလေးကစားစရာ အရောင်းဆိုင်၌ ပစ္စည်းဝယ်နေသည်ကို လူထုအကြားမှာ နောက်ဆုံး မြင်လိုက်ကြရ၏။ ဧပြီလ စောစောပိုင်းက မော်စကိုသွားရန် လေယာဉ်လက်မှတ်ကြိုတင်စာရင်းပေးထားသည်ကို တွေ့ရသဖြင့် ရဲတပ်ဖွဲ့က အချည်းနှီးမှဲ့ စောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းခဲ့ကြသည်။ စက်သုံးဆီအရောင်းဆိုင်မှ အလုပ်သမားတစ်ဦးက ခရမ်းရောင်ဝတ်ရုံနှင့် မုတ်ဆိတ်မွေးရှိသူ လူတစ်ယောက် ကားဖြင့် အမြန်မောင်း၍ ဖြတ်သွားသည်ဟု သတင်းပို့သောကြောင့် အရာရှိ(၆၀၀)နှင့် ရဟတ်ယာဉ်တစ်စီးတို့က ငန်းရိုင်းတစ်ကောင်ကဲ့သို့ အပြေးအလွှား လိုက်ခဲ့ကြ၏။

သို့သော် တစ်နိုင်ငံလုံး ပိုက်စိပ်တိုက် ရှာဖွေခြင်းကြောင့် အကျိုးရှိလာသည်။ ဧပြီလ စောစောပိုင်းတွင် ဒေါက်တာ အိုင်ကူအိုဟာယာရှိအား ဖမ်းဆီးရမိခဲ့ကြ၏။ သူ ဆယ်ရက် ဥပုသ်စောင့်မည်ဟု ရဲတပ်ဖွဲ့ကို ပြောသည်။ သူသည် (၂၄)နာရီအတွင်း တစ်နေ့လျှင် ထမင်းသုံးနပ် စားသည်။ ထို့နောက် ဥမ်၏ ထိပ်တန်းခေါင်းဆောင် တိုမိုမစ်ဆုနီအိမိအား အင်ပီရီယယ်နန်းတော်အနီး၌ ဖမ်းဆီးရမိခဲ့၏။ အချုပ်ခန်းထဲတွင် နီအိမိက မေးသမျှကို ဖြေဆိုရန် ငြင်းဆိုလေသည်။

"ဒီဟာ ကျုပ်အတွက် လေ့ကျင့်ဖို့ကောင်းတဲ့ အခွင့်အရေးပဲ"ဟု ပြုံးရွှင်စွာဖြင့် သူက ရဲတပ်ဖွဲ့ကို ပြောခဲ့၏။ ထို့နောက် ကြာပွင့်ပုံသဏ္ဌာန် ထိုင်လေသည်။ နီအိမိအတွက် တရားမှတ်ရန် အချိန် ပိုမို ရရှိနိုင်၏။

မကြာမီ နီအိမိသည် ယခင် လူဆိုးအဖွဲ့ ယာမာဂူချီပူမိမှ အဖွဲ့ဝင်ဟောင်း ကီယိုဟိုက်နာကာဒါနှင့် ဆက်သွယ်မိသည် နာကာဒါအား ဖမ်းဆီးရမိပြီး နောက်တစ်နေ့၌ ကိုဘီ အခြေစိုက် ယာမာဂူချီဂူမိဌာနချုပ်က ဥမ် ယုံကြည်သူများကို ဖယ်ရှားပစ်ရန် ဆက်နွယ်နေသော ဂိုဏ်းအားလုံးကို အမိန့်ထုတ်ပြန်လိုက်၏။ ဂျပန်နိုင်ငံ၏ ရက်စက်ကြမ်းကြုတ်ဆုံးသော လူဆိုးဂိုဏ်းကပင်လျှင် အယူသီးဂိုဏ်းနှင့် အပေါင်းအသင်း မလုပ်လိုသည်မှာ ထင်ရှားနေသည်။ နောက်တစ်ခါ ရဲတပ်ဖွဲ့သည် ကီယိုဟိုက်ဟာယာကဝအား ဖမ်းဆီးမိလိုက်၏။ သူသည် ရုပ်မြင်သံကြား ဖန်သားပေါ်မှနေ၍ ဥမ်အနေဖြင့် လက်နက်သို့မဟုတ် ဆာရင်အဆိပ် ထုတ်လုပ်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။ သူ၏ မိုက္ကရိုဖုန်းကို ယူလိုက်သည်နှင့် တစ်ပြိုင်နက် လက်ထိတ်ခတ်ခံလိုက်ပြီး အဝေးတစ်နေရာသို့ ခေါ်ဆောင်သွားခြင်း ခံရ၏။

ယခုအခါ အယူသီးဂိုဏ်းသား တစ်ရာကျော်မှာ အချုပ်ခန်းထဲမှာ စံမြန်းလျက် ရှိကြသည်။ ယခုအထိ ဆာရင်အဆိပ်ငွေ့နှင့် ပတ်သက်၍ မည်သူကိုမျှ စွဲဆိုဖမ်းဆီးရမိခြင်း မရှိသေးချေ။ နီအိမိနှင့် ဒေါက်တာ ဟာယရှိတို့အား နောက်လိုက်များကို ချုပ်နှောင်မှုဖြင့်လည်းကောင်း၊ နာကာဒါအား ငွေညှစ်မှုဖြင့်လည်းကောင်း ဖမ်းဆီးထားခြင်းဖြစ်၏။ နောက်လိုက်များစွာကို ဖမ်းဆီးထားခြင်းမှာ မှတ်ပုံတင်မဲ့ စက်ဘီးစီးမှု သစ်ပင်စိုက်ပျိုးရန် ပျိုးထားသော ဖန်လုံအိမ်အား ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်မှုစသည့် အသေးအဖွဲ့ပြစ်မှုများ ကျူးလွန်သဖြင့် ဖြစ်လေသည်။

နောက်ကွယ်တွင် ရဲတပ်ဖွဲ့သည် ဥမ်အဖွဲ့ဝင်များအား လမ်းပေါ်မှ ဖယ်ရှားပစ်ချင်နေ၏။ ရဲတပ်ဖွဲ့သည် သံသယရှိသူကို တရားရုံးမတင်ဘဲ





ရက်သတ္တပတ် သုံးပတ်ကြာအောင် ထိန်းသိမ်းထားနိုင်သည်။ ဤအချိန်အတောအတွင်း သံသယရှိခံရသူများ ဝန်ခံချက်ပေးရန် ဖိအားကြီးမားစွာ ပေးကြသည်။ ဥမ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့သည် အချုပ်ခန်းထဲမှ အယူသီးဂိုဏ်းဝင်များအား ပိုမို မှန်းတီးဖွယ်ရာ ရာဇဝတ်မှုများကို သဘောပေါက် ဝန်ခံလာလိမ့်မည်ဟု မျှော်လင့်ထားကြ၏။ ဂုရုကြီးအပါအဝင် သူတို့ ရဲဘော်အပေါင်းအသင်းများကို ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ကြောင်း ဝန်ခံစေချင်နေသည်။

ပြည်သူ့လွတ်လပ်ရေး စောင့်ကြည့်အဖွဲ့က ဝေဖန်နေသည့်ကြားက ဤကြေကွဲဖွယ်ရာ ဖြစ်ရပ်သည် လူသိ များလာပြီး၊ နောက်ဆုံးတွင် အကျိုးရလဒ် ထွက်ပေါ်လာ၏။ နီအိမိ၊ ဟာယရှိ၊ ဟာယာကဝနှင့် အခြားအဖွဲ့ဝင်များကို မကြာမီ လူသတ်မှုဖြင့် စွဲဆိုခဲ့သည်။ ထို့ပြင် ရက်သတ္တပတ်ပေါင်းများစွာ ကုန်လွန်လာသည့်အခါ စွဲချက်များသည် ဥမ်ကျူးလွန်သော ပြစ်မှုအတွက် ပိုမိုတိကျလာပြီး ပြည့်စုံလေသည်။ အယူသီးဂိုဏ်း အဖွဲ့ဝင်များကို လူပြန်ပေးဆွဲမှု၊ မတရား ချုပ်နှောင်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတုအပပြုလုပ်မှုနှင့် လက်နက်များ ဇီဝဓာတုအဆိပ်နှင့် ပေါက်ကွဲပစ္စည်း ထုတ်လုပ်မှုတို့အတွက် ဖမ်းဆီးခံကြရလေသည်။

ဂုရုကြီးအား လိုက်လံရှာဖွေနေဆဲဖြစ်၏။ အဆာဟာရသည် ထိုင်ဝမ်ကျွန်းတွင် ခိုလှုံလိမ့်မည်ဟု သတင်းထွက်ပေါ်လာသဖြင့် ထိုင်ဝမ်ရဲတပ်ဖွဲ့က နယ်ခြားလုံခြုံရေးကို ပိုမို တင်းကျပ်ထားလိုက်၏။ အခြေအနေအေးချမ်းမသွားမချင်း အဆာဟာရသည် ပြည်သူ့ရှေ့ပေါ်လာမည် မဟုတ်ကြောင်းကို အယူသီးဂိုဏ်း ခေါင်းဆောင်များက ပြောသည်။ အကြောင်းမှာ အခြေအနေသည် အရေးကြီးအဆင့်ထိ ပူလောင်နေသောကြောင့် ဖြစ်၏။

အဆာဟာရသည် "ပျက်စီးနေသော တိုင်းပြည်၏ အကြင်နာတရားကျပန်" ဟုအမည်ရှိသော စာအုပ် အသစ်တစ်အုပ် ရေးနေသည်။ ထိုစာအုပ်ထဲတွင် သူသည် နှလုံးရောဂါနှင့် ဦးနှောက်သွေးခဲရောဂါ ခံစားနေရကြောင်း ဖော်ပြထား၏။

"ယခု ကျုပ်ဟာ ဝေဒနာနဲ့ တိုက်ပွဲဝင်နေရတယ်"ဟု သူက ပြောသည်။ ရဲတပ်ဖွဲ့အား သနားကြင်နာကြောင်း ဖော်ပြပြီးနောက် အကယ်၍ အစိုးရကတမန်တော်တစ်ဦးကို ဖိနှိပ်မည်ဆိုပါက ပြည်သူများသည် တစ်မျိုးသားလုံး ဘေးဒုက္ခနှင့် ကြုံတွေ့ရလိမ့်မည်ဟု အဆာဟာရက သတိပေးလိုက်သည်။

ရှေ့ဖြစ်ဟောပြောခြင်း တစ်ခုမှတစ်ပါး မိမိကိုယ်မိမိ သနားခြင်းနှင့် ဗျာဒိတ်တော်နေ့အကြောင်းကို သမားရိုးကျမဟုတ်သော မွေ့နောက်ရော၍ ဟောပြောချက်သာဖြစ်၏။ ကိုဘီ မြေငလျင်သည် သာမန်မျှဖြစ်ပြီး၊ ၎င်းပေါ်မှာ ယင်တစ်ကောင် လာနားသလောက်သာရှိကြောင်း မကြာမီ



www.burmeseclassic.com

www.burmeseclassic.com

တိုကျိုမြို့သည် ထိုထက် ပိုမိုဆိုးဝါးသည့် ဘေးဒုက္ခနှင့် ကြုံတွေ့ရလိမ့်မည်ဟု အဆာဟာရက သတိပေး ပြောကြားသည်။ ကြိုတင် ဟောပြောချက်သည် ပီပြင်ခြင်း မရှိ။ သို့သော် နေ့ရက်က တိကျ၏။ (၁၉၉၅)ခုနှစ် ဧပြီ (၁၅)ရက် စနေနေ့တွင် မြို့တော်၌ ကြောက်လန့်စရာ တစ်ခုခုဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ထားသည်။

ဂျပန်အာဏာပိုင်များသည် အရေးပေါ်အခြေအနေသို့ အလျင်အမြန် ရောက်သွား၏။ တိုကျိုမြို့တစ်ဝိုက်တွင် အခြားရဲတပ်ဖွဲ့ဝင် (၁၀၀၀၀)ကို ချထားလိုက်သည်။ ထို့ပြင် အဆာဟာရ၏ "ကမ္ဘာပျက်မည့်နေ့" မတိုင်မီ တစ်ရက်အလိုတွင် တစ်နိုင်ငံလုံးရှိ အယူသီးဂိုဏ်း တည်ရှိရာ ဒေသ (၁၂၀)ခုသို့ အကြီးဆုံး စီးနင်းဝင်ရောက်မှုများ ပြုလုပ်ခဲ့သည်။ အယူသီးဂိုဏ်းက ကိုင်တွယ်ထားသော ဆာရင်အဆိပ်ရည် သို့မဟုတ် သေစေနိုင်သော အခြားအဆိပ်တစ်မျိုးမျိုး တွေ့ရှိရလိမ့်မည်ဟု ရဲတပ်ဖွဲ့က မျှော်လင့်ထားသည်။ ရဲတပ်ဖွဲ့သည် မငြိမ်မသက်ဖြစ်နေသော သူက ရေးထားသည့် မှတ်စုတစ်ခုကိုသာ တွေ့ကြရ၏။ ထိုမှတ်စုတွင် "အကယ်၍ ရဲတပ်ဖွဲ့က ဆရာကြီးအဆာဟာရ ပုန်းအောင်းနေသည့် နေရာကို ဝင်ရောက်ခဲ့လျှင် ကျွန်ုပ်တို့က ဆာရင်အဆိပ်ရည်များဖြင့် သူတို့ကို ပက်ဖျန်းပြီး၊ အတူတူ သေပွဲဝင်ကြမည်"ဟု ရေးထားသည်။

အာဏာပိုင်များက ကလေးငယ်များကိုလည်း ကယ်တင်ရန် ဆုံးဖြတ်ထားကြ၏။

"ပြန်ပေးတွေ---"

"ကျုပ်တို့ ကလေးတွေကို ပြန်ပေးပါ" ဟူသော အော်သံများအကြားမှ ရဲတပ်ဖွဲ့သည် ဖူဂျီတောင် သာတိယံ(၁၀)သို့ ဝင်ရောက်ပြီး ကလေး (၅၃)ယောက်ကို အကာအကွယ်များဖြင့် ခေါ်ဆောင်ခဲ့ရ၏။ သူတို့ကလေးထဲတွင် လမ်းလျှောက်တတ်စအရွယ်မှ ဆယ်ကျော်သက်အရွယ်ထိ ပါဝင်ကြပြီး၊ အများစုက လျှပ်ခေါင်းဦးထုပ်များ ဆောင်းထားကြသည်။ ကလေးရှစ်ယောက်မှာ အာဟာရချို့တဲ့နေဟန်ရှိပြီး၊ ဆေးရုံသို့ ခေါ်ဆောင်သွားရ၏။ အခြားကလေးများကို အနီးရှိ ကလေးပြုစုရေးဌာနသို့ ကားဖြင့်ခေါ်ကြသည်။ ထိုနေရာ၌ ကလေးများအား အယူသီးဂိုဏ်း ပြင်ပတွင် ဘဝကို ပြန်လည်ချိန်ညှိရတော့သည်။ အသက် (၉)နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးက သူမသည် အပြင်မှာ ဘယ်တော့မှ ထွက်မကစားခဲ့ဘူးကြောင်း အဘယ်ကြောင့်ဆိုသော် လေထုသည် အဆိပ်ငွေ့များနှင့် ပြည့်နေကြောင်း ရှင်းပြရှာသည်။ အသက်(၅)နှစ်အရွယ် မိန်းကလေးက လူမှုဝန်ထမ်း အလုပ်သမားတစ်ဦးကို ဤသို့ ပြောပြခဲ့၏။

"စစ်ပွဲကြီး မကြာခင် စတော့မယ်၊ ကျွန်မတို့ ပြန်တိုက်ကြရမယ်။ ဒီလိုမလုပ်ရင် ကျွန်မဟာ ခြောက်နှစ်မြောက်မွေးနေ့အထိ အသက်ရှင်မှာ မဟုတ်ဘူး"





ယခုအချိန်တွင် ရဲတပ်ဖွဲ့သည် အင်ဒို၏ ဓာတ်ခွဲခန်းကို တွေ့ကြရသည်။ ဓာတ်ခွဲခန်းထဲတွင် အမျိုးအမည် မသိရသော ပိုးမွှားများကို မွေးမြူထားပြီး စမ်းသပ်ဖန်ပြွန်များနှင့် ပြည့်နေ၏။ ဓာတ်ခွဲခန်းကို အလျင်စလို ချိပ်ပိတ်လိုက်ရ၏။ ထို့ပြင် မည်သူမျှ ဝင်ရောက်ခြင်းမပြုရန် တားမြစ်အမိန့်ထုတ်သည်။ ဓာတ်ခွဲခန်းကို လပေါင်းများစွာကြာသည့်အထိ အမှုကို စုံစမ်းထောက်လှမ်းနေသည့် စုံစမ်းရေးမှူးများ၏ ပါးစပ်နှင့်အတူတင်းကျပ်စွာ ပိတ်ထားမည်ဖြစ်၏။

တိုကျိုမြို့သည် ပိုမိုအရေးကြီးသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ဂုရုကြီး ကြိုတင်ဟောကိန်းထုတ်ထားသော ဧပြီ(၁၅)ရက်နေ့ရောက်ရန် နီးကပ်လာသည်နှင့်အမျှ မြို့တော်တစ်ဝိုက်တွင် ကောလာဟလများ ထွက်ပေါ်နေ၏။ ဥမ်ကရေပေးဝေရေးလုပ်ငန်းကို အဆိပ်ခတ်ရန် ကြံစည်နေကြောင်း သတင်းတစ်ပုဒ် ဖြစ်နေသောကြောင့် မြို့သူမြို့သားများသည် ရေချိုးခန်းထဲ၌ ရေများ သိုလှောင်နေကြရ၏။ ရှင်ဂျူကုခရိုင်ရှိ လူစည်ကားသော ဈေးဆိုင်များတွင် ဥမ်က ဆာရင်အဆိပ်ငွေ့လွှင့်ထုတ်မည်ဟု ကောလာဟလ ပေါ်လာပြန်သဖြင့် ထိုဈေးဆိုင်နေရာများတွင် လုံခြုံရေး ပိုမိုချထားပြီး၊ လုံးဝ ပိတ်ထားလိုက်ရသည်။ ဓာတုဗေဒစစ်ဆင်ရေး တပ်ဖွဲ့တစ်ဖွဲ့အား စစ်တပ်အနီးတွင် အာရုံကြောအဆိပ်ငွေ့ကာကွယ်ကုသရေးဆေးများ ဖြည့်တင်းထားရသည်။ မြို့တော်ထဲတွင် လက်နက် တပ်ဆင်ထားသော ရဲတပ်ဖွဲ့ ဘတ်(စ်)ကားများသည် ပြည်သူပိုင်အဆောက်အအုံများကို စောင့်ရှောက်နေကြပြီး၊ ရဟတ်ယာဉ်များလည်း ခေါင်းပေါ်တွင် ဝဲပျံနေကြ၏။ ဂျပန် အမျိုးသားများစွာသည် တိုကျိုမြို့ခရီးစဉ်ကို ဖျက်သိမ်းနေကြစဉ် အယူသီးဂိုဏ်း အဖွဲ့ဝင်(၅၀၀)ကျော်တို့က တိုကျိုမှ ထွက်ခွာပြီး ဖူဂျီတောင်သို့ သွားကြသည်။

"ကျုပ်တို့ ခေါင်းဆောင်ကြီးရဲ့ ကြိုတင်ဟောကိန်းအရ တိုကျိုမြို့ဟာ အလွန် ဘေးအန္တရာယ်များပါတယ်"ဟု နောက်လိုက်တစ်ဦးက ရှင်းပြခဲ့သည်။

စိုးရိမ်ပူပန်ရသော နေ့ရက်များအတွင်း တိုကျိုမြို့သည် ခေတ်သစ်အကြမ်းဖက်လုပ်ရပ် နည်းပရိယာယ်ကို နာကြည်းစွာ သင်ခန်းစာ ရရှိလိုက်၏။ အကြမ်းဖက်သမားသည် သူလုပ်နိုင်သည့် ကြောက်လန့်ဖွယ်ရာ ဖျက်ဆီးရေးလုပ်ငန်းကို တစ်ကြိမ်လုပ်ပြီးပါက မြို့တော်ကို နှောင့်ယှက်နောက်ထပ် တိုက်ခိုက်ဖို့ မလိုအပ်တော့ချေ။ ဂျာနယ်သမားတစ်ယောက်က မှတ်ချက်ချထားသကဲ့သို့ "အာရုံကြောအဆိပ်သင့် ဓာတ်ငွေ့ကဲ့သို့ထိရောက်သောကြောင့် တိုကျိုမြို့တော်အား လေသင်တုန်းဖြတ်စေရန် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ရုံသက်သက်သာဖြစ်၏။ ထိုကာလသည်ရှိကိုအဆာဟာရ၏ အကောင်းဆုံးအချိန် ဖြစ်သည်။ ဂုရုကြီးက စကားပြောပြီးနောက် မြို့တော်တစ်ခုလုံး ထထိုင်ကြ၊ နားစွင့်ကြပြီး တုန်လှုပ်


www.burmeseclassic.com

www.burmeseclassic.com

ချောက်ချားနေကြသည်။

ဧပြီ(၁၅)ရက် စနေနေ့သို့ ရောက်ရှိလာ၏။ ရှင်ဂျူကူရှိ ဈေးဆိုင်များနှင့် မြေအောက်မီးရထားလမ်း ဘူတာများတွင် ထူးကဲစွာ ငြိမ်သက်နေ၏။ ဈေးဆိုင်ရှင်များသည် ကျည်ကာအင်္ကျီ ဝတ်ဆင်ထားသော ရဲတပ်ဖွဲ့များနှင့် အဆိုးဆုံးအခြေအနေကို မျှော်လင့်ထားကြသော ကင်မရာသမားများထက် ပိုမို သာလွန်သည်။ သို့သော် ရှင်ဂျူကူ သို့မဟုတ် မြို့တော်ဘယ်နေရာမှာမှ ဘာမှ မဖြစ်ချေ။ ဂုရုကြီး၏ ကမ္ဘာပျက်မည့် နောက်ဆုံးနေ့သည် အထိအခိုက်မရှိဘဲ ကျော်လွန်သွားခဲ့သည်။ ထို့ပြင် တိုကျိုမြို့သည် သက်သာစွာ အသက်ရှူနိုင်လာတော့၏။

နောက်လေးရက် ကြာသောအခါ တိုကျိုမြို့ အပြင်ဘက်ရှိ ယိုကိုဟားမား ဘူတာရုံတွင် အသက်ရှူကျပ်စေသော အငွေ့များ ဖြာထွက်နေ၏။ လွန်ခဲ့သည့် တစ်လကျော်ခန့်ကမှ တိုကျိုမြို့ မြေအောက်မီးရထားလမ်းအား ဆာရင်အဆိပ်ငွေ့များ တိုက်ခိုက်ခံခဲ့ရသည်ကို ချောက်ချားဖွယ်ရာ အတိတ်ကဖြစ်ရပ်ကို သတိရနေကြဆဲ ဖြစ်သည်။ ရဲတပ်ဖွဲ့နှင့် ဓာတုဗေဒစစ်ဆင်ရေး တပ်ဖွဲ့များသည် လူနာတင်ကား ငါးစီးအုပ်နှင့်အတူ ဘူတာရုံသို့ အပြေးအလွှား သွားကြသည်။ ခရီးသည် (၆၀၀)ခန့်အားလည်ချောင်းနှင့် မျက်စိနာ ဝေဒနာခံစားကြရသဖြင့် ဆေးရုံတင်လိုက်ကြရ၏။

ထိုဖြစ်ရပ်တွင် ဥုမ်၏ ရှေ့နေက အယူသီးဂိုဏ်းအနေဖြင့် ဘာမှမပတ်သက်ကြောင်းပြောသည်။ တစ်ကြိမ်တွင် သူပြောတာ မှန်နေ၏။ အကြောင်းမှာ နောက်ပိုင်းတွင် ပုဂ္ဂိုလ်ရေး မုန်းတီးမှုကြောင့် ဟားမားဘူတာရုံက အဖြစ်အပျက်ကို အတုခိုးခဲ့ခြင်း ဖြစ်သည်။ မေ့ြီလ (၉)ရက်နေ့တွင် အင်အားပြင်းထန်သော ဗုံးတစ်လုံး ဥတ္တလာဟိုးမားမြို့ရှိ ပြည်နယ်အစိုးရရုံးအဆောက်အအုံအတွင်း၌ ကျရောက်ပေါက်ကွဲသည်။ လူ (၁၆၉)ယောက် သေဆုံးပြီး (၅၀၀)ကျော် ဒဏ်ရာရခဲ့၏။ နောက်နှစ်ရက်ကြာသောအခါ ယိုကိုဟားမားတွင် အရေးပေါ်လုပ်ငန်းအဖွဲ့သည် အပျက်အစီးများကို ရှင်းလင်းနေစဉ် ဆန်းကြယ်သော အဆိပ်ငွေ့များ အန်ထွက်လာပြန်သဖြင့် ဆိုင်ရှင်(၂၄)ဦးအား ဆေးရုံ တင်လိုက်ကြရသည်။ ဂျပန်လူမျိုးများစွာအတွက် ကမ္ဘာကြီးသည် ထိန်းချုပ်မရသော အခြေအနေ ဖြစ်နေသည်ဟု ထင်မြင်ကြ၏။

ဤကိစ္စများက ဂျပန် စုံစမ်းစစ်ဆေးရေးမှူးများအား ဖိအားပေးလာသည်။ ယခုအခါ ဥုမ်သည် အာရုံကြောအဆိပ်သင့် ဓာတ်ငွေ့များထုတ်လုပ်ကြောင်း ရဲတပ်ဖွဲ့က ယုံကြည်နေ၏။

သို့သော် တိုကျိုမြို့တွင် ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်မှုကိစ္စအတွက် အယူသီးဂိုဏ်းအဖွဲ့ဝင် တစ်ဦးကိုသာ ဖမ်းဆီးအရေးယူထားသည်။





ဂျပန်နိုင်ငံရှိ ရဲတပ်ဖွဲ့ အကြီးအကဲများအား နှစ်ဆ ကြိုးစားလုပ်ဆောင်ကြရန်နှင့် ဥုမ်စုံစမ်းစစ်ဆေးရေး အရှိန်အဟုန်မြှင့်တင်ရန် မှာကြားထားသည်။

"အကြမ်းဖက်မှုအသစ် ဖြစ်ပေါ်လာနိုင်ဖွယ်ရာ ရှိပါတယ်၊ တကယ်လို့ ဒီအမှုကို ဖြစ်တဲ့နည်းနဲ့ မဖြေရှင်းနိုင်ရင် တရားဥပဒေစိုးမိုးရေး ကျဆုံးသွားလိမ့်မယ်"ဟု အမည်မသိ အထက်တန်းအရာရှိ တစ်ဦးက ပြောကြားခဲ့သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဖောက်သူ

အယူသီးဂိုဏ်းအကြောင်း သတင်းများ ရေးသားဖော်ပြကြသည်မှာ များလောက်သည်။ ဥမ်ကိစ္စသည် သတင်းစာ စာမျက်နှာတိုင်းနှင့် အသံလွှင့်ချိန်နာရီတိုင်း စိုးမိုးထား၏။ ရဲတပ်ဖွဲ့က လျှို့ဝှက်စွာ ဆက်လက်စုံစမ်းစစ်ဆေးနေကြစဉ် သတင်းဌာနများက ဂိုဏ်းခေါင်းဆောင်များကို တွေ့ဆုံမေးမြန်း၍ အပြင်းအထန် အားထုတ်ကြသည်။ အယူသီးဂိုဏ်းခေါင်းဆောင်များကလည်း ထိုအခွင့်အရေးကို ဆုပ်ကိုင်လျက် ငြင်းဆိုချက်များ ထုတ်ပြန်နေ၏။ ဥမ်သည် ဝါဒဖြန့်ရေးစစ်ပွဲ၌ အောင်မြင်လျက်ရှိသည်။

သတင်းသမားများနှင့် အငြင်းပွားဖွယ်ရာ မရှိသော ရင်းနှီးသောပုဂ္ဂိုလ်မှာ ယခင် ဥမ်၏ မော်စကိုစစ်ဆင်ရေး၏ အကြီးအကဲဖြစ်သူ ဖူမိဟီရိုဗိုယု ဖြစ်၏။ ရုပ်ရည်ကြည့်ကောင်း၍ အစိမ်းနုရောင် ညဝတ်ဘောင်းဘီ ဝတ်ထားပြီး၊ အင်္ဂလိပ်စကား ကောင်းစွာပြောတတ်သူ ဗိုယုသည် အန္တရာယ်ရှိ၍ အလွဲလွဲအချော်ချော် ဖြစ်တတ်သည့် ဇော်ပရေတာဖြစ်သည့်ပြင် ဘာသာစကား နှစ်မျိုးဖြင့် လိမ်ညာတတ်သူဟု ဂျပန်အမျိုးသားများက ထင်မြင်နေကြ၏။ သို့ရာတွင် အမျိုးသမီးငယ် အချို့ကတော့ သူ့ကို မလွန်ဆန်နိုင်ကြပေ။ ဗိုယု၏ သေးသွယ်သော ကိုယ်လုံးနှင့် သမင်မျက်လုံးလို လှသည့်အကြောင်းကို အမျိုးသမီးမဂ္ဂဇင်းတွေမှာ ဆောင်းပါးရေးကြသည်။

"သူ. . . ကျွန်မကို ထူးဆန်းတဲ့ မြေအောက်ခန်းထဲကို ခေါ်သွားပြီးနောက် ကျွန်မတို့ ချစ်ကြပါတယ်"ဟု ကျောင်းသူတစ်ဦးက ဝန်ခံခဲ့ဖူး၏။ တိုကျိုဌာနချုပ် အပြင်ဘက်မှာ လူအုပ်ထဲတွင် သူတို့၏ ရုပ်တုကလေးကို ခဏတဖြုတ်ကြည့်ရန် အမျိုးသမီးကလေးများ စောင့်နေတတ်ကြသည်။ သတင်းထောက်များနှင့် ကင်မရာဆရာများသည် တချို့က ခတ်ငွေ့ကားများစွပ်လျက် ထိုလမ်းပေါ်တွင် စောင့်ကြသည်။ ဒေသခံ စားသောက်ဆိုင်ဝန်ထမ်းများသည် ရဲတပ်ဖွဲ့လိုင်းကို ဖြတ်၍ အစားအသောက်ရောင်းရန်





လာကြသည်။ လက်ယာဝါဒသမားများက အသံမြည်သော ထရပ်ကားများကိုစီးလျက် မိုးကြိုးပစ်သလို ဖြတ်သန်းသွားကြရင်း အယူသီးဂိုဏ်းအဖွဲ့အား ပြစ်တင်ရှုတ်ချလျက် ဘုရင့်ဘက်တော်သား ကြွေးကြော်သံများကို ဟစ်အော်ကြသည်။ အိမ်အပြင်ထွက်လာကြသော မိသားစုများက ဓာတ်ပုံရိုက်ခံရန် ရပ်နေကြ၏။

ဧပြီလ(၂၃)ရက်နေ့ နံနက်ဘက်တွင် ဟီရိုယုကိဂျီး အမည်ရှိသူ လူတစ်ယောက်သည် ပျော်ရွှင်ဖွယ်ရာ လူထုအတွင်းသို့ ထွက်လာခဲ့သည်။ မည်သူကမျှ ဂျီးကို သတိမပြုမိကြ။ သူသည် အသက် (၂၉)နှစ်အရွယ် ကိုရီးယား အမျိုးသားဖြစ်ပြီး၊ တကယ့် နာမည်ရင်းမှာ ဆိုယုဟေအန်းဖြစ်၏။ သူသည် ဆံပင်တိုနှင့် ခန္ဓာကိုယ် တောင့်တင်းသူဖြစ်ပြီး၊ ထိုနေ့ တီဗွီသတင်းများထဲတွင် သူ၏ ဆွယ်တာအကျီအဆင်က လွယ်ကူစွာ မှတ်မိစေနိုင်သည်။

ထိုကိုရီးယားလူမျိုးမှာ ထူးဆန်းသော အလုပ်အကိုင်သမိုင်း ရှိ၏။ သူသည် တစ်ချိန်က ကိုယ်ပိုင်ကုမ္ပဏီ ထူထောင်ခဲ့ရာ အကြွေး ဒေါ်လာ (၂၀၀၀၀၀) တင်ခဲ့သူဖြစ်၏။ ထရပ်ကားမောင်းသူအဖြစ် အလုပ်လုပ်ပြီးနောက် သူသည် ပြည့်တန်ဆာများကို ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ အိုင်ဆီမြို့ ဟိန်းဂူမိ အမည်ရှိ ဂိုဏ်းငယ်တစ်ခုကို ပေးပို့ခဲ့သည်။ အကြွေးများကိုလည်း ကောက်ခံပေးခဲ့သည်။ ထို့ပြင် ယာမာဂူချီဂူမိ ဒုစရိုက်ဂိုဏ်းသို့ ဝင်ရောက်ခဲ့လေသည်။ ထိုနံနက်တွင် ဥမ်အဆောက်အအုံ အပြင်ဘက်လူအုပ်ကြား၌ ရပ်နေစဉ် သူသည် အခြား လှုပ်ရှားမှုတစ်ခုကို လုပ်ရန်ဖြစ်၏။ ထိုလှုပ်ရှားမှုမှာ အငယ်စား လူမိုက်အဖြစ်မှ လူသတ်သမားကြီးအဖြစ် လုပ်ရန်ဖြစ်သည်။

ထို့နေ့ မတိုင်မီက ဂျီးသည် အသွားရှစ်လက်မရှိသော သားသတ်သမား ဓားမြှောင်တစ်ချောင်းဝယ်ခဲ့သည်။ ထို့နောက် တိုကျိုမြို့ အချစ်ဟိုတယ်၌ ညအိပ်ပြီး၊ နံနက် (၁၁း၀၀)နာရီအချိန် ဥမ်ဌာနချုပ်ရှေ့ ရောက်ခဲ့သည်။

မကြာမီအချိန်၌ ဖူမိဟီရိုဗိုယုနှင့် သူ့အဖော်များသည် မိုက္ကရိုဖုန်း တောအုပ်အကြား ဖြတ်သန်း၍ အဆောက်အအုံထဲသို့ တိုးဝင်သွားကြသည်ကို ဂျီးက စောင့်ကြည့်နေ၏။ သုံးနာရီကြာသောအခါ အယူသီးဂိုဏ်းရှေ့နေ ယိုရှိနိဘု အောအိုယာမသည် ဌာနချုပ်ထဲသို့ဝင်ရန် သတင်းသမားများအကြား ပြေးသွားသည်ကို ဂျီးက မြင်လိုက်သည်။ ထို့နောက် ဂျီးသည် အနီးရှိ စားသောက်ဆိုင်သွား၍ ခေါက်ဆွဲတစ်ပန်းကန် စား၏။ ညနေပိုင်းတွင် သူသည် ဥမ်အဆောက်အအုံသို့ ပြန်သွားပြီး၊ စောင့်နေပြန်သည်။

ည (၈း၃၀)ခန့်တွင် အခြားအယူသီးဂိုဏ်း ကားတစ်စီးရောက်လာ၏။ သိပ္ပံဌာနအကြီးအကဲ ယိဒိယိုမူရိုင်း ကားပေါ်မှ ဆင်းလာရာ



www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်သမားများက ဝိုင်းရံထားကြသည်။ ကင်မရာများက တဖျပ်ဖျပ် ရိုက်ပြီး၊ တိုင်းပြည်သို့ တိုက်ရိုက်သတင်း ထုတ်လွှင့်ကြသကဲ့သို့ မူရိုင်း၏ နောက်လိုက်အကူများက လမ်းလူအုပ်ကြားထဲတွင် ရှင်းပေးနေကြ၏။ ထိုကိစ္စ ဖြစ်ပွားတော့ မူရိုင်းသည် တံခါးဝသို့ ရောက်လုနီးနေပြီ။

ဟီရိုယုကီဂျိုးသည် ကင်မရာသမား တံတိုင်းကိုဖြတ်၍ အတင်း တိုးဝင်ရောက်လာပြီး မူရိုင်း၏ ဝမ်းဗိုက်ကို သားသတ်သမားဓားဖြင့် လျင်မြန်စွာ ထိုးလိုက်၏။ မူရိုင်းသည် နာကျင်စွာဖြင့် နှစ်ကြိမ်လဲကျရာမှ ပြန်ထပြီး မတ်တတ်ရပ်သည်။ သူသည် လက်ကောက်ဝတ်မှ သွေးများကို အံ့ဩစွာ စိုက်ကြည့်နေပြီး သူ့မျက်နှာက တွန့်လိမ်လာ၏။ သူ့ခြေထောက်များ ယိုင်လဲ၍ လူအုပ်ထဲမှာ လဲကျသွားတော့၏။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်လာသောကြောင့် ဟီရိုယုကီဂျိုးသည် သွေးစွန်းနေသော ဓားကိုလွှင့်ပစ်လိုက်ပြီး စိတ်လှုပ်ရှားနေသော ကင်မရာသမားများ အလယ်တွင် သူသည် ခြေလှမ်း အနည်းငယ်လှမ်းကာ ရပ်နေ၏။

"ကျုပ်ကို လာမဖမ်းကြဘူးလား"ဟု လူအုပ်ကို မေးလိုက်သည်။ တမိနစ်ခွဲခန့် ကြာသောအခါ ရဲအရာရှိများ ရောက်လာကြပြီး၊ သူ့ကို လက်ထိတ်ခတ်လိုက်ကြသည်။ ထို့နောက် အဝေးသို့ ခေါ်ဆောင်သွားကြ၏။

ကြောက်စိတ်ဝင်နေကြသော အယူသီးဂိုဏ်း အဖွဲ့ဝင်များသည် မူရိုင်းပါသော ထမ်းစင်ကိုသယ်ရန် သတင်းထောက်များနှင့် ကင်မရာသမားများကို နောက်သို့ တွန်းထုတ်နေကြသည်။ ထိုအချိန်တွင် လူနာတင်ကားသည် အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွား၏။ မူရိုင်းသည် သွေးအထွက်လွန်နေသည်။ ဂျိုး၏ဓားက သူ၏ ဝမ်းဗိုက်နှင့် လက်မောင်းကို ထိရပြီး၊ ငါးလက်မကျယ်မျှ ဒဏ်ရာရစေခဲ့သည်။ ကျောက်ကပ်တစ်ခု ထိခိုက်သွားပြီး၊ သွေးကြောမကြီးကိုဖြတ်၍ ထိသွား၏။ နောက်ခြောက်နာရီ ကြာသောအခါ မူရိုင်းသည် သွေးအထွက်လွန်ပြီး သေဆုံးသွားလေသည်။

မူရိုင်း အသတ်ခံရခြင်းသည် အထူးဆန်းဆုံးဖြစ်နေ၏။ ပထမ တွင် ဂျိုးက သူ့သဘောဖြင့် သူသတ်သည်ဟု ကြေညာခဲ့၏။

"တီဗွီကိုကြည့်ပြီး ကျုပ် အလွန် ဒေါသထွက်ခဲ့တယ်၊ သူတို့ဟာ လူဆိုးတွေပဲ။ ကျုပ်တို့ တစ်ခုခုတော့ လုပ်ကြရမယ်"ဟု စုံစမ်းစစ်ဆေးသူများကို ပြောပြခဲ့သည်။

သို့ရာတွင် မကြာမီ၌ ဂျိုးသည် သူ့အကြောင်းကို ပြောလိုက်သည်။ ဟိန်းရှုမိဂိုဏ်းအဖွဲ့မှ ထင်ရှားသူတစ်ယောက်ဖြစ်သည့် ကင်ဂျိကုမိမိုင်းက အယူသီးဂိုဏ်း အဆင့်မြင့်အဖွဲ့ဝင်များဖြစ်ကြသော မူရိုင်း၊ ဇိုယု ဒါမှမဟုတ် ယာမာတို့အား သတ်ပေးရန် အမိန့်ပေးခဲ့ကြောင်း တရားရုံးတော်တွင် ထွက်ဆိုခဲ့၏။





"ဂိုဏ်းအတွက် အဲဒါလုပ်ပေးပါ"ဟု ကုမိမိုင်းက ဂျိုးကို ပြောခဲ့သည်။ ထို့နောက် ကုမိမိုင်းကို ဖမ်းဆီးရပြီး၊ လူသတ်မှုဖြင့် တရားစွဲသောအခါ သူက ဂျိုကိုသိကြောင်းနှင့် ယခင်က နှစ်ကြိမ် တွေ့ဆုံခဲ့ဖူးကြောင်း သို့ရာတွင် မူရိုင်း သားသတ်ရာတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ငြင်းဆိုသည်။

ထိုမှာတင် လမ်းစ ပျောက်ဆုံးသွားပြီး၊ မှန်းဆချက်များ စတင်လေသည်။ အယူသီးဂိုဏ်း အဖွဲ့ထဲမှ အဆင့်မြင့်အဖွဲ့ဝင် မည်သူ့ကိုမဆို သတ်ပေးရန် သူ့ကို အမိန့်ပေးထားကြောင်း ဂျိုးက ပြောသည်။ ဤသို့ဆိုရလျှင် ဇိုယုနှင့် အေအိုယာမတို့ ဖြတ်သွားသည်ကို သူဘာကြောင့် စောင့်ခဲ့သနည်း။ အမှန်ကတော့ ဂျိုးသည် ကြေးစားလူသတ်သမား တစ်ဦးကဲ့သို့ ဖြစ်နေ၏။ သို့သော် သူ့ကို ဘယ်သူက ငှားသနည်း။ သတင်းဌာနတစ်ခုက ထင်မြင်သည်မှာ ဂျပန်ဂိုဏ်းအဖွဲ့ဝင်များသည် မြေအောက်ကမ္ဘာ၏ အဆိပ်ငွေ့ထုတ်လုပ်မှုနှင့် ကွင်းဆက်ကိုကာကွယ်ရန် မူရိုင်းအား သတ်ချင်နေကြောင်း ပြောဆိုကြသည်။

သို့သော် ပြင်းထန်သော ထင်မြင်ယူဆချက်သည် အယူသီးဂိုဏ်းကို ဝန်းရံနေ၏။ ရဲတပ်ဖွဲ့က မူရိုင်းအား မေးမြန်းစုံစမ်းရန် လာလိမ့်မည်ဟု ဥမ်ခေါင်းဆောင်များက သိနေကြသည်။ မူရိုင်းက သိပ္ပံပညာရှင်အနေဖြင့် သိပ်ပြောမလားဟု သူတို့ ကြောက်ရွံ့နေကြသလား၊ ဇိုယုနှင့် မူရိုင်းတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောခဲ့ကြ၏။ လူသတ်မှု နောက်ကွယ်တွင် ဥမ်ရှိနေကြောင်း သဲလွန်စများစွာရှိသည်။ ဆေးရုံသို့အသွား လမ်းတွင် မူရိုင်းသည် "ဂျူဒါ့(စ်)"ဟု ညည်းတွား ပြောဆိုကြောင်း၊ ထိုစကားသည် စကားဝှက်သော်လည်းကောင်း၊ သူ့ကို သစ္စာဖောက်သည်ဟု မူရိုင်းသည် "ဂျူးတွေ. . . ဂျူးတွေ"ဟု မြည်တမ်းကြောင်းသိရသည်။ ဇိုယုသည် မျက်ရည်စက်လက်ဖြင့် သတိရနေသည်မှာ သိပ္ပံပညာရှင် မူရိုင်း၏ နောက်ဆုံး စကားဖြစ်သည့် "ကျုပ်ဟာတော့ အပြစ်ကင်းစင်ပါတယ်"ဟူသော စကား ဖြစ်၏။

လူသတ်မှုသည် ရှုပ်ထွေးနေဆဲဖြစ်သည်။ ထို့ပြင် ဟီဒိယိုမူရိုင်း၏ ပဟေဠိဆန်ဆန် ဖြစ်စဉ်များသည် သူနှင့်အတူ သေသွားပေပြီ။ မူရိုင်း၏ အပြင်ပန်းအားဖြင့် ညင်သာနူးညံ့သော ပရိသတ်သည် အယူသီးဂိုဏ်း ကျူးလွန်ခဲ့သော လူသတ်မှုများကဲ့သို့ အေးစက်သော အသည်းနှလုံးနှင့် အယူသီးမှုများသာဖြစ်၏။ ဥမ်ဖခင် လက်နက်စီမံကိန်းကဲ့သို့ သူသည် ဘာသာရေးခေါင်းဆောင်အပေါ် သစ္စာရှိစွာဖြင့် ကမ္ဘာ့ဒေါသကို ရင်ဆိုင်၍ လုပ်ပေးခဲ့၏။ မသေဆုံးမီက မူရိုင်းအား မြေအောက်မီးရထားလမ်း တိုက်ခိုက်မှုနှင့် မတ်ဆူမိုတိုအား ဓာတ်ငွေ့သင့်စေသော အမှုများဖြင့် လူသတ်မှု သို့မဟုတ် လူသတ်ရန် ကြံစည်မှုတို့ဖြင့် ရဲတပ်ဖွဲ့က စွဲချက် တင်ထားခဲ့သည်။ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့က အမှုကို ပိတ်သိမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

မှုရိုင်းအား ကွပ်မျက်ခံရသည့် အဓိက အချိန်သည် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးရေးထဲသို့ တစ်မိုင်မျှကျယ်သော အပေါက်ကို ဖောက်ထွင်းလိုက်သည်။ ဂုရုကြီး၏ သိပ္ပံဌာနကြီးမှူးနှင့် ညာလက်ရုံးထက် အနည်းငယ်မျှသော ခေါင်းဆောင်များကသာ အယူသီးဂိုဏ်း၏ နက်နဲသော လျှို့ဝှက်ချက်ကို သိရှိကြသည်။ ရဲများရှေ့တွင် အဓိက ခေါင်းဆောင် သတ်ဖြတ်ခံရမှုအတွက် သူတို့ကို ဖမ်းဆီးမလား၊ ဖူမီဟီရိုဂိုယု တစ်ယောက်အတွက်တော့ အခွင့်အရေး မရချေ။ ယခု ဥမ်၏ ပြောရေးဆိုခွင့်ရှိသူသည် အဓိကဂိုဏ်းနိမ်နင်းရေး ခမောက်ကို ဆောင်းထားပြီး၊ ကျည်ကာဝတ်စုံကိုလည်း ဝတ်ဆင်ထား၏။ ထို့ပြင် နေရာတကာမှာ အစောင့်အရှောက်များက နောက်မှလိုက်၍ စောင့်ကြ၏။ တစ်မျိုးသားလုံးကလည်း မှုရိုင်း အသတ်ခံရသည့်အတွက် ထုံထိုင်းတွေဝေနေကြ၏။ ဥမ်အကြောင်း ဖြစ်ကြောင်းကုန်စင်ပြောစရာတွေ ဘယ်တော့မှ ကုန်ဆုံးမည့်ပုံ မပေါ်ချေ။ နောက်ထပ်ဘာတွေ ဖြစ်လာဦးမလဲ။ တိုကျိုမြို့ မြေအောက်မီးရထားများ နှောင့်နှေးနောက်ကျခဲ့ရ၏။ ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် ရာသီဥတု ခန့်မှန်းသည့် ဘောလုံး(၃၀) မြေပြင်ပေါ် ကျရောက်သောအခါ ဓာတ်ငွေ့ကာမျက်နှာဖုံးစွပ် ရဲတပ်ဖွဲ့ကိုစေလွှတ်၍ အနီးရှိ မူလတန်းကျောင်းကို ပိတ်ထားလိုက်ရ၏။ အိုဆာကာ မြို့တော်ခန်းမတွင် တယ်လီဖုန်း သတင်းရောက်ရှိလာသည်။ ထိုသတင်းမှာ မြို့တော် မြေအောက်မီးရထားလမ်းများကို ဗုံးခွဲတိုက်ခိုက်မည်ဟုဆိုသော သတင်းဖြစ်နေ၏။

ဂျပန် ကလေးငယ်များအတွက် ပျောက်ဆုံးနေသော ဂုရုကြီးသည် လူတော် အားကစားသမားကြီး ဖြစ်သည်။ "ဥမ်နောက်လိုက်တစ်ဦး" အမည်ခံသူ တစ်ဦးက ကျောင်းရေကန်အတွင်း တစ်ယောက်ယောက်က အဆိပ်ခတ်လိမ့်မည်ဟု သတိပေးစာ ရရှိသောကြောင့် အက်ဆူဂီမြို့ရှိ ကျောင်းရေကန်များကို ပိတ်ထားလိုက်ရ၏။ ယခင်က "ဆာရင်" ဟူသော ဝေါဟာရကို ဓာတုဗေဒစစ်ဆင်ရေး လောကအပြင်ဘက်တွင် သိသူရှားပါးသည်။ ယခုအခါ အထက်တန်းကျောင်းသားများ၏ နှုတ်ဖျားမှ အလွယ်တကူ ပြောဆိုနေကြ၏။

မှုရိုင်း အသတ်ခံရပြီးနောက် သုံးရက်ကြာသောအခါ ရဲတပ်ဖွဲ့သည် တိုကျို မြို့တွင်းမြို့ပြင်ရှိ ဥမ်အဆောက်အအုံ (၉၀)ကျော်ကို ဝင်ရောက် ရှာဖွေခဲ့ကြသည်။ ဖူဂျီတောင်ရှိ သာတီယံ(၂)တွင် တစ်လကြာမျှ နေ့စဉ်နေ့တိုင်းလို ဝင်ရောက်ရှာဖွေခဲ့ကြ၏။ ယခုအချိန်တွင် ရဲတပ်ဖွဲ့သည် လျှို့ဝှက်အခြေခံစခန်းကို တွေ့ရှိခဲ့ကြသည်။ ထို့ပြင် အမဂေဒုန်ခေါ် နောက်ဆုံးစစ်ပွဲအတွက် ဓာတုဗေဒဆရာများဖြစ်သော မာဆာမိဟာဆူချိယနှင့် ဆီအိချိအင်ဒိုတို့ကိုပါ တွေ့ကြရသည်။ သူတို့ အဖမ်းခံရ၏။

ရဲတပ်ဖွဲ့က သာတီယံ(၇)မှ ခေါ်ဆောင်သွားသောအခါ တဆူချိယသည် ယဲ့ယဲ့ကလေးပြုံး၍ လိုက်ပါခဲ့သည်။ အချုပ်ခန်းထဲ ရောက်သောအခါ စကားပြန်ရန် ငြင်းဆိုခဲ့၏။

"ကျုပ်ကို ဓာတုဗေဒယူနစ်က ပိုင်ပါတယ်"ဟုသာ ပြောခဲ့သည်။ သို့ရာတွင် မကြာမီ အချိန်၌ သူသည် လမ်းညွှန်ပြစပြု၏။

"ကျုပ်လုပ်သမျှ အဆာဟာရကို အစီရင် ခံခဲ့ပြီးဖြစ်တယ်။ သူ့ကိုသာ မေးကြည့်ပါ" . . . . တဲ့။ တဆူချိယနှင့် အင်ဒိုတို့အား ဖမ်းဆီးလိုက်သောကြောင့် ဥမ်အမှုတွင် အဓိက တရားခံများကို ဖမ်းဆီးခြင်းဖြစ်သည်ဟု စဉ်းစားကြသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ် တိုမီအိချိမူရာယာမက တိုင်းပြည်သို့ ကြေညာလိုက်၏။

"စုံစမ်းစစ်ဆေးတာ နောက်ဆုံးအဆင့် ရောက်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်"

ဝန်ကြီးချုပ် မိန့်ခွန်းသည် မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရမှုကြောင့် လူ့အသက်များ ဆုံးရှုံးရသည်ကို တွက်ချက်ဆဲဖြစ်သော ပြည်သူများအဖို့ အသေးအဖွဲ သဘောရောက်စေသည်။ အနည်းဆုံး ခရီးသည် သုံးဦးသည် ယခုအထိ ဆေးရုံ တင်ထားရဆဲဖြစ်၏။ နှစ်ဦးသည် သတိမေ့မြောနေပြီး၊ တစ်ယောက်ကမူ အတိတ်မေ့ရောဂါ ဖြစ်နေသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးက သားပျက်ကျခဲ့၏။

စိန့်လူကာဆေးရုံတွင် အိပ်မပျော်သော ရောဂါခံစားနေရသော လူနာ ခုနစ်ဦးအား ကုသနေရဆဲဖြစ်သည်။ ထိုလူနာများသည် အဆက်မပြတ် ခေါင်းကိုက်ခြင်းနှင့် အတိတ်ကို ကြောက်လန့်ခြင်း ဝေဒနာများ ခံစားနေရ၏။ ပူဆွေးသောက ရောက်နေရသူများသည် ဖြေသိမ့်နိုင်ခြင်း မရှိကြ။ လူနာ မိခင်တစ်ဦးက ဤသို့ ပြောသည်။

"ကျွန်မသမီးကိုပဲ ပြန်ခေါ်ချင်ပါတယ်၊ သမီးမှာ ဘာမှ အများအယွင်း မလုပ်ခဲ့မိပါဘူး။ သမီးကို သတ်တဲ့လူတွေကို ဆာရင်နဲ့လောင်းချလိုက်ချင်တယ်"

ဥမ်ရောက် ကလေးငါးစ်ရာခန့်အား လုံခြုံရေးအကာအကွယ်ပေးလျက် ထိန်းသိမ်းထားရသည်။ ပထမလအတွင်း ကလေး (၁၁)ယောက်ကိုသာ မိဘ သို့မဟုတ် ဆွေမျိုးများက တောင်းဆိုသဖြင့် ပေးအပ်လိုက်ရ၏။ လူမှုကယ်ဆယ်ရေးဌာနတွင် ကလေးများသည် သူတို့၏ လျှပ်ခေါင်းဦးထုပ်များကို တစ်ယောက်ပြီး တစ်ယောက် ချွတ်ပစ်ကြသည်။ မကြာမီ သူတို့သည် တီဗွီမှ ကာတွန်းကားများကြည့်ခြင်း၊ ကစားခြင်းနှင့် သူတို့အရွယ် အခြားကလေးများ ကဲ့သို့နီးပါး ပြုမူလာကြ၏။ ကလေးတစ်ယောက်က ကျောက်သင်ပုန်းပေါ်၌ စာတွေ ရေးထားသည်ကို ဆရာတစ်ဦးက တွေ့ရှိရသည်။

"ဆရာကြီးအဆာဟာရ"နှင့် "ကျွန်တော်တို့ကို သင်တန်း ဆက်လက်ပေးပါဦး"ဟူ၍ ဖြစ်၏။ အယူသီးဂိုဏ်းသည် ယခုထိ သူတို့အပြစ်ကင်းကြောင်းနှင့် အကျယ်လောင်ဆုံး ဝေဖန်ချက် ထုတ်ပြန်နေဆဲ ဖြစ်







www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦမ်က ဂျပန် နေ့စဉ် သတင်းစာတစ်စောင်ကို တရားစွဲသည်။ မတ်ဆုမိုတိုမိသားစုအား ဆာရင်အဆိပ်ငွေ့သင့်သည့် ကိစ္စနှင့် ပတ်သက်၍ ဆက်နွယ်ကြောင်း ရေးသားခဲ့သဖြင့် တရားစွဲပြီး လျော်ကြေးငွေ ဒေါ်လာ (၁၀၀၀၀၀) တောင်းခံလေသည်။ ဦမ်က တည်ထောင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်နှစ်ဆိုင်တွင် ကန့်ကွက်သည့်အနေဖြင့် ဟင်းအမည်များတွင် 'အမဂေဒုန်ဟင်း'ဟု တီထွင်ရောင်းချသည်။ ထိုဟင်းတွင် ကြက်ဉလိပ်ကြော်နှင့် ထမင်းပေါ်တွင် ခရမ်းချဉ်ရည် ဆမ်းထားခြင်း ဖြစ်၏။ နောက်ဟင်းတစ်မျိုးမှာ အယူသီးဂိုဏ်း စကားဖြစ်သည့် "ပိုအာဟင်း" ဟု ခေါ်ပြီး၊ "သတ်ပစ်" သို့မဟုတ် "လူသတ်သမား"ဟု အဓိပ္ပာယ်ရ၏။ ကတိပေး စကားသံတွေ ထွက်နေသည်။ "အောင်မြင်ခြင်း နေ့လယ်စာ" ကတော့ သာမန် တို့ဟူးကြော်နှင့် ခရီကက်များသာ ဖြစ်၏။

ပြေးလက်ကန်သောအခါ အယူသီးဂိုဏ်းအဖွဲ့ဝင် (၁၅၀)ခန့်အဖမ်းခံကြရသည်။ တချို့မှာ လူပြန်ပေးဆွဲမှုကဲ့သို့ ကြီးလေးသောအမှု ပြင့်စွဲထားသည်။ မြေအောက်မီးရထားလမ်း တိုက်ခိုက်ခံရပြီး ရက်သတ္တပတ် ခြောက်ပတ်ကြာသည့်အခါ ဆာရင်အဆိပ်နှင့် ပတ်သက်၍ ကျူးလွန်သောပြစ်မှုအတွက် တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးခြင်း မခံရချေ။ စုံစမ်းစစ်ဆေးခြင်းသည် ထိုကဲ့သို့ လျှို့ဝှက်ချက်ဖြင့် တိုးတက်နေ၏။ ရဲတပ်ဖွဲ့သည် သတင်းထောက်များအား သတင်းလွှာ ထုတ်ပြန်ခြင်း သို့မဟုတ် သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်းမပြုဘဲ သတင်းတွေပေါက်ကြားနေ၏။ ယခုအခါ ဦမ်အရာရှိများက တိုးတက်မှုအစီရင်ခံစာကို တောင်းဆိုကြသည်။ ရဲတပ်ဖွဲ့က ဖူဂျီတောင်ရှိ ဦမ်အဆောက်အအုံများကို ဆက်တိုက် စီးနင်းရှာဖွေခြင်းဖြင့် တုံ့ပြန်လိုက်၏။

ရဲတပ်ဖွဲ့က ဖမ်းဆီးရန် ကျန်နေသူတစ်ယောက်မှာ သူလျှိုခေါင်းဆောင် ယိုရှိမိရိုအီနိုအိ ဖြစ်သည်။ အင်ဒိုအိက တစ်ခါက ကြွားလုံးထုတ်ခဲ့ဖူးသည်။

"ကျုပ်ဘယ်တော့မှ အဖမ်းမခံရဘူးဗျ"

တိုကျိုမြို့တွင်းရှိ ပုန်းအောင်းနေရာမှ အင်ဒိုအိသည် သူ့ဆရာအဆာဟာရ အဖမ်းမခံရလေအောင် ထိတ်လန့်ဖွယ်ရာ အစီအစဉ်လုပ်နေ၏။ သူနှင့်အတူ တိုမိုမဆ နာကာဂါဝ (အဆာဟာရ၏ ကိုယ်ရေးဆရာဝန်)နှင့် ရှုပဗေဒဆရာ တိုရု တိုယိုဒါတို့ ရှိနေကြသည်။

အင်ဒိုအိအဖွဲ့သည် အယူသီးဂိုဏ်းအဖွဲ့က ယခုအချိန်ထိ အသုံးပြုနိုင်သေးသည့် လက်နက်များကို စုဆောင်းကြ၏။ သူတို့သည် စာအိတ်များကို စိတ်လှုပ်ရှားစွာဖြင့် လုပ်နေကြသည်။ သို့သော် တစ်ခုသာ ပြီးသေး၏။ ဘယ်လိုပင်ဖြစ်စေ သူတို့မှာ အခြားတီထွင်ထားသော ပစ္စည်းကိရိယာများရှိသေး၏။ ထို့ပြင် တိုကျိုမြို့ အပြင်ဘက်၌ ကြိုးစားလုပ်ဆောင်ကြမည် ဖြစ်သည်။

✣ ✣ ✣



## ကျုပ်သာလျှင် ဂုရုဆရာကြီး

မေလ (၅)ရက်နေ့သည် 'ကလေးများနေ့' ဖြစ်၍ အစိုးရရုံးပိတ်ရက်ဖြစ်၏။ ဂျပန်နိုင်ငံတွင် 'ရွှေရောင်ရက်သတ္တပတ်'ဟု ခေါ်ကြသည်။ မှတ်တမ်းများအရဆိုလျှင် ထိုနေ့တွင် ဂျပန်လူမျိုးများသည် လူ(၆၀၀၀၀)ကျော် အနားယူကြပြီး စျေးဝယ်ကြ၊ တစ်နိုင်ငံလုံးအနှံ့ လည်ပတ်ကြလေ့ရှိ၏။ တိုကျိုမြို့တွင် မီးရထားနှင့် မြေအောက်မီးရထားလမ်းများတွင် လူများစည်ကား ပြည့်ကျပ်လျက် ရှိသည်။

မြို့တော်အတွင်း အစည်ကားဆုံးဘူတာတစ်ခုမှာ ရှင်ဂျူကုဖြစ်၏။ ဘူတာသည် မြို့တော်ထဲမှမြို့တော်ဖြစ်ပြီး ကြီးမားသော မြေအောက်စျေးဆိုင်များနှင့် စားသောက်ဆိုင်များသည် လူရေစီးကြောင်းကြီးဖြင့် ဆက်စပ်လျက်ရှိ၏။ နေ့စဉ် ရှင်ဂျူကု မီးရထားများသည် ခရီးသည်ဦးရေ (၁.၆) သန်းကျော် သယ်ဆောင်ပေးနေရသည်။ ရောမမြို့တော် လူဦးရေ၏ ထက်ဝက်ကျော်နှင့် ညီမျှ၏။

ည(၇း၄၀)အချိန်ခန့်တွင် ရှင်ဂျူကု ဧည့်ခန်းမှာ ကျန်ရစ်ခဲ့သောအိတ်တစ်လုံး ပေါက်ကွဲပြီး မီးတောက်များထွက်လာသည်။ ဘူတာဝန်ထမ်းများက မီးလောင်နေသောအိတ်ကို ရေဖြင့် ပက်ဖျန်းလိုက်သောအခါ အသက်ရှူကျပ်သော အငွေ့များဖြစ်သွား၏။ မီးသတ်သမားများက အသက်ရှူကိရိယာများ ဝတ်ဆင်ပြီး မီးသတ်လိုက်သောအခါမှ နောက်ဆုံးတွင်မီးငြိမ်းသွား၏။ ဒဏ်ရာ အကြီးအကျယ်ရသူ မရှိ။ နောင်ခါတွင်မှ ထိုညနေမှာ ရှင်ဂျူကုဘူတာမှ ခရီးသွားများ ဘယ်လောက် ကံကောင်းခဲ့သည်ကို ရဲတပ်ဖွဲ့က သဘောပေါက် သိရှိသွားသည်။

ထိုအိတ်တွင် ကွန်ဒုံးနှစ်ခု တွဲထားသည်ကို စုံစမ်းစစ်ဆေးသူများက တွေ့ရှိသွား၏။ တစ်ခုတွင် အမှုန့်သောင်း ဆိုဒီယံဆိုင်ယင်နိုက် ထည့်ထားပြီး တခြားတစ်အိတ်တွင် အရည်ပျော်ထားသည့် ဆာလ်ဖျူရစ်အက်စစ် ပါရှိ၏။ ကွန်ဒုံးများသည် မီးလောင်စေသော ပစ္စည်းတစ်မျိုးဖြစ်ကြသည်။ ဆာလ်ဖျူရစ်အက်စစ်က ပထမကွန်ဒုံးရာဘာကို စားပစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆိုဒီယံဆိုင်ယင်နိုက်နှင့် ရောစပ်သွားကာ ဟိုက်ဒြိုဂျင်ဆိုင်ယင်နိုက် ဓာတ်ငွေ့ထွက်လာမည်ကို ထိုပစ္စည်းကို တီထွင်သောလူက သိရှိ၏။

ဟိုက်ဒြိုဂျင်ဆိုင်ယင်နိုက်သည် ဗိုင်ကလွန်ဘီကဲ့သို့ နာမည်ကျော်ပြီး အော့ဝစ်နှင့် အခြားဒုတိယကမ္ဘာစစ် လူသတ်စခန်းများတွင် နာဇီတို့က လူသန်းပေါင်းများစွာကို သတ်ဖြတ်ရန် အသုံးပြုခဲ့သည်။ ထိုဓာတ်ငွေ့သည် အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ဝင်ရောက်ပြီး ကိုယ်ခန္ဓာစွမ်းအင်ကို ပိတ်၍ အောက်ဆီဂျင်ကို စုပ်ယူလျက် လူကို သေစေနိုင်၏။ တစ်ကြိမ်ရှူမိပြီဆိုလျှင် နာကျင်လာပြီး လျင်မြန်စွာ သေသည်။ ထိုကွန်ပေါင်းသည် အရည်အငွေ့အဖြစ်သို့ ချက်ချင်း ပြောင်းလဲတတ်သဖြင့် မြေအောက်မီးရထားလမ်းနှင့် ဓာတ်ငွေ့ခန်းကဲ့သို့ ကျဉ်းကျပ်သော နေရာများတွင်သာ သေစေနိုင်၏။ ပထမကမ္ဘာစစ်အတွင်းက ပြင်သစ်နိုင်ငံမှ ထိုအဆိပ်ကို ထုတ်လုပ်ခဲ့ပြီး မက်မွန်ခါးသီး အနံ့ကဲ့သို့ အပျော့စားအနံ့ထွက်၏။

ရှင်ဂျူကူဘူတာကို ရဲတပ်ဖွဲ့က နောက်တစ်ခါ စစ်ဆေးရာ ဓာတ်ငွေ့ကို ဧည့်ခန်းရှိ လေကောင်းလေသန့် စနစ်စက်က စုပ်ယူပြီးနောက် အနီးရှိ ပလက်ဖောင်းပေါ်တွင် မီးရထားစောင့်နေသော ခရီးသည်များ၏ ခေါင်းပေါ်သို့ ဖျန်းလိုက်ကြောင်း တွေ့ရှိကြရသည်။ အကယ်၍ ထိုပစ္စည်းကို မီးမငြိမ်းသတ်ပါက ဓာတုဗေဒပစ္စည်းများ ရောစပ်သွားပြီး လူ (၂၀၀၀၀)ကျော် သေစေနိုင်လောက်သည့် အဆိပ်ငွေ့များ ထုတ်လုပ်နိုင်လိမ့်မည်ဟု ရဲတပ်ဖွဲ့က ယုံကြည်နေကြ၏။

တိုကျို မြို့သူမြို့သားများသည် ဤသတင်းကို ဝမ်းမြောက်စွာ ကြိုဆိုကြသည်။ ဥမ် စုံစမ်းစစ်ဆေးကိစ္စတွင် ပြည်သူများ၏ အားထားမှုသည် အသစ်တဖန် ကျဆင်းသွားပြန်၏။ တိုကျိုမြို့ ရဲတပ်ဖွဲ့ ဥမ်သည် ဆာရင်အဆိပ်များစွာ ပိုင်ဆိုင်ခြင်း မရှိတော့ဘူးဟု ယုံကြည်ကြောင်း သတင်းဌာနများက ဆိုသည်။ သို့သော် ဤကိစ္စသည် ယုံကြည်ရန် ခက်ခဲလှ၏။ အယူသီးဂိုဏ်းက ဟိုက်ဒြိုဂျင်ဆိုင်ယင်နိုက်ကဲ့သို့ အခြား လူသတ်အဆိပ်များရှိနေသေးကြောင်း ထင်ရှားစွာပြလိုက်သည့်အခါ ယုံကြည်မှု ပိုမို လျော့သွား၏။

ရှင်ဂျူကူဘူတာအား တိုက်ခိုက်ခံရပြီးနောက် (၁၀)ရက်ကြာသောအခါ အင်ဒိုအိ၏ ဉာဏ်အလင်းရောင်သည် နောက်ဆုံး၌ ဆုံးရှုံးသွားသည်။ သူ့ကို တိုကျိုမြို့ ဆင်ခြေဖုံး၌ တွေ့ရှိရပြီး အဖမ်းခံလိုက်ရ၏။ သူမောင်းလာသော ကားထဲတွင် ပြင်းထန်စွာ ပေါက်ကွဲစေသော ပစ္စည်းများကို ထုတ်လုပ်နိုင်သည့် နိုက်ထရိတ်ကွန်ပေါင်း များစွာပါလာသည်။ အင်ဒိုမိ အဖမ်းခံရသဖြင့် ဘေးအန္တရာယ်အများဆုံး အယူသီးဂိုဏ်းအဖွဲ့ဝင် အများအပြား ထောင်ထဲရောက်သွား၏။ သို့သော် ပြည်သူများကမူ အယူသီးဂိုဏ်းဝင် အားလုံးထက် အန္တရာယ် အများဆုံးဖြစ်သူ ရှိကို





အဆာဟာရအား ရဲတပ်ဖွဲ့က မဖမ်းဆီးနိုင်သေးသဖြင့် စိတ်မအေးကြရသေး။

ဇာတ်ထုပ်ကြီးတစ်ထုပ် ကပြရာတွင် ဇာတ်ခုံကို စီမံနေသကဲ့သို့ ရဲတပ်ဖွဲ့သည် ရက်သတ္တပတ်ပေါင်းများစွာ ကာလအတွင်း အဆာဟာရ ဘယ်မှာရှိကြောင်း အတိအလင်းသိရှိသည်။ အဆာဟာရသည် ဖူဂျီတောင် သာတီယံ(၆)တွင် ရဲတပ်ဖွဲ့၏ မျက်စိအောက်၌ ရှိနေ၏။ ပြောရေးဆိုခွင့်ရှိသူ ဖူမီဟီရိုဂိုယုသည် အဆောက်အအုံထဲသို့ ဝင်လိုက်ထွက်လိုက် လုပ်နေပြီး ဂုရုကြီး၏ အနှစ်ခြိုက်ဆုံး အစားအစာဖြစ်သည့် ဖရဲသီးများကို မကြာခဏ ယူဆောင်သွားကြောင်း အခြားဂိုဏ်းဝင်များက မြင်နေရ၏။ ရဲတပ်ဖွဲ့သည် အဆာဟာရအား ဘယ်မှာ ဖမ်းရမည်ကို သိသည်။ ယခု မေးခွန်းမှာ ဘယ်တော့ သူတို့ ဖမ်းမလဲဟူ၍ ဖြစ်၏။ အဆာဟာရအပေါ် လူသတ်မှုများဖြင့် စွဲချက်တင်ရန် သက်သေခိုင်လုံပြည့်စုံမှု မရှိမချင်း ရဲတပ်ဖွဲ့သည် လှုပ်ရှားမည် မဟုတ်ကြောင်း ထင်ရှားသည်။

မေလ၊ (၁၄)ရက်နေ့တွင် သတီယံ(၆) အဆောက်အအုံကို အလင်းရောင် တောက်ပစေရန် မီးများ အကြီးအကျယ်ဆင်ထား၏။ ဤသို့ လျှပ်စစ်မီးများ ထွန်းညှိထားသည့် ကောလာဟလသတင်းများ လှုပ်ရှားစပြုလေသည်။ သတင်းကွန်ရက်တစ်ခုတွင် ကား(၂၄)စီး၊ ကင်မရာ အလုံး (၇၀)၊ လူ(၇၀၀)နှင့် ယခုနှစ်အတွင်း အကြီးမားဆုံး ဖြစ်စဉ်တစ်ခုကို မှတ်တမ်းတင်ရန် ရဟတ်ယာဉ် သုံးစီးတို့က ဝဲပျံနေ၏။ နောက်ဆုံးတွင် ရဲတပ်ဖွဲ့သည် ဆုံးဖြတ်ချက်ချလိုက်၏။ ထိုဆုံးဖြတ်ချက်မှာ ဂုရုကြီးကို ဖမ်းဆီးရန် ဖြစ်သည်။

(၁၉၉၅)ခု၊ မေလ၊ (၁၆)ရက်နေ့။ ဖူဂျီတောင်စွယ်၌ သိပ်သည်းသော မြူနှင်းများ ဆိုင်းနေ၏။ ပေအနည်းငယ် အကွာအဝေးလောက်ကိုပင် ဘာမှ မမြင်ရချေ။ အရုဏ်ဦးသည် မှိုင်းမှုန်လျက်ရှိသော အလင်းရောင် မှိန်ပျပျအပေါ် ဗီလာကျင်းလျက် ရှိ၏။ မကြာမီ တစ္ဆေပုံစံ ရုပ်သဏ္ဍာန်များသည် နှင်းခဲတွေအကြားမှ ပေါ်လာသည်။ ထိုရုပ်ပုံသဏ္ဍာန်များသည် အဓိကရုဏ်း နှိမ်နှင်းရေး ရဲများဖြစ်ကြ၏။ သူတို့ နောက်တွင် လက်နက်ကိုင်များနှင့် ရဲအမြောက်အမြား ပါလာ၏။ ရဟတ်ယာဉ်များက ကောင်းကင်ယံတွင် ဝဲပျံနေသကဲ့သို့ ရဲတပ်ဖွဲ့သည် သာတီယံ(၆) ဝင်းထဲသို့ ချီတက်သွားကြလေသည်။ ထိုနေ့သည် စီးနင်းရှာဖွေသော (၅၆)ရက်မြောက်နေ့ဖြစ်၏။

ဝင်းခြံနောက်ထဲမှ တံခါးတွင် စုံစမ်းစစ်ဆေးသူများက တွေ့ရှိရသော နောက်လိုက်တစ်ဦးက စကား တိုတိုပြောသည်။ ထိုနောက်လိုက် အယူသီးဂိုဏ်းသားသည် တံခါးပိတ်ပြီး သော့ခတ်လိုက်၏။ နာရီဝက်ခန့် ကြာသွားပြီ။ ထို့နောက် ရဲတပ်ဖွဲ့သည် တံခါးကြီးကို စက်လွှများဖြင့် ဖြတ်ကြသည်။ တံခါးကို သံတူးရွင်းများဖြင့် ဖွင့်လိုက်ရာ ပွင့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ရဲတပ်ဖွဲ့ဝင်များ အလုံးအရင်းနှင့် ဝင်ရောက်ကြလေသည်။

အမြင်ဘက်တွင် ရာပေါင်းများစွာသော သတင်းထောက်များက စောင့်ဆိုင်းလျက်ရှိကြ၏။ ရဲတပ်ဖွဲ့ဝင်များသည် ဓာတ်မီးများကိုင်လျက် သာတိယံ(၆)၏ ကြောင်လိမ်ဝက်ပါ လှေကားများကို သတိကြီးစွာဖြင့် ရှေ့တိုးကာ သွားနေကြသည်။ လျှပ်စစ်မီးများ ပြတ်တောက်သွားသဖြင့် ကျဉ်းမြောင်းလှသော လူသွားလမ်းများသည် မှောင်မည်းလျက်ရှိ၏။ ရဲတပ်ဖွဲ့သည် သေးငယ်လှသော အခန်းကလေးများမှ သော့များကို ရိုက်ချိုးကြပြီးနောက် လိုဏ်ခေါင်း (၅၀)ကျော်ကို ရှာဖွေတွေ့ရှိရသည်။

နောက်လေးနာရီ ကြာသောအခါ ဂျပန်လူမျိုးများသည် တီဗွီသတင်းများကို အာရုံစူးစိုက်လျက် ရှိကြ၏။ တိုကျိုမြို့ တစ်ဝိုက်ရှိ အဆောက်အအုံကြီးများပေါ်မှ ကြီးမားသော တီဗွီမျက်နှာပြင်ပေါ်များတွင် တိုက်ရိုက်ထုတ်လွှင့်သော ရုပ်ပုံများပေါ်နေသည်။ တိုကျိုမြို့ စတော့ဈေးကွက်တွင် အရောင်းအဝယ် ရပ်တန့်သွား၏။ အမေရိကန်ပြည် စီအင်(န်)အင်(န်) သတင်းဌာနက တိုကျိုဆင်ဆာမ် လူသတ်မှုသတင်း လွှင့်ထုတ်နေရာမှ ရပ်ထားလိုက်ပြီး ဖူဂျီတောင်မှ တိုက်ရိုက်လွှင့်သော သတင်းများကို အစားထိုး ကြေညာပြသသည်။

နံနက် (၉း၃၀)နာရီ တစ်ဝိုက်တွင် အဆောက်အအုံ၏ ဒုတိယထပ်နှင့် တတိယထပ်အကြားတွင် ကွယ်ဝှက်ထားသော သေးငယ်သော အိပ်ခန်းကို ရဲတပ်ဖွဲ့က တွေ့ရှိရ၏။ သူတို့သည် တံခါးကို အတင်းတွန်းဖွင့်ပြီး အထဲဝင်ရောက်ကြသည်။ အထဲတွင် အလင်းရောင်မှိန်မှိန်၌ တင်ပျဉ်ခွေထိုင်လျက်ရှိသော ရုပ်သဏ္ဌာန်တစ်ခုကို တွေ့ရှိကြရ၏။

"ခင်ဗျား အဆာဟာရလား"ဟု ရဲတစ်ယောက်က မေးသည်။

"ဟုတ်တယ်။ ကျုပ်ဟာ ဂုရုကြီးပဲ"ဟု အသံက ပြန်ပြောသည်။

အဆာဟာရသည် သူဝတ်နေကျ ခရမ်းရောင်ဝတ်ရုံနှင့် ဘောင်းဘီဖြူကို ဝတ်ဆင်ထား၏။ သူ့ဘေးတွင် ကက်ဆက်တစ်လုံး၊ ဆေးဝါးတချို့နှင့် ဒေါ်လာ (၁၀၀၀၀၀)ကျော် ငွေစက္ကူများ ရှိသည်။ တချို့သတင်းများက အေကေ-၄၇ မောင်းပြန်သေနတ်ရှိကြောင်း ပြောကြ၏။ တိုကျိုမြို့ မြေအောက်မီးရထားလမ်း တိုက်ခိုက်ရာတွင် နောက်ကွယ်မှ စီစဉ်အကြံပေးသူဖြစ်ကြောင်း လူသတ်မှုဖြင့် ဖမ်းဆီးကြောင်း အဆာဟာရကို ရဲတပ်ဖွဲ့က ပြောလိုက်သည်။ ထို့နောက် သူ့ကို ခေါ်သွားရန် ရဲတပ်ဖွဲ့က ပြောလိုက်သည်။ ထို့နောက် သူ့ကို ခေါ်သွားရန် ရဲတပ်ဖွဲ့က ကြိုးစား၏။

"ကျုပ်ကို မထိပါနဲ့။ ကျုပ်ရဲ့ တပည့်တွေကိုတောင် ကျုပ်ကို ထိခွင့်မပေးဘူး"ဟု သူက ပြောသည်။

သို့သော် အဆာဟာရသည် အောက်ထပ်သို့ ဆင်းသည့်အခါ စုံစမ်းစစ်ဆေးသူများကို ပင်ပန်းနွမ်းရိစွာဖြင့် ကိုယ်ကို ညွှတ်ပေးလိုက်၏။ သူသည် အိပ်ခန်းထဲ၌ နှစ်ရက်သုံးရက်ကြာ တရားထိုင်လျက်ရှိကြောင်း





ပြောသည်။ ထိုအချိန်သည် အလွန်ရှည်လျားဖွယ် ဖြစ်နေ၏။ သူ့မုတ်ဆိတ်မွေးများ ထူပျစ်နေပြီး သူ့အား ပြင်းပြသော နံစော်သည့် ကိုယ်ရနံ့များက ဝန်းရံနေ၏။ သူသည် သေလုမြောပါး ဝေဒနာခံစားနေရကြောင်း ပြောသော်လည်း ဆရာဝန်များက စမ်းသပ်စစ်ဆေးပြီး ကောင်းစွာကျန်းမာကြောင်း မှတ်ချက်ပေးကြသည်။

နံနက် (၁၀း၃၅)နာရီ အချိန် အမိကရုဏ်း နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက တိုးဝှေ့လျက်ရှိသော သတင်းထောက်များနှင့် ကင်မရာဆရာများကို နောက်သို့ တွန်းပို့ပြီး အပြာရောင်ရဲတပ်ဖွဲ့ကားကို ဝင်းထဲမှ မောင်းထွက်သွားသည်။ မျက်စိကန်းလောက်အောင် စူးရှလှသော ကင်မရာမီးများက ရှိုကိုအဆာဟာရ၏ရုပ်ပုံကို တစ်လအတွင်း ပြည်သူများက လျှပ်တစ်ပြက် မြင်လိုက်ကြရ၏။ ခရမ်းရောင် အစက်အပြောက်များ၊ ဖောင်းအစ်၍ မုတ်ဆိတ်မွေး ဗရပျစ်နှင့်မျက်နှာ၊ တရားမှတ်နေသဖြင့် ကျဉ်းမြောင်းနေသည့် မျက်စိများကို မြင်ရခြင်းဖြစ်သည်။

ရဲကားသည် တိုကျိုမြို့သို့ မီးဖွင့်ထားသည့် ရဲကားများ ခြံရံလျက် သွားနေ၏။ ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် ရဟတ်ယာဉ်တန်းကြီးများက နောက်မှ လိုက်သွားကြသည်။ နောက်တစ်နာရီ ကြာသောအခါ အဆာဟာရသည် ထောင်ထဲသို့ ရောက်သွား၏။

ဖူမီဟီရိုဇိုယုက ဂုရုကြီး ဖမ်းဆီးရကြောင်း ကြေညာပြီး သူက ပြောသည်။

"ဒါပေမယ့် နောက်လိုက်တပည့်များက ဒီကိစ္စကို တည်တည်ငြိမ်ငြိမ် ခံယူကြပါတယ်"

ထိုညနေတွင် တိုကျိုမြို့တော် အုပ်ချုပ်ရေးမှူး၏ အတွင်းရေးမှူး ယုကီယိုအာအိုရှီးမားသည် မြို့တော်ခန်းမ၌ သူ့ဆရာ၏စတိုမှ အထုပ်ကိုဖောက်နေ၏။ စောစောနာရီပိုင်းအချိန်ကမှ အုပ်ချုပ်ရေးမှူးက ဥမ်၏ ဘာသာရေးအဆင့်အတန်းကို ပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်ချက်ကို ကြေညာထားလေသည်။ အတွင်းရေးမှူးသည် ဗီဒီယိုကက်ဆက်အရွယ်ရှိ အထုပ်ကို ကောက်ယူလိုက်ပြီး ကျောဘက်ကို ကြည့်သည်။ ပေးပို့သူသည် တိုကျို မြို့ရှိ အဖွဲ့အစည်းတစ်ခုမှ ထင်ရှားသူဖြစ်၏။ အတွင်းရေးမှူးက ဖွင့်လိုက် သောအခါ အထုပ်သည် ပေါက်ကွဲသွားပြီး သူ့မျက်နှာကို စဉ်၍ ဘယ်ဘက်လက်မှ လက်ချောင်းကလေးများ ပြတ်သွားလေသည်။ အင်ဒိုစာအိတ်ဗုံးသည် ခရီးဆုံးသို့ ရောက်သွား၏။

(၁၉၈၆)ခုနှစ်တွင် အဆာဟာရသည် လှည့်စားသည့် အတတ်ပညာသည်အဖြစ် ဟိမဝန္တာတောင်တန်းသို့ သွားရောက်ခဲ့ပြီး သူ့ကိုယ်သူ ဘယ်တင်ရှင်အဖြစ် ထွက်ပေါ်လာခဲ့သည်။ (၁၉၉၅)ခုနှစ်တွင် သူသည် တောင်ပေါ်မှ တစ်ခါ ဆင်းလာခဲ့ပြီး ဤတစ်ကြိမ်တွင်မူ သူသည် ရာစုနှစ်အတွင်း နာမည်ဆိုးဖြင့် အကျော်ကြားဆုံး အစုပြုလိုက် လူသတ်သမား


www.burmeseclassic.com

www.burmeseclassic.com

အဆင့်မြင့်နည်းပညာဖြင့် အကြမ်းဖက်သမား ဖြစ်သည်။

အဆာဟာရ ကိုယ်တိုင်ကမူ ထိုကဲ့သို့ သူ့အား ပြောသည်ကို ဝန်မခံချေ။ အကြောင်းမှာ အဆာဟာရသည် ဘာကိုမှ ဝန်ခံခြင်းမရှိ။

"ကျုပ်လို မျက်စိကန်းသူက အဲဒီလိုဟာမျိုးတွေ ဘယ်လိုလုပ်ပြီး လုပ်နိုင်မှာလဲ"ဟု တိုကျို ဆာရင်တိုက်ခိုက်ဖြင့် စွပ်စွဲခံရသောအခါ သူက ပြောသည်။ ရဲတပ်ဖွဲ့ကစုံစမ်းမေးမြန်းနေသော ရက်သတ္တပတ်ပေါင်းများစွာ ကုန်လွန်လာသည့်အခါ ကျဆုံးနေသော ကယ်တင်ရှင်ကြီးသည် သူ့အုပ်စု လူများကို ကာကွယ်ပေးရမလား သို့မဟုတ် အပြစ်ဖို့ရမလားဟု မရှင်းမလင်းဖြစ်နေ၏။ သူ၏ရှေ့နေမှ တစ်ဆင့် ဤသို့ ပြောသည်။

"ကျုပ်ကို ကျေးဇူးပြုပြီး ယုံကြပါ။ ကျုပ် တပည့်တွေက ဆာရင် လုပ်တယ်ဆိုတာ မဟုတ်ပါဘူး။ နောက်ပြီး ကျုပ်ကလည်း လုပ်ဖို့ အမိန့် ဘယ်တုန်းကမှ မပေးဖူးဘူး"

နောက်တစ်ချိန်တွင် သူက ပြောပြန်သည်။

"ကျုပ်မှာ နောက်လိုက်တွေ အများကြီးရှိပါတယ်။ သူတို့ တစ်ယောက်ချင်း ဘာတွေလုပ်နေသလဲ သိဖို့ဆိုတာ ကျုပ်အနေနဲ့ မဖြစ်နိုင်ဘူး"

ပထမတွင် အဆာဟာရသည် သူ့အား ထိန်းသိမ်းထားသည့် အခန်းထဲ၌ ဥပုသ်စောင့်နေ၏။ သို့သော် မကြာမီ အချိန်မှာပင် အစားအသောက်များစားပြီး ရေချိုးလေသည်။ သူ၏ပါးပြင်မှာ သွေးရောင်ပြန်လာပြီး သူ ယခု ဝတ်ဆင်ထားသည့် အဖြူရောင် ကွင်းဆင်းဝတ်စုံအောက်မှ သူ၏ ရုပ်လက္ခဏာသည် ပြည့်ဖြိုးလာ၏။ သူ့မျက်စိ အမြင်များပြန်လည် ကောင်းလာကြောင်းပြောပြီး သူ့နောက်လိုက်များကို "ကျုပ် ပြန်အလာကို စောင့်ကြပါ"ဟု ပြောထားသည်။ ထိုအချိန် မတိုင်မီက ရဲတပ်ဖွဲ့၏ မေးခွန်းများသည် အုတ်နံရံကို ဆောင့်နေ၏။ ရှိကိုအဆာဟာရ၏ အနိုင်မခံ အရှုံးမပေးသော မာနစိတ် ပြန်ပေါ်လာသည်။

"ဆာမူရိုင်းစစ်သည် တစ်ယောက်ဟာ သူ့ကိုယ်သူ ဘယ်တော့မှ တရားမျှတကြောင်း ဖြေရှင်းမနေဘူး"ဟု အဆာဟာရက သူ့ကို ဖမ်းဆီးထားသူများ ကိုပြောသည်။

ဖမ်းဆီးခံထားရသော အယူသီးဂိုဏ်း အဖွဲ့ဝင်များစွာသည် သူတို့ သိသမျှ ဖွင့်ဟပြောခြင်း မရှိကြ။ ထို့ပြင် တရားရုံးသို့ ရောက်သောအခါ ဂုရုအပေါ် နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရသော မကျေမနပ်ဖြစ်ခဲ့ရသော ဒေါသများကို ထုတ်ဖော်ပြောကြသည်။

"အဆာဟာရဟာ သူ့လက်တွေကို သန့်ရှင်းအောင် ထားပြီး နောက်လိုက် (၂၀၀)လောက်ကို ဒုစရိုက်သမားတွေဖြစ်အောင် လုပ်ခဲ့တယ်"ဟု ဒေါက်တာ အီကိုဟာယာရှိ၏ဇနီး ရီရာက လှောင်ပြော ပြော၏။ သူမသည် သူနာပြုဆရာမဟောင်းတစ်ဦး ဖြစ်သည်။ သူမက ထပ်လောင်း ပြော၏။

"သူဟာ အလွန် ရက်စက်ကြမ်းကြုတ်လို့ သူ့မှာ လူသားတစ်ယောက်လို ပူဆွေးတဲ့သွေးမှ ရှိရဲ့လားလို့ ယုံကြည်ဖို့ ခက်ခဲနေတယ်"

အဆာဟာရ၏ လုံခြုံရေးအစောင့်တစ်ဦးက ရုံးတော်တွင် ဤသို့ လျှောက်ထားခဲ့သည်။

"ဥမ်ဟာ မကောင်းဆိုးဝါးအုပ်စု ဖြစ်တယ်။ ကျေးဇူးပြုပြီး အဆာဟာရကို သေဒဏ်ပေးပါ"

သို့သော် အခြားနောက်လိုက်များသည် အဆာဟာရ၏ မလိုမုန်းထားသော စိတ်ဓာတ်က နှိပ်စက်နေဆဲဖြစ်၍ ငြိမ်သက်နေကြသည်။ အယူသီးဂိုဏ်းဝင်တစ်ဦးက သူ့ပြစ်မှုများကို ဝန်ခံတော့မည့်အချိန်မှာ ဥမ်ရှေ့နေက သူ့ကို သတိပေးလိုက်၏။

"ဂုရုကြီးလာပြီး မင်း ငရဲပြည်ကို သွားရလိမ့်မယ်"

ထောင်ကျသွားသော သူနာပြုတစ်ဦးသည် ခြောက်အိပ်မက်ထဲမှာ လည်ပင်းအထိ သဲထဲ၌ မြှုပ်ခံရပြီး သူမအား ရေနစ်စေရန် ဒီရေအလာကို စောင့်နေရကြောင်း မြင်မက်၏။ သို့မဟုတ် ဥမ်ခေါင်းဆောင်တစ်ဦးက သူမအား တိုက်ပွဲတွင်သုံးရန် ဗုံးတစ်လုံးလာပေးကြောင်း အိပ်မက်မက်ခဲ့သည်။ သူမ နိုးသည့်အခါ အလန့်တကြား အော်နေ၏။ အချုပ်ခန်းထဲက လူများအဖို့ ချောက်ချားဖွယ်အတွေ့အကြုံများ ပြီးဆုံးရန် အလွန်ဝေးသေးသည်။

အဆာဟာရအား ဖမ်းဆီးလိုက်သဖြင့် ဂျပန်နိုင်ငံသည် အန္တရာယ်ကြီးစွာဖြင့် နေ-ထိုင်ရသည့် နှစ်သည် မကုန်ဆုံးသေးချေ။ နောက်တစ်လအကြာတွင် ခရီးသည် (၃၆၅)ယောက် တင်ဆောင်ထားသော အော်လ်နီပါန်ဂျမ်ဘို ဂျက်လေယာဉ်ကို ဥမ်အဖွဲ့ဝင်တစ်ဦးဟု မိမိကိုယ်မိမိ ကြေညာသူက ဂျပန်နိုင်ငံ လေကြောင်းပေါ်တွင် အရည်များပါသည့် အိတ်တစ်လုံးကို ကိုင်ထားပြီး ဝက်အူလှည့်ဖြင့် ဖောက်ပစ်မည်ဟု ခြိမ်းခြောက်သည်။

"ကျုပ်ဟာ ဂုရုကြီးအတွက် ဒီလိုလုပ်ရတာပါ"ဟု လေယာဉ်ဝန်ထမ်းတစ်ဦးကို ပြောသည်။ လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် (၁၅)နာရီကြာမျှ ရပ်နားထားရစဉ် ရဲအဖွဲ့က ဝင်ရောက်တိုက်ခိုက်ပြီး လေယာဉ်ပေါ်ရှိ ခရီးသည်များကို ကယ်တင်နိုင်လိုက်၏။ လေယာဉ် ပြန်ပေးဆွဲသူသည် မမာကျန်းခွင့်ရှည်ယူထားသော အသက်(၅၃)နှစ်ရှိ ဘဏ်အလုပ်သမားတစ်ယောက်ဖြစ်ပြီး သူ့ကို စိတ်ဝင်စားလာအောင် ဤသို့ လုပ်ရသည်ဟု ရှင်းပြခဲ့သည်။ အိတ်ထဲတွင် ရေများသာပါ၏။

ယခုအခါ ဥမ်၏ခေါင်းဆောင်များ အားလုံးသည် ထောင်ထဲ ရောက်နေကြသည်။ ဦးခေါင်းမပါသော လူသေကောင်ကဲ့သို့ အယူသီးဂိုဏ်းသည် ဂျွမ်းပြန်ကျနေ၏။ ဇူလိုင်လ (၂၄)နာရီအတွင်းမှာ တိုကျိုမြို့ မြေအောက်မီးရထားလမ်းတွင် နောက်ထပ် ဓာတ်ငွေ့ဖြင့် လေးကြိမ် တိုက်




www.burmeseclassic.com

www.burmeseclassic.com

ခိုက်ခံရသော်လည်း အောင်မြင်မှု မရှိချေ။ တိုက်ခိုက်မှု နှစ်ကြိမ်တွင် ဟိုက်ဒြိုဂျင်ဆိုင်ယင်နိုက် လုံလောက်စွာထုတ်ပြီး လူထောင်ပေါင်းများစွာ သေစေနိုင်သော ကွန်ဒုံးကိရိယာများ ပါဝင်သည်။ တစ်ခုမျှ အလုပ် မလုပ်သဖြင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်း မရှိချေ။ ထောင်ကျနေသော အယူသီးဂိုဏ်းဝင်များထံမှ သတင်းအရ ရဲတပ်ဖွဲ့သည် ဆိုဒီယံဆိုင်ယင်နိုက် နှစ်ပုံးနှင့် ဆာရင်အဆိပ်ပါ ပစ္စည်းများကို တောင်ပေါ် လှို့ဝှက်လမ်း၌ တူးဖော်ရရှိခဲ့၏။ ထိုအဆိပ်ပုံးများကို နောက်ထပ် ဓာတုဗေဒတိုက်ပွဲအသစ်ဆင်ရန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း အယူသီးဂိုဏ်းဝင်များက ဝန်ခံကြသည်။

ထို့ကြောင့် အဆာဟာရကို ဖမ်းဆီးရမိသည့်အတွက် ပြည်သူပြည်သားများ စိတ်သက်သာရာရသော်လည်း သတိကြီးစွာထား၍ နေကြရ၏။ အယူသီးဂိုဏ်းသည် ပြည်သူများ၏ အကာအကွယ်မဲ့ နေရာများတွင် ကြိမ်ဖန်များစွာ သားကောင်အဖြစ်ထား၍ တိုက်ခိုက်ကြသည်။ သတင်းဌာနများကလည်း စိတ်ကူး၍မရလောက်အောင် ရက်စက်လှသည်။ မကောင်းဆိုးဝါး အဖွဲ့အစည်းအကြောင်းကို ဆက်လက်ဖော်ထုတ်နေကြသည်။ ထိုမကောင်းဆိုးဝါးအဖွဲ့သည် လက်နက်များစွာတပ်ဆင်ထားခြင်း၊ လူသားမဆန်စွာ ရက်စက်ခြင်းတို့ကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားလျက်ရှိ၏။ ဂျပန်လူမျိုးများစွာအတွက် ယခုအထိ သာမန်ဘဝသို့ ပြန်မရောက်ကြသေးချေ။ ဘယ်အခါမှ ပြန်လည်ဖြစ်မည့်ပုံ မပေါ်ပေ။

တိုကျိုမြို့ မြေအောက်မီးရထားလမ်းများတွင် စောင့်ကြပ်နေရသော အခြေအနေမှ ငြိမ်သက်သွား၏။ မြေအောက်မီးရထားများသည် မြို့တော်၏ သန်းပေါင်းများစွာသော ခရီးသည်များကို အလုပ်ခွင်သို့ ပို့ဆောင်ခြင်း၊ အိမ်ပြန်ပို့ခြင်းလုပ်ငန်းကို စံပြအဖြစ် ပြည့်စုံသော အရည်အချင်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် လူအစည်ကားဆုံး မြေအောက်မီးရထားလမ်းသည် ယခုအခါ ပိုမို သမိုင်းဝင်သော ကျော်ကြားမှုရရှိနေ၏။ ထိုကျော်ကြားမှုမှာ ကမ္ဘာ့မြို့တော်တွင် ဓာတုဗေဒလက်နက်ဖြင့် ပထမဦးဆုံး အကြမ်းဖက်ခံရသော ပစ်မှတ်အဖြစ် ကျော်ကြားခြင်းဖြစ်သည်။

ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခံရသဖြင့် ဆိုးရွားစွာ ထိခိုက်ခံရသော ဘူတာတစ်ခုဖြစ်သည့် ဂင်ဇာ လမ်းပေါ်တွင် ခါတိုင်းကဲ့သို့ပင် စီးပွားရေးလုပ်ငန်းများ ထင်ရှားစွာ လည်ပတ်လျက်ရှိ၏။ ကြောက်လန့်ဖွယ်ရာ မတ်လ နောက်သုံးလ ကုန်လွန်ခဲ့ပြီး မြေအောက်မီးရထားလမ်းဝန်ထမ်းများသည် နောက်ထပ် အပူတပြင်းလုပ်ရမည့် အချိန်အတွက် အားတင်းထားကြသည်။ ကြီးမဲ့ မိုက္ကာဖုန်းတပ်ဆင်ထားသော ဂင်ဇာ ဘူတာရုံပိုင်သည် ရထားဝင်ရထားထွက်ချိန်များကို ကြေညာလျက်ရှိပြီး ခရီးသည်များကို ရထားတံခါးပိတ်မည့်အကြောင်း ရိုးသားစွာ သတိပေး ပြောဆို





နေသည်။

ထိုနေ့ ညနေ(၄း၀၀)နာရီ အချိန်ခန့်တွင် မိုက္ကရိုဖုန်းသည် အလုပ်မလုပ်တော့ဘဲ ရပ်သွား၏။ အသံလှိုင်းများကို တစ်ခုခုက ပိတ်ဆို့နေ၏။ ဝန်ထမ်းများက မိုက်မှ အော်ပြောကြသော်လည်း အသုံးမကျတော့ဘဲ နားပင်းလောက်အောင် အသံထုဖြင့် ဘူတာရုံစပီကာမှတစ်ဆင့် သီးသန့်တစ်ပုဒ် ထွက်လာသည်။ ထိုအသံသည် ဓမ္မတေးသံနှင့် တူသည်။ သို့သော် အထူးဆန်းဆုံး အမျိုးအစားထဲမှ ဖြစ်၏။ ပလက်ဖောင်းတစ်လျှောက်တွင် ထိုအသံသည် ကျယ်လောင်စွာထွက်နေပြီး လှိုဏ်ခေါင်းနှင့် လှေကားလမ်းများပေါ်၌ ပဲ့တင်ထပ်နေသည်။ ယခု စကားတစ်လုံးသည် ထပ်တလဲလဲ မြည်ဟည်းနေ၏။

"ဂုရု . . . ဂုရု . . . ဂုရု . . . ဂုရု . . ဂုရု . . . ဂုရု"တဲ့။

✣ ✣ ✣


www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

(၁၉၉၆)ခု၊ ဖေဖော်ဝါရီလထဲတွင် ရှိကိုအဆာဟာရအား လူသတ်မှုပေါင်း (၂၃)မှု အပါအဝင် စွဲချက်ပေါင်း (၁၀)ခုဖြင့် တရားစွဲလိုက်၏။ ဂျပန်လူမျိုး တရားခံတစ်ဦးတည်းအတွက် အစဉ်အလာမရှိခဲ့သော ရှေ့နေ (၁၂)ဦးဖြင့် သူသည် စွဲချက်အားလုံးတွင် အပြစ်မရှိကြောင်း လျှောက်လဲမည်ဟု မျှော်လင့်ထားကြသည်။ သို့သော် ဂျပန်နိုင်ငံ၏ ပြစ်မှုပေါင်း (၉၉%)ဖြစ်စေပြီး၊ သူ၏ ထိပ်တန်းအရာရှိများက ဖြောင့်ချက်များ ပေးထားသောကြောင့် အဆာဟာရသည် နောက်တစ်ခါ ဘယ်တော့မှ လွတ်ရန် အကြောင်းမရှိတော့ချေ။ သူသည် ထပ်တလဲလဲ အယူခံဝင်ရောက်သောကြောင့် ကြိုးပေးသူ၏ ကြိုးကွင်းနှင့် နှစ်ပေါင်းများစွာ ဝေးနေနိုင်သော်လည်း သူသည် သေဒဏ်နှင့်သာ ရင်ဆိုင်ရမည် ဖြစ်သည်။ အဆာဟာရက ဉာဏ်ကောင်းသော လူငယ်အယူသီးဂိုဏ်း အဖွဲ့ဝင်များအား ဥပဒေပညာကို လေ့လာကြရန်နှင့် သူ၏ တရားဝင်အဖွဲ့သို့ ဆက်သွယ်ကြရန် တိုက်တွန်းလေသည်။

ဥမ်၏နှလုံးခုန်စရာ ဖူမီဟီရိုဗိုယုအား လိမ်ညာထွက်ဆိုမှုဖြင့် အောက်တိုဘာလထဲတွင် ဖမ်းဆီးခဲ့သည်။ ရှေ့နေ ယိုရှိနိုဘုအေအိုယာမကိုမူ လိမ်ညာမှုဖြင့် ဖမ်းဆီးသည်။ လက်ဗွေများကို လှီးထုတ်ခဲ့ပြီး ထွက်ပြေးနေသော တာကေရှိမတ်ဆုမိုတိုအား ဂုရုအား ဖမ်းဆီးပြီး သုံးရက်အကြာတွင် ဖမ်းဆီးခဲ့ကြသည်။ သူ့အား လက်ဖဝါးမှ ဗွေရာများကြောင့် ခွဲခြားသိမ်းပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ (၁၉၉၆)ခုနှစ် ဖေဖော်ဝါရီလတွင် လူသတ်သမား ယာဆုအိုယာယာရှိသည် လွတ်နေဆဲဖြစ်သည်။

(၁၉၉၅)ခု ကုန်သောအခါ နောက်လိုက်ပေါင်း (၃၅၀)ကျော် ထိန်းသိမ်းခံခဲ့ကြရ၏။ နောက်ပိုင်းတွင် လူဦးရေ ထက်ဝက်ခန့်အား လွှတ်ပေးခဲ့သည်။ ဤလူများစုသည် လူပြန်ပေးမှုနှင့် လူသတ်မှုကဲ့သို့ ကြီးလေးသော ပုဒ်မများဖြင့် တရားစွဲခံကြရပြီး ကျန်လူများသည် ဆက်လက်မေးမြန်းစုံစမ်းရန်ရှိသေးသည်။ စက်တင်ဘာလထဲတွင် တိုကျိုခရိုင်တရားရုံးတော်တွင် ဥမ်အမှုပေါင်း တစ်ရာကျော်ကို ရုံးတင် စစ်ဆေးခဲ့၏။ သံသယရှိခံရသူအများစုသည် အပြစ်ရှိကြောင်း ဝန်ခံကြပြီး အယူသီးဂိုဏ်းမှ ထွက်မည်ဟု သူတို့၏ကြံရွယ်ချက်ကို ကြေညာလိုက်ကြသည်။ ဂျပန်တရားရုံးများသည် နောင်တရသူများအား ချိုးမြှင့်သည့်အနေဖြင့် အမှုကို ပိတ်သိမ်းခြင်းသို့မဟုတ် လျှော့ပေါ့၍ ပြစ်ဒဏ်စီရင်ခြင်း ပြုလုပ်လေ့ရှိ၏။

အဆင့်မြင့် အယူသီးဂိုဏ်းအဖွဲ့ဝင်များအား တရားစီရင်ရေးကို (၁၉၉၆) ခုနှစ်တွင် စတင်ခဲ့သည်။ အဆာဟာရနှင့် သူ့လက်ထောက်အရာရှိများအား လူသတ်မှု၊ လူသတ်ရန်ကြိုးပမ်းမှု၊ လူပြန်ပေးဆွဲမှုနှင့် ဆေးဝါးထုတ်လုပ်မှုတို့ဖြင့် တရားစွဲခံရသည်ကို ရင်ဆိုင်ကြရ၏။ နောက်ဘဝမှာနေမည်ဟု ကြေညာထားသော လူများသည် ယခုအခါ သူတို့၏ အရေပြားကို ကယ်ဆယ်ရန် စိတ်အား ထက်သန်နေကြသည်ကို မှတ်သားစဖွယ် တွေ့ကြရသည်။ အယူသီးခေါင်းဆောင်များအနက် ဟာယာကဝ၊ ခေါက်တာဟာယရှိ၊ အင်နိုအီ၊ နီအီမိ၊ နာကာဂါဝ၊ တဆူချီယနှင့် အင်ဒိုတို့သည် ဖြောင့်ချက်ပေးပါက သေဒဏ်မှ သက်ညှာမည်ဟု ပြောထားသည်။ သူတို့၏ ကံကြမ္မာသည် သူတို့၏ ဂုရုကြီးကဲ့သို့ပင် မှုန်ဝါးနေ၏။ အမေရိကန်၊ ဂျာမနီနှင့် သြစတြေးလျတို့တွင် ဥမ်အဖွဲ့ဝင် အနည်းငယ်တို့က လှုပ်ရှားဆောင်ရွက်နေကြဆဲ ဖြစ်သည်။ ဥမ်၏ သီရိလင်္ကာ စက်ရုံမှ အလုပ်သမားများက လုပ်ခမရကြ။ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သို့ တိုင်ကြားကြသည်။ သို့သော် သူတို့၏ ဂျပန်လူမျိုး အလုပ်ရှင်များ ထွက်ပြေးသွားကြ၏။

မော်စကိုတွင် သတင်းဌာနများသည် ရုရှနိုင်ငံရေးအဖွဲ့ဝင်များ၊ စစ်တပ်နှင့် ထောက်လှမ်းရေးအဖွဲ့များနှင့် အထက်အယူသီးဂိုဏ်းနှင့် ပိုမိုလေးနက်စွာ ဆက်သွယ်ကြသည်။ သို့သော် အစိုးရစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အကြီးအကျယ်နှင့် တဖြည်းဖြည်း အဆုံးသတ်လျက်ရှိဟန်တူ၏။ ပိုမိုဆိုးစေသော အကြောင်းကိစ္စမှာ အစိုးရဒူးမားလွှတ်တော်ခေါင်းဆောင် ဗိတယ်လီဆာဗစ်စကီ အချိန်မတန်မီ သေဆုံးသွားခြင်းကြောင့်ဖြစ်၏။ သူသည် ဥမ်နှင့် အခြားဘာသာရေးအဖွဲ့များအား စုံစမ်းစစ်ဆေးရေးခေါင်းဆောင်လည်း ဖြစ်သည်။ ဆာဗစ်စကီသည် (၁၉၉၅) ခုနှစ်၊ ဇီဇင်ဘာလထဲတွင် စိန့်ပီတာဘာ့(ဂ်)မြို့၌ သံသယဖြစ်စရာ ကားမှောက်ရာတွင် သေဆုံးသွားခဲ့သည်။ ဆိုဗီယက်ရုရှခေတ် နောက်ပိုင်း၌ ဥမ်အား စုံစမ်းစစ်ဆေးရာတွင် မည်မျှ ပြည့်စုံစွာ ထိရောက်ခဲ့သလဲဆိုတာ ဘယ်တော့မှ မသိရတော့ချေ။ မေလ(၉)ရက် အောင်မြင်ခြင်းနေ့ လူထုချီတက်ပွဲ၌ ရင်ပြင်နီတွင် ချိုင်ရင်ဂီတကို အသံလွှင့်ခဲ့လေသည်။ ပလွေဆရာ အက်ဗဒိုကီမော့(ဗ်)နှင့် ဂီတအချက်ပြဆရာ ကိုဒရီဟာတို့သည် ရုရှဂီတဆရာကြီးများဖြစ်သော ပရိုကိုဖီးယပ်၊ နို့စတာကုဗစ်၊ တချိုင်ကော့(ဗ်)စကီတို့၏ လက်ရာများကို ဂုဏ်ယူစွာ တီးမှုတ်ဖြေဖျော်ခဲ့ကြသည်။







www.burmeseclassic.com

www.burmeseclassic.com

ဂျပန်လူမျိုး ဂုရုကြီး၏လက်ရာ မဟုတ်တော့။

ဖူဂျီတောင်ခြေ၌ နေထိုင်ကြသော နောက်လိုက်များသည် အသစ်တစ်ဖန် အနိမ့်သို့ ကျဆင်းကြရပြန်၏။ အယူသီးဂိုဏ်းမှ မည်မျှထွက်ခဲ့ကြသည်၊ မည်မျှ ထွက်ပြေးခဲ့ကြသည်နှင့် မည်မျှ ပျောက်ဆုံးနေကြသည်မှာ မရှင်းလင်းချေ။ (၁၉၉၆)ခုနှစ် စောစောပိုင်းကာလတွင် ရဲတပ်ဖွဲ့သည် သံသယအခြေအနေတွင် ပျောက်ဆုံးလျက်ရှိသော လူ(၄၀)ကို ကြိုးစား၍ ရှာဖွေလျက်ရှိ၏။

ဥုမ်ကို တရားဥပဒေအရ ကြိုတင်အရေးယူခဲ့သဖြင့် အယူသီးဂိုဏ်းအရာရှိများသည် အဖွဲ့၏ ကြီးမားသော ပစ္စည်းပစ္စယနှင့်ငွေများကို အလျဉ်းသင့်သော ကုမ္ပဏီများက ဖွင့်လှစ်ထားသည်။ ဘဏ်ပေါင်း (၃၀၀) ကျော်သို့ ငွေစာရင်းများ ပြောင်းလဲ ဖွင့်လှစ်ထားကြသည်။ တိုကျို ခရိုင်တရားရုံးတော်က အခါအားလျော်စွာ ဥုမ်ပိုင် ပစ္စည်းများကို သိမ်းဆည်းရန် အမိန့်ထုတ်သည်။ (၁၉၉၅)ခု၊ ဒီဇင်ဘာလတွင် တရားရေးဝန်ကြီးဌာနက ဥုမ်ကို လုံးဝဥဿုံ ပိတ်ပစ်ရန် အစီအစဉ် လုပ်ထားသည်။ မတ်ဆူမိုတိုနှင့် တိုကျို ဖူဂျီတောင်မှ ရွာသားများနှင့် အခြားလူများက ဥုမ်၏လက်ချက်ဖြင့် ဆာရင်အဆိပ်ငွေ့သင့်ပြီး ထိခိုက်နစ်နာသောကြောင့် လျော်ကြေးရလိုကြောင်း တရားစွဲကြ၏။ အယူသီးဂိုဏ်း၏ သေးငယ်ကျဉ်းမြောင်းသွားသော ကြည်ညိုသူအဖွဲ့အား ဆောက်လုပ်ရေးဌာနများ၊ အာမခံလုပ်ငန်းများနှင့် အရက်ဆိုင်များတွင် အလုပ်လုပ်ပြီး ဝင်ငွေရှာ၍ တရားရုံးစရိတ်များကို ပခုံးဝိုင်းထမ်းကြရန် အမိန့်ထုတ်ထားသည်။ သာတိယံဈေးဆိုင် (၁၁)ဆိုင်အား ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ပြီး နောက်လိုက် အသစ်စုဆောင်းရန်နှင့် ဂုရုတီရှပ်အင်္ကျီ၊ ဗီဒီယိုအရုပ်၊ ဥုမ်၏ သင်္ကေတရိုက်စာလုံးနှိပ်ထားသော မုန့်များ ထုတ်လုပ်ရောင်းချလေသည်။

ဝင်ငွေရသော လုပ်ငန်းတစ်ခုမှာ အမည်မသိသူတစ်ဦး တီထွင်ထားသည့် ကာဆူမီဂါဆေကီ အမည်ရှိ ကွန်ပျူတာဂိမ်း ကစားနည်းဖြစ်၏။ ကစားနည်း၏ပန်းတိုင်သည် တိုကျိုမြို့ရှိ မြေအောက်မီးရထားလမ်း (၅)ခုကို ဆာရင်အဆိပ်ငွေ့ဖြင့် လူများကို သတ်ဖြတ်ရန် ဖြစ်လေသည်။

ဥုမ်၏လူသတ်မှုများကို ဆုံးခန်းတိုင်ထိ စီရင်ဆုံးဖြတ်ရန် အခက်အခဲ ရှိနေဆဲဖြစ်၏။ တိုကျိုနှင့် မတ်ဆိုမိုတိုတွင် ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခြင်း အပါအဝင် အယူသီးဂိုဏ်းလူသတ်မှုသည် အနည်းဆုံး လူ (၂၇)ယောက် အသက်သေခဲ့ရသည်။ ပျောက်ဆုံးနေသော နောက်လိုက်များ သို့မဟုတ် ဂျပန်နှင့် ရုရှနိုင်ငံများတွင် သေဆုံးပြီဟု သံသယရှိသူများကိုပါ ရေတွက်လျှင် သေဆုံးသူဦးရေသည် နှစ်ဆခန့် ရှိလာနိုင်သည်။ သို့သော် ဥုမ်၏ ဖျက်ဆီးရေးလမ်းစဉ်သည် လူသေအလောင်းများနှင့်သာ ရပ်တွေ့နေသည်မဟုတ်။ အယူသီးဂိုဏ်း၏ ရှုပ်သွပ်မှုသည် လူပေါင်း (၆၀၀၀)ကျော် ဒဏ်ရာရစေခဲ့သည်။ မရေမတွက်နိုင်သော မိသားစုများကို ဖျက်ဆီးပစ်ခဲ့၏။ များစွာသော ဒဏ်ခံရသူများအား လုယက်ပြီး ဆင်းရဲမွဲတေစေခဲ့သည်။ ထို့ပြင် ရာပေါင်းများစွာသော လူငယ်အမျိုးသမီးငယ်များကို စိတ်ပိုင်းနှင့်ရုပ်ပိုင်းများတွင် တစ်သက်လုံး မပျောက်နိုင်တော့သည့် အမာရွတ်များ ထင်ကျန်စေရစ်လေသည်။





မတ်ဆူမိုတိုမြို့တွင် ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့ရပြီးနောက် ဂျပန်အဲ(လ်ပ်) တောင်တန်းမြို့မှ ရဲတပ်ဖွဲ့သည် မှားယွင်းစွပ်စွဲခဲ့သော ယိုရှိယိုကီကိုနိုအား အမှုမှ လွှတ်ပေးခဲ့သည်။

"တရားရုံးအမှုမှာ ကျုပ်ရဲ့ အပြစ်ကင်းမှုကြောင့် အမှုနိုင်ခဲ့သလိုခံစားရပါတယ်"ဟု ကိုနိုက ပြောသည်။ စက်ပစ္စည်းရောင်းသူ ကိုနိုသည် သူ့မ၏ဂီတကို တီးခတ်စေရန် သတိမေ့မြောလျက်ရှိသော ဇနီးသည်ထံသို့ နေ့စဉ် လာရောက်လျက်ရှိ၏။

"ကျုပ်တစ်ယောက်တည်း ရှိတဲ့အခါ ကျုပ်မိန်းမကို သတိရပြီး ငိုမိပါတယ်။ ဒါပေမယ့် သူ အသက်ရှင်နေသေးတဲ့ အကြောင်းကိုတော့ တန်ဖိုးထားနေတယ်။ သူမသေခင် ကျုပ်သေလို့ မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ကို ကျုပ်ကသာ ကာကွယ်စောင့်ရှောက်နိုင်လို့ပါပဲ"ဟု ကိုနိုက ပြန်ပြောသည်။

အမျိုးသားရဲတပ်ဖွဲ့ အောဂျင်စီအကြီးအကဲ တာကာဂျီကူနိမတ်ဆုသည် သေနတ်ကျည်ဆန် ထိမှန်သဖြင့် ဒဏ်ရာရခဲ့ရာမှ သက်သာလာပြီး ဥုမ်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဆက်လက် ဦးဆောင်နေ၏။ မတ်ဆူမိုတိုတွင် အဆိပ်ငွေ့တိုက်ခိုက်ခံရမှုကိစ္စတွင် ကိုနိုအား သံသယ ရှိခဲ့သည်မှာ အဆင်မပြေမှုကြောင့်ဖြစ်ကြောင်း ဝန်ခံပြောဆိုသည်။ သို့ရာတွင် ရဲတပ်ဖွဲ့သည် ဥုမ်ကို စုံစမ်းစစ်ဆေးရေးကြောင့် လုပ်ငန်း နှောင့်နှေးရကြောင်း ပြည်သူများ၏ ဝေဖန်မှုကို ရဲအရာရှိများအတွက် ကာကွယ်ပြောဆိုခဲ့၏။ (၁၉၉၅)ခု ဖေဖော်ဝါရီလထွင် ကီယိုရှိကာရီယအား ပြန်ပေးဆွဲ မခံရမီအထိ ရဲတပ်ဖွဲ့က ဥုမ်ကို လိုက်လံစုံစမ်းရန် ယုံကြည်မှု မရှိသေးကြောင်း ကူနိမတ်ဆုက အလေးအနက် ပြောကြားသည်။

ကီယိုရှိကာရီယအား တိုကျိုဘုရားကျောင်းဝင်းထဲရှိ ခေတ်မီသင်္ချိုင်းတွင် မြှုပ်နှံထားလိုက်၏။ ခေါင်းထဲမှာတော့ ဘယ်သူမှ မရှိချေ။ ခေါင်းထဲတွင် ပါရှိသမျှအားလုံးမှာ ကာရီယ၏ အပိုဆောင်ထားသော မျက်မှန်နှင့် မိုတိုဆုရေအိုင်အနီးမှ ယူလာခဲ့သော မြေကြီးအနည်းငယ်သာဖြစ်၏။ ထိုနေရာတွင် ဥုမ်သည် ကာရီယအားသတ်ပြီး ရုပ်အလောင်းအပိုင်းအစများကို ကြဲဖြန့်ထားခဲ့သည်။

စာအိတ်ဗုံးပေါက်ကွဲသဖြင့် ဒဏ်ရာရခဲ့သော မြို့တော်ခန်းမအတွင်းရေးမှူးသည် ဒဏ်ရာသက်သာသဖြင့် အလုပ်ပြန်ဝင်ခဲ့၏။ သူ၏ဘယ်ဘက်လက်ကို သုံး၍မရတော့ချေ။ ထိုအမှုတွင် ကြံစည်တိုက်ခိုက်ခဲ့သော သူလျှိုအကြီးအကဲ အင်ဒိုဒအိ၊ ရုပဗေဒပညာရှင် တိုယိုဒါနှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုကျိုတက္ကသိုလ်မှ ဆေးဘွဲ့ရပြီးသူတစ်ဦးအပါအဝင် အယူသီးဂိုဏ်းဝင်ငါးယောက်ကို ဖမ်းဆီးတရားစွဲခဲ့သည်။

စက်တင်ဘာလထဲတွင် ထောင်ကျနေသော ဥမ်ခေါင်းဆောင်များ၏ဖော်ထုတ်ချက်အရ ရဲတပ်ဖွဲ့သည် လူသူကင်းမဲ့နေသော ဖူဂျီတောင်ခြေ၌ ကျင်းများတူးနေကြ၏။ သူတို့သည် (၁၉၈၉)ခုနှစ်အတွင်း အယူသီးဂိုဏ်းက သတ်ခဲ့သည့် ယိုကိုဟားမားမြို့မှ ရှေ့နေ တဆူမိဆာကာမိုတိုသူ့ဇနီး ဆာတိုကိုနှင့် သူတို့၏အသက် တစ်နှစ်သား တတဆုဟီကိုတို့၏ ရုပ်အလောင်းများကို တူးဖော်နေကြခြင်း ဖြစ်လေသည်။

တဆူတဆူဟိဆာကာမိုတိုအား သူ၏ အရိုးစုမှ လက်ချောင်းကလေးများတွင် ကပ်ငြိနေသော အရေပြားဖြင့် ခွဲခြား သိရှိရ၏။ မကြာမီ သူ့ဇနီး အလောင်းကိုလည်း တွေ့ရှိရသည်။ ရဲတပ်ဖွဲ့သည် ကလေးငယ်၏ ညာဘက် လက်ဖဝါးကိုတွေ့ရှိရန် ငါးရက်ထက်မနည်း ပင်ပန်းကြီးစွာဖြင့် ဒူးဆစ်အထိနစ်သော ရွှံ့နွံများကို တူးဖော်ကြရသည်။ ကလေးငယ်တာဆုမီကို၏ ကြွင်းကျန်သမျှသည် ဒါပဲဖြစ်၏။ ထိုနေရာတွင် လက်ဝါးကပ်တိုင်သေးကလေးတစ်ခုကို စိုက်ထူထားလိုက်ကြသည်။

လူပေါင်း (၂၅၀၀၀)ကျော်သည် ဆာကာမိုတို မိသားစုအားနောက်ဆုံး အလေးပြု အရိုအသေပေးရန် ယိုကိုဟားမား အားကစားရုံသို့ စုရုံးရောက်ရှိလာကြ၏။ ပြုံးရွှင်နေသော မိသားစု၏ ဓာတ်ပုံကြီးကို ပန်းပြုပြုအတန်းနောက်မှာ ထောင်ထားသည်။ ဒေသခံ ဓမ္မဂီတအဖွဲ့သည် ဂျပန်နိုင်ငံ ဖီလ်ဟာမိုနစ် ဂီတအဖွဲ့နှင့် ပူးပေါင်း၍ ထိုဇနီးမောင်နှံ၏ အနှစ်သက်ဆုံးတေး ဖြစ်သည့် ဆီဘယ်လီယပ်(စ်)၏ "ဖင်လန်ဒီယာ" တေးသွားကို တီးမှုတ်ပေးကြ၏။ ထို့နောက် ခြောက်နှစ်ကြာမျှ ရက်စက်စွာ အသတ်ခံခဲ့ရသော ဆာကာမိုတို မိသားစုသည် နောက်ဆုံးတွင် လဲလျောင်းလျက် အနားယူသွားကြလေတော့သည်။

**မောင်မိုးစည်**

၂၀. ၃. ၂၀၀၀

ရည်ညွှန်း

David E. Kaplan နှင့် Andrew Marshall တို့ရေးသားသော The Cult At The End of The World ကို ပြန်ဆိုပါသည်။



## ပညာရွှေတောင်စာအုပ်တိုက်တွင် မှာယူရရှိနိုင်သော စာအုပ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ၂၁-ရာစု အင်္ဂလိပ်စာဆောင်းပါးပေါင်းချုပ် (ပထမတွဲ) | ဆရာဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၂။ | ၂၁-ရာစု အင်္ဂလိပ်စာဆောင်းပါးပေါင်းချုပ် (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၃။ | အင်္ဂလိပ်စာအဟောပညာ (၈၉-၉၁) | ဆရာဦးမောင်မောင်သန်း | ၃၀၀ ကျပ် |
| ၄။ | အင်္ဂလိပ်စာအဟောပညာ (၉၄-၉၇) | ဆရာဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၅။ | နာမည်များနှင့် စကားပြောခြင်း | ဆရာဦးမောင်မောင်သန်း | ၄၀၀ ကျပ် |
| ၆။ | ၂၁-ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ် (စတုတ္ထတွဲ) | ဆရာဦးမောင်မောင်သန်း | ၄၅၀ ကျပ် |
| ၇။ | ရင်ကိုအေးမြစေသော-ဥဒ်ဓ | ဆရာဦးမောင်မောင်သန်း | ၁၅၀ ကျပ် |
| ၈။ | ထူးခြားထက်မြက်သော ဂါထာမန္တန် | ပြည့်သိမ်ကျော် | ၂၅၀ ကျပ် |
| ၉။ | သွေးကြောထဲမှခွန်အားများ | ချစ်နိုင် (စိတ်ပညာ) | ၂၅၀ ကျပ် |
| ၁၀။ | ပြုံးရွှင်ဖွယ်ရာစကားများ | စိုးဥာဏ (ဝမဲ) | ၁၅၀ ကျပ် |
| ၁၁။ | ထူးထူးခြားခြား | မြတ်မင်းရှင် | ၃၀၀ ကျပ် |
| ၁၂။ | ဂန္ဓဝင်ကျော် ရဟန်းတော်များ | ရွှေညီ | ၅၀၀ ကျပ် |
| ၁၃။ | မြန်မာစကားပုံ မြန်မာ့ဆိုရိုးစကား | ရွှေညီ | ၅၀၀ ကျပ် |
| ၁၄။ | ဧရာဝတီမှ ဓာတ်လမ်းများ | မဝင်းမြင့် | ၅၀၀ ကျပ် |
| ၁၅။ | ရည်ရော်မှုန်း အိုင်စမ်ဧရာ | မဝင်းမြင့် | ၃၅၀ ကျပ် |
| ၁၆။ | ၂၁ ရာစု အဝင် စီမံခန့်ခွဲမှုခေါင်းဆောင်များအတွက် စဉ်းစားရန်အချက်များ | ဗိုလ်မှူးချုပ်အောင်ကြည် | ၅၀၀ ကျပ် |
| ၁၇။ | လောကနီတိ | တက်တိုး | ၂၅၀ ကျပ် |
| ၁၈။ | သုတအပြာပြာ တိုင်းရင်းဆေးပညာ | ဒေါက်တာအောင်နိုင် | ၆၀၀ ကျပ် |
| ၁၉။ | ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ပထမတွဲ) | ဦးအောင်မိုး (ပါဠိပါရဂူ) | ၈၀၀ ကျပ် |
| ၂၀။ | ညီတော်အာနန္ဒာ (ခေါ်) အရှင်အာနန္ဒာဝတ္ထု (ဒုတိယတွဲ) | ဦးအောင်မိုး (ပါဠိပါရဂူ) | ၉၀၀ ကျပ် |
| ၂၁။ | မေ့ဆက် | တင်နွယ်မောင် | ၈၀၀ ကျပ် |
| ၂၂။ | ကမ္ဘာ့ပန်းချီကျော်များ | ဦးဉာဏ်ရှိန် (ညိုဝင်းရှင်) | ၃၅၀ ကျပ် |
| ၂၃။ | ငွေကမ္ဘာ ကမ္ဘာ့လှည့်တင်တင်စိန် | ဒေါ်တင်တင်စိန် | ၃၀၀ ကျပ် |
| ၂၄။ | သင်္ချိုင်းသားသုံးယောက် ဟာသဝတ္ထုတိုများ | သော်တာဆွေ | ၃၀၀ ကျပ် |
| ၂၅။ | ဘရန်ဒီတစ်ပုလင်းနှင့် ဟာသဝတ္ထုတိုများ | သော်တာဆွေ | ၆၀၀ ကျပ် |
| ၂၆။ | အို - ဂျေရုဆလမ် | ကျော်အောင် | ၉၀၀ ကျပ် |
| ၂၇။ | ဒဂုံတင့် | ရွှေဥဒေါင်း | ၃၀၀ ကျပ် |
| ၂၈။ | မျှော်တလင့်လင့် | ရွှေဥဒေါင်း | ၃၇၅ ကျပ် |
| ၂၉။ | တားရောက်တ် အစီပွားယ်ဖွင့်ဆိုချက်များ | ဆရာရန်အောင်ဟိန်း | ၈၀၀ ကျပ် |
| ၃၀။ | ကံကောင်းပါစေ-၂၀၀၁ (၉ အုပ်) | ဆရာရန်အောင်ဟိန်း | ၆၀ ကျပ် |
| ၃၁။ | ဘရှုတ်ရိုးရာ ရာသီ (၁၂)ပါး ဗေဒင်ပညာ | ဆရာရန်အောင်ဟိန်း | ၂၅၀ ကျပ် |
| ၃၂။ | လုပ်ငန်းစီမံမှုအင်္ဂလိပ်စကား | နေမျိုးထွန်း | ၄၅၀ ကျပ် |
| ၃၃။ | အာဖရိကရောက် မြန်မာတစ်ယောက် | စိုးမြင့် (ဓမ္မဆေး) | ၃၅၀ ကျပ် |
| ၃၄။ | တားရှော့ကမ္ဘာ့ရှုထ | ဟိန်းလတ် | ၅၀၀ ကျပ် |
| ၃၅။ | ငြိမ်းအေးရွှေပြည် | စည်သူငြိမ်းအေး | ၃၅၀ ကျပ် |

www.burmeseclassic.com